www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ အတွဲ (၁၀)၊ အမှတ် (၁၁)

# ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ
အတွဲ(၁၀)၊ အမှတ်(၁၁)

**ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ... နှီးအရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... နှီးအရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... နှီးအရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**[illegible]**

**အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော**
**ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ**
**အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ**
**[illegible]**

Union Publishing House
09-5158462 မှ
ဖြန့်ချီသည်

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- လောကမဏိစူဠာစေတီနှင့် ..... ... ကျော်လင်း(မြစ်ခြေ) ၆
- ရပ်စောက်စူဠာမုနိစာတ်ပေါင်းစုစေတီတော်များ ... ဗေဒသုတေသီဆရာမျိုး ၂၄
- သမိုင်းထင်ရှား
ကျောက်တော်ကြီးရုပ်ပွားဆင်းတုတော်များ ... မြမဥ္ဇူဝေ(ကျုံမငေး) ၃၉
- ချောင်းသာကမ်းခြေရှိ သာသနာ့ရွှေဆောင်..... ... ဝေး(ရောဝတီ) ၆၅
- ရွှေတိဂုံစေတီတော်တွင် ကိန်းဝပ်စံပျော်နေသော ... မြသက်ထား(ကျုံမငေး) ၁၂၀
- ဗုဒ္ဓဂယာသို့ ... မောင်သာ(ရွှေဟောင်း) ၁၂၈


BURMESE CLASSIC

## ဘာသာရေးသုတ/ရသဆောင်းပါး


- ဂေါတမမြတ်စွာဘုရား၏အရုပ်တော်အမှန် ... ပေါ်လွင်ဦး(ရေး) ၁၂
- ဆရာတော်ဦးဇုစ်၏ဩဝါဒနှင့် ..... ... ကိုရွှေမြသန်း(သမိုင်း) ၁၅
- တေဒဂ်ဘွဲ့ရှင်ဂေါတမီ ... မောင်သာမန်(ဇီးကုန်း) ၁၉
- လမ်း သို့မဟုတ် မဂ္ဂင် (၆) ... အရှင်ကောဏ္ဍည ၃၃
- အတုံ့အလှည့် ... ငွေရွှေး(ဟသ်ာတ) ၄၃
- ပရမတ်ဒါန (၄) ... မဟာထွန်း ၅၀
- သေကိန်းဆိုက်ရောက်ပါသော်လည်း ... သာစည်အောင်တင် ၅၉
- ကုသိုလ်ဥစ္စာမြုပ်နှံပါ ... တက္ကသိုလ်သျှင်သီရိ ၆၂
- စေတနာသည်တူသောအကျိုးကိုပေးပါသည် ... ဆောင်းကလေး ၇၀
- မွန်မြတ်သောဦးတည်ချက် မပျက်ပါစေနှင့် ... မင်းဖေမြင့်(မုဒုံ) ၁၁၃
- ဥက္ကံမြို့ ကြိမ်မီးအုံးသို့ ... ဗေဒသုတေသီဆရာမျိုး ၁၅၂


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အသက်ဘေးမှ ကင်းဝေးစေသော... ... ရောမြေကျော်ဝေ ၁၈
- ဘီလူးဘေးနှင့် မကောင်းဆိုးဝါးသောအမျိုးမျိုးမှ... ... ရဲရဲထွန်း (ဟသ်ာတ) ၄၆
- မကြံစည်နိုင်သော အကျိုးထူးများ ... ကျော်သန်း(တိုင်းရင်းဆေး) ၁[illegible]
- ဣစ္ဆာသယ မစိုးရိမ်ဂါထာတော် ... သတိုးဖြူ ၅၃
- ယစ်မူးခြင်းဘေးကင်းဝေးစေဖို့ ... ဆရာကြီးဦးအောင်မြင့် ၁၀၁


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အထွေထွေသုတ၊ ရသဆောင်းပါး


- ရယူလိုခြင်းနှင့် စွန့်လွှတ်ရခြင်း ... သက်လုံ ၄၄
- သတင်းပုံရိပ်များ ... မမောင်ဝေအေး ၈၆
- သားကောင်းသမီးကောင်းရလိုသော် ... နေလရောင် ၈၄
- ကိုယ့်ခင်ပွန်းက ဘာလဲ၊ ဘယ်လဲ ... ဆရာကြီးဦးအောင်မြိုင် ၁၂၆
- ရေရေရာရာသိထားဖို့လိုတဲ့နိမိတ်များ ... မင်းသိကျော် ၂၄၃
- စာအုပ်စင် ... သုတအံ့ ၂၀၀
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၃၃
- ဒေါ်ဦးဌွန်းနဲ့ တွေ့ဆုံခဲ့ရခြင်း ... ကိုအေးမြင့်(ရှေး/သု) ၂၀၉
- ငါလာမှကြီး ငါလာမှသိး ပုစ္ဆာတစ်ပုဒ် ... ငွေအောင်စိန်(အင်းမ) ၂၆၀



## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ



- ဝက်ထိုးသမား ... ထွန်းတောက် ၇၆
- တန်းစီးကျင်စိန်၏ဇာတ်ကြောင်း ... အငြိမ်းစားထောင်အရာရှိတစ်ဦး ၉၀
- ကတိတည်သောသူငယ်ချင်း ... ရောမြေကျော်ဝေ ၁၀၆
- သေရွာပြန်တစ်ယောက်၏ဖြစ်ရပ်မှန် ... မြသိန်း ၁၃၄
- မောင်ငြိမ်း၏ညဆိုး ... ဆရာသက်နိုင်ထွန်း(အသိမ္မာ) ၁၄၈
- မရဏဆင်စွယ်သိုက်ခရီး ... ဓနုတ်ဟိဏ်းဇော် ၁၆၂
- ကျွန်တော့်ကိုယ်တွေ့များ ... ဝင်းထွန်းအောင်(စစ်/ဆေး) ၁၇၆
- သရဲကိုလှည်းဖြင့်တင်ခေါ်လာခဲ့မိသူ ... တင့်ထူး(ဇေယျဝတီ) ၁၈၉
- အမှားတစ်ချက် တစ်သက်မဖြေသာ ... ဝေး(ရောဝတီ) ၂၀၃
- လူသားစားမိကျောင်း၏ဘဝဇာတ်သိမ်း ... အောင်ဆန်းလင်း(ဘီအေ) ၂၂၁
- ဝဠ်ကြွေးကြမ္မာ ... ဇလွန်ကျော်ဦး ၂၃၉
- ဝိညာဉ်ကိုပြောလိုက်တယ် ... ဖြိုးသိတာ(ရွှေတိုင်ရိပ်မွန်) ၂၄၃
- ချစ်သောအနမ်းကသက်သေပါမောင် ... ညီလေးငယ်(လယ်တော်) ၂၅၅
- လူသားစားတဲ့ငါး ... ပန်းတနော်နောင်လတ် ၂၆၆


## တိုင်းရင်းဆေး


- ပေါက်ပန်းဖြူအရွက်နှင့် အပွင့် ... သျှင်ထွေး(သန်လျင်) ၁၀၄
- ဘူမ္မရာဇာနှင့် ပျောက်ကင်းစေသောရောဂါများ ... ဆရာရွှေထွန်းငဲ့(ရွှေလော့်ကား) ၁၁၁
- မျက်စေ့မှုံ၊ မျက်စေ့နာ အမြန်ပျောက်တဲ့ ... ... ရောမြေကျော်ဝေ ၁၈၇
- ကြက်သွန်နီဆေးအသုံး ... ညွန့်ဝင်း(နတ္တလင်း) ၁၈၈
- ဝမ်းတစ်လုံးကောင်းဆေး ... ရောမြေထွန်းထွန်း ၂၀၂
- သံပုရာရည် ကြံရည်သောက်ကြမယ် ... လှစွမ်းမြင့်(နတ်မောက်) ၂၂၀
- [illegible]ကျောက်နဲ့ ဟင်းနုနယ်ဆူးပေါက် ... ကျေးလက်သား ၂၅၁







www.burmeseclassic.com

www.burmeseclassic.com

## ပဥ္စဂုဏ် အဟံ ဝန္ဒာမိ





**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
နေလရောင်
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
မိုးမင်းသက်
**တွန်ပျူတာစာစီ**
စန်းစန်းထွေး
**ဖြန့်ချိရေးနှင့် ပြင်ပဆက်သွယ်ရေး**
ယဉ်မင်းဆု (ယုန်လေး)
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဋ္ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဋ္ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၃၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၁၁၀၁)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၅၈၄၆၆၂
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ (၀၀၅၃၃)
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |



## အဆောင်၊ အစီအရင်၊ ယတြာ

- ခတ်လေးပါးယတြာ ... ဆရာနေလင်းအောင်(တွံတေး) ၁၂၄
- စီးပွားလာဘ်ရှင်ယတြာဘုရား ... ဓေတ္တရာဆရာကျော် ၁၅၁
- နံပေါ် အင်းနှင့်ရောဂါဝေဒနာများ ... ကြည်ဝင်း(ဟင်္သာတ) ၁၉၆
- မကျန်းမာသူယတြာကုဖို့ ... မောင်တင်ကြွယ်(ပြည်) ၁၈၅
- ဆရာကြီးမင်းသိခ်၏ငါးသေတ္တာလေးတစ်လုံး ... သက်နှင်းဆွေ(ပုပ္ပား) ၁၉၇
- ရောင်းကုန်အပေါ်အရှား ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၃၀
- ဈေးရောင်းကောင်းလာဘ်ရှင် ... အောင်ကောင်းမြ(သာကေတ) ၂၃၁
- ချစ်တဲ့သူတိုင်းညားကြပါစေ ... သစ္စာဝါဒီမြတ်စောလင်း ၂၅၂
- ရာဟုအဝင် ယပ်အစီအရင် ... ဓေတ္တရာဆရာကျော် ၂၆၃



## နက္ခတ်၊ ဗေဒင်ဟောကိန်းများ

- ၂၀၁၆၊ ဇူလိုင်လ၊ ၁၂ ရာသီခွင်နှင့်သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၄၃
- ၇ ရက်သားသမီးများအတွက်
  အောင်အတိတ် အောင်နိမိတ် ... သက်နှင်းဆွေ (ပုပ္ပါး) ၁၇၂
- အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော် ၁၈၃
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၉၄
- ၂၀၁၆၊ ဇူလိုင်လ၊ မြန်မာ့ဆယ့်နှစ်လရာသီဖွားများ ... ခန့်ကျော်စွာ ၂၂၆
- တားရော့ဂမ္ဘီရကံကြမ္မာဟောကိန်း ... သဘာဝဓမ္မဆရာသက် ၂၆၉



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# လောကမဏိစူဠာစေတီနှင့် ဘုရားဒါယကာ သာယာဝတီမင်းနှင့် မိဖုရားများ


ကျော်လင်း (မြစ်ခြေ)



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ကျိုတော်ရပ်၌ သာယာဝတီမင်းခေါ် ရွှေဘိုမင်း၏ ကောင်းမှုတော် လောကမဏိ စူဠာစေတီတော်ကြီး ရှိသည်။ ညောင်ဦး ရွှေစည်းခုံစေတီတော်နှင့် အကြမ်းဖျင်းအားဖြင့် ဆင်ဆင်တူသည်။ မန္တလေးမြို့ (၆၂)လမ်း တောင်ဖျားမှ မြောက်သို့ စက်မှုဇုန် ရှိ စက်ရုံအချို့ကို ဖြတ်သန်း၍ ပန်းရုံတော်ချောင်း၏ သစ်သားတံတားကို ကျော်လိုက်လျှင် ယခင် ဇောင်းကလော ကံဦးခေါ် အရပ်၌ တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကမဏိစူဠာစေတီတော်

အုတ်တံတိုင်း နှစ်ထပ်ကာရံပြီး ခန့်ညားထည်ဝါစွာ တည်ထားသော စေတီကြီးတစ်ဆူဖြစ်သည်။ အုတ်တံတိုင်း၏ ထောင့်များတွင် သူရဲခိုများ၊ ကင်းမျှော်စင်များလည်း ရှိသည်။

ဘုရားအကြောင်းကို မတင်ပြမီ ဘုရားဒါယကာ၏ အကြောင်းကို ဖော်ပြရန် လိုအပ်ပေမည်။ သာယာဝတီမင်းမှာ ကုန်းဘောင်မင်းဆက်ကို စတင် တည်ထောင်သည့် အလောင်းဘုရား၏ မြစ်လည်းဖြစ်သည်။ အလောင်းဘုရား၏ တတိယ သားတော် ပဒုံမင်းခေါ် ဘိုးတော်ဘုရား၏ မြေးဖြစ်သည်။ ကုန်းဘောင်မင်းဆက် (၁၁)ဆက်အနက် စတုတ္ထနောက်ဆုံးမင်းဖြစ်သည်။ အလောင်းဘုရားမှ စတင်ရေတွက်ပါမူ ရှစ်ဆက်မြောက် ဘုရင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၉၉ မှ ၁၂၀၈ ခုအထိ ဒုတိယမြောက် အမရပူရနန်းစံဘုရင်ဖြစ်သည်။

၎င်းမင်းသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရသည့် စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်း၏ ညီတော်ဖြစ်သည်။ နောင်တော် စစ်ကိုင်းမင်း၏ မိဖုရားခေါင်းကြီး နန်းမတော် မယ်နုနှင့် မောင်တော် စလင်းမင်းသားကြီး မောင်အိုတို့၏ ဘကြီးတော်မင်းတရားအပေါ် လွှမ်းမိုးမှုကိုလည်း မကျေပ်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် နိုင်ငံတော်၏ အစိတ်အပိုင်းများဖြစ်သည့် ရခိုင်နှင့် တနင်္သာရီကမ်းမြောင်တို့အား အင်္ဂလိပ်တို့သို့ ပေးအပ်လိုက်ရသည့်အဖြစ်ကိုလည်း မနှစ်မြို့နိုင်သည့်အတွက် နောင်တော်အား ထီးနန်းမှ ချ၍ ဒုတိယ အမရပူရမြို့တည် နန်းတည်ဘုရင်အဖြစ် နန်းတက်လာသူဖြစ်သည်။ သူရသတ္တိနှင့်လည်း ပြည့်စုံသည့်မင်းဖြစ်သည်။ ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းနှင့် စကြာဒေဝီမင်းသမီးတို့၏ ဖခမည်းတော်လည်း ဖြစ်သည်။

ထိုမင်းသည် သာသနာတော်ကို ကြည်ညိုရှင်းစွဲရှိသည့်အလျောက် စေတီ၊ ပုထိုး၊ ခေါင်းလောင်း စသည်တို့ကိုလည်း များစွာ လှူဒါန်းခဲ့၏။ ထီးနန်းသက် ၉နှစ်တာမျှသာဖြစ်သော်လည်း၊ ၎င်း၏ ခေတ်ကာလတစ်လျှောက် စစ်မက်ကင်းမဲ့သည့် ငြိမ်းချမ်းသော ကာလဖြစ်၏။ ထီးနန်းသက်လေးနှစ်အရ သက္ကရာဇ် ၁၂၀၃ ခုတွင် ဒဂုံ ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်၌ ဖော်ပြထားသည်မှာ လွန်စွာ ခမ်းနားထည်ဝါလှသည်။ နေပြည်တော် အမရပူရ စံနန်းမှ ၁၂၀၃ ခု၊ တော်သလင်းလပြည့်ကျော် ၄ရက်နေ့မှ စတင်ထွက်လာတော်မူသည်ဟု ဖတ်ရှုရ၏။

၁၄ခုမြောက်သော ညအိပ် ရပ်နားစခန်းဖြစ်သည့် သာယာဝတီ စီရင်စု၊ ရေကင်းနယ်၊ မင်းကြီးရွာ၌ နှစ်ညအိပ် စံမြန်းတော်မူခဲ့သည်။ ထိုရွာတွင် ယာယီ နေထိုင်ရာ အိမ်တော်ရာ၌ လောကဗေယျာဘွဲ့တော်ခံ အိမ်တော်ရာစေတီကို တည်ထားစေခဲ့၏။ ကုန်းဘောင်ဆက် ဘုရင်များအနက် မိမိ၏ အိမ်တော်ရာ၌ ဒုတိယမြောက် အိမ်တော်ရာဘုရားကို တည်သည့်မင်းဖြစ်၏။ ကုန်းဘောင်ဆက် ဘုရင်များအနက် ပထမဦးဆုံး အိမ်တော်ရာစေတီမှာ ဘိုးတော်ဘုရား၏ စစ်ကိုင်းမြို့ရှိ ကျောက်စေတီဟုလည်း ခေါ်သည့် အောင်မြေလောက စေတီတော်ဖြစ်၏။

ဥက္ကလာပ ရွှေနန်းသို့ ရောက်တော်မူသောအခါ ဒဂုံ ဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးအား ရွှေကိုယ်လုံးပြည့် ဆပ်ကပ်တော်မူ၏။ ၎င်းအပြင် ယခုအခါ ရွှေတိဂုံစေတီတော်၏ တနင်္ဂနွေထောင့်ရှိ ကြေးပိဿာချိန် (၂၅၉၄၉)ပိဿာရှိ မဟာတိသဒ္ဒဃဏ္ဍာရာဇာဘွဲ့တော်ရှိ လက်ရှိ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးနှင့် အလှအပအခမ်းနားဆုံးဖြစ်သည့် ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်လှူဒါန်းတော်မူခဲ့သည်။


သာယာဝတီမင်းက ထိုကောင်းမှုကုသိုလ်များကို ပြုခဲ့သကဲ့သို့ ၎င်းချစ်မြတ်နိုးတော်မူလှသည့် အနောက်နန်း မိဖုရား မမြလေးကလည်း ယခု နှစ်ပြားတန်ဆောင်ဟု အမည်တွင်နေသည့် ရွှေတိဂုံဘုရားအနောက်ဘက်မုခ် စောင်းတန်းကြီး




www.burmeseclassic.com

www.burmeseclassic.com





သမီးတော်ကြီး စန္ဒာဒေဝီ၏ ကောင်းမှုတော် (တနင်္ဂနွေထောင့်)



ပန်းမော်မိဖုရား၏ သုံးလူ့ထိပ်ပန်စေတီ
(စနေထောင့်)

ကို ဆောက်လုပ်လှူဒါန်းတော်မူခဲ့လေသည်။

ရန်ကုန် ဒဂုံ ဆံတော်ရှင်ဘုရား၌ ကုသိုလ်ကောင်းမှုများပြုပြီး အပြန်ခရီးတွင် ညောင်ဦး ရွှေစည်းခုံဘုရားသို့ ဝင်ရောက်ဖူးမြော်ခဲ့လေသည်။ သာယာဝတီမင်းသည် ရွှေစည်းခုံဘုရား၏ ဖွဲ့စည်းတည်ဆောက်ပုံကိုလည်း နှစ်မြို့က် ကြည်ညိုလှသည်ဖြစ်၍ အမရပူရ နေပြည်တော်၌လည်း ရွှေစည်းခုံနှင့် အသွင်သဏ္ဌာန်တူ စေတီတော်တစ်ဆူတည်ထားကိုးကွယ်ရန် အကြံရှိတော်မူလေသည့်အတွက် ရွှေမြို့တော် အရှေ့ဇောင်းက လောကံဦးတွင် ဤလောကမဏိစူဠာ စေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၂၀၅ ခု၊ ဝါခေါင်လဆန်း ၁၄ရက်နေ့၌ ပန္နက်တော်တင် စတင်တည်ထားခဲ့၏။

မဟာရံ တံတိုင်းအတွင်း၌ ထိုစေတီတော်ကြီးနှင့် တစ်ပြိုင်နက်တည်း အုတ်တံတိုင်း၏ အတွင်းထောင့် လေးထောင့်တို့၌ မြတ်နိုးတော်မူသော မိဖုရားသုံးပါးနှင့် သမီးတော်ကြီးတို့ကလည်း စေတီလေးဆူတို့ကို ပန္နက်ချ တည်တော်မူစေခဲ့၏။ ထိုစေတီတော်တို့မှာ -

* အဂ္ဂိထောင့်၌ မိဖုရားခေါင်ကြီး ကျပင်းမိဖုရားကြီး၏ မဟာတိလောကစေတီ၊
* စနေထောင့်တွင် ပန်းမော် မိဖုရား၏ သုံးလူ့ထိပ်ပန်စေတီ၊
* ရာဟုထောင့်တွင် အနောက်နန်းမိဖုရား မမြကလေး၏ ရတနာလောကစေတီ နှင့်
* တနင်္ဂနွေထောင့်တွင် သမီးတော်ကြီး စန္ဒာဒေဝီ (နောင်တွင် မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီးဖြစ်လာမည့်သူ၏ လောကပရမေ စေတီတော်)တို့အား တစ်ပြိုင်နက်တည်း စတင်တည်စေခဲ့သည်။


မြန်မာရာဇဝင်တွင် ပုဂံမင်းဆက် ၅၅ဆက်၊ စစ်ကိုင်းမင်းဆက် ၆ဆက်၊ ပင်းတယမင်းဆက် ၆ဆက်၊ အင်းဝ၌ ညောင်ရမ်းမင်းဆက် ၁၀ ဆက်၊ ကုန်းဘောင် ၁၁ ဆက်အပါအဝင် မင်းဆက်များစွာရှိကြသည့်အနက် ဤ သာယာဝတီခေါ် ရွှေဘိုမင်းတစ်ပါးသာလျှင် မိမိ၏ လက်တွဲဖော်များဖြစ်သည့် မိဖုရားများနှင့် သမီးတော်တို့ကို ခေမာသောင်ကမ်းသို့ လက်ကမ်း၍ ခေါ်ယူသွားသည်ဟု ဆိုရပါမည်။

ဤလောကမဏိစေတီတော်ကြီးကို ဇောင်းကလောကံဦး၌ တည်တော်မူသည့်အခါ ပန်းပဲအတွင်းဝန် ဇရှုံမြို့စားမင်းကြီး မဟာမင်းလှကျော်ခေါင်ကျော်သူကို ကြပ်မတ်တည်လုပ်စေသည်။ အရန်စေတီ၊ ကုသိနာရုံပြည်တွင် ဘုရားရှင်




www.burmeseclassic.com

www.burmeseclassic.com



အနောက်နန်းမိဖုရားမမြကလေး၏ ရတနာလောကစေတီ
(ရာဟုထောင့်)



မိဖုရားခေါင်ကြီး ကျပင်းမိဖုရားကြီး၏ မဟာတိလောကစေတီ
(အင်္ဂါထောင့်)

ပရိနိဗ္ဗာန်စံတော်မူသည့် ရုပ်ပွားတော်အသီးသီး၊ အသီတိသာဝတရုပ်ထုတော်ကိန်းဝပ်ရန်၊ အရန်မီးတားပါ တန်ဆောင်းပြာသာဒ်၊ အဆောင်ဆောင်သော ဇရပ်မှစ၍ အချပ်ရုပ်လုပ်ဆောင်တော်များကို တည်ထားပြီး ရေစက်သွန်းချ သာဓုခေါ်ရန် ထွက်တော်မူ၏။

သက္ကရာဇ် ၁၂၀၅ ခု၊ တပို့တွဲလဆန်း ၁၁ရက်၊ တနင်္လာနေ့ နှစ်ချက်တီးအချိန် အမြောက်သံကြား အခါတော်နှင့် စက်ယန္တရား ကြီးကျယ်စွာ ဆင်တော်မူပြီး ရွှေထီးအထွဋ်တင်လှူတော်မူသည်။ တစ်ပြိုင်နက်တည်းမှာပင် မိဖုရားသုံးပါးနှင့် သမီးတော်ကြီး စန္ဒာဒေဝီတို့၏ ထောင့်စေတီတော်ကြီး လေးဆူနှင့် ရေနံချောင်းမြို့စား စေတီတော်တို့ကိုပါ ရွှေထီးအထွဋ်တင်လှူတော်မူစေသည်။

အုတ်တံတိုင်းအတွင်းများမှာလည်း အနီးအဝေးရောက်ရှိလာသည့် ရဟန်းရှင်လူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားလောင်းတော် ဒီပင်္ကရာ ရသေ့က မြတ်စွာဘုရားခြေတော်ရင်းတွင် နိယာတ ဗျာဒိတ်ခံယူသည်မှ ဂေါတမဘုရားအဖြစ်သို့ ရောက်တော်မူသည်အထိ အတ္တုပ္ပတ္တိဖြစ်တော်မူပုံ၊ သိဒ်ဓတ္ထ်ဖွဲ့ဟန်... တရုတ်ပြည် ကိုးကွယ်သည့် နတ်ပုံ အိန္ဒိယတိုင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်ပြည် ဘိုနာပတ်ပုံ စသည်တို့ဖြင့် တင့်တယ်စေ၏။

ယခင်ကမူ အခြေပတ်လည်အတွင်းဘက်ကို ဝင်ရောက်ဖူးမြော်နိုင်သည်ဆို၏။ နောက်ပိုင်းတွင် မသမာသူတို့က အဖိုးတန် ဌာပနာများကို ခိုးယူဖျက်ဆီးမှုများရှိ၍ အသေပိတ်လိုက်ရသည်ဆို၏။ ၎င်းအပြင် လေးဘက်လေးတန်၌လည်း ကြီးမားခိုင်ခံ့သည့် အာရုံခံ တန်ဆောင်းတော်ကြီးများရှိခဲ့သည်ဟု သိရသည်။ ၎င်း တန်ဆောင်းတော်ကြီးများသည် ရသေ့ကြီး ဦးခန္တီလက်ထက်တွင် ခေတ်ပြိုင်ပေါ်ပေါက်ခဲ့သည်။ မကောင်းမှုနှင့် ကျော်စောခဲ့သည့် စံစီခင်လေးဆိုသော အမျိုးသမီးကြီးက ဖျက်ယူသွားကြောင်း ဘာသာရေးမဂ္ဂဇင်းတစ်စောင်တွင် နှစ်များစွာက ဖတ်ဖူးခဲ့၏။ ယခုအခါတွင်မူ အရှေ့ဘက်၌ အာရုံခံ တန်ဆောင်းတော်ကြီးတစ်ဆောင်သာ ရှိတော့ပြီ။ ယင်းအတွင်းဝယ် တင့်တယ်သပ္ပာယ်သော ရုပ်ပွားတော်တစ်ဆူကိန်းဝပ်စံပယ်လျက်ရှိ၏။

သာယာဝတီမင်းမှာ သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ရက်ဖွား ဗုဒ္ဓဟူးသားဖြစ်ပြီး ထီးနန်းစည်း



www.burmeseclassic.com

www.burmeseclassic.com

စိမ်ကို သက်တော် (၅၁)နှစ်ပြည့်ပြီး ၁၀၉၉ ခုနှစ်တွင်မှ ခံစားရရှိ၏။ ကျုပင်းမိဖုရားမှာ မိဖုရားခေါင်ကြီးဖြစ်ပြီး ဗန်မော် မိဖုရားခေါ် ဝေသာလီ မိဖုရား၊ မမြကလေးနှင့် အခြား မိဖုရားများလည်း ရှိသေး၏။ မမြလေးကို ရောကင်းမြို့ဇာတိ၊ ပဲ့နင်းကြီး ဦးနေဦးနှင့် မိခင် ဒေါ်မယ်အိတို့မှ သက္ကရာဇ် ၁၁၇၁ ခုနှစ်တွင် ဖွားမြင်သူဖြစ်၏။ သာယာဝတီမင်းနှင့် အသက် ၂၃နှစ်ကွာ၏။ သာယာဝတီမင်း ကောက်ယူစဉ်က အသက် ၁၇နှစ်သာ ရှိသေးသည်။ မူလနာမည် မမြကြူတ်ဖြစ်သော်လည်း သာယာဝတီမင်းက လွန်စွာ မြတ်နိုးတော်မူခြင်းကြောင့် မြကလေး••မြကလေးဟု ခေါ်တွင်ရာမှ မမြကလေး ဖြစ်လာသူဖြစ်၏။

သာယာဝတီမင်းတွင် ထင်ရှားသော သားတော်၊ သမီးတော်များမှာ အခြား မိဖုရားများမှ ဖွားမြင်သော ပြည်မင်းသား ကျုပင်း မိဖုရားခေါင်ကြီးမှ သမီးတော် စန္ဒာဒေဝီ၊ သားတော် ပုဂံမင်း၊ ကျောက်မော်မိဖုရားမှ ဖွားမြင်သော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့မှာ ထင်ရှားသူများ ဖြစ်ကြ၏။

ကြီးစဉ်ငယ်လိုက်အရဆိုပါမူ ပြည်မင်းသားသည် အကြီးဆုံး သားဖြစ်သည်။ ၎င်းသည် အနောက်နန်း မိဖုရား မမြလေးကဲ့သို့ တေး၊ အလင်္ကာ၊ ကဗျာတို့ကို ဝါသနာပါ လိုက်စားသူဖြစ်၏။ မမြလေးနှင့် မွေးဖွားသည့် ခုနှစ်မှာလည်း အတူတူပင်။ သို့ရာတွင် မိဖုရားခေါင်ကြီး ကျုပင်းမိဖုရားကြီးက သူ့သားတော် ပုဂံမင်းသားအား ထီးမွေနန်းမွေ ရရှိစေရန် အမျိုးမျိုးကြံဆောင်နေ၏။

ပြည်မင်းသားနှင့် အနောက်နန်းမိဖုရား မမြလေးတို့မှာ ဝါသနာတူ သက်တူရွယ်တူများဖြစ်ကြသည့်အလျောက် စာပေဂီတဆွေးနွေးခြင်း၊ သီဆိုခြင်းများ အတူတကွ ပြုကြခြင်းကို အကြောင်းပြု၍ ကျုပင်းမိဖုရားကြီးက မလိုမုန်းထားပြီး ပြည်မင်းသား အပြစ်ရစေရန် ဘုရင်မင်းမြတ်အား အမျိုးမျိုးအဖုံဖုံ အတို့အရှို့လုပ်၏။ မမြလေးကလည်း ကိုယ်တိုင် ပတ်ပျိုး စသည်တို့ကို ရေးဖွဲ့သီဆိုလေ့ရှိ၏။ ပြည်မင်းသားကိုလည်း မောင်မောင်ဟု ခေါ်လေ့ရှိသည်ဟု သိရ၏။

သာယာဝတီမင်း ရန်ကုန်သို့ စုန်ဆင်းတော်မူစဉ် ဟင်္သာတအရောက် ၎င်း၏ မိဘများမှ မုန့်ဆီကြော်၊ မုန့်ပဲသရေစာတို့ဖြင့် ညှော်ခံရာတွင် ရှင်ဘုရင်ဖြစ်သူ သာယာဝတီမင်းအား အရင်မကျွေးဘဲ ပြည်မင်းသားကို အရင်ကျွေးခဲ့သည်ဆို၏။ ထိုအဖြစ်အပျက်ကို အခြေခံ၍ ကျုပင်းမိဖုရားကြီးက ရှင်ဘုရင်အား ကတုံးကတိုက်လုပ်၏။ ပြည်မင်းသားက ရန်ကုန်မှ အရင်ပြန်နှင့်ပြီး ရွှေစက်တော်ဘုရားသို့ သွား



ရောက်ဖူးမြော်ရာတွင် ဘုရင်အား ပုန်ကန်ရန် ကြံစည်၍ လူသူသွားရောက်စုဆောင်းသည်ဟု ဘုရင်အထင်မှားရန် ကုန်းတိုက်၏။ အဓိကအကြောင်းရင်းမှာ သူ့သား ပုဂံမင်းသားက ပြည်မင်းသားထက် ငယ်သူဖြစ်သည့်အတွက် ပြည်မင်းသား ထီးနန်းစည်းစိမ်ရသွားမှာ စိုးရိမ်ခြင်းဖြစ်သည်။

နေပြည်တော်သို့ ပြန်ရောက်သည့်အခါ အနောက်နန်း မိဖုရား မမြကလေးအား ပြည်မင်းသားနှင့် ပူးပေါင်း ကြံစည်သည်ဟုဆိုကာ အကျဉ်းချထားလေသည်။ ထိုစဉ်ကာလက မမြကလေးသည်ဂန္ထဝင်မြောက်လှသော "ချစ်သမျှကို" ပတ်ပျိုးဖွဲ့ဆို၍ ဘုရင်သို့ ဆက်သစေရာ သီချင်း၏ဖွဲ့ဆိုမှု ဂန္ထဝင်မြောက်လှသောကြောင့် အနှောင်အဖွဲ့မှ လွတ်စေခဲ့သည်။ သာယာဝတီမင်းနှင်က မမြကလေးတို့တွင် ထိုစဉ်က မိခင်သွေးပါသည့် လှိုင်မြို့စား သမီးတော်ကလေး လှိုင်ထိပ်ခေါင်တင်ကို ဖွားမြင်ပြီးဖြစ်သည်။


မမြကလေးမှာ ပထမတစ်ကြိမ်တွင် ထိုပတ်ပျိုးကြောင့် ချမ်းသာရာရခဲ့သော်လည်း ပြည်မင်းသား ရမ်းပြည်ဘက်သို့ ဖခင် အမျက်ရှခြင်းမှ ကင်းလွတ်အောင် ရှောင်တိမ်းစဉ် မမြကလေးကိုပါ ကြံရာပါအဖြစ် စွပ်စွဲပြီး ပြည်မင်းသားနှင့်တကွ မမြလေးတို့ တစ်မျိုးလုံး တစ်ခွေလုံး သုတ်

www.burmeseclassic.com

www.burmeseclassic.com







သင်ခံခဲ့ရလေသည်။

မမြလေး၏ ကောင်းမှုများအနက် အမရပူရမြို့ စကြာမင်းကလေးအား ရေချသည့် စကြာရေချဆိပ်မှ မြလေးဆုပန် မြသိန်းတန်ဘုရားနှင့် မန္တလေး ချမ်းမြသာစည်မြို့နယ်၊ သံလမ်းဘေးမှ မိုးကုတ်ဝိပဿနာအရှေ့ကျောင်းရှိ မမြလေး ဘုရားတို့မှာ လူသိနည်းကြပါသော်လည်း မမြလေးဘဝ အတွက် ကြေကွဲ ဝမ်းနည်းဖွယ်ရာ ဘုရားနှစ်ဆူဖြစ်၏။ မိုးကုတ် ဝိပဿနာကျောင်းဘုရား၏ လိုဏ်အတွင်း မြောက်ဘက်နံရံ၌ မမြလေး မသေမီ သာယာဝတီမင်းသို့ ဆက်သသွားသော သံဝေဂ လင်္ကာကလေးမှာ -

လောကစံရှစ်ပါး ဘုရားဟောရာ
ဖြစ်ပျက်မြဲ ဓမ္မတာ၊ သေချာမှတ်စွဲ
သတ္တဝါတို့မည်သည်၊
မတည်ကြည် ဖောက်ပြန်တတ်မြဲ
ငါ မင်းလို ပြုပြန်၊ ခံရသူ အသစ်ပ
အဖြစ်ဖြစ် အပြန်ပြန်၊ လွဲသင့်ပေဟန်
သခါရ လမ်းမှန်ကိုလေ၊
ရွှေဉာဏ်တော် ရှုဦးရှင့်လေး။

သာယာဝတီမင်းတော့ မည်သို့ခံစားရမည် မသိ။ စာရေးသူအဖို့တော့ ဒီလင်္ကာလေးကို ဖတ်ပြီး ရင်နင့်ကြေကွဲခဲ့ရ၏။

သာယာဝတီမင်းသည် ထီးနန်းသက် ၉နှစ်တာအတွင်း ကုသိုလ်ကောင်းမှု အတော်များများကို ပြုခဲ့သူဖြစ်၏။ သူ၏ ကုသိုလ်များအနက် ယခုထက်တိုင် လူသိများ၊ အံ့သြချီးမွမ်းရသည်မှာ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်မှ ဆိုပ တင့်တယ်သော ခေါင်းလောင်းတော်ကြီးပင် ဖြစ်သည်။

သူသည် ကုန်းတိုက်မှုကို အလွယ်တကူနှင့် ယုံကြည်တတ်ခြင်းမှာလည်း နတ်ရွာစံခါနီးကာလနှစ်များအတွင်း ဦးနှောက်ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုကြောင့်ဟု ရှောင်လွှဲသော် ရကောင်း၏။ မည်သို့ပင်ဖြစ်စေ၊ ပုဂံခေတ်အထိ မြန်မာမင်းအဆက်ဆက်ရှိခဲ့လေရာ၊ ထိုမင်းတို့အနက် မိမိနှင့် ဘဝလက်တွဲဖော်များကို ခေမာသောင်ကမ်းသို့ လက်ကမ်း၍ ခေါ်ဆောင်သွားသည်မှာ ထိုမင်းတစ်ပါးသာ ရှိပါသည်။

သာယာဝတီမင်း၊ အနောက်နန်းမိဖုရား မမြကလေးနှင့် သူတို့၏ သမီးတော် လှိုင်ထိပ်ခေါင်တင်တို့၏ ဘဝများမှာ ရင်နင့်ကြေကွဲဖွယ်ရာများနှင့် အပြည့်ဖြစ်နေကြောင်းကို မည်သူမှ ငြင်းနိုင်မည် မဟုတ်ပါပေ။

(ဓာတ်ပုံများကို ကျေးဇူးပြုပါသော အမရပူရမြို့မှ ကိုအောင်ဖေမြတ်အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)

ကျမ်းကိုး။

- ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရားရှင်၏ အရပ်တော်ကို မိမိအယူနှင့် မိမိသတ်မှတ်ကြ၍ တချို့က (၁၈)တောင်ဟု ယူဆသတ်မှတ်ကြသည်။ ဘုရားရှင်၏ အရပ်တော်ကို ဗုဒ္ဓဝင် ပါဠိတော်ကြီးတွင် "သောဠသဟတ္ထုဗ္ဗေဓ-၁၉တောင်"ဟု ဆိုပြန်သည်။ အဋ္ဌကထာတို့တွင် "အဋ္ဌာရသဟတ္ထုဗ္ဗေဓံ-၁၈တောင်"ရှိသည်ဟု ဆိုကြပြန်သည်။ သုတ်မဟာ ဝဂ္ဂဋီကာ၌ "ဒွါဒသ ဟတ္ထော ၁၂တောင်မြင့်သည်"ဟု ဆိုပြန်သည်။ စာရေးသူတို့သည် အဘယ်ကို အတည်ပြုကြရမည်နည်းဟု မေးစရာဖြစ်လာသည်။

အမှန်အားဖြင့် ဂေါတမ မြတ်စွာဘုရား၏ အရပ်တော်မှာ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ တစ်ဆယ့်ရှစ်မိုက်အမြင့်တော်ရှိ၍ အတောင်အားဖြင့် ခြောက်တောင်ခန့်သာ ရှိသည်ဟု ဆိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။ မည်း၊ ဖြူ၊ ဆူ၊ ကြုံ၊ နိမ့်၊ မြင့်တုံ၊ မှန်ကုန်ပြစ်ခြောက်ပါးဟု ဆိုသောကြောင့် တစ်ဆယ့်ရှစ်တောင်ရှိသည်ဟုဆိုလျှင် လွန်စွာမြင့်မား၍ ဆွမ်းလောင်းလှူသော ကုသိုလ်ရှင်တို့သည် မည်ကဲ့သို့ ဆွမ်းလောင်းလှူမည်နည်း။ မြတ်စွာဘုရားရှင်၏ အရပ်တော်သည် ထိုခေတ်အခါက လူများထက် အနည်းငယ် ကြည့်ပျော် ရှုပျော်သာ မြင့်မားပါလိမ့်မည်။ ရှေးဟောင်း အသုံးအဆောင်နှင့် ယှဉ်ကြည့်သော် ဘုရားရှင်လက်ထက်တော်က သပိတ်များမှာ ယခု သံဃာတော်များ အသုံးပြုနေသော သပိတ်များနှင့် ကွာခြားမှု သိပ်မရှိလှချေ။

ဂေါတမမြတ်စွာဘုရား သီတင်းသုံးတော်မူသော ကျောင်းတော်၏ တံခါးပေါက်မှာ ယခုလက်ရှိ အသုံးပြုနေသော တံခါးပေါက်နှင့် ကွာခြားမှု သိပ်မရှိချေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး ပထမ သင်္ဂါယနာတင်ရာ စရည်းပင် လိုဏ်ဂူအပေါက်မှာ ခြောက်ပေသာသာရှိခြင်းကြောင့် ဘုရားရှင်လက်ထက်က လူများသည် ယခုလူတို့ထက် သိပ်မကွာခြားပေ။

မဟာပဒါန သုတ်ဋီကာတွင် ဂေါတမဘုရားရှင်သည် (၁၈)တောင်မျှ အရပ်တော်မြင့်နေလျက် လူသားစင်စစ်ဖြစ်ချင်မှ ဖြစ်လိမ့်မည်ဟု ပြောစရာပင် ဖြစ်နေပေလိမ့်မည်။ အလောင်းတော် မင်းသားသည် ဘုရားမဖြစ်မီ သာမန်လူသားသာဖြစ်သည်။ ထို့ကြောင့် ၁၈တောင်မြင့်သည်ဆိုသည်မှာ မဖြစ်နိုင်ပေ။

တစ်ဖန် အလောင်းတော် မင်းသားသည် ကြင်ယာတော် မိဖုရားလောင်း ရွေးချယ်ရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကို တည်ဆောက်စေပြီး မဏ္ဍပ်အတွင်း၌ အလောင်းတော် မင်းသားမှတစ်ပါး အခြား မည်သည့်ယောက်ျားမင်းချင်းများ မရှိစေဘဲ မင်းချင်းယောက်ျားလုလင်တစ်ဦးကိုသာ ချောင်းနားထောင်ပြီး တင်လျှောက်ရန် စေခိုင်းလေသည်။

သာကီဝင်မင်းသမီးများသည် အလောင်းတော်မင်းသားထံသို့ ဝင်ရောက်ခစားပြီး လက်ဆောင် ဆုတော် လာဘ်တော်တို့ကို လာယူကြသည်။ သို့သော် ဇနီးလောင်း ယသော်ဓရာ မင်းသမီးသည် နောက်ဆုံးမှ သူမ၏ အခြွေအရံများနှင့် ရောက်လာကြသည်။ အလောင်းတော် မင်းသားသည် သူ၏ လက်စွပ်ကို ချွတ်၍ ယသော်ဓရာအား ချီးမြှင့်လိုက်သည်။ ထိုနေရာတွင် ဘုရားလောင်း မင်းသားသည် အရပ်(၁၈)တောင်ရှိနေလျှင် လက်စွပ်တော်သည် ယသော်ဓရာနှင့် တော်မည်မဟုတ်ချေ။ အလောင်းတော်သည် အလွန်ကြီးမားသော ကိုယ်ထည်၊ မြင့်မားသော အရပ်တော် ရှိနေခဲ့လျှင် ယသော်ဓရာ မိဖုရားနှင့် ထိုးနန်းဆက်ခံရန် မသင့်တော်ချေ။

ဘုရားဖြစ်ပြီးမှ အရပ်တော် မြင့်မားသည်ဟု ပြောလျှင်လည်း (မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်၊ ဗောဓိရာဇ ကုမာရသုတ်)တွင် ဂေါတမဘုရားရှင်ကို ဥပက တက္ကတွန်းကြီးနှင့် လမ်းခရီးတွင် ဆုံခဲ့ဖူးသည်။ ဥပက တက္ကတွန်းက ဘုရားမှန်းမသိချေ။ အလွန်သပ္ပာယ်သော ရဟန်းတစ်ပါးဟုသာ ထင်ခဲ့လေသည်။ ထိုအချက်ကြောင့် ဘုရားဖြစ်ပြီးမှ အရပ်တော်မြင့်မားလာသည်မှာ မဖြစ်နိုင်ပေ။

သံယုတ်ပါဠိတော်တွင် တစ်ခါက ပုဏ္ဏားတစ်ယောက်သည် ယင်ပွဲတော်ပြီးနောက် စားကြွင်းစားကျန် ယစ်စာများကို ကျွေးရန် လိုအရှာ၊ သစ်ပင်ရင်းတွင် သီတင်းသုံးနေသော ဘုရားရှင်ကို ပုဏ္ဏားတစ်ယောက်ဟု ထင်မှားပြီး ခေါင်းမြီးခြုံကို ဖွင့်လိုက်ရာမှ ရဟန်းတစ်ပါးဟု သိသဖြင့် ပြန်သွားလေသည်။ ဘုရားရှင်ဟု မထင်လိုက်ချေ။

ဥပက္ကိလေသသုတ် ပါဠိတော်တွင် အခါတစ်ပါး ဘုရားရှင်သည် ကောသမ္ဗီပြည်၊ ပါလိလေယျက တောသို့ တစ်ပါးတည်း ကြွတော်မူပြီး ထိုတောကျောင်းအတွင်း၌ သီတင်းသုံးနေထိုင်ကြကုန်သော အရှင်နန္ဒိယ၊ အရှင်ကိမိလ၊ အရှင်အနုရုဒ္ဓါမထေရ်သုံးပါးထံသို့ ဝင်ရောက်ရာ တောစောင့်ယောကျ်ားက "ရဟန်းကြီး မဝင်ပါနှင့်ဦး။ အရှင်ကောင်း အရှင်မြတ်တို့ တရားအားထုတ်နေပါတယ်"ဟု ပြောပြီး တားမြစ်လေသည်။ ထိုအခါ ဘုရားရှင်သည် သာမန်ထက် ပိုကြီးမားပြီး ၁၈တောင် မရှိသောကြောင့်သာ တားဝံ့သည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ရပေမည်။

ဥပရိပဏ္ဏာသဓာတုဝိဘင်္ဂသုတ် ပါဠိတော်တွင်လည်း "ပက္ကုသာတိ"မည်သော ဘုရင်သည် ဘုရားရှင်ကို မမြင်ဘူးချေ။ မြတ်စွာဘုရား၏ ဂုဏ်တော်သတင်းကို ကြားရရုံဖြင့် အလွန်ကြည်ညို၍ ရဟန်းပြုပြီး တရားနာရန် မြတ်စွာဘုရားထံသို့ လာခဲ့ရာ၊ ညဉ့်အခါ အိုးထိန်းသည်အရပ်တွင် ဘုရားနှင့် တွေ့သော်လည်း သာမန် ရဟန်းတစ်ပါးဟုသာ အထင်ရှိနေသည်။ ထိုအခါ ဂေါတမ မြတ်စွာဘုရားက တရားဟောတော်မူရာမှ ဘုရားရှင်ဖြစ်မှန်း သိရသည်။

သာမာဝတီဝတ္ထုတွင် "မာဂဏ္ဍီ"အမည်ရှိသော ပုဏ္ဏားသည် မိမိ၏ သမီးသည် အလွန်ချော အလွန်လှ၏။ ထို့ကြောင့် သာမန်လူတို့နှင့် မထိုက်တန်ချေ။ ထို့ကြောင့် သမက်ရှာပုံတော်ဖွင့်ရာ ဂေါတမ မြတ်စွာဘုရားကို တွေ့ပြီး သမီးကို ယူရန် လျှောက်ထားသည်။ မြတ်စွာဘုရားသည် အရပ်တော် ၁၈ တောင်ရှိနေလျှင် အရွယ်ချင်း ကွာခြား၍ သမီးပေးရန် လျှောက်မည်မဟုတ်ချေ။

သုတ်မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်တွင် ပုဏ္ဏားတစ်ယောက်သည် ၎င်း ဝတ်နေသော အဝတ်ကို ဂေါတမဘုရားရှင်အား လှူဖူးသည်။

မူလ ပဏ္ဏာသ၊ မဟာဟတ္ထိပ ဒေါပမသုတ် ပါဠိတော်တွင် လူသားတို့ နေထိုင်သော လူ့ပြည်လောက၌ ရှိသော ခြေရာတွင် ဆင်သတ္တဝါတို့၏ ခြေရာသည် အကြီးမားဆုံးဟု မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားဖူးပါသည်။ ဂေါတမ မြတ်စွာဘုရားသည် အရပ်တော် ၁၈ တောင်ရှိလျှင် ခြေတော်ရာသည် နှစ်တောင်ကျော်ခန့် ရှိပေမည်။ ဂေါတမ မြတ်စွာဘုရားကိုယ်တော်တိုင် ဆင်ခြေရာသည် အကြီးဆုံး ပါဟု ဟောကြားတော်မူခဲ့ပါသည်။

ဝိနည်းပါစိတ် ပါဠိတော်၊ ရတနဝဂ်တွင် အခါတစ်ပါး ဘုရားရှင်၏ ညီတော် အရှင်နန္ဒသည် ဘုရားရှင်နှင့် ညီမျှသော သင်္ကန်းကို ဝတ်ရုံလာခဲ့သည်။ အရှင်နန္ဒကို ရဟန်းတော်တို့က အဝေးက ဖူးမြင်ရသော် မြတ်စွာဘုရားရှင် မှတ်၍ နေရာပေးရန် ထ,ကြလေသည်။ အနီးရောက်မှ အရှင်နန္ဒမထေရ်ဖြစ်ကြောင်း သိကုန်ကြသည်ကို ထောက်ရှု၍ မြတ်စွာဘုရားရှင်၏ အရပ်တော်သည် ညီတော် အရှင်နန္ဒနှင့် မတိမ်းမယိမ်းရှိပါသည်ဟု ယူဆရပါသည်။

နိဒါနဝဂ္ဂ၊ ကဿပသံယုတ်၊ စီဝရသုတ်ပါဠိတော်တွင် ဗုဒ္ဓဘုရားရှင်သည် အရှင်မဟာကဿပနှင့် သင်္ကန်းလဲဝတ်ခဲ့ဖူးပါသည်။ မြတ်စွာဘုရားသည် အရပ်တော် ၁၈ တောင်ရှိခဲ့လျှင် အရှင်မဟာကဿပနှင့် သင်္ကန်းလဲဝတ်၍ ရနိုင်စရာ အကြောင်းမရှိချေ။

တစ်ဖန် ပရိနိဗ္ဗာနသုတ် ပါဠိတော်တွင်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးတွင် နတ်၊ ဗြဟ္မာတို့က မြတ်စွာဘုရားကို ဖူးရန် ရောက်လာကြပါသည်။ အရှင်ဥပဝါဏမထေရ်က ရှေ့တည့်တည့်တွင် ကွယ်နေသောကြောင့် နတ်များက ဥပဝါဏမထေရ်ကို ကဲ့ရဲ့ ပြစ်တင်ပြောကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ၁၈ တောင်မြင့်ခဲ့သော် မြတ်စွာဘုရားအား မဖူးမြော်နိုင်စရာ မရှိပေ။

ပရိနိဗ္ဗာနသုတ်တွင်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ခါနီးတွင် ကုသိနာရုံပြည်သို့ ကြွ၍ အင်ကြင်းတော အတွင်း မိလ္လာမင်းတို့ အနားယူ လဲလျောင်းသော ညောင်စောင်းပေါ်တွင် လဲလျောင်း အနားယူလေသည်။ ဂေါတမ ဘုရားရှင်သည် အရပ်တော် ၁၈ တောင်ရှိလျှင် မိလ္လာမင်းတို့ အသုံးပြုသော ညောင်စောင်းကို အသုံးပြု၍ မရနိုင်။

ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သော် အလောင်းတော်အား သူမ၏ ဆင်မြန်းနေသော "မဟာလတာ"တန်ဆာဖြင့် ဦးခေါင်းတော်မှ ခြေဖဝါးတော်အထိ ဖုံးလွှမ်းလှူဒါန်းခဲ့သည်ဟု မဟာနိဗ္ဗာန သုတ်တွင် ဖော်ပြထားသောကြောင့် မြတ်စွာဘုရားသည် ထိုခေတ် ထိုအခါက သာမန်လူများထက် ပိုပြီး အရပ်တော် မြင့်မားခြင်း မရှိကြောင်းကို သုံးသပ်တွေ့ရှိနိုင်လေသည်။

ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့၏ အရှင်သခင်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် အဋ္ဌရသ ဟတ္ထုဗ္ဗေဓ တစ်ဆယ့်ရှစ်မိုက်အမြင့်တော်ရှိ၍၊ အတောင် အားဖြင့် ခြောက်တောင်ခန့်ရှိသည်ဟု ပိဋကတ်တော်များကို လေ့လာကောက်နုတ်ချက်အရ သိရှိရပါသည်။

ကိုးကား

- ရှင်ဇနကာဘိဝံသ၏ ရတနာဂုဏ်ရည်

□



www.burmeseclassic.com

www.burmeseclassic.com




# ဆရာတော် ဦးပုဏ်၏ ဩဝါဒနှင့် ရာဇဝင် တွင်ရစ်စေခဲ့သည်များ

ကိုရွှေမြသန်း (သမိုင်း)

စာတတ်နောက်ချုပ် ခင်ကြီးပုဏ်ဟူ၍ လည်းကောင်း၊ ပုဏ်အစ၊ ပုဏ်အလယ်၊ ပုဏ်အဆုံးဟူ၍ လည်းကောင်း။ ပြောထုံးစံတင် ပညာရှင်ဖြစ်တော်မူခဲ့သည့် ဆရာတော် ဦးပုဏ်၏ အကြောင်းမဲ့ စကားပြောဆိုခြင်း မရှိခဲ့သော်လည်း ပြောစရာ၊ ဆိုစရာရှိက မငဲ့မကွက် မခြွင်းမချန် အမှန်ကိုသာ ဆိုတတ်ခဲ့သည်များ။ ရဲရင့်တည်ကြည်သော ဆုံးဖြတ်ချက်များ။ လိုတိုရှင်း တရားစကားတော်များ။ ပူဇော်ချီးမြှောက်သင့်သူကို ပူဇော်ချီးမြှောက်ခဲ့ခြင်းများနှင့် ကျမ်းစာရေးရာ ရှင်းလင်းဆွေးနွေးခဲ့သည်များအနက်မှ ရာဇဝင်တွင်ရစ်စေခဲ့သည်များကို အင်းဝနေပြည်တော်ခေတ်ဆီမှသည် ယနေ့ ဒီမိုကရေစီခေတ်ဆီသို့ ရာဇဝင် ရွှေစကားပွင့် ကမ်းဆင့်ဆက်သီလိုက်ပါသည်။

ဆရာတော် ဦးပုဏ်၏ ရာဇဝင် တွင်ရစ်စေခဲ့သော ရွှေစကားပွင့်တို့သည်ကား ...

### တစ်ခွန်းတည်းသော ဩဝါဒ

ဆရာတော်သည် နောက်ပါ တပည့်အချို့နှင့် အင်းဝရွှေမြို့တော်သို့ ရောက်လာသည်တွင် စစ်ကိုင်းမင်းနှင့် မိဖုရားခေါင်ကြီး နန်းမတော် မယ်နုတို့ သဘင်ကြီးစွာခံ၍ တင်လျှ

www.burmeseclassic.com

သော မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးနှင့် စက္ကိန္ဒာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်မြတ်ကို အလှူခံတော်မူလေသည်။

မင်း၊ မိဖုရားနှစ်ပါးတို့သည် ပရိသတ်တို့၏ အလယ်၌ အလှူတော်ကို ရေစက်သွန်းချတော်မူပြီးနောက် ဆရာတော်အား···

"တပည့်တော်တို့အား သနားသဖြင့် ဆုံးမ ဩဝါဒပေးသနားတော်မူပါ ဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော် ဦးဗုဓ်သည် မင်းနှင့် မိဖုရားတို့ တစ်သက်လုံး မှတ်လောက်အောင်···

"မင်းနှင့် တူအောင်ကျင့်က ငါတို့ ဆုံးမ ဩဝါဒပေးရန် မလို။ မင်းနှင့်တူအောင် မကျင့်က ငါနှင့် မဆိုင်၊ အဝီစိနှင့်သာ ဆိုင်သည်"

ဟူသော တစ်ခွန်းတည်းသော ဩဝါဒကြီးကို ပေးတော်မူလိုက်လေသည်။

နန်းမတော် မယ်နုသည် ထိုဩဝါဒထူးကို ကြားရသည်နှင့် နှစ်ခြိုက်သွားသည်။ ကိုးကွယ်ရကျိုးနပ်ပြီဟုလည်း ပီတိဖြာလျက်ရှိသည်။ ဆရာတော်၏ အတိမ်အနက်နှင့် သဘောကိုလည်း နားလည်လိုက်သည်။ ငါ့ဆရာမှ ငါ့ဆရာဟူ၍လည်း မာန်တက်ရသည်။ ထို့နောက် အလွန်ရိုသေစွာ ဦးချလိုက်လေ၏။

## ပထမကျော်အဆုံးအဖြတ်

ထိုအချိန်က အင်းဝနေပြည်တော်တွင် တန်ခိုးအာဏာအတွက် မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့မင်းသည် ထင်ထင်ပေါ်ပေါ် မဟုတ်သော်လည်း စည်းရုံးရေးလုပ်ငန်းကို ပြည်သူတို့အတွင်း အကြိတ်အနယ် စည်းရုံးနေကြချိန်ဖြစ်သည်။ ထိုနှစ်ဖက်သည် လူထုစည်းရုံးရေးသာ မဟုတ်၊ နေရာတကာတွင် တစ်ဖက်နှင့် တစ်ဖက် အပြိုင်အဆိုင်လုပ်နေကြသေးရာ သံဃာတော်များ၏ စာပြန်ပွဲမှာပင် သူ့ကျောင်းက ပထမကျော် အောင်သည်။ ငါ့ကျောင်းက ပထမကျော် အောင်သည်ဟု ပြိုင်လာကြလေသည်။

ဆရာတော် ဦးဗုဓ် အင်းဝသို့ရောက်၍ ပထမဝါ၌ ကြုံတွေ့ရသောပွဲသည် ပထမကျော်ပြိုင်ပွဲဖြစ်သည်။ ဘကြီးတော်နှင့် မိဖုရားခေါင်ကြီးသည် စတုတ္ထ အင်းဝနေပြည်တော်ကို တည်ထောင်ပြီးနောက် နှစ်စဉ် နယုန်လမှ ဝါဆိုလအထိ သုဓမ္မာစာတော်ပြန်ပွဲသဘင် ကျင်းပသည်။ ထိုစာတော်ပြန်ပွဲ၌ နှစ်စဉ် သာယာဝတီ အိမ်ရှေ့မင်း၏ ကျောင်းမှ ပထမကျော် ပေါ်ထွက်လျက်ရှိရာ စလင်းမင်းသားကြီး ဦးအိုကလည်း သူ့ကျောင်းမှ ပထမကျော်တစ်ဦးဦး ပေါ်ထွန်းစေချင်သည်။

ထို့ကြောင့် စုံစမ်းရာ လာမည့် နယုန်လမှ ဝါဆိုလအထိ ပြန်ဆိုရမည့် ပထမကျော် စာပြန်ပွဲတွင် သူ့ကျောင်းမှ အောင်ပန်းဆွတ်ခူးနိုင်မည့်သူ တစ်ဦးမျှ မရှိဘဲ၊ သာယာဝတီမင်း၏ ကျောင်းကသာ ထွန်းထွန်းပေါက်ပေါက် အောင်မြင်မည့် ရဟန်းတော်တစ်ပါးရှိနေသည်ကို တွေ့ရသည်။ ထိုတွင် စလင်းစား ဦးအိုသည် သာယာဝတီမင်း၏ ကျောင်းထိုင်ဆရာတော်ကို ကပ်၍ ပထမကျော်ပြန်နိုင်မည့် ကိုယ်တော်အား သူ့ကျောင်းသို့ ပင့်သွားလေသည်။

စာပြန်ပွဲနီးသောအခါ မင်းသားကြီး ဦးအိုကျောင်းက ပထမကျော် ပေါ်ပေါက်လာလိမ့်မည်ဟူသော သတင်းကို သာယာဝတီမင်း ကြားရာတွင် ဘယ်အရပ်က ဘယ်သူ့သားမြေးဖြစ်သည်ကို စုံစမ်းသည်။ ဤတွင် ထို ပထမကျော်ပြန်မည့် ပုဂ္ဂိုလ်မှာ မိမိကျောင်းမှ ရဟန်းတော်ဖြစ်မှန်း သိသော အခါ စလင်းစား ဦးအိုသည် ပထမကျော်ပြန်မည့် မိမိ၏ ရဟန်းတော်ကို ခိုးသွားပါသည်ဟူ၍ မင်းတရားကြီးထံ တိုင်ကြားလေ၏။

ထိုအခါ စစ်ကိုင်းမင်းသည် ညီတော်နှင့် မိဖုရား၏ မောင်တော်အရေးတွင် ကြားဝင်စွက်ရန် ခက်ခဲနေသဖြင့် ထိုကိစ္စကို သုဓမ္မာဆရာတော်များထံ လွှဲလိုက်လေသည်။

သုဓမ္မာဆရာတော်ကြီးများနှင့် သာသနာပိုင်သည် ဓမ္မကြောင်းအရ ဆုံးဖြတ်မပေးသေးဘဲ ရက်ရွှေ့နေကြပြီးနောက် စာပြန်ပွဲနီးကပ်လာမှ အုတ်ကျောင်းဆရာတော်၏ အဆုံးအဖြတ်ကို ယူလိုသည်ဟု အမှုအပ်လေသည်။

ထိုအခါ အုတ်ကျောင်းဆရာတော် ဦးဗုဓ်သည် သုဓမ္မာဇရပ်သို့ ကြွ၍ တရားလို၊ တရားခံနှင့်တကွ သာသနာပိုင် အမှူးရှိသော ဆရာတော်ကြီးများ၊ မဟာဒါန်ဝန် အမှူးရှိသော မင်းပရိသတ်များရှေ့တွင်···

"ဤအမှုသည် အိမ်ရှေ့မင်းနှင့်လည်း မဆိုင်၊ နန်းမတော်နှင့်လည်း မဆိုင်၊ မင်းသားကြီးနှင့်လည်း မဆိုင်၊ ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်းခေါ်ယူသဖြင့် "န ဘိက္ခဝေ အညဿပရိသာ အပဉ္စပေတဗ္ဗာ၊ ယော ဥပဉ္စပေယျ အာပတ္တိ ဒုက္ကဋဿ"ဟု ဝိနည်းပညတ်ရှိသောကြောင့် မင်းသားကြီးကျောင်းတိုက်က ဘုန်းကြီးသည် သူတစ်ပါး၏ တပည့်သားကို ဖြားယောင်းခေါ်ယူသဖြင့် ဒုက္ကဋ် အာပတ်သင့်၏။ ပထမကျော်ပြန်ရမည့် ရဟန်းသည် သူ


www.burmeseclassic.com

www.burmeseclassic.com

တစ်ပါး ပြားယောင်းရာသို့ ဆန္ဒဂတိလိုက်ခြင်းကြောင့် ဤနှစ်ပထမကျော် မပြန်ဆိုရ။ ရပ်ရွာသို့ ပြန်သွားစေ"

ဆုံးဖြတ်တော်မူလိုက်ပါ၏။

ထို ဆုံးဖြတ်မှုကြောင့် ဆရာတော်၏ ရဲရင့်တည်ကြည်ပုံသတင်းသည် တိုင်းပြည်တရှိုး ဟိုးလေးတကျော်ဖြစ်ပွားခဲ့ရလေ၏။

## သီလဆောက်တည်ချင်ရင်

အုတ်ကျောင်းအမသည် လှူဖွယ်ဝတ္ထုများဖြင့် ဆရာတော်အား လှူဒါန်းပူဇော်ပြီးနောက်…

"ဘုရားတပည့်တော်မအား ငါးပါးသီလ ပေးသနားတော်မူပါ ဘုရား"

ဟု လျှောက်ထားရာ ဆရာတော်က…

"ငါးပါးသီလဆောက်တည်ချင်ရင် ကိုယ်တိုင် နှုတ်ကဆို၍ ဆောက်တည်သွား"

ဟု မိန့်ကြားသဖြင့် အစက ကိုယ်တိုင်ရွတ်ဆိုရမည်ဟု မထင်။ ဆရာတော်က ရှေ့မှ ဆိုပြီး သူက နောက်မှလိုက်ဆိုရလိမ့်မည်ဟု မှတ်ထင်သော ကျောင်းအမသည် "အပါဘင္တေ အစ၊ သမာဓိယာမိ အဆုံးထိအောင် ကိုယ်တိုင်ရွတ်ဆိုကာ ခံယူဆောက်တည်သွားရလေ၏။

## အပ္ပမာဒေန သမ္ပာဒေထ

သီတင်းတစ်နေ့တွင် မင်းမိဖုရားနှစ်ပါးတို့သည် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းပူဇော်ပြီးလျှင် မင်းတရားကြီးက…

"ဒါနခန်း၊ သီလခန်းတရားတွေကိုတော့ ရှေးအခါ ဆရာတော်ကြီးများ ဟောတော်မူခဲ့သည်ကို ကြားနာခဲ့ရသဖြင့် သဘောကျ၍ အားရနှစ်သက်လှပါပြီ။ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျဉ်း လိုရင်းတရားကို အတိုအကျဉ်းအားဖြင့် ဒကာတော်များအား ဟောကြားတော်မူပါ ဘုရား"

ဟု လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်မှ-

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တ ယာမိဝေါ၊ ဝယမ္မော သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"

ဟု မိန့်ဟမြွက်ဆိုတော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏။

ဤတွင် မင်း၊ မိဖုရားတို့သည် ရှိုး ဦးချ၍ ပြန်လာခဲ့ရလေသည်။

## ရေဖလားတရား

တစ်နေ့သောအခါ ကျောင်းအမသည် ဆရာတော်အား…

"တပည့်တော်မသည် ဤ အုတ်ကျောင်းကို သုံးသိန်းကျော်မျှ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဖလံခုံရွာ၌လည်း တစ်သန်းကျော်မျှ အကုန်အကျခံကာ ကျောင်းတစ်ဆောင်ဆောက်လုပ် လှူဒါန်းပါသေးသည်။ ဤကဲ့သို့ လှူဒါန်းရသော်လည်း ကုသိုလ်ကောင်းမှု၌ အားရတင်းတိမ်ခြင်း မရှိပါ။ အခါခပ်သိမ်း ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ် စသော များမြတ်သော ဝတ္ထုပစ္စည်းတို့ကိုလည်း ချီးမြှင့်လှူဒါန်းခဲ့ပါသည်။ ထိုသို့လှူဒါန်းရသော ကုသိုလ်ကောင်းမှု၏ အကျိုးတရားကို ဟောကြားတော်မူပါ ဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်က ကျောင်းအမအား ရေဖလားဖြင့် ရေအပြည့်ခပ်ယူစေ၍ ထိုဖလားရေကို အကြွင်းအကျန်မရှိအောင် သွန်ပစ်စေသည်။ ပြီးမှ…

"အခု သွန်ပစ်လိုက်သော ရေသည် လှူ၍ ကုန်သောပစ္စည်းနှင့်တူ၏။ ဖလားထဲ၌ ကပ်၍ ကျန်ရစ်ခဲ့သော ရေသည် အကျိုးရသည်နှင့် တူ၏"

ဟု ဟောကြားလိုက်လေသည်။

ကျောင်းအမသည် သူ၏ လျှောက်ထားချက်၌ လှူဒါန်း၍ရသော ကုသိုလ်၏ အကျိုးတရားဟူသော စကားပါရှိနေသည့်အတွက် ဘဝသမ္ပတ္တိ စည်းစိမ်ချမ်းသာတို့ကို လိုလားတောင့်တ၍ ပြုလုပ်သော ဒါနမျိုးသည် ယုတ်ညံ့သော ဒါနမျိုးဖြစ်၍ အနည်းငယ်မျှသော အကျိုးကိုသာ ရနိုင်သည်ဟု ဆရာတော်၏ ဟောလိုရင်း တရားကို သဘောပေါက်ကျေနပ်သွားလေသည်။

◈◈◈

ဤသည်တို့မှာ ဆရာတော် ဦးဗုဒ်၏ ရာဇဝင်တွင်ရစ်စေခဲ့သည်များမှ တချို့တစ်ဝက်မျှသာ ဖြစ်ပါသည်။ အလျဉ်းသင့်သည့်အခါ များစွာသော ရာဇဝင် တွင်ရစ်စေခဲ့သည်များထဲမှ ယနေ့ခေတ်နှင့် လျော်ညီစွာ လေ့လာဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ ဗဟုသုတယူဖွယ်ရာ၊ သံဝေဂယူဖွယ်ရာတို့ကို ကမ်းဆင့်ဆက်သီပါဦးမည်ဟူ၍သာ။

❐

www.burmeseclassic.com

# အသက်ဘေးမှ ကင်းဝေးစေသော နွားမသားဝုက် ဂါထာတော်

ရောမြေ ကျော်ဝေ

ကံသာရွာကလေးတွင် အဘ ဦးဘိုးတူ၏မြေး မောင်လှမျိုးက ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သည်ကို ဦးဘိုးတူက လွှဲ၍ မိခင်၊ ဖခင်များက သဘောကျကြသည်။

ညစာ ထမင်းစားပြီးချိန် မိသားစုစုံစုံလင်လင်ရှိသော အခါ၌ အဘ ဦးဘိုးတူက မြေးဖြစ်သူ မောင်လှမျိုးကို လက်ဖက်ရည်ကြမ်းဝိုင်းတွင်…

"အဘတို့ ငယ်ငယ်က တိုင်းပြည် မငြိမ်မသက်ဖြစ်တယ်။ အဘက နိုင်ငံရေးလုပ်ခဲ့တယ်။ ရဲဘော်ဖြူတပ်မှာ ဆိုပါတော့။ အဖွဲ့ပေါင်းစုံ လှုပ်ရှားကြတယ်။ လူမျိုးစွဲ၊ အယူစွဲတွေနဲ့ ပြဿနာတွေ ဖြစ်တယ်။ တွေ့ရာလူကို ဖမ်းတယ်။ အဘနဲ့ အတူ ငါးယောက် အဖမ်းခံ၊ အနှိပ်စက်ခံရတယ်။ လေးယောက်မြောက်ကို သူတို့ ကျေနပ်အောင် နှိပ်စက်ပြီးမှ သတ်ပစ်တယ်။ ငါ့အလှည့်ကို ရောက်တော့မယ်။ ငါလည်း ငါတတ်ထားတဲ့ ဂါထာကို ရွတ်နေတာပေါ့ကွာ။ ငါ့ကို ချည်ထားတဲ့ လက်ပြန်ကြိုးက အလိုလိုပြည်သွားတယ်။ ဒါပေမယ့် ငါ အသာလေး ငြိမ်နေလိုက်တယ်။ အဲဒီအချိန်မှာ ရဲဘော်ဖြူတွေ တက်လာပြီး သူတို့ကို သေနတ်နဲ့ လိုက်ပစ်တယ်။ သူတို့လည်း ခွေးသေ ဝက်သေ သေသလို၊ ငါလည်း ခြေဦးတည့်ရာ ထွက်ပြေးလိုက်တာ မြို့ကွင်းမြစ်ကို ဘယ်လိုကနေ ဘယ်လို ဖြတ်ကူးမိတယ် မသိဘူး။ ဟိုဘက်ကမ်းကို ရောက်တော့ ဟိုချုံကို တိုး၊ ဒီချုံကို တိုးနဲ့ ခြောက်ရွာမှာ ငါ့နမ ရှိတဲ့ အိမ်ကို ရောက်သွားတယ်။ ခြေထောက်တွေမှာလည်း မြင်မကောင်းအောင် ဆူးတွေက စူးနေတော့ ငါ သတိလစ်နေတဲ့အချိန်မှာ ငါ့နမတွေက ဆူးတွေကို နုတ်ပေးပြီး ဆေးလိမ်းပေးတယ်။ ငါ ခုနစ်ရက်လောက် သတိမေ့နေတာ။ ဒါပေမယ့် ငါ့ရဲ့ ဝိညာဉ်က စိတ်ထဲမှာ ဂါထာကိုပဲ ရွတ်နေတယ်။ ငါ သတိရတော့ ငါ့ပါးစပ်က ဂါထာရွတ် မပြတ်ဘူး။ ငါလည်း သေကံမရောက် သက်မပျောက်ဖြစ်တဲ့ ဂါထာအားကိုးနဲ့ ငါ အသက်ရှင်နေရတာ။ ငါ ဘယ်တော့မှ နိုင်ငံရေးမလုပ်တော့ဘူး။ အဲဒီအချိန်တုန်းက ဘယ်သူမှ ယုံလို့မရဘူး။ မင်းတို့ခေတ်လို သွားချင်တိုင်း သွားလို့ မရဘူး။ လူမျိုးရေး သစ္စာဖောက်တွေက များတယ်။ ငါ့မြေးကို အဘ ဂါထာပေးမယ်။ အမြဲဆောင်ထားပါ။ နိုင်ငံရေးအလုပ်တော့ အဘ အားမပေးဘူး။ မင်းအဖေ ချစ်ကျော်နဲ့ မင်းအမေ သင်းဆွေက မဖျက်တဲ့အပြင် သူတို့က အားပေးနေသေးတယ်"

ဟု အဘ ဦးဘိုးတူက မောင်လှမျိုးကို ဂါထာအကြောင်းနှင့် သူ၏အသက် ယခု ရှစ်ဆယ်အထိ နေခဲ့ရသည်ကို ပြောပြပါသည်။

"သားလေး…အဘပြောတဲ့ သားဝုက် ဂါထာကို ရေးပြီး မှတ်ထား။ အလွတ်ရအောင် ဆို။ ဘယ်ကိုသွားသွား ဘယ်ကို လာလာ၊ ဂါထာရွတ်ပြီးသွား။ အန္တရာယ်ကင်းတယ်။ အဘလက်တွေ့ပဲ ငါ့မြေး"

မောင်လှမျိုးသည် ဦးဘိုးတူ ပြောပြသော ဂါထာတော်ကို အလွတ်ရပြီး ခရီးသွားတိုင်း ရွတ်ဆိုနေလေတော့သည်။ ကိုချစ်ကျော်နှင့် မသင်းဆွေတို့သည်လည်း ဂါထာတော်ကို အလွတ်ရကြပါသည်။

ထို "နွားမ သားဝုက်" ဂါထာတော်ကို ဂမ္ဘီရဆန်းကြယ် ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါသည်။

(၁) ဦး ဂေါဏောဝနေ သုညံ ဘယံနတ္ထိ။

(၂) ဦး ဂေါဏောနဝုဂ္ဂါနံ ဂေါဏောပုတ္တာစ၊ ဆရ ရက္ခ မူလေ ဆရန္တိဆ။

အထက်ပါ ဂါထာတော်ကို နေ့စဉ် သက်စေ့ရွတ်ပေးခြင်းဖြင့် ဘေးရန်ကင်းပါသည်။ လုပ်ကိုင်စီးပွားလည်း ဖြစ်ထွန်းပါသည်။ လူချစ်လူခင်လည်း ပေါများပါသည်။ အချို့က ကိုယ်ပျောက်ဂါထာတော်ဟု ခေါ်ဆိုကြပါသည်။ ခရီးသွား စီးပွားရှာကြသူများ ယုံယုံကြည်ကြည်ဖြင့် ရွတ်ပွားစေလိုပါသည်။

မိတ်ဆွေတစ်ဦး၏ ပြောပြချက်များအား စာရေးသူက ဤဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ဖော်ပြပေးခြင်းဖြစ်ပါသည်။ စာရှုသူအပေါင်းတို့ ရွှင်လန်းချမ်းမြေ့ပြီး သာယာမှုအပေါင်းနှင့် ပြည့်စုံကြပါစေ။

□



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မြတ်စွာဘုရားသည် ရာဇဂြိုဟ်၌ စတုတ္ထဝါပြည့်တော်မူခဲ့ပြီးနောက် သံဃာတော်အပေါင်းနှင့် ကပိလဝတ်ကို နှီးဆော်တော်မူ၍ ဒေသစာရီကြွချီခဲ့ပါ၏။ ယင်းသို့ ကြွချီတော်မူရာတွင် လိစ္ဆဝီမင်းတို့၏ နေရာဌာနဖြစ်သော ဝေသာလီပြည်သို့ရောက်၍ မြို့၏အနောက်ဘက် တစ်ဂါဝုတ်ကွာသောအရပ်တွင် လျောက်ပတ်တင့်တယ်၍ ကြီးမားစွာ ပြုလုပ်ထားသည့် စုလစ်မွန်းချွန်းတပ်သောအရပ်တွင် ခေတ္တနားနေမိုတင်း သီတင်းသုံးနေတော်မူ၏။

ထိုအရပ်တွင် မြတ်စွာဘုရားနှင့် သားတပည့် သံဃာများ မိုတင်း သီတင်းသုံးနေတော်မူကြောင်းကို ဝေသာလီပြည်သား မင်းအများမှ သတင်းစကားအရ ကြားသိကြ၍ ဘုရားရှင်ထံ လျင်စွာ လာကြလေကုန်၏။ ဝေသာလီပြည်သားများမှ မြတ်စွာဘုရားအား လျှောက်တင်ကြ၏။

"အရှင်မြတ်ဘုရား . . . ဤအရပ်ဒေသ၌ ဝါကပ်သီတင်းသုံးတော်မူပါ"

ဟု လျှောက်ထားကြ၍ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားကြကုန်၏။ မြတ်စွာဘုရားရှင်မှလည်း ဝေသာလီပြည်သားတို့၏ ဖိတ်ကြားမှုကို ဆိတ်ဆိတ်နေ၍ ဝန်ခံတော်မူခဲ့ပါ၏။ မင်းအပေါင်းနှင့် ပြည်သူပြည်သားတို့မှာ ဝမ်းမြောက်ဝမ်းသာခြင်းများစွာဖြင့် မြတ်စွာဘုရားနှင့် သံဃာတော်တို့ ကိန်းဝပ်စံပယ်နိုင်ရန် ကျောင်း၊ ကန်၊ ဇရပ်၊ မဏ္ဍပ်ကန္နား တရားသဘင်တို့ကို လည်းကောင်း၊ နေ့သန့်ရာ၊ ညသန့်ရာ ကမ္မဋ္ဌာန်းစီးဖြန်းရာ လိုဏ်သာ ဥမင်တို့ကို လည်းကောင်း ပြုပြင်လှူဒါန်းကြကုန်၏။

မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ဝေသာလီပြည်သို့ ရောက်ရှိ၍ သီတင်းသုံးနေသည်မှာ တစ်လခန့်ကြာမြင့်ခဲ့ပေပြီ။ ထိုကာလတွင် ဘုရားရှင်၏ ဖခင်၊ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးသည် ကြီးမားပြင်းထန်သော ရောဂါဝေဒနာကပ်လာ၍ အခြေအနေဆိုးဝါးလျက်ရှိနေ၏။ မင်းကြီးသည် နောက်ဆုံးအနေဖြင့် သားတော် ဘုရားရှင်အား ဖူးတွေ့လိုခြင်းကြောင့် အမတ်တစ်ယောက်အား ခေါ်၍ . . .

"သားတော် ဘုရားရှင်အား ဖူးတွေ့လိုသဖြင့် သွားရောက်ပင့်ခေါ်ချေ"

ဟု ဘုရားရှင်ထံ စေလွှတ်လိုက်ပါသည်။ ထိုအမတ်သည် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းသို့ ရောက်ရှိပြီး မင်းတရားကြီး၏ ဝေဒနာရောဂါကပ်ညှိခံစားနေရပုံနှင့် ဘုရားရှင်အား ဖူးတွေ့လိုမှုအတ္တုပ္ပတ္တိများကို လျှောက်တင်ခဲ့ပေသည်။

ဘုရားရှင်သည်လည်း ဖခင် မင်းကြီး၏ အဖြစ်သနစ်ကို ကြားရသည့်အခိုက် ဖခင်အား တရားပြ ချီးမြှောက်လိုသော စိတ်တော်ရှိသည်ဖြစ်၍ ငါးရာသော သံဃာတော်တို့နှင့်တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူပါ၏။

ဘုရားရှင် နိဂြောဓာရုံကျောင်းသို့ရောက်ပြီး သုံးရက်မြောက်နေ့၌ပင် ဖခင် သုဒ္ဓေါဒနမင်းကြီးသည်လည်း သိအပ်သော တေဘူမက ဓမ္မကို သခါရသို့ တင်၍ ဆင်ခြင်သုံးသပ်သဖြင့် ဖြန့်အုပ်သော ထီးဖြူအောက်ဝယ် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံလေတော့သည်။

မြတ်စွာဘုရားရှင်သည်လည်း ဖခင် မင်းကြီး၏ အလောင်းကို ကောင်းမွန် တင့်တယ်စွာ တန်ဆာဆင်ယင်လျက် နန်းဥကင်အချက်ဝယ် စကြဝတေးမင်း၏ အလောင်းကို သဂြိုဟ်သောနည်းအားဖြင့် သဂြိုဟ်တော်မူလေ၏။ ဖခင်မင်းတရားကြီး၏ သရီရ ဈာပနကိစ္စ ပြီးစီးပြီးသည့်နောက် မြတ်စွာဘုရားရှင်သည် နိဂြောဓာရုံကျောင်းတော်ဝယ် စံပယ်တော်မူလေသည်။

◈◈◈

ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒန၏ အဂ္ဂမဟေသီလည်း ဖြစ်၊ ဘုရားရှင် ငယ်နစဉ် ဘုရားလောင်း သိဒ္ဓတ္ထကုမာရအား နို့ချိုတိုက်ကျွေး ထိန်းကျောင်းခဲ့သည့် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် စုလစ်မွန်းချွန်းတို့ဖြင့် မွမ်းထုံထားသည့် နန်းဆောင်ခန်းမအတွင်း ပလ္လင်ညောင်စောင်းတွင် ခွေယိုင်လျော့ရဲလျက် စိုးရိမ်ထိတ်လန့်စွာ ငိုကြွေးနေခဲ့၏။

သူမအဖို့ လွန်စွာချစ်ခင်မြတ်နိုးတွယ်တာရသည့် အစ်မတော် သိရိမဟာ မာယာဒေဝီသည်လည်း သားတော် သိဒ္ဓတ္ထကုမာရကို ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့တွင် စုတေခဲ့သည်မှာ ကြာခဲ့ပေပြီ။ တစ်ဖန် မိမိ၏သားငယ် နန္ဒာမင်းသားကို မောင်းမခြွေရံတို့၏ ပြုစုယုယမှုအောက်၌ ရှိစေပြီး၊ မိတဆိုးဖြစ်ခဲ့ရရှာသော သိဒ္ဓတ္ထအား ကိုယ်တိုင်ကိုယ်ကျ နို့ချိုတိုက်ကျွေး ထိန်းကျောင်းခဲ့ရ၏။ ယခုအခါတွင်တော့ သားတော် သိဒ္ဓတ္ထကုမာရသည် ဘုရားစင်စစ် ကေန်ဖြစ်နေချေပြီ။ မိမိရင်မှ မွေးဖွားလာခဲ့ပါသော နန္ဒမင်းသားသည်လည်း အရွယ်ရောက်ပြီး မြတ်စွာဘုရားရှင်နောက်သို့ သပိတ်ပိုက်၍ လိုက်သွားခဲ့သည်မှာ ယခုဆိုပါလျှင် ရဟန်းဘဝမှ ရဟန္တာဘဝသို့ပင် ရောက်ရှိသွားခဲ့ချေပြီ။

www.burmeseclassic.com



ယခုလည်း မိမိဘဝအတွက် ရွှေတောင်ကြီးပမာရှိခဲ့လေသော မောင်တော် သုဒ္ဓေါဒနသည်လည်း ဘုရားရှင်ကြောင့်ပင် သောတာပန်၊ သကဒါဂါမ်ဖြစ်ပြီးနောက် ပရိနိဗ္ဗာန်သို့ပင် စံဝင်ခဲ့ပေရာ မယ်တော် ဂေါတမီအနေဖြင့် မိမိဘဝကို မိမိ အားငယ် စိတ်ပျက်မိသဖြင့် အဖန်ဖန် အထပ်ထပ် ငိုကြွေးလို့မဆုံး ရှိခဲ့ရခြင်းဖြစ်သည်။

ယခုအခါတွင် အိမ်ရာထူထောင် သားမွေးကိစ္စများသည် မိမိဘဝတစ်ခုလုံးကို သံသရာဆက်စေသည်ဟု သိလာရသည့်နောက် လူ့ဘဝကို စိတ်ကုန်ခဲ့ပါ၏။ သို့ဖြင့် သံသရာလည်ပတ်စေနိုင်သော ဘဝများဖြင့် ပုထုဇဉ်သဘောအရ ဆက်လက်နေထိုင်လျှင် သေဆုံးခြင်း၏ အခြားတစ်ဖက်၌ သံသရာဝဲဩဃလက်ထဲမှပင် လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ဟု တွေးမိခဲ့၏။ ထို့ကြောင့် သားတော်ဘုရားရှင်၏ သာသနာတော်အတွင်း ဝင်ရောက်ခြင်းဖြင့်သာ လွတ်မြောက်နိုင်သည်ဟု ယူဆပြီး သားတော်ဘုရား သီတင်းသုံးရာ နိဂြောဓာရုံကျောင်းဆီသို့ အရောက်လှမ်းလာခဲ့သည်။

ဘုရားရှင်အား လေးမြတ်ရိုကျိုးစွာ ရှိခိုးလျက် မိမိဖြစ်လိုသည့်ဆန္ဒများကို ဘုရားရှင်ထံ လျှောက်ထားလေတော့၏။

"ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား . . . သားတော်မြတ်သည် ပညတ်ပေးပြ၊ ဆုံးမအပ်သော သာသနာတော်၌ ကျွန်ုပ်တို့ မာတုဂါမတို့သည် အိမ်ရာထူထောင်သော လူ၏ဘောင်မှ ခွာရှောင်ဖယ်သန်း၍ ရဟန်းအဖြစ်ကို ရလိုပါ၏။ မယ်တော်မှစ၍ မာတုဂါမတို့ကို ရဟန်းပြုခွင့်ပေးတော်မူပါ"

မြတ်စွာဘုရားရှင်သည် မယ်တော်အား သနားကရုဏာ ဖြစ်မိသော်လည်း သူမ တောင်းဆိုသည့်ကိစ္စကို ငြင်းပယ်ခဲ့ပါ၏။

"မယ်တော် . . ငါဘုရား၏ သာသနာတော်ဝယ် မာတုဂါမတို့ကို ရဟန်းပြုခြင်းတာ မသင့်။ ပြုသဖြင့်လည်း ရှည်မြင့်စွာ မစင်ကြယ်ရာ။ ထို့ကြောင့် မယ်တော်သည် ရဟန်းအဖြစ်၌ မနှစ်သက်လင့်"

မယ်တော်သည် မိမိ၏ တောင်းဆိုချက်ကို သားတော်ဘုရားက လက်မခံသဖြင့် စိတ်နှလုံး ပူဆွေးခဲ့ရ၏။ မည်သို့ဆိုစေ၊ မယ်တော်သည် ဘုရားရှင်အား သုံးကြိမ် သုံးခါတိတိ လျှောက်ထား၍ ရဟန်းပြုရန် ခွင့်တောင်းခဲ့သည့်တိုင် မြတ်စွာဘုရားရှင်ထံမှ အခွင့်မရ။ နောက်ဆုံး ဘုရားရှင်ထံမှ ခွင့်သနားတော်မမူသဖြင့် မယ်တော်မှာ ဆာပူလှိုက်လှဲ ဆင်းရဲ ငြိုငြင်သော နှလုံးဖြင့် ယူကျုံးမရ တသသ ငိုယိုကာ၊ သားတော်ဘုရားရှင်အား လက်ယာရစ် သုံးပတ်လှည့်၍ ပူဇော်ပြီး နန်းတော်သို့ ပြန်လာခဲ့ပေတော့၏။

◈◈◈

ထိုရက်များတွင် မယ်တော် ဂေါတမီသည် စိတ်နှလုံး ပူဆွေးခြင်းများစွာဖြင့် စုတေခဲ့ပြီးဖြစ်သော အစ်မတော် မဟာမာယာဒေဝီကို တသလျက် မပြတ်ငိုကြွေးနေ၏။ သို့သာမက မိမိ၏ ဘဝအတွက် ရွှေတောင်ကြီးပမာ တည်ရှိခဲ့လေသော ပရိနိဗ္ဗာန်စံခဲ့ပြီးဖြစ်သော မောင်တော် သုဒ္ဓေါဒနကိုလည်း သတိတရ တမ်းတလျက် မျက်ရည်ကျခဲ့ရ၏။ မမြဲခဲ့လေသော လောကီနယ်ပယ်ကို စိတ်ကုန်သဖြင့် ရဟန်းဘဝသို့ ကူးပြောင်းရန် သားတော်ဘုရားထံ ခွင့်ပန်သော်လည်း ခွင့်မရသဖြင့် ကြီးစွာသော ဝမ်းနည်းမှုတို့နှင့် ရိုက်ကြီးတငင် ဖြစ်ရပါ၏။

နေ့စဉ်ရက်ဆက် စိတ်နှလုံး ညှိုးနွမ်းနေရသော မယ်တော်၏အဖြစ်ကို မကြည့်ရက်လေသော သာကီဝင် မင်းသမီးများက မယ်တော်ကို နှစ်သိမ့်ကြ၏။ နောက်ဆုံးတွင် သာကီဝင် မင်းသမီး ငါးရာသည်လည်း မယ်တော်ကဲ့သို့ပင် လူ့လောကီ ပုထုဇဉ်အဖြစ်မှ ရဟန်းဘဝသို့ ပြောင်းလဲ၍ တရားဓမ္မကျင့်စဉ်တို့ဖြင့် မွေ့လျော်လိုသည့် စိတ်ဆန္ဒရှိသည်ကြောင့် မယ်တော်ဖြစ်လိုသည့် သဘောအတိုင်း လုပ်ဆောင်ကြရန် ဖြစ်တည်ခဲ့ကြ၏။

ထိုကာလတွင် မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံ၌ မွေ့လျော်သမျှ နေခဲ့ပြီး ဝေသာလီပြည်သို့ ပြန်ကြွလာတော်မူသည်။ မဟာဝုန်တောရှိ ကူဋာဂါရပ်ဇရပ်အတွင်းဝယ် သီတင်းသုံးနေတော်မူပေ၏။

မယ်တော်နှင့် သာကီဝင် မင်းသမီး ငါးရာတို့သည် နောက်ဆုံး ကြိုးပမ်းသည့်အနေဖြင့် မိမိတို့၏ စိတ်သဘောအရ ခတ္တာသည်တို့ကို ခေါ်ပြီး ဆံပင်ကို ဖြတ်စေ၏။ ဖန်ရည်စွန်းသော အဝတ်တို့ကို ဆင်ယင်လျက် ဘုရားရှင် ကြွတော်မူရာ ဝေသာလီပြည်သို့ သတင်းစုံစမ်း၍ လိုက်လာခဲ့ကြတော့၏။

မယ်တော်နှင့် သာကီဝင် မင်းသမီးတို့သည် မြတ်စွာဘုရားရှင် သီတင်းသုံးရာ မဟာဝုန်တော် ကူဋာဂါရသို့ ရောက်ရှိပြီး ကျောင်းတော်မြတ်၏ တံခါးဝ၌ နားခိုနေကြ၏။ လမ်းခရီးတစ်လျှောက် ခရီးပြင်းနှင်လာခဲ့ရသည့်အပြင်၊ ကြမ်းတမ်းခက်ထန်သောလမ်းကြောင့် မယ်တော်နှင့် မင်းသမီးတို့၏ ခြေဖဝါး၊ ခြေထောက်တို့တွင် ချင်းချင်းနီမျှသော သွေးစေး သွေးနများ ယိုစီးနေကြပြီး တစ်ကိုယ်လုံးနီးနီး ဖုန်မှုန့်များ

www.burmeseclassic.com



အလှူးလှူးအလိမ်းလိမ်းကပ်လျက် ဆင်းရဲပြင်းပြစွာ ငိုယိုလျက်နေကြကုန်လေ၏။

ထိုသို့ ငိုသံ၊ ညည်းသံများကို ရှင်အာနန္ဒာ ကြားသဖြင့် ကျောင်းတံခါးဝကို ဖွင့်လျက် အကဲခတ်လိုက်၏။ ဖန်ရည်စွန်းသောအဝတ် ဝတ်ဆင်လျက် ခေါင်းတုံးဦးပြည်းဖြင့် ရှိနေကြသော မယ်တော်နှင့် မာတုဂါမများကို မြင်လတ်သော် ရှင်အာနန္ဒာမှာ အံ့ဩဘနန်းဖြစ်ခဲ့ရ၏။ သို့ဖြင့် ရှင်အာနန္ဒာသည် မယ်တော်အနား ချဉ်းကပ်လျက် အကျိုးအကြောင်းကို မေးမြန်းခဲ့ပါ၏။

"ကျေးဇူးရှင် ဒါယိကာမကြီး… အဘယ်ဆန္ဒ မပြည့်ဝ၍ ဤမျှလောက် ရှိုက်ငင်ငိုလိုဘိသနည်း။ ဝေးလံကြမ်းတမ်း ဤသည့်လမ်းက ပင်ပန်းဆင်းရဲစွာ အဘယ် အခြင်းအရာကြောင့် လာဘိသနည်း"

မယ်တော် ဂေါတမီက ကျဆင်းနေသော မျက်ရည်စများကို သုတ်လိုက်ပြီးနောက်…

"ချစ်သား အာနန္ဒာ၊ သားတော်ဘုရား၏ သာသနာဝယ် မယ်တော်နှင့်တကွ မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရလိုပါသည်။ ထိုအကြောင်းကို ခွင့်တောင်းခြင်းငှာ လာရောက်ရခြင်း ဖြစ်ပါသည်"

သူမ၏ စကားကို ကြားသော် ရှင်အာနန္ဒာက…

"မယ်တော်… ထိုသို့ ရဟန်းဖြစ်လိုသည်ရှိသော် နောင်တော်ဘုရားကို အကျွန်ုပ်သွား၍ နားတော်လျှောက်ဦးအံ့။ ဤနေရာ၌ပင် ဆိုင်းပါဦးလော့"

ရှင်အာနန္ဒာသည် ပြောပြောဆိုဆိုနှင့်ပင် ဘုရားရှင်ထံပါးသို့ ထွက်ခွာသွားပါ၏။ သူမနှင့် မာတုဂါမများမှာ မျက်ရည်များသုတ်လျက် ရှင်အာနန္ဒာကို မျှော်လင့်တကြီး စောင့်စားနေကြ၏။ ဘုရားသခင်ထံ ရှင်အာနန္ဒာရောက်လတ်သော် ရှင်အာနန္ဒာမှ…

"အရှင်ဘုရား… မယ်တော် ဂေါတမီ မိဖုရားသည် မိမိဆံဖျားကို အလိုလိုပယ်ဖျက်လျက် သာသနာတော်ဝယ် ရဟန်းပြုလိုသော ဆန္ဒဖြင့် ဖဝါးမှ သွေးဒီးဒီးကျ ယိုစီးကွဲပြတ်အောင်လာခဲ့၍ မြူလူးဖုန်မှုန့်လိမ်းသော ကိုယ်ဖြင့် ငိုယိုရှိုက်ငင် မပြင်ဝံ့မျှရှိလျက် ကျောင်းထွက် တံခါးဝ၌ နေလျက်ရှိပါသည်။ အရှင်ဘုရား…အကျွန်ုပ် တောင်းပန်ပါအံ့။ ကိုယ်တော်မြတ်၏ သီအပ်သော သာသနာဝယ် ဓာတုဂါမတို့ကို ရဟန်းပြုခြင်းငှာ အခွင့်ပေးတော်မူပါ"

ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို စူးစိုက်စွာ ကြည့်လျက် မိန့်တော်မူပါ၏။

"ချစ်သား အာနန္ဒာ… ငါဘုရား၏ သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုစေသဖြင့် မသင့်လျော်ချေ။ အကယ်၍ ပြုစေမူကား ရှည်လျားစွာ မစင်ကြယ်ရာ။ ထို့ကြောင့် မာတုဂါမတို့ ရဟန်းပြုခြင်းကို သင် အလိုမရှိလင့်"

ရှင်အာနန္ဒာသည် ဘုရားရှင်ထံတွင် သုံးကြိမ် သုံးခါ တောင်းဆိုခဲ့သော်လည်း ဘုရားရှင်မှ ခွင့်ပြုတော်မမူခြင်းကြောင့် မယ်တော် ဂေါတမီ၏ ဂုဏ်ကို ချီးပခွင့်ရအောင် တောင်းဦးမည်ဟု စဉ်းစားလျက် နားတော် လျှောက်ပြန်ပါ၏။

"ဘုန်းတော် ကြီးမြတ်လှသော မြတ်စွာဘုရား၊ ကိုယ်တော်မြတ်သည် သီအပ်၊ ရအပ်၊ ဆုံးမအပ်သော သာသနာ၌ မာတုဂါမတို့သည် ရဟန်းဖြစ်ခြင်းငှာ မထိုက်ပါသလော။ ထိုသူတို့ကို ရဟန်းပြုသဖြင့် မြတ်သော သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိ မဂ်ဖိုလ်၊ အနာဂါမိ မဂ်ဖိုလ်၊ အရဟတ္တဖိုလ်ကို လည်းကောင်း၊ မျက်မှောက်ပြုခြင်းငှာ မစွမ်းနိုင်ပါသလော။ အကယ်၍ ထိုတရားတို့ကို ရခြင်းငှာ စွမ်းနိုင်ပါသည်ဖြစ်အံ့။ ရဟန်းပြုခြင်းငှာ အခွင့်ပေးသင့်ပါ၏။

မြတ်စွာဘုရား…မိထွေးတော် ဂေါတမီ မိဖုရားသည် ကိုယ်တော်မြတ်အား များသော ကျေးဇူးရှိပေ၏။ ငယ်ငယ်ကတည်းက ထိန်းပ ချီပိုးလျက် မြတ်နိုးတနာပြုပေ၏။ နို့ရည်ကျွေး၍ မွေးမြူပေသည်။ ကိုယ်တော်မြတ်ကို ဝမ်းနှင့်လွယ်သော မယ်တော်ရင်းနှင့် ထက်အောက်ဆင်းသော မိထွေးချစ်လည်း ဖြစ်ပါ၏။ ဤမျှလောက်ပင် ကျေးဇူးရှင်ကို သခင်ဘုရား ခွင့်မသနားက နောင်လာ နောက်သား လူများစွာတို့ မာတုဂုဏဝိသေသကို မနှိုင်းဆဘဲ ရှိပါလိမ့်မည်။ ထို့ကြောင့် မယ်တော်မြတ်အား ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူပါ"

မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာ၏ တောင်းလျှောက်မှုကြောင့် အောက်ပါအတိုင်း မိန့်ခဲ့ပါ၏။

"ချစ်သား…ငါ၏ မယ်တော် မိဖုရားသည် ရှစ်ပါးသော ဂရုဓမ္မတို့ကို အသက်တည်သမျှ မကျူးလွန်ရအောင် နိစ္စပြည့်စွမ်းနိုင်သည်ဖြစ်အံ့။ ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူမည်"

ဟု ဘုရားရှင်ထံတော်မှ ခွင့်ရသည်နှင့် ရှင်အာနန္ဒာသည် ရှစ်ဖြာသော ဂရုဓမ္မတို့ကို ဘုရားရှင်ထံတော်မှ သင်နာခံပြီးသော် မယ်တော် ဂေါတမီထံသို့ လာ၍…

"ဘုရားရှင် ချမှတ်သော ရှစ်ပါးသော ဂရုဓမ္မတို့ကို



www.burmeseclassic.com

www.burmeseclassic.com

လုံ့လအားထုတ်၍ မယုတ်မယိုရအောင် အသက်တည်သမျှ ကျင့်ပါအံ့"

ဟု ဝန်ခံပါလျှင် သာသနာတော်ဝယ် မယ်တော်တို့ ရဟန်းဖြစ်တော့မည်ဟု ဆိုပေ၏။

မယ်တော်သည် ထိုစကားကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်…

"ချစ်သား အာနန္ဒာ… ဤရှစ်ဖြာသော ဂရုဓမ္မကို ရိုသေလေးမြတ်စွာ မယ်တော် ကျင့်ကြံပါအံ့။ သာကီဝင် မင်းသမီးတို့သည်လည်း ထိုအတူကျင့်ပါစေအံ့"

ဟု ဝန်ခံ၏။

သို့ဖြင့် ဘုရားရှင်၏ ညွှန်ကြားပြသသည့်အတိုင်း ရှင်အာနန္ဒာသည် ရှစ်ဖြာသော ဂရုဓမ္မကို ညွှန်ပြလိုရကား "ဝဿ သတမ ဘိက္ခုက" စသော ဂါထာကို ဆိုပေ၏။ ထို အဓိပ္ပာယ်သည်ကား …

(၁) အဝါတစ်ရာရှိသော ဘိက္ခုနီမသည် ယနေ့ပြုစသော ရဟန်းယောကျ်ားအား ညွှတ်တွားရှိသေရခြင်း။

(၂) ရဟန်းယောကျ်ားကင်းသော ကျောင်းရပ်၌ ဝါ မကပ်ရခြင်း။

(၃) လခွဲတစ်ကြိမ် ရဟန်းယောကျ်ားတို့အား နှစ်ပါးသော ဓမ္မတို့ကို တောင်းပန်ရခြင်း။

(၄) ဝါကျွတ်သောအခါ ဥဘတော သံဃာ၌ ပဝါရဏာပြုရခြင်း။

(၅) ပက္ခမာနတ်ကို နှစ်စဉ်မပြတ် ကျင့်ရခြင်း။

(၆) သိက္ခမာန်အဖြစ်၌ ၂နှစ်တိုင်အောင် တည်ပြီးမှ ဥဘတော သံဃာ၌ ဥပသမ္ပဒကံဆောင်ရခြင်း။

(၇) ရဟန်းယောကျ်ားတို့အား ပရိယာယ်စကားဖြင့်လည်း မဆဲရေး၊ မပြည်တမ်းရခြင်း။

(၈) ရဟန်း ယောကျ်ားတို့ ပောကြားဆုံးမတိုင်း လိုက်နာရခြင်းတို့ ဖြစ်သည်။

ဘုရားရှင်၏ ချမှတ်သည့် ဂရုဓမ္မရှစ်ပါးကို အသက်ထက်ဆုံး လိုက်နာပါမည့်အကြောင်း မယ်တော်၏ ဝန်ခံချက်ကို ရှင်အာနန္ဒာမှ မြတ်စွာဘုရားအား ပြန်လည်လျှောက်ထားခဲ့ရာ ဘုရားရှင်မှလည်း မိန့်ဆိုခဲ့ပါ၏။

"ချစ်သား အာနန္ဒာ၊ မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရ၍ ဂရုဓမ္မရှစ်ပါးကို အားထုတ်သည်ဖြစ်အံ့။ ငါဘုရား၏ သာသနာသည် မာတုဂါမတို့၏ဘောင်၌ အနှစ် တစ်ထောင်ပတ်လုံး တည်ရလတ္တံ့။ ထို့ကြောင့် မာတုဂါမတို့ကို ရဟန်းပြုစေလော့"

ဟု ခွင့်ပြုတော်မူ၍ ဘိက္ခုနီ ဥပသမ္ပဒကံကို တစ်ဖန် ပညတ်တော်မူပါ၏။ သို့ဖြင့် မယ်တော်နှင့်တကွ ငါးရာသော သာကီဝင် မင်းသမီးတို့သည် ရဟန်းအဖြစ် ရကြကုန်လေ၏။ မယ်တော်သည်လည်း ရဟန်းပြုပြီးလျှင် ဘုရားသခင်ထံ ကပ်၍ လျှောက်ပတ်သော ကမ္မဋ္ဌာန်းကို သင်လျက် အစဉ်အတိုင်း အားထုတ်သဖြင့် လောကုတ္တရာတရား၏ အထွတ်သို့ ရောက်ပေ၏။ ကျန်သော ဘိက္ခုနီမတို့ကား နန္ဒကောဝါဒသုတ် ဟောတော်မူ၍ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

မယ်တော် မဟာပဇာပတိ ဂေါတမီသည် အတိတ်ကံ၏ ကုသိုလ်ကောင်းမှုကြောင့်ဟု ဆိုရမည်ဖြစ်ပါသည်။ မယ်တော်သည် အတိတ်ကာလက ပဒုမုတ္တရာဘုရားရှင်ထံ ချဉ်းကပ်၍ တရားမြတ်တို့ကို နာရသော ကုသိုလ်၊ ဘုရားနှင့် သံဃာတော်တို့အား အလှူကြီးပေး၍ နောင်ဘုရားတို့၏ သာသနာဝယ် မိမိကိုယ်တိုင်တွေ့ခဲ့ မြင်ခဲ့ရသော ဘိက္ခုနီမကဲ့သို့ ဘုရားရှင်၏ မိထွေးတော်ဖြစ်လိုခြင်း၊ ဘိက္ခုနီမ ဖြစ်ပါက တေဇဂ်ဘွဲ့ရလိုသော ကုသိုလ်ဆုတောင်းတို့ကြောင့် ဗုဒ္ဓဘုရားရှင်သာသနာတွင် ဘုရားရှင်၏ မိထွေးတော် ပဇာပတိ ဂေါတမီအဖြစ် လည်းကောင်း၊ ဘိက္ခုနီ ရဟန်းမဘဝဖြင့် ကုသိုလ်ကံအဆက်များကြောင့် ရတ္တညူတေဇဂ်ဘွဲ့ကို ပိုင်ပိုင်ရရှိခဲ့သည်ဟု ဆိုရပေတော့မည်။

စာကိုး

- ဇိနတ္ထ ပကာသနီကျမ်း
- မဟာဗုဒ္ဓဝင်ကျမ်းများ
- ဆရာတော်များ၏ တရားဓမ္မအစုအဝေးများ

□




www.burmeseclassic.com

www.burmeseclassic.com

# ရပ်စောက်
# ဇူဋ္ဌာမုနိ ဓာတ်ပေါင်းစုစေတီတော်များ

ကုဏ္ဍာသဃမဟိဒ္ဓိစေ
ပေဒသုတေသီဆရာမျိုး



စာရေးသူသည် ဦးထွန်းဝေ+ဒေါက်တာ ဒေါ်နွဲ့နွဲ့ယဉ် တို့၏ ဖိတ်ကြားချက်အရ ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ဥတ္တုံတားရပ်၊ မိုလ်ချုပ်လမ်း နေအိမ်သို့ ခေတ္တအလည်ရောက်ရှိလာခဲ့ပြီးလျှင် ဆရာမကြီး၏ လမ်းညွှန်ချက်အရ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးစေတီတော်တစ်ဆူ ဖြစ်ပေသော ဇူဋ္ဌာမုနိစေတီတော်သို့ သွားရောက်ဖူးမြော်ဖြစ်ခဲ့ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com





## လျောင်းတော်မူရုပ်ပွားတော်

ဦးစွာ ပထမအရှေ့ဘက်တွင် ရှိသော လျောင်းတော်မူရုပ်ပွားတော်ကို စတင်ဖူးမြော်ပါသည်။ ဘွဲ့မည်မှာ မြို့လုံးချမ်းသာ ရွှေသာလျောင်းရုပ်ပွားတော်ဖြစ်ပေသည်။ ၁၃၇၄ ခုနှစ်တွင် မြို့လုံးချမ်းသာ ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော် အပါအဝင် ပလ္လင်ရင်ပြင်ပတ်လည်နှင့် လက်ရန်း၊ မြေထိန်းနံရံ လေှကား၊ စတီးလက်တန်း၊ မီတာ၊ အောက်ဆလိုက်မီး၊ မီးပုံး စသည်တို့အား ဘုရားဒါယကာ ဦးဇော်ဇော် + ဒေါ်မိုးမိုး မိသားစု (ဇော်ဇော် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၊ ဈေးတန်းရပ်)မှ လှူဒါန်းထားခြင်းဖြစ်ပါသည်။ လျောင်းတော်မူ ရုပ်ပွားတော်၏ နောက်ကျောတွင် အလွန်များပြားလှစွာသော ရွှေရောင်ဝင်းလက် တောက်ပလျက်ရှိသည့် စေတီတော်များကို သပ္ပာယ်ကြည်ညိုဖွယ်ရာ တစ်ဝကြီး ဖူးမြင်ရပါလေသည်။

## စူဠာမုနိစေတီတော်

ထိုမှ အထက်သို့ တက်သောအခါ စူဠာမုနိဘုရားကြီးရာပြည့် တန်ဆောင်းတော်ကြီးကို ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မူလ ကာသိုလ်ရှင်များနှင့် အများပြည်သူ အလှူရှင်များကိုယ်စား ဂေါပကအဖွဲ့မှ ၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြန်လည်တည်ဆောက်လှူဒါန်းပါသည်။ ပင်မ စေတီတော်ကြီး၏ အတွင်းအာရုံခံမျက်နှာစာတစ်ဖက်စီတွင် နှစ်ကိုယ်ရှစ်ဆူသော စေတီရုပ်ပွားတော်များမှာ ထူးခြားသပ္ပာယ် တင့်တယ်သော အနေအထားဖြင့် ဖူးမြင်ရသည်မှာ ကြည်နူးဝမ်းမြောက်လှပါသည်။ အာရုံခံတန်ဆောင်းတော်ကြီး၏ မျက်နှာစာတစ်ဘက်လျှင် (၁၄၀ ပေ ၅လက်မ)စီ ကျယ်ဝန်း၍ စုစုပေါင်း ဧရိယာမှာ (၅၆၁ပေ ၈ လက်မ)စတုရန်းဖြစ်ပါသည်။ တိုင်အလုံးပေါင်း (၁၆၀)ဖြင့် အခိုင်အမာတည်ဆောက်ထားပါသည်။ လေးဘက် လေးတန်မှ မုခ်ဦးရုပ်ပွားတော် ရွှေသင်္ကန်းဒါယကာများမှာ -

၁။ သက္ကရာဇ် ၁၂၆၇ခုနှစ်တွင် ဇော်တွားကြီး စောစောဆိတ် တည်ထားကိုးကွယ်သော ဤစူဠာမုနိစေတီတော်၏ ဆိုင်းဘုတ်အလှူရှင်အဖြစ် ဗရဲမှူး စိုးမြင့် + ဒေါ်တင်တင်မြင့် ရပ်စောက်မြို့မှ (၂၇-၃-၂၀၀၃)တွင် လည်းကောင်း၊

၂။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် + ဒေါ်ဝင်းဝင်းနု တောင်ကြီးမိသားစုမှ (၂၁-၁၀-၂၀၀၂)တွင် လည်းကောင်း၊

၃။ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးမင်းလွင် + ဒေါ်မြမြသန်း၊ တောင်ကြီးမှ (၁၄-၈-၂၀၀၂)တွင်



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊

၄။ မုန်ညီနှင့် စုဋ္ဌာမုနိရုပ်ပွားတော် ရွှေသင်္ကန်းဒါယကာ အဖြစ် နှစ်ဖက်သော မိဘများကို အမှူးထား၍ ဗထူးတပ်နယ် မှူး ဗိုလ်မှူးချုပ် ဇော်ဝင်း+ဒေါ်ခင်လေးမြင့်တို့မှ (၂၁-၁၀-၂၀၁၂)တွင် လည်းကောင်း၊

အသီးသီးလှူဒါန်းကြပါသည်။ ယခုအခါ စေတီတော်ကြီး၏ သက်တမ်းသည် နှစ်ပေါင်း (၁၁၀)တိတိပြည့်မြောက်တော်မူပြီးဖြစ်ပါသည်။ မြတ်စွာဘုရားအလောင်းတော်၏ ဆံတော်မြတ်တည်ရှိရာ တာဝတိံသာနတ်ပြည်မှ အထက် စုဋ္ဌာမုနိဘုရားကို ရည်စူး၍ ဘွဲ့မည်မှည့်တွင်ထားသည်ဖြစ်ပေရာ စည်စိမ်ရာထူး အာဏာအတွင့်အထိပ်ရောက်လိုသူများ အဓိဋ္ဌာန်ဝင်ရောက် တောင်းဆုပြုသင့်ပေသော စေတီတော်မြတ်ကြီးပင် ဖြစ်ပါသည်။ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်မွမ်းမံ ပြီးမြောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရပ်စောက်မြို့နယ်အတွင်း သီတင်းသုံးတော်မူသော သံဃာတော်အပါး (၅၀၀)ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ပါသည်။

## ပင်မစေတီတော်များ

### ရှစ်သောင်းစေတီ

ဤစေတီတော်အုပ်စုတွင် သက်တမ်းအရင့်ဆုံးမှာ ရှစ်သောင်းစေတီတော်ဖြစ်ပါသည်။ သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ဘီစီ ၃၀၈ ခုနှစ်တွင် သီရိဓမ္မာသောက မင်းကြီးမှ စတင်တည်ထားကိုးကွယ်တော်မူပြီးလျှင် သာသနာသက္ကရာဇ် ၂၃၁၅ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၇၇၁ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၃၃ခုနှစ်တွင် စော်ဘွားကြီး စောရွှေရည်နှင့် ဆွေမျိုးတစ်စုတို့က ပြန်လည်ပြုပြင်မွမ်းမံခဲ့ပါသည်။ ၁၃၅၂ ခုနှစ်တွင် ဂေါပကအဖွဲ့မှ ရှစ်သောင်းစေတီတော်ကြီးနှင့် အရန်စေတီလေးဆူတို့အား အသစ်တစ်ဖန် ပြန်လည်ပြုပြင်၍ ထီးတော်တင်လှူပါသည်။ ရင်ပြင်တော်အား အသစ်ပြုပြင်မွမ်းမံလှူဒါန်းပါသည်။ ဉာဏ်တော်အမြင့်မှာ ၄၇ တောင် တစ်ထွာဖြစ်ပါသည်။ အဓိဋ္ဌာန်ပြု ဆုတောင်း ပူဇော်လှူဒါန်းပါက သီရိဓမ္မာသောကမင်းကြီးကဲ့သို့ နေဥစ္စာ၊ စီးပွား၊ ရာထူး တိုးပွားနိုင်ပါသည်။ ယခုအချိန်တွင် စေတီတော်သက်တမ်းမှာ (၂၃၂၄)နှစ်ဖြစ်ပါသည်။

### ရွှေစည်းခုံစေတီတော်

ဒုတိယသက်တမ်းအရင့်ဆုံးမှာ ပုဂံပြည့်ရှင် အနော်



ရထာမင်းကြီးမှ ကောဇာသက္ကရာဇ် ၄၁၄ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့ပေသော ရွှေစည်းခုံစေတီတော်ဖြစ်ပါသည်။ ယခုခေတ် ၂၀၀၂ ခုနှစ်တွင် ပြန်လည်ပြုပြင်မွမ်းမံလှူဒါန်းသော ဒါယကာမှာ ရွှေပုဇွန်ကုမ္ပဏီ မိသားစုဖြစ်ပါသည်။ အနော်ရထာမင်းကြီးမှာ တိုင်းသူပြည်သားတို့ကို ရင်ဝယ်ထား သားကဲ့သို့ မေတ္တာထားတော်မူပြီးလျှင် မင်းကြီး၏ လက်ထက်တော်၌ တောင်သူလယ်သမား လူတန်းစားတို့အား ထိုက်သင့်သလောက် ချီးမြှောက် ထောက်ပံ့တော်မူသဖြင့် တိုင်းပြည် ဆန်ရေစပါးပေါများ ကြွယ်ဝခဲ့သည်ဖြစ်ရာ (လယ်ယာဥယျာဉ်ခြံမြေ သီးနှံဖြစ်ထွန်းလိုသူ စိုက်ပျိုးရေးသမားများ အဓိဋ္ဌာန်ဝင်ရောက်သင့်ပေသော စေတီတော်တစ်ဆူဖြစ်ပါသည်။) အနော်ရထာမင်းလက်ထက်တွင် ရွှေစည်းခုံစေတီတော်၏ အရိပ်သည် လယ်ယာမြေများပေါ်တွင် ထူးခြားစွာ ထင်ဟပ်လျက်ရှိသည်ကို အစွဲပြု၍ "တောင်သူလယ်သမားဘုရား"ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြောင်းဖြင့် သိရှိရပါသည်။ ယခုအချိန်တွင် စေတီတော်၏ သက်တမ်းမှာ (၉၆၄) နှစ် ဖြစ်ပါသည်။

### ရွှေပိန္နဲစေတီတော်

တတိယသက်တမ်းအရင့်ဆုံးမှာ ကောဇာသက္ကရာဇ် ၅၅၂ ခုနှစ်တွင် နရပတိစည်သူမင်း တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေပိန္နဲစေတီတော်ဖြစ်ပါသည်။ ၁၁၀၀ ပြည့်

www.burmeseclassic.com



နှစ်တွင် ရွှေသားမင်းမှ လည်းကောင်း၊ ၁၁၉၈ ခုနှစ်တွင် ခွန်သာအူမှ လည်းကောင်း၊ ၁၃၅၂ခုနှစ်တွင် ဂေါပကအဖွဲ့မှ လည်းကောင်း၊ အဆင့်ဆင့် ပြန်လည်ပြုပြင်မွမ်းမံ ပူဇော်ထားခဲ့ကြပါသည်။ ဉာဏ်တော်အမြင့်မှာ (၅၉)တောင်ဖြစ်သည်။ နရပတိစည်သူမင်းသည် ဖောင်တော်ဖြင့် ရှမ်းပြည်နယ်တစ်လွှား သာသနာပြုတော်မူပေရာ ရဿဝတီမြို့ရောက်လျှင် မုတ္တောစေတီတော်ကို စတင်တည်ထား ကိုးကွယ်ခဲ့ပါသည်။ မိုးနဲမြို့မှ ဆက်သော ပိန္နဲသီးကို မတ်တပ်ရပ်၍ စိုက်ခဲ့သည်ကို အစွဲပြု၍ ရပ်စိုက်မြို့ဟု ပြောင်းလဲခေါ်တွင်စေခဲ့ပါသည်။ ကာလရွေ့လျားလာသောအခါ ယခုအခါ၌ ရပ်စောက်မြို့ဟူ၍ အမည်တွင်ပါသည်။ မုတ္တောစေတီတော်ကိုလည်း အများပြည်သူတို့မှ "ရွှေပိန္နဲစေတီတော်"ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ရွှေပိန္နဲစေတီတော်သည် ရပ်စောက်မြို့ဟူ၍ စတင်အမည်တွင်သည့် ကာလ၏ ပထမဦးဆုံး စေတီတော်ဟူ၍ သတ်မှတ်နိုင်ပါသည်။ နရပတိစည်သူမင်းကြီးသည် ဖောင်စကြာယာဉ်တော်ကို ပိုင်ဆိုင်ခဲ့သည်ကို အစွဲပြု၍ ဤစေတီတော်ကို ကိုးကွယ်ပူဇော် အဓိဋ္ဌာန်ပြု ဆုတောင်းလှူဒါန်းသူများသည် ယာဉ်၊ ရထား၊ ကား၊ လှည်း၊ လှေ၊ ဆိုင်ကယ် အစရှိသည်တို့ကို ပိုင်ဆိုင်ရရှိစေနိုင်ပါသည်။ ယခုအချိန်တွင် စေတီတော်သက်တမ်းမှာ (၉၂၅)နှစ် ဖြစ်ပါသည်။


**ဆုတောင်းပြည့်စေတီတော်**

စတုတ္ထ သက်တမ်းအရင့်ဆုံး စေတီတော်မှာ ၁၀၂၃ ခုနှစ်တွင် သီပေါ စော်ဘွားကြီးနှင့် မဟာဒေဝီတို့မှ တည်ထားကိုးကွယ်ခဲ့ပေသော အရှေ့ဆုတောင်းပြည့် စေတီတော်ဖြစ်ပါသည်။ ၁၂၆၇ခုနှစ်တွင် ရပ်စောက် စော်ဘွားကြီး စောစောဆိတ်နှင့် ဆရာတော်၊ သံဃာတော်များ၊ မြို့သူ မြို့သားများမှ လည်းကောင်း၊ ၁၃၆၃ခုနှစ်(၄-၁-၂၀၀၂)တွင် ဗထူးတပ်နယ်မှူး ဗိုလ်မှူး ဇော်ဝင်းနှင့် တပ်နယ် မိသားစုဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတင်၊ ဒေါက်တာ တင်စိုးလင်းနှင့် ရွှေပုစွန်မိသားစု၊ ဂေါပကအဖွဲ့နှင့် မြို့သူ မြို့သား မိသားစုများမှ လည်းကောင်း၊ အသီးသီး ပြုပြင်မွမ်းမံ ပူဇော်လှူဒါန်းခဲ့ပါသည်။ (၄-၈-၂၀၀၂)တွင် ဒုတ်မြစ်တော်စီ မင်္ဂလာ၊ (၂၀-၁၂-၂၀၀၂)တွင် ဗုဒ္ဓပန္နာတော်သွင်း မင်္ဂလာတို့ကို ဆင်ယင်ကျင်းပပြီးလျှင် (၁၆-၁-၂၀၀၃)တွင် ထီးတော်တင်လှူပါသည်။ ဉာဏ်တော်မှာ အတောင်(၄၀) ဖြစ်ပါသည်။ (ဤစေတီတော်တွင် ဆုတောင်း ပူဇော်လှူဒါန်း အဓိဋ္ဌာန်ဝင်ရောက်သူများအတွက် မိမိတို့ လိုသမျှ တောင်းဆုပြည့်စေနိုင်ပါသည်။) ယခုအချိန်တွင် စေတီတော်သက်တမ်းမှာ (၃၅၅)နှစ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ရွှေဥမင်စေတီတော်**

ပဥ္စမ သက်တမ်းအရင့်ဆုံး စေတီတော်မှာ သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် စော်ဘွား စောရွှေရည်နှင့် မဟာဒေဝီစဝ်လွယ်မယ်တို့မှ တည်ထားကိုးကွယ်ခဲ့သော ရွှေဥမင်စေတီတော်ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် တတိယမင်းဆက်ဆင်ဖြူရှင်လက်ထက်တော် ဖြစ်ပါသည်။ ကြောင်လိမ်လောကာသဖွယ် (၇)ပတ်, ပတ်၍ တက်ရသောကြောင့် ဒေသခံများက "ကြောင်လိမ်ဘုရား"ဟူ၍ ခေါ်တွင်ခဲ့ကြပြီး လျှင် ယနေ့ခေတ်လက်ရာ၏ ရှေ့ပြေး ခေတ်ဦးလက်ရာပုံစံတော်ဖြစ်ပါသည်။ ဤစေတီတော်သည် စုဋ္ဌာမုနိစေတီတော်၏ အဝန်းအဝိုင်းတွင်မှာ မတည်ရှိဘဲ အရှေ့ဘက် ကားလမ်းတစ်ဖက်ထိပ်တွင် သီးခြားတည်ရှိပါသည်။ ၁၃၄၇/ ၁၉၈၅ ခုနှစ်တွင် ဂေါပကအဖွဲ့မှ လည်းကောင်း၊ ၁၃၅၆/ ၁၉၉၄ ခုနှစ်တွင် ရှေးဟောင်း သုတေသနဦးစီးဌာန အထက်မြန်မာနိုင်ငံ(မန္တလေး)မှလည်းကောင်း၊ ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ပါသည်။ ယခုအခါ သမိုင်းသုတေသနဌာနမှ ထိန်းသိမ်း စောင့်ရှောက်ထားသဖြင့် ဝင်ခွင့်မရှိပါ။ ဉာဏ်တော်(၆၆)တောင်ဖြစ်ပါသည်။ ရပ်စောက်မြို့နယ်ရှိ စေတီတော်အားလုံးတွင် အထူးခြားဆုံး ဗိသုကာလက်ရာအဖြစ် တည်ဆောက်ထားသည့် တစ်ဆူတည်းသော စေတီတော်ဖြစ်ပါသည်။ (ရပ်ဝေးခရီးသွားလုပ်ကိုင်ရသူများအတွက် အန္တရာယ်ကင်း၊ ဘေးရှင်းစေသော စေတီတော်တစ်ဆူဖြစ်ပါသည်။)

စေတီတော်၏ သက်တမ်းမှာ (၂၄၃)နှစ် ဖြစ်ပါသည်။


**ရွှေဘုန်းပွင့်စေတီတော်**

ဆဌမ သက်တမ်းအရင့်ဆုံး စေတီတော်မှာ သက္ကရာဇ် ၁၂၃၃ခုနှစ်တွင် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တော်၌ စော်ဘွားကြီး စောဝိုင်းတည်ထားကိုးကွယ်ခဲ့သော ရွှေဘုန်းပွင့် စေတီတော်ဖြစ်ပါသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွား၍ သီပေါမင်းပါတော်မူချိန်တွင် ရွှေဘုန်းပွင့်စေတီတော်မှာ တည်လက်စဖြစ်ပြီးလျှင် စော်ဘွားကြီး စောဝိုင်းမှာ လက်နက်မချဘဲ ကျိုင်းတုံဘက်သို့ ထွက်ပြေးပုန်းကန်သဖြင့် ဒေသခံများက "ကျိုင်းတုံပြေးဘုရား"ဟူ၍ ခေါ်ဝေါ်ကြပါသည်။ ထိုစေတီတော်အား ၁၃၃၉/ ၁၉၇၇ ခုနှစ်တွင် ရွှေပေါ်ကျွန်းဆရာတော်၏ လမ်းညွှန်သြဝါဒကို ခံယူ၍ ဦးမောင်လှိုင်၊ ဦးအောင်တင် ဦးသန်းမောင်တို့နှင့် ခုနှစ်ရက်သားသမီးအများကောင်းမှုအဖြစ် ပြန်လည်ပြုပြင်တည်ထား ကိုးကွယ်ပါသည်။ ၁၃၅၉/ ၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ ကြိုပြော်မြေ နာမ်ပြေဘုရားနှင့် မုခ်ဦးကို ထပ်မံတိုးချဲ့ ပြုပြင် မွမ်းမံ ပူဇော်ပါသည်။ ဉာဏ်တော်(၅၅)တောင်ဖြစ်ပါသည်။ (ကံကြမ္မာ ကြိုပြော်စီး ကြိုပြော်နင်း မကောင်း၍ ဘုန်းကံနိမ့်ပါးသဖြင့် ယတြာချေလိုသူများ ဆုတောင်းအဓိဋ္ဌာန်ဝင်သင့်ပါသည်။) စေတီတော်သက်တမ်းမှာ (၁၄၅)နှစ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရွှေချမ်းသာစေတီတော်

သတ္တမ သက်တမ်းအရင့်ဆုံး စေတီတော်မှာ သက္ကရာဇ် ၁၂၅၄ခုနှစ်တွင် အင်္ဂလိပ်ခေတ်အစိုးရခန့် စော်ဘွားကြီး စောခွန်နုနှင့် မဟာဒေဝီစဝ်နန်းမွှေးတို့မှ တည်ထားကိုးကွယ်ခဲ့ပေသော ရွှေချမ်းသာစေတီတော်ဖြစ်ပါသည်။ ၁၃၄၇/ ၁၉၈၅ ခုနှစ်တွင် ဂေါပကအဖွဲ့မှ ဉာဏ်တော်မြှင့်၍ အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပါသည်။ ဉာဏ်တော်မှာ (၄၀)တောင်နှင့် (၅)လက်မ ဖြစ်ပါသည်။ (စေတီတော်၏ ဘွဲ့မည်တော်အရ အမိဌာန်ဝင် ဆုတောင်းပူဇော် လှူဒါန်းသူများအတွက် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့၍ စီးပွားလာဘ်လာဘများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။) စေတီတော်သက်တမ်းမှာ (၁၂၄)နှစ် ဖြစ်ပါသည်။

## စူဠာမုနိစေတီတော်

အဋ္ဌမ သက်တမ်းရင့် စေတီတော်ကြီးမှာ ယခုခေတ် ပင်မ စေတီတော်ဖြစ်သော စူဠာမုနိစေတီတော်ပင် ဖြစ်ပါသည်။ စေတီတော် မူလ ဒါယကာမှာ ရွှေချမ်းသာ ဒါယကာ စော်ဘွားကြီး စောခွန်နု၏သား စော်ဘွား စောစောဆိတ် ဖြစ်ပေသည်။ ဘုရားသမိုင်းအသေးစိတ်ကို အထက်တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

## မဟာတိဿ စူဠာတိဿစေတီညီနောင်

ကောဇာသက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် မင်းပြစ် မင်းဒဏ်သင့်ရာမှ လွတ်မြောက်လာသည်ဟု ယူဆရပေသော အမတ်ကြီး ခွန်ဖုံးနှင့် ခွန်မုံးညီအစ်ကို တည်ထားကိုးကွယ်ခဲ့ကြသော မဟာတိဿနှင့် စူဠာတိဿစေတီ ညီနောင် ဖြစ်ပါသည်။ ၁၃၄၇/ ၁၉၈၅ ခုနှစ်တွင် ဦးသန်းမောင် ဦးစီးသည့် ခုနစ်ရက်သားသမီးအများကောင်းမှုအဖြစ် လည်းကောင်း၊ ၁၃၅၉/ ၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ လည်းကောင်း၊ ပြုပြင်မွမ်းမံ လှူဒါန်းပါသည်။ ယခုအချိန်တွင် ရပ်စောက်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ ထုံးသင်္ကန်းကပ်လှူခြင်းနှင့်၊ ဝေယျာဝစ္စများကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ နောင်တော် မဟာတိဿစေတီတော်သည် ဉာဏ်တော် (၂၅)တောင်ရှိ၍၊ ညီတော် စူဠာတိဿစေတီတော်သည် ဉာဏ်တော် အတောင်(၂၀)ရှိပါသည်။ (အကျဉ်းကျခံရသူများ၊ အခက်အခဲအကျပ်အတည်းနှင့် ကြုံတွေ့နေသူများ လှူဒါန်းပူဇော် ဖူးမြော် ဆုတောင်း အမိဌာန်ဝင်ရောက်ခြင်းဖြင့် အချုပ်အနှောင်ဘေးမှ ကင်းဝေးလွတ်မြောက်နိုင်ပါသည်။) စေတီတော်များ၏ သက်တမ်းမှာ (၁၇၉)နှစ် ဖြစ်ပါသည်။

အထက်ပါ စေတီတော်များမှာ စူဠာမုနိဓာတ်ပေါင်း စေတီတော်အုပ်စုမှ ပင်မစေတီတော်(၉)ဆူ ဖြစ်ပါသည်။

www.burmeseclassic.com



**အရန်စေတီတော်များ**

**ကုသိနာရုံ မဟာဗိမ္မ အလိုတော်ပြည့် စေတီတော်**

၁၁၃၄ ခုနှစ်တွင် စော်ဘွားကြီး စောရွှေရည်နှင့် ဆွေတော် မျိုးတော်များမှ တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ပါသည်။ ၁၃၅၂/ ၁၉၉၀ ခုနှစ်တွင် အမှတ်(၉၅၆) တပ်မှ ဝန်ထောက် ဦးမောင်အုန်း+ဒေါ်စန်းစန်း၊ သမီး မသီတာ အုန်း၊ မနီလာအုန်း၊ ကလျာမေစမ်းအုန်း၊ သား ရဲမောင်ခေါင်အုန်း မိသားစုမှ အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံ၍ ထီးတော်အသစ်တင်လှူပါသည်။ ၁၃၅၉/၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ စေတီတော်ပတ်လည်မုခ်ဦးနှင့် ရုပ်ပွားတော်များကို အသစ်တစ်ဖန် တည်ထားကိုးကွယ်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၃၀ပေ ၁၀လက်မ) ဖြစ်ပါသည်။

**တနင်္ဂနွေထောင့်အလှူရှင်** - ဦးအေးကြူ+ ဒေါ်အေးကြည်၊ လွယ်ကော် အထူးဒေသ (၂)။

**တနင်္လာထောင့်အလှူရှင်** - ဒေါ်ငြိမ်းမေ(သား) (ဦးညီပု) ဦးဌေးအောင်၊ မန္တလေးမြို့။

**အင်္ဂါထောင့်အလှူရှင်** - ကိုမြင့်ဆွေ+ မလှမျိုးသူ၊ ရွှေကိန္နရီရွှေပန်းတိမ်၊ မြောက်ကွက်သစ်။

**စနေထောင့်အလှူရှင်** - ဦးကျော်အေး+ ဒေါ်ခင်ဆွေဝင်းမိသားစု၊ ဇော်ဂျီရပ်ကွက်။

**ဗုဒ္ဓဟူးထောင့်အလှူရှင်** - ဦးဉာဏ်+ဒေါ်တင်ကြည်၊ မြတ်ဝတ်ရည်စတိုး၊ ဈေးတန်းရပ်။

**ကြာသပတေးထောင့်အလှူရှင်** - ဦးမောင်အုန်း+ ဒေါ်စန်းစန်းမိသားစု။

**ရာဟုထောင့်အလှူရှင်** - တပ်မတော်နည်းပညာ တက္ကသိုလ်(၄) ကျောင်းဆင်းအရာရှိများ။

**သောကြာထောင့်အလှူရှင်** - ဗိုလ်မှူး သက်ဦး+ ဒေါ်ဆွေဆွေမြင့် မိသားစု။

(ဤစေတီတော်မြတ်ကို အဓိဋ္ဌာန်ပြု ဆုတောင်း ပူဇော်လှူဒါန်းလျှင် ကုသိနာရုံ လိုတိုင်းရ၊ တတိုင်းပြည့်၊ မိမိအလိုဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်စုံစေပါသည်။)

**ဆန္ဒတော်ပြည့် ဆန္ဒသိဒ္ဓိစေတီတော်**

၁၁၃၄ ခုနှစ်တွင် စော်ဘွားကြီး စောရွှေရည်နှင့် ဆွေတော်မျိုးတော်များမှ တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ပါသည်။ ၁၃၅၂/၁၉၉၀ ခုနှစ်တွင် ဦးစက်ကျင်+ ဒေါ်ကျင်လှိုင်၊ ဈေးတန်းမိသားစုမှ လည်းကောင်း၊ ၁၃၅၉/ ၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ လည်းကောင်း ပြန်လည်ပြုပြင်မွမ်းမံ လှူဒါန်းပါသည်။ ဉာဏ်တော်အမြင့်မှာ (၂၉ပေ ၈ လက်မ)ဖြစ်ပါသည်။

**တနင်္ဂနွေထောင့်အလှူရှင်** - ဦးမျိုးခိုင်+ဒေါ်ခင်စန်းဦး၊ မြို့ကုန်းရပ်ကွက်မိသားစု။

**တနင်္လာထောင့်အလှူရှင်** - ဗိုလ်မှူး ကျော်ငြိမ်း+ ဒေါ်မာမာအေး၊ ရန်ကုန်မိသားစု။

**အင်္ဂါထောင့်အလှူရှင်** - ဗိုလ်မှူး ညီညီထွေး+ ဒေါ်နန်းကျော့ခိုင်၊ ရန်ကုန်မိသားစု။

**ဗုဒ္ဓဟူးထောင့်အလှူရှင်** - ဗိုလ်မှူး မြင့်လွင်+ ဒေါ်ဝါဝါ၊ ရန်ကုန်မိသားစု။

**စနေထောင့်အလှူရှင်** - ဗိုလ်မှူး တင်မိုး+ ဒေါ်နန်းကိန်စန်း၊ ကျိုင်းတုံမိသားစု။

**ကြာပတေးထောင့်အလှူရှင်** - ဦးစက်ကျင်+



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကျင်လှိုင်၊ ဈေးတန်းရပ်မိသားစု။

**ရာဟုထောင့်အလှူရှင်** - ဗိုလ်မှူး ဝင့်ထူး+ ဒေါ်သက်သက်ဝေ၊ ရန်ကုန်မိသားစု။

**သောကြာထောင့်အလှူရှင်** - ဗိုလ်မှူး မျိုးမြင့်သန်း+ ဒေါ်သူဇာနွယ်ဦး၊ ရန်ကုန်မိသားစု။

(ဤစေတီတော်အား အဓိဋ္ဌာန်ပြု ဆုတောင်း ပူဇော်လှူဒါန်းလျှင် မိမိလိုအင်ဆန္ဒများ ပြည့်ဝနိုင်ပါသည်။)

**စနေသိဒ္ဓိစေတီတော်**

၁၁၃၄ ခုနှစ်တွင် ဇော်ဘွားကြီး စောရွှေရည်နှင့် ဆွေတော်မျိုးတော်များမှ တည်ထားကိုးကွယ်ခဲ့ပြီးလျှင် ၁၃၅၁/ ၁၉၈၉ ခုနှစ်တွင် ဦးအောင်တင်၊ ဦးလေးခိုင်၊ ဦးထိန်ဝင်းထွန်းနှင့် စနေသားသမီးများမှ လည်းကောင်း၊ ၁၃၅၉/ ၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ လည်းကောင်း၊ ပြန်လည် ပြုပြင်မွမ်းမံလှူဒါန်းပူဇော်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၃၁ ပေ၊ ၇ လက်မ)ဖြစ်ပါသည်။

**တနင်္ဂနွေထောင့်အလှူရှင်** - ဗိုလ်မှူး သုတဆွေ+ ဒေါ်ချိုချိုလွင်၊ ရန်ကုန်မိသားစု။

**တနင်္လာထောင့်အလှူရှင်** - ဦးအောင်တင်+ ဒေါ်အုန်းကြည်၊ မြောက်ကွက်သစ်မိသားစု။

**အင်္ဂါထောင့်အလှူရှင်** - ဦးဝင်းကြည်+ ဒေါ်မြင့်မြင့်ကြည်၊ ရန်ကုန်မိသားစု။

**ဗုဒ္ဓဟူးထောင့်အလှူရှင်** - ဦးထိန်ဝင်းထွန်း+ ဒေါ်ချယ်ရီဦး၊ တောင်ကွက်သစ်မိသားစု။

**စနေထောင့်အလှူရှင်** - ဦးလေးခိုင်+ဒေါ်ခင်လုံးရီ၊ မြောက်ကွက်သစ်မိသားစု။

**ကြာသပတေးထောင့်အလှူရှင်** - ခုရဲအုပ် ဇော်လင်းနိုင်+ ဒေါ်စုစုထွေး၊ ဥတ္တံ့တားမိသားစု။

**ရာဟုထောင့်အလှူရှင်** - ဦးထွန်းရွှေ+ ဒေါ်ခင်နွဲ့ရီ၊ ရန်ကုန်မိသားစု။


**သောကြာထောင့်အလှူရှင်** - *ဒုမှူးကြီး သန်းနိုင်ဦး+ ဒေါ်မြတ်သီတာဝင်း၊ ရန်ကုန်မိသားစု။

(ဤစေတီတော်ကို ကိုးကွယ်လှူဒါန်းပူဇော် အဓိဋ္ဌာန်ပြု ဆုတောင်းခြင်းဖြင့် အရောင်းအဝယ် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။)

**ဗလသိဒ္ဓိ ရန်အောင်မြင်စေတီတော်**

၁၁၃၄ ခုနှစ်တွင် ဇော်ဘွားကြီး စောရွှေရည်နှင့် ဆွေတော် မျိုးတော်များမှ စတင်တည်ထားကိုးကွယ်သည်ကို ၁၃၅၁/၁၉၈၉ ခုနှစ်တွင် မြောက်ကွက်သစ် မိသားစုမှ လည်းကောင်း၊ ၁၃၅၂-၁၉၉၀ ခုနှစ်တွင် ဗထူးတပ်နယ် ဗိုလ်မှူးချုပ် စောလွင်နှင့် တပ်နယ်မိသားစုများမှ လည်းကောင်း၊ ၁၃၅၇/ ၁၉၉၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန ဆောက်လုပ်ရေး(၅) ဝန်ထမ်းမိသားစုများမှ လည်းကောင်း အသီးသီးအဆင့်ဆင့် တိုးချဲ့ ပြုပြင်မွမ်းမံ လှူဒါန်း ပူဇော်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၃၃ ပေ၊ ၇လက်မ)ဖြစ်ပါသည်။

(ဤစေတီတော်ကို ကိုးကွယ် လှူဒါန်းပူဇော် အဓိဋ္ဌာန်ပြု ဆုတောင်းသူများသည် ဘေးရန်အပေါင်းမှ ကင်းဝေးစေပြီးလျှင် ရာဇဝတ်ဘေးမှ ကင်းဝေးလွတ်မြောက်စေနိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

**အဓိဋ္ဌာန်အောင်စေတီတော်**

၁၃၃၉/ ၁၉၇၇ ခုနှစ်တွင် တောင်ကြီးမြို့မှ ဆရာလှိုင်အဖွဲ့၊ ရပ်စောက်မြို့မှ ဦးသန်းမောင်၊ ဦးအောင်တင် စသော ရွှေပေါ်ကျွန်းဆရာတော်၏ ဝေနေယျာများကောင်းမှု အဖြစ် တည်ထားကိုးကွယ် ပူဇော်လှူဒါန်းပါသည်။ ၁၃၅၉/ ၁၉၉၇ ခုနှစ်တွင် ဂေါပကအဖွဲ့မှ ပြုပြင်မွမ်းမံပြီးလျှင် အရှေ့ဘက်မုခ်အတွင်းတွင် ဦးဒွေးလွင်+ဒေါ်နီ(နွင်းချယ်ရီ) မိသားစုမှ လည်းကောင်း၊ အနောက်ဘက် မုခ်ဦးပလ္လင်တော်တို့အား စည်ပင်ရုံးစာရေး ဒေါ်မြင့်မြင့်သန်း၊ ဈေးတန်းရပ်မိသားစုမှ လည်းကောင်း၊ ဗုဒ္ဓရုပ်ပွားတော်အား ဦးကျော်နိုင်+ဒေါ်မီးမီးနိုင် ရကာသ(၁)ဈေးတန်းရပ်မိသားစုမှ လည်းကောင်း၊ အသီးသီး တိုးချဲ့တည်ဆောက် ပြုပြင်မွမ်းမံ လှူဒါန်းပူဇော်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၂၄)တောင်ဖြစ်ပါသည်။

(ဤစေတီတော်ကို လှူဒါန်းပူဇော် အဓိဋ္ဌာန်ဆုတောင်းသူများသည် မိမိတို့ လိုအင်ဆန္ဒများ ပြည့်ဝ အောင်မြင်စေနိုင်ပါသည်။)

**နဂါးရုံ အဘယ လာဘမုနိ**

နဂါးရုံ အဘယမုနိ ရုပ်ပွားတော်ကို ၁၃၆၄/၂၀၀၂ ခုနှစ်တွင် ဗိုလ်ချုပ် ဇော်ဝင်းနှင့် ခုနစ်ရက်သားသမီးများ ကောင်းမှုအဖြစ် တည်ထားကိုးကွယ်ပါသည်။

**ပြည်လုံးချမ်းသာ ရွှေသာလျောင်း**

ပြည်လုံးချမ်းသာ ရွှေသာလျောင်း ရုပ်ပွားတော်သမိုင်းကို ဆောင်းပါးအစတွင် ဖော်ပြပြီးဖြစ်ပါသည်။

**ဂေါပကအဖွဲ့နှင့် တွေ့ဆုံခြင်း**

အားလုံး မှတ်တမ်းတင်ပြီးဆုံးချိန်တွင် ဂေါပကအဖွဲ့နှင့် သွားရောက်တွေ့ဆုံရာတွင် ဒု-ဥက္ကဋ္ဌ(၂) ဦးစိန်မောင်းမှ လိုအပ်သည်များကို ဖြည့်စွက်ပေးပါသည်။

“ကျွန်တော်တို့ ဂေါပကအဖွဲ့ကို တစ်ရပ်ကွက်ကို (၄)ဦးနှုန်းနဲ့ အဖွဲ့ဝင်ပေါင်း (၃၀)ကျော်နဲ့ ဖွဲ့စည်းထားတာပါ။ ဥက္ကဋ္ဌ ဦးထွန်းကြည်၊ ဒု-ဥက္ကဋ္ဌ(၁) ဦးလေးခိုင်၊ (၂)က ကျွန်တော်ပေါ့။ အတွင်းရေးမှူး(၁)ဦးထိန်ဝင်းထွန်း၊ (၂) ဦးဇော်ဝင်း၊ (၃)ဦးတင်ယုနဲ့ ဘဏ္ဍာထိန်း ဦးစိန်မောင် (ရှက်စိမ်း)ဖြစ်ပါတယ်။ ဘုရားအကာကတော့ ဘုရားတည်ပေးခဲ့တာပေါ့။ ဆက်လက်ပြီး တည်ဆောက်ပြုပြင် ထိန်းသိမ်းရတာက ဂေါပက တာဝန်ပါ။ တည်ဆောက်ပြုပြင်မှု မရှိရင် ဘုရားတွေ မြေပုံပေါ်ကပျောက်သွားမှာပေါ့။ အရန်စေတီလေးတွေမှာ တပ်က ပြုပြင်တာ များပါတယ်။ တပေါင်းလမှာ ပင်းတယကူ ဘုရားပွဲပြီးတာနဲ့ ဒီဘုရားပွဲကို ဆက်လက် ကျင်းပရမှာ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲပါဝင်ပါတယ်။ နယုန်လမှာ ဒီကုန်းတော်ပေါ်မှာ မြို့နယ် စာပြန်ပွဲရှိပါတယ်။ ဝါဆိုလမှာ ဓမ္မစကြာယှဉ်ပြိုင်ပွဲများကို ဥပုသ်နေ့တိုင်း ကျင်းပပြုလုပ်တဲ့အခါမှာ ကျေးရွာရပ်ကွက်၊ တပ်နယ်အဆင့် အသင်းပေါင်း (၃၀) ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ မြို့လုံးကျွတ် စုပေါင်း ကထိန်ပွဲကိုလည်း ကျင်းပပြုလုပ်ပါတယ်။ ဖေဖော်ဝါရီလမှာ ပဌာန်းပွဲကျင်းပပါတယ်၊ အရာရှိ အရာခံပိုင်းတွေက ဆုတောင်းပြည့်တယ်ဆိုပြီး လာလှူကြပါတယ်။ ရှေ့တန်းထွက်ခါနီးမှာလည်း အန္တရာယ်ကင်းအောင် လာရောက် ဆုတောင်း ပူဇော်ကြပါတယ်”ဟု ပြောပြပါသည်။

◈◈◈

မှတ်တမ်းတင် ပူဇော်မှုအားလုံးပြည့်စုံချိန်တွင် ခေတ္တတည်းခိုရာ ဆရာမကြီး ဒေါက်တာ ဒေါ်နွဲ့နွဲ့ယဉ် အိမ်သို့ ပြန်လာခဲ့ပါသည်။ ဆရာမကြီးမှ လိုအပ်ချက်များကို ထပ်မံဖြည့်စွက် ပြောကြားရာ၌...

“မန္တလေး မဟာမြတ်မုနိဘုရားကြီးကို ထီးတော်တင် လှူဖို့ရာ မဲနှိုက်ပြီး ဒကာရွေးချယ်တော့ စော်ဘွားကြီးဟာ သုံးကြိမ်တိုင်တိုင် မဲပေါက်ပါတယ်။ ဒါနဲ့ပဲ မန္တလေး မဟာမြတ်မုနိဘုရားကြီးကို ထီးတော်တင်ပြီးတဲ့အချိန်မှာ ရပ်စောက်မြို့မှာ မန္တလေး မဟာမြတ်မုနိဘုရားကြီးရဲ့ ပုံစံတော်အတိုင်း မှန်(၄)မှန်ပါတဲ့ တစ်ထေရာတည်းသော ပုံစံတော်ကို ညီတော် စူဠာမုနိစေတီတော်ရယ်လို့ ဘွဲ့မည်မှည့်ခေါ်ခဲ့တာလို့ ကြားဖူးပါတယ် ဆရာ”

သို့ဖြစ်ပါ၍ ဤကဲ့သို့ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ဝလှသည့် ဓာတ်ပေါင်းစု စေတီတော်အများအပြား စုစည်းတည်ရှိရာ ဒေသဖြစ်ပေသော ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့၊ ဗိုလ်ချုပ်လမ်း(မင်းလမ်း)၏ တောင်ဘက်၊ မြို့ကုန်းရပ်ကွက်အပိုင်းတွင် တည်ထားကိုးကွယ်ပေသော စူဠာမုနိဓာတ်ပေါင်းစုစေတီတော်အုပ်စုသို့ တစ်ခါတစ်ခေါက်ဖြင့် လာရောက်လို့ လှူဒါန်းပူဇော် ဖူးမြော် ဆုတောင်း အဓိဋ္ဌာန်ဝင်ရောက်နိုင်ပါစေခြင်းအကျိုးဌာ နိမ္မာန်အကျိုးကို ရည်မျှော်၍ တိုက်တွန်း နှိုးဆော် ရေးသားလိုက်ရပါပေတော့သတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

# လမ်း (ထိုခေတ်) မဝွင် (၆)

## အရှင်ကောဏ္ဍည



ယခင်လမှ အဆက် • • •

**ငြိမ်းအေးခြင်း (သို့မဟုတ်) မလှမေ တရားခြေလှမ်း အစ**

ယခု ကိုဘသာမှ တစ်ဆင့် ဓမ္မသီဒ္ဓိဆရာတော်၏ တရားများကို ကြားလိုက်ရသည်။ လက်တွေ့ဘဝတွင်လည်း အလွန်ပူလောင်မှုနှင့် ကြုံကြိုက်နေသောအချိန်ဖြစ်သည်။ ယခင်က တွေ့ကြုံခဲ့ရသော အပူမီးကို မိမိစိတ်က ဖြေစရာ ရှာ၍ ဖြေဖျောက်ခဲ့ပါသည်။ ယခု ဆရာတော်၏ တရားကို ကြားနာပြီးကတည်းက စိတ်ပြောင်းပြီး ဖြေဖျောက်သော အလုပ်ကို မလုပ်တော့။ ရင်တွင်း၌ သိအောင် ကြိုးစားသည်။ ဘာကြောင့် ရင်ပူရသနည်း။ ငါ့ရဲ့ သံယောဇဉ်နှင့် ကိုမြကြီး အပေါ်မှာ စွဲလမ်းမှု၊ အစ်ကိုအပေါ်မှာ အားကိုးမှုတွေကြောင့် မခွဲနိုင် မခွဲရက်ဖြစ်နေသော်လည်း ဘဝကံကြမ္မာက အတူနေ ခွင့်မရှိတော့။ တွေးနေ၊ ငေးနေ၊ ဆွေးနေ၍လည်း အလုပ် မဖြစ်နိုင်။ သမီးကလေးနှစ်ယောက်၏ ရှေ့ရေးကလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com

သေးသည် မဟုတ်ပါလော။ ဆရာတော်ပြောသည့်အတိုင်း ရင်ထဲမှာ ပူလောင်မှု ပေါ်လာတိုင်း၊ ထိုပူလောင်မှုကို ဒုက္ခ ဆင်းရဲနေပါကလားဟု ဆုံးဖြတ်ချက်ချလိုက်သောအခါ ရင်တွင်း တကယ်ပူလောင် ဆို့နှစ်နေသော "ဟဒယ"နေရာသို့ ရောက်ရှိ၍သွားပါတော့သည်။

ထိုနေရာကို သိရှိပြီး ဒါဟာ ဦးဘသာပြောတဲ့ အတိတ်က ပါလာတဲ့ ဝဋ်ကြွေးဒုက္ခသစ္စာကြီးပဲ။ ဒါကြောင့် ဒီဒုက္ခကို အမှန်ဆင်းရဲနေပါကလားဟု ဆုံးဖြတ်ချက်ချရလေတော့သည်။ အမှန်တကယ် ဆုံးဖြတ်ချက်ချတိုင်း အပူလျော့လျော့သွားသည်။ ဩော်…ပျက်တယ်ဆိုတာ ဒီအပူလျော့တာကိုးလို့ သိလာပြီး မြတ်စွာဘုရားဟောတဲ့ ခပ်သိမ်းကုန်သော ရုပ်ဓမ္မ၊ နာမ်ဓမ္မတရားတို့သည် မမြဲပါကလားဆိုသည်ကို တဖြည်းဖြည်းယုံကြည်လာပါသည်။ ယုံကြည်လာသည်နှင့်အမျှ ယင်းအပူလျော့မှုကိုပင် ပျက်နေတဲ့ တရားကြီး (အနိစ္စ)ဟု ရှုပေးလိုက်သောအခါ အပူလျော့ရာမှ တဖြည်းဖြည်းရှင်းလာပြီး ထိုရှင်းလာသောအသိကို သတိပြုပြီး ဆက်၍ အပျက်တရား(အနိစ္စ)ဟု ရှုလိုက်သောအခါ ပိုပြီး ရှင်းလင်းသည့်သဘောသို့ သက်ရောက်သွားပါသည်။ ကိုဘသာပြောခဲ့တာ မှန်လိုက်တာ။ ဆရာတော်ရဲ့ တရားဟာ ငါ လက်တွေ့ အားထုတ်ကြည့်တဲ့အခါ တကယ်တွေ့နေပါကလားဟု သုံးသပ်မိသည်။ ထို ရှင်းသထက် ရှင်းလာသောအခါ မိမိရင်ထဲတွင် စောစောက အပူများ ဘယ်ရောက်သွားသည်မသိ၊ ရှင်းပြီး "ဟာလပ်"နေပါသည်။ ဩော်… "ဟာ"သည်ကို သိလျှင်လည်း ၎င်းသည်ပင် ဒုက္ခသစ္စာ၊ ဆင်းရဲနေသည့် တရားပါကလားဟု ဆုံးဖြတ်ရပြန်ပါသည်။ ထိုသို့ ဆုံးဖြတ်ချက်ကျသည်နှင့်အမျှ ပိုပြီး "ဟာ"လာပါသည်။ "ဟာ"သည်ထက် "ဟာ"လာသောအသိမှ ပေါ့ပေါ့ပါးပါးဖြစ်လာပါသည်။

ထို "ပေါ့ပါး"နေမှုမှာ မိမိ၏ခန္ဓာသည် နဂိုက ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားရ၍ လေးနေပါသည်။ ထိုလေးနေသော ခန္ဓာကြီးပေါ်မှ ဝန်ထုပ်ဝန်ပိုးများ လျော့ကျသွားသကဲ့သို့ "ပေါ့ပေါ့ပါးပါး"ဖြစ်သွားပါသည်။ ထို "ပေါ့ပါး"နေသော အသိကိုပင် ဒုက္ခဆင်းရဲနေသည့် တရားပါကလားဟု ဆက်၍ ရှုလိုက်သောအခါ ဆရာတော် တရားပြစဉ်က သိသကဲ့သို့ ခန္ဓာအတွင်းမှ အထက်သို့ ဆောင်နေသော အသိတစ်ခုပေါ်လာပါသည်။ မီးပုံးပျံများ မှိုင်းဝ၍ တအိအိဖြင့် အထက်သို့ တက်နေသည့်ပမာ ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါး လွတ်လွတ်မြောက်မြောက် သဘောမျိုးပေါ်လာ၍ ထိုအသိနောက်သို့ပင် အသိကပ်ထားပါသည်။

ထိုအသိကို ဉာဏ်သိဟု ဆရာတော်က ဆုံးဖြတ်ချက်ပြုထားသဖြင့် ထိုဉာဏ်သိကိုပင် မိမိ၏အသိကို ဆက်တိုက်ကပ်ထားလိုက်ပါသည်။ ထိုရုပ်နာမ်ခန္ဓာအတ္တဘောကြီးကို မကြည့်တော့ဘဲ ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါးလွတ်လွတ်မြောက်မြောက်အသိလေးကိုသာ အာရုံစိုက်ပြီး ထိုသိနေသော တရားသည်ပင်လျှင် ဒုက္ခဆင်းရဲနေပါကလားဟု ဆုံးဖြတ်ချက်ချရပြန်ပါသည်။ ထိုအခါ မိမိ၏ အသိသည် ဦးခေါင်းအထက်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ငြိမ်သက်နေကြောင်း သိရပါသည်။ ထိုအချိန်အထိ ရုပ်နာမ်ခန္ဓာအသိပင် ရှိသေးသည်။ ခန္ဓာအတွင်းမှ မထွက်နိုင်သေးပေ။

ခန္ဓာကိုယ်ကြီးကိုလည်း သိနေသည်။ ဦးခေါင်းအထက်က ငြိမ်သည့်သဘောကိုလည်း သိနေသည်။ ထိုအသိကို သေသေချာချာကြည့်၍ မင်းသည် ငါပိုင်အပ်သော အရာမဟုတ်။ ဒါကြောင့် မပိုင်အပ်သောအရာဖြစ်၍ ငါနှင့် မဆိုင်၊ မဆိုင်တော့ ဥပေက္ခာပြုရလေတော့သည်။ ထိုသို့ ဥပေက္ခာပြုလိုက်သောအခါ အသိအလင်းတန်းအကြည်လေးတစ်ခုသည် အရှိန်ဖြင့် ပြေးသကဲ့သို့၊ အရှိန်အဟုန်ဖြင့် ဟိုမှာဘက်မှာရှိသော နူးညံ့သော၊ သိမ်မွေ့သော၊ အသိခက်သော ဤလောက၌ နှိုင်းခိုင်းစရာ ဥပမာတစ်စုံတစ်ခုမျှ မရှိသော အေးအေးအငြိမ်းဘက်သို့ ကူးသွားကြောင်း ကိုယ်တိုင်သိလိုက်ရလေတော့သည်။ ဤအသိကို ရလာတော့ မလှမေ၏ စိတ်သည် ဖုံးဖုံးကျသွားသည်။ ဘုရားဟောထားသည့် တရားမှန်လိုက်တာ။ ခုဘဝမှာပင် အပူငြိမ်းနိုင်ပြီး ဒီအသိနဲ့သာသွားရင် ငါအသေလွတ်တဲ့ နေရာကို ရောက်မှာပဲဟု ပိုမိုယုံကြည်မှုအားကောင်းသွားလေတော့သည်။

မလှမေသည် ယခင်က ရှိသော စွဲလမ်းမှုများကို ယခု သိပ်မစွဲလမ်းတော့ပေ။ ဝတ္တရားရှိ၍သာ လုပ်ဆောင်ရသကဲ့သို့ လုပ်ဆောင်နေသည်။ တရားသိနှင့် ယှဉ်လာ၍ နေရထိုင်ရသည်မှာ ပေါ့ပါးလာသည်။ ထို့ကြောင့် အလုပ်များကို တွင်တွင်ကျယ်ကျယ်လုပ်လာနိုင်သည်။

မလှမေကလည်း စီးပွားရေးပြန်လုပ်နေသည်။ သူ့အစ်ကိုလုပ်ခဲ့သည့် ထင်းကုန်သည်အလုပ်ကို လုပ်သည်။ သမီးလေးနှစ်ယောက်အတွက် ပညာရေးကို ဦးစားပေး၍ သူ့အစ်ကိုဖြစ်စေချင်သော ဆရာဝန်မကြီးဖြစ်ရေးကို ကြိုးစားနေပါသည်။ ရေမရွာ၊ ကြည်ဝင်းရွာ၊ ဆိုင်နှာခေါင်းရွာက လာပို့သော ထင်းများကို စုဆောင်းပြီး မန္တလေး ထင်းကုန်သည်များကို ပြန်ရောင်းရပါသည်။ အချို့ ထင်းသမားများကို

www.burmeseclassic.com

ငွေကြိုပေးပြီး ထင်းမှာရပါသည်။ ထိုဒေသသည် ထင်းနှင့် မီးသွေးများ အများဆုံးထွက်သော ဒေသဖြစ်သည်။ သမီး အကြီးမလေးက ရှစ်တန်း၊ သမီးအငယ်မလေးက နှစ်တန်း သာ ရှိသေး၍ မလှမေခမျာ ရှေ့ရေးကို တွေး၍ ရင်လေးနေ ရပါသည်။ ကံကောင်းသည်က ကိုမြကြီး၏ အမေက ကလေးနှစ်ယောက်ကို အလွန်ချစ်၍ နေ့စဉ်လိုလို လာပြီး ထိန်းပေးနေပါသည်။ သမီးနှစ်ယောက်စလုံး ကျောင်းသွား/ ကျောင်းပြန် အကြို/အပို့လုပ်ပေးပြီး သမီးတွေရဲ့ ဝေယျာဝစ္စ ကိုလည်း နေ့စဉ်လုပ်ပေးသည်။ မလှမေက အရောင်းအဝယ် ကို ကောင်းကောင်းလုပ်နိုင်၍ စီးပွားရေးအတန်ငယ် ပြေ လည်လာပါသည်။

**ဓမ္မသိဒ္ဓိဆရာတော်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်း**

ဆောင်းတွင်းတစ်နေ့ မလှမေ ထင်းပုံတွေ စီနေစဉ်၊ တစ်ဖက်မှာလည်း မီးဖိုထားပြီး မီးလှုံနေပါသည်။ ထိုမီးဖိုအေး သို့ သမီးငယ် လှလှခင် ကစားရင်း ရှိနေပါသည်။ လှလှခင် နှင့် မလှမေကြားမှာ မီးပုံရှိနေပါသည်။ ထင်းပုံကြားမှ မြွေ တစ်ကောင်ထွက်လာပြီး လှလှခင်ဘက်သို့သွားနေသည်ကို မလှမေ တွေ့သဖြင့် ထင်းစနှင့် လှမ်းကော်လိုက်ရာ၊ ထိုမြွေ မှာ ထင်းစမှ လျှောပြီး မီးပုံထဲသို့ကျပြီး မီးလောင်သေသွား ပါသည်။ ထိုဖြစ်ရပ်သည် မတော်တဆဖြစ်၍ မလှမေ မြွေ အတွက် စိတ်မကောင်းဖြစ်မိပါသည်။

နောက်နေ့ သမီးငယ်လေး လှလှခင်က မျက်ရည်များ ဖြင့် အိပ်ရာမှ ထလာပါသည်။

"မေမေ···မေမေ··· ဘကြီး သာခေါင်းကို အိပ် မက်ထဲမှာ တွေ့တယ်။ သူလည်း မျက်ရည်တွေကျပြီး သမီး ကို ချစ်လို့ သမီးဆီကို မြွေဘဝနဲ့ လာခဲ့တယ်။ သမီးနား ရောက်ခါနီး မလှမေက ငါ့ကို မီးပုံထဲ ထည့်လိုက်တယ်။ ငါ့ဘဝပြောင်းခဲ့ရပြန်ပြီ။ ငါက ပိုပြီးဒုက္ခရောက်တယ်။ သမီး လေး···သမီးလေးလည်း မေမေတို့လို တရားအားထုတ်ပြီး ဘဘကြီးကို မေတ္တာပို့ပေးပါလား။ မြကြီးကတော့ လှမေနှင့် မြမြသွင်တို့ တရားထိုင်ပြီးတိုင်း မေတ္တာပို့လို့ အတော်ဟန်ကျ နေတယ်။ သမီးဘဘကြီးကတော့ သမီးငယ်လေးကို စွဲလမ်း လွန်းလို့ မကျွတ်မလွတ်နိုင်သေးဘူးလို့ပြောပြီး ပျောက်သွား တယ်။ မေမေ···သမီး ဘဘကြီးကို သိပ်ပြီးသနားတာပဲ၊ မေမေတို့လိုပဲ သမီးလည်း ဘဘကြီးအတွက် တရားထိုင် ပေးမယ်နော်"

သမီးစကားကို ကြားလိုက်ရသော မလှမေခမျာ ထိုနေ့ က သူကော်လိုက်တဲ့ မြွေကြီးက ကိုသာခေါင်းဖြစ်နေတာ ကို။

"သြော်··· သူ့ဘဝ ဝဋ်ကြွေးက ကြီးလှချည်လား။ သူခေါင်းဆောင်ပြီး မြွေကြီးကို သတ်ပြီး စားခဲ့ကြလို့ အခု သူ မြွေဘဝရောက်တော့လည်း မီးထဲကျပြီး သေခဲ့ရပါလား။ ဝဋ်ကြွေးဆိုတာ ကြောက်စရာကောင်းပါလား။ ဒါကြောင့် ဓမ္မသိဒ္ဓိ ဆရာတော်က ငါ့ကို တရားအားထုတ်ခိုင်းတာကိုး။ ကျေးဇူးကြီးလှပါတယ် ဆရာ တော်ဘုရား"

ဟု လှမေစိတ်ထဲမှ ကျေးဇူးတင်စကားကို ရွတ်နေမိ ပါတော့သည်။

၅နှစ်ခန့်ကြာသော် သမီးလေးနှစ်ယောက် ကျောင်းပိတ် ရက်ဖြစ်၍ မလှမေ ထင်းကုန်ရောင်းငွေ စုဆောင်းထားတာ လေးတွေကို ဓမ္မသိဒ္ဓိဆရာတော်ကို သွားလှူရန် သားအမိ သုံးယောက်အပြင်၊ ကိုမြကြီး မိခင်ကိုပါ ဆရာတော်နဲ့ တွေ့စေ လို၍ ခေါ်ပြီး ဓမ္မသိဒ္ဓိကျောင်းသို့ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ကြပါသည်။ ဒီတစ်ကြိမ်တော့ ကျောင်းမှာ သီလရှင် ဆရာလေးများ ရောက်နေသော အချိန်နှင့် တိုက်ဆိုင်နေပါ သည်။ ထိုသီလရှင်များမှာ ဓမ္မသိဒ္ဓိဆရာတော်ရဲ့ တပည့်များ ဖြစ်ကြပါသည်။ ရန်ကုန်မှာ စာလိုက်နေပြီး၊ ယခု ဆရာတော် အား လာကန်တော့ခြင်းဖြစ်ပါသည်။

ဆရာတော်က···

"ကဲ···ကဲ···မလှမေတို့ပါလား။ လာကြ···လာကြ၊ ဒီမှာထိုင်ကြ"

ဟု ဆရာလေးများ၏ဘေးတွင် ထိုင်ခိုင်းပါသည်။ ဆရာ လေးကလည်း လေးပါး၊ မလှမေတို့ကလည်း လေးယောက်၊ စုစုပေါင်း ရှစ်ယောက်။ ဆရာတော်က ဆရာလေးများနှင့် မလှမေကို မိတ်ဆက်ပေးသည်။

"မလှမေ··ဒီဆရာလေးတွေက လွန်ခဲ့တဲ့ (၁၀)နှစ်က ဘုန်းဘုန်းရဲ့ တပည့်တွေပဲ။ ဘုန်းဘုန်းဆီမှာ တရားအားထုတ် ပြီးကတည်းက သီလရှင်ဖြစ်သွားကြတာ။ အခု ဘုန်းဘုန်းကို လာကန်တော့ကြတာ။

**မလှမေ။** မှန်လှပါဘုရား၊ တပည့်တော်တို့လည်း ဘုန်းဘုန်းပေးတဲ့ တရားကယ်လို့သာ အပူမီးလျော့ရပါတယ် ဘုရား။ ဘုရားတပည့်တော် အပူမီးတောက်လောင်တိုင်း ဆရာတော်ချီးမြှင့်တဲ့နည်းအတိုင်း အားထုတ်လိုက်တာ ခဏ ချင်းမှာပဲ အေးချမ်းမှုရပါတယ်။ ဒါကြောင့် အလုပ်လည်း ကောင်းကောင်းလုပ်နိုင်ပါတယ်။ စီးပွားရေးလည်း အဆင်ပြေ ပါတယ်။ အခုလည်း ဒါက ကလေးတွေအဖေ၊ ကိုမြကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

အမေပါ။ တပည့်တော်အပေါ်မှာ ကျေးဇူးရှိပါတယ် ဘုရား။ ဒီကျေးဇူးကို ဆပ်တဲ့အနေနဲ့ တရားအလုပ်လေး လုပ်နိုင်အောင် ဆရာတော်ထံ ခေါ်လာခြင်းဖြစ်ပါတယ် ဘုရား။ ဘုရားတပည့်တော် အလုပ်အကိုင်လေး အဆင်ပြေလို့ ငွေတစ်သိန်းလာလှူတာပါ"

**ဆရာတော်။** သာဓု…သာဓု…သာဓု။ ဘုန်းဘုန်းက ငွေလှူတာထက် တရားလုပ်နေတယ်လို့ ကြားရလို့ ပိုပြီးကျေနပ်တယ်။ ခုလည်း ဘုန်းဘုန်းက ဆရာလေးတွေရှိတုန်း ဒါယိကာမကြီးရဲ့ ခင်ပွန်းနဲ့ အစ်ကိုအကြောင်း ကြည့်ခိုင်းမလို့။ ဒီဆရာလေးတွေက အကြားအမြင်နည်းနည်းရတယ်လေ"

**မလှမေ။** မှန်ပါ့ဘုရား။ သမီးငယ်လေး သုံးနှစ်သမီးအရွယ်က အိပ်မက်ထဲမှာ အစ်ကို ဝင်ကြွေးနဲ့ မွေ့ဘဝရောက်သွားသေးတယ်တဲ့ ဘုရား။ အဲဒီမွေ့ကို ဘုရားတပည့်တော်က ထင်းစနဲ့ ကော်ပစ်လိုက်တာ မီးပုံထဲကျပြီး သေသွားတယ်။ နောက်ပြီး ကိုမြကြီးတို့က သူ့ထက် အဆင့်မြင့်သွားပြီး သူက သမီးငယ်လေးကို စွဲလမ်းလို့ ခုထိ အဆင့်နိမ့်တဲ့ ဘဝထဲက မကျွတ်နိုင်သေးဘူးတဲ့ ဘုရား။ ဒါကြောင့် သမီးငယ်လေး လှလှခင်ကို သူ့အတွက် တရားအားထုတ်ပေးပါလို့ ငိုပြောနေတယ်လို့ အိပ်မက်အကြောင်းပြောလို့ သမီးငယ်လေးကို ဘုရားတပည့်တော်အနေနဲ့ တတ်သမျှ မှတ်သရွေ့ တရားလေး ပြထားပါတယ် ဘုရား။ သမီးလေးတွေလည်း တရားရှုတတ်နေပါပြီ ဘုရား"

**ဆရာတော်။** ကောင်းလေစွ၊ ကောင်းလေစွ။ သာသနာပြုတယ်ဆိုတာ တခြားပုဂ္ဂိုလ်တွေထက် ကိုယ့်မိသားစုကိုသာ အရင် သာသနာပြုရတယ်။ ကိုယ်က တရားသိတော့ ကိုယ်မိသားစုကိုလည်း တရားရစေချင်တာ သဘာဝကျပါတယ်။ တခြား သူစိမ်းတွေကို ပြောတာထက် ကိုယ့်မိသားစုကို စည်းရုံးရတာ ပိုအောင်မြင်တာပေါ့။

**ဓမ္မသိဒ္ဓိဆရာတော်၏ မေတ္တာပို့ တရားပေး ကယ်တင်ပုံ**

"ဒီနေ့ မေတ္တာပို့တဲ့လုပ်ငန်း လုပ်ကြည့်ရအောင်။ ဆရာလေးတွေလည်း ရှိတော့ ပိုကောင်းတာပေါ့။ မလှမေက ငွေတွေလည်း အထိုက်အလျောက်လှူထားတယ်။ မိမိကလည်း တရားအားထုတ်၊ သမီးနှစ်ယောက်စလုံးကလည်း အားထုတ်နေတယ်ဆိုတော့ ဒီကုသိုလ်တွေကို ပေးပြီး မကျွတ်မလွတ်တဲ့ ခင်ပွန်းနဲ့ အစ်ကိုကို တရားပေးကြည့်ရအောင်။ ကဲ…ကဲ၊ အားလုံး တရားထိုင်ကြ"

"ကဲ…ကိုမြကြီးနဲ့ ကိုသာဆောင်းတို့၊ မင်းတို့နှစ်ယောက်အတွက် ဒါယိကာမကြီး မလှမေက လှူဒါန်းထားပါတယ်။ မိမိတို့ လှူဘိသကဲ့သို့ ဒီကုသိုလ်ကို ယူပြီး တရားရှုဖို့ ပြင်ဆင်ကြပါ"

ဆရာတော်က ဆရာလေးတွေကို သတိပေးလိုက်သည်။

"ဆရာလေးတွေက သေသေချာချာလိုက်ကြည့်နော်"

"ကဲ…မိမိတို့သည် သံသရာအတွင်းမှာ အယောနိသောမနသိကာရ နှလုံးသွင်းတွေမှားပြီး ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကို စွဲလမ်းခဲ့မိလို့ ဒီရုပ်၊ ဒီနာမ်နဲ့ ပတ်သက်သူတွေကို စွဲလမ်းပြီး ဒုက္ခတွေ ပင်လယ်ဝေခဲ့ကြပြီမဟုတ်ပါလား။ ဒါကြောင့် ဒီဒုက္ခတွေရဲ့ ဗဟိုချက်ဖြစ်တဲ့ မိမိတို့ရဲ့ "ဟဒယ"မှာ သေသေချာချာ ကြည့်ပါ။ ဒုက္ခကို ဒုက္ခလို့ သိလိုက်ပါ။ ကဲ…ဒီဒုက္ခဟာ ဘယ်သဘောရှိလဲလို့ ဆန်းစစ်လိုက်တော့ သဗ္ဗေသင်္ခါရာ အနိစ္စလို့ မြတ်စွာဘုရား ဟောကြားခဲ့တယ် မဟုတ်ပါလား။ ခပ်သိမ်းကုန်သော ဖြစ်ပျက်ပြုပြင်နေသော တရားတို့သည် မမြဲပါဘူး ပျက်နေပါတယ်။ ဒါကြောင့် အသင်တို့ရဲ့ "ဟဒယ"မှာ တွေ့နေတဲ့ ဒုက္ခကို မမြဲဘူး။ ပျက်နေတယ်(အနိစ္စ)လို့ ရှုလိုက်ပါ။

ဟုတ်ပါတယ်။ မမြဲပါဘူး။ ပျက်နေပါတယ်။ ရှုလိုက်ပါ။ အကြမ်းစား ဒုက္ခတွေ ရှုလို့ရရင် အလတ်စား ဒုက္ခလေးတွေကိုလည်း ရှုလိုက်ပါ။ နောက်ဆုံး အနုစား ဒုက္ခအညွှန်းအပျောက်တောင် မကျန်အောင် ရှုလိုက်ပါ။ ပယ်စရာရှိတာကို ပယ်ရပါမယ်။ သိစရာရှိတာကို သိရပါတယ်။ စွန့်စရာရှိတာကို စွန့်ရပါမယ်။ ဒီလို ပယ်လို့၊ သိလို့၊ စွန့်လို့ရရင် မြင့်မြတ်သော နိဗ္ဗာန်နန်းကို စံမြန်းရမှာဖြစ်ပါတယ်။ ကဲ…တရားရှုနိုင်သလောက် ရှုကြပါ။ သို့နှင့် မိနစ်(၂၀)ခန့်မျှ ကြာသော်…

"ကဲ…အမျှပေးလိုက်ကြရအောင်။ ကျွန်ုပ်တို့ ပြုရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ မေတ္တာကုသိုလ်၊ သစ္စာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ကုသိုလ်ထူး ကုသိုလ်မြတ်၊ ပါရမီထူး ပါရမီမြတ်အဖို့ရာသည် ကိုမြကြီးနှင့် ကိုသာဆောင်းအပါအဝင် လူရော နတ်ပါ ဗြဟ္မာ မကြွင်း ခပင်းဥသုံ အလုံးစုံကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြစေရန် အမျှမေတ္တာပေးဝေပါ၏"

"ကိုမြကြီးနှင့် ကိုသာဆောင်းတို့ရေ…

အမျှ…အမျှ…အမျှ

"သာဓု…သာဓု…သာဓု"



www.burmeseclassic.com

www.burmeseclassic.com

**မေတ္တာပို့ တရားပေးခြင်းလုပ်ငန်း အောင်မြင်မှုရလဒ်**

ကိုမြကြီးနှင့် ကိုသာဆောင်းတို့အား မေ့ဆေးသိမ္ဗိဆရာတော်က တရားပေးပြီး အမျှပေးလိုက်၍ မိသားစုအားလုံးကလည်း အမျှပေး သာဓုခေါ်ကြပြီးနောက်၊ ဆရာတော်က မလှမေတို့ မိသားစုနှင့်အတူ လက်အုပ်လေးများ ချီနေသော ဆရာလေးလေးပါးထဲမှ အကြီးဆုံး မယုဇနကို လှမ်း၍မေးလိုက်ပါသည်။

"ဆရာလေး…မိမိအာရုံမှာ မြင်ရသလို၊ ခံစားရသလို ပြန်လျှောက်ထား ပါဦး"

"မှန်လှပါ ဘုရား၊ ပထမ အရှင်ဘုရားက တရားပေးဖို့ ခေါ်လိုက်တော့ ဘုရားတပည့်တော်ရဲ့ ရင်ထဲမှာ အပူလုံးကြီး ရောက်လာသလို ခံစားရပါတယ် ဘုရား။ ဘုရားတပည့်တော်လည်း ဒီလိုအပူလုံးမျိုး မတွေ့တာ ကြာပါပြီ ဘုရား။ ရင်ထဲမှာ များသောအားဖြင့် ရှင်းနေပါတယ် ဘုရား။ ဒါပေမယ့် အခု ဆရာတော် တရားပေးခါနီးမှ ရင်ထဲမှာ အပူလုံးကြီး ချက်ချင်းဆိုသလို ရောက်လာပါတယ် ဘုရား။ တပည့်တော်လည်း ဒီအပူလုံးကြီးကို စူးစိုက်ပြီး အနိစ္စလက္ခဏာတင်ပါတယ် ဘုရား။ အပူလုံးက နှစ်လုံးဖြစ်လာပါတယ်။ တစ်လုံးနဲ့ တစ်လုံး မတူပါဘူး ဘုရား။ ပထမ ရှိနေတဲ့ တစ်လုံးက အတွင်းမှ အကြည်လေး နည်းနည်းကိန်းနေပြီး၊ ဒုတိယ အပူလုံးကတော့ အတွင်းထဲမှာ နောက်နေပါတယ် ဘုရား။ တပည့်တော်လည်း အနိစ္စလက္ခဏာတင်တဲ့အချိန်၊ အရှင်ဘုရားကလည်း ပျက်နေတဲ့ ဒုက္ခတွေကို မဗိုခိုနဲ့ ပယ်စရာရှိတာ ပယ်လိုက်လို့ ပြောလည်းပြောရော အဲဒီအပူလုံးနှစ်လုံးက လူသဏ္ဍာန်လေးတွေ ဖြစ်လာပါတယ် ဘုရား။ ပထမတော့ သိပ်မသဲကွဲပါဘူး။ ပထမ အပူလုံးက ရုပ်သဏ္ဍာန်ပီပြင်လာပါတယ်။ အရောင်ကတော့ မီးခိုးရောင်မွဲခြောက်ခြောက်ရုပ်တွေပါ ဘုရား။ မျက်နှာကလည်း လေးထောင့်၊ ကိုယ်လုံးကိုယ်ထည်က ခပ်တုတ်တုတ်၊ သူ့ရဲ့ ရင်ထဲမှာ အကြည်လေး နည်းနည်းကိန်းပါတယ် ဘုရား။ ဒုတိယ သဏ္ဍာန်ကတော့ မီးခိုးရောင် မွဲခြောက်ခြောက်မှာ အမွေးအမျှင်များတောင် ပေါက်နေပါတယ် ဘုရား။ သူ့ရဲ့ ရင်ထဲမှာတော့ မည်းနေပါတယ် အရှင်ဘုရား။ ပယ်စရာရှိတာတွေကို ပယ်၊ စွန့်စရာရှိတာတွေကို စွန့်လို့ ပြောလိုက်တော့ အဲဒီလူရဲ့ သဏ္ဍာန်ပိုထင်ရှားလာပါတယ်။ မျက်နှာခပ်သွယ်သွယ်၊ ပိန်ပိန်ပါးပါး လူတစ်ယောက်သဏ္ဍာန်ဖြစ်လာပါတယ် ဘုရား။ အရှင်ဘုရားက အမျှလည်း ပေးလို့ သာဓုခေါ်လိုက်တော့ တစ်ဦးက လူသဏ္ဍာန် လုံးဝပျောက်သွားပြီး အကြည်လုံးကြီး ဖြစ်သွားပြီး အထက်ကို တက်သွားပါတယ်။ ဒုတိယလူကတော့ ကိုယ်ရောင်ကိုယ်ဝါလေး လင်းလာပြီး ပျောက်သွားပါတယ် ဘုရားဟု ဆရာလေး မယုဇနက အသေးစိတ် လျှောက်ထားနေသည်ကို အားလုံးက စိုက်နားထောင်နေကြသည်။ ဆရာတော်က…

"သာဓု…သာဓု…သာဓု"

"မယုဇနက ခုထိ မြင်နေသေးတာပဲ"

"တပည့်တော် ဘုန်းဘုန်းမရှိရင် မကြည့်ပါဘူး ဘုရား။ ကြည့်လို့ မြင်နေရရင် တချို့ကို တပည့်တော် မနိုင်လို့ ရင်ထဲမှာ အပူသာ အဖတ်တင် ကျန်ခဲ့ပါတယ် ဘုရား။ ဒါကြောင့် ဘယ်သူ့ကိုမှ မကြည့်ဘဲ မိမိတရားပဲ မိမိ အားထုတ်ပါတယ် ဘုရား။

"ခုလည်း ဘုန်းဘုန်းက ကြည့်ဆိုလို့ လိုက်ကြည့်မိတာပါ။ နောက်ဆုံးတော့ ရင်ထဲမှာ တဖြည်းဖြည်းအေးလာပြီး၊ ခါတိုင်း တရားထိုင်တာထက် ကောင်းနေပါတယ် ဘုရား"

"အေး…အေး၊ ဒါ သူတစ်ပါးကို ကူညီကောင်းပါတယ်။ ကိုယ်က ကူညီနိုင်တာပဲ။ ဒီလိုကူညီတဲ့အတွက် ကိုယ့်မှာလည်း အအေးဓာတ်တိုးရတာပေါ့။ ကဲ…ကဲ၊ မလှမေတို့ သားအမိလည်း ပြောစရာရှိသေးလား၊ ပြောလေ"

မလှမေက…

"ဘုန်းဘုန်းဘုရား၊ ဆရာလေး မယုဇန ပြောသလို၊ တပည့်တော်ရဲ့ ရင်ထဲမှာလည်း စ,စချင်းတော့ အပူလုံးကြီး ရောက်လာတာကို တွေ့ရပါတယ်။ နောက် တဖြည်းဖြည်း အပူလျော့,လျော့သွားပြီး အဲဒီအပူနေရာမှာ အအေးဓာတ်ကလေးဝင်လာပါတယ် ဘုရား။ တရားထိုင်လို့ ကောင်းသွားပါတယ် ဘုရား"

"သာဓု…သာဓု…သာဓု။ အေးအေး၊ ဒီနေ့ စခန်းက မထင်မှတ်ဘဲ အောင်မြင်သွားတယ်။ မလှမေ…ကိုမြကြီး၊ ကိုသာဆောင်းတို့ ကွယ်လွန်တာ ဘယ်နနှစ်ရှိပြီလဲ"

"သမီးကြီး (၉)နှစ်သမီးကပါ ဘုရား။ အခု သမီးကြီးက (၁၄)နှစ်ရှိပါပြီ၊ သမီးငယ်က (၈)နှစ်ရှိပါပြီ ဘုရား။ သူတို့ ကွယ်လွန်တာ (၅)နှစ်ရှိပါပြီ ဘုရား။ ဆရာလေး မယုဇန ပြောသွားတဲ့ သဏ္ဍာန်တွေအားလုံး ကိုမြကြီးနဲ့ ကိုသာဆောင်းရဲ့ ပုံသဏ္ဍာန်နဲ့လည်း တူနေပါတယ် ဘုရား"

"အေး…အေး ၊ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပေါ့။ မြတ်စွာဘုရား တရားတော်ရှိနေလို့ ဆရာကောင်း၊ ဆရာမြတ်တွေကလည်း ဘုန်းဘုန်းတို့ကို သေသေချာချာသင်ထားလို့ တချို့ကိစ္စတွေ ဆောင်ရွက်လို့ရတာ။ အဲဒီတော့ မြတ်စွာဘုရားနဲ့ ဆရာတော်ကြီးတွေရဲ့ ကျေးဇူးကို ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com

မမေ့ကြနဲ့"

"မှန်လှပါ ဘုရား။ ဘုရားတပည့်တော်လည်း သားသမီးလေးတွေအရေး စိတ်ချရရင် တရားဘာဝနာနဲ့ပဲ ပျော်မွေ့တော့မယ်လို့ စိတ်ပိုင်းဖြတ်ထားပါတယ် ဘုရား။ ခုလည်း သမီးလေးတွေကို တရားပေးထားလို့ သမီးလေးတွေနဲ့ နေ့တိုင်းရှုနေပါတယ် ဘုရား။ သမီးကြီးက စာလည်း တော်တယ်။ အတန်းထဲမှာ အမြဲတမ်း ပထမရတယ် ဘုရား။ သမီးငယ်လည်း ဒီအတိုင်းပါပဲ နှစ်ယောက်စလုံး ထူးချွန်ကြပါတယ်။ သူတို့အဖေ၊ သူတို့ဘကြီးတွေ ဖြစ်စေချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကိုတော့ ဘုရားတပည့်တော်ရောက်အောင် ပို့ပေးချင်ပါတယ် ဘုရား"

"ကောင်းပါတယ် မလှမေ၊ ဒီလို သမီးလေးတွေ လူရည်ချွန် ပညာတတ်တွေဖြစ်တော့ သာသနာအတွက် အသုံးချလို့ ရတာပေါ့။ ကြိုးစားကြနော်။ ဘုန်းဘုန်းတို့ ယနေ့ခေတ်က နည်းပညာခေတ်ကွ။ နည်းပညာခေတ်ဆိုတော့ စွယ်စုံရ,ရမယ်။ လောကီ၊ လောကုတ္တရာ နှစ်စွယ်ရတော့ ပိုထူးချွန်တာပေါ့။

တရားရှုတာကိုတော့ နေ့စဉ် မှန်ပါစေ။ တရားဆိုတာ မသေမချင်း အားထုတ်ရတာ။ ငယ်စဉ်က အားထုတ်ထားတာ ပိုကောင်းတာပေါ့။ လောကီရေးရာဆိုတာကတော့ လုပ်နေရမှာ။ ဘုန်းဘုန်းတို့ ဆွမ်းစားရ၊ ရေချိုးရ၊ တရားပေးရနဲ့ လုပ်နေရတာပဲ။ အဲဒါတွေအားလုံး လုပ်သမျှဟာ လောကီကို အခြေခံလုပ်ရတယ်။ အဲဒီလိုလုပ်နိုင်အောင် ကျောင်းရှိရတယ်။ ဒါယကာ၊ ဒါယိကာမ ရှိရတယ်။ လှူဒါန်းပံ့ပိုးသူ ရှိရတယ်။ ဒါတွေအားလုံးဟာ လောကီနဲ့ နွယ်နေတဲ့ လောကုတ္တရာအလုပ်လို့ပြောရင် မမှားပါဘူး။ လောကုတ္တရာ စစ်စစ်ကတော့ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တဲ့ အချိန်တစ်ချိန် ပဲ ရှိတယ်"

မလှမေက…

"လျှောက်ထားလို့တော့ ကောင်းပါတယ် ဘုရား၊ နေဝင်တော့မှာမို့ ဘုရားတပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဘုရား"

ဟု လျှောက်ထားတော့ ဆရာတော်က…

"အေး…အေး၊ ကိုယ်ရော စိတ်ပါ ဝေဒနာများ ကျန်းမာ ချမ်းသာ၍ လိုအပ်ဆန္ဒပြည့်စုံကြပါစေ။ အနှောင့်အယှက်အခက်အခဲ အပိတ်အပင် အတားအဆီးတို့သည် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ လျှောကျပျောက်ကင်း ကျန်းမာချမ်းသာကြပါစေကုန်သတည်း။ မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် ဆထက်ထမ်းပိုး အင်အားတိုးတက် ကောင်းမွန်သည့်အပြင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ကျေးဇူးပြုလျက် နိဗ္ဗာန်ရွှေပြည်မြတ်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေကုန်သတည်း။ ကဲ…သွားကြတော့ …သွားကြတော့"

"မွေ့သိဒ္ဓိ"ကျောင်းက အပြန်လမ်းမှာတော့ မလှမေ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေခဲ့သည်။ စိတ်နှလုံးမှာလည်း ကြည်လင်နေခဲ့ပြီး မြင်မြင်သမျှ အရာအားလုံးဟာလည်း မလှမေမြင်ကွင်းတွင် လှပလို့သာ နေသည်။ အကြိမ်ကြိမ် လျှောက်ခဲ့ဖူးသော ဒီတောလမ်းလေးကပင် သာသာယာယာနှင့် လျှောက်လို့ ကောင်းပါဘိတော့။

မိမိခင်ပွန်းနှင့် မိမိအစ်ကိုတို့အတွက် ဆရာတော်က မေတ္တာပို့ တရားပေးလိုက်လို့ ကောင်းရာသုဂတိကို ရောက်သွားကြောင်း မိမိကိုယ်တိုင်သိလိုက်ရသည်။ မြတ်စွာဘုရား၏ တရားတော် ဂုဏ်ကျေးဇူးကိုလည်း ရင်ထဲမှာ စူးစူးနစ်နစ် နားလည်သိလိုက်ပါပြီ။

ဒါကြောင့်လည်း မိမိသမီးနှစ်ယောက်နှင့်အတူ မိမိဘဝကို တရားတော်ကျင့်ကြံရင်း ဖြတ်သန်းရဦးမည်။

ဟိုး ဝေးဝေးမှာ မိမိတို့ရဲ့ ဘဝအလင်းစတစ်စကိုတော့ မြင်ခွင့်ရလေပြီ။

*(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)*

❐



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ၏ ကျက်သရေဆောင် သမိုင်းဝင် ထင်ရှား ကျောက်တော်ကြီးရုပ်ပွားဆင်းတုများ

မြမဉ္ဇူဝေ (ကျုံမငေး)





မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ ထွန်းလင်း ကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့် ပြည်တစ်ဝှမ်း၌လည်း ဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွား ဆင်းတုအစုစုနှင့် အလွန် ဂုဏ်ကျက်သရေရှိလှပါသည်။ သာသနာတော်အတွက် အထောက်အပံ့ကောင်းဖြစ်သော ထိုဘုရားစေတီများသည် သာသနာသက်တမ်းနှင့် အပြိုင် ရှည်ကြာသော ခုနှစ်များကိုလည်း ကျော်ဖြတ်ခဲ့ပြီးသောကြောင့် ရှေးဟောင်း သမိုင်းဝင်များဟုပင် ခွဲတင်ခြင်းခံနေရသော ဘုရားစေတီများပင် ဖြစ်ပါသည်။

ထို့အတူ ရုပ်ပွား ဆင်းတုများသည်လည်း အမျိုးမျိုးသော မုဒြာဟန်များနှင့် လည်းကောင်း၊ ကျောက်သား၊ ကျောက်ဆစ်၊ မြေအသွင်အမျိုးမျိုးဖြင့် လည်းကောင်း၊ သွန်းထုပုံဖော် ကိုးကွယ်ခဲ့ကြသည်ကိုလည်း ဖူးတွေ့နေကြရသည်ဖြစ်သည်မှာ လွန်စွာ ကြည်ညိုဖွယ် ဖြစ်နေကြရပါသည်။ ထို များလှစွာသော ဘုရား၊ စေတီ၊ ရုပ်ပွားဆင်းတုအစုစုတွင် စာရေးသူ၏ ဘုရားဖူးမှတ်တမ်းဖြင့် လေ့လာမိခဲ့သော ရုပ်ပွားဆင်းတုများ၏ သမိုင်းစဉ်ကို ရေးသားပူဇော် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရုပ်ပွားဆင်းတု သွန်းထုကိုးကွယ်မှုကို အေဒီ ၁ရာစုမှ ၉ရာစုအတွင်း၌ စတင်ခဲ့သည်ဟု သမိုင်းဆိုင်ရာ စာပေများတွင် လေ့လာမိခဲ့ပါသည်။ အထောက်အထားများကို သရေခေတ္တရာနှင့် မိုင်းမောဒေသတို့တွင် တွေ့ရမှာဖြစ်ပြီး၊ ထိုဒေသများရှိ လိုဏ်ဂူ၌ ထားရှိ ပူဇော်ရန် ကျောက်ဆင်းတု၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတု အုတ်ခွက်ဆင်းတုများကို ထုဆစ်ခဲ့ကြပါသည်။

www.burmeseclassic.com





နှောင်းပိုင်းကာလသို့ ရောက်သောအခါ ပုဂံခေတ်တွင် ရုပ်ပွား ဆင်းတုများကို ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေ၊ သစ်သား၊ သဲကျောက်၊ အင်္ဂတေ၊ မြေမီးဖုတ်၊ စဉ့်ကွင်းများဖြင့် ထုဆစ် ကိုးကွယ်ခဲ့ပါသည်။

ညောင်ရမ်းခေတ်သို့ ရောက်သောအခါ သစ်သား၊ အင်္ဂတေ၊ အင်္ဂတေအခေါင်းပွ၊ သစ်သားအခေါင်းပွ(မံဘုရား)၊ စကျင်ကျောက်များဖြင့် ထုဆစ်လာပါသည်။

ကုန်းဘောင်ခေတ်အလယ်ပိုင်းဖြစ်သော အမရပူရခေတ်၊ ညောင်ရမ်းခေတ်များတွင် ကျောက်သားများဖြင့် ထုဆစ်မှုများကို ဦးစားပေးခဲ့ပါသည်။ ထို့ကြောင့် ညောင်ရမ်းခေတ်မှ စတင်ကာ စကျင်ကျောက်ဖြင့် လုံးတော်ပြည့် ထုဆစ်မှုကို စတင်ခဲ့သော မှတ်တမ်းကိုလည်း လေ့လာမှတ်သားရပါသည်။ စကျင်ကျောက်ကို ကမ္ဘာပေါ်တွင် ပညာရှင်များက ကျောက်သား မာလွန်းသောကြောင့် ရုပ်တု၊ ကျောက်ရုပ်နှင့် အဆောက်အအုံများအတွက်သာ အသုံးပြုခဲ့သည်ဟုလည်း မှတ်သားရပါသည်။

မြန်မာနိုင်ငံတွင် မန္တလေးမြို့ မြောက်ဘက် ၃၂မိုင်ခန့်အကွာ၊ မတ္တရာမြို့နယ်မှ စကျင်ကျောက်များသည် ထင်ရှားပြီး ကျောက်ဖြစ်ထွန်းမှုအားလည်း အလွန်ကောင်းသော ဒေသဖြစ်ပါသည်။ ရှေးအစအချိန်က ကျောက်ဖြူတော်ထွက်ရာအဖြစ် ထင်ရှားခဲ့သော ဒေသဖြစ်ပါသည်။

သက္ကရာဇ် ၁၀၆၃ ခုနှစ်(ညောင်ရမ်းခေတ်)အခါ အေဒီ ၁၇၀၁ ခုတွင် စနေမင်းသည် ခမည်းတော် "ဝမ်းဘဲအင်းစံ" ၏ သင်္ချိုင်းတော်နေရာတွင် မဟာဗောဓိစေတီကို တည်ပြီး စကျင်ကျောက်ဖြင့် ထုဆစ်ထားသော ကြီးမားသည့် ရုပ်ပွားတော်မြတ်ကြီးကို လိုဏ်ဂူအတွင်း ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ပါသည်။


သက္ကရာဇ် ၁၀၈၆ ခုနှစ်၊ အေဒီ ၁၇၂၂ ခုနှစ်တွင် တနင်္ဂနွေမင်းကလည်း စကျင်တောင်မှ စကျင်ကျောက်ဖြင့် ထုဆစ်သော ဉာဏ်တော် ၂၄တောင်ရှိ ကြီးမားသော ရုပ်ပွားတော်ကြီးကို "လေးကျွန်းမာန်အောင် ဆင်းတုတော်ကြီး" ဟု ဘွဲ့မည်တင်ပြီး စစ်ကိုင်းမြို့ သောတာပန်ရပ်တွင် "လေးကျွန်းမာန်အောင် စေတီကြီး"တည်၍ လိုဏ်ဂူပြု၍ ဌာပနာခဲ့ပါသည်။ ၎င်းစေတီတော်ကို ယနေ့တိုင် ဖူးမြော်နေကြရပါသည်။


သက္ကရာဇ် ၁၀၉၃ ခုနှစ်၊ အေဒီ ၁၇၃၁ ခုတွင် တနင်္ဂနွေမင်းကပင် ဉာဏ်တော် ၃၂တောင်တစ်ထွာ(၂၉ပေခန့်)ရှိ ရုပ်ပွားတော်ကို ထုဆစ်နေဆဲ နတ်ရွာစံသွားသော



www.burmeseclassic.com

www.burmeseclassic.com





ကြောင့် သက္ကရာဇ် ၁၀၉၅ ခုနှစ်၊ အေဒီ ၁၇၃၃ ခုနှစ်တွင် သားတော် ဟံသာဝတီမင်းက ဆက်၍ထုဆစ်သော "လောက သရဖူ မြတ်စွာဘုရား" ဟူသော ဘွဲ့အမည်ပေးခဲ့ပြီး အင်းဝ နေပြည်တော်၌ "လောက သရဖူစေတီ" ကို တည်ခဲ့ပါသည်။ ထိုစေတီကို တည်ခဲ့ရာတွင်လည်း ရုပ်ပွားတော်ကို ဌာပနာ၍ ကိုးကွယ်ခဲ့ပါသည်။

ထို့အတူ ကုန်းဘောင်ခေတ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်ခဲ့သော ရုပ်ပွားတော်နှစ်ဆူရှိခဲ့ပါသည်။ ထိုရုပ်ပွားတော်ကြီးနှစ်ဆူမှာ အမရပူရမြို့တွင် မဟာသက္ကျရံသီ ကျောက်တော်ကြီးဘုရား၊ မန္တလေးမြို့တွင် မဟာသက္ကျ မာရဇိန် ကျောက်တော်ကြီးဘုရားဟူ၍ ယနေ့တိုင်လည်း ဖူးမြော်နေကြရပါသည်။

ယခု နှောင်းခေတ်အခါတွင် ကျောက်တော်ကြီးဘုရားများ ထပ်မံတိုးပွားလာခဲ့ပြီဖြစ်သောကြောင့် ထပ်မံတိုးပွားလာသော စကျင်ကျောက်သား ကျောက်တော်ကြီးဘုရားများနှင့် ရှေးယခင် ကျောက်တော်ကြီးဘုရားများကို လေ့လာမှတ်သားဖူးမြော်ပြီး ဖော်ပြပူဇော်အပ်ပါသည်။ ထို စကျင်ကျောက်သား ရုပ်ပွားဆင်းတုများမှာ…

(၁) လောက သရဖူကျောက်တော်ကြီး(အင်းဝ)
(၂) မဟာသက္ကျရံသီ ကျောက်တော်ကြီး(အမရပူရ-တောင်သမန်အင်း)
(၃) မဟာသက္ကျ မာရဇိန်ကျောက်တော်ကြီး(မန္တလေး)
(၄) မဟာလောက ဥသျှောင်ကျောက်တော်ကြီး (ဟသ်ာတ)
(၅) မဟာအံ့ဝှုးကံသာ ကျောက်တော်ကြီး(ပြင်ဦးလွင်)
(၆) လောကချမ်းသာ အဘယ လာဘမုနိ ကျောက်တော်ကြီး(ရန်ကုန်)
(၇) မဟာသက္ကျရံသီ ရုပ်တော်မူ ကျောက်တော်ကြီး (နေပြည်တော်)

တို့ဖြစ်ပြီး ရုပ်ပွားဆင်းတုသည် သမိုင်းစဉ်ကိုလည်း ဤသို့ လေ့လာမှတ်သား ပူဇော်ရပါသည်။

## (၁) လောက သရဖူကျောက်တော်ကြီး (အင်းဝ)

မြန်မာသက္ကရာဇ် ၁၀၉၂ ခုနှစ် (ခရစ်နှစ် ၁၇၃၀)အချိန် အင်းဝခေတ်အခါတွင် တနင်္ဂနွေမင်းလက်ထက် စကျင်တောင်မှ ကျောက်တုံးကြီးကို အင်းဝသို့ သယ်ကာ၊ ဘုရားရုပ်ပွားတော်ထုဆစ်ရန် စီစဉ်၍ ကျောက်ဆစ်ပညာရှင်များ ထုဆစ်နေစဉ် ပြီးခါနီးအချိန်၌ တနင်္ဂနွေမင်းကြီး နတ်ရွာစံ

www.burmeseclassic.com



ခဲ့သဖြင့် သားတော် ဟံသာဝတီရောက် ကြာသပတေးမင်းက ဆက်လက်၍ ပြီးမြောက်အောင် ထုဆစ်ခဲ့ပါသည်။

ကျောက်ဆင်းတုကြီးကို မြန်မာသက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် အောင်မြင်စွာ ထုဆစ်ပြီးစီးခဲ့ပြီး "မဟာလောက သရုပ္ပ" ဟူသော ဘွဲ့မည်ကို တင်လှူခဲ့ပါသည်။ မူလအစ တည်ထားမှုမှာ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်အတွင်း မြေအောက် တစ်ဝက်၊ မြေပေါ် တစ်ဝက်ဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါတွင် ပလ္လင်တော်နှင့် ဖူးတွေ့ရပြီးဖြစ်ပါသည်။

ရုပ်ပွားတော်မြတ်ကြီးကို စကျင်ကျောက်တုံးတစ်လုံးတည်းဖြင့် ထုဆစ်ခဲ့ပြီး၊ အလေးချိန် (၄၉၀-၃၆)တန်နှင့် ဉာဏ်တော်အမြင့် (၁၈)တောင်တစ်မိုက်(၂၉)ပေ၊ တင်ပလ္လင်ခွေတော်မှာ ၁၂တောင် တစ်မိုက်နှင့် ဖူးတွေ့ရမှာဖြစ်ပါသည်။

**(၂) မဟာသကျရံသီ ကျောက်တော်ကြီး (အမရပူရ-တောင်သမန်အင်း)**

အမရပူရနန်းစံ ကုန်းဘောင်မင်းဆက် ခုနစ်ဆက်မြောက် ဘကြီးတော်(ခေါ်) စစ်ကိုင်းမင်းလက်ထက် ကောဇာသက္ကရာဇ် ၁၁၉၂ ခုနှစ်၊ ခရစ်နှစ် ၁၈၃၀ ခုနှစ်တွင် စကျင်ကျောက်တုံးကြီးကို ရတနာပုံကျောင်းတိုက်အတွင်း ထုဆစ်နေစဉ် ကျောင်းတိုက်ကြီး အုတ်ရိုးပြာသာဒ် ပြိုကျသဖြင့် ကောဇာသက္ကရာဇ် ၁၂၁၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ရက်၊ ခရစ်နှစ် ၁၈၄၈ ခုနှစ်တွင် အင်းဝမှ အမရပူရ၊ တောင်သမန်အင်းအရှေ့ဘက်၊ ဦးပိန်တံတားအရှေ့ထိပ် အာနန္ဒာစေတီအတွင်း ကိန်းဝပ်တည်ထားခဲ့ပါသည်။

စကျင်ကျောက်သားဖြင့် ထုဆစ်ခဲ့သော ကျောက်တော်ကြီး ရုပ်ပွားတော်ကို "မဟာသကျရံသီ"ဆိုသော ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ပါသည်။ ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၁တောင် ၂မိုက် ၄သစ် (၁၈ပေ)အမြင့်ဖြင့် ထုဆစ်ခဲ့ပါသည်။ ယခုအခါ တောင်သမန်ကျောက်တော်ကြီးဘုရားအဖြစ် ဖူးတွေ့ကြရမှာဖြစ်ပါသည်။

**(၃) မဟာသကျ မာရဇိန်ကျောက်တော်ကြီး (မန္တလေး)**

ကုန်းဘောင်ခေတ်၊ မန္တလေး ရတနာပုံနေပြည်တော်မြို့တည်နန်းတည်မင်းကြီး၊ မင်းတုန်းမင်းတရားကြီးလက်ထက် ကောဇာသက္ကရာဇ် ၁၂၂၆ ခုနှစ်၊ ခရစ်နှစ် ၁၈၆၄ ခုနှစ်တွင် အတောင် ၂၀ ခန့်ရှိ စကျင်ကျောက်ဖြူတုံးကြီးတစ်တုံးပေါ်ထွက်ခဲ့ရာ၊ ထိုကျောက်တုံးကြီးကို မန္တလေး နေပြည်တော်သို့ သယ်ဆောင်ကာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ထုဆစ်ခဲ့လေသည်။

ရုပ်ပွားတော်မြတ်ကြီးကို "မဟာသကျ မာရဇိန် ကျောက်တော်ကြီးဘုရား"ဟု ဘွဲ့မည်တင်လှူခဲ့ပါသည်။ ဉာဏ်တော်အမြင့်မှာ ၂၇ပေရှိပြီး အလေးချိန် ၂၉၄ တန်ရှိသော စကျင်ကျောက် ရုပ်ပွားတော်ကြီးအဖြစ် ဖူးတွေ့ကြရမှာဖြစ်ပါသည်။

**(၄) မဟာလောက ဥသျှောင်ကျောက်တော်ကြီး (ဟသ်ာတ)**

ကောဇာသက္ကရာဇ် ၁၂၇၅ ခုနှစ်၊ သီတင်းကျွတ်လ၊ ခရစ်နှစ် ၁၉၁၃ ခုနှစ်၊ စက်တင်ဘာလတွင် စကျင်တောင်မှ ကျောက်တုံးကြီးကို မန္တလေးမြို့မှ ကျောက်ဆစ်ဆရာကြီး ဦးဘိုးဆိုင်နှင့် ဦးဘတို့မှ ထုဆစ်ခဲ့ပါသည်။

ရုပ်ပွားတော်ကြီး၏ ဘွဲ့တော်ကို "မဟာလောက ဥသျှောင်ကျောက်တော်ကြီးဘုရား"ဟု ဘွဲ့မည်တင်လှူခဲ့ပြီး ဉာဏ်တော်အမြင့်မှာ ၁၇ပေနှင့် ၃လက်မ ရှိပါသည်။ ယခုအခါ ဟသ်ာတမြို့၏ ကျက်သရေဆောင် ရှေးဟောင်းဘုရားကြီးအဖြစ် ဖူးတွေ့ကြရမှာ ဖြစ်ပါသည်။

**(၅) မဟာဒုံထူးကံသာ ကျောက်တော်ကြီး(ပြင်ဦးလွင်)**

ဘုရားကြီး၏ မူလ ဒါယကာမှာ မန္တလေးမြို့ ချမ်းမြ

www.burmeseclassic.com

သာစည်မြို့နယ်ရှိ အောင်သီဟလုပ်ငန်းပိုင်ရှင် ဦးသောင်းထွန်းဖြစ်ပြီး ကျောက်ဆစ်ဆရာ ဦးစိုးလွင်မှ ထုဆစ်ခဲ့ပါသည်။ ရုပ်ပွားဆင်းတုတော်ကြီးကို ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချရန်ဖြစ်သော်လည်း တင်ပို့သည့်ကား တိမ်းမှောက်ကာ၊ ပြင်ဦးလွင်မြို့ ရေငယ်လေးရွာအနီး၌ ဧေတ္တကိန်းဝပ်ခဲ့ရလေသည်။

ရုပ်ပွားတော်ကြီးကို မြန်မာသက္ကရာဇ် ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်နေ့၊ ခရစ်နှစ် ၁၉၉၇ ခုနှစ်တွင် အလေးချိန်တန် (၁၇)တန်ရှိ စကျင်ကျောက်တုံးကြီးကို ထုဆစ်ခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်မှာ ၁၅ ပေဖြစ်ပါသည်။

အလွန်အချိုးအစားကျသော ဘုရားကြီး၏ ဘွဲ့အမည်တော်ကို တင်လှူရာ၌ "ပြည်ချစ် ဘုရားကြီး"ဟု ဒေသခံများက ခေါ်ကြ၏။ သာသနာပြု ရှင်ရဟန်းများက "မဟာအံ့ထူးကံသာ"ဟူသော ဘွဲ့အမည်ကို တင်ခဲ့ကြပါသည်။

## (၆) လောကချမ်းသာ အဘယ လာဘမုနိ ကျောက်တော်ကြီး(ရန်ကုန်)

ခရစ်နှစ် ၁၉၈၈ ခုနှစ်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်တောင်ကြီးမှ အကြောတစ်နေရာကို တွေ့ခဲ့ပြီး ခရစ်နှစ် ၁၉၉၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကြပါသည်။

စကျင်တောင်မှ ပုံကြမ်းထုဆစ်၍ ရန်ကုန်မြို့ မင်းဓမ္မကုန်းမြေသို့ ပင့်ဆောင်ကာ ကျောက်ဆစ်ပညာရှင် ဦးတော်တော်နှင့် အဖွဲ့မှ ထုဆစ်ခဲ့ပါသည်။ စကျင်ကျောက်တော်ကြီးသည် သလင်းကျောက်ဖြူဖြစ်ပြီး အလေးချိန် တန်(၅၀၀)ခန့်ရှိကာ ဉာဏ်တော် ၃၇ပေ၊ ဒူးခွင်အကျယ် ၂၄ပေ၊ အရှေ့အနောက် ၁၀ ပေခန့်ရှိသော ကျောက်တော်ကြီး ရုပ်ပွားတော်ဖြစ်ပါသည်။

## (၇) မဟာသကျရံသီ ရုပ်တော်မူ ကျောက်တော်ကြီး (နေပြည်တော်)

ပုဂံမြို့ အာနန္ဒာဘုရားရှိ ကဿပဘုရားရှင်၏ ပုံပာန်သဏ္ဌာန်အတိုင်း မတ်ရပ်တော်အဖြစ် ထုဆစ်ခဲ့သော ကျောက်တော်ကြီးဘုရားတစ်ဆူ ထပ်မံပေါ်ထွန်းခဲ့ပြန်ပါသည်။

စကျင်ကျောက်တုံးတစ်လုံးတည်းဖြင့် ထုဆစ်ခဲ့သော ရုပ်ထုတော်ကြီးကို စကျင်ကျောက်တန်ချိန် (၇၀၀)ခန့်ကို ရပ်တော်မူအဖြစ် ထုဆစ်ခဲ့ရာ ဉာဏ်တော် ၃၂ပေနှင့် အောက်ခံ ကြာပလ္လင်အမြင့် ၃ပေကျော်၊ အရှည် ၂ပေကျော်၊ နောက်ခံ စကျင်ကျောက်တံကဲ တစ်ပေ တစ်လက်မဖြင့် ထုဆစ်ခဲ့ပါသည်။ ရုပ်ပွားတော်ကြီး ထုဆစ်ပြီးသောအခါ ခန့်မှန်းအလေးချိန် (၁၀၀)တန်ခန့်ဟု ခန့်မှန်းခဲ့ပါသည်။

ယခုအခါ ရပ်တော်မူ ကျောက်တော်ကြီး ရုပ်ပွားတော်၏ ဘွဲ့မည်တော်ကို "မဟာသကျရံသီ ရပ်တော်မူ ကျောက်တော်ကြီး"ဟု တင်လှူခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဖိုးဇောင်းတောင်၏ အောင်မောဋ္ဌိတောင်ထွဋ်တွင် ကိန်းဝပ်တော်မူနေပါသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် သယံဇာတ အလွန်ကြွယ်ဝသော နိုင်ငံဖြစ်သောကြောင့် စကျင်ကျောက်သလင်းများဖြင့် ထပ်မံ၍ ရုပ်ပွားဆင်းတုများ သွန်းထုပူဇော်ရန်အခွင့်များ များစွာရှိနေသည် ဖြစ်ပါသည်။ ထုဆစ်ကိုးကွယ်ခဲ့ပြီးသော စကျင်ကျောက်လုံးတစ်လုံးတည်းဖြင့် ထုဆစ်ခဲ့သည်။ ထို ခုနစ်ဆူသော ရုပ်ပွားဆင်းတုကျောက်တော်ကြီးဘုရားများကိုလည်း ကိုယ်တိုင်ကိုယ်ကျသွားရောက်ဖူးမြော်နိုင်ကြပါစေကြောင်း ဆုမွန်တောင်း၍ ရေးသားပူဇော်လိုက်ပါသည်။

### မှီငြမ်းမှုများ

- သက်ဆိုင်ရာ ကျောက်တော်ကြီးဘုရား(၆)ဆူသို့ စာရေးသူကိုယ်တိုင်ရောက်ရှိ၍ လေ့လာမှတ်သား ဖူးမြော်မှုမှတ်တမ်းများ။
- မဟာသကျရံသီ ရုပ်တော်မူ ရုပ်ပွားတော်ကြီးထုဆစ်မှုမှတ်တမ်းနှင့် သက်ဆိုင်သော အမှတ်အသားများကို ဥတ္တရသီရိမြို့နယ်သို့ ရောက်ခဲ့သော မိတ်ဆွေမှ ဆင့်ပွားပေးခဲ့သော မှတ်တမ်းနှင့် ပုံတော်တစ်ဆူ။

❐



www.burmeseclassic.com

www.burmeseclassic.com

# ရယူလိုခြင်းနှင့် စွန့်လွှတ်ရခြင်း

သက်လုံ

နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသမျှကာလပတ်လုံး သံသရာ၏ သတ္တဝါအပေါင်းတို့သည် ရယူလိုမှု၊ ပိုင်ဆိုင်လိုမှုများနှင့် မကင်းရှင်းနိုင်ကြပါချေ။ ရည်ရွယ်ချက်နှင့် ပြုလုပ်သည် မှန်သမျှ ယင်းရည်ရွယ်ချက် ပန်းတိုင်ကို ရောက်လိုရခြင်းပင် ဖြစ်၏။ ရယူပိုင်ဆိုင်လိုခြင်းကို ပါဠိဘာသာဖြင့် လောဘဟု ခေါ်ဆို၏။ လောဘသည် နှစ်မျိုးနှစ်စားရှိသည်။ ဝိသမ လောဘနှင့် သမလောဘဖြစ်၏။ ဝိသမလောဘဟူသည်မှာ မတရားရယူလိုခြင်း။ မိမိ၏လုပ်အားမဟုတ်ဘဲ သူတစ်ပါး၏ လုပ်အားမှ အကျိုးအမြတ်ကို ရယူလိုသော လုပ်အားခေါင်း ပုံဖြတ်ခြင်း။ မရထိုက်သော အခွင့်အရေးကို ရယူလိုခြင်း စသည်ဖြင့် ဝိသမလောဘတို့သည် များစွာရှိကြကုန်၏။

ထိုနည်းတူစွာပင် မိမိရပိုင်ခွင့်ရှိသော ကြေးငွေဥစ္စာကို ရလိုခြင်း။ ရသင့်ရထိုက်သော အခွင့်အရေးကို ရလိုခြင်းမှအစ၊ တရားသဖြင့် ရနိုင်သော ကြေးငွေဥစ္စာတို့ကို ရလိုခြင်း အလယ်၊ အသက်ရှင်နေလိုခြင်း အဆုံးဖြစ်သော သမလောဘ တို့သည်လည်း များစွာရှိကြပေသည်။ အလုပ်သမားသည် လုပ်အားခကို ရလိုခြင်း၊ ကျောင်းသားသည် စာမေးပွဲကို အောင်လိုခြင်း၊ ပညာတတ်ခြင်းတို့ကို ရလိုခြင်းတို့သည် လည်း လောဘဖြစ်၏။ ထို့ပြင် ဘာသာရေးသမားတို့သည် နိဗ္ဗာန်ကို ရလိုခြင်းသည်လည်း လောဘဖြစ်၏။ သို့ရာတွင် ဤသို့သော လောဘတို့သည် တရားသဖြင့် ဖြစ်တည်သော သမလောဘတို့သာ ဖြစ်ပေသည်။

မြန်မာစကားတွင် "လောဘကြီးသည်"ဟူသော ဝေါဟာရမှာ ဝိသမလောဘနှင့် ဆိုင်သော စကားဖြစ်၏။ တရားသဖြင့် ရသင့်ရထိုက်သည်ထက် ပိုမို၍ ရယူလိုခြင်းကို ရည်ညွှန်းဆိုသော စကားရပ်ဖြစ်ပေသည်။ စွန့်လွှတ်ခြင်းသည် အကြမ်းဖျင်းအားဖြင့် သုံးမျိုး သုံးစားရှိ၏။ ငွေကြေးဥစ္စာ စည်းစိမ်ကို စွန့်လွှတ်ခြင်း၊ လုပ်အားကို စွန့်လွှတ်ခြင်းနှင့် အခွင့်အရေးကို စွန့်လွှတ်ခြင်းတို့ ဖြစ်ပေသည်။ စွန့်လွှတ်ခြင်း ဟူသည်မှာ အများ နားလည်နိုင်သော ပါဠိဘာသာစကားဖြင့် ပြောရလျှင် "ဒါန"ဟု ဆိုရပေမည်။ သသ်ကရိုက်သံဖြင့် သသ်ကရိုက်စကားလုံးဖြစ်သော "ယဇ္ဉာ"သည် မြန်မာ ဘာသာဖြင့် "ယဇ်ပူဇော်ခြင်း"ဟု အဓိပ္ပာယ်ရပါသော်လည်း စင်စစ်တွင် "စွန့်လွှတ်ခြင်း"ကိုပင် ဆိုလိုသော စကားဖြစ် သည်။ စွန့်လွှတ်ခြင်းတည်းဟူသော ဂန္ဓာရီပညာ အာတ်မြစ် တစ်ချပ်ကို နောင်းလူတို့သည် သွေဖယ်၍ တစ်စ တစ်စနှင့် လွဲမှားစွာ ကျင့်ဆောင်ကြကုန်ရာ "ယဇ်ပူဇော်ခြင်း"ဟူသည် မှာ ကြောက်လန့်စဖွယ် စကားလုံးပင် ဖြစ်လာရတော့သည်။ မူလအစကို လေ့လာလျှင်ကား ယဇ်စပူဇော်မှုဟူသည် စွန့် လွှတ်ခြင်းပင် ဖြစ်လေသည်။

"ဘာမျှ မပေးလျှင်၊ ဘာမျှ မရချေ"

ဤသည်ကား ဂန္ဓာရီပညာ၏ လက်သုံးစကားပေါင်း များစွာအနက် စကားတစ်ခွန်းဖြစ်လေ၏။ အပေးရှိလျှင် အယူရှိသည်။ အယူရှိလျှင် အပေးရှိသည်။ ဤကား သဘာဝ တရားကြီး၏ မဲတင်းချက်ကို ဖော်ပြထားခြင်းဖြစ်လေသည်။ သဘာဝ၏ ဥပဒေတစ်ရပ်မှာ မဲတင်းပေးခြင်းဖြစ်၏။ တစ်နည်း အားဖြင့်ဆိုသော် ညီမျှခြင်း(ဝါ)ဟန်ချက်ညီခြင်းသည် သဘာဝ ၏ ဥပဒေတစ်ရပ်ပင်ဖြစ်၏။ အချို့သော အနောက်တိုင်း သမိုင်းပညာရှင်တို့၏ ယူဆချက်တစ်ရပ်ဖြစ်သော "စစ်ပွဲ သည် အခါအားလျော်စွာ ဖြစ်ရမည်"ဟူသော ယူဆချက်မှာ လည်း စင်စစ်တွင် သဘာဝ၏ မဲတင်းခြင်း "မှု"ကို တစေ့ တစောင်းကြည့်၍ ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။ ကမ္ဘာ လောကကြီးတွင် လူဦးရေများ ပြည့်ကျပ်လာသော် သဘာဝ ၏ ထုတ်ကုန်များဖြစ်သော စားနပ်ရိက္ခာပြဿနာပေါ်လာ ၏။ ထိုအခါ သဘာဝကပင် စစ်ကို မွေးဖွားထားခြင်းဖြစ်သည် ဟု ယူဆကြခြင်းဖြစ်၏။ ကျွန်ုပ်သည် စကားစပ်မိ၍သာ ဖော်ပြရခြင်းဖြစ်ပြီး ဤယူဆချက် မှန်ကန်သည်ဟု ထောက် ခံနေခြင်း မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ သင်သည် လခစား ဝန်ထမ်းတစ်ဦးဖြစ်သည်ဆိုပါစို့။ သင်က စွန့်လွှတ်လိုက်သော လုပ်အားအတွက် လုပ်ခကို ပြန်လည်ရရှိပေသည်။ ဤသို့ဖြင့် အပေးအယူမျှတနေ၏။ တစ်နည်းအားဖြင့်ဆိုသော် အပေးနှင့် အယူမှာ ဟန်ချက်ညီနေသဖြင့် သဘာဝကျနေသည်။ သဘာဝက ဝင်ရောက်စွက်ဖက်၍ မဲတင်းပေးစရာမလိုချေ။ အကယ်၍ သင်သည် အလုပ်တွင် နိုကပ်၍ လုပ်ခကိုမူ အပြည့်ရယူသည်ဆိုလျှင် အပေးနှင့် အယူတို့သည် မညီမျှတော့သဖြင့် သဘာဝမကျတော့ချေ။ သင်က ပို၍ယူလိုက်ခြင်းအတွက် သင်၏ထံမှ တစ်စုံတစ်ခုစွန့်လွှတ်ရခြင်းသည် ချက်ချင်းဖြစ်ခြင်းဖြင့် လည်းကောင်း၊ သို့မဟုတ် သင်က ပို၍ယူခြင်းဖြင့် တစ်နေ့ရာရာတွင် တစ်စုံတစ်ယောက်သည် ပို၍စွန့်လွှတ်ရခြင်းသည် ဖြစ်ရတော့၏။ သဘာဝ၏ မဲတင်းချက်သည် နှစ်ပိုင်းရှိ၏။

(၁) လူတစ်ဦးချင်းတွင် မဲတင်းပေးခြင်း။

(၂) လောကဓာတ်တစ်ခုလုံးကို ခြုံ၍ မဲတင်းပေးခြင်း။

ဤအပိုင်းနှစ်ပိုင်းအားဖြင့် သဘာဝသည် လောကဓာတ်ကို ထိန်းကျောင်းပေးလျက် ရှိလေသည်။ သုည၊ တစ်၊ နှစ် ဟူသည်မှ အသင်္ချေ ဂဏန်းများ ပေါက်ဖွားလာသကဲ့သို့ပင် သဘာဝ၏ လုပ်ငန်းသည် လွယ်လွယ်ကလေးမှ စ၍ အချင်းချင်း ရိုက်ခတ်ဆင့်ပွားမှုကြောင့် ရှုပ်ထွေး သိမ်မွေ့သော လောကဓာတ် စကြဝဠာကြီးဖြစ်လာလေသည်။ ဤသို့ အဆင့်ဆင့်ရိုက်ခတ် တိုးပွားသော သဘာဝ၏ လုပ်ငန်းစဉ်များကိုပင် ဟိန္ဒူဝါဒက "ဖန်ဆင်းရှင်၏ လီလာ(ဝါ) ဖန်ဆင်းရှင်၏ ကခုန်မြူးတူးခြင်း"ဟူ၍ ခန့်ညားလျှို့ဝှက်စွာ ခေါ်ဝေါ်ထားလေသည်။ ဤသို့ဖြင့် ကရစ်သျှနတ် ပလွေမှုတ်ခြင်း၊ ကာလီ၏ မြူးတူးခြင်း၊ သျှီဝနတ်၏ ကခုန်ခြင်းတို့သည် ပေါ်ပေါက်လာကြတော့၏။

အထက်တွင် ဖော်ပြခဲ့သော ဥပမာဖြစ်သည့် သင်က လုပ်အားလျှော့ပေး၍ လုပ်ခကို ပိုမိုရယူလိုက်ခြင်းဥပမာကို ပြန်လည်သုံးသပ်ကြပါစို့။ သင်က ပိုမိုယူသည်။ ထို့ကြောင့် သင်၏ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ယောက်က ရသော လုပ်ခထက် ပို၍လုပ်အားပေးလိုက်ရသည်။

ဤသည်ကား သဘာဝက ဖြန့်၍၊ ခြုံ၍ မဲတင်းပေးခြင်းတည်း။ သို့သော် လုပ်ငန်းမပြီးသေးချေ။ ခြုံငုံ၍ ကြည့်လျှင်သာ အပေးအယူညီမျှနေခြင်းဖြစ်၏။ တစ်ဦးချင်းစီတွင် မကိုက်ညီသေးချေ။ သင်က အရပိုနေပြီး လုပ်ဖော်က အပေးပိုနေ၏။ ထို့ကြောင့် သင်က သဘာဝတွင် ပေးဆပ်စရာ အကြွေးကျန်နေပြီး လုပ်ဖော်က သဘာဝထံမှ ရရှိစရာ ကြွေးကျန်နေ၏။ ထို့ကြောင့် သင်သည် တစ်ချိန်ချိန်၊ တစ်နေ့ရာရာတွင် စွန့်လွှတ်ခြင်းတစ်စုံတစ်ခုကို ပြုလုပ်ရမည်ဖြစ်ပြီး လုပ်ဖော်သည် တစ်ချိန်ချိန်တွင် လည်းကောင်း၊ တစ်နေ့ရာတွင် လည်းကောင်း၊ ရယူမှုတစ်စုံတစ်ခုကို ရ,ရပေမည်။ ဤသည်ကိုပင် "ကံ၏ တရားဥပဒေ"(LAW of KARMA) တစ်စိတ်တစ်ဒေသပင် ဖြစ်တော့၏။

လူတို့သည် လိုချင်မှုရှိလျှင် ဆုတောင်းတတ်ကြ၏။ စင်စစ်သော်ကား ဆုတောင်းခြင်းဟူသည်မှာ စိတ်ကို ထိန်းချုပ်၍ ဦးတည်ချက်ပေးခြင်းသာဖြစ်၏။ စွန့်လွှတ်မှုသည်သာလျှင် ရယူခြင်းအတွက် ခိုင်လုံသော အာမခံချက်ဖြစ်လေသည်။ စွန့်လွှတ်ခြင်းဖြင့် သင်က သဘာဝတွင် ကြွေးတင်သွားသည်၊ ကိုယ်က ရစရာရှိမှ တောင်းယူ၍ဖြစ်၏။ ထို့ကြောင့် စွန့်လွှတ်ပြီးမှ ဆုတောင်းပါ။ (စွန့်လွှတ်ခြင်းသည် အကြမ်းအားဖြင့် သုံးမျိုးသုံးစားရှိကြောင်းကို အထက်တွင် ဖော်ပြခဲ့လေပြီ။)

စွန့်လွှတ်ရာတွင် လာဘ်ပေးသလိုတော့ မဖြစ်စေထိုက်ချေ။ စွန့်လွှတ်မှု မပြုလုပ်မီ၊ ပြုဆဲနှင့် ပြုပြီးကာလတို့တွင် သဒ္ဓါအပြည့်အဝရှိရမည်။ ဆိုလိုသည်ကား ကြည်ကြည်လင်လင်ပင် အတွန့်အဆုတ်မရှိသော စေတနာဖြင့် စွန့်လွှတ်ရန်ကြံရမည်၊ စွန့်လွှတ်ရမည်၊ စွန့်လွှတ်ပြီးဖြစ်ရမည်။ ဤသည်ကိုပင် ပုဗ္ဗစေတနာ၊ မုဉ္စစေတနာနှင့် ပရစေတနာဟူသော စေတနာသုံးတန်ဟု ခေါ်ဝေါ်လေသည်။ မိမိရယူလိုသည့် ဆု၏ တန်ဖိုး၊ ခက်ခဲမှု၊ ရလွယ်မှု၊ သဘာဝအလျောက် အဆင်ပြေမှု၊ မပြေမှု စသည်တို့အပေါ်တွင် မိမိ၏ စွန့်လွှတ်မှု ပမာဏတည်ပေသည်။ အချို့ဆုများအတွက် စွန့်လွှတ်မှုနည်း၏။ အချို့အတွက်ကား အကြိမ်ကြိမ်စွန့်လွှတ်ပေးရ၏။ အချို့အတွက်ကား တန်ဖိုးကြီးကြီး စွန့်လွှတ်ရလေသည်။

မည်သို့ပင် ဖြစ်စေ၊ ကျွန်ုပ်တို့သည် လွယ်ကူသည်က စတင်ကြရမည်။ လှေကားထိပ်သို့ အနိမ့်ဆုံးအဆင့်မှ စတင်၍ တက်ကြရမည်။ ထို့ကြောင့် ငါးပြား၊ ဆယ်ပြားကို နေ့ရာမှန်ကန်စွာ စွန့်လွှတ်ခြင်း၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ မိမိ၏လုပ်အားကို လှူခြင်း၊ ရသင့်ရထိုက်သည့် အခွင့်အရေးကို စွန့်လွှတ်ခြင်း စသည်တို့ကို မွေးမြူလေ့ကျင့်ခြင်းဖြင့် ရယူလိုသောဆုကို ရယူနိုင်ကြစေခြင်းငှာ "လောဘနှင့် ဒါန"တည်းဟူသော နွေရာသီ ညဘက် ကြည်လင်သော ကောင်းကင်ပြင်မှ ထင်ရှားသော ကြယ်တစ်စုံကို တင်ဆက်လိုက်ရပေတော့သတည်း။ ❐



www.burmeseclassic.com

www.burmeseclassic.com

ရဲရဲထွန်း (ဟသ်ာတ)

# ဘီလူးဘေးနှင့် မကောင်းသော ဘေးအမျိုးမျိုးမှ ကင်းဝေးစေသည့် ဂါထာတော်

ဤဂါထာတော်သည် ဘီလူးဘေးနှင့် မကောင်းသော ဘေးအမျိုးမျိုးတို့ကို ကင်းဝေးစေသည့် သမိုင်းဝင် ဂါထာတော်ကြီးဖြစ်ပါသည်။ ရှေး ဆရာမြတ်တို့က ဤဂါထာတော်ကို လောကီအစီအရင်အဖြစ် ဝင်အင်း၊ ထွက်အင်းများ ပြုလုပ်၍ အကာအကွယ်များအဖြစ် အဆောင်အရွက်များ ပြုလုပ်ကြပါသည်။

အောက်ပါအတိုင်း ကျက်မှတ်ရွတ်ဆိုကြပါကုန်။

**သုဝဏ္ဏဘူမိ ပန္တာန၊**
**သောဏုတ္တရာ မဟိဒ္ဓိကာ။**
**ပိသော စေ နိဒ္ဓ မိတ္တာန၊**
**ဗြဟ္မဇာလ မဒေသယုံ။**

**အနက်အဓိပ္ပာယ်**

မဟိဒ္ဓိကာ - အဘိညာဉ်တန်ခိုး ကြီးမားသော၊ ဘုန်းတန်ခိုးရှိကုန်သော၊ သောဏုတ္တရာ - အရှင်သောဏ၊ အရှင်ဥတ္တရာ မထေရ်တို့သည်၊ သုဝဏ္ဏဘူမိ - ရွှေမြစုပုံ၊ မြို့သထုံသို့ ကြွတော်မူကုန်၍၊ ပိသောစေ - အသားစားကြူး ရက်ရှိသ် ဘီလူးတို့ကို၊ နိဒ္ဓမိတ္တာန - နှင်ထုတ်တော်မူကုန်ပြီးလျှင်၊ ဗြဟ္မဇာလံ - ဗြဟ္မဇာလသုတ်တော်ကို၊ မဒေသယုံ-ဟောကြားတော်မူလေကုန်သတည်း။

ဤဂါထာတော်ကြီးကို နေ့ည အချိန်ကာလမရွေး ရွတ်ဆိုနိုင်ပါသည်။ ဘီလူးဘေးအန္တရာယ်များအပြင်၊ နတ်ဆိုးများနှင့်တကွ မကောင်းသော ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ မြေဖုတ်ဘီလူးများကို အလွန်နိုင်နင်းပါသည်။ ဤအတိုင်း ရွတ်ဆိုလျှင်လည်း မကောင်းသော ဘေးအမျိုးမျိုးတို့ ကျရောက်ခြင်းများကိုလည်း ကာကွယ်တားဆီးနိုင်ကြောင်း ရှေးဆရာများက သတ်မှတ်ထားကြပါသည်။

ထို့အပြင် ဤဂါထာတော်ဖြင့် သဲ၊ ရေတို့ကို ကိုင်၍ မန်းပြီးလျှင် မိမိတို့ နေထိုင်ရာ အိမ်၊ ကျောင်းဝင်းပတ်လည်တို့၌ စည်းတားသကဲ့သို့ ပက်ဖျန်းထားပါ။ မကောင်းသော နာနာဘာဝများနှင့်တကွ စုန်းတိုက်၊ နတ်တိုက်တို့ မဝင်ရောက်နိုင်ပါ။ ကျရောက်လာမည့် အန္တရာယ်အပေါင်းတို့သည်လည်း ဝေးကွာရှဲ၍ ကောင်းကျိုးချမ်းသာများကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။

ဘုန်းတန်ခိုး လွန်စွာကြီးမားသော သောဏမထေရ်နှင့် အရှင်ဥတ္တရာ မထေရ်တို့ သုဝဏ္ဏဘူမိ၊ သထုံပြည်သို့ ကြွရောက်၍ ဘီလူးဘေးတို့မှ ကင်းဝေးစေသော ဗြဟ္မဇာလသုတ်၏ တန်ခိုးတော်ဖြစ်ပါသည်။ ဉာဏ်ရှိသလို သုံးပါရန် စေတနာထား၍ ရေးသားလိုက်ရပါသည်။

**မှီငြမ်း**

**- မထိဇောတ၏ အစွမ်းထက်မြက်သော ဂါထာတော်များ။**

□



www.burmeseclassic.com

www.burmeseclassic.com



* ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှင်းဆဲ၏။ ငါ့ ကို အနိုင်အထက်ပြု၏။ ငါ့ပစ္စည်းကို မတရားယူ၏ဟု စိတ် ၌ အမျက်ထားလျက် ဤသို့ ရန်ငြိုးဖွဲ့သူအား ရန်သည် မငြိမ်း။

* ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှင်းဆဲ၏။ ငါ့ကို အနိုင်အထက်ပြု၏။ ငါ့ပစ္စည်းကို မတရားယူ၏ဟု စိတ်၌ အမျက်မထား။ ရန်ငြိုးမဖွဲ့သူအား ရန်သည် ငြိမ်း၏။

* လောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တစ်ရံ တစ်ဆစ်မျှ မပျောက်ကုန်။ ရန်တုံ့မမူဖြင့်သာလျှင် ရန်တို့သည် ပျောက်ငြိမ်းကုန်၏။

*(ဓမ္မပဒ၊ ယမကဝဂ္ဂ)*



www.burmeseclassic.com

www.burmeseclassic.com

ဤလောကဝ္ဌ လူမိုက်တို့သည် ငါတို့ သေကြလိမ့်မည်ဟု မသိကြကုန်။ ထို မသိမှုကြောင့် ခိုက်ရန် ငြင်းခုန်မှုတို့သည် မပြေငြိမ်းနိုင်ကုန်။ ဤလောကဝ္ဌ ပညာရှိသူတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန် ငြင်းခုန်မှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။

"ကိုယ့်ရဲ့ ပါးတစ်ဖက်ကို အရိုက်ခံရရင် အခြားတစ်ဖက်ကို ထိုးပေးပါ"တဲ့။

ဂန္ဒီကြီးက "ကိုယ်မျက်လုံး အဖောက်ခံရလို့ သူ့မျက်လုံးကို ပြန်ဖောက်မယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ မျက်စိကန်းတဲ့သူတွေချည်းဖြစ်သွားလိမ့်မယ်"တဲ့။

သက်ရောက်မှုတိုင်းတွင် တန်ပြန်မှုဆိုတာ ရှိသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးရမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုးရမည်။ လောကဓမ္မကို အနှစ်ချုပ်ကြည့်လျှင် တူသော အကျိုးပေးသည်ဆိုသည့် သဘောရှိသည်။ မေတ္တာပေးလျှင် မေတ္တာပြန်ရမည်။ တစ်ဖက်သားကို တိုက်ခိုက်ဖို့ ကြိုးစားလျှင် ကိုယ်လည်း တူသောအကျိုးပြန်ခံစားရမည်။

ဒုတိယ သမ္မတသက်တမ်းကို မက်မောသည့် အမေရိကန်သမ္မတ နစ်ဆင်ကဲ့သို့ပင် မှတ်သားဖွယ်စကားကို ထားခဲ့ပေသေးသည်။ ဝါးတားဂိတ်အရေးအခင်းကြောင့် အာဏာစွန့်လွှတ်၍ အိမ်ဖြူတော်မှ မထွက်ခွာမီ၊ ၎င်း၏နောက်လိုက်များအား ...

"ကိုယ့်လူတို့...မင်းတို့ကို သူတစ်ပါးက ဖျက်လိုဖျက်ဆီးလုပ်လို့ မင်းတို့ ပျက်စီးတယ်။ အေး၊ မင်းတို့က သူတစ်ပါးကို ပျက်စီးအောင်လုပ်တဲ့ အချိန်က စပြီး မင်းတို့ ပျက်စီးဖို့ လမ်းစပြီဆိုတာ မှတ်ပေတော့"

လူတို့၏ အလုပ်သုံးပါးဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် အလုပ်(ကံ)၏ အစသည် မနောကံဖြစ်ပြီး၊ ၎င်းမှတစ်ဆင့် ဝစီကံ၊ ယာယကံတို့ ဖြစ်ရသည်။ ထိုတွင် မနောကံသည် ပထမအစ အရေးကြီးဆုံးဖြစ်၏။ မကောင်းသော စေတနာ မနောကံဖြစ်က၊ ၎င်းက ထုတ်လုပ်သော ဝစီကံ၊ ကာယကံအမှုတို့သည် အဆိုးအသွမ်းသာ ဖြစ်လာတော့၏။

ဤလောကဝ္ဌ ဖြစ်ဖြစ်သမျှသည် ထာဝရတန်ခိုးရှင်ဖန်ဆင်းသည်မဟုတ်။ ကြောင်းကျိုး နိယာမအရသာ ဖြစ်ရ၏။ အကြောင်းကြောင့် အကျိုးဖြစ်၏။ တစ်ဖန် အကျိုးကြောင့် အကြောင်းဖြစ်ရပြန်သည်။

## ကာဋ္ဌိ ဘီလူးမ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ကာလက ဖြစ်၏။ သာဝတ္ထိပြည်တွင် သူကြွယ် ဇနီးမောင်နှံရှိ၏။ တစ်ယောက်တည်းသော သားရတနာသာ ထွန်းကား၏။ ဖခင် ကွယ်လွန်သောအခါ မိခင်နှင့် သားနှစ်ဦးတည်းကျန်ခဲ့၏။ သားကို ချစ်သောမိခင်သည် သူ၏ သားအား အိမ်ထောင်ချရန် စီစဉ်၏။

သားသည် အိမ်ထောင် မပြုလိုသော်လည်း အမေ၏ဆန္ဒကို လိုက်လျောကာ အမေနှင့်ညှိပြီး မိမိနှစ်သက်သော အမျိုးသမီးနှင့် လက်ထပ်လိုက်၏။

သို့ရာတွင် သား၏ အိမ်ထောင်သည်ဘဝသည် အမေမျှော်လင့်သော အိမ်ထောင်သည်ဘဝမျိုးဖြစ်မလာ။ သူတို့တွင် သားသမီးရတနာများ မထွန်းကားခဲ့။

အမေသည် တစ်လင် တစ်မယားစနစ်ကို မြတ်နိုးပါ၏။ တန်ဖိုးလည်း ထားပါ၏။ သို့ရာတွင် မိမိတို့အမျိုးအနွယ်မပြတ်ရေးအတွက် မိမိသားအား နောက်အိမ်ထောင်ပြုရန်တိုက်တွန်းရပြန်သည်။ သားကလည်း အမေ့ဆန္ဒအတိုင်းလိုက်နာ၏။ မိမိ၏ ဇနီးသည်နှင့် ညှိ၏။ ဇနီးသည်ကလည်း ယောက္ခမနှင့် ခင်ပွန်းသည်၏ အစီအစဉ်ကို မတွန်းလှန်နိုင်။ ထို့ကြောင့် ယောက္ခမနှင့် ခင်ပွန်းသည်၏ အစီအစဉ်ကို သဘောတူ လက်ခံလိုက်ရ၏။

သို့ရာတွင် သူ့အတွက် အကောင်းဆုံးဖြစ်အောင်တော့ စဉ်းစား၏။ မိမိ၏ခင်ပွန်းသည် မိမိနှင့် မရင်းနှီးသော အမျိုးသမီးကို လက်ထပ်ပြီး သားသမီးမွေးလျှင် မိမိသည် အလိုလိုပင် ကျွန်ဖြစ်ရပေတော့မည်။ ထို့ကြောင့် မိမိနှင့် ရင်းနှီးသော အမျိုးသမီးကို မိမိကိုယ်တိုင်ရှာကြံပေးစားနိုင်မှ မယားပြိုင်ဖြစ်နိုင်မည်ဟု စဉ်းစား၏။

ထို့နောက် သူ၏အကြံအစည်အတိုင်း သူနှင့် ရင်းနှီးသော အမျိုးသမီးမိဘများထံ သွား၍ အကျိုးအကြောင်းရှင်းပြပြီးလျှင် သားသမီးရတနာရပါက ထိုသတို့သမီးသာ ဆွေစဉ်မျိုးဆက် အမွေခံဖြစ်မည်ဖြစ်ကြောင်း ပြောပြပြီး၊ ထိုသတို့သမီးကို မိမိ၏ ခင်ပွန်းသည်နှင့် ထိမ်းမြားပေး၏။ သို့ရာတွင် ဒုတိယဇနီးသည်နှင့် မည်သည့်နည်းနှင့်မျှ သားသမီးမရစေရဟူ၍ကား ဆုံးဖြတ်ထား၏။

၎င်းနောက် အမြဲဇနီးက "ညီမ ကိုယ်ဝန်ရလျှင် အစ်မကို အရင်ဆုံးပြော၊ အစ်မ ပြုစုမည်"ဟု မှာထား၏။ အမျိုးသမီးငယ်ကလည်း မှာထားသည့်အတိုင်း ကိုယ်ဝန်ရသောအခါ ပြောပြ၏။ အမြဲဇနီးက ဒီအခါတွင် ကိုယ်ဝန်ကျဆေး



www.burmeseclassic.com

www.burmeseclassic.com

ကို ထည့်ကျွေး၏။ ထိုအခါ ကိုယ်ဝန်ပျက်ကျသည်။

ဒုတိယအကြိမ် ကိုယ်ဝန်ရကြောင်း ပြောပြသောအခါ တွင်လည်း အမြုဇနီးသည်က ပို၍ဂရုစိုက်၏။ သို့ရာတွင် ကိုယ်ဝန်သည် ဒုတိယအကြိမ် ပျက်ပြန်လေ၏။ အစ်မ၏ ပြုစုခြင်းကား မည်သို့မျှ သံသယဝင်စရာ မရှိ။ သို့ရာတွင် ပတ်ဝန်းကျင်ကမူ သံသယဝင်လေ၏။ ထို့ကြောင့် နောက် တစ်ကြိမ် ကိုယ်ဝန်ရှိလျှင် မပြောရန် မှာကြားထား၏။

ထို့နောက် တတိယအကြိမ် ကိုယ်ဝန်ရှိလာသောအခါ မိန်းမငယ်သည် မပြောဘဲနေ၏။ ကိုယ်ဝန်ရင့်လာသောအခါ မှ အမြုမ ဇနီးသည် သိ၏။ ထိုအခါ အမြုမ ဇနီးသည်က

"ညီမရယ်··· စောစောက ဘာကြောင့် မပြောပါ သလဲ"

ဟု မေး၏။ မိန်းမငယ်ကလည်း ···

"ပထမ ကိုယ်ဝန်ပျက်ကျခြင်းမှာလည်း အစ်မပဲ ဖျက် ချခြင်းဖြစ်တယ်။ ဒုတိယ ကိုယ်ဝန်ပျက်ကျခြင်းမှာလည်း အစ်မပဲ ဖျက်ချခြင်းဖြစ်တယ်။ ဒါကြောင့် တတိယအကြိမ် ကိုယ်ဝန်ရှိလာလျှင် မပြောလေနဲ့လို့ အိမ်နီးချင်းများက မှာထား၍ မပြောမိခြင်းဖြစ်ပါတယ်"

ဟု ရိုးသားစွာ ပြန်လည်ရှင်းပြ၏။

အမြုမ ဇနီးသည်သည် မည်သို့မျှ မတတ်နိုင်တော့။ ကိုယ်ဝန်ကလည်း ရင့်လေပြီ။ သူ၏ အပြုအစုကိုလည်း မခံတော့။ သူကျွေးမွေးသည်ကိုလည်း မစားတော့။ သို့ရာ တွင် အမြုမဇနီးသည်သည် အားမလျှော့။

တစ်နေ့တွင် မိန်းမငယ်အလစ်၌ အစာထဲသို့ ကိုယ်ဝန် ပျက်ကျဆေးကို ခတ်လိုက်၏။ မိန်းမငယ်ကလည်း အမှတ်မဲ့ စားမိရာမှ ကိုယ်ဝန်ပျက်ကျသွား၏။ ကိုယ်ဝန်က ရင့်မာချိန် ရောက်မှ ပျက်ကျသဖြင့် အသက်ပါ ဆုံးရှုံးရတော့၏။



မိန်းမငယ်သည် များစွာနာကြည်း၏။ သေခါနီးကာလ ၌ "ငါကား ပျက်စီးရတော့မည်။ သင်သည်ပင်လျှင် ငါ့ကို ခေါ်ဆောင်၍ သင်သည်ပင်လျှင် သုံးကြိမ်စလုံး သူငယ်တို့ ကို ဖျက်ဆီး၏။ ယခုအခါ ငါသည်လည်း ပျက်စီးတော့အံ့။ ယခု ဤကိုယ်အဖြစ်မှ စုတေသည်ရှိသော် ဘီလူးမ ဖြစ်ပြီး သင်၏ သားငယ်တို့ကို စားခြင်းငှာ စွမ်းနိုင်သောသူ ဖြစ်စေ သား"ဟု ဆုတောင်းခြင်းကို ပြု၍ သေသည်ရှိသော် ထိုအိမ် ၌ပင် "ကြောင်မ" ဖြစ်လေ၏။

လင်ယောကျ်ားဖြစ်သူက အကြောင်းအကျိုး အစုံ အလင်ကို သိသောအခါ မိမိဒေါသကို မထိန်းသိမ်းနိုင်တော့ ဘဲ မိမိ၏ အမြုမ ဇနီးသည်ကို ရိုက်နှက်ရာ လက်လွန် ခြေလွန်ဖြစ်ပြီး အမြုမသည် ကွယ်လွန်သွားရှာ၏။

သူ၏ အကုသိုလ်ကံကြောင့် ထိုအိမ်၌ ကြက်မ ဖြစ် ရ၏။

## ကြောင်မနှင့် ကြက်မ

ကြက်မက ဥအု၏။ ကြောင်မက စား၏။ တစ်ဖန် ကြက်မက ဥအုပြန်၏။ ကြောင်မက စားပြန်၏။ ဤနည်းအား ဖြင့် သုံးကြိမ်မြောက် ဥတို့ကို စားပြီးသောအခါ "နောင်ဘဝ ၌ ကြောင်မနှင့်တကွ သားသမီးများ စားနိုင်သော ကိုယ်ဖြစ်ရ ပါလို၏"ဟု ကြက်မက ဆုတောင်း၏။

## သစ်မနှင့် သမင်မ

အသက်ကံအလျောက် ကြက်မ သေသောအခါ ကြက်မက "သစ်"ဖြစ်၏။ ကြောင်မက သေသောအခါ "သမင်"ဖြစ်၏။ တစ်ခုသော တောအုပ်၌ သစ်နှင့် သမင်တို့ ဆုံကြပြန်၏။ မူလ ဆုတောင်းအတိုင်း သမင်က မွေး၏။ သစ်က စား၏။ သုံးကြိမ်မြောက်၌မူ သစ်သည် သားနှင့် တကွ သမင်မကိုပါ စား၏။ သမင်မ မသေမီ လက်စားချေ ရန် ဆုတောင်းပြန်၏။

## ဘီလူးမနှင့် လူမ

ထိုဆုတောင်းအရပင် သမင်မ ကွယ်လွန်သောအခါ သာဝတ္ထိပြည်အနီးတွင် "ဘီလူးမ"ဖြစ်၏။ သစ်မက သာဝတ္ထိ ပြည်တွင် တစ်ခုသော အမျိုးအနွယ်၌ အမျိုးသမီးဖြစ်၏။ တစ်ဦးက လူသားစင်စစ်။ တစ်ဦးက လူယောင်ဆောင်ထား သော ဘီလူးမ။ သူတို့နှစ်ဦးသည် အလွန်ရင်းနှီးသော မိတ် ဆွေများဖြစ်ကြ၏။

www.burmeseclassic.com

လူသားအမျိုးသမီးသည် အရွယ်ရောက်လာသောအခါ အိမ်ထောင်ပြုလေ၏။ မိမိခင်ပွန်းသည် နေထိုင်ရာ သာဝတ္ထိပြည်၏ တံခါးအနီးရှိ ရွာသို့ လိုက်နေရ၏။

အချိန်ရောက်သောအခါ သားဦးရတနာကို ဖွားမြင်၏။ သားဦး ရတနာဖွားမြင်ကြောင်း ကြားသိရသောအခါ ဘီလူးမ အမျိုးသမီးသည် ရင်းနှီးသော မိတ်ဆွေအသွင်ဖြင့် လာရောက်၍ မီးနေခန်းအတွင်းသို့ဝင်ပြီး ကလေးကို ကြည့်ဟန်ပြုကာ စားပြီး ဘီလူးမ တန်ခိုးဖြင့် လူမမြင်အောင် ထွက်ခွာသွား၏။ ဒုတိယအကြိမ် သားရတနာဖွားမြင်သောအခါ၌လည်း ထိုအတူပင် ဘီလူးမသည် လာ၍ စားသွားပြန်၏။

တတိယအကြိမ် အမျိုးသမီးငယ် ကိုယ်ဝန်ရှိသောအခါ အမျိုးသမီးငယ်က သူ၏ ခင်ပွန်းကို ခေါ်၍…

"အရှင်…ဤအရပ်၊ ဤအိမ်၌ ဘီလူးမတစ်ယောက်သည် အကျွန်ုပ်တို့၏ သားနှစ်ယောက်တို့ကို စားသွားလေပြီ။ ယခုအခါ အကျွန်ုပ်၏ မိဘအိမ်သို့သွား၍ သားကို ဖွားမြင်ပါအံ့"

ဟု ဆို၍ သာဝတ္ထိမြို့တွင်းရှိ မိဘအိမ်သို့ ပြောင်း၍ တတိယ သားရတနာကို ဖွားမြင်လေ၏။

ထိုအချိန်တွင် ဘီလူးမသည်လည်း ဝေဿဝဏ္ဏနတ်မင်းကြီးထံသို့ အခစားဝင်ခိုက်ဖြစ်၏။ တာဝန်ကာလပြီးလျှင်ပြီးချင်း ဘီလူးမသည် မိမိဌာနသို့ ပြန်လာ၏။

## ဗုဒ္ဓဘုရားရှင်နှင့် ဘီလူးမ

ဇနီးမောင်နှံသည်လည်း မိမိတို့၏ သားငယ်ကို ခေါင်းဆေးမင်္ဂလာပြုခြင်း၊ အမည်ပေး ကင်ပွန်းတပ်မင်္ဂလာပြုခြင်းတို့ဖြင့် ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ပြုလုပ်ပြီးနောက် ဇေတဝန်ကျောင်းတော်ရှိရာ လမ်းကို ဖြတ်၍ နေရင်းအိမ်သို့ ပြန်ခဲ့ကြ၏။ ဇေတဝန်ကျောင်းတော်သို့ မရောက်မီ ကျောင်းတော်၏ ရေကန်တွင် ရေချိုးကြသည်။

ဘီလူးမသည် ရွာသို့ ပြန်ရောက်လျှင် မိမိ၏ အဆွေ အမျိုးသမီးကို မေး၏။ အိမ်နီးချင်းများကလည်း သားနှစ်ယောက်မွေးဖွားစဉ်က ဘီလူးမ စားသွားသဖြင့် ယခု တတိယမြောက် သားကို သူ့မိဘများရှိရာ သာဝတ္ထိမြို့တွင်း အိမ်သို့ သွား၏။ မွေးဖွားကြောင်း ပြန်လည်ပြောပြ၏။

ထိုအခါ ဘီလူးမသည် သာဝတ္ထိမြို့တွင်းသို့ အလျင်အမြန်လိုက်လာရာ ဇေတဝန်ကျောင်းတော်အနီး၌ အချင်းချင်း ဆုံမိကြ၏။ လူအမျိုးသမီးသည် ခင်ပွန်းသည်အား …

"အရှင်…အမြန်လာပါ။ ရှေ့က လာသူမှာ သားငယ်နှစ်ယောက်ကို စားသွားသော ဘီလူးမ ဖြစ်ပါတယ်။ ယခု တတိယ သားကို စားပါလိမ့်မယ်"

ဟု ဟစ်၍ခေါ်သည်။ ထို့နောက် ခင်ပွန်းသည် လာသည့်တိုင်အောင် မစောင့်နိုင်တော့ဘဲ သားငယ်ကို ပွေ့ချီ၍ ဇေတဝန်ကျောင်းတော်အတွင်းသို့ ဝင်ပြေးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်အား တရားဟောတော်မူခိုက်ဖြစ်၏။ အမျိုးသမီးသည်လည်း မိမိ၏ သားငယ်ကို မြတ်စွာဘုရား၏ ခြေဖမိုးတော်ပေါ်၌ ချကာ -

"တပည့်တော်မသည် အရှင်ဘုရားတို့အား ဤသားငယ်ကို လှူဒါန်းပါ၏။ တပည့်တော်မ၏ သားငယ်အား အသက်ရှင်ခြင်းကို ပေးသနားတော်မူပါ ဘုရား"

ဟု လျှောက်ထား၏။

ကျောင်းတော်တံခါးမုခ်ဦး၌ စောင့်နေသော သုမန နတ်မင်းက ဘီလူးမအား ကျောင်းတော်တွင်းသို့ ဝင်ခွင့်မပေးသဖြင့် ဘီလူးမသည် ကျောင်းတော်တွင်းသို့ မဝင်နိုင်ဘဲ ရှိလေရာ မြတ်စွာဘုရားက ရှင်အာနန္ဒာအား လွှတ်၍ ခေါ်ခိုင်းလိုက်၏။

ဘီလူးမ ရောက်လာသောအခါ မြတ်စွာဘုရားက လူအမျိုးသမီးနှင့် ဘီလူးမ အမျိုးသမီးနှစ်ယောက်စလုံးကို အကြောင်းပြု၍ ဤသို့ ဟောကြားတော်မူ၏။ ထိုအခါ ဘီလူးမသည် ပါရမီရှိသူဖြစ်၏။ သောတာပန်၌ တည်၏။ လူအမျိုးသမီးသည်လည်း ဓမ္မသဝနကုသိုလ်ရ၏။

* ဤလောက၌ ရန်တို့သည် ရန်တုံ့မူသဖြင့် တစ်ရံ တစ်ဆစ်မျှ မငြိမ်းကုန်။
* ရန်တုံ့မမူမှသာ ငြိမ်းကုန်၏။

ဤသည်မှာ နိယာမ ဓမ္မတာတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

# ပရမတ်ဒါန (၄)

**မဟာထွန်း**

ဒီလအတွက် ဒါနဝတ္ထုနှင့် သက်ဆိုင်သော အကြောင်းအရာ စသည့် တစ်ခုခုကို အဆင်ပြေသလို ရေးသွားရန်ဖြစ်သည်။ ပရမတ် မဖြစ်သော ဒါနအကြောင်း၊ ပရမတ်ဖြစ်သော ဒါနအကြောင်း စသည်ဖြင့် အလျဉ်းသင့်သလို ရေးသားလာခဲ့ရာ ယခုအခါ အမှတ်စဉ် (၄)သို့ပင် ရောက်လာခဲ့ပြီ။

ဤ၌ ဥပမာဆောင်ရပါမူ သာသနာတော်တွင် ထင်ရှားပြီး လူသိများသော "အသောက" ခေါ် "သီရိဓမ္မာသောကမင်းကြီး"၏ အကြောင်းသည်ပင်လျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

မူလက အသောကမင်းကြီးသည် မိစ္ဆာဒိဋ္ဌိများကိုသာ ကိုးကွယ်ဆည်းကပ်နေသည့် မင်းတစ်ပါးဖြစ်သည်။

မိစ္ဆာဒိဋ္ဌိများကို ကိုးကွယ်ဆည်းကပ်နေသည့် မင်းတစ်ပါး ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိဖြစ်လာရပုံအကြောင်းကိုလည်း အနည်းငယ်မျှ ထည့်ပြလျှင် သာ၍ပင် သင့်ပေလိမ့်မည်ဟု ထင်သည်။

ထိုအချိန်က အသောကမင်းကြီး ကိုးကွယ်ဆည်းကပ်နေသည်မှာ ဘုရားရှင်လက်ထက်တော်ကပင် ထင်ရှားလျက်ရှိသော နိဂဏ္ဌနာတပုတ္တ၏ အနွယ်ဝင်များဖြစ်ကြသည့် ယခုခေတ် ဂျိန်းဘာသာဝင်ဖြစ်သည်။

ဂျိန်းဘာသာဝင် ရဟန်းများမှာ အဝတ်မဝတ်ကြခြင်းပင် ဖြစ်သည်။ အိန္ဒိယကို ရောက်ဖူးသူတိုင်းလည်း ဂျိန်းဘုန်းကြီးများကို မြင်ဖူးကြပေလိမ့်မည်။ ဂျိန်းဘာသာဝင်တို့၏ အကြောင်းအရာအစုံအပြည့်ကို သိလိုပါမူ ဦးအံ့မောင်ရေးသော "ဗုဒ္ဓနှင့် ခေတ်ပြိုင်ဘုရားများ" အမည်ရှိ စာအုပ်ကို ဖတ်ကြည့်နိုင်သည်။

အသောကမင်းသည် စစ်ဘုရင်တစ်ပါးဖြစ်ကြောင်းကို လေ့လာတွေ့ရှိရသည်။

◈◈◈

ခမည်းတော် ဗိန္ဒုသာရမင်းကြီး နာမကျန်းဖြစ်၍ နတ်ရွာစံခါနီးတွင် အသောကမင်းသားသည် ဝေဒိသမြို့လေး၏ မြို့စားလေးအဆင့်မျှသာ ရှိသေးသည်။ ဝေဒိသမြို့လေး၏ သူကြွယ်တစ်ဦး၏ သမီးဖြစ်သော ဝေဒိသ ဒေဝီနှင့် အကြောင်းဆက် ပေါင်းဖက်ကာ သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို ထွန်းကားသည်။

ထိုအချိန်က ဗိန္ဒုသာရမင်းကြီးမှာ ဘုရင်ပိုင်ဖြစ်သော သားတော်ပေါင်းလည်း တစ်ရာကျော်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံရာတွင် အသောကမင်းသားသည် နန်းသက်ကြီးသော နန်းတွင်းသူ နန်းတွင်းသားများအား ချဉ်းကပ်စည်းရုံးပြီး ကိုးကျိုးပ်ကိုးယောက်သော ညီတော်၊ နောင်တော်များအား သတ်ဖြတ်ကာ အာဏာရှင်မင်းအဖြစ်ကို ရရှိလာခဲ့သည်။

ထို့နောက် နောက်ရန်မကင်းသော မင်းမျိုးမင်းနွယ်တို့အား လိုက်လံသတ်ဖြတ်ရင်း တိုက်ပွဲ၏ အရသာကို လက်တွေ့သွား၍ ဆက်ကာ တိုက်ခိုက်လေရာ ဇမ္ဗူဒီပ [illegible]

www.burmeseclassic.com

တိုက်ကြီးတစ်ခုလုံးကိုပင် ပိုင်စိုးသွားလေသသည်။

ထိုအခါ မထင်ရှားသော အရှုံးမတစ်ယောက်သည် စစ်ဘုရင်ကြီးအား လက်ညှိုးထိုး၍…

"အသောကာ…နင့်တစ်ဝမ်းတစ်ခါးနှင့် နင့်မယားတွေနဲ့ စားသောက်ရေးအတွက် ငါတို့ ပြည်သူလူထုတွေ ဘယ်လောက်အထိ သေပေးနေကြရဦးမည်နည်း"

ဟု ထိုအရှုံးမ၏ မကြောက်မရွံ့ပြောလိုက်သော စကားတစ်ခွန်းသည် ဘေးဥပဒ်ကို မဖြစ်စေသည့်အပြင်၊ ပြည်သူလူထုများအတွက် တန်ဖိုးမဖြတ်နိုင်သော စကားတစ်ရပ်ဖြစ်သွားရလေသည်။

ထိုအရှုံးမ၏ စကားသည် မှန်လေစွဟု တွေးမိပြီး သတိ သံဝေဂဖြစ်ကာ အသောကဘုရင်၏ စစ်ပွဲရပ်ဆိုင်းသွားလေသည်။

ထို့နောက်ကား တွေးမိသည်မှာ ကလိင်္ဂ စသော တိုက်ပွဲကြီးများ၌ လူပေါင်း သိန်းချီ၍ သေဆုံးသွားကြရသည့်အကြောင်း စသည်ဖြင့် ထိုထိုအကြောင်း၊ အပြစ်များကိုလည်း တရေးရေးမြင်ယောင်၍နေသောကြောင့် သူ၏ စိတ်ကိုလည်း အလိုလိုခြောက်လှန့်ဘိသို့ ဖြစ်နေလေသည်။ ထိုထိုအပြစ်နှင့် ထိုထိုချောက်ချားသော စိတ်များကို ကုသိုလ်၊ အကုသိုလ်ခွဲကာ သက်သာရာ ရရှိကြောင်းအနေဖြင့် နားလည်ချင်သော်လည်း သူကိုးကွယ်နေသော မိစ္ဆာဒိဋ္ဌိကြီးများက ဟောပြောဆုံးမ ညွှန်ပြခြင်းကို မတတ်နိုင်ကြပေ။

ထို့ကြောင့် ထိုထိုစိတ်များက ခြောက်လှန့်နေ၍ မချမ်းသာနိုင်ဘဲ ရှိနေလေရာ၊ တစ်ခုသော ရက်တွင် နန်းတော်ဦးဘက်မှ ဆွမ်းခံကြွနေသည့် နိဂြောဓ သာမဏေကို မြင်တော်မူသည်။

နိဂြောဓ သာမဏေသည်ကား နယ်နယ်ရရ မဟုတ်ပေ။ အသောကမင်းကြီး သတ်ဖြတ်လိုက်သော ညီတော်၊ နောင်တော်များထဲမှ တစ်ပါးသော မင်းသား၏ သားတော်သာလျှင် ဖြစ်လေသည်။ ဂုန်စ်သားအရွယ် ရှင်ပြု၍ ဆံပင်ကို ဓားတင်ချိန်ကပင် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ရှုမှတ်၍ အရဟတ္တဖိုလ်သို့တိုင် ဆိုက်ရောက်ကာ ရဟန္တာဖြစ်နေသော သာမဏေထူး သာမဏေမြတ်ဖြစ်လေသည်။

ထို့ကြောင့် ရှင်သာမဏေမျှသာ ဖြစ်သော်လည်း ဣန္ဒြေ သမ္ပတ္တိနှင့် ပြည့်စုံ၍ ကြည်ညိုဖွယ်အတိ ဖြစ်ရခြင်း၊ ညီနောင်တစ်ပါး၏ သားဖြစ်၍ သွေးစပ်သောကြောင့် မြင်ရုံမျှဖြင့်ပင် ချစ်ခင်မြတ်နိုးမိခြင်း စသည်တို့ကြောင့် အမတ်များကို နိဂြောဓ သာမဏေအား ပင့်စေကာ သင့်လျော်ရာ၌ နေစေသော် ရာဇပလ္လင်ပေါ်တွင် တက်ထိုင်တော်မူလေသည်။

ထို့ကြောင့် အသောကမင်းကြီးလည်း တအံ့တသြဖြစ်ကာ အထင်ကြီးသွားရသည်။ ရာဇပလ္လင်ဟူသည်မှာ ဘုရင်မင်းမြတ်များ အရေးတကြီး တရားခုံဖြတ်ရာတွင် အသုံးပြုသော ပလ္လင်မြတ်သာလျှင် ဖြစ်လေသည်။

ထို့ကြောင့် နိဂြောဓ သာမဏေအား အထင်ကြီးလေးစားမိသည့်အလျောက် သာမဏေ၏ ဆရာများ ဟောဖော်ညွှန်ပြ ဆိုဆုံးမသည့် တရားနှင့် သာမဏေ ကျင့်ကြံအားထုတ်နေသည့် တရားများထဲမှ တစ်စုံတစ်ပါးသော တရားတော်ကို နာလိုလှသည်။ တရားတစ်ပုဒ် တစ်ပါဒမျှကို ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူပါဟု တောင်းပန်လေသည်။

ထို့ကြောင့် သာမဏေက ဓမ္မပဒ အပ္ပမာဒဝဂ်လာ အပ္ပမာဒ တရားတော်ကို အကျဉ်းမျှ ဟောတော်မူလေသည်။

**ပမာဒေါ မစ္စုနော ပဒံ၊**

**အပ္ပမာဒေါ အမတံ ပဒံ။**

ပမာဒေါ - မေ့မေ့လျော့လျော့ ပေါ့ပါ့ဆဆနေသော သူသည်၊ မစ္စုနော - သေခြင်း၏ (ဝါ) သေမင်း၏၊ ပဒံ - အကြောင်းတရားတည်း။

ဒါန၊ သီလ၊ ဘာဝနာ သုံးဖြာ စသော တရားတော်များကို မေ့လျော့၊ ပေါ့ဆစွာ၊ မပြုမလုပ်၊ မကျင့်မကြံဘဲ နေသောသူတို့သည် သေခြင်း၏ အကြောင်း၊ သေမင်း၏ စကားစရာ အစာအာဟာရ ပရာဘုတ် ဟင်းလက်သုပ်သဖွယ် ဖြစ်သွားရကြောင်း ဟူ၏။

အပ္ပမာဒေါ - မမေ့မလျော့၊ မပေါ့မဆ၊ သတိသမ္ပဇဉ် တရားမြတ်ဖြင့် နေသောသူသည်၊ အမတံ - သေခြင်းကင်းသော နိဗ္ဗာန်၏၊ ပဒံ - အကြောင်းတရားတည်း။

ဒါန၊ သီလ၊ ဘာဝနာ သုံးဖြာ စသော တရားတော်များကို မမေ့မလျော့၊ မပေါ့မဆသော သတိတရားဖြင့် ပြုလုပ်၊ စောင့်ထိန်း၊ ကျင့်ကြံပွားများ အားထုတ်၍နေသော သူတို့သည် လူ၊ နတ်၊ ဗြဟ္မာ သုံးနေရာမှ လွန်မြတ်အထူး မကြုံဘူး၊ မတွေ့ဘူးသော သေခြင်းကင်းရာ အမတဟု ဆိုအပ်သည့် မြတ်နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်လေကြောင်း ဟူ၏။

ဤတရားတော်ကို နာကြားလိုက်ရသည့်အချိန်မှ စ၍ အသောကမင်းတြားကြီး၏ စိတ်နှလုံးတို့သည် ကြည်လင်၍ သွားလေသည်။ ရှင်သာမဏေ နိဂြောဓကိုလည်း အထူးသဖြင့် ကြည်ညို လေးစားသွားလေသည်။

တစ်နည်း၊ မိစ္ဆာဒိဋ္ဌိအယူ ဖြူစင်၍ သမ္မာဒိဋ္ဌိအယူ၌



www.burmeseclassic.com

www.burmeseclassic.com

တည်သွားလေသည်။ သို့သော် ဇမ္ဗူဒီပ တိုင်းဗွာနကြီး၏ ကေရာဇ်တစ်ဆူဖြစ်တော်မူသည့်တိုင်အောင် ထိုအချိန်က မိစ္ဆာဒိဋ္ဌိမင်းတစ်ပါးဖြစ်နေသည့်အလျောက် သူ၏ မင်းအမတ်၊ မိဖုရား စသည်များမှာလည်း မိစ္ဆာဒိဋ္ဌိများနေကြသောကြောင့် ချက်ချင်းကြီး ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းရန် ခက်နေလေသည်။

◈◈◈

(တစ်ခါက ပန်တြာ ဦးချစ်လှိုင်၏သား။ ဤစာရေးသူတို့နှင့်လည်း ရင်းနှီးပူးသည့် ဂီတစာဆို/ အဆိုကျော် ကိုအေးကိုသည် မကြာခဏဆိုသလိုပင် ညနေအခါများ၌ ဘာသာခြားကြီးတစ်ယောက်အား နိပ်နယ်ပေးလေ့ရှိသည်။ ဆင်းရဲနွမ်းပါးသောကြောင့်လည်း တတ်နိုင်သမျှ ထောက်မလေ့ရှိသည်။

တစ်နေ့သောအခါ နှိပ်နယ်ပြီး၍ ပြန်ခါနီး၌ ဦးချကန်တော့လေရာ ဘာသာခြား အဘိုးအိုက…

"အေးကွယ်၊ ငါ့သားကြီး ဤကုသိုလ်ကောင်းမှုအစုစုတို့ကြောင့် ဘဝမခြား သစ္စာလေးပါး တရားမြတ်ကို ပြတ်ပြတ်ထင်ထင် ရှုမြင်နိုင်တဲ့ သူတော်ကောင်းကြီးဖြစ်ပါစေကွယ်"

ဤတွင် ကိုအေးကို အလွန်အမင်း အံ့ဩသွားရလေသည်။ ထို့ကြောင့် ချက်ချင်းပင် မေးကြည့်လိုက်သည်။

"ဟာ… အဘက ဘာသာခြားကြီးပဲ မဟုတ်လား။ ဘယ့်နှယ့်ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာလို ဆုပေးတာတုန်း"

ထိုအခါ ဘာသာခြားကြီးက မျက်နှာဝှက်ကာ တစ်ချက်ပြုံးလိုက်ပြီး…

"အဘက ဗုဒ္ဓဘာသာဖြစ်နေတာ ကြာပြီကွယ့်။ အဘတို့ မျိုးရိုးစဉ်ဆက် ကိုးကွယ်လာကြတဲ့ ဘာသာက အနှစ်မရှိဘူးလေ။ လက်တစ်ဆုံးနိုက်ပြီး လေ့လာကြည့်လေ အပြစ်တွေကိုချည်း တွေ့လေပါပဲ"

"ဟုတ်ကဲ့"

"အဲဒီနောက် အဘ သားတို့ဗုဒ္ဓဘာသာကို လေ့လာကြည့်ပြန်တယ်။ ဗုဒ္ဓဘာသာက ငြိမ်းချမ်းတယ်လေ။ မေတ္တာကို အခြေခံတယ်။ လူ၊ နတ်၊ ဗြဟ္မာကနေ နိဗ္ဗာန်တိုင်အောင် အအေးဓာတ်မြတ်ကြီးပဲ။ ဒီအထဲမှာ နိဗ္ဗာန်ကတော့ မဟာအသင်္ခတ သန္တိသုခကြီးပါပဲ။ ဒါကြောင့် အလွန်အမင်း သဘောကျပြီး လူမသိ သူမသိ အဘ ဗုဒ္ဓဘာသာအဖြစ်ကို ကူးပြောင်းလိုက်တာပါ"

"ဩော်…ဩော်"

"ဒါပေမယ့်ကွယ်၊ ကိုယ်မွေးထားတဲ့ သားသမီးတွေက စလို့ တစ်ဆွေလုံး တစ်မျိုးလုံး ဘာသာခြားတွေချည်းဖြစ်နေကြပြီး၊ အဲဒီဘာသာကိုလည်း အရိုးစွဲလောက်အောင် လက်ခံနေကြတော့ ခက်တယ်ကွယ့်။ ဒီအထဲ အလုပ်အကိုင်တွေနဲ့ ပတ်သက်ပြီး ဆက်ဆံနေရတဲ့ အသိုင်းအဝိုင်းတွေကလည်း အဲဒီဘာသာဝင်တွေချည်း ဖြစ်နေကြရလေတော့ သူတို့ကိုသာ မှီခိုအားထားနေရတဲ့ အဘလို ဇရာအို ဂိလာနကြီးအဖို့ ဗုဒ္ဓဘာသာကို ကူးပြောင်းလိုက်ရင် သားသမီးတွေက စ,လို့ အားလုံး အဆက်အသွယ်ပြတ်တောက်ပြီး အကြီးအကျယ် ဒုက္ခရောက်သွားနိုင်တယ်လေ။ ဒါကြောင့်သာ အဘ ဗုဒ္ဓဘာသာဖြစ်နေတာကို ဘယ်သူ့မှ ဖွင့်မပြောရဲဘဲ ထမင်းစားခါနီးမှာ ရတနာမြတ်သုံးကို အာရုံပြု ပူဇော်ပြီးမှ စားတယ်။ သားသမီးတွေ မရှိတုန်းမှ တိုးတိုးလေး ဘုရားရှိခိုး၊ သေတ္တာထဲက ဗုဒ္ဓတရားစာအုပ်တွေကို ထုတ်ဖတ်နဲ့။ အဘရဲ့ ဝဋ်ကလည်း မသေးလှပါဘူး ငါ့သားရယ်။ ဒီဘဝမှာ ဗုဒ္ဓဘာသာဖြစ်ခွင့်မရတော့ဘဲ ဒီအတိုင်းသွားရတော့မယ့် သဘောပါကွယ်။ ဒါကြောင့် အဘလည်း ငါ့သားတို့လို ဗုဒ္ဓဘာသာစစ်စစ်ပါကွယ်။ အဘ ဗုဒ္ဓဘာသာဖြစ်နေတာ ကြာပါပြီလို့ပဲ ပြောပါရစေ"

ကိုအေးကို တစ်ချက်နှစ်ချက် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သက်မတစ်ချက်ချပြီး ပြောလိုက်သည်။

"ဖြစ်ရလေ အဘရယ်။ ကျွန်တော် တကယ် စိတ်မကောင်းပါဘူး"

"ရပါတယ် သားရယ်။ အဘသေရင်လည်း အပါယ်ကို မသွားပါဘူး။ အဘ ဘုရား တရားမြဲပါတယ်။ အချိန်ရတိုင်းလည်း ကိုယ့်ကိုယ်ကို သရဏဂုံတည်ထားပြီး ဝိပဿနာ ဘာဝနာ တရားတွေကို ပွားများ အားထုတ်ပါတယ်")

◈◈◈

ထိုနည်းလည်းကောင်း၊ အသောကမင်းကြီးမှာလည်း ဇမ္ဗူဒီပကျွန်းမြတ်ကြီး၏ ကေရာဇ်ဘုရင်တစ်ဆူဖြစ်တော်မူသည့်တိုင်အောင် ချက်ချင်း ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းရန် မဖြစ်နိုင်သေး၍ တဖြည်းဖြည်းကူးပြောင်းရန်ကိုသာ ဆုံးဖြတ်ပြီး…

"အရှင် သာမဏေ… ဤနေ့မှစ၍ တပည့်တော်၏ နန်းတော်သို့ ဆွမ်းခံကြွတော်မူပါ။ နောက်နေ့မှစ၍ အရှင်သာမဏေ၏ ဆရာ၊ မိတ်ဆွေ စတဲ့ ရဟန်း၊ သာမဏေ ဆယ်ပါးတို့ကိုလည်း ပင့်တော်မူလာခဲ့ပါ ဘုရား"

ဟု လျှောက်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ ဘွဲ့တော်ကိုလည်း အသောကမှသည် "သီရိဓမ္မာသောကမင်း"ဟု အမည်တော်တံဆိပ် ခတ်နိပ်လိုက်လေသည်။

အသောက - သောကကင်းသော မင်း။

သီရိဓမ္မာသောက - သီရိဓမ္မာအသောက။

သီရိ - ကျက်သရေနှင့် ပြည့်စုံသော၊ ဓမ္မာ- တရားဓမ္မနှင့်လည်း ပြည့်သော၊ အသောက-သောကကင်းသောမင်း။

သီရိဓမ္မာ သောကမင်းကြီးသည်ကား မိစ္ဆာဒိဋ္ဌိဘဝကပင် သဒ္ဓါတရားကြီးမားတော်မူသော မင်းဖြစ်လေသည်။ထိုအချိန်ကပင် နန်းတွင်းထဲ၌ တိတ္ထိပေါင်း ခြောက်သောင်းတို့အား ဆွမ်းဖြင့် လုပ်ကျွေးနေသည်။ ယခု တိတ္ထိခြောက်သောင်းတို့နေရာတွင် ရဟန်း သံဃာတော်များအား တဖြည်းဖြည်း အစားထိုး၍ ကိုးကွယ်လေသည်။

တစ်ဖက်က သံဃာတော် ဆယ်ပါးပင့်လျှင် တိတ္ထိဆယ်ယောက်တို့အား ဖြုတ်ချလေသည်။ ဤနည်းဖြင့်ပင် နန်းတော်အတွင်း သင်္ကန်းရောင်များ ဝါဝင်း၍လာလေသည်။

သို့သော်လည်း ထိုအချိန်ထိ သီရိဓမ္မာသောကမင်းကြီးသည် အဘိသောက မင်္ဂလာကို မခံယူနိုင်သေးပေ။ ဘုန်းကံသမ္ဘာအလွန်အမင်းကြီးမြတ်တော်မူသောကြောင့် လိုလေသေး မရှိလောက်အောင် ပြည့်စုံနေသော်လည်း အိမ်ရှေ့ ဥပရာဇာဘွဲ့တော်ကို ခံယူရမည့် ညီတော်ရင်း တိဿသည် မိစ္ဆာအယူ မဖြူစင်သေးဘဲ အမည်းရောင်စွဲလျက်သာ ရှိပေသေးသည်။

မင်းအဖြစ် အဘိသေကခံယူရာ၌ ငွေဘဏ္ဍာ သူဌေး သူကြွယ်များ ပြည့်စုံရသည့်အပြင်၊ အရေအတွက်အားဖြင့် ဘုရင်ငါးပါးပြည့်စုံရန်လည်း လိုပေသည်။ အဘိသေက ခြောက်ထားသော ဘုရင်တို့၌ ဘုရင်ငါးပါးပြည့်စုံခြင်းသည်လည်း အဓိကကျသည်။ ထို့ကြောင့် ပြည့်စုံသော တိုင်းပြည်တိုင်းမှာပင် ဘုရင်ငါးပါးရှိရလေသည်။ ဘုရင်ငါးပါးဟူသည်မှာ -

(၁) နန်းဦးဆရာတော်၊

(၂) ပြည့်ရှင်သနင်း ဘုရင်မင်း၊

(၃) အိမ်ရှေ့စံ ဥပရာဇာ၊

(၄) ဘောင်း-တစ်ကျိုပ်နှစ်ပါး၊

(၅) တောင်ညာစံထား မိဖုရားကြီး။

(ဘောင်း-တစ်ကျိုပ်နှစ်ပါးဟူသည်မှာ သက်တော်ရှည်ပညာရှိ ဘိုးဘိုးကြီးနှင့် အတွင်းဝန်လေးပါး၊ အပြင်ဝန်လေးပါး၊ လွှတ်တော်ဝန် လေးပါး စသည်ကို "ဘောင်းတစ်ကျိုပ်နှစ်ပါး"ဟု ရေတွက်သည်။ ဘောင်းဟူသည်မှာလည်း ဝန်ကြီးများ သူ့အဆင့်နှင့် သူ ပေါင်းရသော ခေါင်းပေါင်းများကိုသာ ဆိုသည်။

ထို့နောက် ဝန်ကြီးများ ဘောင်းပျောက်ပြီး ဦးထုပ်ဆောင်းလာကြသည်နှင့် ပတ်သက်၍ အမရာဇာတ်ကို ကြည့်ရှုဖြင့် သိနိုင်လေသည်။

ဘောင်း တစ်ကျိုပ်နှစ်ပါးနှင့် ပတ်သက်၍ အခြားရေတွက်နည်းများလည်း ရှိသေးသည်။ ဤ၌ အမရာဇာတ်နှင့် ဘောင်း တစ်ကျိုပ်နှစ်ပါးတို့အကြောင်းကို လူသိများမည်ဖြစ်ပြီး စာရှည်မည်စိုး၍ မရေးတော့ပေ။)

ဆိုခဲ့သည့်အတိုင်း ညီတော် တိဿသည် နန်းတွင်းထဲ၌ သင်္ကန်းရောင်များ ဝါဝင်းလျက် ဝင်ထွက်နေကြသည့် သံဃာတော်များအား မိစ္ဆာအယူ မဖြူစင်သေးသူဖြစ်သည့်အလျောက် မကြည်ညိုနိုင်သည့်အပြင်၊ ကြည့်၍မျှပင် မရဖြစ်နေရလေသည်။

ထို့ကြောင့် အချိန်ရှိတိုင်း မည်သို့သော အပြစ်အနာအဆာများကို ရှာဖွေထောက်ပြကာ ဤ သံဃာ့ဦးပြည်းများအား မောင်းထုတ်ရမည်ကိုသာ အကြံထုတ်၍နေလေသည်။

သိပ်ပြီး မကြာပေ။ သူ၏အကြံကို အကောင်အထည်ဖော်ရန်၊ သို့တည်းမဟုတ် သူ အကျွတ်ရမည့် အဖြစ်တစ်ခုကို တောကစားရာမှ တွေ့ရှိလာလေသည်။ ချက်ချင်းပင် နောင်တော် ဘုရင်အား လျှောက်ထားလိုက်လေသည်။

◈◈◈

"နောင်တော်ဘုရား ··· ထူးသော အကြောင်းသတင်း တစ်ခုကို လျှောက်တင်ခွင့် ပြုတော်မူပါရန် ခွင့်တောင်းအပ်ပါသည်ဘုရား"

"အဘယ်သို့သော အကြောင်းအရာများပါလိမ့် ညီတော်"

"ကျွန်တော်မျိုး ဤယနေ့ တောကစားထွက်သွားရာတွင် တောသား သမင်တို့သည် အင်းရေကို သောက်၊ မြက်ခြောက်ကို စားကာမျှဖြင့် ရာဂမြူးလျက်ရှိကြပါသည်ဘုရား။ သို့ပါသောကြောင့် အင်းရေသောက်၊ မြက်ခြောက် စားကာမျှသော တောသားသမင်တို့သည်ပင် ရာဂ၌ မြူးလျက်ရှိကြလေရာ၊ နောင်တော်ဘုရင် ဆီဦးထောပတ်ဖြင့် နေ့စဉ် လုပ်ကျွေးနေသော ရဟန်း ဦးပြည်းတို့ အဘယ်မျှ အထိ မမြင်ကွယ်ရာ၌ ရာဂမြူးနေကြမည်ကို သိနိုင်ပါသည်ဘုရား"

သီရိဓမ္မာသောကမင်းကြီးသည်လည်း အလွန်အမင်း

www.burmeseclassic.com

စိတ်မကောင်းကြီးစွာ ဖြစ်သွားရလေသည်။ ထို့ကြောင့် ရွှေမျက်နှာတော်သည်လည်း ညှိုးရော်၍သွားလေသည်။

"နောင်တော်ဘုရား… ရွှေဉာဏ်တော် အကင်းပါးပါးဖြင့် စဉ်းစားတော်မူပါ ဘုရား။ ညီတော် လျှောက်တင်သည့် ဥပမာသည် ဥပမေယျဖြင့် သင့်မြတ်ပါ၏လော့ ဘုရား"

သီရိဓမ္မာသောကမင်းကြီးလည်း တစ်အောင့်ကြာမျှ ငြိမ်လျက် စဉ်းစားနေပြီးနောက် ညီတော်အား ထောက်ပြရန် အကြောင်းတစ်ခုကို ဖန်လေမိ၍ တဆတ်ဆတ်ဖြင့် ခေါင်းညိတ်၏။ ထို့နောက်မှ သက်မတစ်ချက်ချကာ ညီတော်အား အကျွတ်တရားဖြင့် ခုံးမရန် အကြံတော်ကို ပြန်လှန်သုံးသပ်ပြီး ကြည်ရွှင် ဝမ်းမြောက်ခြင်းလည်း ဖြစ်၏။ ထို့နောက်မှ ညီတော်အား ဤကဲ့သို့ မိန့်တော်မူလေသည်။

"နောင်တော်သည် ညီတော် လျှောက်တင်သည်ကို သဘောကျလှပါသဖြင့် ဆုတော် လာဘ်တော်များ ပေးသနားတော်မည်"

"မှန်လှပါ။ ဝမ်းမြောက်ဝမ်းသာရှိလိုက်ပါဘိ ဘုရား"

ညီတော်သည် ဦးပြည်းတို့အား မကြည်မညို မနာလိုဖြစ်နေမိသည်မှာ ယခင်ကပင် ဝန်တိုစိတ်ရှိခဲ့သော်လည်း နောင်တော်အား အဘယ်သို့ လျှောက်တင်ရမည်ကို မသိနိုင်ဖြစ်လာခဲ့ရာ၊ ယနေ့တွင် နှိုင်းယှဉ်ပုဒ်နှင့်တကွ အဖြေကို ထုတ်ပြနိုင်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာမဆုံးလည်း ဖြစ်နေသည်။

"ကောင်းပါပေ၏ ညီတော်။ သို့ပါသောကြောင့် ဤနေ့အချိန်မှစ၍ ညီတော်အား ဆုလာဘ်တော်ပေးသနားမည်။ မင်းစည်းစိမ်ကို ခုနစ်ရက်တိုင်တိုင် ခံစားပေရော့"

"မှန်လှပါ၊ ကျေးဇူးဥပကာရ ကြီးမားလှပါပေသည် ဘုရား။ ထို့ထက် ဝမ်းမြောက်ဝမ်းသာ အထူးအားဖြင့် ဖော်မပြတတ်အောင် ဖြစ်ရသည်မှာ ဦးပြည်းတို့၏အဖြစ်ကို မသိမဂုက် အချက်ကျကျ တင်ပြခွင့်ရသည်ကိုပင် ကြည်နူး၍ မဆုံးဖြစ်ရပါသည် ဘုရား"

"သို့ပေမယ့် ညီတော် ခုနစ်ရက်မှ ပြည့်မြောက်သောနေ့တွင် ငါကိုယ်တိုင် သင့်အား ခေါင်းဖြတ်၍ သတ်ရပေလိမ့်မည်"

"ဘုရား… အဘယ်ကြောင်းကြောင့်ပါလဲ နောင်တော်"

"မမေးလင့် ညီတော်။ ခုနစ်ရက်မပြည့်မီ ခြောက်ရက်မြောက်နေ့တွင် ငါကိုယ်တိုင် မိန့်ဟ နှုတ်မြွက်မည်ဖြစ်၍ သင်သည်လည်း သိရပေလိမ့်မည်။ ယခုအခါ သင်သည် မင်းစည်းစိမ်ကိုသာ ခံစားပေရော့"

ဟု ခတ်ပြတ်ပြတ် မိန့်တော်မူပြီး သီရိဓမ္မာသောကမင်းကြီး မျက်နှာလွှဲတော်မူလေသည်။

ထို့ကြောင့် တိဿမင်းသားမှာ အလွန်အမင်းကြောက်လန့် တုန်လှုပ်ပြီး စိတ်မချမ်းမသာဖြစ်၍နေရလေသည်။ အဘယ်အကြောင်းကြောင့် အသတ်ခံရမည်ကို နားမလည်၍လည်း ပြုပြင်လျှောက်ထားရန် ခက်သည်။

◈◈◈

သီရိဓမ္မာသောကမင်းကြီးသည် နောက်တစ်နေ့ ညီလာခံတွင် ညီတော် တိဿမင်းသားအား မေးမြန်းတော်မူပြန်သည်။

"ညီတော် တိဿ… မင်းစည်းစိမ်ကို ခံစား၍ကောင်းပါ၏လော့"

"မကောင်းပါ ဘုရား"

"ဤလောက၌ မင်းစည်းစိမ်သည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပါလျက် အဘယ့်ကြောင့် မကောင်းဘိသနည်း။ ဆက်လက်၍ ခံစားပေဦး ညီတော်"

ဟု မိန့်တော်မူကာ သီရိဓမ္မာသောကမင်းကြီး မျက်နှာလွှဲတော်မူလေသည်။ ထို့ကြောင့် တိဿမင်းသားမှာ တစ်စုံတစ်ခုသော စကား/အကြောင်းအရာ စသည်ကိုမျှ တင်ပြလျှောက်ထား မရလိုက်ပေ။

ထိုနည်းအတိုင်းပင် သီရိဓမ္မာသောကမင်းကြီးသည် ညီတော် တိဿအား ညီလာခံ ထွက်တော်မူလာတိုင်း မေးမြန်း၍နေလေ၏။ ညီတော် တိဿ၏ ခံစား၍ မကောင်းသည့် အကြောင်းကို တင်ပြလျှောက်ထားခွင့်ကိုလည်း ဆိုင်းငံ့နားထောင်ခြင်း မရှိပေ။

ညီအစ်ကိုချင်းဖြစ်သော်လည်း မင်းညီမင်းသားနှင့် ဘုရင်တို့မှာ ညီလာခံသဘင်၌ မေးချင်တိုင်း မေး၍၊ လျှောက်ချင်တိုင်းလည်း လျှောက်ထားခွင့်ကို မရနိုင်ကြပေ။ ခွင့်ပြုခြင်းကို ရပါမှ လျှောက်ထားခွင့်ကိုလည်း ရရှိကြလေသည်။

◈◈◈

ထို့နောက် ခြောက်ရက်မြောက်သောနေ့ကို ရောက်ရှိ၍လာ၏။ သို့မှ အချိန်အခါကိုလည်း ရောက်ရှိပြီဖြစ်၍ ရှေးနည်းအတိုင်း မေးမြန်းကာ၊ ပြန်လည်လျှောက်တင်ခွင့်ကိုလည်း ပြုတော်မူသည်။

"ညီတော်… မင်းစည်းစိမ်ကို ခံစား၍ ကောင်းပါ၏လော"

"မှန်လှပါ။ မကောင်းကြောင်းပါ ဘုရား"

"မင်းစည်းစိမ်သည် ဤလောက၌ အသာဆုံး၊ အမြတ်



www.burmeseclassic.com

www.burmeseclassic.com

ခုံးဖြစ်ပါလျက် အဘယ်အကြောင်းကြောင့် ခံစား၍မကောင်း ဖြစ်နေဘိသနည်း ညီတော်"

"မှန်လှပါ။ ခုနစ်ရက်ပြည့်မြောက်သောနေ့တွင် သေရမည်ကို သိနေပါသောကြောင့် ကြောက်လန့်စိတ်သည် အစဉ်ရှိနေပါ၍၊ ထိုကြောက်စိတ်ကပင် ခြောက်လှန့်နေသောကြောင့် သာလွန်သော မင်းစည်းစိမ်ကို ရရှိနေသော်လည်း ခံစား၍ မကောင်းနိုင်တော့ပါ ဘုရား"

"မှန်ပေသည် ညီတော်။ လောက၌ ရှိကြကုန်သော သတ္တဝါတို့သည် သေဘေးကို ကြောက်လန့်ကြသည်ချည်းသာဖြစ်သည်။ ကြောက်လန့်နေကြသော သတ္တဝါတို့သည်လည်း မည်သည့် အရသာကိုမျှ ခံစား၍ မရနိုင်ကြတော့ပေ။ ဤသည်မှာ သဘာဝဓမ္မကြီးသာဖြစ်သည်။ ဤနည်းတူစွာပါပဲ ညီတော်။ ငါကိုးကွယ်သော ရဟန်းအရှင်တို့သည်လည်း သေဘေးကို ကြောက်လန့်၍သာ ရဟန်းဝတ်တော်မူလာကြပေသည်။ ရဟန်းရှင်တို့ကို ဘိက္ခုဟု ခေါ်သည်။ ဘိက္ခုကိုပင် ရဟန်းဟု ခေါ်သည်။ တစ်နည်း ဘိက္ခုကို သံသရာဘေး မျှော်တွေးကြောင့်ကြ ကြောက်တတ်သော ပုဂ္ဂိုလ်ဟု ခေါ်သည်။ ထိုကဲ့သို့ (ယခု ညီတော်နှင့် တူစွာ) ကြောက်လန့်၍ ဝတ်နေကြသော ရဟန်းအရှင်တို့သည်လည်း ကောင်းမွန် လွန်မြတ်သော အာဟာရတို့ကို စားသုံး၍ နေကြသည့်တိုင်အောင် ညီတော် ထင်မြင် စွပ်စွဲသကဲ့သို့ အဘယ်မှာလျှင် တဏှာရာဂ၌ မြူးကြွခြင်း ရှိချေမည်နည်း"

ဤကဲ့သို့ အထောက်အပြ အပြည့်အစုံဖြင့် ပြောဆိုရှင်းပြ ခုံးမလိုက်သောကြောင့် ညီတော် တိဿသည် ရဟန်းအရှင်တို့အား နားလည်၍ ကြည်ညိုသဒ္ဓါစိတ် ယုံဖိတ်ကာ သမ္မာဒိဋ္ဌိ၌ တည်၍ အကျွတ်ရလျက် ဘာသာအယူ ဖြူစင်သွားလေသည်။ သို့မှ သီဓမ္မာသောကမင်းတြားကြီးသည်လည်း အဘိသေကဖြင့် လွန်မြတ်သော မင်းအဖြစ်ကို ခံယူနိုင်လေသည်။

ထို့နောက် ညီတော်၊ နောင်တော်၊ တူတော်၊ တူမတော် မြောက်မြားစွာတို့သည်လည်း တစ်ပါးပြီး တစ်ပါး အစုလိုက်၊ အဖွဲ့လိုက်၊ တပျော်တပါးကြီးပင် သာသနာတော်သို့ ဝင်ရောက်လျက် သာသနာတော်ကြီးသည်လည်း သက်နံ့ရောင်လွှမ်းကာ ထွန်းတောက်၍လာလေသည်။

ဆိုခဲ့သည့်အတိုင်း မူလဗီဇကပင် သဒ္ဓါတရားကြီးမားတော်မူသော သီရိဓမ္မာသောကမင်းကြီးသည်လည်း အစုံစုံသော ဒါနဝတ္ထုအစုစုတို့ကို ချီးမြှောက် လှူဒါန်းသည့်အပြင် တိတယ သင်္ဂါယနာကို တင်၍ သားသမီး၊ မြေး စသည်တို့ကိုပါ သာသနာတော်သို့ လှူဒါန်းပြီး ကိုးတိုင်း ကိုးဌာနတိုင်အောင်လည်း သာသနာပြုလုပ်ငန်းတော်ကြီးကို ဆောင်ရွက်တော်မူလေသည်။ ဇမ္ဗူဒီပတစ်ကျွန်းလုံး မြေပေါ် တစ်ယူဇနာမြောက်၊ အောက် တစ်ယူဇနာတိုင်အောင် စိုးပိုင်အုပ်ချုပ် မင်းလုပ်နေသော မင်းထူးမင်းမြတ်ကြီး ဖြစ်တော်မူသောကြောင့်လည်း သူမတူအောင် အတုအပ ကင်းပြတ်သည့်အထိ လှူဒါန်းနိုင်လေသည်။

သီရိဓမ္မာသောကမင်းကြီး၏ ဒါနဝတ္ထုအစုစုတို့ကို မြက်ပင်ပေါ်မှ ပုံထပ်လျှင် ဗြဟ္မာပြည်တိုင်အောင်ပင် မြင့်မောက်၍နေမည်ဖြစ်ကြောင်း ပညာရှိ အရှင်ကောင်းတို့က ဆိုကြကုန်သည်။ ဘုရားရှင်၏ လက်ထက်တော်၌သာ ဖြစ်ပါမူ ဒါနအရာတွင် ဧတဒဂ်ရမည့် မင်းမြတ်ကြီးပင် ဖြစ်လေသည်။

သို့သော်လည်း သေလွန်သောနောက်၌ အပါယ်သို့ ကျ၍ မြေပြိတ္တာကြီး ဖြစ်သွားရပြန်သည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ သူ မင်းဖြစ်ရန်အတွက် တိုက်ပွဲကြီးများကို ဆင်နွှဲခဲ့ရာ၌ ညီတော်၊ နောင်တော်များ ဖြစ်တော်မူကြသော သုမနမင်းမျိုး ကိုးမျိုး ကိုးကျိပ်တို့အပြင်၊ ဆိုခဲ့သည့်အတိုင်း ကလိင်္ဂ စသော တိုက်ပွဲကြီးများ၌ လူပေါင်း သိန်းချီသေဆုံးကြသည်ကို အသက်ဇီဝိန်ချုပ်ခါနီး၌ ပြန်လည်မြင်ယောင်လာ၍ဟု ဆိုသည်။

ငါတို့ ဓမ္မပရိသတ်များသည်လည်း သည်အဖြစ်မျိုး မဖြစ်လေအောင် ဆင်ခြင်ကြရမည်သာဖြစ်သည်။ စုတေ (သေ)စိတ်နှင့် ပဋိသန္ဓေစိတ်သည် အတူတူဟု ဟောတော်မူသောကြောင့် မဂ်မရကြသေးသော ပုဂ္ဂိုလ်အားလုံးတို့သည်ပင် ဘဝအာမခံချက် မရှိသေးပေ။ ထို့ကြောင့် သေခါနီး၌ စိတ်ကောင်းထားကြရန်၊ သို့တည်းမဟုတ် မိမိတို့ ပိုင်ဆိုင်ရရှိထားသော ဒါန၊ သီလ၊ ဘာဝနာတစ်ခုခုကို ပွားများခြင်းဖြင့်သာ ဘဝကူးကြရသည်။

*(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)*

□



www.burmeseclassic.com

www.burmeseclassic.com

# ကုဋ္ဌာသယ မစိုးရိမ်ဂါထာတော်

သတိုးဖြူ

လွန်ခဲ့သော ၁၉၉၁ ခုနှစ်တွင် ကျွန်တော်သည် အင်းစိန်ထောင်သို့ ရောက်ရှိလာခဲ့သည်။ ရိုးရိုးရာဇဝတ်ပြစ်မှုများအတွက်ကတော့ ပြစ်ဒဏ် ဘယ်ရွေ့ဘယ်မျှကျပြီး ဘယ်နေ့ လွတ်မည်ဆိုတာကို သိနိုင်၏။ နိုင်ငံရေးပုဒ်မ ၅(ည)နှင့် ကျခံနေရသော ကျွန်တော်တို့မှာတော့ လွတ်ရက်မှာ မသေချာ။ ကျွန်တော်တို့ လွတ်ခြင်း၊ မလွတ်ခြင်းမှာ တရားဥပဒေနှင့် မပတ်သက်။ အာဏာပိုင်များနှင့်သာ တိုက်ရိုက်ပတ်သက်နေ၏။

အသက်အရွယ်အားဖြင့် နှစ်ဆယ်စွန်းစွန်း၊ မိဘရင်ခွင်ရိပ်မှ မလွတ်ကင်းသောအရွယ်၊ ကျောင်းတက်ဆဲ ကာလမို့ ထောင်သည် ကျွန်တော်တို့အတွက် အိပ်မက်ဆိုးတွေ ပြည့်နက်လို့နေ၏။

ထောင်ဝင်စာတွေ့ခွင့်ရသော ပထမဆုံးနေ့မှာပင် မိခင်ဖြစ်သူနှင့်အတူ စာရွက်ခေါက်လေး ပါလာ၏။ ကျွန်တော်တို့ကို စောင့်ကြည့်နေသော ထောင်ဝန်ထမ်းက မျက်စိလျှင်လွန်းသည်။ အမေ လှမ်းပေးသော စာရွက်ခေါက်လေးကို ဆွဲယူလိုက်သည်။ သေချာအောင် ဖတ်ကြည့်ပြီးမှ…

"ဂါထာတစ်ပုဒ်ပဲ။ ဒါတော့ ပေးလို့ ရပါတယ်။ ဒီဂါထာကို ယုံယုံကြည်ကြည်နဲ့သာ ရွတ် ညီလေး"

ဟု ပြောပြီး ကျွန်တော့်လက်ထဲကို ပြန်ထည့်ပေး၏။

"မင်းဘကြီးက သေချာမှာလိုက်တယ်။ ဒီဂါထာက ဂုဏ်တော်ကိုးပါးကို အင်းသဏ္ဌာန်နဲ့ ရေထားတာတဲ့။ အလျားလိုက် နံပါတ်စဉ်အတိုင်းသာ ရွတ်ရမယ်တဲ့ သား"

ကျွန်တော် ဂါထာကို သေချာမကြည့်ရသေး။ မိခင်ဖြစ်သူကလည်း သေချာမှာ၏။

◈◈◈

ဘကြီး ရေးပေးလိုက်သော "ကုဋ္ဌာသရ မစိုးရိမ်ဂါထာတော်"ကို အချိန်ရှိသရွေ့ ကျွန်တော် နှလုံးသွင်း ရွတ်ဖတ်ဖြစ်သည်။

မှတ်မှတ်ရရပြောရပါလျှင် ကျွန်တော့်လက်ထဲသို့ ဂါထာစာရွက်ရောက်ပြီး သုံးလအကျော်တွင် စစ်အစိုးရခေါင်းဆောင်ပိုင်းအပြောင်းအလဲဖြစ်သည်။ ဗိုလ်စောမောင်ကို အနားပေးလိုက်ပြီး ဗိုလ်သန်းရွှေ တက်လာသည်။ အမျိုးသားညီလာခံကျင်းပမည်ဟု အသံလွှင့်သည်။ နိုင်ငံရေးအကျဉ်းသားများစွာကို လွှတ်ပေးမည်ဟု ကြေညာချက်ထွက်လာ၏။

တံကယ်တမ်း ပြန်လည်လွတ်မြောက်သောအခါတွင်လည်း ပထမဦးဆုံးအသုတ် ပထမဆုံးနေ့မှာပင် ကျွန်တော် လွတ်မြောက်လာ၏။ ကျွန်တော်ပိုင် ပစ္စည်းမှန်သမျှကို



www.burmeseclassic.com

www.burmeseclassic.com

ထောင်ထဲမှာ အားလုံးထားခဲ့ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် ကျွန်တော် ပြန်ထွက်ခဲ့သည်။

သို့သော် ဘကြီး ရေးပေးလိုက်သော ဂါထာစာရွက်လေးကိုတော့ အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီးယူလာဖြစ်၏။

◈◈◈

အခက်အခဲတစ်စုံတစ်ရာတွေ့တိုင်း ပြဿနာတစ်ခုနှင့် မျက်နှာချင်းဆိုင်ရလေတိုင်း ဣန္ဒြာသရ မစိုးရိမ်ဂါထာတော်ကို အနည်းဆုံး ၂၇ရက်တိတိ အဆက်မပြတ် နှလုံးသွင်း ရွတ်ဖတ်ဖြစ်သည်။

ဂါထာ၏ ဖြစ်စဉ်ကို ကျွန်တော် သေချာ မသိခဲ့ရ။ ဘကြီးဖြစ်သူကိုလည်း မမေးမြန်းမိ။

တစ်နေ့ ဆရာ မင်းသုဝဏ် ရေးထားသည့် တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များ စာအုပ်ကို ဖတ်ဖြစ်သည်။ ထိုစာအုပ်ထဲမှာ ဣန္ဒြာသရ မစိုးရိမ်ဂါထာတော်နှင့် ပတ်သက်သည်များကို ဖတ်ခွင့်၊ သိခွင့်ရတော့၏။

ဂုဏ်တော်ကိုးပါးဂါထာဖြစ်ပြီး ဂါထာပုံစံကို အင်းသဏ္ဌာန်ရေးသားထား၍ ရွတ်ဖတ်ရသည့်အခါ အလျားလိုက်တစ်ကြောင်းစီ ရွတ်ဖတ်ရသည်။ စုစုပေါင်း ဂါထာရှစ်ပိုဒ်ရှိ၏။

ဂါထာတစ်ပိုဒ်ချင်းစီအတွက် အသံထွက်ပုံ ထွက်နည်းနှင့်အတူ အကျိုးထက်မြက်ပုံတို့ကိုပါ ဝေမျှပေးလိုက်ပါသည်။

**ဣန္ဒြာသရ မစိုးရိမ်ဂါထာ**

(၁) ဣ ရ ဋ္ဌာ ဂ တ္တ ရ သာ
(ဒိ ရစ်ဇာ ဂတ် တ ရတ်သာ)
(၂) တိ ဟံ စ တော ရော ထိ နံ
(တိ ဟံ စ တော ရော ထိ နံ)
(၃) ပိ သ ရ လော ပု သ ဗု
(ပိ သ ရ လော ပု သ ဗု)
(၄) သော မ္မာ ဏာ က ရိ တ္တာ ဒွေါ
(သွန် မာ န က ရိတ် ထဒ် ဒေါ)
(၅) ဘ သ သ ပိ သ ဒေ ဘ
(ဘ သ သ ပိ သ ဒေ ဘ)
(၆) ဂ မ္ဘုံ မ္ပ နူ ဒ ဝ ဂ
(ဂန် ဘုံ ပ နူ ဒ ဝ ဂ)
(၇) ဝိ ဒွေါ နွော အ မ္မ မ ဝိ
(ဝတ် ဒန် နော အန် မ မ ဝိ)
(၈) အ ပိ သု န သာ န တိ
(အပိ သု န သာ န တိ)

ဂါထာပွားများ ရွတ်ဖတ်ရခြင်း၏ အကျိုးထက်မြက်ပုံများမှာ -

အပိုဒ်(၁) ထမင်းစားတိုင်း ရွတ်၍စားလျှင် သူတစ်ပါးရန်မမူနိုင်။ ဓားနှင့် ခုတ်၍ပင် မထိနိုင်။

အပိုဒ်(၂) မိမိစားသုံးသည့် ကွမ်းရာ၊ ဆေးလိပ်၊ ဆေးစသည်တို့ကို အမြဲမန်းပြီး စားသုံးလျှင် မြင်သူတိုင်းက ချစ်ခင်ကြကုန်၏။

အပိုဒ်(၃) အနာပေါက်သူများ ငရုတ်သီးကို မန်း၍လိမ်းလျှင် ပျောက်ကင်းသည်ဟု ဆို၏။

အပိုဒ်(၄) နေ့တိုင်းရွတ်လျှင် ပီယသိဒ္ဓိကောင်းသည်ဟု ဆိုသည်။

အပိုဒ်(၅) အကျဉ်းကျနေသူများ ရွတ်ပွားလျှင် အမြန်လွတ်နိုင်သည်။

အပိုဒ်(၆) ဆီကို မန်း၍ ကိုယ်ကို လိမ်းပါက တုတ်၊ ဓားပြီးသည်ဟု ဆိုသည်။

အပိုဒ်(၇) ရန်သူတွေ၍ အရေးရှိက ရွတ်ဆိုလျှင် ကာယသိဒ္ဓိနှင့်ရှိန်း ပြီးသည်ဟု ဆိုသည်။

အပိုဒ်(၈) ဣန္ဒြာသရ လိုရာသုံးနိုင်သည်ဟု ဆို၏။ အထူးသဖြင့် တရားတဘောင်တွေ့ခြင်း၊ မင်း၊ လူကြီးစသည်တို့နှင့် တွေ့ဆုံစကားပြောဆိုရာတွင် အဟန့်ဂါထာဖြစ်သည်ဟု ဆိုပါသည်။

သတ္တဝါအားလုံး ဖြစ်ပျက်ကို အမြဲနှလုံးသွင်းလျက် ငြိမ်းချမ်းသာယာနိုင်ကြပါစေ။

❐



www.burmeseclassic.com

www.burmeseclassic.com



# သေကိန်းဆိုက်ရောက်ပါသော်လည်း

သာစည် အောင်တင်

ဒီသာပါမောက္ခ တက္ကသိုလ်ဆရာကြီးတစ်ဦး သူ့ရဲ့ တပည့်တစ်ယောက်၏ မွေးနေ့ မွေးလ၊ မွေးရက်၊ အချိန်နာရီတွေကို မေးပြီး မဟာဘုတ်တိုင် ထူလို့ ဗေဒင်တွက်ကြည့်လိုက်တဲ့အခါ ခုနစ်ရက်အတွင်း သေမယ်ဆိုတဲ့ သေကိန်းဆိုက်နေတာကို တွေ့လိုက်ရတယ်။ အဲဒီမှာတင် ဆရာကြီးက စဉ်းစားလိုက်မိတယ်။

"အင်း…ဒီတပည့် ငါ့ဆီမှာ သေလို့တော့ မဖြစ်ချေဘူး။ ဒီတော့ သူ့ရွာကို အပြန်ခိုင်းဦးမှပဲလေ"

လို့ တွေးပြီး တပည့်ဖြစ်သူကို ခေါ်လျက်…

"ငါ့တပည့်ရေ…မင်းလည်း မိဘတွေနဲ့ ခွဲခွာနေရတာ ကြာနေပြီ။ ဒါကြောင့် တပည့်ရဲ့ မိဘတွေဆီကို ခေတ္တခဏ ပြန်လိုက်ဦး။ ဆရာကြီးအနေနဲ့ ခုနစ်ရက် ခွင့်ပြုပေးလိုက်မယ်"

အဲဒီမှာ တပည့်ဖြစ်သူဟာ သူ့ရဲ့ ဆရာကြီးကို ထိုင်ကန်တော့ပြီး သူ့ရပ်သူ့ရွာကို ပြန်လာခဲ့တော့တယ်။

◈◈◈

တပည့်ဖြစ်သူဟာ ခရီးထွက်ခွာခဲ့လို့ တောအုပ်တစ်ခုထဲ ရောက်တယ်ဆိုရင်ပဲ ညောင်ပင်ကြီးတစ်ပင်ရဲ့ ညောင်ကိုင်းကြီးတစ်ကိုင်းဟာ ခရီးသွားလမ်းပေါ်မှာ ကိုင်းကျအုပ်မိုးနေပါတယ်။ ဒီအခါ ခရီးသွား လမ်းသွားလမ်းလာသူတို့ အခက်အခဲတွေ့ပြီး ဒုက္ခရောက်နိုင်တဲ့ အခြေအနေမျိုး ရှိနေတာကို တွေ့ရတာကြောင့် တပည့်ဖြစ်တဲ့ မောင်ကျောင်းသားဟာ အနီးအနားမှာ ရှိတဲ့ သစ်ပင်တစ်ပင်က သစ်ကိုင်းခပ်တောင့်တောင့်ကို ခုတ်ပြီးတော့ ကိုင်းကျနေတဲ့ ညောင်ကိုင်းကြီးကို ထောက်ပေးလိုက်ပါလေတော့တယ်။

ဒီတော့မှ လမ်းနဲ့ ညောင်ကိုင်းကြီး လွတ်ကင်းသွားပြီး ခရီးသွားတို့အဖို့ ချမ်းချမ်းသာသာ သွားလာနိုင်တဲ့ အခြေအနေမျိုးကို ရောက်ရှိသွားပါတော့တယ်။

◈◈◈

မောင်ကျောင်းသားလေးဟာ ညောင်ပင်အောက်ကနေ ခရီးဆက်ခဲ့ရာက တစ်နေရာအရောက်မှာ ချောင်းတစ်ချောင်းကို သွားတွေ့တယ်။ အဲဒီချောင်းဟာ ခန်းပြီး ကူးလို့လည်း မဖြစ်နိုင်တဲ့ အခြေအနေမျိုးပါ။ ချောင်းထဲ ဆင်းပြီး ကူးမယ်ဆိုရင်လည်း ရွှံ့တွေ ဗွက်တွေနဲ့ဆိုတော့ အတော့်ကို ဒုက္ခရောက်နိုင်တဲ့ အခြေအနေမျိုးပါ။ ဒါကို တွေ့တော့ သူ စဉ်းစားတာက…

"အင်း…ဒီချောင်းဟာ လမ်းကို ကန့်လန့်ဖြတ်နေပြီး ခရီးသွားတွေအတွက် ဒုက္ခဖြစ်နိုင်တဲ့ အနေအထားမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျောင်းသားလေးဟာ အဲသလိုတွေးပြီး သူ့မှာ ပါလာတဲ့ ဓားမနဲ့ အနီးအနားမှာ ရှိတဲ့ ဝါးရုံတစ်ရုံက ဝါးတွေကို တစ်လုံးချင်း ခုတ်ယူတယ်။ ပြီးတော့ ကျကျနန ခွဲစိတ်လို့ ဝါးတံတားတစ်ခုကို သေသေသပ်သပ်နှင့် ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် အချိန်ယူ ဆောက်လုပ်တယ်။ အဲဒီနောက်မှာတော့ တံတားကို စေ့စေ့စပ်စပ်ကြည့်ပြီးတော့ ဝမ်းသာကြည်နူးစွာနဲ့ . . .

"ဒါလောက်ဆိုရင် ခရီးသွား ခရီးလာတွေအတွက် ချမ်းချမ်းသာသာနဲ့ သွားနိုင် လာနိုင်လောက်ပါပြီ"

ဟု စိတ်ထဲက ပြောပြီး သူ့ရဲ့ အိမ်အပြန်ခရီးကို ဆက်လေတော့တယ်။

◈◈◈

ဒီလိုနဲ့ ခရီးဆက်လာရင်း မောင်ကျောင်းသားကလေးဟာ လမ်းခရီးတစ်နေရာမှာ ရေစပ်စပ်သာ ရှိနေတဲ့ ရေအိုင်ငယ်လေးတစ်အိုင်ကို သွားတွေ့တယ်။ အဲဒီရေအိုင်ထဲမှာလည်း ငါးကလေးတွေက ပျော်ပျော်ပါးပါးနှင့် ဟိုဘက်ကူးလိုက်၊ ဒီဘက်ကူးလိုက်နှင့် ရေကူးနေကြပါတယ်။

"အင်း . . . နေကလည်း ပူပူ၊ ရေကလည်း နည်းနည်းနဲ့ ဒီလိုသာဆိုရင် ဒီငါးကလေးတွေ မကြာခင်မှာ သေတော့မှာပဲ။ ခင်းတို့အသက်ကို ကယ်ဦးမှပဲလေ"

လို့ တွေးမိပြီးတော့ သူ့လက်ခုပ်နှင့် ငါးကလေးတွေကို လိုက်ဖမ်းပြီး အနီးအနားမှာ ရှိနေတဲ့ ရေကန်ကြီးထဲကို တစ်ကောင်ပြီး တစ်ကောင် သွားပြီး လွှတ်ပေးလိုက်တယ်။

အဲသလိုမျိုး ငါးကလေးတွေကို ခဲရာခဲဆစ် ပင်ပင်ပန်းပန်းနှင့် ဖမ်းလို့ တစ်ကောင်မကျန် လွှတ်ပြီးတဲ့နောက် သူ့အိမ်ပြန်ခရီး ရက်ပြည့်သွားပြီဖြစ်တဲ့အတွက် တက္ကသိုလ်ဒိသာပါမောက္ခ ဆရာကြီးဆီကို ပြန်လာခဲ့တော့တယ်။

◈◈◈

ဒီလိုနဲ့ တက္ကသိုလ်ကို ပြန်ရောက်တယ်ဆိုရင်ပဲ မောင်ကျောင်းသားဟာ ဒိသာပါမောက္ခ ဆရာကြီးကို သွားတွေ့ခဲ့တယ်။

"ဟယ် . . . ငါ့တပည့် ပြန်လာပါကလား"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဆရာကြီးက ခုနစ်ရက်ပြည့်ရင် ပြန်လာခဲ့ရမယ်ဆိုတာကြောင့် ရက်ပိုမနေရဲဘဲ တပည့်ပြန်လာခဲ့တာပါခင်ဗျာ"

လို့ ပြန်ပြောလိုက်တယ်။

ဒီမှာတင် ဆရာကြီးက မောင်ကျောင်းသားရဲ့ ဇာတာခွင်ကို ပြန်ကြည့်ပြီး စစ်ဆေးလိုက်တော့လည်း . . .

"အင်း . . သေကိန်းပဲ တွေ့ရတာပဲ။ ဘယ်လိုဖြစ်ရတာပါလိမ့်"

လို့ တွေးတော စဉ်းစားပြီး မောင်ကျောင်းသားကို ခေါ်၍ . . .

"ငါ့တပည့်ရေ . . . မင်းရဲ့ ရွာအပြန်ခရီးမှာ ဘာတွေများ လုပ်ခဲ့သတုန်းကွဲ"

"ဆရာကြီး . . . ကျွန်တော် ဘာမှမလုပ်ခဲ့ပါဘူးခင်ဗျ"

"အဲ . . . အဲ၊ ငါ့တပည့်ကို ဆရာကြီးက အပြစ်ပြောတာ မဟုတ်ပါဘူးကွဲ။ ငါ့တပည့်ရဲ့ အိမ်အပြန်ခရီးစဉ်နဲ့ လမ်းခရီးမှာ ဘာတွေများ ထူးထူးခြားခြား တွေ့ခဲ့ရ၊ ကြုံခဲ့ရသလဲဆိုတာကို မေးတာပါကွဲ"

ဆရာကြီးက ဒီလိုမျိုးပြောတော့မှ မောင်ကျောင်းသားက လမ်းခရီးမှာ ညောင်ထောက်တာ၊ တံတားပြုလုပ် တည်ဆောက်တာ၊ ရေခန်းပြီး သေတော့မယ့်ဆဲဆဲ ငါးကလေးတွေကို ဖမ်းပြီးတော့ အနီးအနားက ရေကန်ကြီးထဲသို့ လွှတ်တာတွေကို အသေးစိတ် ပြောပြလိုက်တယ်။

အဲဒီတော့မှ ဆရာကြီးက "အင်း . . . ဒီလိုမျိုး ကုသိုလ်ကံ ကောင်းမှုကံဆက်လို့ ကံတက်ပြီး အသက်ရှင်ရတာကိုး"

ဟု တွေးပြီး သူ့တပည့်ရဲ့ ကုသိုလ်အမှုကို "သာဓု . . . သာဓု . . . သာဓု" ရယ်လို့ သုံးကြိမ်ခေါ်ပြီး သူ့တပည့်ကို ချီးကျူးပါလေတော့တယ်။

(ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌ(ဓမ္မစရိယ)၊ မိတ္ထီလာမြို့ ညောင်ကုန်းအနောက်ကျောင်းရဲ့ ဟောစဉ် တရားတစ်ပုဒ်မှ ထုတ်နုတ် ပူဇော်ပါသည်။)

❒



www.burmeseclassic.com

www.burmeseclassic.com


နက္ခတ်ပညာကို မယုံကြည်သူများအား
ယုံကြည်လာအောင် မလုပ်ပါ။

ယုံကြည်နေသူများကိုသာ
အကျိုးရှိအောင် စွမ်းဆောင်ပါမည်။

အာကာသ နက္ခတ္တဗေဒ ပညာရှင်

ဓေတ္တရာ ဆရာကျော်

- စီးပွားရေး၊
- လူမှုရေး
- အိမ်ထောင်ရေး
- ငွေရေးကြေးရေး
- ကျန်းမာရေးအထွေထွေ နှင့်
- နာမည်ပေး၊ ခွဲစိတ်ရက်ရွေး
- ရက်မြတ်မင်္ဂလာရွေးချယ်မှု

တစ်နှစ်စာ ဟောစာတမ်း မှာယူနိုင်သည်

ဖုန်း – ၀၉ ၂၅၀ ၂၇၃၆၈၇


www.burmeseclassic.com

www.burmeseclassic.com



မဟာထေရ္မ ဧကေတိကဝ

တက္ကသိုလ် ချစ်သိရီ(ဓမ္မာစရိယ၊ ထိ–ဓဇ)

ကုသိုလ်ဥစ္စာမြှုပ်နှံပါ

www.burmeseclassic.com

စာရေးသူတို့ ငယ်စဉ်က အဘိုးနှင့် အဘွားသည် မိမိတို့ လယ်ယာမှ ရလာသော သီးစားခ ချေးငွေဒင်္ဂါးများကို စဉ့်အိုးများနှင့် ထည့်ပြီး ညအချိန် တိတ်တဆိတ် မည်သူမျှ မသိရလေအောင် ဝက်ပျောတောထဲရှိ သရက်ပင်အောက်၌ မြှုပ်ကြလေ့ရှိသည်ကို တွေ့ဖူးသည်။ မြှုပ်သည့် မြေပေါ်တွင် ယာယီ စားပင် သောက်ပင်တစ်ပင်ကို စိုက်ပျိုးထားကြလေ့ရှိပါသည်။

ထိုအချိန်က စာရေးသူက ကလေးပီပီ အဘွားကို "ဘာပြုလို့ ငွေဒင်္ဂါးတွေ မြှုပ်ရသလဲ"ဟု မေးမိပါသည်။ အဘွားက ရှုးတိုးတိုး မပြောနဲ့။ ဒါကို ဘယ်သူမှ မပြောရဘူး။ သိလား"ဟု ဆိုကာ သူခိုး ဓားပြအန္တရာယ်က ကင်းအောင် မြှုပ်ထား ဝှက်ထားရတာပေါ့ဟု သာမန်သာ အဖြေပေးခဲ့ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့ ငယ်စဉ်အခါကာလက တောရွာဓလေ့တွင် ငွေရှိက လူ့သင့်တာ လှူပြီး၊ ကျန်ငွေကို ရွှေလုပ်ကြသည်။ ငွေဒင်္ဂါးများကို လျှို့ဝှက် မြှုပ်နှံထားတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ရှေးအခါကာလက ဥစ္စာပစ္စည်းအပ်နှံထားဖို့ရာ ဘဏ်ဆိုတာ မရှိ။ ရှိပြန်သော်လည်း အပ်ထားရမှန်း မသိကြပါ။ ကျေးလက်တောရွာတွင် နေရသူများအဖို့ သူခိုးဘေး၊ ဓားပြဘေးက အမြဲပေါ်လာနိုင်သည်။ သို့အတွက် လုံခြုံရာဟု ယူဆရသော မြေတွင် လျှို့ဝှက်စွာ မြှုပ်ထားကြရ၏။

မိမိတို့ အသက်အရွယ်ကြီးလာသောအခါ မိဘဘိုးဘွားတို့၏ ဥစ္စာပစ္စည်း မြေ၌ မြှုပ်ခြင်းသဘောသဘာဝကို သိလာရပါသည်။

- မိမိတို့ အကျိုးစီးပွားနှင့်စပ်သော ကိစ္စအကျိုးတှာ လည်းကောင်း။
- သူခိုး၊ ဓားပြဘေးရန်မှ လွတ်ရန်အကျိုးတှာ လည်းကောင်း။
- တစ်စုံတစ်ရာ မင်းဘေးဆိုးဘေးကိစ္စပေါ်လာသောအခါ အသုံးချရန်အကျိုးတှာ လည်းကောင်း။
- လုပ်ငန်းအဆင်မပြေ၍ ကြွေးမြီးတင်လာပါက ဖေးဆပ်နိုင်ရန်အကျိုးတှာ လည်းကောင်း၊
- ဝတ်မှတ်ခေါင်းပါးသောအခါ မျှတစွာ စားသုံးနိုင်ရန် အကျိုးတှာ လည်းကောင်း။
- မီး၊ ရေ စသော သဘာဝဘေးများ ပေါ်လာသော် သုံးစွဲနိုင်ရန်အကျိုးတှာ လည်းကောင်း၊

ဤသို့သော အကျိုးများကို ရည်ရွယ်ပြီး လုံခြုံရာဟု ထင်မှတ်သော မြေ၌ မြှုပ်နှံထားကြလေ့ရှိခြင်းဖြစ်ပါသည်။

သို့သော် ထိုသို့သော မြေ၌ မြှုပ်ထားမှုသည် ရည်ရွယ်ချက်အတိုင်းဖြစ်ဖို့ရာ မုချ ယုံကြည်ထား၍ မရပေ။ မြေ၌ မြှုပ်ထားမှုသည် -

- ဥစ္စာ ရတနာများ မြှုပ်ထားရာမှ ရွေ့လျားသွားတတ်သော သဘောရှိခြင်း။

- မိမိအမှတ်အသား မေ့လျော့တတ်ခြင်း၊

- နဂါးတို့သည် ဥစ္စာပစ္စည်းကို နေရာမှ ပြောင်းရွှေ့ထားတတ်ခြင်း။

- ဘီလူးတို့သည် ယူဆောင်သွားတတ်ခြင်း၊

- မချစ်မနှစ်သက်အပ်သော အမွေခံဆိုးတို့က ဥစ္စာရှင် မသိခင် တူးဖော်ယူတတ်ခြင်း၊

- ကုသိုလ်ကံကုန်သောအခါ၌လည်း ထိုဥစ္စာပစ္စည်းများ ပျောက်ပျက်တတ်ခြင်းဟူသော အကြောင်းတို့ကြောင့် ဥစ္စာပစ္စည်းများ ပျက်စီး ဆုံးရှုံးရတတ်ပါသည်။

ဥစ္စာပစ္စည်းကို လောကီ၊ လောကုတ္တရာ နှစ်ဖြာ အသုံးချနည်းမှာ ဘုရားရှင် ဟောကြားခဲ့သော သမ္မဒါလေးပါးကျင့်စဉ်တရားဖြစ်သော ရှာဖွေလုပ်ကိုင်ရရှိလာသော ဥစ္စာကို -

- နှစ်စုကို ပြန်လည်ရင်းနှီးလုပ်ဆောင်၊

- တစ်စုကို စားသုံး၊

- တစ်စုကို ကျန်းမာရေး လူမှုရေးအတွက် စုဆောင်းဟူသော လမ်းညွှန်ချက်အရ ဆောင်ရွက်ပြီး စားသုံးမှုထဲက နေပြီး မပျောက်ပျက်နိုင်၊ မိမိဘဝသံသရာတစ်လျှောက်လုံး လိုက်ပါ အကျိုးပေးနိုင်သော အနုဂါမိက ရွှေအိုးကို မြှုပ်နှံကြရပါမည်။

- အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကိုယ်နှုတ် နှလုံး စောင့်စည်းခြင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းတို့အပြင် ကုသိုလ်ကောင်းမှုတည်းဟူသော ရွှေအိုးကို မြှုပ်နှံရပါမည်။

- ရတနာသုံးပါး၊ မိဘဆရာသမား၊ ဧည့်သည်ပုဂ္ဂိုလ်



www.burmeseclassic.com

ညီအစ်ကိုမောင်နှမ၊ ဘကြီး ဘထွေး၊ ဒေါ်ကြီး ဒေါ်လေး၊ ယောက္ခမမိဘ စသည့် ဂုဏာဂုဏ် ဝယာဂုဏ်များအပေါ် စားဝတ်နေရေး ကျန်မာရေးဖြင့် ပြုစုစောင့်ရှောက်ခြင်းဟူသော အာမိသ ပူဇာကျင့်ဝတ် ပဋိပတ်ကို တည်ဆောက်စေခြင်းဟူသော ဓမ္မပူဇာများဖြင့် ပူဇော်ရာတွင် ကုသိုလ်တည်းဟူသော ရွှေအိုးကို မြှုပ်ထားသင့်ပါသည်။

လောကီရွှေ မြှုပ်နှံမှုက ဤဘဝအတွက်သာ အသုံးဝင်ပါသည်။ ကုသိုလ်ရွှေအိုးက တမလွန်ဘဝသို့ ပြောင်းသွားသော်လည်း ယူသွားနိုင်ပါသည်။ ဤကုသိုလ်တည်းဟူသော ရွှေအိုးကသာလျှင် -

- နတ်လူတို့၏ အလိုကို ပေးနိုင်ပါသည်။

- မိမိတို့ တောင့်တရာ ချမ်းသာအားလုံးကိုပင် ပေးနိုင်သည်။

- ရုပ်ရည်အဆင်းလှပခြင်း၊ အသံကောင်းခြင်း၊ အစိုးရခြင်း၊ အခြွေအရံများခြင်းဟူသော အကျိုးကိုလည်း ပေးနိုင်သည်။

- ပဒေသရာဇ်၊ ကေရာဇ်၊ စကြဝတေးမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းအဖြစ်ကိုလည်း ပေးနိုင်ပါသည်။

- အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ပညာဉာဏ်ကိုလည်း ပေးနိုင်သည်။

- သာဝက ပါရမီဉာဏ်၊ ပစ္စေကဗုဒ္ဓါဉာဏ်၊ သမ္မာသမ္ဗုဒ္ဓဉာဏ်တို့ကိုလည်း ပေးနိုင်ပါသည်။

ထိုသို့ ဥစ္စာပစ္စည်းမြှုပ်နှံမှုနှင့် ပတ်သက်၍ နတ်သားတစ်ပါးက လျှောက်ထားရာ ဘုရားရှင်က ခုဒ္ဒက ပါဠိတော်၊ နိဓိသုတ်၊ ဇာတ်၊ ဇာတ်သုတ်တို့၌ "သူခိုး ဓားပြတို့ မဆောင်နိုင်ယူနိုင်သော ဥစ္စာကား သဒ္ဓါတရားကို အရင်းတည်၍ မိမိ၏ ပင်ကိုယ်ဉာဏ်ဖြင့် ဆင်ခြင်ကာ နေ့စဉ်ပြုလုပ်အပ်သော ကောင်းမှုမြတ်တို့ပင် ဖြစ်ပေသည်" ဟူ၍ အမေးကို ဖြေကြားခဲ့ပါသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်ဟူသမျှတို့သည် မိမိတို့ဘဝ ပစ္စုပ္ပန်သံသရာအဆက်ဆက် ဘဝမွန် ဘဝမြတ်ဖြင့် ခရီးဆက်နိုင်ကြရန် ကုသိုလ်ရွှေအိုးကို ရနိုင်ကြသမျှ မြှုပ်နှံကြပြီး ဘဝအေးချမ်းရာ နိဗ္ဗာန်ဓာတ်ကို ရရှိခံစားနိုင်ရန် ကြိုးပမ်းကြစေလိုပါသတည်း။

□


# ဆရာ ဦးပိုင်ဇအောင်

(ဝိဇ္ဇာဘွဲ့) [လက္ခဏာဗေဒင်ဗေဟာစန်း]

တိုက် (၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာ ထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊

- ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၅၀၉၃၈၉၁၊ ၀၉ ၂၅၀ ၇၇၃၆၃

➢အလုပ်လျှောက်ထားခြင်း /ရေးဖြေ-လူတွေ့ဖြေဆိုခြင်းတွေမှာ လွယ်ကူစွာ အောင်မြင်ရွေးချယ်ခံရပြီး အလုပ်အကိုင်အမြန်ဆုံး ရရှိစေဖို့ ➢လက်ရှိ အလုပ်အကိုင်နေရာဌာန မြို့ ရွာဒေသမှာပဲ ဆက်လက်ကြာရှည် ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့ ➢မိမိဆန္ဒရှိသော အလုပ်အကိုင်နေရာဌာန မြို့ရွာဒေသကို ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံး ပြောင်းရွှေ့လုပ်ကိုင်ရစေဖို့ ➢ အလုပ်အကိုင်မှာအမြန်ဆုံးရာထူးအဆင့်တိုးတက်ရရှိစေဖို့ ➢လက်ရှိကြုံတွေ့နေရတဲ့ လုပ်ငန်းခွင် အဆင်မပြေမှုတွေ၊ အတိုက်အခံ အနှောင့်အယှက် အခက်အခဲ၊ အစွပ်အစွဲ၊ အတိုင်အတောၤ၊ အစစ်အဆေး ပြဿနာတွေ အမြန်ဆုံး အဆင်ပြေချောမော ကျော်လွှားအနိုင်ရပြီး ပြတ်သွားစေဖို့။

✪တိုက်၊ အိမ်၊ တိုက်ခန်း၊ ဆိုင်ခန်း၊ မြေကွက်၊ ခြံကွက်...စသည်ဖြင့် မိမိရောင်းချင်သော ပစ္စည်းများ အမြန်ရောင်းထွက်စေဖို့ ✪ ဆိုင်လုပ်ငန်းအမျိုးမျိုးမှ နေ့စဉ် လူဝင်များ၊ ဝယ်သူများ၊ ရောင်းအားကောင်း၊ ငွေဝင်ကောင်း အမြန်ဖြစ်လာစေဖို့ ✪ တရားသဖြင့်ငွေရှာသော မည်သူမဆို နေ့စဉ် ငွေဝင် လာဘ်ရွှင် အဆင်ပြေ ကံကောင်းစေဖို့ ✪ အရေးတကြီး ငွေလိုနေသော၊ ဝင်ငွေတိုးပွားလိုသောသူ များအတွက် ငွေဝင် ချက်ချင်းကောင်းပြီး ငွေဝင် (၃)ဆတိုးစေဖို့။

ဂမ္ဘီရပညာဖြင့် ကူညီပံ့ပိုးမှု လိုအပ်လျှင် လာခဲ့ပါ။




www.burmeseclassic.com

www.burmeseclassic.com

# ချောင်းသာကမ်းခြေရှိ သာသနာ့ရှေ့ဆောင် ဒေါနတောင်တော်မြတ်ဆီသို့

ဝေး (ရေဝတီ)



စိမ်းစိမ်းညို့ညို့ မှိုင်းမှိုင်းမှိုင်းနှင့် မြင့်မြင့်မားမားရပ်တည်နေသော ဒေါနတောင်တော်ဆီသို့ အဝေးမှ လှမ်းမျှော်ကြည့်မိသူတိုင်း နှလုံးစိတ်ဝမ်း အေးချမ်းသွားကြစမြဲပင်ဖြစ်သည်။ အေးစိမ့်သော ဆောင်းညချမ်းများတွင် တိတ်ဆိတ်ငြိမ်သက်မှုနှင့်အတူ အိပ်မောကျနေသော ဒေါနတောင်တော်မြတ်ဆီမှ နံနက် အရုဏ်တက် တုံးမောင်းသံသည် ဩကာသလောကကြီးတစ်ခုလုံးအား တရားဓမ္မနှင့် ရောင်နီဦးအား ကြိုဆိုရန် လှုံ့ဆော်ပေးလိုက်သလိုရှိသည်။

ဝန်းကျင်တခို မြူခြေခိုင်းလျက် တောတောင်အသွယ်သွယ် လျှိုမြောင်အထပ်ထပ် ချောက်သွယ်လေးများ၊ အုန်းခြံမနီတောများ အနားသတ်လျက် ပင်လယ်ပြာ၏ အလှနှင့်သာယာသော ချောင်းသာမြို့လေးအား မင်္ဂလာရှိသော နေ့သစ်ကို မွေးတေးသံသဖွယ် ကျက်သရေရှိသော တုံးမောင်းသံဖြင့် စ,စေပြီး လူသားတို့ နိစ္စဓူဝအလုပ်တို့ဖြင့် သက်ဝင်လှုပ်ရှားကြရန် အချက်ပေးလိုက်သလိုလည်းရှိသည်။

ဒေါနတောင်တော်မှာ ချောင်းသာကမ်းခြေ၏ အဆောင်



www.burmeseclassic.com

www.burmeseclassic.com

ကရ နဂါးရုံဘုရားကြီးတည်ရှိရာ စကားဝါတောင်တော်သို့ သွားရာ လမ်း၌ လမ်းချိုးတစ်ခုတွင် "သာသနာ့ရှေ့ဆောင် ဒေါနတောင် တောရကျောင်းသို့"ဟူ၍လည်း လမ်းညွှန် ဆိုင်းဘုတ်ထားရှိသည်။ ယခင်က တောင်တော်ဝန်းကျင်မှာ တောတောင်ထူထပ်သည်။ လူစည်ကားမှု မရှိပေ။ တောင်ပေါ်တက်ရာလမ်းသည်ပင် လမ်းကျဉ်းကလေးဖြစ်ပြီး ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် တိုးကာဝှေ့ကာ သွားလာရသည်။ ဒေါနတောင်ဟု လူသိမများသေး။ ကန်စွန်းချောင်းတောင်ဟူ၍လည်း ခေါ်တွင်ကြသည်။

တောကြီးခေါင်ခေါင်ဖြစ်၍ တောင်ပေါ်၌ တောဆင်ရိုင်းများ အုပ်ဖွဲ့လျက် အတက်အဆင်းပြုကြ၍ လူသူအရောက်နည်းခဲ့သည်။ ယခင်က ဆရာတော်ကြီးများ လာရောက်သီတင်းသုံးကြသော်လည်း တောတောင်ထူထပ်၍ ကြာရှည်မမြဲခဲ့။ ၁၃၅၇ ခုနှစ်မှ ၅၉ခုနှစ်အထိ ဆရာတော် ဦးပညာ (မြို့ဦးကျောင်းဆရာတော်) သီတင်းသုံးနေခဲ့စဉ်က တဲကျောင်းအနေအထားသာ ရှိခဲ့သည်။ ၁၃၆၀ ခုနှစ်မှ ၁၃၆၁ ခုနှစ်ထိ ဦးဇဋိလ၊ ၁၃၆၂ မှ ၁၃၆၈ ခုနှစ်အထိ ဆရာတော် ဦးပဏ္ဍိတ၊ ၁၃၆၉ မှ ၁၃၇၀ အထိ ဦးသီဟဗလ၊ ၁၃၇၀မှ ၁၃၇၁ ခုနှစ်အထိ ဦးသုန္ဒရ၊ ၁၃၇၂ခုနှစ် ဦးကုဏ္ဍက၊ ၁၃၇၃ ခုနှစ်မှစ၍ ဆရာတော် ဦးဝိဝေက(အင်္ဂပူ)တို့ သီတင်းသုံးခဲ့ရာ ယနေ့အချိန်အထိဖြစ်လေသည်။

ဆရာတော် ဦးဝိဝေက ရောက်စက တောင်ပေါ်တွင် သစ်ကျောင်းငယ်လေးသာ ရှိသည်။ ဆရာတော်မှာ လူသူအရောက်နည်းသော ဒေါနတောင်ပေါ်၌ သီတင်းသုံး၍ သာသနာ့အကျိုး သယ်ပိုးရွက်ဆောင်မည်ဟု ဆုံးဖြတ်ချက်ဖြင့် ရောက်ခဲ့ခြင်းဖြစ်သည်။ ရောက်စ အချိန်ကလေးတွင် ဖျာတစ်ချပ်ပင် မရှိခဲ့ပေ။ တောတောင်တို့ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အထီးကျန်ဆန်လွန်းသော ငြိမ်သက်မှုမျိုးနှင့် နီဒါန်းစခဲ့ရ၏။

ဆရာတော်မှာ အသက် ၁၂နှစ်အရွယ် ၁၃၈၈ ခုနှစ်မှစ၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသမှ အဖ ဦးကျော်ထွန်းဝေ၊ အမိ ဒေါ်မြင့်မြင့်ကြည်တို့မှ မွေးဖွားခဲ့သည်။ မိခင်မှာ ငယ်စဉ်ကပင် ဆုံးပါးသွားခဲ့ပြီး ဆရာတော် ၉နှစ်သားအရွယ်တွင် ဖခင်ဆုံးပါးသွားခဲ့သဖြင့် ဦးလေးတော်သူ ဦးသောင်းငွေ၊ ဒေါ်အေးမြတို့မှ မွေးစားခဲ့ပြီးနောက် သာသနာ့ဘောင်တွင် ပျော်မွေ့ခဲ့သည်။ ဆရာတော်သည် မခုဏ္ဍူမြို့ မဟာဝိသုတာရာမအလယ်တိုက်တွင် အခြေပြု မူလတန်းမှစ၍ စာပေများ သင်ကြားခဲ့ရာ ဓမ္မာစရိယအထိ အောင်မြင်ခဲ့သည်။



ရန်ကုန်မြို့ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်(ပန်းဘဲတန်း)နှင့် မဟာစည်ဌာနချုပ် (ဗဟန်း၊ ကမ္ဘာအေး)မှ ကျောင်းထိုင် ဘုန်းတော်ကြီး သင်တန်းကျောင်းတို့တွင် ပဋိယတ် ပဋိပတ်တရားတို့ကို အားထုတ်၍ ပညာဆည်းပူးခဲ့ပါသည်။ ရန်ကုန်မြို့ရှိ သာသနာ့ဟိတကာရီကျောင်း၌ တိုက်အုပ်လက်ထောက်အဖြစ် ၆နှစ် တာဝန်ယူခဲ့ပြီးမှ မြို့ပြနှင့် အလှမ်းဝေးရာ ဆိတ်ငြိမ်သော၊ အေးချမ်းသော ချောင်းသာကမ်းခြေရှိ ဒေါနတောင်တော် တောရကျောင်းသို့ သီတင်းသုံးရန် ရောက်လာခဲ့ခြင်းဖြစ်သည်။

တောင်တော်ပေါ် စ,ရောက်ပြီး တစ်ပတ်ပြည့်သည့်နေ့တွင် နံနက် အရုဏ်တက်ချိန် ထူးခြားသော အိပ်မက်တစ်ခုကို ဆရာတော်မှ မြင်မက်ခဲ့သည်။ အိပ်မက်အတွင်း၌ လင်းပိုင်ငါးကြီး သုံးကောင်ကို မြင်တွေ့ရပြီး ဆရာတော်အား "ငါတို့က ဒီမှာ နေတာ။ ငါတို့က အငယ်တွေ။ ငါတို့ထက် ကြီးတဲ့သူတွေ ရှိတယ်"ဟု ဆိုကာ ထိုသုံးကောင်ထက် များစွာကြီးသော လင်းပိုင်ကြီးနှစ်ကောင်ကို ပြလေသည်။ ဆရာတော်မှာ အိပ်မက်ဖြင့် ဤတောင်တော်၌ အစောင့်အရှောက်သိုက်ရှိကြောင်း သိခဲ့ရသည်။ တောင်ပေါ်တွင် နှစ်ပရိစ္ဆေဒ ကြာမြင့်သော သက်တမ်းရင့် တောင်မရိုးပင်ကြီး

www.burmeseclassic.com





ရှိပြီး ခြောက်သွေ့၍ အပင်သေကြီးပမာရှိနေခဲ့ရာမှ ဆရာတော် ရောက်လာပြီးချိန်၌ အပင်ခြောက်ကြီးမှာ အကိုင်းအခက်ဝေဆာလျက် တစ်ပင်လုံး အရွက်အပွင့်များ ပြန်လည်စိုပြည်လာခြင်းကို တွေ့ရသည်။

ရွာသားများမှာ အပင်အိုကြီးအောက်၌ မိခင်က တောင်ပိုင်ဘိုးဘိုး နတ်နန်းကို လေးတိုင်စင်ဆောက်လုပ်ပြီး ကိုးကွယ်ထားခြင်းရှိရာ ဆရာတော်မှ တိုက်ကျောင်းဆောင် ဆောက်လုပ်စေခဲ့သည်။ တောင်မရိုးပင်ကြီးမှာ ဆရာတော် နေထိုင်ရာ ကျောင်းဘက်သို့ ဦးတိုက်၍ လဲသွားခဲ့ရာ ဘိုးဘိုး ဆောင်ပါ ပြိုသွားခဲ့သည်။ ဆရာတော်မှာ ပြန်လည်ဆောက်လုပ်ရန် ငွေမရှိ၍ အခက်တွေ့ရလေသည်။ ထိုသို့ ကြံနေရစဉ် ဆရာတော်၏ သင်္ကန်းခေါက်ကြား၌ ထောင်တန် သုံးအုပ်(ငွေသုံးသောင်းကျပ်)အား ဆရာတော်မှ သိမ်းဆည်းထားခြင်းမရှိဘဲ အံ့ဩစွာ တွေ့ခဲ့ရသည်။ ထိုငွေဖြင့် မ,တည်ပြီး ဘိုးဘိုးဆောင်ကို ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့သည်။

အဘ ဘိုးဘိုးအောင်နှင့် အဘ ဘိုးမင်းခေါင်တို့ ရုပ်ထုအား ဟိုတယ်ပိုင်ရှင်တစ်ဦးမှ လှူဒါန်းခဲ့သည်။ ဆရာတော် အရှင်ဝိဝေက ဒေါနတောင်ပေါ် စရောက်သည်မှ စ၍ ထူးခြားချက်မှာ ဆရာတော်သည် သာသနာအတွက် အားသွန်ကြိုးပမ်းလုပ်ဆောင်မည်ဟု ဆုံးဖြတ်၍ ဒေါနတောင်တော် သာသနာရောင်ဖြင့် ထွန်းလင်းစေရေးအတွက် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း ပြုမည်ဟု သစ္စာပြုလေတိုင်း အလှူရှင်ပေါ်ပေါက်၍ ဆန္ဒပြည့်ဝခဲ့ရသည်။ ဝတ္ထုငွေ လိုသည့်အခါတိုင်းတွင်လည်း ကျောင်းခန်းအတွင်း တစ်နေရာ(သို့မဟုတ်) သင်္ကန်းထပ်ကြားမှဖြစ်စေ အလှူအတွက် မ,တည်ငွေ(မြောက်မြားစွာတော့ မဟုတ်ပါ)အား အလိုအလျောက် တွေ့ရတတ်ခြင်းကို ဆရာတော်မှ ပြောပြခဲ့သည်။

ယခုအခါ ဆရာတော်မှာ ဝါတော်(၂၀)၊ သက်တော်(၄၁)နှစ်အရွယ်ရှိချိန်၌ သာသနာ့ဘောင်၌သာ မွေ့လျော်သူဖြစ်သည့်အတွက် သီလ သမာဓိပြည့်စုံစွာ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် "သာသနာ့ရှေ့ဆောင် ဒေါနတောင်"ဟူ၍ လူသိများခဲ့ပေသည်။ သာသနာပြုလုပ်ငန်းများကိုသာ အစဉ်တစိုက်လုပ်ကိုင်ခဲ့ခြင်းကြောင့် တောတောင်ထူထပ်သော တောင်တော်ပေါ်တွင် သာယာလှပသော တောတောင်ရှုခင်းအလှတို့ ဝန်းရံလျက် ရွှေရောင်ဝင်းဝင်းနှင့် စေတီတော်၊ နဂါးရုံဘုရားရုပ်ပွားတော်မြတ်၊ ဗုဒ္ဓဘုရားရှင် ဖွားတော်မူခန်းအစရှိသော ဗုဒ္ဓဝင် ရုပ်ထုရုပ်လုံးများဖြင့် သပ္ပာယ်စွာ ဖူးတွေ့နိုင်ပြီဖြစ်သည်။


ဆရာတော် သီတင်းသုံးရာ သစ်ကျောင်းလေး[illegible] တိုက်အဆောက်အအုံဖြစ်ခဲ့ပြီး ဝါတွင်းကာလ ဥပု[illegible]သည်



www.burmeseclassic.com

www.burmeseclassic.com





များ သီလဆောက်တည်ရာအဆောင်၊ သိမ်တော်ကြီးတို့မှာ အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ဝင့်ထည်လျက်ရှိပေပြီ။ နှစ်ထပ် ဗိမာန်တော်ကြီးမှာ ဆောက်လုပ်ဆဲဖြစ်လေသည်။

တောင်တော်မှာ မြင့်မားမတ်စောက်၍ ရေအခက်အခဲ ကြုံခဲ့ရသည်။ ယခင်က တောင်ပေါ်ရှိ သီလ၊ ဘာဝနာ အားထုတ်သူ ပုဂ္ဂိုလ်တို့အတွက် လိုအပ်သော သောက်ရေ သုံးရေကို အထမ်းဖြင့်တစ်မျိုး၊ အရွက်ဖြင့် တစ်ဖုံ၊ လှူကြ ရသည်။ အမှတ်တရအဖြစ် ရေထမ်းဖြင့် ရေလာလှူသော တောလည် မုဆိုးကြီးတစ်ဦး၏ ရေလှူပုံ ရုပ်ထုကို ထုလုပ် ထားပြီး ရေချမ်းအိုးများ တည်စေခဲ့သည်။ အေးစိမ့်သော သဲအိုးများဖြင့် သောက်ချင်စဖွယ်တည်ထားပြီး တောင်တော် ပေါ် ရောက်ရန် ရင်ဆိုင်မတတ် မောပမ်းကြသူတို့ အမောပြေ သောက်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

စာရေးသူမှာ ဒေါနတောင်တော်ပေါ်သို့ ရောက်လေ တိုင်း သျှောင်ဖြင့် ထိုးကွင်းဖြင့် ရေထမ်းလာပုံ မုဆိုးကြီးရုပ်ထုမှ ရေကို သောက်လိုစိတ် ဖြစ်မိသော်လည်း ယနေ့အထိ မသောက်ဖြစ်ခဲ့ပေ။ အကြောင်းမှာ မုဆိုးရုပ်ထုမှ အသက် ဝင်သော မျက်လုံးများကြောင့်ဖြစ်သည်။ မုဆိုး၏ မျက်လုံး များသည် တောင်တော်ပေါ်ရှိ ဘုရားဆင်းတုတော်ဆီသို့ လှမ်း ၍ မျှော်ကြည့်နေဟန်ရှိသည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင် ရှားရှိစဉ် ဘုရားရှင်အား ရည်မှန်း၍ ရေလာလှူခြင်းဟု စာရေးသူစိတ်မှာ ခံစားနေမိရသည်။ စာရေးသူ စိတ်ကူးလွန် သွားခြင်းလည်း ဖြစ်နိုင်သည်။

ဆရာတော် ရောက်ရှိစက ရေရှားလွန်း၍ သောက ဖြစ်ခဲ့ရသည်ဟု မိန့်ခဲ့ဖူးသည်။ ချောင်းသာတစ်မြို့လုံးတွင် အဝီစိတွင်း၊ စက်ရေတွင်း တူးကြခြင်း မရှိ။ အကြောင်းမှာ ရေပေါ်သော်လည်း ရေငန်စပ်၍ သောက်ရေ သုံးရေအဖြစ် ရေချိုမရသောကြောင့် ဖြစ်သည်။ တစ်မြို့လုံးမှာ သောက် ရေသန့်များ ဝယ်ယူသုံးစွဲရသည်။ ဆည်ရေကိုသာ သုံးကြရ ၏။

ဆရာတော်မှာ ရေဒုက္ခကြောင့် ရှေးဆရာတော်ကြီး များ ကြာရှည်စွာ ဘာဝနာ အားမထုတ်နိုင်ခြင်းကို ဆင်ခြင် မိပြီး ရေသောကမှ ကင်းဝေးစေရန် မိမိပြုလုပ်သော သီလ ကို အခြေပြု၍ သစ္စာပြုရလေသည်။ ဆရာတော်၏ စင်ကြယ် သော သီလဂုဏ်ကြောင့် သစ္စာမှန်ခဲ့လေသည်။ ရန်ကုန်မြို့ "ဂိုးဒင်းချယ်ရီ ကုမ္ပဏီ"မှ အလှူရှင် သက်ဇော်အောင်က ငွေသိန်းနှစ်ဆယ် အကုန်အကျခံ၍ စက်ရေတွင်းတူးခဲ့ရာ တောင်ကြီးမြို့မှ စက်ရေတွင်းအဖွဲ့က လေးရက်နှင့် ပေ (၂၅၀)ကျော်အရောက်တွင် ရေချိုထွက်သွားသည်။

ဆရာတော်မှာ ဝမ်းသာမှုဖြင့် ဦးဆုံးထွက်သော ရေချို ရေသန့်တို့ကို ဘုရားရှင်အား ရည်မှန်း၍ တစ်ပုံး၊ တောင်ပိုင် ဘိုးဘိုးကြီးအား တစ်ပုံး၊ အဘ ပုဂ္ဂိုလ်တို့အား တစ်ပုံး ဆက် ကပ်လှူဒါန်း၍ "ဤရေတွေ ထာဝရ တည်တံ့ အေးမြပါစေ" ဟု သစ္စာပြု ဆုတောင်းခဲ့လေသည်။ ယခုအခါ ဒေါနတောင်



www.burmeseclassic.com

www.burmeseclassic.com





ပေါ်၌ ရောက်လာသူအပေါင်း သောကကင်းဝေး ဒုက္ခအပေါင်းမှ ငြိမ်းချမ်းစေရန် တရားရေအေး တိုက်ကျွေး၍လည်း သာသနာရောင် ထွန်းလင်းတောက်ပနိုင်ခဲ့၏။ ရေလို အေးခဲ့ပေပြီ။

ဝါတွင်းကာလတို့၌ ဥပုသ်သီတင်းပတ်တိုင်း သီလယူသူ လူဦးရေ နှစ်ရာမှ သုံးရာကျော်အထက်ရှိပြီး ယောဂီများအား နေ့ဆွမ်း၊ အချိုပွဲများကို အလျှံပယ် ကျွေးမွေးဒါနပြုလျက် ရှိပါသည်။ တရားအမှတ်ဖြင့် စားသုံးရသော ဒေါနတောင်တော်ပေါ်မှ ဆွမ်းတစ်နပ်၏ အကျိုးကား တန်ဖိုးမဖြတ်နိုင်ပါ။ ဆရာတော်မှာ မဟာစည် တရားရိပ်သာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ရန်၊ ဗုဒ္ဓစာပေ တိုးတက်မြင့်မား၍ ယနေ့ လူငယ်များ အသိဉာဏ်လင်းလက်စေဖို့ရာ စာကြည့်တိုက်တစ်ခုထားရှိရန်၊ ပင်လယ်ကမ်းနားဒေသများဖြစ်၍ လေဒဏ် မိုးဒဏ်မှ လွတ်ကင်း၍ လူအပေါင်း ခိုနားနိုင်သော အဆောက်အအုံတို့ကို ဆောက်လုပ်နိုင်ရန် ရည်မှန်း၍ ရည်မှန်းချက်များ ပြည့်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ဆရာတော်၏ ခန်းဆောင်ရှိရာ ဘုရားခန်းအောက်၌ ပျားအုံစွဲနေခြင်းမှာ ၅နှစ်မျှ ရှိပြီဖြစ်၍၊ ထို ၅နှစ်အတွင်း ဆရာတော်၏ သာသနာပြုလုပ်ငန်း အောင်မြင်ခဲ့လေသည်။ ထူးခြားချက်များလည်း များစွာရှိခဲ့လေသည်။ ပဌာန်းပွဲ ငါးရက်ကျင်းပရန် မဏ္ဍပ်ဆောက်လုပ်ဖို့ သစ်ပင်များကို ခုတ်တွင် ရှင်းလင်းစဉ် သစ်တံခါး သစ်ကွင်းကို အံ့ဖွယ်တွေ့ရှိခဲ့ကြသည်။ သစ်တံခါး သစ်ကွင်းမှာ သီဟိုဠ်ပင်ဖြစ်သည်။ ထိုသစ်တံခါး သစ်ကွင်းကို စတင်တွေ့ရှိသည့်အချိန်မှ စ၍ ဤတောင်တော်၌ သာသနာတော် ထွန်းလင်းတောက်ပတော့မည်ဟု ရေးလူကြီးတို့က နိမိတ်ကောက်ခဲ့လေသည်။ ဆရာတော်မှ သစ်တံခါး သစ်ကွင်းအား ရွှေချ၍ အမှတ်အသားပြုခဲ့လေသည်။

ဂမ္ဘီရဆန်သော အဖြစ်နှင့်လည်း ကြုံခဲ့ရသည်။ ဟသ်ာတမြို့မှ ဆရာတော်၏ ရဟန်းအမကြီးသည် တောင်ပေါ်ရှိ စေတီတွင် ည နှစ်ချက်ကျော် သုံးနာရီနီးနီးတွင် တရားထိုင်နေစဉ် ရဟန်းအမကြီးနံဘေး၌ ပဝါခြုံထားသော ရေးခေတ်အသွင်နှင့် အမျိုးသမီးတစ်ဦး ဝင်၍ တရားထိုင်နေခြင်းကို ကြုံလိုက်ရသည်။ ရဟန်းအမကြီး၏စိတ်၌ မသိစိတ်၏ လှုံ့ဆော်မှုဖြင့် သရိုးသရီဖြစ်လာပြီး တရားဖြုတ်၍ အခြေအနေကို အကဲခတ်ကြည့်ရာ ခဏအကြာတွင် တရားဝင်ထိုင်သူကို မတွေ့ရတော့ချေ။

နောက်တစ်နေ့၌ ရဟန်းအမကြီးအား ဝင်ရောက်ပူးကပ်၍ ပြောဆိုသည်မှာ ဤတောင်တော်တွင် သီတင်းသုံး၍ သာသနာပြုနေသော ဆရာတော် "အရှင်ဝိဝေက"သည် ဘဝတစ်ခုမှ သားတော်စပ်ခဲ့သူဖြစ်ပြီး ပဌာန်းဆက်ကြောင့် စောင့်ရှောက်ခြင်းဖြစ်ကြောင်း။ ပုပ္ပါးမယ်တော်ဖြစ်ကြောင်း။

www.burmeseclassic.com

ဤကျောင်းတော်၌ အဘ ပုဂ္ဂိုလ်ထူးတို့ စောင့်ရှောက်ကြောင်းကို ပြောသည်။ ထူးခြားသော ကျောင်းတော်ဖြစ်၍ ရောက်လာသူအပေါင်းကို စိတ်အေးချမ်းမှု ဖြစ်စေနိုင်ပါသည်။

ချောင်းသာကမ်းခြေသို့ အပန်းဖြေလာသော ခရီးသည်များမှ တာချီလိတ်မြို့ ဧည့်သည်အဖွဲ့မှ ဆိုင်ကယ်တစ်စီးကို လှူဒါန်းသွားခဲ့သည်။ ဒါနအလှူရှင်များမှ ကားနှစ်စီးလှူဒါန်းခဲ့သည်။ ဆရာတော်မှာလည်း အလှူရှင်များ၏ စေတနာကို လေးစားဂုဏ်ယူလျက် ကိုယ်ကျိုးမသုံးဘဲ အများအကျိုးအတွက် အသုံးပြုခဲ့သည်။ သာရေး နာရေး မခွဲခြားဘဲ ကူညီစောင့်ရှောက်သည်။ ယခုအခါ ချုံနွယ်ပိတ်ပေါင်းများ၊ တောတောင်ထူထပ်သော လမ်းကျဉ်းလေးမှသည် ဖြောင့်ဖြူးသော ကွန်ကရစ်လမ်းဖြစ်ခဲ့ပြီ။ ကျောင်းပေါ်သို့ ဆိုင်ကယ်၊ ကားတို့ဖြင့်လည်း အေးချမ်းစွာ တက်နိုင်ခဲ့ပေပြီ။

ကန်စွန်းချောင်းတောင်ဟု လူမသိ သူမသိ အခြေအနေမှသည် စိမ်းလန်းသော၊ စိုပြည်သော၊ လန်းဆန်းသော၊ စိုလည်း မွှေး၊ နွမ်းခြောက်သွားသော်လည်း ရနံ့မပြယ်သည့် ဒေါနပန်းကဲ့သို့ ဒေါနတောင်၏ ဂုဏ်သတင်းက မွှေးပျံ့ခဲ့လေပြီ။ ချောင်းသာကမ်းခြေသို့ တစ်ခေါက်တစ်ခါရောက်လာခဲ့သူများသည် ပင်ယံလိပ်ပြာပြာ၏ အလှကို ခံစားပြီးရုံနှင့် လှည့်ပြန်မသွားကြပါနှင့်။ စိတ်လက်ချမ်းမြေ့စွာဖြင့် ဘုရားဖူး၍ တောင်းတိုင်း ဆုတို့ ပြည့်လိုကြပါလျှင် "သာသနာ့ရေဆောင် ဒေါနတောင်တော်" ပေါ်သို့ အရောက်သွားကြပါရန် စေတနာမှန်ဖြင့် လမ်းညွှန်လိုက်ပါသည်။

ဆရာတော် ဦးဝိဝေက အရှင်သူမြတ်၏ သာသနာပြုလုပ်ငန်းများအား လေ့လာသုံးသပ် အကဲဖြတ်၍ ဆောက်လုပ်ဆဲ နှစ်ထပ် ဗိမာန်တော်ကြီးပြီးစီးသွားစေရန်အတွက် ဒါနပြုလိုပါက ပြုနိုင်ကြပြီး ဆရာတော်နှင့်အတူ လက်တွဲ၍ အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးလိုသူများသည် ဆရာတော်၏ မေတ္တာရိပ်၊ ဒေါနတောင်တော်၏ အေးချမ်းသော သာသနာ့ရိပ်၌ ခိုလှုံနိုင်စေဖို့ရာ ဒေါနတောင်တော်ပေါ်သို့ အရောက်လှမ်းခဲ့ပါရန် နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ ဤစာစုကို ရေးသားတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

❒




ဆု တောင်း ပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့်(ကချင်မြေ)

ကလောင်ခွဲ - ကာလီဒါ့ချ်(မြန်မာပြည်)

▷ ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။

▷ ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။

▷ နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ - ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 - ၀၉-၃၁၀၂၂၈၁၆၊ ၀၉-၂၅၀၃၆၁၅၄၁




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စေတနာထားတတ်လျှင် မြတ်သည်။ စေတနာသည် တူသော အကျိုးကို ပေးသည်ဟူသည့် မြန်မာစကားများ ရှိပါသည်။ ကောင်းသော စေတနာထား၍ လုပ်လျှင် ကောင်းကျိုးပေးပြီး မကောင်းသော စေတနာဖြင့် လုပ်လျှင် မကောင်းကျိုးကို ပေးမည်မှာ ဓမ္မတာဖြစ်ပါသည်။ နျူတန်၏ နိယာမကဲ့သို့ သက်ရောက်မှုတိုင်း၌ ၎င်းနှင့် ညီမျှသော တန်ပြန်သက်ရောက်မှု ရှိသည်။ စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာဆိုးလျှင် ကံဆိုးမည်။ စေတနာညံ့လျှင် ကံညံ့မည်။ အဘိဓမ္မာ၌ စေတနာကို ကံကောက်သည်။

စာရေးသူသည် ၁၉၈၇ခုနှစ်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ပြည်နယ် တရားရုံးတွင် တရားရေးဝန်ထမ်းအဆင့်(၃) အဖြစ် တာဝန်ကျပါသည်။ ၎င်းနောက် တွဲဖက်မြို့နယ် တရားသူကြီးအဖြစ် စစ်တွေမြို့နယ် တရားရုံးကို ပြောင်းရွှေ့နေရာချထားခြင်း ခံရပါသည်။ စစ်တွေမြို့နယ်၊ တရားရုံးတွင် တာဝန်ထမ်းဆောင်စဉ် ခြောက်လလောက်အကြာ၌ ဘူးသီးတောင်မြို့နယ်၊ တရားရုံး၌ မြို့နယ်တရားသူကြီးနေရာ လစ်လပ်သွားခြင်းကြောင့် အရေးပေါ် တရားသူကြီးအဖြစ် ပြောင်းရွှေ့ပေးရန် အမိန့်ထွက်လာသဖြင့် ဘူးသီးတောင်သို့ ပြောင်းရပြန်ပါသည်။

ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်နှင့် မောင်တောမြို့များသည် အိန္ဒိယလူမျိုး အများဆုံးနေထိုင်ရာ မြို့များဖြစ်ပါသည်။ တရားရုံးသို့ တက်လာသော အမှုများမှာလည်း ကုလားအချင်းချင်းဖြစ်သည့် အမှုများသာ ဖြစ်ပါသည်။ အမှုစစ်သည့်အခါ စကားပြန်ထား၍ စစ်ရပါသည်။ စာရေးသူရောက်သည့်အချိန်မှာ အရေးအခင်းဖြစ်ပြီးစအချိန်ဖြစ်သောကြောင့် လူသတ်မှု၊ မုဒိမ်းမှုများကို အများဆုံး စစ်ဆေးရပါသည်။ ခေါင်းဖြတ်သတ်သည့် အမှုများလည်း ပါ,ပါသည်။

ထိုစဉ်က ဘူးသီးတောင်မြို့၌ ရုံးထိုင်သော ဗျူဟာမှူးကြီးမှာ အလွန်လက်သံပြောင်သည်ဟု နာမည်ကြီးနေပါသည်။ ဝန်ထမ်းများကို ပြောစရာရှိလျှင်လည်း မညှာမတာ ရင့်ရင့်သီးသီးပြောပြီး ဟိန်းလိုက် ဟောက်လိုက်ဖြင့် အလွန်ကြောက်နေရပါသည်။

သို့သော်လည်း မြို့နယ် မ•ဝ•တ ဥက္ကဋ္ဌ (မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) ဗိုလ်မှူးမှာ အလွန်သဘောကောင်းပြီး ဌာနဆိုင်ရာအကြီးအကဲများကိုလည်း ရင်းရင်းနှီးနှီးဆက်ဆံကာ ချိုချိုသာသာပြောဆိုပါသည်။ စာရေးသူ၏ ဇနီးနှင့် မ•ဝ•တ ဥက္ကဋ္ဌ ကတော်တို့မှာ အလွန်ခင်မင်ရင်းနှီးကြပါသည်။

တစ်ရက်တွင် ဗျူဟာမှူးကြီးက အရေးပေါ် အစည်းအဝေးရှိ၍ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးသို့လာရန် မြို့နယ် တရားသူကြီးနှင့် မြို့နယ် ဥပဒေတာဝန်ခံတို့ထံ အကြောင်းကြားသဖြင့် ညနေပိုင်းတွင် အစည်းအဝေးသို့ သွားပါသည်။

အစည်းအဝေးရောက်သည့်အခါ မြို့နယ် စခန်းမှူးက ယခုရောက်ရှိလာသော မြို့နယ်တရားသူကြီးမှာ အသစ်ဖြစ်ကြောင်းပြော၍ ဗျူဟာမှူးကြီးနှင့် မိတ်ဆက်ပေးပါသည်။

အစည်းအဝေးစသည့်အခါ ဗျူဟာမှူးကြီးက ဘူးသီးတောင်မြို့မှာ နံရံကပ် ပိုစတာများနှင့် နိုင်ငံရေးလှုံ့ဆော်သည့် လက်ကမ်း စာစောင်များကို ကျောင်းသား လူငယ်တစ်စုက လိုက်လံ ဖြန့်ဝေပြီး နိုင်ငံရေးလှုံ့ဆော်မှုများ ပြုလုပ်နေကြောင်း သတင်းရသဖြင့်၊ ထိုကျောင်းသား လူငယ်အုပ်စုအား ဖမ်းဆီးချုပ်နှောင်ထားကြောင်း၊ ထိုကျောင်းသားအုပ်စုကို ထိရောက်သော ပြစ်ဒဏ်များ ပေးနိုင်ရန် ပုဒ်မ ၅(ည)နှင့် အရေးယူ တရားစွဲနိုင်ရန်အတွက် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

အစည်းအဝေးမစခင်တွင် ထိုကျောင်းသားအုပ်စုထဲ၌ ပညာတတ် ကျောင်းသားတစ်ယောက်ပါဝင်နေကြောင်း၊ စက်မှုတက္ကသိုလ်မှ တစ်နိုင်ငံလုံးတွင် ပထမရသော နောက်ဆုံးနှစ် အောင်ထားသည့် ကျောင်းသားလေးတစ်ယောက်ပါဝင်နေပြီး၊ ထိုကျောင်းသားလေးမှာ အိမ်ထောင်ကျ မင်္ဂလာဆောင်ပြီးသည်မှာလည်း သိပ်မကြာသေးကြောင်း သိရပါသည်။

ဗျူဟာမှူးကြီးမှ ပြောဆိုမှာကြားစရာရှိသည်များကို မိန့်ကြား၍ အစည်းအဝေးကျင်းပနေစဉ် စာရေးသူ၏ ခေါင်းထဲ၌ အတွေးတစ်ခုပေါ်လာပါသည်။ ပညာတတ် ကျောင်းသားတစ်ယောက်ပါဝင်နေသည့်အတွက် ထောင်ချလိုက်လျှင် သူ့ဘဝ နစ်မွန်းသွားနိုင်ပြီး တိုင်းပြည်အတွက်လည်း အဖိုးတန်သော အင်ဂျင်နီယာအတတ်ပညာရှင်တစ်ဦး ဆုံးရှုံးသွားမည်ဖြစ်သောကြောင့် “နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ” ပုဒ်မ ၅(ည)အစား ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)ဖြင့် တရားစွဲလျှင် နောက်နောင်တွင် ထိုကဲ့သို့သော ပြစ်မှုမျိုးကို ကျူးလွန်နိုင်မည်မဟုတ်သောကြောင့် ထိုကျောင်းသားလေး၏ ဘဝရှေ့ရေးလည်း အခင်ပြေလာလိမ့်မည်ဟု စဉ်းစားမိပါသည်။

အစည်းအဝေးပြီးခါနီးတွင် ဗျူဟာမှူးကြီးက စာရေးသူဘက်သို့ လှည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com

"ပုဒ်မ ၅(ည)နဲ့ တရားစွဲမှာကို တရားသူကြီးက ဘယ်လိုသဘောရသလဲ"

ဟု မေးပါသည်။

စာရေးသူက ကုလားထိုင်မှ ထ၍…

"ဖျူဟာမှူးကြီး အမိန့်ရှိသလို ပုဒ်မ ၅(ည)နဲ့ တရားစွဲတာကတော့ မှန်ပါတယ်။ ဒါပေမယ့် ဒီထဲမှာ ပညာတတ်ကျောင်းသားလေးတစ်ယောက်ပါနေတဲ့အတွက် ထောင်ချလိုက်ရင် ဒီကလေးရဲ့ ဘဝတစ်ခုလုံး နစ်နာသွားမှာဖြစ်တဲ့အတွက် နောက်နောင် ဒီလိုလုပ်လို့ မရအောင် ခြေချုပ်နဲ့ ခံဝန်ဥပဒေ ပုဒ်မ ၅(၁)(ခ)(ဆ)နဲ့ အမှုဖွင့် တရားစွဲတင်ပို့ အမှုပြီးတဲ့အခါ ခံဝန်ချုပ်များ အသီးသီးချုပ်ဆိုပြီး ထိရောက်စွာ ဆောင်ရွက်ပေးမယ်ဆိုရင် သင့်တော်ပါလိမ့်မယ် ဖျူဟာမှူးကြီးခင်ဗျာ"

ဟု တင်ပြရာ ဖျူဟာမှူးကြီးက မြို့နယ်ဥပဒေတာဝန်ခံဘက်သို့ လှည့်ပြီး…

"အခု တရားသူကြီးပြောတာကို ဥပဒေအရာရှိကရော ဘယ်လိုပြောချင်ပါသလဲ"

ဟု မေးလေသည်။ ဥပဒေတာဝန်ခံက …

"မြို့နယ်တရားသူကြီးပြောတာ မှန်ပါတယ်"

ဟု ထောက်ခံလိုက်ရာ အစည်းအဝေးဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ပြီး အမှုဖွင့် တရားစွဲ၍ တရားရုံးသို့ တင်ပို့ပါသည်။

ထိုအမှုအား အချိန်ယူ စစ်ဆေးပြီး နောက်ဆုံးအမိန့်ချမှတ်မည့်နေ့တွင် ရဲစခန်းမှ အချုပ်ဖြင့် တင်ပို့လာသော ကျောင်းသားများအုပ်စုအား လက်ထိတ်များ ဖြုတ်ကာ နောက်နောင်တွင် မိမိနှင့် မသက်ဆိုင်သည့် နိုင်ငံရေးကို ပါဝင်ပြုလုပ်ပါက ထိရောက်စွာ ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကြောင်း၊ ယခုအကြိမ်သည် ပထမဆုံးဖြစ်၍ သက်ညှာစွာ ဆောင်ရွက်သည်ကို လိုက်နာမှု မရှိပါက ပုဒ်မ ၅(ည)နှင့် တရားစွဲမည်ဖြစ်ပြီး၊ အမြင့်ဆုံး ပြစ်ဒဏ်ကို ပေးမည်ဖြစ်ကြောင်း၊ ကျောင်းသားဆိုသည်မှာ ကျောင်းစာကိုသာ သင်ယူရမည့် တာဝန်ရှိကြောင်း၊ မိမိနှင့် မပတ်သက်သော နိုင်ငံရေးတွင် ပါဝင်ပတ်သက်လျှင် အချုပ်ခန်းထဲသာ ရောက်မည်ဖြစ်ပြီး ဘဝရည်မှန်းချက်တစ်ခုလုံးလည်း ဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ အကုန်အကျခံ၍ ကျောင်ထားလာခဲ့ရသည့် မိမိတို့၏ မိဘများကိုလည်း သနားငဲ့ညှာသင့်ကြောင်း၊ ပညာတတ်တစ်ယောက်ဖြစ်လာပြီး တိုင်းပြည်ကို အကျိုးပြုလျှင် နိုင်ငံနှင့် တိုင်းပြည်အတွက်လည်း ကောင်းကြောင်း၊



မိဘများကိုလည်း ပြန်လည်ကျေးဇူးဆပ်ရာရောက်ကြောင်း စသည်ဖြင့် နာရီဝက်ခန့် ဆိုဆုံးမ ဩဝါဒစကားမြွက်ကြားပြီး တရားရုံးတွင် ထိရောက်သော ခံဝန်ချုပ်များ အသီးသီးချုပ်ဆိုကာ အမှုမှ လွှတ်လိုက်ပါသည်။

စာရေးသူလည်း ဘူးသီးတောင်မှ ရန်ကုန်သို့ ပြန်ရောက်ပြီး စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၌ နေထိုင်စဉ် ယောက္ခမဖြစ်သူ လေဖြတ်သွားရာ ကြည့်မည့်သူ မရှိသောကြောင့် စာရေးသူတို့ လင်မယားအား မဲဇလီကုန်းသို့ ပြန်လာရန် အရေးပေါ် အကြောင်းကြားသဖြင့် သမီးကို ဖမ္မိကဝတီလမ်းရှိ ဘွားအေဖြစ်သူထံပို့ပြီး ပြန်လာခဲ့ရပါသည်။

မဲဇလီကုန်းတွင် နေစဉ် ကယ်တင်ခဲ့သည့် စက်မှုတက္ကသိုလ်ကျောင်းသား၏ ယောက္ခမဖြစ်သူလည်း ရန်ကုန်သို့ ပြောင်းရွှေ့လာသည်။ စာရေးသူ၏ မိတ်ဆွေနှင့်လည်း အလွန်ရင်းနှီးပြီး စာရေးသူ၏ မိတ်ဆွေနှင့်အတူ စာရေးသူအား ကျေးဇူးတင်ကြောင်း လာရောက်ပြောပါသည်။ စာရေးသူနှင့် ထိုသူ ရင်းနှီးခင်မင်သွားပါသည်။ စာရေးသူ ရန်ကုန်ရောက်သည့်အခါ သူ့အိမ်သို့ ဝင်ထွက်သွားလာပြီး သတင်းစာမှ GSM ဖုန်းများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများ

www.burmeseclassic.com

ခေါ်သည့်အခါ မိမိနာမည်ဖြင့် ထိုကျောင်းသားလေး၏ ယောက္ခမမှ လှူထားပေးကြောင်း ပြောပါသည်။

စာရေးသူလည်း မဲဇလီကုန်းတွင် နေထိုင်စဉ် မဲဇလီကုန်းမြို့မှ နှစ်မိုင်ခန့်အကွာ ရေသိုးကျေးရွာထိပ်တွင် ချုံများဖုံးနေသည့် စေတီလေးတစ်ဆူအား ပြန်လည်ပြုပြင်၍ ရေစက်ချ ပဋ္ဌာန်းပွဲပြုလုပ်ပြီးနောက် တစ်နေ့တွင် သမီးဆီမှ စာရောက်လာပါသည်။

"အဖေကြီးနာမည်နဲ့ ဖုန်းရလို့ ဆက်သွယ်ရေးရုံးက အိမ်ကို စာရောက်လာတယ်။ အမြန်လာပါ"

ဟု အကြောင်းကြားသဖြင့် စာရေးသူတို့ လင်မယားရန်ကုန်သို့ ရောက်လာပြီး ထိုကျောင်းသားလေး၏ ယောက္ခမအိမ်သို့ သွားခဲ့ပါသည်။ ထိုအခါ ဦးဖိုးခင်မှ…

"ဦးစီးနဲ့ ကျွန်တော်တို့ မိသားစု လေးဦး လှူထားတာ အားလုံးရတယ်။ ထုတ်ချေးက ၁၅သိန်းကျတယ်"

ဟု ပြောပါသည်။

ကျွန်တော့်လက်ထဲတွင်လည်း ၁၅သိန်းက အဆင်သင့်မရှိပါ။ ထိုစဉ် ရင်းနှီးသော ဖုန်းလိုချင်သူတစ်ဦးက သုံးလိုရာသုံးဟု ပြောပြီး ဆယ်သိန်းခွဲ လာပေးပါသည်။ ကျွန်တော့်မှာ ဆယ်သိန်းခွဲလည်း ရ၊ ဖုန်းလည်း ရပြီး အိပ်မက်များ မက်နေသလားဟု ထင်မိပါသည်။

တစ်ချိန်က စေတနာအမှန်ဖြင့် ဆောင်ရွက်ခဲ့သည့် အတွက်ကြောင့်ဖြစ်ပါသည်။

စာရေးသူ တရားသူကြီးသက်တမ်းတစ်လျှောက်တွင် ဥပဒေနှင့်အညီ ဥပဒေအတိုင်းသာ စီရင်ဆုံးဖြတ်ခဲ့ပါသည်။ သက်သေအထောက်အထား ခိုင်လုံနေပါလျှင် ထောင်ချရမည့်အမှုအား ထောင်ဒဏ်အမိန့်သာ ချမှတ်ပါသည်။ ဘူးသီးတောင်တွင် တောရွာများ၌ အိန္ဒိယလူမျိုးအချင်းချင်း ဂိုဏ်းဂနဖြင့် အုပ်စုဖွဲ့၍ ကျူးလွန်ကြသော အမှုများ ရှိပါသည်။ ထိုအမှုမျိုးတွင် အမှုမှန်ရှိသလို၊ မဟုတ်မမှန် သက်သေခံဖန်တီး၍ လုပ်ကြံစွဲဆိုသော အမှုများလည်း ရှိပါသည်။ ဥပမာဆိုလျှင် ကိုယ့်အိမ်ကိုယ် မီးရှို့ပြီး မိမိနှင့် မတည့်သောသူများကို တရားခံအဖြစ် ဘယ်သူက ရှို့သည်ဟု စွဲဆိုကာ တရားရုံးသို့ ရောက်ရှိလာသော အမှုများ ရှိပါသည်။ အချို့သော လူသတ်မှုများတွင် တရားခံအစစ်မှာ ထွက်ပြေးသွားသော်လည်း မိမိတို့နှင့် မတည့်သော အုပ်စုကို တရားခံအဖြစ် တိုင်ကြားစွဲဆိုသော အမှုမျိုးလည်း ရှိပါသည်။ ထိုအမှုမျိုးတွင် နောက်ဆုံး အမိန့်ချမှတ်ခါနီး၌ ထိုတရားခံများကို ထောင်ချပေးရန် တစ်ဖက်အုပ်စုက စာရေးသူထံသို့ ချဉ်းကပ်လာလျှင် လုံးဝ လက်မခံပါ။ ထောင်ဒဏ်ချမှတ်ရမည့်အမှုကို ထောင်ဒဏ်ချမှတ်၍ လွှတ်ရမည့်အမှုကို ငွေဖြင့်ဖြားယောင်းလာလျှင်လည်း လက်မခံပါ။ သက်သေခံအထောက်အထားများအတိုင်း ဥပဒေနှင့်အညီသာ စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် ဝန်ထမ်းဘဝမှ အငြိမ်းစားယူသည့်အခါတွင်လည်း မိမိကိုယ်ကိုယ် မိမိ လိပ်ပြာသန့်ခဲ့ပါသည်။ မိမိ မဟုတ်မမှန်တာ မလုပ်ခဲ့ကြောင်း သစ္စာဆို၍ ပြောရဲပါသည်။

အကြောင်းတရားတို့ကြောင့် အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့လေးတွင် နေထိုင်သည့်အခါ အနီးအနား တောရွာများတွင် နှစ်ပေါင်းများစွာ ချုံနွယ်များ ဖုံးအုပ်နေသည့် စေတီများကို ပြင်ဆင်မွမ်းမံခဲ့ရာ ချုံတောထဲက ဘုရားဒါယကာဖြစ်နေသော်လည်း စာရေးသူနှင့် အပတ်စဉ်တူ သူငယ်ချင်းများမှာ ပြည်နယ်-တိုင်းဒေသကြီး တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး တရားသူကြီးများ ဖြစ်နေကြပါသည်။

နိဂုံးချုပ်ရပါလျှင် စေတနာသည် တူသောအကျိုးကိုပေးသည်မှာ ဓမ္မနိယာမဖြစ်ပါသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးပေးမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုးပေးမည်ဖြစ်ပါသည်။ လူ့ဘဝရခိုက် မိမိ၏ တစ်ခဏတာဘဝလေးကို အရာရာ၌ စိတ်ကောင်း၊ စေတနာကောင်းထား၍ လုပ်ဆောင်ကြပါလျှင် မိမိအကျိုးလည်း အောင်၍ သူတစ်ပါးအကျိုးကိုလည်း ဆောင်ရာရောက်ပါသောကြောင့် အတ္တ၊ ပရ နှစ်ပါးသောအကျိုးကို ဖြစ်ထွန်းစေပါသည်။ စေတနာသည် ကံပင်ဖြစ်ပါသည်။

□



www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

| | | |
|---|---|---|
| ၂၉ | ၁၄ | ၆ |
| လ ၅ | | ၃ |
| | ၀ | ၈ |

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၁၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## တိကျမှန်ကန်လို့ အံ့သြမဆုံး

ဆရာ ရှင့်  28 . 1 . 2005

1998 ခုနှစ် ဆရာ နှင့် လာတွေ့ အချိန်က .

အသက် ၂၇ နှစ် နဲ့ ၂၈ နှစ်ကြား မှာ 'ထူးချွန်ဆု ရရှိမယ်လို့ ဟောခဲ့ပါတယ်..။

ထင်မထား ခဲ့ပါဘူး..။

2003 ခု ဇန်နဝါရီလ မှာ ဆရာ့ဆီ ဒုတိယ အကြိမ် သွားတော့ ..

ဒီတစ်နှစ် သုံးလ အတွင်း မှာ 'ထူးချွန်ဆု ~~ရ~~ ရမယ် လို့ ထပ်ပြောပါတယ်..။

အဲဒါ လဲ မမျှော်လင့် ခဲ့ပါဘူး..။

အခု ဆရာ ဟောတဲ့ အတိုင်း မမျှော်လင့်ပဲ သမီး 'မြန်မာ့ရုပ်ရှင် ထူးချွန်ဆု


ရရှိခဲ့ပါတယ်..။

ဆရာ့ ဟောကြားချက်တွေ တိကျ မှန်ကန် လို့ အံ့သြမဆုံး ဖြစ်ရပါတယ်..။

လေးစားစွာဖြင့်လျက်

စိုးမြတ်နန္ဒာ.

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုတင်မောင် ဆင်ကုန်းနီးများကို စစ်ဆေးနေသည်။ ဆင်ကုန်းနီးဟူသည်မှာ ဆင်များကို သစ်ဆွဲရာ၌ ဆင်ပြင်ပေးရသော တန်ဆာပလာများပင် ဖြစ်သည်။ ကုန်းနီးအကြောင်းကို တစ်ခုချင်းပြောလျှင်ကား များလွန်းသည်။ ထိုထိုကုန်းနီးတန်ဆာပလာများကို သေသပ်နိုင်ခံ့စွာဖြင့် ပြုလုပ်ပြင်ဆင်ပြီးမှ ဆင်၏ ကျောကုန်းပေါ်တွင် တပ်ဆင်ကာ သစ်ဆွဲခြင်းအလုပ်ကို ပြုလုပ်ကြရသည်။

ထို့ကြောင့် ဆင်လုပ်သားများမှာ ဆင်နှင့် ပတ်သက်သော ကုန်းနီးစသည့် ကိရိယာတန်ဆာပလာများကို အမြဲတမ်းပင် ကြည့်ရှု စစ်ဆေးပြီး ကြိုတင်ကာ လိုသလို ပြုပြင်ပေးနေကြရသည်။

ကိုတင်မောင်က တောင်ငူမြို့ ဆင်သူဌေးကြီး ဦးချစ်၏သားဖြစ်သည်။ ဖခင် ဦးချစ်က မြို့ပေါ်တွင် နေထိုင်ပြီး သားဖြစ်သော ကိုတင်မောင်က ဆင်တစ်အုပ်ဖြင့် တောထဲမှာ သစ်ထုတ်လုပ်ငန်းများကို ဆင်လုပ်သားများ၊ သစ်ခုတ်သမားများနှင့် အတူနေထိုင်ပြီး လုပ်ကိုင်နေရသည်။

ဖခင် ဦးချစ်က မြို့ပေါ်မှာ နေထိုင်ရင်း အစိုးရထံမှ သစ်ကွက်များကို သတ်မှတ်ဝယ်ယူကာ သားဖြစ်သော ကိုတင်မောင်အား သစ်ကွက်မြေပုံကို ထောက်ပြပြီး တောထဲသို့ ပို့ကာ သစ်ခုတ်သမား၊ ဆင်လုပ်သားများနှင့် အတူနေထိုင်စေပြီး သစ်ခုတ်၊ သစ်ထုတ်လုပ်ငန်းများကို လုပ်ကိုင်စေသည်။

ထို့နောက် ဦးချစ်က သားဖြစ်သော ကိုတင်မောင် တောထဲမှ ဝါးဖောင်ဖြင့် ပို့ပေးလိုက်သော သစ်များကို မြို့ပေါ်တွင် ရောင်းချပြီး ဆင်သမားများ၊ သစ်ခုတ်သမားများအတွက် စားနပ်ရိက္ခာများ ဝယ်ပို့ပေးခြင်း၊ ဆင်များအတွက် လိုအပ်သော ဆေးဝါးဓာတ်စာများကို ဝယ်ခြမ်းပို့ပေးခြင်း စသည်ဖြင့် ပြုလုပ်ပေးသည်။

ဤသို့ဖြင့်ပင် သားအဖနှင့် ဆင်လုပ်သား၊ သစ်ခုတ်သားများ သံသရာလည်ကြရသည်။

◈◈◈

"ဟေး··· မောင်တင်မောင်"

ကိုတင်မောင်သည် ကုန်းနီးထိုးရန် နပက်လုံး(တောထဲမှ ခုတ်ယူရရှိသော ကြိမ်အကြီးစားမျိုး)များကို ခွဲခြမ်းနေရင်း ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်စဉ် ကရင်အမျိုးသားကြီး ဦးခွါးစော ခပ်သုတ်သုတ်လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

"ဟာ·· ဦးခွါးစောကြီးပါလား။ စောစောစီးစီး၊ ဘာများတုန်း

"ဘာများတုန်းဆို မနေ့ကပေါ့။ ငဒေါက်မ,ချောင်းဖျား သစ်ခုတ်ဝိုင်းက ဖိုးသားအကြီးကောင် စောပညာကို တောဝက် ပက်ခံရလို့ စောင်ပုခက်နဲ့ ထမ်းပြီး ညကြီးမိုးချုပ် အိမ်ကို ရောက်လာကြတယ်"

"ဟာ···"

ကိုတင်မောင် အံ့ဩသွားသည်။

ဦးခွါးစောက ဆက်ပြောသည်။

"ဒါပေမယ့် ညဆိုတော့ မမြင်မကမ်းနဲ့ ဆက်မလာဖြစ်ကြဘူး။နွေရာသီဖြစ်လို့ ခပေါင်းရေကလည်း မရှိတော့ ရေလမ်းက ဝါးဖောင်နဲ့လည်း မဖြစ်ပြန်ဘူး။ ဒါကြောင့် အခု မနက်မှ အိမ်နီး အိမ်နားက လူတွေကို အကူအညီတောင်းပြီး စောင်ပုခက်နဲ့ နောက်က ထမ်းလာကြလေရဲ့။ ငါကတော့ နင့်ဆီမှာ ဆင်,အကူအညီတောင်းချင်လို့ အစောကြီးထပြီး ထွက်လာခဲ့တာ"

"ဟုတ်ကဲ့။ စောပညာက ကျွန်တော့်အလုပ်သမားပဲ။ ဒါ့ကြောင့် စောပညာ ရောက်လာတဲ့အခါ ဆင်မသန်းနဲ့ လိုက်ပို့ပေးပြီး လိုအပ်တဲ့ ငွေကြေးက စလို့ ကျွန်တော် ကူညီပါ့မယ်။ အခုလို မနက်အစောကြီး ဆင်တွေ အလုပ်မထွက်ခင် လာပြောတော့ ပိုပြီးတောင် အဆင်ပြေသွားတာပေါ့"

"ဒါ့ကြောင့်လည်း နင်တို့ လူစု အလုပ်မထွက်ခင် မီအောင်ဆိုပြီး အစောကြီး ထွက်လာတာပ"

(ထိုအချိန်က ရှစ်တန်းကျောင်းသားလေး ကျွန်တော် မောင်ထွန်းရီ ဤစာရေးသူ အနားမှာ ရှိနေသည်။ နွေရာသီ ကျောင်းပိတ်၍ ကိုတင်မောင် စသည့် အစ်ကိုများနှင့်အတူ ဆင်စခန်းမှာ လာနေခြင်းလည်းဖြစ်သည်။ ကျွန်တော်၏ မွေးရာပါ သဘောကလည်း တောထဲ တောင်ထဲတွင် ပျော်မွေ့တတ်သည်။

ထို့ကြောင့် ယခု ကြားလိုက်ရသည့် တောတွင်း လျှို့ဝှက်ဆန်းကြယ် စွန့်စားခန်းကြီးဖြစ်သော တောဝက် အန္တရာယ်အကြောင်းကို စပ်စပ်စုစု သိလိုစိတ်ဖြင့် မေးကြည့်လိုက်ခြင်းဖြစ်သည်။)

"ဦးကြီး ခွါးစော၊ တောဝက်ပက်တဲ့ အကြောင်းလေး ပြောပြပါလားဗျ"

"အေး၊ ငါလည်း စောပညာကို တောဝက်အပက်ခံလာရတယ်လို့သာ သိထားပြီး တောဝက် ပက်ခံရပုံ အကြောင်းနဲ့ ပတ်သက်လို့ အသေချာ မမေးရသေးဘူး။ ဒါ့ကြောင့် ဂယနဏ တော့ မသိသေးဘူးဝေး။ သူတို့ ခုတ်နေကြတဲ့ သစ်ဝိုင်းကလည်း တို့ရွာနဲ့ နေ့ဝက်လောက်သွားရတဲ့ ငဒေါက်မ ချောင်းဖျားမှာလေ။ စောပညာကို ထမ်းပြီး လာပို့ကြတဲ့လူတွေ ပြောတာကတော့ ဒီကောင့်ကို အသိုက်သိက


www.burmeseclassic.com

www.burmeseclassic.com

တောဝက်ကြီးတစ်ကောင် ထွက်လာပြီး တွယ်လိုက်တယ်ဆိုလားပဲ။ ဝက်သိုက်ရှိမှန်း မသိလို့ နမော်နမဲ့သွားနေရင်း အတွယ်ခံရတာဖြစ်မယ်။ မသေလို့ ကံကောင်းပ"

"ဒီကောင်ဟာလေ၊ လူကြီးတွေပြောနေတုန်း ဘာတွေမေးနေမှန်း မသိဘူး"

ဟု ကိုတင်မောင်က ကျွန်တော့်အား ဟောက်သည်။

ဦးခွါးစောက တစ်ချက်ပြုံးလိုက်ပြီး…

"ရပါတယ်။ ကလေးဆိုတော့လည်း သိချင်မှာပ။ ဒီတော့ ဒီကောင်က ဘယ်သူလဲ"

"ကျွန်တော့်ဝမ်းကွဲညီပေါ့။ အခု ကျောင်းပိတ်လို့ လာနေတာပါ"

"ဩော်…ဩော်၊ ဒီလိုလား"

ထို့နောက် ကိုတင်မောင်က ပြောသည်။

"မင်း… အဲလောက်သိချင်ရင် စောပညာ ရောက်လာတဲ့အခါ မင်းကိုယ်တိုင် ဆင်မ သန်းစိန်နဲ့ လိုက်ပို့ပေးလိုက်။ အဲဒီမှာ တစ်လမ်းလုံး မင်းသိချင်တာတွေကို မေးပေရော့"

"ဩော်…ဟုတ်ကဲ့"

ဟု ဆိုကာ အလွန်အမင်းပျော်သွားမိ၏။

ထို့ကြောင့် ချက်ချင်းပင် သစ်ဆွဲရန် ဆင်ထားသော ဆင်မ သန်းစိန်၏ ကျောကုန်းပေါ်မှ ကုန်းနှီးများကို ကပျာကယာဖြုတ်ချကာ၊ လူစီးရန်အတွက် (ပုခက်) ကကြိုးများကို ပြန်တပ်ဆင်လိုက်သည်။

ကျွန်တော်သည် ဆင်မွေးသော ဆင်ပိုင်မျိုးရိုးမှ မွေးဖွားလာခဲ့၍ ဆင်နှင့် ပတ်သက်သော အကြောင်းအရာ အတော်များများကို ငယ်စဉ်ကပင် မျက်စိဝ,နေခဲ့သည်။ ထို့နောက် လေးတန်း၊ ငါးတန်းကျောင်းသားအရွယ်ကပင် ဆင်လိုက်စီးရင်း ကုန်းနှီး၊ ကကြိုးစသည်များကိုလည်း ကူညီတပ်ဆင်ပေးဖူး၍ ယခုအခါ ကုန်းနှီး၊ ကကြိုး တပ်ဆင်နည်းများကို ကောင်းစွာပင် နားလည်ပြီး တတ်ကျွမ်းလျက် ရှိနေပေပြီ။

ထိုအချိန်၌ ကိုတင်မောင်သည် သူ၏လက်စွဲတော် နှစ်လုံးပြူး သေနတ်ကြီးကို ပြောင်းတိုက်နေလေသည်။ နှုတ်မှလည်း …

"သစ်ကွက်ထဲမှာ တောဝက်သိုက်ရှိနေတာကို သိသိကြီးနဲ့ ဒီအတိုင်းထားလို့ မဖြစ်ဘူး။ နောက်ထပ် ဒီ့ထက် အန္တရာယ်များလာနိုင်တယ်။ ဒါ့ကြောင့် ကြိုတင် ရှင်းလင်းထားမှ ဖြစ်မယ်"

ဟုလည်း တိုးတိုးပြောသည်။

မနက် ဇနာရီအချိန်တွင် ကိုစောပညာကို စောင်ပုခက်ကြီးနှင့် ထမ်းပြီး ရောက်လာကြသည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် ကိုစောပညာကို ဆင်ပေါ် ကူတင်ပေးပြီး ချက်ချင်းပင် ဆင်စခန်းမှ ထွက်လာကြလေသည်။

◈◈◈

စောပလဲသည် ဦးခွါးစော၏သား၊ စောပညာ၏ ညီဖြစ်သည်။ အသက်က (၂၃)နှစ်။ သန်တုန်းမြန်တုန်း၊ အားခွန်ဗလ တောင့်တင်းသော အရွယ်လည်း ဖြစ်သည်။ တောမွေး၊ တောသွေးလေး ဖြစ်သည့်အလျောက် လယ်၊ ကိုင်း၊ တောင်ယာ၊ သစ်ခုတ်၊ ဝါးခုတ်၊ အမဲလိုက်၊ သားသတ် စသော ဘဝကို ကြမ်းတမ်းစွာဖြင့် ဖြတ်သန်းလာခဲ့သူလည်းဖြစ်လေသည်။ မုဆိုးတို့၏ အသိအတတ်ပညာများကို ဖခင်နှင့် အစ်ကိုတို့၏ထံမှ နည်းခံ၊ သင်ယူ၊ တတ်ကျွမ်းထားသည်။

ယခုတစ်လော အအဖေရော အစ်ကိုပါ အမဲလိုက်ခြင်းကို ရပ်နားထားကြသည်။ အဖေက အိမ်လုပ်ငန်းများကို လုပ်ကိုင်နေပြီး အစ်ကိုဖြစ်သူ စောပညာက သစ်ခုတ်လုပ်ငန်းတွင် ဝင်လုပ်နေသည်။

သည်အထဲ ငဒေါက်မ ချောင်းဖျားတောထဲတွင် အစ်ကိုဖြစ်သူ စောပညာ တောဝက်ပက်ခံရပြီး ပြင်းထန်စွာ ဒဏ်ရာရရှိကာ လူထမ်းနှင့် ပြန်လာရသည်။ ဝက်ပက်ဒဏ်ရာသည် နည်းနည်းပါးပါး မဟုတ်ပေ။ အသက်လုရင်း မြို့ဆေးရုံတိုင်အောင် တင်ပို့လိုက်ရသည့်အဖြစ်။

ယခုဆိုလျှင် အဖေကိုယ်တိုင် ကိုတင်မောင်၏ အကူအညီယူပြီး မြို့ဆေးရုံသို့ လိုက်သွားကာ ကိုစောပညာအား ပြုစုပေးနေရလေသည်။ ဒဏ်ရာက ပြင်းထန်သောကြောင့် အသက်မသေ၊ ဘဝ မပျက်သည့်တိုင်အောင် ကြာကြာကုသရမည့် သဘောရှိသည်။

တွေးရင်းက စောပလဲ ဒေါသထွက်သည်။ မူလ ဗီဇကလည်း မုဆိုး။ တောသား အရိုင်းလေးဖြစ်သည့်အလျောက် မုဆိုးလုပ်ရင်းနှင့် ကြီးပြင်းလာခဲ့သည်။ ထို့ကြောင့် သားဖမ်း၊ သားသတ်အလုပ်များကိုလည်း ကျွမ်းကျင်သည့် နာမည်ရ မုဆိုးလေးဖြစ်သည်။

သည်အထဲ ယခု အစ်ကိုဖြစ်သော စောပညာ ရက်ရက်စက်စက်ကြီး တောဝက်ပက်ခံလာရ၍ အတော်လေးပင် ခံပြင်းနေသည်။ သူ့အစ်ကို စောပညာအား ပက်လိုက်သော တောဝက်မှာ အသိုက်ထဲမှ ထွက်ပက်သည်ဟုလည်း ပြောပြကြသည်။

တွားသွား သတ္တဝါများထဲတွင် တောဝက်များသည်ကား ထူးဆန်းသည်။ မြေပြင်တွင် သစ်ကိုင်း၊ ဝါးကိုင်း၊ သစ်ခက်၊ ဝါးခက်၊ အရွက်အမျိုးမျိုးတို့



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အုံဖွဲ့ အသိုက်လုပ်ပြီး နေတတ်သော သတ္တဝါမျိုးဖြစ်သည်။

အမျိုးမျိုးသော အရွက်အခက်များဖြင့် ပြုလုပ်ထားသော်လည်း မိုးရာသီတွင် မိုးမယိုသည်အထိ တောဝက်များ တတ်စွမ်းကြသည်။ ဝင်ပေါက်၊ ထွက်ပေါက်ထားကာ ကျား စသော ရန်သူများ တိုက်ခိုက်၍ မရနိုင်သည် အထိလည်း လုံခြုံမှုရှိသည်။

သို့သော်လည်း တောဝက်များထက် အကြံသာပြီး ဉာဏ်ကောင်းကြသော လူတို့ကိုမူ တောဝက်များ မယှဉ်နိုင်ကြပေ။ လူကြံလျှင် တောဝက်များ ခံကြရသည်ချည်းဖြစ်သည်။

သည်အထဲ စောပလဲက ဝက်သိုက်ထိုးအတတ်ပညာကို သာ၍ကျွမ်းကျင်သည်။ မည်မျှအထိ ကြီးမားသော တောဝက်ကောင်ထီးကြီး ဖြစ်စေကာမူ စောပလဲ ကြံလျှင် ခံနိုင်လေ့ မရှိပေ။ ဝါးချွန်တစ်ချောင်းတည်းဖြင့်ပင် အလွယ်တကူ အသိုက်ထဲက တောဝက်များကို သတ်ဖြတ်နိုင်စွမ်းရှိသည်။

သည်မျှအထိ ဝက်သိုက်ထိုးကျွမ်းကျင်သော စောပလဲ၏ အစ်ကို စောပညာက ယခု တောဝက်အပက်ခံလာရသည်။ ကံကောင်း၍သာ အသက်ဘေးမှ သီသီလေးလွတ်မြောက်ခဲ့သည်။

တွေးရင်းက စောပလဲ လက်သီးကို ကျစ်ကျစ်ဆုပ်လိုက်မိသည်။ အစ်ကိုဖြစ်သူ စောပညာအား ပက်လိုက်သည့် တောဝက်ကြီးအားလည်း ရာဇဝင်ကြွေး ပေးဆပ်လိုသော စိတ်များကို ထိန်းမရအောင်ဖြစ်လာမိသည်။

ထို့နောက် စောပလဲသည် မကျေနပ်သောစိတ်ဖြင့် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် တစ်ဦးတစ်ယောက်ကိုမျှ အသိမပေးဘဲ တောရှင်းဓားတစ်ချောင်းမျှကိုယူကာ သစ်ခုတ်စခန်းမှ ထွက်လာခဲ့သည်။

◈◈◈

မနက်ဝေလီဝေလင်းမျှသာ ရှိသေး၍ အချိန်ကောင်းကြီးလည်း ဖြစ်သည်။ ယခုအချိန်ကပင် သွားမှ သူ့အစ်ကို စောပညာ ဗက်ပက်ခံလာရသော ငါးခေါက်မချောင်းများကို မနက် ၁၀နာရီအချိန်ရောက်ပေမည်။

ဤတော၊ ဤတောင်ပတ်ဝန်းကျင်ကို စောပလဲ ကျွမ်းကျင်သည်။ တောလုပ်သားများနှင့် သစ်ဝါးခုတ်ရင်း သူ့အဖေ/ အစ်ကိုများနှင့် အမဲလိုက်ရင်း အကြိမ်ကြိမ်သွားထားဖူးသည်။

ငါးခေါက်မ ချောင်းရိုးအတိုင်း ဆန်တက်သည်။ ငါးခေါက်မချောင်း၏ လက်ဝဲ,လက်ျာ တောင်တန်းကြီးများမှာ အုံ့မခန်းသော သစ်တောကြီးပင် ဖြစ်သည်။

လူနှစ်ဖက်၊ သုံးဖက်ခန့်ရှိသည့် ရောမ ကျွန်းပင်ကြီးများ၊ ပျဉ်းကတိုးပင်ကြီးများ၊ သစ်မာ၊ သစ်ရာ၊ အင်ကြင်း၊ ဗိတောက် စသော အဖိုးထိုက် အဖိုးတန် သစ်ပင်ကြီးများ၊ တစ်ပင်တည်းဖြင့်ပင် သစ်တစ်တန်မက ထွက်သည့် ကျွန်းပင်၊ ပျဉ်းကတိုးပင် စသည်များမှာလည်း စီလျက်ပင် ရှိနေလေသည်။

မနက်စောစောဖြစ်၍ နှင်းတဖြောက်ဖြောက်ကျနေဆဲ ဖြစ်သည်။ ကိုင်းလျှောက်နေကြသော ရှဉ့်၊ မျောက်တို့၏ ဟိုအပင်၊ သည်အပင်များကို ခုန်ကူးကြရာတွင် နှင်းကြွေသံကြောင့် ပတ်ဝန်းကျင်တိုင်အောင် ဆူညံသွားလေသည်။

ငါးခေါက်မချောင်းသည် ရိုးပေါက်ချောင်းဖြစ်သည့်အလျောက် တောနက်ပိုင်းသို့ ရောက်လာသောအခါ သိပ်ပြီး အပြန့်မကျယ်တော့ပေ။ ထို့ကြောင့်လည်း ဟိုဘက်တောင်၊ သည်ဘက်တောင် သစ်ပင်ကြီးများ၏ လက်တံရှည်သော သစ်ကိုင်း သစ်ခက်များသည် ချောင်းလယ်တိုင်အောင် ထိုးထွက်လျက် ရှိနေကြ၍ နေပြောက်မျှပင် မထိုးလောက်အောင် စိမ်းစိုအုပ်ဆိုင်းလျက် ရှိနေလေသည်။

စောပလဲသည် ငါးခေါက်မချောင်းရိုးအတိုင်း တစ်ကွေ့ပြီးတစ်ကွေ့ ဆန်တက်ရင်း သူ့အစ်ကို စောပညာ တောဝက်ပက်ခံလာရသော နေရာနှင့် မနီးမဝေးသို့ ရောက်လာလေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်သည်။ တိုက်ပွဲဝင်ရမည့် နေရာသည် သိပ်ပြီး မဝေးတော့။

ချောင်းဘေး ကမ္ဘူသို့ တက်ပြီး ဂင်းပိတ်(ဝါးဆစ်ပိတ်)ဝါးတစ်လုံးကို ရွေးခုတ်သည်။ ထို့နောက် အမြွှေးအခက်များကို သပ်ဖျင်ကာ အရင်းပိုင်းကို လူနှစ်ရပ်စာခန့် ဖြတ်ယူလိုက်သည်။ အဖျားကို မြနေအောင် ချွန်လိုက်သည်။ လက်ဖြင့် ဆကြည့်သည်။

တကယ့်ပျဉ်ကတိုး လက်ကိုင်ကဲ့သို့ လေးသည့် ဝါးလုံးချွန်လေးဖြစ်သွားလေသည်။ အသိုက်ထဲက တောဝက်တစ်ကောင်ကို အလွယ်တကူ သတ်ဖြတ်နိုင်သော အနေအထားမှာ ရှိနေလေသည်။

ထို့နောက် ကမ္ဘူအတိုင်း တောဝက်သိုက်ရှိရာဘက်ကို မှန်းဆကာ အာရုံစိုက်ပြီး မြေပြင်ကို ကြည့်ရင်းသွားသည်။ တောဝက်ခြေရာများကို စတင်တွေ့လာရသည်။

စောပလဲ ဒူးထောက်ထိုင်လိုက်ပြီး တောဝက်ခြေရာများကို အသေချာကြည့်သည်။ ခြေရာက အတော်လေးကြီးသည်။ တိုင်းကြည့်လိုက်ရာတွင် လက်သုံးလုံးကျော်ရှိသည်ကို တွေ့ရ၍ ဤတောဝက်ကြီးသည် နွားပေါက်တစ်ကောင်၏ ကိုယ်လုံးမျှအထိ ကြီးမည်ကို မှန်းဆနိုင်လေသည်။

www.burmeseclassic.com

ရောမ ကောင်ထီး ဝက်တောင်းကြီး ဖြစ်နိုင်သည်။ ကောင်ထီး ဝက်တောင်းကြီးများကို "သင်းကွဲကြီး" ဟုလည်း ခေါ်ကြသည်။ တစ်ချိန်သောအခါက အုပ်ထဲတွင် ဝက်မများစွာကို ပိုင်ဆိုင်ထားပြီး ဝက်ထီးအားလုံးတို့အား စိုးမိုးပိုင်ကျ အနိုင်ကျင့်ရင်း ကြီးစိုးလာခဲ့ရာ တစ်နေ့နေ့တွင် သူ့လို အားခွန်ဗလရှင် ဝက်တောင်းကြီးများ၏ ဝိုင်းဝန်းခုခံတိုက်ခိုက်ကြသည်ကို မခံနိုင်သဖြင့် ရှုံးနိမ့်ပြီး အုပ်ထဲမှ ထွက်ပြေးလာကာ ယခုကဲ့သို့ အထီးစံဘဝဖြင့် သိုက်အုံဖွဲ့ပြီး ကျက်စားနေပုံရသည်။

တောဝက်တောင်းကြီးများကို လျှော့တွက်၍ မရပေ။ ကိုယ့်အားကိုယ်ကိုး၊ တစ်ကောင်ထီးဘဝကို ထူထောင်နေချိန်ဖြစ်၍ ရန်သူများအား ရင်မဆိုင်ဘဲ ထွက်ပြေးသောအခါများ ရှိတတ်သလို၊ ခုခံပြီး တိုက်ခိုက်လျှင်လည်း သက်သာရာရရန် ခဲယဉ်းသည်။ ခွန်အားအကုန်၊ အသက်သေသည်အထိပင် တိုက်ခိုက်တတ်လေသည်။

ထို့ကြောင့် စောပလဲ သတိထားနိုင်မှုဖြစ်ပေမည်။ စောပလဲသည်လည်း အဖေ၊ အစ်ကိုများနှင့် ဝက်သိုက်ထိုးရန် လေးငါးကြိမ် လိုက်ဖူးသည်။ လေးငါးကြိမ်လုံးလည်း တစ်စုံတစ်ရာထိခိုက်ဒဏ်ရာမရဘဲ သတ်ဖြတ်အောင်မြင်ခဲ့ကြသည်ချည်းဖြစ်သည်။

ထို့ကြောင့် စောပလဲမှာ အသက်ပင် ငယ်သေးသော်လည်း ဖခင်နှင့် အစ်ကိုတို့ထံမှ မှဆိုးတို့၏ အတွေ့အကြုံအတတ်ပညာများကို အပြည့်အဝရရှိထားလေသည်။ အတွေ့အကြုံရင့်ကျင့်သောကြောင့်လည်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေ၍ ယခုကဲ့သို့ တစ်စုံတစ်ယောက်ကိုမျှ အသိမပေးဘဲ သိုက်အောင်း တောဝက်ကြီးအား သတ်ဖြတ်ရန် တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

စောပလဲ တောဝက်သိုက်ကြီးကို လှမ်းမြင်သွားလေသည်။ ထို့ကြောင့် ဝါးလုံးကြီးကို မြေမှာ ထောက်ပြီး တစ်အောင့်ကြာမျှ ရပ်ကြည့်နေမိသည်။ နည်းနည်းနောနော ဝက်သိုက်ကြီး မဟုတ်ပေ။ လူတစ်ရပ်သာသာခန့်မြင့်ပြီး တဲဘုတ်လေးတစ်ခုခန့်ပင် ရှိနေသည်ကို တွေ့ရသည်။

ဝင်ပေါက်သာရှိပြီး ထွက်ပေါက် မရှိပေ။ အချို့သော တောဝက်သိုက်များမှာ ဝင်ပေါက်၊ ထွက်ပေါက်ဟု နှစ်ပေါက်ရှိတတ်သည်။ နှစ်ပေါက်လုံးကိုလည်း ဝင့်ထွက်ရန် လွယ်ကူသောဘက်များမှာသာ လုပ်ထားလေ့ရှိသည်။ ရန်သူလာလျှင် အဆင်ပြေသည့်ဘက်မှ ထွက်ပြေးသွားတတ်သည်။

ယခုကဲ့သို့ တစ်ပေါက်တည်းသာ လုပ်ထားသော တောဝက်သိုက်များမှာ မည်သည့် သားရဲကိုမျှ ဂရုမစိုက်ဟူသောသဘောဖြင့် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည်ကို ပြသနေခြင်းပင်ဖြစ်သည်။ ခြေရာကြီးကို မြင်လိုက်ရရုံဖြင့်လည်း ရောမ တောဝက်တောင်းကြီး တစ်ကောင်ဖြစ်နေသည်ကို သိနိုင်၍ တော်ရုံ ရန်သူ သားရဲများကို ဂရုမစိုက်လောက်ဟု နားလည်နိုင်လေသည်။

စောပလဲသည် သစ်ရွက်တစ်ရွက်ကို အသာလေး ခူးဆွတ်ကာ မြှောက်တင်လိုက်သည်။ ထို့နောက် သစ်ရွက်လွင့်သွားသည့် လေအောက်ဘက်က ချဉ်းကပ်ပြီး အသိုက်ထဲကို အာရုံစိုက်ကာ နားထောင်ကြည့်သည်။ တောဝက်ကြီး၏ တအင်းအင်းဖြင့် အသက်ရှုသံကြီးကို ကြားနေရသည်။ တောဝက်ကြီးညဘက်မှာ အစာကို အဝရှာစားထားပြီး ယခု အိပ်ပျော်နေခြင်းပင် ဖြစ်ပေလိမ့်မည်။

အရိပ်ရ သစ်ပင်ကြီးအောက်တွင် လက်မ၊ ခြေမ၊ လက်မောင်းခန့် သစ်ကိုင်းများကို ကိုက်ချိုးယူပြီး သစ်ရွက်ခြောက်များဖြင့် မွမ်းမံကာ အခိုင်အခံ့တည်ဆောက်ထား၍ တောဝက်ကြီး သူ့အသိုက်ကို အပြည့်အဝ ယုံကြည်နေပုံရသည်။

တောဝက်ကောင်ထီးကြီးများမှာ ရန်သူများ အလွယ်တကူ မတိုက်ခိုက်နိုင်ရန် အသိုက်ကြီးကို ခိုင်ခံ့လုံခြုံစွာဖြင့် တည်ဆောက်ထားကြသော်လည်း အပါတည့်တည့်က အလင်းရောင် ရရှိရန်နှင့် လေရှူပေါက်ကြီးတစ်ခုထားရှိတတ်သည်ကို စောပလဲ သိထားသည်။

စောပလဲသည် တောဝက်သိုက်ကြီး၏ အခြေအနေအရပ်ရပ်ကို ကြည့်ရှု အကဲခတ်ပြီးနောက် အသိုက်နားက သစ်ပင်ကြီးကို ခြေဖော့ဖော့နင်းပြီး တက်သည်။ ထို့နောက် အသိုက်ပေါ်က ကိုင်းကို လျှောက်သွားပြီး အသိုက်ထဲကို ငုံ့ကြည့်လိုက်ရာ တောဝက်ကြီး အိပ်ပျော်နေသည်ကို ပြတ်ပြတ်သားသားကြီးပင် တွေ့ရလေသည်။

စောပလဲသည် သစ်ကိုင်းခြောက်တစ်ခုကို ချိုးယူပြီး တောဝက်ကြီးအား ပစ်ပေါက်လိုက်သည်။ တောဝက်ကြီးအား သူ၏အနီးအနားသို့ ရန်သူရောက်နေပြီဟု အသိပေးလိုက်ခြင်းပင် ဖြစ်သည်။

ဝက်သိုက်ထိုး မုဆိုးများသည် အသိုက်ထဲက တောဝက်များကို သေနတ်၊ လေး၊ လုံ တစ်ခုခုဖြင့် ပစ်၊ ထိုး၊ သတ်ဖြတ်ကြရာ၌ သေနတ်ဖြင့်ပစ်သတ်လျှင်ဖြစ်စေ၊ လုံနှင့် ထိုးသတ်လျှင် ဖြစ်စေ၊ သည်အတိုင်း အိပ်ပျော်နေတုန်းကို သတ်ဖြတ်လေ့ မရှိကြပေ။

အိပ်ပျော်နေသည်ကို တစ်စုံတစ်ခုဖြင့် အသိပေးကာ နိုးထစေလိုက်ပြီး ခုခံခြင်း၊ တိုက်ခိုက်ခြင်း စသောအခွင့်အရေးကို ပေးလေ့ရှိကြသည်

www.burmeseclassic.com

ပြီးမှ သတ်ဖြတ်ကြသည်။ ဤသည်မှာ ဝက်သိုက်ထိုး မုဆိုးတို့၏ ကျင့်ဝတ်ပင် ဖြစ်သည်။

ယခု တောဝက်ကြီးမှာ နိုးသွားသော်လည်း ထွက်ပြေးခြင်း၊ ဟိန်းဟောက်ခြင်း အလျဉ်းမရှိပေ။ မြေမှာ ဝပ်နေလျက်က နားရွက်ကြီးထောင်ပြီးသာ မလှုပ်မယှက် ငြိမ်သက်နေလေသည်။

ထို့ကြောင့် စောပလဲ နှိုးပြီးပြီ။ တာဝန်ကျေပြီ၊ လုပ်ငန်းစ၍ ရပြီ။ ဝက်သိုက်ထိုး မုဆိုးတို့၏ စည်းကမ်းအရ အိပ်ပျော်နေသော တောဝက်ကြီးကို နှိုးလိုက်သော်လည်း ထပြေးခြင်းလည်း မရှိတော့။

စောပလဲက ဝါးလုံးကြီးကို စနစ်တကျ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ထို့နောက် တောဝက်ကြီး၏ နောက်ကျော(လက်လှူပ်/အသည်း၊ အဆုပ်နေရာ)တည့်တည့်ကို ချိန်ရွယ်ပြီး သစ်ကိုင်းထက်မှ တောဝက်ကြီး၏ ကျောပေါ်သို့ ခုန်ချလိုက်လေသည်။

ဝက်ထိုး ဝါးလုံးကြီးသည် ပစ်မှတ်ကို ချိန်ရွယ်ထားသည့်အတိုင်း တိကျစွာဖြင့် ထိမှန်သည်။ ထို့ကြောင့် တောဝက်ကြီး၏နောက်ကျော လက်လှူပ်မှ ဖောက်ထွင်းသွားသော ဝါးလုံးသည် အသည်းပုံမှ ထွက်ကာ မြေကြီးထဲသို့တိုင်အောင် စိုက်ဝင်သွားလေသည်။

တောဝက်ကြီး နာကျင်စွာဖြင့် အော်ဟစ်ပြီး တအားရုန်းကန်လိုက်၍ ဝါးလုံးကြီးမှာ ဖြောင်းခနဲ ကျိုးသွားသော်လည်း ပစ်မှတ်ဖြစ်သော ချက်ကောင်း၊ အသည်းပုံကို ထိမိထား၍ စိုးရိမ်ဖွယ်ရာ မရှိတော့ပေ။ စောပလဲသည်လည်း တောဝက်ကြီးပေါ်သို့ မကျဘဲ ဝက်သိုက်ကြီးပေါ်မှာသာ ကားယားခွလျက် ရှိနေသောကြောင့် သွေးရူးသွေးတန်းဖြင့် တောဝက်ကြီး တိုက်ခိုက်လာမည်ကိုလည်း စိုးရိမ်ဖွယ် မရှိတော့။ တဂျိဂျိ အော်ရင်းက နေရာမှာပင် တောဝက်ကြီး အသက်ထွက်သွားလေသည်။

စောပလဲ အလွန်အမင်းကျေနပ်သွားလေ၏။ အစ်ကိုဖြစ်သူ စောပညာ၏ ရန်ကြွေးကို ကျေလည်စွာဖြင့် ပေးဆပ်နိုင်လိုက်ခြင်း၊ ကြီးမားသော တောဝက်ကြီးတစ်ကောင်ကို တစ်ကိုယ်တော် စွမ်းပကားဖြင့် အနိုင်ယူ သတ်ဖြတ်ခြင်း စသည်များမှာ မုဆိုးကျော်လေး စောပလဲ၏ အောင်ပွဲကြီးတစ်ရပ်သာ ဖြစ်လေသည်။

စောပလဲသည် တောဝက်ကြီး သေနေသည်ကို သိလျက်ဖြင့်ပင် စိတ်မချသေး၍ ဝက်သိုက်ပေါ်မှ အော်ဟစ်ကြည့်ခြင်း၊ ဝက်သေကြီးအား တုတ်ချောင်းဖြင့် ထိုးလှုပ်ကြည့်ခြင်း၊ ခြေထောက်ကြီးကို ကိုင်ဆွဲလှုပ်ကြည့်ခြင်း စသည်ဖြင့် စမ်းသပ်ကြည့်နေသေး၏။

တောဝက်ကြီးသေပြီ၊ လုံးဝ စိတ်ချရပြီဟု တိကျစွာဖြင့် သိရှိနားလည်ပြီးမှ ဝက်သေကြီးအား ထမ်းသယ်ရန်အတွက် သစ်ခုတ်သမား မိတ်ဆွေများ ရှိရာ သစ်ခုတ်စခန်းဘက်သို့ ဦးတည်ပြီး ထွက်လာခဲ့လေသည်။

◈◈◈

ကိုတင်မောင်သည် ဆင်ဦးစီးနှင့် ပဲချိတ်(ဆင်/ဦးစီး-နောက်လိုက်) လူပေါင်း နှစ်ဆယ်ကျော် ရှိကြသည့် အထဲမှ မုဆိုးအလုပ်ကို ဝါသနာပါပြီး အမဲလိုက်၊ အမဲသတ်ရာတွင်လည်း ကျွမ်းကျင်မှုရှိသော လူငါးယောက်ကို ရွေးထုတ်လိုက်သည်။ ထို့နောက် ပြောင်းတိုက်၍ အသင့်အနေအထား ဖြစ်နေသည့် နှစ်လုံးပြူး သေနတ်ကြီးကို ထောင်လျက် ကိုင်ထားပြီး အဖွဲ့သားများအား သူ့အစီအစဉ်ကို ပြောပြလိုက်သည်။

"ကိုင်း…ညီအစ်ကိုတို့ကို ခေါ်လိုက်ရတဲ့ အကြောင်းကတော့ မနေ့က ဆေးရုံကို တင်ပို့ပေးလိုက်ရတဲ့ စောပညာရဲ့ ရန်သူဖြစ်တဲ့ တောဝက်ကြီးကို တို့လူစု သွားရှင်းကြဖို့အတွက်ပါပဲ"

အဖွဲ့သားများမှာ မုဆိုးများဖြစ်ကြပြီး မုဆိုးစိတ်လည်း အပြည့်ရှိနေကြ၍ ကိုတင်မောင်၏ စကားအဆုံးတွင် တက်ကြွ ပျော်ရွှင်သွားကြလေသည်။

ယခု ကိုတင်မောင်တို့ ဆင်စခန်းလုပ်ထားကြသည်က ရေလယ်ခုံတွင်ဖြစ်သည်။ စောပညာကို တောဝက်ပက်လိုက်သည့် ငါးခေါက်မချောင်းဖျား သစ်တောနှင့် သုံးမိုင်ကျော်မျှ ဝေးသည်။ ထို့ကြောင့် အသွားအပြန် တစ်မနက်အလုပ်ပျက်ခံရမည်ဖြစ်သည်။

ကိုတင်မောင်က ဆက်ပြောသည်။

"အဲဒီတောဝက်ကြီးက အသိုက်အောင်းနေတာဖြစ်ပြီး သစ်ကွက်ထဲမှာလည်း ဖြစ်နေလေတော့ ဒီအတိုင်းထားလို့ အဆင်မပြေဘူး။ နောက်လူတွေကိုလည်း စောပညာလိုပဲ ဒုက္ခပေးကောင်း ပေးလာနိုင်ပါတယ်။ ဒါကြောင့် ချက်ချင်းသွားပြီး သတ်ပစ်မှ ဖြစ်မှာမို့ လက်စွမ်းထက်ကြတဲ့ ကိုယ့်ဆရာ မုဆိုးတွေကို စုခေါ်လိုက်တာပါ"

မောင်ထွန်းရီက ကိုတင်မောင်၏ အနားသို့ ကပ်သွားပြီး နှစ်လုံးပြူး သေနတ်ကြီးကို ပွပ်သပ်ကြည့်သည်။ ထို့နောက် ကိုတင်မောင်၏ လက်ထဲမှ အသာလေး ဖြုတ်ယူပြီး မကြည့်သည်။ ကိုတင်မောင်က စိတ်မရှည်ဟန်ဖြင့် တစ်ချက်ဆတ်ခနဲကြည့်ပြီး မောင်ထွန်းရီ၏ လက်ထဲမှ နှစ်လုံးပြူး သေနတ်ကြီးကို ပြန်ဆွဲယူသွားသည်။

"ဒီတော့ မောင်တင်မောင်၊ မင်း နှစ်လုံးပြူးတစ်လက်တည်းနဲ့ လုံလောက်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဦးစောဖောသော်တာက မေးသည်။

"ဟ...ဒါတော့ဗျာ။ အမဲပစ်ဖို့ သွားကြမယ့်ဟာပဲ။ လက်နက်ကတော့ များလေ ကောင်းလေပေါ့။ ဒီတော့ ခင်ဗျားတို့မှာ ရှိကြတဲ့ နှစ်လုံးပြူးတွေ၊ တူမီးတွေကိုလည်း ယူလာခဲ့ကြပေါ့။ ဟိုရောက်တော့ လိုသလို အသုံးချလို့ ရတာပဲ"

"ကိုကြီးတင်မောင်... သွားလည်း လိုက်မယ်ဗျာ။ သွားလည်း အမဲ တစ်ခါလောက် ပစ်ကြည့်ချင်လို့"

ဟု မောင်ထွန်းရီက ပြောလိုက်ရာ ကိုတင်မောင်က...

"ဘာဖြစ်နေတာလဲ ဒီကောင်။ မျောက်ပစ်သွားတယ် ထင်နေသလား။ မင်း..."

ဟု ပြောပြီး ဆီးဟောက်သည်။ မောင်ထွန်းရီလည်း နှစ်လုံးပြူး သေနတ်ကြီးကို ကြည့်ကာ ပစ်ကြည့်ချင်၍ နန့်နန့်တက်ဖြစ်နေသည်။ သို့သော် ကိုတင်မောင် ဟောက်လိုက်၍ ငြိမ်ကုပ်သွား၏။

"ဝုတ်...ဝုတ်...ဝုတ်"

ခွေးဟောင်သံများ ဆူညံသွားသည်။ ထို့ကြောင့် ခွေးများ ကြည့်ဟောင်နေသည့်ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြရာ စောပလဲ တောင်းတစ်လုံးကို ထမ်းပြီး လျှောက်လာနေသည်ကို တွေ့လိုက်ကြရသည်။

"ဟ...စောပလဲ၊ ဘယ်ကို တုန်းကွ။ မင်း သစ်မခုတ်ဘူးလား"

ဟု ကိုတင်မောင်က လှမ်းမေးသည်။ စောပလဲက ဘာမျှမပြောသေးဘဲ တောင်းကြီးကို ကိုတင်မောင်၏ အနားတွင် ချကာ မျက်နှာမှ ချွေးများကို သုတ်သက်ပြီးမှ ပြောသည်။

"ဒီမလေ...ကျွန်တော့်အစ်ကို ကိုပညာရဲ့ သွေးကြွေးကို ပေးနေတာ။ ဒါကြောင့် သစ်မခုတ်ဖြစ်ပါဘူး"

စောပလဲ ပြောသည်ကို ကိုတင်မောင် နားမလည်ပေ။ ထို့ကြောင့် စောပလဲ ထမ်းလာသော တောင်းကို တစ်ချက် ငုံ့ကြည့်ပြီး ထပ်မေးလိုက်သည်။

"ဘာတုန်း... မင်းအစ်ကို သွေးကြွေးဆိုတာ"

"ဒီမှာ...ဒီမှာ၊ အစ်ကို့သွေးကြွေးဆိုတာ"

ဟု ပြောပြီး စောပလဲက သစ်ခက်များဖြင့် အုပ်ထားသည့် တောင်းကို လှစ်ပြလိုက်သည်။ အထဲမှာ ဝက်သားတွဲ ငါးတွဲ။

ကိုတင်မောင်က ဝက်သားတွဲများကို တစ်ချက်ကြည့်လိုက်ပြီး စောပလဲ၏ မျက်နှာကို နားမလည်စွာဖြင့် စိုက်ကြည့်နေပြန်သည်။

"ကိုတင်မောင်ကလဲဗျာ၊ ဒါတောင် မသိသေးဘူးလား။အစ်ကိုပညာကို ပက်လိုက်တဲ့ တောဝက်ကြီးကို ကျွန်တော်ကိုယ်တိုင် ဝါးလုံးနဲ့ သွားထိုးသတ်လိုက်တာဗျ။ ဒါကြောင့် ဒီ တောဝက်သား ငါးပိဿာကို ကိုတင်မောင်တို့ ဆင်သမားတွေ စားဖို့ဆိုပြီး လာပို့တာပါ"

ကိုတင်မောင်က အသက်ကို တစ်ချက် ခပ်ပြင်းပြင်း ရှူရှိုက်လိုက်ပြီး သူလူများကို ကြည့်သည်။ ထို့နောက် စောပလဲအား မေးသည်။

"ဟိုက်ကောင်... တကယ်များလား"

"ဟာ...ဒါတောင် ကိုတင်မောင်က မယုံသေးဘူးလား"

"မယုံဘူးကွ။ အသိုက်အောင်းတဲ့ ကောင်ထီး တောဝက်တွေဆိုတာ တော်တော်ကြီးတယ်လို့ ငါ ကြားဖူးတယ်။ ဒီတော့ မင်းလို အကောင်က ကောင်ထီး တောဝက်ကြီးကို တစ်ယောက်တည်းသွားပြီး ဝါးလုံးနဲ့ ထိုးသတ်လိုက်တယ်ဆိုတော့ ဘယ်လို လုပ်ပြီး ယုံမှာလဲ"

"ဟုတ်တယ်လေ။ ကိုးဆုပ်နီးပါး ရှိတယ်။ အဲဒါ ကျွန်တော်တစ်ယောက်တည်းသွားပြီး ဝါးလုံးနဲ့ ထိုးသတ်လိုက်တာပဲ။ ကိုတင်မောင်က ကျွန်တော့်ကို မယုံပဲကိုး။ ကျွန်တော်က မုဆိုးကျော်ကြီး ဦးခွါးစောရဲ့ သား၊ မုဆိုးကျော် ကိုစောပညာရဲ့ ညီလေဗျာ။ အရွယ်ရောက်စကပဲ မုဆိုးအလုပ်နဲ့ ကြီးပြင်းလာခဲ့တာပါ။ ဒီတော့ အသိုက်ထဲမှာ အောင်းနေတဲ့ တောဝက်တစ်ကောင်ကို သွားသတ်လိုက်တာ ဆန်းသလားဗျ"

ကိုတင်မောင် သက်မတစ်ချက် ချလိုက်ပြီး ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်၏။ ထို့နောက် ပြောလိုက်သည်။

"အေးပေါ့လေ။ မင်းက မုဆိုးကြီး တစ်ယောက်ရဲ့ သား၊ မုဆိုးကျော် တစ်ယောက်ရဲ့ ညီ၊ မုဆိုးမျိုးရိုးဖြစ်နေလို့ မုဆိုးအလုပ်ကို ကျွမ်းကျင်တယ်ဆိုတာ တကယ်တော့ မဆန်းဘူးလို့ ဆိုနိုင်တာပေါ့။ ဒါပေမယ့် အသိုက်ထဲမှာ အောင်းနေတဲ့ တောဝက်တွေကို သတ်ဖြတ်ရတာ မလွယ်ဘူးလို့ ငါကြားဖူးပါတယ်။ ဒီအထဲ မင်းက တစ်ယောက်တည်း သွားသတ်လာတယ်ဆိုတော့ ငါ အံ့သြတာပေါ့။ မင်း သတ္တိရှိပြီး တော်လည်း တော်လို့ပါ။ ဒါကြောင့် ငါ မင်းကို အပြည့်အဝ ယုံကြည်သွားပြီ၊ ချီးလည်း ချီးကျူးပါတယ်"

"အကြောသိရင် မခက်ပါဘူးဗျာ။ အကြောမသိတဲ့ လူတွေအဖို့သာ ခက်ရင် ခက်မယ်။ ကျွန်တော်က အဖေတို့ အစ်ကိုတို့နဲ့ သိုက်အောင်း တောဝက်ကြီးတွေကို သတ်လာတာ နည်းမှ မနည်းပဲ"

ဟု ပြောပြီး စောပလဲက...



www.burmeseclassic.com

www.burmeseclassic.com

သူ့အဖေ၊ သူ့အစ်ကိုများနှင့် အသိုက်အအောင်းနေကြသည့် တောဝက်ကြီးများကို သတ်ဖြတ်လာခဲ့ဖူးသည့် အကြောင်းနှင့် ယခု တောဝက်ကြီးအား တစ်ယောက်တည်းသွားပြီး သတ်ဖြတ်လာပုံများကိုပါ စီကာပတ်ကုံး တစ်ခုချင်း ပြောပြလိုက်လေသည်။

ထို့ကြောင့် ကိုတင်မောင်မှာ သာ၍ပင် စောပလဲအား အံ့ဩသွားလေသည်။ စောပလဲကိုလည်း အထင်ကြီးပြီး လေးစားသွားလေသည်။ ထို့နောက် ချီးကျူးဂုဏ်ပြုသည့် စကားများကိုလည်း ထပ်ပြောလိုက်သည်။

"အေး··· စောပလဲ၊ မင်းက မုဆိုးမျိုးရိုးဖြစ်လို့ မုဆိုး အတတ်ပညာတွေကို တတ်ကျွမ်းတယ်ဆိုတာ ဟုတ်ပေမယ့် ဝက်သိုက်ထိုးရတဲ့ အလုပ်ကြီးကို မင်းတစ်ယောက်တည်း အသက်စွန့်ပြီး လုပ်ရဲတာတော့ ငါ တကယ် အံ့ဩပါတယ်ကွာ။ တော်ရုံ သတ္တိမျိုးနဲ့ ဝက်သိုက်ထိုးအလုပ်ကို လုပ်ရဲဖို့ဆိုတာလည်း မလွယ်ပါဘူး"

ထိုအခိုက်တွင် မောင်ထွန်းရီက တောင်းထဲမှ သစ်ခက်များကို ဖယ်ပြီး ဝက်သားတွဲများကို မြှောက်ကြည့်နေပြန်၍ ကိုတင်မောင်ဆီမှ အပေါက်ခံရပြန်သည်။

"ဟိုက်ကောင် မလုပ်နဲ့လေကွာ။ ငြိမ်ငြိမ်နေစမ်း။ တော်ကြာ ငါ မင်းကို ထုတ်တော့မယ်နော်"

မောင်ထွန်းရီက ဝက်သားတွဲများကို ဖျတ်ခနဲ တောင်းထဲသို့ ပြန်ထားလိုက်ပြီး လက်ကို ပုဆိုးစွန်ဖြင့် သုတ်ကာ ကိုတင်မောင်၏ နောက်ဘက်သို့ ပတ်ပြေးသွားသည်။

ထို့နောက် ကိုတင်မောင်က စောပလဲအား ဆက်၍ပြောသည်။

"ကိုင်း··· ဒီတော့ မင်းလည်း ဒီလောက်များတဲ့ တောဝက်သားတွေကို ငါ့ကို အလကားတော့ မပေးပါနဲ့။ ပိုက်ဆံယူသွားပါ။ မင်းသုံးဖို့နဲ့ မင်းအစ်ကို စောပညအတွက် ဆေးဖိုးလည်း ဖြစ်သွားအောင်ပေါ့"

"ဟာ···မလုပ်ပါနဲ့၊ မလိုပါဘူး။ ကျွန်တော့်မှာ တောဝက်သားတွေ အများကြီးပါ။ ဝက်ကူကိုင်ပေးကြတဲ့ သစ်ခုတ်သမားတွေကို ဝက်ခေါင်းကြီး ဖြတ်ပေးထားခဲ့တဲ့အပြင် ကလီစာလည်း တစ်ဝက်ပေးထားသေးတယ်။ ဝက်သားတွေကို ရွာအထိ ထမ်းပို့ကြတဲ့ လူတွေကိုလည်း တစ်ယောက် တစ်ပိဿာ ပေးလိုက်ပါသေးတယ်။ ပြီးတော့ ရွာထဲ လျှောက်ရောင်းလို့ မကုန်တဲ့ အသားတွေကိုလည်း တောင်ငူအထိ အရောင်းလွှတ်လိုက်ပါသေးတယ်။ တောဝက်ကြီးက ကိုးဆယ်နီးပါး ရှိတယ်လေဗျာ။ နည်းနည်းနောနောမှ မဟုတ်တာ။ ဒီတော့ ကျေးဇူးရှိတဲ့ ကိုတင်မောင်တို့ကို ဒီ ငါးပိဿာလေး တောင် မပေးရတော့ဘူးလား။ဒါတော့ မငြင်းနဲ့ဗျာ။ ငြင်းရင်လည်း ကျွန်တော် စိတ်ဆိုးမှာပဲ"

ကိုတင်မောင် သက်ပြင်းတစ်ချက်ချပြီး ပြုံးလိုက်၏။ ထို့နောက်···

"ကိုင်း··· ဟုတ်ပြီ။ ဒီတော့ မောင်ထွန်းရီ၊ တန်းပေါ်က ငါ့ပလေဇာ ကုတ်အင်္ကျီကို သွားယူလိုက်ပါကွာ"

မောင်ထွန်းရီ ခပ်သွက်သွက်ပင် တဲပေါ် ပြေးတက်သွားသည်။ ထို့နောက် ပလေဇာ ကုတ်အင်္ကျီကြီးကို ယူလာပြီး ကိုတင်မောင်အား ပေးလိုက်သည်။ ကိုတင်မောင်က ကုတ်အင်္ကျီကြီးကို စောပလဲအား လှမ်းပေးလိုက်သည်။

"အေး၊ ဒါကြီးတော့ ကြိုက်တယ်ဗျာ။ မငြင်းဘူး။ အခုဝတ်မှာ"

ဟု ဆိုကာ စောပလဲလည်း ချက်ချင်းပင် ဝတ်လိုက်လေသည်။

ထို့နောက် ကိုတင်မောင်က ယခု သူတို့ လူစုပြီး စီစဉ်နေကြသည့် အကြောင်းကို စောပလဲအား ပြောပြလိုက်သေးသည်။

"ငါက အခုပဲ မုဆိုးတွေကို စုပြီး အဲဒီ တောဝက်ကြီးကို လာသတ်မလို့ တောင် လုပ်နေတာကွ။ မသတ်လို့လည်း မဖြစ်ဘူးလေ။ ငါ့သစ်ကွက်ထဲမှာ တကယ့်အန္တရာယ်ကောင်ကြီး ဖြစ်နေတာကိုးကွ။ ဒါပေမယ့် အခုတော့ မင်းကိုယ်တိုင် သတ်လိုက်ပြီဆိုတော့လည်း စိတ်အေးရပြီပေါ့။ တို့ သွားသတ်နေစရာ မလိုတော့ဘူးပေါ့"

"မလိုတော့ပါဘူးဗျာ။ ကျွန်တော်ကိုယ်တိုင် အစ်ကို စောပညရဲ့ သွေးကြွေးအဖြစ် ရှင်းလိုက်ပါပြီ။ ကိစ္စပြီးပြီ။ အဲဒီမှာ အသားတွေကိုသာ ချက်ပြုတ်ပြီး အဝစားလိုက်ကြပေရော့။ကျွန်တော်လည်း ဒီကပဲ လှည့်ပြန်ပြီဗျို့"

ဟု ပြောထားခဲ့ကာ စောပလဲ ပြန်သွားလေသည်။

(စာကြွင်း

ငယ်စဉ်က ကိုတင်မောင်၏ သစ်ကွက်၌ တောတွင်းသားလေး စောပည၊ စောပလဲတို့ ညီအစ်ကိုနှင့် အသိုက်အအောင်း တောဝက်ကြီးတို့၏ အကြောင်းကို ယခု (၅၃)နှစ်ကြာမှ တင်ပြခွင့်ရလာခဲ့ပါကြောင်း···)

❐



www.burmeseclassic.com

www.burmeseclassic.com

# သားကောင်း သမီးကောင်း ရလိုသော်

နေလရောင်

ယနေ့ခေတ်သည် နည်းပညာသဘောအရ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲမှုမှာ မြန်ဆန်လွန်းလှပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများ၏ ဆိုရိုးစကားရှိသည်။ ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်း မကြွယ်နှင့်ဟူ၍ ဖြစ်သည်။ ရှေးရိုးအစဉ်အလာများကို တော်တော်များများက ပစ်ပယ်စ ပြုလာနေပြီဖြစ်သည်။ တိုးတက်လွန်းသော နည်းပညာရေစီးကြောင်းမှာ မျောပါရင်း ဈေးသုံးတွေ ကြွယ်လာကြသည်။

ကျွန်တော်တို့သည်ပင် ငယ်ရာမှ ကြီးလာ၍ အသက်၅၀နားသို့ပင် ရောက်ရှိလာပြီ။ ကျွန်တော်တို့ ရှင်သန်ကြီးပြင်းရာ ကာလတစ်လျှောက်လုံးတွင် ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားများက သူတို့မှတ်သားခဲ့ရာ လူကြီးသူမ ဆိုဆုံးမစကားများကို အမြဲတစေ ပြန်လည် ဖောက်သည်ချ ပြောကြားလေ့ရှိသည်။

ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားတို့၏ စကားများကို မတတ်သာ၍ နားထောင်သော်လည်း မြေဝယ်မကျ လိုက်နာကျင့်သုံးခဲ့ခြင်း မရှိ။ နားငြီးသည်ဟုပင် ထင်ခဲ့ကြသည်။ မပယ်ရှားနိုင်၍သာ သူတို့ပြောသော သက်ကြီးစကားများကို ဘယ်ဘက်နားက ဝင်ပြီး၊ ညာဘက်နားက ပြန်ထွက်သွားကြတာချည်းပင်။ နှလုံးသားထဲ၊ ဦးနှောက်ထဲမှာ ဘယ်တော့မှ မှတ်ထားရိုး မရှိခဲ့။

ဒါကြောင့်မို့ ထင်၏။ ကျွန်တော်တို့တွေ အရွယ်ရောက်လာတော့ နောင်းလူငယ် လူရွယ်များကို မှတ်မှတ်သားသား ပြောစရာ စကားများ မရှိသလိုဖြစ်ခဲ့၏။ အခုခေတ်တွင် ဟိုတုန်းကလို သက်ကြီးစကားတွေကို သက်ငယ်တွေ မကြားရတော့ပေ။

အမုန်းခံ၊ နားငြီးခံ ပြောဆိုမည့် သက်ကြီးများမှာ ဝမ်းစာမပြည့်ခဲ့လေသလား မသိ။ လူငယ်လူရွယ်တွေကပဲ နားထောင်ရကောင်းမှန်း မသိလို့ ဖြစ်သလိုနေရင်းကပင် ဒီအလေ့အထတွေ ပျောက်ကွယ်ကုန်တာလည်း ဖြစ်နိုင်သည်။

အိမ်ထောင်သည်တွေ ဖြစ်ကုန်ကြသော တူ၊ တူမအရွယ်များက သားကောင်း၊ သမီးကောင်းရဖို့ မေးကြ မြန်းကြသည်။ ကိုယ်က စာလေးပေလေး ဝါသနာပါပြီး ရေးသားနေတော့ သားသမီးရတာနှင့် ပတ်သက်ပြီး အရေးတယူ မေးမြန်းလာကြသည်။

အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေးတွေကတော့ ကျွန်တော်တို့ကို ပြောခဲ့ကြသည်။ ဘာမှ မှတ်မှတ်သားသား မရှိခဲ့တော့ ပြန်ပြောပြဖို့ အခက်တွေ့ရ၏။ ဝိုးတိုးဝါးတား သိသလိုလိုဖြင့်သာ အမှတ်ရပြီး လက်ဆင့်ကမ်းပေးဖို့ မစွမ်းသာပေ။

အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသားသော မြန်မာ့ဂုဏ်ရည်ရာဇဝင် ဖတ်စာကို မထင်မှတ်ဘဲ ဖတ်မိသည်။ အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေးတို့ ပြောခဲ့သော၊ ဆိုဆုံးမခဲ့သော သက်ကြီးစကားကို အထောက်အထားနှင့် သွားတွေ့တော့သည်။

တူ၊ တူမတို့ ဇနီးမောင်နှံကို ပြန်လည်ဖောက်သည်ချရင်းကပင် အားလုံးအတွက် ရည်စူးပြီး ဝေမျှချင်စိတ် ဖြစ်ပေါ်လာရတော့၏။

◈◈◈

www.burmeseclassic.com

သားကောင်း၊ သမီးကောင်း ရလိုသော ကိုယ်ဝန်ရှိစ အမျိုးသမီးငယ်များ လိုက်နာကျင့်ကြံအပ်သည့် သက်ကြီးစကားပင် ဖြစ်သည်။

"ယောက်ျား ဖောင်စီး၊ မိန်းမ မီးနေ"ဆိုသည့် စကားအဖိုင်းပင် ကိုယ်ဝန်ရှိစ အမျိုးသမီးငယ်များသည် တစ်ဖက်ကလည်း ခေတ်မီသော ဆေးပညာကို အားကိုးအားထားပြုရင်း တစ်ဖက်ကလည်း သက်ကြီးစကားများကိုလည်း စိတ်ထဲမှာ မှတ်သား၍ လိုက်နာသင့်ပေသည်။

ဟံသာဝတီဘုရင် ရာဇဓိရာဇ်၏ မိဖုရားဖြစ်သော "သုပဘာဒေဝီ"သည် ထူးမြတ်သော သားကောင်း၊ သမီးမြတ်များကို ရလို၏။ ထို့ကြောင့် မည်သို့ ကျင့်ကြံနေထိုင်အပ်ကြောင်းကို ပညာရှိ အမတ်ကြီး ဘိုးရာဇာထံတွင် မေးမြန်းတော်မူ၏။

ထိုအခါ အမတ်ကြီးက...

"အရှင် မိဖုရားမြတ်... သီရိသုံးပါး၊ ဂါရဝ သုံးပါး၊ ဝိရသုံးပါးတို့ကို တည်ဆောက်ရပါမည်"

ဟု ပြန်လျှောက်တော်မူသည်။

ထိုအမတ်ကြီး ပြောသော သီရိသုံးပါးကတော့...

* ကြိုးတန်း၊ ကြိမ်တန်းအောက် မလျှိုးရ၊
* ခါးဝတ်တို့ကို ခေါင်းမှုစွတ်၍ မဝတ်ရ၊
* ခြေမဆေးဘဲ အိပ်ရာမဝင်ရာတို့ပဲ ဖြစ်သည်။

ဂါရဝ သုံးပါးဆိုတာကတော့ ...

* အမိအဖတို့ကို ဦးခိုက်ရိုသေရာ၏၊
* ယောကျ္ာမတို့ကို လေးစားရိုသေရာ၏၊
* မိမိယောက်ျားကို မြတ်နိုးရိုသေရာ၏တို့ပဲ ဖြစ်သည်။

ဝိရသုံးပါးကတော့...

* အခါကို လည်းကောင်း၊
* အစပ်ကို လည်းကောင်း၊
* အဖန်ကို လည်းကောင်း ကိုယ်ဝန် စ,ရှိသော အချိန်မှစပြီး မစားသုံး၊ မမှီဝဲအပ်ဟူ၍ ဖြစ်ပေသတည်း။

□


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဝတ်ယောတိန်းများ



ရန်ကုန်မြို့(ပိတ်ရက်မရှိ)

Ph: 01-394727, 01-399426,
09-73009994, 09-5152521,
E.mail:sayagiyarzarzawwin@gmail.com

ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက်နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာယောစာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာယောစာတမ်းအင်္ဂလိပ်ယောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်)သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက်ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကိုနာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောယောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်းအကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသဘောင်္သားများလိုင်းကောင်းကောင်းရစေရန်နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများစုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင်ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ယောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ယောစာတမ်းများကို[illegible]မည်ဖုန်းသာဆက်လိုက်ပါ။

အမှတ်(၁၀၉)၊(၉၄)လမ်းမြေညီထပ်၊ မင်္ဂလာတောင်ညွန့်[illegible]၊ ရန်[illegible]




www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး

ဒီတစ်လအတွက် သတင်းပုံရိပ်များကိုတော့ မဟာ ဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ သတင်းပုံရိပ်နဲ့ အစပြုချင် ပါတယ်။





www.burmeseclassic.com


www.burmeseclassic.com



ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ တာကဲ့ကျေးရွာနား က တောင်ခြေရင်းမှာ ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ဆွမ်းခံကြွတော်မူပါတယ်။ (၄-၅-၂၀၁၆)၊ နံနက် ၉နာရီအချိန်လောက်မှာ ဆွမ်းခံကြွတော်မူတာပါ။ အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်သူတွေအနေနဲ့ ဝမ်းသာအားရ ဖူးမြော်ရင်း ဆွမ်းလောင်းကြတဲ့ ပုံရိပ်တွေကို မျှဝေပေးလိုက်ပါတယ်။

(၄-၅-၂၀၁၆) တစ်ရက်၊ (၅-၅-၂၀၁၆)တစ်ရက်၊ နှစ်ရက်တာမျှ ဆွမ်းခံကြွပြီးရင် ဆရာတော်ဘုရားကြီးအနေနဲ့ လုံးဝ အတွေ့မခံတော့ဘူးလို့ ဆိုပါတယ်။

◈◈◈



ဒုတိယ သတင်းတစ်ပုဒ်ကတော့ ကျောက်တံတားမြို့နယ်အတွင်း ကုန်သည်လမ်းမှာ ရှိတဲ့ အိမ်အမှတ် (၄၉၀-၅၀၀)၊ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံကို 'Living Restoration' အမည်နဲ့ ဧပြီလ ၃၀မှ ဇူလိုင်လ ၃၁ရက်အထိ အများပြည်သူ လေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားတဲ့ သတင်းပဲ ဖြစ်ပါတယ်။ တနင်္လာနေ့က လွဲပြီး နေ့စဉ် ညနေ ၃နာရီကနေ ည ၇နာရီအထိ ဖွင့်လှစ်ပြသထားမှာဖြစ်ပြီး ပြပွဲကာလအတွင်း ဟောပြောပွဲများ၊ ရုပ်ရှင်နှင့် ဓာတ်ပုံပြပွဲများ၊ သရုပ်ပြပွဲများကို အပတ်စဉ် ပြသသွားမှာ ဖြစ်ပါတယ်။

ယင်းအဆောက်အအုံမှာ စီးပွားရေးလုပ်ငန်းများနှင့်

www.burmeseclassic.com





လူနေအိမ်ခန်းများ ပါဝင်ပြီး လက်ရှိမှာ နေထိုင်သူ (၈၀)ဦး ခန့်ရှိပါတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ သတင်းစာဆရာကြီး လူထု စိန်ဝင်း နေထိုင်ခဲ့တဲ့ အခန်းလည်း ထိုအဆောက်အအုံ ထဲမှာ ရှိနေပါတယ်။

◈◈◈



တတိယ သတင်းတစ်ပုဒ်ကတော့ ရှေးဟောင်း ပန်းပု လက်ရာတွေနဲ့ စီမံခြယ်သထားတဲ့ ဗုဒ္ဓခြေတော်ရာတစ်စုံကို အမေရိကန်ပြည်ထောင်စုက မူလပိုင်ရှင်ဖြစ်တဲ့ ပါကစ္စတန် နိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးတဲ့ သတင်းပဲ ဖြစ်ပါတယ်။

၂-ရာစုလောက်တုန်းက ဗုဒ္ဓခြေတော်ရာကို ကျောက် သားပေါ်မှာ ပန်းပုထုထားခြင်းဖြစ်ပြီး ဘာသာရေးသင်္ကေတ အမှတ်အသားများစွာ ပါရှိပါတယ်။ အဆိုပါ ခြေတော်ရာမှာ ဆွတ်တောင်ကြားဒေသမှ ၁၉၈၀ ပြည့်လွန်နှစ်များက နိုင်ငံ



www.burmeseclassic.com


www.burmeseclassic.com


ခံရပြီး ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်ပါတယ်။

ဂျပန်လူမျိုး ရှေးဟောင်းပစ္စည်းရောင်းဝယ်သူက အဆိုပါ ခြေတော်ရာကို အမေရိကန်သို့ သယ်ဆောင်လာခဲ့ပြီး အာဏာပိုင်များက ဖော်ထုတ်ဖမ်းဆီး တရားစွဲဆိုခဲ့ပါတယ်။

ခြေတော်ရာကို ဒေါ်လာ တစ်သန်းဝန်းကျင်ဖြင့် လေလံတင်ရန် စီစဉ်ခဲ့သော်လည်း လေလံပွဲကို နယူးယောက်ရဲတပ်ဖွဲ့က ကြားဝင် ဟန့်တားပြီး သိမ်းယူခဲ့ပါတယ်။ ၂၀၁၆၊ ဧပြီလ ၂၇ရက်နေ့မှာ ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့ထံသို့ အခမ်းအနားနဲ့ ပြန်လည်ပေးအပ်ခဲ့ပါတယ်။

◈◈◈







နောက်ဆုံး သတင်းတစ်ပုဒ်ကတော့ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးရဲ့ ၂၀၁၆၊ ဧပြီလ ၂၂ရက်နေ့မှာ ကျင်းပတဲ့ အန္တိမ အဂ္ဂိစျာပန သတင်းပုံရိပ်များပဲ ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးဟာ သက်တော် ၉၅ နှစ်၊ ဝါ တော် ၇၅ဝါမှာ ပျံလွန်တော်မူခဲ့တာပါ။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆီသို့ ပို့ဆောင်ရင်း ပရိသတ် အပေါင်း ဝမ်းနည်းပူဆွေးစွာဖြင့် ဖူးမြော်ကြည်ညိုကြပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို မီး သင်္ဂြိုဟ်ပြီး ရရှိလာတဲ့ အရိုးပြာများကို ကြေးရုပ်ထုသွန်းလုပ်ကာ ထည့်သွင်း အပူဇော်ခံ ထားရှိသွားမယ်လို့လည်း သိရ ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုးကွယ်ဆည်းကပ် ကြည်ညိုခဲ့တဲ့ ဆရာတော်တစ်ပါးလည်း ဖြစ်ပါတယ်။ ❐




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တန်းစီး ကျင်စိန်ဆိုတာ အကျဉ်းသူတစ်ယောက်ပါ။ စာရေးသူ မန္တလေးထောင်မှာရှိတုန်း ရောက်လာတဲ့ ပြည့်တန်ဆာမလေးပေါ့။

ပထမ အချုပ်နဲ့ ရောက်လာပြီး နောက်တော့ ထောင်(၁၀)နှစ်ကျသွားတယ်။ ကျွန်တော် သူ့ကို သဘောကျတာနဲ့ မိန်းမထောင်မှာ တန်းစီးချုပ်ခန့်လိုက်တယ်ဗျာ။

သူ့အရင် တန်းစီးတွေလက်ထက်တုန်းက အကျဉ်းသူတွေ ထမင်းမဝဘူး။ မျက်နှာလိုက်တယ်။ ပေးတဲ့၊ ကမ်းတဲ့သူဆိုရင် ထမင်းဝဝစားရတယ်။ ပုံစံပန်းကန်မောက်မောက်တိုးပေးတယ်။ အဖတ်ပါအောင် မွှေခပ်ပေးတယ်။ မပေးနိုင်တဲ့သူတွေကျတော့ ပဲဟင်းဆိုရင် အဖတ်မတွေ့ရဘူး။ အပေါ်ရေကြည်ကို ခပ်ပေးတယ်။ ဒါ့ကြောင့် ထမင်းဘုတ်က ဘုတ်ကိုင်တန်းစီးကို ခဏခဏလဲပေးနေရတယ်။

မကျင်စိန် အဲဒီ ထမင်းဘုတ်မှာ ဘုတ်ကိုင် တန်းစီးဖြစ်တဲ့နေ့က စပြီး အဲဒီအသံတွေ မကြားရတော့ဘူး။ ဒါ့ကြောင့် သူ့ကို သဘောကျတာနှင့် မိန်းမထောင်မှာ တန်းစီးချုပ်ရာထူးပေးလိုက်တယ်။ ဒါတောင် သူက မလုပ်ချင်ပါဘူးလို့ ငြင်းနေသေးတယ်ဗျာ။

အရင် မိန်းမထောင် တန်းစီးချုပ်က မလွတ်သေးဘူး။ အသက်က ကြီးပြီ။ ငါးဆယ်ကျော် ခြောက်ဆယ်အတွင်း။ သူ့ကို မကြိုက်တာနဲ့ တန်းစီးရာထူးက ဖြုတ်ပြီး မကျင်စိန်ကို ခန့်လိုက်တာပါ။ ဒီ တန်းစီးအဘွားကြီးနှင့်ကတော့ မိန်းမထောင်ထဲက ဆိုးသွမ်းနေတဲ့ အကျဉ်းသူတွေ၊ မူးယစ်ဆေးနဲ့ ရောက်နေတဲ့ မူးယစ်ရာဇ အကျဉ်းသူတွေကို မနိုင်ဘူး။ ထောင်ထဲမှာ မကြာခဏ ပြဿနာတက်တယ်။

မကျင်စိန်က ရိုးတယ်။ အေးတယ်။ လူသတ်မှုနဲ့ ထောင်အနှစ်(၂၀) ကျနေတာ။ တောသူသက်သက်၊ ရိုးရိုးအအကလေးပေါ့။

◈◈◈

မိဘတွေ မရှိတော့ သူငယ်ချင်းနှစ်ယောက်နဲ့ မန္တလေးမြို့ကို တက်လာကြတယ်။ သူတို့သုံးယောက်အသက်က (၁၇-၁၈)အရွယ်ကလေးတွေ။ ဒီအထဲမှာ ကျင်စိန်က အငယ်ဆုံး။ တောင့်တောင့်တင်းတင်း။ ဖြူဖြူချောချောလေး။ တောသူလို့ သူ့ကို ဘယ်သူကမှ မထင်ကြဘူး။

မြို့တက်လာတဲ့ ရည်ရွယ်ချက်ကတော့ ကောင်းကောင်းမွန်မွန် ရိုးရိုးသားသား အလုပ်များရရင် လုပ်ကြဖို့ပဲ။ အိမ်ဖော်ပဲ လုပ်ရလုပ်ရ၊ တစ်ဝမ်းတစ်ခါးအတွက် လုပ်ကြမယ်ဆိုပြီး တက်လာကြတာ။ မန္တလေးရောက်တော့ လူပွဲစားတွေနဲ့ တွေ့ပြီး ပြည့်တန်ဆာ ဖာခေါင်းအိမ်ကို ရောက်သွားကြတယ်ဗျာ။

သူတို့သုံးယောက်ကို ပွဲစားက ရောင်းသွားတာတဲ့။ ဘယ်လောက်နဲ့ ရောင်းသွားတယ်ဆိုတာ သူတို့ မသိကြဘူး။ အဲဒီ ဖာခေါင်းခြံထဲရောက်သွားတဲ့အချိန်က စပြီး အပြင်ကို မထွက်ကြရတော့ဘူး။ သူတို့ထွက်ပြေးဖို့ သုံးလေးခါကြံတယ်။ အစောင့်တွေနဲ့ တွေ့လို့ ထွက်ပြေးလို့ မရကြဘူး။

ဒါနဲ့ ကျင်စိန်က တစ်နေ့ သူနဲ့ လာပျော်ပါးတဲ့ ယောက်ျားတစ်ယောက်ကို...

"အစ်ကို ... ကျွန်မတို့ကို ကယ်ပါ။ ကျွန်မတို့ တောသူတွေပါ။ ရိုးရိုးသားသားလုပ်ကိုင် စားသောက်ဖို့ မြို့တက်ပြီး အလုပ်လာရှာတာပါ။ ပွဲစားနဲ့ တွေ့တော့ ကျွန်မတို့ကို ညာခေါ်လာပြီး ရောင်းသွားပါတယ်။ ကျွန်မတို့ ဒီအလုပ်ကို လုံးဝ မလုပ်ချင်ပါဘူး"

ဆိုပြီး အကူအညီတောင်းတယ်။ အဲဒီလူက "အေး။ ကောင်းပြီ"ဆိုပြီး မကူညီဘဲ ဖာခေါင်းကို အကျိုးအကြောင်းပြောသွားတယ်။ အဲဒီမှာ ဖာခေါင်းနဲ့ သူ့လူတွေက သူတို့သုံးယောက်ကို ဝင်ရောက်ပြီး ရိုက်နှက်ကြတယ်။ ရိုက်နှက်ပြီး ဖာခေါင်းက ပြောသွားသေးတယ်။ "နောက် ဒီလိုလုပ်ရင် နင်တို့ကို သတ်ပစ်မယ်"တဲ့။

ကျင်စိန်တို့ဟာ ပြည့်တန်ဆာ ဖာခေါင်းရဲ့ နှိပ်စက်မှုအမျိုးမျိုး၊ အနိုင်ကျင့်မှု အမျိုးမျိုးကို ခံရတဲ့အပြင် အခကြေးငွေအပေါ်မှာလည်း ခေါင်းပုံဖြတ်သေးတယ်။ အပြည့်အဝမပေးဘူး။ မရကြဘူး။

အဲဒီနေ့က ကျင်စိန်ဟာ ဖာခေါင်းနဲ့ သွားတွေ့ပြီး အကျိုးအကြောင်း တင်ပြတယ်။ ဖာခေါင်းက...

"နင်က ငါ့ကို မတရားလုပ်တယ်လို့ ပြောတာလား"

ဆိုပြီး ဆံပင်ဆွဲပြီး ပါးရိုက်လွှတ်လိုက်တယ်။

ကျင်စိန် ငိုယိုပြီး ပြန်လာတယ်။ ဒေါသတွေလည်း ဖြစ်လာတယ်။ လက်သီးဆုပ်ပြီး အံတကြိတ်ကြိတ်နဲ့။ သူ့အဖော်တွေက ငိုင်းချော့ပေမယ့် ဒေါသကတော့ မပြေဘူး။ ဘယ်သူနဲ့မှ စကားမပြောတော့ဘဲ သူ့အိပ်ရာပေါ် လှဲနေလိုက်တယ်။

လူခြေတိတ်ပြီး အားလုံး အိပ်မောကျနေတဲ့ ည သန်းခေါင်လောက်ကျတော့ ကျင်စိန် အိပ်ရာက ထလိုက်တယ်။ ခြေသံမကြားအောင် ဖြည်းဖြည်းရှုရှုကလေးနင်းပြီး အပြင်ထွက်ခဲ့တယ်။ မီးဖိုချောင်ဘက်ကို သွားပြီး အသား



www.burmeseclassic.com

www.burmeseclassic.com

ဓားတစ်ချောင်းကို ဝှက်ယူခဲ့တယ်။

ကျင်စိန်က သူ ဝှက်ယူလာတဲ့ ကိုးလက်မ အသားလိုး ဓားနဲ့ ဟခေါင်း အိပ်နေတဲ့ အခန်းထဲဝင်ပြီး ရင်ဝကို တစ်ချက်ထိုးချလိုက်တယ်။ ဟခေါင်း အော်တောင် မအော်နိုင်ဘူး။ သွေးအိုင်ထဲ ပက်လက်ကျန်ရစ်ခဲ့တယ်။ ကျင်စိန်လည်း ကြောက်လန့်ပြီး ဓားကို တောင် ဆွဲမနုတ်နိုင်ဘူး။ တစ်ခါတည်း အခန်းထဲက ထွက်ပြေးလာခဲ့တယ်။

အခန်းဝမှာ ဟခေါင်းတပည့် တစ်ယောက်နဲ့ တွေ့တော့ သူ့ကို လှမ်းဆွဲလိုက်တယ်။ သူက ကြောက်အားလန့်အားနဲ့ ရှိုရှိုတောင်းပန်တယ်။ အဲဒီ ဟခေါင်းတပည့်က···

“နင် မြန်မြန်ပြေး။ ငါ ကားတစ်စီးပေါ်တင်ပေးလိုက်မယ်။ မန္တလေး ရောက်ရင် အနီးဆုံး ရဲစခန်းတစ်ခုထဲ ဝင်ပြီး အကျိုးအကြောင်းပြောပြ။ နောက်ပြီး အဖမ်းခံလိုက်”

လို့ ပြောပြီး သူ့ကို ကားလမ်းပေါ် လိုက်ပို့တယ်။

ကားကြုံတစ်စီးကို အဆင်သင့် တွေ့တာနဲ့ ဟခေါင်းတပည့်က အကျိုးအကြောင်းပြောပြပြီး ကားပေါ် တင်ပေးလိုက်တယ်။

မန္တလေးရောက်တော့ ကျင်စိန်က ရဲစခန်းမှာ ကိုယ်တိုင်သွားအဖမ်းခံလိုက်တယ်။ ရဲအချုပ် ရမန်ကုန်တော့ မန္တလေးထောင်ကို ရောက်လာတယ်။ မခံနိုင်အားကြီးလို့သာ လုပ်လိုက်ရတာ။ လုပ်ပြီး တဆတ်ဆတ်တုန်အောင် ကြောက်နေရှာတယ်။ မန္တလေးထောင်ရောက်လာတော့ အကြောက်မပြေသေးဘူး။ ဘာမှမေးလို့လည်း မရဘူး။ ကြောင်တောင်တောင်ဖြစ်နေရှာတယ်။

◈◈◈

သူ့အမှုကို မန္တလေး အရှေ့ပြောက် တရားရုံးမှာ စစ်တယ်။ ရုံးထုတ်တဲ့နေ့က တရားသူကြီးက မေးတယ်။

“နင့်မိဘတွေမျိုးတွေ ပါလာသလား”

တဲ့။ ကျင်စိန်က···

“ကျွန်မမှာ ဆွေမျိုးတွေလည်း မရှိပါဘူး။ မိဘညီအစ်ကို မောင်နှမတွေလည်း မရှိတော့ပါဘူး”

ဆိုတော့ တရားသူကြီးက···

“ဒီလိုဆိုရင် နင့်အမှုကို နင့်ဘက်က လိုက်ပါဆောင်ရွက်ပေးမယ့် ရှေ့နေအကျိုးဆောင်ကို တရားရုံးက ငှားပေးမယ်။ နင့်အမှုက လူသတ်မှုဆိုတော့ တရားခံက ရှေ့နေ မငှားနိုင်ဘူး ဆိုရင် အစိုးရက ငှားပေးမယ်”

လို့ ရှင်းပြတယ်။

ကျင်စိန်ဟာ တစ်ခါမှ အခုလို ရုံးတို့၊ ဂါတ်တို့၊ ထောင်တို့ကို ရောက်ဖူးတာ မဟုတ်ဘူး။ ရွာမှာတုန်းကလည်း ဘယ်သူနဲ့မှ ခိုက်ရန်ဒေါသ မဖြစ်ဖူးဘူး။ ဒီတော့ ဘာလုပ်လို့ ဘာပြောရမှန်းမသိဖြစ်နေတယ်။ ထောင်ထဲမှာ အကျဉ်းသူအချင်းချင်းပြောတာ ကြားဖူးတယ်။ အစိုးရက ငှားပေးတဲ့ ရှေ့နေဆိုရင် ဝတ်ကျေတန်းကျေပဲ လိုက်တယ်။ ကိုယ့်မှာ ပိုက်ဆံရှိရင်တော့ နာမည်ကြီး ကိုယ်ကြိုက်တဲ့ ရှေ့နေကို ငှားနိုင်ရင် ကောင်းတာပေါ့ လို့ ပြောကြတယ်။ သူ ဘာပြန်ပြောရမှန်း မသိဘူး။ တွေတွေပြီး ရပ်လျက် စဉ်းစားနေတယ်။

ဒီတော့ တရားသူကြီးက···

“နင် စဉ်းစားရင် စဉ်းစားဦး။ နင့်အမှုကို မစစ်သေးဘူး။ နောက် ရုံးချိန်းကျတော့မှ စကားပြန်ပါ”

လို့ ပြောပြီး အမှုကို ရမန်နှစ်ပတ်(၁၄ ရက်) ချိန်းလိုက်တယ်။

◈◈◈

တစ်နေ့ ရုံးချိန်းမတိုင်ခင် ကျွန်တော့်ဆီကို ရှေ့နေတစ်ယောက်ရောက်လာတယ်။ မန္တလေးမှာတော့ သူလည်း ခပ်ညံ့ညံ့ ရှေ့နေတော့ မဟုတ်ပါ။ လူ



www.burmeseclassic.com

ငယ် ရှေ့နေတွေထဲမှာတော့ နာမည်အရဆုံး၊ အမှုအလိုက်ရဆုံးတစ်ဦးဖြစ်ပါတယ်။

ရှေ့နေတွေ ဆိုတာကလည်း ထောင်ထဲမှာ သူတို့အမှုသည် တရားခံ အချုပ်သားတွေက ရှိတော့ မကြာခဏ လာ,လာပြီး တွေ့ကြရပါတယ်။ ဒီတော့ မန္တလေးက ရှေ့နေတွေ အတော်များများနဲ့ ထောင်ပိုင်ကြီးက သိနေတယ်။ ရင်းနှီးနေကြတယ်။

"ထောင်ပိုင်ကြီး...ကျွန်တော် လူသတ်မှုနဲ့ ထောင်ထဲရောက်နေတဲ့ မကျင်စိန် ဆိုတဲ့ တရားခံမနဲ့ တွေ့ချင်လို့ပါ။ ခဏလောက် တွေ့ပါရစေ"

တဲ့။

"ဘယ် မကျင်စိန်လဲ။ မကျင်စိန်က ထောင်ထဲမှာ နှစ်ယောက် သုံးယောက်လောက် ရှိတယ်။ နာမည်တူတွေ ရှိတယ်"

ဆိုတော့...

"ဖာခေါင်းကို ဓားနဲ့ ထိုးသတ်တဲ့ လူသတ်မှုနဲ့ ရောက်နေတဲ့ မကျင်စိန်ပါ"

"နေဦးဗျ။ အဲဒီ မကျင်စိန်က တစ်ကောင်ကြွက်။ မိဘတွေလည်း မရှိကြဘူး။ ရွာကနေ မန္တလေးရောက်နေတာလည်း အတော်ကြာပြီ။ အမှုဖြစ်တော့ ကူညီဆောင်ရွက်ပေးမယ့်သူတောင် မရှိဘူး။ ရှေ့နေတောင် မငှားနိုင်လို့ တရားရုံးက အစိုးရအနေနဲ့ ရှေ့နေငှားပေးမယ်လို့တောင် သူ့ကို ပြောလိုက်တယ်။ ခင်ဗျားက အစိုးရက ငှားပေးလိုက်တဲ့ ရှေ့နေလား"

ဆိုတော့...

"မဟုတ်ပါဘူး။ အဲဒီ ကလေးမလေးကို သနားလို့ ရှေ့နေခ မယူဘဲ မေတ္တာနဲ့ အကျိုးဆောင်လုပ်ပေးမလို့ပါ"

"ရှေ့နေကြီး...ကြည့်လုပ်ဦးနော်၊ ထောင်က လွတ်သွားတော့မှ ရှေ့နေခ တောင်းရင် ဟိုခမျာ ပေးစရာမရှိလို့ ဖာခေါင်းအိမ်ကို ပြန်ရောက်သွားပါဦးမယ်ဗျာ"

လို့ ရယ်သလိုလိုနဲ့ နောက်လိုက်တော့...

"မဟုတ်ပါဘူး ထောင်ပိုင်ကြီးရာ။ ကျွန်တော်က တကယ့်စေတနာနဲ့ ကူညီမှာပါ"

တဲ့။

"အေးလေ၊ ရပါတယ်။ ရှေ့နေကြီးက စေတနာနဲ့ ကူညီမယ်ဆိုရင် ကျွန်တော်က တရားခံ မကျင်စိန်နဲ့ တွေ့ပေးမယ်။ ခင်ဗျားက ထုံးစံအတိုင်း ကျွန်တော့်ဆီ လျှောက်လွှာရေးတင်"

လို့ ပြောလိုက်တယ်။

သူ ကျွန်တော့်ရှေ့မှာပဲ တရားခံ မကျင်စိန်နဲ့ တွေ့ဖို့ စာရေးပြီး တင်တယ်။ ကျွန်တော်က သူ့စာကို ဖတ်ကြည့်ပြီး...

"တစ်ခုတော့ ရှိတယ်။ ခင်ဗျားက မေတ္တာ စေတနာနဲ့ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူဘဲ ရှေ့နေလိုက်ပေးမယ်ဆိုပေမယ့် မကျင်စိန်က သဘောတူမှ ဖြစ်မှာနော်။ သူ သဘောမတူရင် သူ့အတွက် ခင်ဗျား ရှေ့နေလိုက်လို့ မရဘူး"

ဆိုတော့ ရှေ့နေက...

"ကျွန်တော် သိပါတယ် ထောင်ပိုင်ကြီး။ သူနဲ့ တွေ့ပြီး ဆွေးနွေးမယ်။ သူ သဘောတူ ကျေနပ်မှ လိုက်ပေးမှာပါ"

ဆိုတာနဲ့ ကျွန်တော် အဲဒီ မကျင်စိန်ကို ခေါ်ပြီး တွေ့ပေးလိုက်တယ်။

မကျင်စိန်က အဲဒီရှေ့နေကို ကျွန်မ စဉ်းစားပါရစေလို့ ပြောလိုက်တယ်။

◈◈◈

တစ်နေ့ ကျွန်တော် မိန်းမထောင်ထဲဝင်စစ်တယ်။ စစ်ပြီး ထောင်မှူးမကြီးရုံးခန်းမှာ ထိုင်တယ်။ ထောင်မှူးမကြီးကို အဲဒီ မကျင်စိန်ကို ခေါ်ခိုင်းလိုက်တယ်။ ရောက်လာတော့ ကျွန်တော်က မေးလိုက်ပါတယ်။

"နင် ရှေ့နေငှားပြီးပလား"

လို့။ ကျင်စိန်က...

"မငှားရသေးပါဘူး။ ရုံးကလည်း ငှားပေးမယ် ပြောတယ်။ ဟိုနေ့က လည်း ရှေ့နေတစ်ယောက်က သူ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူဘဲ မေတ္တာ စေတနာနဲ့ လိုက်ပါဆောင်ရွက်ပေးပါ့မယ်လို့ ပြောသွားတယ်"

"အေး စဉ်းစားပေါ့။ အစိုးရက ငှားပေးမယ့် ရှေ့နေက ကောင်းရင် တော်ပါရဲ့၊ ညံ့တဲ့ ရှေ့နေဖြစ်နေရင် နင် စိတ်ချမ်းသာမှာ မဟုတ်ဘူး။ မေတ္တာ စေတနာနဲ့ လိုက်ပေးမယ့် ရှေ့နေကတော့ လူငယ်ပေမယ့် မန္တလေးမှာတော့ နာမည်ကြီး ရှေ့နေတစ်ယောက်ပဲ။ နင် စဉ်းစားပေါ့"

လို့ ပြောလိုက်တယ်။

"နောက်ပြီး ငါ တစ်ခုတော့ မေးချင်တယ်ဟာ။ နင့်ဆီ သူ အရင်က လာဖူးသလား။ ဒါကြောင့်များ နင့်အပေါ် သနားကရုဏာတွေပိုပြီး အခုလို လိုက်ပါဆောင်ရွက်ပေးနေသလားလို့"

ဟု ဆိုတော့ သူ ရှက်သွားသလား မသိပါဘူး၊ ခေါင်းလေးငုံ့ပြီး -

"တစ်ခါမှ မလာဖူးပါဘူး ဆရာကြီး"

"သူနဲ့ ငါကလည်း ရင်းနှီးတယ်။ သူ့အကြောင်း ငါသိသလောက်ဆိုရင် သိက္ခာရှိတယ်။ ငွေရေးကြေးရေး ကား



www.burmeseclassic.com

www.burmeseclassic.com

သိပ်မပြောဘူး။ မတတ်နိုင်တဲ့သူဆိုရင် သူက အလကား လိုက်ပေးတယ်။ မိဘတွေကလည်း မန္တလေးမြို့ပေါ်က။ ချမ်းသာကြတယ်။ နင် သူနဲ့ တွေ့တာ သကြားမင်းနဲ့ တွေ့တယ်လို့သာ မှတ်လိုက်"

လို့ ကျွန်တော် ပြောလိုက်တယ်။

◈◈◈

နောက် လေးငါးရက်ရှိတော့ အဲဒီရှေ့နေ ကျွန်တော့်ဆီ ရောက်လာပြန်တယ်။

"ထောင်ပိုင်ကြီး…ကျွန်တော် မကျင်စိန်နဲ့ တွေ့ပါရစေ"

"ရှေ့နေကြီးလည်း မကျင်စိန်ဆီ လာရတာ ချောင်းပေါက်တော့မယ်"

လို့ ရယ်သလိုနဲ့ ပြောလိုက်တော့ ရှေ့နေကြီးက…

"ဟုတ်တယ် ထောင်ပိုင်ကြီးရာ။ ကျွန်တော်လည်း သူ့အမှုအကြောင်း သတင်းစာထဲ ဖတ်ရတော့ တော်တော်လေး စိတ်မကောင်းဖြစ်မိတယ်။ ဒါ့ကြောင့်ပါ ထောင်ပိုင်ကြီး။ အဲဒီ ဖာခေါင်းက မန္တလေးမှာ တော်တော်ဆိုးတာ။ တပည့်တွေလည်း မွေးထားတယ်။ တပည့်တွေက လူမိုက်တွေဆိုပါတော့။ သူ့ကြောင့် ဆင်းရဲပြီး ရှုံးသွားတဲ့ တောသူလေးတွေ တော်တော်များများ ဘဝပျက်ကုန်ကြတယ်။ ဒါတွေကို ကျွန်တော် သိနေတယ်။ အခုလို လူယုတ်မာတွေ မတရားအနိုင်ကျင့်တာ မခံနိုင်လို့ မကျင်စိန်က အရဲစွန့်ပြီး အခုလို သတ်လိုက်တာ။ အဲဒီ ဖာခေါင်းသာ မသေရင် မကျင်စိန် သေမှာ။ ဖာခေါင်းက သူ့တပည့်တွေနဲ့ သတ်ပြီး အစဖျောက်ပစ်မှာ။ သူ့အပေါ် သစ္စာဖောက်တဲ့ တပည့်တွေလည်း ပျောက်ပျောက်သွားတယ်။ သူ့ကို အာခံတဲ့သူတွေပေါ့။ အစဖျောက်ပစ်တယ်လေ။ ကလေးမ

အမိန့်ချမှတ်မယ့်နေ့က မကျင်စိန်ဟာ ထောင်ဖွင့်ပြီးပြီးချင်း ရေမိုးချိုးလိုက်တယ်။ သနပ်ခါး ခြေဆုံး ခေါင်းဆုံးလိမ်းလိုက်တယ်။ ဆံပင်ကို အုန်းဆီလိမ်းလိုက်တယ်။ သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြီး ဆံပင်ကို ခပ်တင်းတင်းထုံးလိုက်တယ်။ သူ့မှာ ရှိတဲ့ အဝတ်စားတွေထဲမှ အကောင်းဆုံးကို ရွေးဝတ်လိုက်တယ်။

လေးတွေကိုလည်း သူကိုယ်တိုင်သတ်ပြီး မြှုပ်ပစ်တာတွေတောင် ရှိတယ်လို့ ကြားတယ်။

ဒါ့ကြောင့် ကျွန်တော် ဒီသတင်း ကြားကြားချင်း လူမိုက်တစ်ယောက် သေသွားလို့ ဝမ်းသာသလိုဖြစ်မိတယ်။ သူ့ကို သတ်တဲ့ ပြည့်တန်ဆာမလေးကိုလည်း ချီးကျူးမိတယ်။ ဒါနဲ့ သူ့အမှုကို စုံစမ်းရင်း သူ့မှာ အားကိုးရမယ့်သူ မရှိ၊ တစ်ကောင်ကြွက်ဆိုတာ သိတာနဲ့ သူ့ဘက်က လိုက်ပါ ဆောင်ရွက်ပေးဖို့ စိတ်ဆုံးဖြတ်လိုက်တယ်"

လို့ ပြောပြတယ်။

ကျွန်တော်လည်း မန္တလေး ရောက်တော့ ကြားတာပေါ့။ ခြံကြီးကလည်း အကျယ်ကြီး။ လူမိုက် တပည့်လေးငါးယောက်လည်း မွေးထားတယ်။ ကလေးမလေးတွေကိုလည်း သူ့ခြံထဲမှာ အနည်းဆုံး (၁၀)ယောက်လောက် ရှိတယ်။ ဘယ်သူ့ကို ပိုင်သလဲတော့ မသိဘူး။ ပေါ်ပေါ်ထင်ထင်ကြီးကို လုပ်စားနေတယ်ဆိုတာ ကြားတယ်။

ခုတော့ သူ့ကြောင့် ရှုံးသားပြီး ဆင်းရဲတဲ့ တောသူမလေးတွေလည်း အဲဒီဘဝထဲက ရုန်းထွက်နိုင်ခဲ့ကြတယ်။ မကျင်စိန်ကတော့ အားလုံးကို ကယ်သွားတယ်လို့ ပြောရမှာပဲဗျာ။

◈◈◈

မကျင်စိန်အမှုကို တော်တော်များများ စိတ်ဝင်စားကြတယ်။ အမှုစစ်တဲ့ နေ့က တရားရုံးမှာ တော်တော်များများ လာနားထောင်ကြတယ်။ အမှုကို ခြောက်လလောက် စစ်ရတယ်။ တရားလိုပြ သက်သေတွေကို စစ်ပြီးတော့ တရားသူကြီးက စွဲချက်တင်သင့်၊ မတင်သင့် ဆုံးဖြတ်မယ်ဆိုပြီး ရက်ချိန်းထပ်ပေးတယ်။

အဲဒီနေ့မတိုင်မီ ကျွန်တော့်ဆီကို ရှေ့နေရောက်လာပြီး …

"ထောင်ပိုင်ကြီး…မကျင်စိန် အမှုကို သန်ဘက်ခါ ချိန်းထားတယ်။ တရားလိုပြ သက်သေတွေလည်း စစ်ပြီးသွားပြီ။ အဲဒီနေ့မှာ စွဲချက်တင်ရင်လည်း တင်မယ်။ တရားရှင် လွှတ်ရင်လည်း လွှတ်မယ်။ ဒါပေမယ့် စွဲချက်တင်ဖို့က များတယ်။ တခြားသက်သေ အထောက်အထားကတော့ သိပ်မရှိဘူး။ ဒါပေမယ့် သူကိုယ်တိုင်က ရဲမှာ

www.burmeseclassic.com

အဖမ်းခံပြီး သူ့သတ်ကြောင်း အစစ်ခံထားတယ်။ နောက်ပြီး သူ့ကို ကယ်ထုတ်ပြီး ကားပေါ် တင်ပေးလိုက်တဲ့ သေသူ တပည့်ရဲ့ ထွက်ဆိုချက်ကလည်း ရှိတယ်။ ဒီတော့ မကျင်စိန် စွဲချက်တော့ အတင်ခံရမှာပဲ”

ဟု ပြောပြသွားတယ်။

◈◈◈

မကျင်စိန် တရားရုံး အချုပ်ခန်းထဲတွင် ရောက်နေတယ်။ သူ့အမှုကို ဒီနေ့ စွဲချက်တင်သင့်၊ မတင်သင့် အမိန့်ချမှာ။ အချုပ်ခန်းထဲမှာ သူနှင့်အတူ အခြား အမျိုးသမီးတစ်ယောက်လည်း ရှိတယ်။ အချုပ်ခန်းရှေ့မှာတော့ သေနတ်ထမ်းပြီး စောင့်နေတဲ့ ရဲသားက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။

အခန်းက အတော်ကျဉ်းပါတယ်။ အကျဉ်းသူ လေးငါးယောက်သာ ဆံ့တယ်။ ကျင်ငယ်နှင့် မစင်နံ့များက နှာခေါင်းထဲကို စူးဝင်လာတယ်။

တရားရုံးပတ်ဝန်းကျင်နှင့် ရုံးအချုပ်ခန်းတစ်ဝိုက်မှာတော့ အမှုသည်များ၊ ရှေ့နေများက အသုတ်လိုက်လျှောက်သွားနေကြပါတယ်။ ယူနီဖောင်းဝတ်ထားကြတဲ့ ရဲအရာရှိများ၊ ရဲသားများ၊ လက်ထိတ်ခတ်ထားသော တရားခံများနှင့် သူတို့နောက်မှ တရားခံ၏ ဆွေမျိုး အမှုသည်များကိုလည်း တွေ့ရပါတယ်။

ကျင်စိန်က တရားရုံးသို့ တစ်ခါမှ မရောက်ဘူးခဲ့။ ရဲစခန်းကိုလည်း မရောက်ဘူးခဲ့။ ထောင်ဆိုတာ မြင်တောင် မမြင်ဖူးဘူးဟု ပြောတယ်။ အခုသူ ရောက်မယ့်ရောက်တော့ ရောမ ပုဒ်မကြီးဖြင့် ပုဒ်မ(၃၀၂) လူသတ်မှုဖြင့် ရောက်နေရရှာတယ်။

ရုံးအချုပ်ခန်းထဲတွင် တစ်ဖက်ခန်းမှ တရားခံများအား သူတို့ ဆွေမျိုးသားချင်းများက လာရောက်တွေ့ကြပြီး လက်ဖက်ရည်၊ ကွမ်းယာ၊ ဆေးလိပ်၊ ခေါက်ဆွဲ၊ မုန့်ပဲသရေစာများဖြင့် ပေးကမ်း ကျွေးမွေးကြသော်လည်း၊ ကျင်စိန်ကိုကား မည်သူကမျှ လာရောက်တွေ့ဆုံခြင်း၊ ပေးကမ်းခြင်း မရှိ။ ကျင်စိန်သည် ရင်ထဲတွင် လှိုက်ခနဲဖြစ်လာပြီး မျက်ရည်များက သူ၏ ဖျော့တော့သော ပါးပြင်ပေါ်သို့ ကျလာပါတယ်။

ကျင်စိန်က သူ့ဘဝကို အိပ်မက်လေလားဟုပင် သံသယဖြစ်နေတယ်။ သူ့အသက်က သုံးဆယ်ပင် မပြည့်သေး။ ဖူးပွင့်၍ ကောင်းတုန်းအချိန်။ ဒီအချိန်တွင် မွန်းကျပ် မှောင်မိုက်သော ထောင်နံရံလေးဘက်အတွင်း ရောက်နေရသဖြင့် တွေးကြည့်လျှင် ရင်နာစရာ။

ကျင်စိန်က ခါးကြားတွင် ညှပ်ထားသော ဟောင်းနွမ်းနေသည့် လက်ကိုင်ပဝါလေးကို ထုတ်၍ မျက်ရည်များကို သုတ်လိုက်စဉ်…

“ဟဲ့…ကျင်စိန်၊ လာ…လာ၊ ရုံးက ခေါ်နေပြီ”

ဟု ပြောပြီး ရုံးအချုပ်ခန်းဝတွင် ရဲတစ်ယောက်လာရပ်ကာ တံခါးသော့ဖွင့်ပေးသဖြင့် ကျင်စိန်က ခေါင်းငုံ့ကာ အပြင်သို့ ထွက်လာခဲ့တယ်။

အပြင်ရောက်တော့ အမျိုးသမီး ရဲမေနှစ်ယောက်က ဟိုဘက် ဒီဘက် ညှပ်လျက် တရားရုံးကို ခေါ်လာတယ်။

တရားရုံးက အပေါ်ထပ်မှာ ရှိတာကြောင့် အပေါ်ထပ်သို့ ရောက်သောအခါ ရှေ့က သွားတဲ့ ရဲအစောင့်က ဆင်နှားရွက်တံခါးကို တွန်းဖွင့်ပေးတယ်။ ကျင်စိန်က အမျိုးသမီးအစောင့်နှစ်ယောက်နှင့် တရားခွင် တရားသူကြီးရုံးခန်းထဲကို ရောက်လာရတယ်။

တရားခွင် နောက်ဘက်က နံရံအထက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကြီးနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီး နေဝင်းတို့ရဲ့ ဓာတ်ပုံကြီးများ ချိတ်ဆွဲထားတာကို ခန့်ညားစွာ တွေ့ရပါတယ်။

တရားခွင်ပေါ်မှာ အနီရောင်ကော်ဇောကြီးများ ခင်းထားသည်မှာ စူးစူးရှရှ ရှိလှပါတယ်။ တရားခွင်ပေါ် အလယ်တည့်တည့်မှာ တရားသူကြီးထိုင်ပြီး နောက်မှီအမြင့် ကုလားထိုင်ကြီးရှိတဲ့စားပွဲမှာတော့ တရားသူကြီးအဖွဲ့ဝင်နှစ်ဦးအတွက် သာမန် ကုလားထိုင်နှစ်လုံး ချထားပါတယ်။ တရားခွင်ရှေ့မှ ရှေ့နေများ စားပွဲတွင်တော့ စွဲချက်အစိုးရရှေ့နေ အဆင်သင့်ရောက်နေတာကို တွေ့ရတယ်။ ကျင်စိန်အမှုကို လိုက်ပါ ဆောင်ရွက်ပေးသော ရှေ့နေကလေးကိုလည်း ကျင်စိန် တွေ့လိုက်ရတဲ့အတွက် အားငယ်စိတ်များ ပျောက်၍ အားတက်စိတ်များ ပေါ်လာပါတယ်။

တရားရုံးအတွင်း ရှေ့ပတ် စာရေး ထိုင်သော စားပွဲနားရှိ ကုလားထိုင်ပေါ်တွင် သေသူ ပြည့်တန်ဆာခေါင်း၏ ဇနီးနှင့် လူမမယ် ကလေးနှစ်ယောက်ကို တွေ့လိုက်ရတော့ ကျင်စိန် စိတ်မကောင်းဖြစ်သွားရတယ်။

တရားခွင်နှင့် မျက်နှာချင်းဆိုင် နံရံပေါ်မှ တိုင်ကပ်နာရီမှာ ၁၀ နာရီထိုးနေပြီ။ ကျင်စိန်က တရားခံ ဝက်ခြံတွင်းသို့ ဝင်၍ထိုင်လိုက်သည်တွင် အမျိုးသမီး ရဲမေနှစ်ဦးက ဘေးကနေ စောင့်နေကြပါတယ်။

ရှေ့ပတ် စာရေးကြီးသည် တရားသူကြီးအခန်းထဲမှ ထွက်လာပြီး လက်ထဲတွင်လည်း အမှုတွေ တစ်ထပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ကာ၊ ထိုအမှုတွဲများကို တရားခွင်ရှိ စားပွဲပေါ်သို့ တင်ထားလိုက်ပါတယ်။

ရှေ့ပတ် စာရေးကြီးက တရားသူကြီးများ တရားခွင်သို့ လာတော့မည်ဖြစ်ကြောင်း အချက်ပေးလိုက်ပါတယ်။ သစ်သားတုံးကလေးကို သစ်သားလက်ရိုက်ဖြင့် ထုလိုက်ပြီး "ရုံးတော်" ဟု အော်ဟစ် သတိပေးလိုက်တယ်။

ထိုစဉ် တရားခွင်ပေါ်သို့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက ဦးဆောင်၍ တက်လာပြီး အလယ်ကုလားထိုင်မြင့်မြင့်ပေါ်တွင် ထိုဥက္ကဋ္ဌက ဝင်ထိုင်လိုက်ပါတယ်။ နောက် အဖွဲ့ဝင် တရားသူကြီးနှစ်ဦးက ကျန် ကုလားထိုင်နှစ်လုံးတွင် ဝင်ထိုင်လိုက်ကြပါတယ်။

တရားသူကြီး ဥက္ကဋ္ဌက ချောင်းတစ်ချက်ဟန့်လိုက်ပြီး အစိုးရရှေ့နေကြီးနှင့် တရားခံ ရှေ့နေများ စုံညီစွာ ရောက်,မရောက်ကို ကြည့်ပါတယ်။ ပြီးတော့မှ...

"ဒီနေ့ တရားခံ မကျင်စိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၂) ဖြင့် စွဲချက်တင်သင့်, မတင်သင့် အမိန့်ချမှတ်မှာဖြစ်ပါတယ်။ ဒါကြောင့် တရားခံ မကျင်စိန် ခေတ္တခဏ မတ်တပ်ရပ်ပေးပါ"

ဟု ပြောလိုက်သည့်အခါ မကျင်စိန်က ရိုရိုသေသေ လေးလေးစားစားနှင့် မတ်တပ်ရပ်ပြီး ခေါင်းကလေးငုံ့၍ ညိုးငယ်စွာဖြင့် နေလိုက်ပါတယ်။

တရားသူကြီး ဥက္ကဋ္ဌက...

"ဒီအမှုမှာ သေသူ ပြည့်တန်ဆာခေါင်း ကိုလှဦးကို မကျင်စိန်က သတ်ကြောင်း၊ သတ်ပြီး ကိုယ်တိုင် ရဲစခန်းတွင် အဖမ်းခံ၍ အမှုကို ဖြောင့်ချက်ပေး ဝန်ခံထားကြောင်း၊ သေသူ၏ တပည့် မောင်ကျော်ဝင်းကလည်း အချင်းဖြစ်ရာသို့ ရောက်သွားသည့်တွင် မကျင်စိန်အား အခန်းထဲမှ ထွက်လာသည်နှင့် ပက်ပင်းတိုးသဖြင့် မကျင်စိန်ကို အကျိုးအကြောင်းမေးရာ သူ သတ်တာဖြစ်ကြောင်း ပြောပြသဖြင့် တခြားလူများ မနီးခင် မကျင်စိန်ကို ကားပေါ်သို့ လိုက်တင်ပေးပြီး ရဲစခန်းတွင် ကိုယ်တိုင် အဖမ်းခံရန် ပြောလိုက်ကြောင်း ထွက်ဆိုထားချက်များအရ မကျင်စိန်သည် ပြည့်တန်ဆာခေါင်း ကိုလှဦးကို သတ်ကြောင်း ထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၂)(၂)အရ စွဲချက်တင်လိုက်သည်"

ဟု အမိန့်ကို ဖတ်ကြား ရှင်းပြပါတယ်။ ထို့နောက် တရားသူကြီးကပင်...

"တရားခံ မကျင်စိန်၊ ဘာပြောစရာရှိသလဲ"

ဟု မေးပါတယ်။ မကျင်စိန်က-

"တရားသူကြီးရှင့်...ကျွန်မ ရုံးတော်ကို တစ်ခုတင်ပြခွင့် ပြုပါ။ သေသူဟာ ကျွန်မတို့ အလိုမတူတဲ့ ကျွန်မတို့ကို ချုပ်နှောင်ထားပြီး မကောင်းတဲ့ အလုပ်ကို လုပ်ခိုင်းပါတယ်။ ကျွန်မတို့ရဲ့ လုပ်အားခကိုလည်း အပြည့်အဝ မပေးပါဘူး။ အဲဒီနေ့က ကျွန်မ မခံမရပ်နိုင်ဖြစ်ပြီး သွားပြောတဲ့အခါ ကျွန်မကို ဆံပင်ဆွဲပြီး ပါးရိုက်ပါတယ်။ ခြေနဲ့လည်း ကန်ပါတယ်။ အခုလို



မတရား အနိုင်ကျင့်တာကို မခံနိုင်လို့ပါ တရားသူကြီးရှင့်"

တရားသူကြီးက...

"အေး ကောင်းပြီ။ ဒါကတော့ နင့်ကို စစ်တဲ့အခါကျမှ ပြော။ အခု မေးနေတာက ဘာ မရှင်းတာ ရှိလဲ။ အဲဒါ မေးတာ"

မကျင်စိန်က...

"ကျွန်မ နားမလည်ပါဘူး တရားသူကြီးရှင့်။ ကျွန်မအတွက် ဆောင်ရွက်ပေးနေတဲ့ ရှေ့နေကြီးကိုသာ မေးကြည့်ပါ။ ကျွန်မကတော့ ဘာမှ မပြောတတ်ပါဘူး"

ဟု မကျင်စိန်က ပြောလိုက်ပါတယ်။

တရားရုံးတော်က တရားခံ မကျင်စိန်နှင့် တရားခံပြ သက်သေများကို စစ်ရန် ရမန် နှစ်ပတ် ရက်ချိန်းပေးလိုက်ပါတယ်။ တရားရုံး ဝင်းခြံထဲမှ မကျင်စိန်ကို ရဲမေအစောင့်တွေက ပြန်ခေါ်သွားကြပါတယ်။

မကျင်စိန်အမှုကို လာရောက်နားထောင်နေကြသော ပရိသတ်က မကျင်စိန်နောက်မှ တစ်အုပ်ကြီး ပါလာတယ်။

◆◆◆

တစ်နေ့ ကျွန်တော့်ဆီကို မကျင်စိန်အမှုတွင် လိုက်ပါ ဆောင်ရွက်ပေးနေသော ရှေ့နေကလေး ရောက်လာပါတယ်။

"ထောင်ပိုင်ကြီး...မကျင်စိန်ကိုတော့ ဟိုနေ့က ပုဒ်မ(၃၀၂)နဲ့ စွဲချက်တင်လိုက်ပြီ။ အမှုကနေ သက်သာအောင်တော့ ကြိုးစားရမှာပဲ။ လုံးဝလွတ်ဖို့တော့ မရှိဘူး။ အနှစ် နှစ်ဆယ်၊ တစ်သက်တစ်ကျွန်းတော့ ချမယ် မထင်ဘူး။ ငါးနှစ်၊ ဆယ်နှစ်လောက်တော့ ခံရမှာပဲ။ သူ့ဘက်က ပြောရယ်

www.burmeseclassic.com

တရားခံပြ သက်သေကို ရှာရမယ်။ သူတို့ရွာက အတူထွက်လာတဲ့ ကလေးမလေးတွေတော့ ရှိတယ်။ အမှုဖြစ်တော့ သူတို့လည်း အဲဒီ ဖာခေါင်းခြံက အကုန်ထွက်ပြေးကုန်ကြတယ်။ အဲဒါ မကျင်စိန်နဲ့ တွေ့ပြီး မေးချင်တယ်။ ခွင့်ပြုပါဦး"

ဆိုတာနှင့် ကျွန်တော် မကျင်စိန်နှင့် ရှေ့နေကို ပေးတွေ့လိုက်တယ်။

ရှေ့နေက မကျင်စိန်ကို···

"ခင်ဗျား ဘာမှ အားမငယ်နဲ့။ ကျွန်တော်တစ်ယောက်လုံး ရှိတယ်။ ကျွန်တော် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးမယ်"

မကျင်စိန်က···

"ကျွန်မက အဲဒီနေ့ကျရင် ဘာတွေ ပြောရမှာလဲ"

"ဘာမှ အထွေအထူးပြောစရာ မလိုဘူး။ အခင်းဖြစ်ခဲ့တာကိုသာ အမှန်အတိုင်း ပြောပြလိုက်ရုံပဲ။ နောက်ပြီး မကျင်စိန်ဘက်က သက်သေခံမယ့်သူ လိုတယ်။ နှစ်ယောက် သုံးယောက်လောက်ဆို ရပြီ။ မကျင်စိန်နဲ့အတူ မြို့တက်ပြီး အဲဒီအိမ်ကို ရောက်ခဲ့တဲ့ မကျင်စိန် သူငယ်ချင်း နှစ်ယောက်ကို ဘယ်မှာ ရှာရမလဲ"

"ဘာလုပ်ဖို့လဲ"

"သူတို့က အဲဒီ ပြည့်တန်ဆာခေါင်းအိမ် ရောက်သွားပုံ၊ မတရားအနိုင်ကျင့်ပြီး မကောင်းတဲ့ အလုပ်ကို လုပ်ခိုင်းပုံ၊ ဒါတွေကို အစစ်ခံရမယ်။ ဒါမှ မကျင်စိန် မလွတ်တောင် အပြစ်ဒဏ်က သက်သာမှာပေါ့"

"သူတို့ကတော့ မြို့ပေါ်မှာ ရှိမှာ မဟုတ်တော့ဘူး။ ရွာပြန်သွားကြမယ် ထင်တယ်။ အဲဒီရွာကို လိုက်သွားရင်တော့ တွေ့မယ်ထင်တယ်"

"ဒီလိုဆို သူတို့နေတဲ့ ရွာလိပ်စာပေး။ ကျွန်တော် လူလွှတ်ပြီး ခေါ်ခိုင်းလိုက်မယ်"

ဟု ရှေ့နေက ပြောပြီး ပြန်သွားပါတယ်။

◈◈◈

ရုံးချိန်းနေ့မှာတော့ မကျင်စိန်နှင့် သူ့ဘက်က လိုက်ပါ ထောက်ခံထွက်ဆိုကြမည့် အဖော်နှစ်ဦးကို စစ်ဆေးကြတယ်။ စစ်ဆေးပြီးနောက် အမှုကို အပြီးသတ် အမိန့်ချရန် ရမန်တစ်ပတ် ချိန်းလိုက်ပြန်ပါတယ်။

တရားဥပဒေဟာ အတိမ်းအစောင်းမခံ။ အင်မတန် နူးညံ့သိမ်မွေ့ပါတယ်။ အမှုတစ်ခုဟာ အမှုမှန်နေပေမယ့်လည်း သက်သေအထောက်အထား မပြည့်စုံလို့ တရားဥပဒေနှင့် အရေးယူလို့ မရတာလည်း ရှိပါတယ်။ အမှုမမှန်ပေမယ့်လည်း သက်သေအထောက်အထားတွေပြနိုင်လို့ တရားဥပဒေအရ အရေးယူ အပြစ်ပေးရတာလည်း ရှိပါတယ်။

နောက်တစ်ချက်ကလည်း တရားခံတစ်ဦးဟာ ပြစ်မှုတစ်ခုအတွက်ကြောင့် နှစ်ကြိမ် နှစ်ခါပြန်ပြီး အပြစ်ပေးရိုးထုံးစံ မရှိပါဘူး။ ဒါကြောင့် တရားခံကို စီရင်ချက်ချမှတ်တော့မယ်ဆိုရင် အမှုကို အပြန်အလှန် အနှလုံ့ပင့်လုံ သုံးသပ်ရပါတယ်။ တရားဥပဒေမှာ အပြစ်ရှိသူ တစ်ရာကို မှားလွှတ်မိတာ သိပ်အရေးမကြီးဘူး။ အပြစ်မရှိတဲ့သူ တစ်ယောက်ကို မှားယွင်း အပြစ်ပေးမိမှာကို တရားသူကြီးတွေ အတော်စဉ်းစားရပါတယ်။

◈◈◈

အမိန့်ချမှတ်မယ့်နေ့က မကျင်စိန်ဟာ ထောင်ဖွင့်ပြီးပြီးချင်း ရေမိုးချိုးလိုက်တယ်။ သနပ်ခါး ခြေဆုံး ခေါင်းဆုံးလိမ်းလိုက်တယ်။ ဆံပင်ကို အနံ့ဆီလိမ်းလိုက်တယ်။ သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြီး ဆံပင်ကို ခပ်တင်းတင်းထုံးလိုက်တယ်။ သူ့မှာ ရှိတဲ့ အဝတ်စားတွေထဲမှ အကောင်းဆုံးကို ရွေးဝတ်လိုက်တယ်။ ဒါပေမယ့် ပြောင်ပြောင်ရောင်ရောင် မရှိလှပါဘူး။ မျက်နှာမှာလည်း သနပ်ခါးကို ပါးကွက်ကျားလိမ်းတော့ နဂိုရုပ်ရှိပေမယ့် နဂိုင်းမထွက်ပါ။ ဘေးက သူငယ်ချင်းအဖော်တွေက···

"ဟဲ့···မကျင်စိန်၊ နင် ဖြီးလိမ်းထားတာကလည်း တောရုပ်ကြီး။ ငါ့ မိတ်ကပ်၊ ပေါင်ဒါယူလိမ်းပါလား"

လို့ ပြောပေမယ့် သူက လက်မခံပါ။ နေပါစေတဲ့။

"နင့်အဝတ်အစားကလည်း မရှိတော့ဘူးလားဟ။ ဒါ့ထက် ကောင်းတာလေး ဝတ်ပါလား"

လို့ ဝိုင်းပြောပေမယ့် သူက··

"ဒါ အကောင်းဆုံးပဲ။ ဒါ့ထက် ကောင်းတာ ငါ့မှာ မရှိတော့ဘူး"

ဆိုတော့ သူငယ်ချင်းတွေက အကောင်းဆုံး လုံချည်၊ အင်္ကျီတွေ ထုတ်ပေးကြပေမယ့် သူက···

"တော်ပါပြီ၊ ဒါနဲ့ပဲ သွားတော့မယ်။ ငါ အခုသွားရမှာက တရားရုံး။ ဒီနေ့ ငါ့ကို အမိန့်ချမှာက သေဒဏ်လား၊ ထောင်ဒဏ်လား ငါ မသိဘူး။ အလှူဘုရားဖူးသွားမှာ မဟုတ်ဘူး။ တော်ပါပြီ၊ အကောင်းစားတွေ ဝတ်မနေတော့ပါဘူး"

တဲ့။

မကျင်စိန်က တရားခွင်ရှေ့၊ တရားသူကြီးရှေ့ တရားခံများ ထားသည့် ဝက်ခြံကလေးထဲ မနက် ၁၁နာရီခန့်ကတည်းက ရောက်နေပေမယ့် တရားသူကြီးများက တရားခွင်ပေါ်သို့ မရောက်သေး။





www.burmeseclassic.com

www.burmeseclassic.com



ဝက်ခြံထဲတွင် ရင်တထိတ်ထိတ်ဖြင့် တရားသူကြီးများအလာကို စောင့်နေပါတယ်။ အမှုကို လာရောက် နားထောင်နေကြသော လူများမှာ တရားရုံးအပြင်တွင် ကြိတ်ကြိတ်တိုး။

မကျင်စိန်ကတော့ ဘယ်သူ့ကိုမှ မကြည့်တော့။ စကားလည်း မပြောတော့။ အဲဒီအချိန်မှာ သူ့အကျိုးဆောင်ရှေ့နေက အနားရောက်လာပြီး အားပေးစကားပြောပါတယ်။ မကျင်စိန်က ဘာမျှ ပြန်မပြောဘဲ နားထောင်နေလိုက်တယ်။

ရှေ့နေအကျိုးဆောင် ပြန်သွားပြီးမကြာ၊ တရားရုံး ရှေ့ပတ် စာရေးက တရားသူကြီးများ ရုံးခန်းထဲမှ အမှုတွဲကို ပိုက်၍ ထွက်လာပြီး တရားသူကြီးစားပွဲပေါ်သို့ တင်ပေးလိုက်တယ်။

နောက် သစ်သား ဘုတုံးကြီးကို အသံကျယ်ကျယ်မြည်အောင် ပြင်းပြင်းကလေးထုလိုက်ပါတယ်။ ပြီးတော့ "ရုံးတော်"ဟု အော်လိုက်တယ်။

တရားရုံးတစ်ခုလုံး အသံတွေငြိမ်သွားပါတယ်။ အသက်တောင်ပြင်းပြင်း မရှူကြဘဲ တရားသူကြီးများထွက်အလာကို မျှော်ကြည့်နေကြပါတယ်။

ခဏကြာတော့ တရားသူကြီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင် နှစ်ဦးတို့ တရားသူကြီးအခန်းထဲမှ ထွက်လာကြပါတယ်။ တရားခွင်တွင် နေရာယူပြီးကြသောအခါ တရားသူကြီးက ဘယ်-ညာကြည့်လိုက်တယ်။ ပြီးတော့ ဝက်ခြံထဲရှိ တရားခံ မကျင်စိန်ကို ကြည့်ပြီး ချောင်းတစ်ချက်ဟန့်လိုက်ပါတယ်။

ထို့နောက် တရားခံ မကျင်စိန်ကို လှမ်းပြောလိုက်ပါတယ်။

"မကျင်စိန်… နင့်အပေါ်မှာ စွဲချက်ဆိုထားတဲ့ လူသတ်မှုနှင့် ပတ်သက်မှုနဲ့ ပတ်သက်ပြီး ဒီနေ့ အမိန့်ချမယ်။ မတ်တပ်ရပ်ပြီး နားထောင်ပါ"

ဟု ပြောလိုက်ပါတယ်။

မကျင်စိန်က မတ်တပ်ရပ်လိုက်ပြီး လက်ကလေးနှစ်ဖက်ကို ပိုက်လျက် ခေါင်းငုံ့ထားတယ်။ သူ့ဘေးမှာတော့ အမျိုးသမီး ရဲအစောင့် နှစ်ဦးက ရပ်နေကြတယ်။

တရားသူကြီး ဥက္ကဋ္ဌက အမှုသွား အမှုလာများ၊ သက်သေထွက်ဆိုချက်များ၊ နှစ်ဖက်ရှေ့နေ လျှောက်လဲချက်များကို အသေးစိတ် ဖတ်ပြပြီးသောအခါ…

"တရားခံမှာ သေသူ လှဦးအားသတ်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း အနှစ်(၂၀)၊ (၂၅)နှစ်အထိ ချနိုင်သော်လည်း အားနွဲ့သူ မိန်းမသားဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ ယခင်က ပြစ်မှုဆိုင်ရာ တစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်း မရှိသည့်အတွက်ကြောင့်တစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၂) (၂)အရ ထောင်ဒဏ် (၁၀)နှစ်ကျခံစေ။ ထိုအပြစ်ဒဏ်မှ ချုပ်ခံထားရသည့် ချုပ်ရက်ကာလများကို ထုတ်နုတ်ကျခံစေ။ အယူခံတင်လိုက ရက်ပေါင်း (၆၀)အတွင်း အယူခံ တင်နိုင်သည်"

ဟု ပြောကြားသွားပါတယ်။

တရားသူကြီး ဥက္ကဋ္ဌက မကျင်စိန်အား အမိန့်ချမှတ်ပြီးသောအခါ -

"ဘာများ လျှောက်ထားစရာ ရှိသေးလဲ"

ဟု ထပ်မေးပါတယ်။ မကျင်စိန်က…

"ကျွန်မ ကျေနပ်ပါတယ်။ ဘာမှ လျှောက်လဲစရာလည်း မရှိပါဘူး။ အယူလည်း မခံတော့ပါဘူး။ ကျွန်မတို့ဘဝကို ဖျက်ဆီး စော်ကားတဲ့ ပြည့်တန်ဆာခေါင်းကို အခုလို သတ်လိုက်ရတဲ့အတွက် ကျေနပ်ပါတယ်။ နောင်နောင် ကျွန်မတို့လို မရှိ ဆင်းရဲသား၊

www.burmeseclassic.com

မိဘမရှိ၊ စောင့်ရှောက်ကြည့်ရှုမယ့်သူ မရှိတဲ့ မိန်းကလေးများရဲ့ ဘဝလုံခြုံရေးအတွက်သာ ဆောင်ရွက်ပေးပါလို့ ကျွန်မ လျှောက်ထားလိုပါတယ်”

လို့ တရားသူကြီးကို ပြောလိုက်တယ်။

◈◈◈

မကျင်စိန်၏ ရှေ့နေ နောက်တစ်နေ့တွင် ကျွန်တော့်ထံသို့ ရောက်လာခဲ့ပါတယ်။

မကျင်စိန်အပေါ် ချမှတ်သည့် အပြစ်ဒဏ်သည် များကြောင်း။ အမှန်မှာ ငါးနှစ်(သို့မဟုတ်)ခုနစ်နှစ်လောက်ဆို မဆိုးကြောင်း။ အခု ဆယ်နှစ်ဟာ များကြောင်း။ ကျွန်တော် သူ့အတွက် အယူခံတင်ပေးချင်ကြောင်း။ လုံးဝတော့ လွတ်မှာမဟုတ်ကြောင်း။ ခုနစ်နှစ် ဖြစ်ဖြစ်၊ ငါးနှစ်ဖြစ်ဖြစ် ရအောင် ကျွန်တော် ကြိုးစားမှာဖြစ်ကြောင်း ပြောပါတယ်။

ကျွန်တော်လည်း မကျင်စိန်နှင့် ရှေ့နေကို တွေ့ပေးလိုက်ပါတယ်။

မကျင်စိန်နှင့် တွေ့ ပြီးနောက် အနောက်တိုင်း တရားရုံးသို့လည်း အယူခံဝင်ပြီးကြောင်း ကျွန်တော့်ကို ပြောသွားပါတယ်။

ဒီကြားထဲ ရှေ့နေလေးဟာ မကျင်စိန်ထံ မကြာခဏဆိုသလို လာပြီးတွေ့ပါတယ်။ သူလာလျှင်လည်း စားစရာ သောက်စရာများ တော်တော်ပါလာပါတယ်။ ကျွန်တော်က···

“ရှေ့နေကြီး··· တယ်လည်း စေတနာတွေ ကောင်းလှချည်လား။ စေတနာလွန်တော့ တဏှာကျွံတယ်တဲ့”

လို့ နောက်ပြောလိုက်ပါသေးတယ်။

နောက် အတန်ကြာ ရှေ့နေကလေး ကျွန်တော့်ထံ ထပ်ရောက်လာပြန်တယ်။

“ထောင်ပိုင်ကြီး··· မကျင်စိန် အယူခံကျတော့မယ်။ လျှော့မယ်လို့တော့ သတင်းခပ်သဲ့သဲ့ကြားရတယ်။ ငါးနှစ်ဖြစ်မလား မသိဘူး”

တဲ့။ ကျွန်တော်က ပြုံးနေလိုက်တယ်။

“ကောင်းတာပေါ့ ရှေ့နေကြီးရယ်။ ရှေ့နေကြီး ကြိုးစားရကျိုးနပ်တာပေါ့”

“ထောင်ပိုင်ကြီးရယ်··· ကျွန်တော်လည်း ထောင်ပိုင်ကြီးကို ကိုယ့်အစ်ကိုကြီးလို သဘောထားပါတယ်။ လေးလည်း လေးစားပါတယ်။ ကျွန်တော် အခု အသက် လေးဆယ်ပြည့်တော့မယ်။ အိမ်ထောင်မပြုဘူး။ လူပျိုကြီးဘဝနဲ့ပဲ နေတော့မယ်လို့ ဆုံးဖြတ်ထားတာ။ မကျင်စိန်နဲ့ တွေ့တော့ သနားကရုဏာတွေက ဘယ်ကနေ ဘယ်လိုရောက်လာမှန်း မသိဘူး။ သံယောဇဉ်လာပြီနေတယ်။ ထောင်ပိုင်ကြီးကို ကျွန်တော့်အစ်ကိုကြီးလို သဘောထားပြီး ပြောတာပါ”

ဟု ပြောပြပါတယ်။

◈◈◈

မကျင်စိန်အပေါ် ချမှတ်တဲ့ ထောင်ဒဏ် (၁၀)နှစ်ကို တိုင်းတရားရုံးက (၅)နှစ်သို့ ပြောင်းလဲပေးလိုက်ပါတယ်။

အဲဒီနောက် နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် (၂။ ၈၀)နှင့် မကျင်စိန် ထောင်က လွတ်သွားပါတယ်။

မကျင်စိန် လွတ်မည့်နေ့တွင် ရှေ့နေကလေး ကျွန်တော့်ထံသို့ မနက်စောစောရောက်လာတယ်။ ကျွန်တော်က···

“ဘယ်လိုလဲ အမိန့်တော်ရ ရှေ့နေ၊ စောလှချည်လား”

“ဟုတ်ကဲ့ အစ်ကိုကြီး။ မကျင်စိန် ဒီနေ့ လွတ်မယ်ဆိုတာ သိလို့ လာစောင့်နေတာပါ”

“ကောင်းပါတယ် ရှေ့နေကြီးရေ။ သူ့ခမျာ ထောင်က လွတ်လို့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတဲ့ ဘဝ။ ကျွန်တော်လည်း သူ့အတွက် စိတ်ပူနေတာနဲ့ အတော်ပဲဗျာ”

အဲဒီနေ့က လွတ်လူတွေ အတော်များပါတယ်။ တစ်ရာကျော်ပါတယ်။ အမျိုးသမီးထောင်ကတော့ မကျင်စိန်နှင့်အတူ အကျဉ်းသူ ၁၅ ယောက်ရှိပါတယ်။ စောင့်နေတဲ့ ရှေ့နေကလေးကို အားနာတာနှင့် အမျိုးသမီးတွေကို အရင်လွှတ်ပေးလိုက်ပါတယ်။

“ကဲ··· ရှေ့နေကြီး၊ မကျင်စိန်ကို ခေါ်သွားလို့ ရပါပြီ”

လို့ ပြောလိုက်တော့ ရှေ့နေလေးက ဝမ်းသာအားရနှင့် ကျေးဇူးတင်စကားပြောပါတယ်။ မကျင်စိန်ကလည်း လက်အုပ်ကလေးချီပြီး ကျွန်တော့်ကို ထိုင်ကန်တော့သွားပါသေးတယ်။

ရှေ့နေက ရှေ့က၊ မကျင်စိန်က နောက်ကနေ အထုပ်ကလေးဆွဲလို့ ရုံးခန်းထဲက ထွက်သွားကြပါပြီ။

မကြာပါ၊ ကားသံကြားလို့ ပြတင်းပေါက်က လှမ်းကြည့်မိတော့ မကျင်စိန်ဟာ ရှေ့နေလေး၏ ကားနှင့် ပါသွားတာကို တွေ့လိုက်ရပါတော့တယ်။

□



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးအောင်မြင့် (ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# ယစ်မူးခြင်းဘေး ကင်းဝေးစေဖို့

ယခုခေတ်ကာလတွင် အရက်မျိုးစုံ၊ ဘီယာမျိုးစုံ၊ ဝိုင်းဖြူ ဝိုင်းမဲ၊ ဝိုင်းညို စသည်ဖြင့် ဝိုင်းမျိုးစုံ၊ မူးယစ်စေတတ်သော ဆေးပြားမျိုးစုံအပြင်၊ ကော်ရှူခြင်း၊ ဓာတ်ဆီရှူခြင်း စသည်တို့ဖြင့် ကလေး၊ လူငယ်၊ လူကြီး၊ ယောက်ျား၊ မိန်းမ အဆင့်အတန်းအမျိုးမျိုးမှ လက်လမ်းမီသမျှ သုံးစွဲနေကြသူတွေ တဖြည်းဖြည်းပေါ်များလာပါသည်။ ယစ်မူးခြင်းခေတ်ဟူ၍ ခေါ်ဆိုရမလိုဖြစ်နေပြီ။

နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များကို ဖတ်ရှုသည့်အခါ ထိုယစ်မူးခြင်းအန္တရာယ်ကြောင့် ထင်မှတ်မထားအချင်းချင်း သတ်ဖြတ်ကြသည်။ အိမ်ထောင်ကွဲကြသည်။ နေအိမ်ကို မီးရှို့သည်။ သားသမီးများ ပျက်စီးကုန်ကြသည်။ ဆေးကြောင့်ပြီး သားသမီးက မိဘကို သတ်၊ မိဘက သားသမီးကို သတ်၊ အမွေပြတ် စွန့်လွှတ်၊ မိသားစု ပြိုကွဲ အလုပ်အကိုင်ပျက်ပြား၊ စီးပွားရေးပျက်ပြား၊ ဂုဏ်သိက္ခာ ထိခိုက်တို့အား မသိချင်မှအဆုံး ဖတ်ရှုရ၊ သိရသည်။ ရပ်ရွာမှ မြို့နယ်၊ မြို့နယ်မှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ နောက်ဆုံး တိုင်းပြည်တစ်ပြည်လုံး သုံးစားမရအောင် ဖြစ်သွားနိုင်ပါသည်။

ထိုသို့ မဖြစ်ရအောင် တာဝန်ရှိသူများ၊ တာဝန်သိသူများက မိမိတို့ တတ်စွမ်းသမျှ တားဆီး၊ ကာကွယ်၊ ကုသ၊ ပြုပြင်၊ ပညာပေး စသော လုပ်ငန်းအသီးသီးကို ဆောင်ရွက်နေကြပေသည်။ ကျွန်ုပ်မှလည်း တာဝန်သိသူတစ်ဦးအနေဖြင့် ယစ်မူးခြင်းဘေးမှ ကင်းဝေးစေကြောင်း နည်းလမ်းကောင်းတစ်ခုကို ဖော်ပြပေးပါရစေ။

◈◈◈

အင်္ဂလိပ်ဘာသာဖြင့် Amethyst ဟု ခေါ်သော ကျောက်မျက်ရတနာတစ်မျိုးကို မြန်မာဘာသာဖြင့် "ခရမ်းစွဲကျောက်"ဟူ၍ ခေါ်ကြသည်။ အင်္ဂလိပ်ဘာသာအခေါ်မှာ Amethuostos ဆိုသည့် ဂရိဘာသာ ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ရာ "မယစ်မူးစေနိုင်"ဟု အဓိပ္ပာယ်ရကြောင်း သိရပါသည်။ ဤ ကျောက်မျက်ကို ဆောင်ထားသူ





www.burmeseclassic.com

www.burmeseclassic.com









မှာ ဆေးခြောက်၊ ဘိန်း၊ အရက်၊ ဘီယာ စသည်ဖြင့် ယစ်မူးစေတတ်သော အရာများကို မနှစ်သက်၊ မစွဲလမ်းနိုင်ဟု ယုံကြည် ယူဆကြပါသည်။ ထို့ပြင် ဤကျောက်မျက်ကို ဆောင်ထားခြင်းဖြင့် ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ အဆိပ်အတောက်များကို မစားမသောက်မိစေခြင်း၊ စိတ်ပွဲ(အယူဉ်အပြိုင်)ကို အနိုင်ရတတ်ခြင်း၊ ဘာသာရေးတွင် ရိုသေကိုင်းရှိုင်းလာခြင်း၊ အများသူငါ၏ ရိုသေကိုးစား အားကိုးခံရခြင်းများ ဖြစ်စေကြောင်း ယုံကြည်မှု ရှိကြသည်။

အရောင်နှင့် ပတ်သက်သည်များကို အထူးပြု သုတေသန ပညာရှင်တို့က ခရမ်းရောင်သည် စွမ်းအားရှိခြင်း၊ မြင့်မြတ်ခြင်း၊ ဩဇာအာဏာတည်မြဲခြင်း၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း၊ နာခံရိုကျိုးစေခြင်း၊ အေးချမ်း တည်ငြိမ်စေခြင်း၊ သက်သောင့်သက်သာရှိခြင်းတို့ကို ဖြစ်စေကြောင်း ဖော်ပြကြပါသည်။

ခရမ်းစွဲကျောက်နှင့် ကောရာင်မြစ် လက်တစ်ဆစ်ခန့်ကို ရေသန့်ဘူး (သို့မဟုတ်) ရေသန့်ပုလင်းတွင် ထည့်ထားပြီး ဘုရားစင်တွင် တင်ထားကာ၊ နေ့စဉ် နံနက် တစ်ကြိမ်၊ ည တစ်ကြိမ်နှင့် အောက်ပါ ဂါထာတော်ကို တစ်ကြိမ်လျှင် ကိုးခေါက်ရွတ်ပွားပေးခြင်းဖြင့် အစွမ်းထက် သိဒ္ဓိဝင် ဆေးရည်တစ်မျိုးဖြစ်လာစေပါသည်။ ထိုသိဒ္ဓိဝင် ဆေးရည်ကို သားသမီး၊ ဇနီး၊ ခင်ပွန်း စသည်တို့အား တိုက်ခြင်း၊ အစားအသောက်တွင် အဆင်ပြေသလို ထည့်ပေးခြင်း ပြုပါက ယစ်မူးစေတတ်သော အစားအသောက်တို့ကို မကြိုက် မနှစ်သက်၊ မစွဲလမ်း။ မစားသောက်ချင်ဖြစ်သော အကျိုးထူးများကို ရရှိစေနိုင်ပါသည်။ ထို့အပြင် ယစ်မူးစေတတ်သော အစားအသောက် ပစ္စည်းတို့ကို နှစ်သက်စွာ သုံးဆောင် စွဲလမ်းနေခြင်းမှလည်း အနေးနှင့် အမြန်ကင်းပြတ်သွားစေနိုင်ပါသည်။ (အရက်-ဘီယာပြတ်၊ ဆေးခြောက်ပြတ်၊ ဘိန်းပြတ်၊ မူးယစ်ဆေးတို့ ပြတ်။)

### သိဒ္ဓိတင်ရန် ဂါထာတော်

အတော၊ အာတော၊ ဥတော၊ ဦတော၊ ဣလုတော၊ ဣလူတော၊
ဣလင်္ဂ၊ ဣလာတော၊ စတော၊ စာတော၊ တဝတော၊ တဝါတော၊
တံ သုခတော၊ မတော၊ သမတိတော၊ သံတော။

ကောရာင်မြစ်အကြောင်းဆိုလျှင် ကောရာင်ပင်မှာ မြန်မာနိုင်ငံ ဒေသအနှံ့တွင် ပေါများစွာ ပေါက်ရောက်တတ်ပါသည်။ အထူးသဖြင့် ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ကမ္ဘာမြို့အပိုင် ကျေးရွာများ



www.burmeseclassic.com

www.burmeseclassic.com

တွင် အလေ့ကျ ပေါက်ပင်အဖြစ် အလွန်ပေါများကြောင်း ကျွန်ုပ် တွေ့မြင်ခဲ့ဖူးပါသည်။

ခရမ်းစွဲကျောက်အတွက်ဆိုလျှင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နှင့် ကရင်ပြည်နယ်၊ ဒေါနတောင်တန်းအနီးဝန်းကျင်ရှိ မြို့တို့မှာ သဘာဝတွင်းထွက်အစစ်များ ရရှိနိုင်ပါသည်။ ကျောက်မျက်ရတနာဆိုင်များတွင် ခရမ်းစွဲအတုများ ရှိနိုင်သဖြင့် ဈေးချိုချိုနှင့် ကျောက်အစစ်ရဖို့ မလွယ်ကူပေ။

အဆောင်ကျောက်အဖြစ် အသုံးပြုရန်အတွက်ဆိုလျှင် ခရမ်းစွဲ ကျောက်ရိုင်းတုံးကလေးအချို့ကို ရေဇလုံ (သို့မဟုတ်) ရေဖလားတွင် ထည့်၍ ရေမြုပ်အောင် စိမ်ရသည်။ ထိုအခါ ကျောက်ရိုင်းတုံးလေးများ၏ ထိပ်တွင် ခရမ်းရောင်များ စု၍လာကြောင်း တွေ့ရသည်။ ခရမ်းရောင်အများဆုံး ထိပ်ပိုင်းကို ကျောက်ဖြတ်စက်ဖြင့် ဖြတ်ပြီး ကျောက်သွေးစက်တွင် တာကွက်ဖြစ်စေ၊ လုံးချောဖြစ်စေ အဆင်ပြေသလို သွေးယူရပါသည်။

ခရမ်းစွဲ ကျောက်မှာ အလင်းပေါက်နှင့် အလင်းမှုန်ဟူ၍ နှစ်မျိုးရှိရာ အလင်းပေါက် ကျောက်ကို တာကွက်သွေး၍ လက်စွပ်ကျောက်၊ နားကပ်ကျောက်၊ ဆွဲသီးကျောက်စသည်ဖြင့် အလှအပ အဆင်တန်ဆာအဖြစ် ဝတ်ဆင်နိုင်သလို၊ ယတြာအဆောင်အဖြစ်လည်း ဝတ်ဆင်ကြပါသည်။ အလင်းမှုန်ကျောက်ကိုမူ လုံးချောအဖြစ် သွေးကာ၊ သီးသန့်အဆောင်ကျောက်အဖြစ် ပိုက်ဆံအိတ်ထဲ၌ ဖြစ်စေ၊ အင်္ကျီအိတ်ထဲ၌ ဖြစ်စေ၊ ခေါင်းအုံးအောက်၌ ဖြစ်စေ၊ ထားရှိ၍ ဆောင်ထားနိုင်သည်။

ခရမ်းစွဲ အဆောင်ကျောက်ကို တာကွက်ဖြစ်စေ၊ လုံးချောဖြစ်စေ သွေးသည့်အခါ ကျောက်ရိုင်းအဆင့်မှ အချောထည်အဆင့်အထိ နေ့ချင်းပြီး သွေးရပါသည်။ ဂဗ္ဘိရပညာအရ နေ့ရက်ကောင်း၊ အချိန်အခါကောင်း ရွေးချယ်ပြီး သွေးရသည်။

ဂဗ္ဘိရပညာဖြင့် ယစ်မူးခြင်းဘေးမှ ကင်းဝေးကြပါစေ။

❑


## ရက်ပိုင်း၊ လပိုင်းအတွင်း သင့်ကံကြမ္မာ သေချာမှန်ကန်တိကျ သိစေရမည်

✪ အိမ်မှ ထွက်သွားသော (သို့မဟုတ်) ဆိုင်မှ ထွက်သွားသော အိမ်ဖော်၊ ဝန်ထမ်း၊ အလုပ်သမား ပြန်ရောက်လာမလား၊ ✪ အိမ် ခြံ မြေ ဝင်ကိန်းရှိလား၊ ✪ အသက်ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်း၊ အချုပ်အနှောင် ထောင်တို့မှ လွတ်မြောက်မလား၊ ✪ ဘုရားဖူးခရီး၊ နိုင်ငံခြားခရီးများ သွားရမလား၊ ✪ နိုင်ငံခြားခရီးသွားကိစ္စ အဆင်ပြေမလား၊ ✪ နိုင်ငံခြားနှင့် ဆက်သွယ်လုပ်ကိုင်ရဖို့ရှိလား၊ ✪ ကွဲကွာနေသော လင်မယား ပြန်ပေါင်းသင်းရမလား၊ ✪ ခွဲခွာနေရသူနှင့် ပြန်ဆုံတွေ့ရမလား၊ ✪ ဖခင်၊ ဆရာသမား၊ အထက်လူကြီး၊ မင်း အစိုးရတို့နှင့် တွေ့ဆုံပြောဆို အကူအညီတောင်းခြင်းကိစ္စတွေ အဆင်ပြေ အောင်မြင်မလား၊ ✪ အလုပ်အကိုင်ကိစ္စ အင်တာဗျူးဖြေရင် အောင်မြင်မလား၊ ✪ အိုးအိမ်အဆောက်အဦကိစ္စ တွေ့ဆုံညှိနှိုင်းပြောဆို အောင်မြင်မလား၊ ✪ ငွေကြေးအကူအညီတောင်းရင် ရမလား၊ ✪ အကြွေးကိစ္စ တွေ့ဆုံညှိနှိုင်းပြောဆို အဆင်ပြေနိုင်မလား၊ ✪ ငွေသွားချေးရင် အလွယ်တကူရနိုင်မလား၊ ✪ အကြွေးသွားတောင်းရင် အဆင်ပြေစွာ ရမလား၊ ✪ အချစ်ရေးကိစ္စ၊ စေ့စပ် လက်ထပ်ရေးကိစ္စ ညှိနှိုင်းပြောဆိုရင် အဆင်ပြေ အောင်မြင်မလား။

**ဆရာကြီး ဦးအောင်မြိုင်** (ဥပဒေသွဲ့) [လက္ခဏာဗေဒင် ယတြာအစီအရင်]

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ဖုန်း - ၀၉ ၃၀၁ ၇၈၀၇၅ / ၀၉ ၇၃၀ ၀၅၉၂၄ / ၀၉ ၅၀ ၆၂၈၄၃ / ၀၉ ၅၁ ၇၇၆၂၂ /
၀၉ ၂၅၂ ၃၀၆၆၇၅ / ၀၉ ၂၆၀ ၄၄၄၈၀၈ / ၀၉ ၇၉၅ ၆၀၇၄၈၅

ယုံကြည်အားကိုးမှသာ လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com

# ပေါက်ပန်းဖြူအရွက်နှင့် အပွင့်

သျှင်ထွေး (သန်လျင်)





ပေါက်ပန်းဖြူဟာ ပဲတောက်မျိုးရင်းထဲမှာ ပါဝင်ပါတယ်။ ပေါက်ပန်းဖြူလို့ ဆိုလိုက်တာနဲ့ တော်တော်များများက သိကျွမ်းရင်းနှီးပြီးသားဖြစ်နေမှာပါ။ ကျေးလက်ဒေသနဲ့ အခြေခံလူတန်းစားတို့ရဲ့ ထမင်းဝိုင်းမှာ ပါနေကျ ငါးပိရည်နဲ့ လိုက်ဖက်တဲ့ တို့စရာတစ်ခုပါ။

ပေါက်ပန်းဖြူဟာ စိုက်ပျိုးရတာ လွယ်သလို၊ မြန်မာနိုင်ငံအနှံ့အပြားမှာလည်း တွေ့ရလွယ်တဲ့ အပင်မျိုးပါ။

မြန်မာ့ဆေးကျမ်းမှာ ပါတဲ့အတိုင်း ဖောက်သည်ချရရင်တော့ ပေါက်ပန်းဖြူသည် အေး၏။ လေကို ပွားစေ၏။ ခါးသက်သက်ရှိ၏။ သည်းခြေရောဂါ၊ သလိပ်ရောဂါနှင့် နှာရည်ယိုခြင်းတို့ကို ပယ်စေနိုင်၏။

အပွင့်မှာလည်း အေး၏။ ခါးသက်သက်ရှိ၏။

အရွက်မှာကား စပ်၏။ ချို၏။ ခါးသက်သက်ရှိ၏။ သွေးကို စင်ကြယ်စေ၏။

အသီးမှာ ဝမ်းသက်စေ၏။ စိတ်ကို ကြည်လင်စေ၏။ ထိုးအောင့်နာ၊ အဆိပ်နာ၊ အဆုတ်နာ၊ နှလုံးရောဂါတို့ကို ပျောက်စေသည်ဟု ဆိုထားပါတယ်။

ဆက်ဖတ်ကြည့်လိုက်ပြန်တော့ ပေါက်ပန်းဖြူပွင့်ကို သန့်စင်အောင် ပြုပြီး သတ္တုရည်ဖြစ်အောင် လုပ်ပါ။ ပေါက်ပန်းဖြူပွင့်အရည် မျက်စိမှာ ခတ်ပေးပါက မျက်စိမှုန်ခြင်း၊ မျက်စိဝေခြင်းတို့ကို ပျောက်ကင်းစေ၏ဟု ဆိုထားပြန်ပါတယ်။

ပေါက်ပန်းဖြူအကြောင်း သိချင်နေလို့ စာအုပ်တွေကို လှန်ရခြင်းမှာ အကြောင်းရှိပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ အသိတစ်ယောက်က ဆေးနည်း(လိမ်းဆေး)ပြောပြတာကို မှတ်သားထားပြီး သေချာအောင် ရှာဖွေနေခြင်းပါ။

စာအုပ်ထဲမှာ တွေ့ရတာကတော့ ကျား/မ မခွဲခြား။ တိတိကျကျမဆို။ ပေါက်ပန်းဖြူအမြစ်ကို ရေနှင့် ကြိတ်ပြီးမီးဖြင့် ခပ်နွေးနွေးဖြစ်အောင် လုပ်ရမယ်လို့ ဆိုထားပါတယ်။ ပြီးမှ အခဲစ်ရောင်နေသော နေရာများကို လိမ်းပေးပါက သက်သာပျောက်ကင်းပါတယ်လို့ ရေးထားပါတယ်။

မိတ်ဆွေ ပေးလာတဲ့ ဆေးနည်းကတော့ တစ်မျိုးတစ်ဖုံဖြစ်ပါတယ်။ စမ်းပြီး သုံးကြည့်စေချင်ပါတယ်။ ငွေကုန်ကြေးကျနည်းပြီး အန္တရာယ်လည်း မရှိနိုင်လို့ ပြန်လည်ဝေမျှပေးလိုက်ပါတယ်။

ပေါက်ပန်းဖြူပွင့်ကို ပြုတ်ပြီး နေ့တိုင်း တို့စားပေးရုံမျှနဲ့ ကျိုးပေါင်းတက်လို့ ဖြစ်တဲ့ လည်ပင်းအရိုးအဆစ်နာတွေ ထူးခြားစွာ သက်သာပျောက်ကင်းစေတယ်လို့ ဆိုပါတယ်။

□



www.burmeseclassic.com

www.burmeseclassic.com


# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ဖွင့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ဝင်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား "နေစေး" စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်ပါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ သုတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ဝတ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ပေးနေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ပင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘုရားနီကွင်းရွာကလေးတွင် နေထိုင်သော ထူးမိုက်၊ ပေတူးနှင့် နက်ကျော်တို့ သုံးဦးကို မသိသူ မရှိ။ သူတို့ကို ရွာခံ လူအချို့က သုံးယောက်ပေါင်း လောင်းကျော်ဟု ခေါ်ဆိုကြသည်။ သူတို့ သူငယ်ချင်း သုံးယောက်က မိခင် မုဆိုးမကြီးများနှင့် အတူနေကြသည်။ အလုပ်ဆိုတာ မယ်မယ်ရရ မရှိ။

တစ်နေ့တွင် ထန်းတောပိုင်ရှင် အောင်ကြီးဆိုသူက သူတို့သုံးယောက်ကို ခေါ်ပြီး ထန်းရည်တိုက်၍...

"မင်းတို့ သုံးယောက်ကို မြို့က ငါ့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးမယ်။ သူတို့ ခိုင်းတဲ့အလုပ်ကို မင်းတို့လုပ်နိုင်မယ်ဆိုရင် မင်းတို့အတွက် အလုပ်က အဆင်ပြေမှာပါ။ ဒါပေမယ့် မင်းတို့ အမေတွေနဲ့ ခွဲပြီး နေရမှာ။ မင်းတို့ အမေတွေအတွက် မပူရအောင် တစ်လတစ်ခါ ငါက ငွေထုတ်ပေးပါ့မယ်။ ဒါကလည်း ငါ့မိတ်ဆွေတွေက ငါ့ကို ငွေပေးထားလို့ လုပ်နိုင်တာပါ။ မင်းတို့ လုပ်ရမယ့်အလုပ်က ဘာအလုပ်ဆိုတာတော့ ငါလည်း မယ်မယ်ရရ မသိဘူး။ မင်းတို့ သုံးယောက် မခွဲ အတူ လက်တွဲပြီး လုပ်ရမယ့်အလုပ်လို့ ငါ့မိတ်ဆွေ သူဌေးက ပြောတယ်။ ဒီရွာမှာ မင်းတို့ ငါးရှာ၊ ငှက်ပစ်၊ ကြွက်ထောင်အလုပ်တွေနဲ့ပဲ တစ်နေ့ တစ်နေ့ အချိန်ကုန်နေမယ့်အစား ငါပြောသလို လုပ်ရင် မင်းတို့ ခဏလေးနဲ့ အချိန်တိုအတွင်း ကြီးပွားမှာ"

ဟု ကိုအောင်ကြီးက ပြောသောအခါ ထူးမိုက်က ထန်းရည်သောက်ရင်း ပေတူးနှင့် နက်ကျော်တို့ကို...

"ဘယ်လိုလဲ သူငယ်ချင်းတို့၊ ကိုအောင်ကြီး ပြောတာကို မင်းတို့ ဘယ်လိုသဘောရလဲ"

နက်ကျော်က...

"သူငယ်ချင်းတို့...နက်ကျော်က စိန်ခေါ်ရင် တိမ်ပေါ်အထိကို လိုက်မှာကွ"

ပေတူးကလည်း...

"ငါက ဘွာမခတ်ဘူးကွ။ မိုက်စမ်း။ ကြိုက်လမ်းကိုပဲ ရွေးရွေး ငရဲပြည်ကိုပဲ ခြေလှမ်းသွားရသွားရ မင်းတို့နဲ့ မခွဲဘူးကွ"

ထူးမိုက်က...

"ကြိုက်သွားပြီ။ မင်းတို့ နှစ်ယောက်ရဲ့ စကားလေးတွေက ထန်းရည်ထဲမှာ ငှက်ခါးလေးတွေ ဝဲနေသလိုပဲကွဲ့။ ကိုအောင်ကြီး...ခင်ဗျား မိတ်ဆွေတွေကို ပြောလိုက်ဗျာ၊ ကျွန်တော်တို့ သုံးယောက် ဘာအလုပ်ပဲ လုပ်ရလုပ်ရ လုပ်မယ်ဗျာ။ ဒီနေရာမှာ ခင်ဗျားကို ကတိပေးတယ်ဗျာ"

ကိုအောင်ကြီးက...

"မင်းတို့ သုံးယောက် အတည်ပြောတာနော်။ ငါ လူကြုံနဲ့ မင်းတို့ကို လာခေါ်ဖို့ ပြောလိုက်မယ်။ ဟိုက လာခေါ်မှ မင်းတို့ စိတ်မပြောင်းသွားနဲ့။ ကတိတည်ဖို့က အရေးကြီးတယ်"



ထူးမိုက်က...

"ကျွန်တော်တို့ သုံးယောက်အတွက် ကျွန်တော် တာဝန်ယူတယ်။ ယောက်ျားတွေပါဗျာ"

ဟု ပြောပြီး လက်ကျန် ထန်းရည်များကို မော့သောက်ပြီး ထူးမိုက်က...

"ကိုအောင်ကြီး...ကျွန်တော်တို့ကို ထန်းရည်နဲ့ ကြွက်ကြော်ကျွေးပြီး ပြုစုတာ ကျေးဇူးတင်တယ်ဗျာ။ ယောဒိရွာတစ်ရွာလုံးမှာ ကိုအောင်ကြီးရဲ့ ထန်းရည်တော့ ထန်းရည်က အကောင်းဆုံးပဲဗျ"

ဟု ဆိုပြီး သူငယ်ချင်း သုံးယောက် ပုဆိုး စလွယ်သိုင်းနှင့် ထန်းရည်မူးပြီး ထွက်လာခဲ့တော့သည်။

◈◈◈

ထူးမိုက်၊ ပေတူးနှင့် နက်ကျော်တို့သည် သူဌေး ဦးပါစီ၏ နေအိမ်ခြံဝန်းကြီးအတွင်းတွင် သိုင်းဆရာကြီး ဦးသုတက ကိုယ်ခံပညာများကို သင်ကြားပေးလေသည်။ သူဌေး ဦးပါစီ၏ လူယုံတော် တပည့်ကြီး ဦးမိုးသီးက အလုပ်အကိုင်နှင့် ပတ်သက်ပြီး ထူးမိုက်တို့ သုံးယောက်ကို သင်ကြားပေးလေသည်။

ဦးမိုးသီး ခေါင်းဆောင်သော ဓားပြအဖွဲ့တွင် သူတို့သုံးဦးလည်း ပါသည်။ အဖွဲ့သားများက ရုပ်ဖျက်ပြီး မျက်နှာဖုံးများ ကိုယ်စီနှင့် စိန်အရောင်းအဝယ် သူဌေး စိန်ဘာဘူခေါ် ဦးထောနား၏ တိုက်သို့ ဓားပြဝင်တိုက်ကြသည်။ နို့ဆီဘူး သုံးလုံးခန့် စိန်များကို ကုလားကြီး ဦးထောနားက အသာတကြည် ပေးပြီး အသက်ကို ချမ်းသာပေးပါဟု ပြောသည်။

ဦးမိုးသီးက အသင့်ပါလာသော မေ့ဆေးဖြင့် စိန်ဘာဘူ၏ နှာခေါင်းကို

www.burmeseclassic.com

လက်ကိုင်ပဝါဖြင့် တေ့ပြီး ဦးထောနား မေ့သွားသောအခါတွင်...

"ခေတ္တတော့ အိပ်စက် အနားယူပေဦးတော့ ဦးထောနားရေ။ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး"

ဟု ပြောဆိုပြီး ခြံပြင်သို့ အရောက်တွင် ပုလိပ်ကင်းအဖွဲ့နှင့် တွေ့သဖြင့် တကွဲတပြား ပြေးကြရလေသည်။

စိန်ထုပ်ကို ထူးမိုက်တို့ သုံးယောက်က တစ်ယောက် တစ်လဲစီ သယ်ရင်း ပြေးကြရာတွင် ပေတူးနှင့် နက်ကျော်တို့က သူတို့၏ ခြေထောက်တွင် သေနတ်မှန်ထားသဖြင့် ထူးမိုက်ကို စိန်ထုပ်ပေးပြီး...

"သူငယ်ချင်း ထူးမိုက်၊ မင်း လွတ်အောင်သာ ပြေးပေတော့။ ငါတို့က ဆက်ပြီး မပြေးနိုင်တော့ဘူး။ ပုလိပ်တွေက ပိုင်းနေပြီ။ ငါတို့ ထောင်ကျမှာ သေချာတယ်။ တို့ လွတ်လာမှ ဝေစုခွဲကြတာပေါ့ကွာ။ မင်းလည်း သုံးသင့်သလောက် သုံးပါ။ ငါတို့ဖို့လည်း ချန်။ ခြေထောက်က မထောက်နိုင်တော့ဘူးကွ"

ထူးမိုက်က...

"စိတ်ချပါ သူငယ်ချင်း။ ငါ ခြေဦးတည့်ရာကို လွတ်အောင် ပြေးမယ်။ ဗိုလ်မိုးသီးကတော့ တိုက်ပွဲကျသွားပြီ။ သူ့တပည့် နှစ်ယောက်လည်း သူ့နောက်ကို ပုလိပ်တွေရဲ့ လက်ချက်နဲ့ လိုက်သွားပြီ"

ထူးမိုက်တစ်ယောက်က လွတ်သွားသော်လည်း ပေတူးနှင့် နက်ကျော်တို့ နှစ်ယောက်က ဒဏ်ရာကိုယ်စီဖြင့် အဖမ်းခံရပြီး ထောင်ကျသွားလေသည်။

◈◈◈

ထူးမိုက်သည် အောက်မြန်မာပြည်၊ တောမြို့ကလေး တစ်မြို့တွင် အိမ်ထောင်ကျပြီး ဘဝကို အဲဒီမှာ ဇာတ်မြှုပ်ထားလိုက်သည်။ တောသူဌေး ဦးရဲကျော်အမည်ဖြင့် လယ်ယာကိုင်းများကို ဝယ်ပြီး တောသူဌေး အမည်ခံ၍ နေထိုင်လေသည်။

ဘုရားနီကွင်းတွင် ကျန်ခဲ့သော မိခင်ကြီးထံသို့လည်း မသွားရဲ၊ သူငယ်ချင်းနှစ်ယောက်၏ မိခင်တို့ကိုလည်း သွားမတွေ့ရဲ။ မိခင် သုံးယောက်တို့အတွက် စိတ်မကောင်းဖြစ်ရသည်။ ရွာမှ ထန်းတောပိုင်ရှင် ကိုအောင်ကြီးကိုလည်း ဓားပြမွေးမှုဖြင့် ပုလိပ်များက ဖမ်းဆီးသွားသည်။

မိခင်ကြီး သုံးယောက်က ကိုအောင်ကြီး မရှိသည့်နောက်ပိုင်းတွင် ရပ်ရွာက ပိုင်းဝန်းကျွေးမွေးထားသော်လည်း သားတို့ကို လွမ်းဆွတ်သော စိတ်ဝေဒနာဖြင့် အသက် ၇၀ အရွယ်တွင် ဆင့်ကဲဆင့်ကဲ သေဆုံးသွားကြပါသည်။

သားဆိုး သူငယ်ချင်းနှစ်ယောက် ထောင်မှ လွတ်လာကြပြီး ဘုရားနီရွာလေးသို့ ပြန်လာကြသော်လည်း မိခင်များက မရှိ။ သင်္ချိုင်းတွင် ဒေါ်ထားခင် အသက်(၇၀)၊ ဒေါ်မေခ အသက်(၇၀)၊ ဒေါ်တင်မြ အသက် (၇၀)ဟုသာ မြေပုံများက မှတ်တိုင်ဖြင့် သားတို့၏အလာကို ကြိုဆိုနေလေသည်။

ဒေါ်ထားခင်သည် ထူးမိုက်၏ အမေ၊ ဒေါ်မေခသည် ပေတူး၏ အမေဖြစ်သည်။ ဒေါ်တင်မြသည် နက်ကျော်၏ အမေဖြစ်ပါသည်။

ပေတူးနှင့် နက်ကျော်တို့သည် ထူးမိုက်ကို တွေ့ဖို့ အရေးကြီးသည်။ တွေ့အောင် ရှာမှဖြစ်မည်။ သတင်းစုံစမ်းရသည်မှာလည်း မောလှပါသည်။ ယခုအထိ ထူးမိုက်ကို ရှာမတွေ့သေးပေ။ ထူးမိုက်ကို သူတို့ သူငယ်ချင်းနှစ်ယောက်ယုံသည်။ သေမထူး နေမထူးဘဝထက် သူဌေးအဖြစ်ကို သူတို့မျှော်မှန်းထားကြသည်။ ထူးမိုက်ထံတွင် သူတို့နှစ်ယောက်အတွက် စိန်တွေက စောင့်ကြိုနေမည်။ သူတို့နှစ်ယောက် ထောင်သုံးနှစ်ကျရခြင်းက အင်္ဂလိပ်အစိုးရလက်ထက်တွင် ဓားပြမှုဖြင့်ဖြစ်သည်။ သူဌေး စိန်ဘာဘူ ဦးထောနားသည် ပေတူးနှင့် နက်ကျော်တို့ ထောင်ကျသည့် ၂နှစ်အတွင်း စိန်များကို စွဲလမ်းသည့် စိတ်ရောဂါဖြင့် သေဆုံးသွားသည်။ ပေတူးနှင့် နက်ကျော်တို့က ထူးမိုက်ကို မဖော်။ စိန်တွေကို ဗိုလ်မိုးသီးတို့အဖွဲ့ထံ ပါသွားသည်ဟု ရဲရဲဝံ့ဝံ့ အစစ်ခံသည်။ ပုလိပ်အဖွဲ့ကလည်း ဓားပြ ဗိုလ်မိုးသီးနှင့် တပည့်နှစ်ယောက်အလောင်းကိုသာ ရှာဖွေတွေ့ရှိပြီး စိန်များကို မတွေ့သဖြင့် ဦးထောနား မရှိသည့်နောက်ပိုင်းတွင် အမှုကို ပိတ်လိုက်ရလေတော့သည်။

◈◈◈

တောသူဌေးအမည်ခံ ဦးရဲကျော်သည် သူငယ်ချင်းနှစ်ယောက်အတွက် ချန်ထားသော စိန် နို့ဆီဘူးနှစ်လုံးကို သေချာစွာ သိမ်းဆည်းထားပြီး သူငယ်ချင်းတို့အလာကိုသာ မျှော်နေမိသည်။

ပေတူးနှင့် နက်ကျော်တို့နောက်သို့ ဆားပုလင်း လူမောင်က နောက်ယောင်ခံလိုက်နေသည်ကို ပေတူးနှင့် နက်ကျော်တို့က မသိရှာပေ။

တစ်ရွာဝင် တစ်ရွာထွက်၍ ထူးမိုက်ကို ရှာနေရသည်မှာ တစ်နှစ်ပင် ပြည့်ခဲ့လေပြီ။ ထူးမိုက်၏ သတင်းအစအနပင် မရ။ ကြိုရာ သင်္ဘောဆိပ်တွင် ကူလီထမ်းပြီး စုံစမ်းသည်။

မိုးကုတ်နယ်တွင် ကျောက်တွင်းသူဌေး ဦးဇော်ရှိန်းထံ၌ ကျောက်တွင်း



www.burmeseclassic.com

www.burmeseclassic.com

တူးအလုပ်သမားအဖြစ် သူတို့နှစ်ယောက် အခစားဖြင့် ဝင်လုပ်ကြသည်။

မိုးကုတ်က ပတ္တမြား၊ နီလာထွက်သည်။ အလုပ်အကိုင် အတည်တကျ မရှိသဖြင့် သူတို့နှစ်ယောက် အိမ်ထောင်မပြုကြသေး။ ကျောက်တွင်းတူးသမားဘဝဖြင့် နေထိုင်လာခဲ့သည်မှာ ၂နှစ်ပင်ကျော်ခဲ့လေပြီ။

တစ်နေ့တွင် ကံဆိုးချင်တော့ သူတို့ ကျောက်တူးအလုပ်သမား လေးယောက် ကျောက်တွင်းပြိုကျပြီး သေဆုံးသည့်အထဲတွင် ပေတူးနှင့် နက်ကျော်လည်း ပါသွားလေသည်။ ပေတူးနှင့် နက်ကျော်တို့၏ ဝိပါကဝဋ်ဟု ဆိုရပေမည်။

ကျောက်သူဌေး ဦးဇော်ရိန်းက ကွယ်လွန်သူတွေအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးသော်လည်း ပေတူးနှင့် နက်ကျော်တို့၏ ဝိညာဉ်များက သာဓုမခေါ်ထိုက်၍ မကျွတ်လွတ်ပေ။ လျော်ကြေးငွေပေးရန် သူဌေး ဦးဇော်ရိန်းက ပေတူးနှင့် နက်ကျော်တို့၏ ဆွေမျိုးများကိုလည်း စုံစမ်း၍ မရပေ။

◈◈◈

ပေတူးနှင့် နက်ကျော်တို့၏ ဝိညာဉ်များက သူငယ်ချင်းဖြစ်သူ ထူးမိုက်ထံမှ စိန်များကို ရရှိရေးအတွက် ဝိညာဉ်ဘဝဖြင့် ထူးမိုက်ကို ဆက်လက်ပြီး ရှာဖွေနေလေသည်။

တစ်နေ့ ညတွင် တောသူဌေး ရဲကျော်အမည်ခံ ထူးမိုက်ကို ပေတူးနှင့် နက်ကျော်တို့ နှစ်ယောက်၏ ဝိညာဉ်က အိပ်မက်ပေးသည်။ နက်ကျော်က…

"လိုက်ရှာလိုက်ရတာကွာ ထူးမိုက်ရာ၊ မင်းက ဒီတောမှာ လာပြီး မြိန်နေတာပေါ့။ ပေတူးနဲ့ ငါ ထောင်က လွတ်ပြီးကတည်းက မင်းကို ရှာလိုက်



ရတာ။ ငါတို့နှစ်ယောက် ကြံရာ အလုပ်လုပ်ပြီး မင်းကို စုံစမ်းနေတာကွ။ မင်း ငါတို့အတွက် ဝေစု စိန်တွေကို သိမ်းထားတယ်မဟုတ်လား"

ထူးမိုက်က…

"အေး၊ ငါ မင်းတို့နှစ်ယောက်အတွက် စိန်တွေကို သိမ်းထားပါတယ်ကွ။ ဟော့ကောင်… နက်ကျော်နဲ့ ပေတူး၊ မင်းတို့ ငါ့နာမည်ကို မခေါ်နဲ့ကွ။ ငါ့နာမည်က ဒီရွာမှာ ရဲကျော်လို့ ဆိုရင် လူသိများတယ်။ ထူးမိုက်လို့ ဆိုပြီး ခေါ်ရင် ဘယ်သူမှ မသိကြဘူးကွ။ ငါ ကတိတည်စွာနဲ့ မင်းတို့ နှစ်ယောက်အတွက် ဝေစုကို သိမ်းထားပေးပါတယ်ကွာ။ မင်းတို့ ငါ့ကို အထင်မလွဲပါနဲ့"

နက်ကျော်နှင့် ပေတူးတို့သည် သူငယ်ချင်း ထူးမိုက်ကို ဖက်ပြီး ငိုကြလေသည်။ ထူးမိုက်က…

"ငါ မင်းတို့ကို တွေ့ရတာ ဝမ်းသာတယ်ကွာ။ မင်းတို့က ငါ့ကို တွေ့ပြီး ဝမ်းသာလို့ ငိုကြတယ်ဆိုတာ ငါ သိပါတယ်ကွာ။ ဒါထက် သူငယ်ချင်းတို့… ခြံပြင်ကြီးမှာကွာ၊ ငါ့အိမ်ပေါ် တက်ပြီး ထိုင်ကြပါဦး။ ငါ့အိမ်မှာ အေးအေးဆေးဆေး နေနိုင်ပါတယ်"

ထူးမိုက်က အိမ်ပေါ်သို့ တက်ပါရန် အားရဝမ်းသာစွာ ခေါ်ပါသော်လည်း နက်ကျော်နှင့် ပေတူးက မတက်ပါ။ နက်ကျော်က…

"သူငယ်ချင်း… မင်း ကတိတည်တယ်။ ငါတို့နှစ်ယောက်က မင်းနဲ့ ဘဝ မတူတော့ဘူးကွ။ ဘဝခြား ပေတဘဝကို ရောက်နေပြီ။ ငါတို့အတွက် ဝေစု စိန်တွေကို ငါတို့နှစ်ယောက်အတွက် မင်း အခုနေတဲ့ ရွာမှာ ဘုရားနှစ်ဆူတည်ပေးပါကွာ။ ကျန်တာတွေကိုတော့ မင်းပဲ ယူလိုက်ပါ။ မင်းက သားနဲ့ မယားနဲ့ဆိုတော့ လူ့ဘဝမှာ ဆက်လက်ပြီး ရှင်သန်နေရဦးမှာ။ ဘုရားတည်ပြီး အမျှဝေရင် ငါတို့နှစ်ယောက်နာမည်ကို ခေါ်ပြီး အမျှဝေပါကွာ။ မင်း ဘုရားအပြီးမှာ ငါတို့လာခဲ့ပါ့မယ်။ ဘုရားတည်ပြီးတာနဲ့ သာဓုခေါ်ရမှ ငါတို့နှစ်ယောက် ဒီပေတဘဝက ကျွတ်မှာပါကွာ။ မင်းက သူငယ်ချင်းကောင်းတစ်ယောက် ပီသပါတယ်။ ငါတို့ကို မင်းခြံထဲကို ဝင်ခွင့်ပြုတာ ငါတို့ကျေနပ်ပါတယ် သူငယ်ချင်း။ ငါတို့ ပြန်တော့မယ်။ မင်းနေတဲ့ နေရာကို သိနေမှုပဲ။ တို့ သူငယ်ချင်း နှစ်ယောက်သေခဲ့ရတဲ့ အကြောင်းရင်းကို မင်း သိထားပြီးပြီပဲ"

ဟု နက်ကျော်က ပြောပြောဆိုဆိုဖြင့် ပေတူးကို လက်ဆွဲပြီး ထူးမိုက်ကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

ထူးမိုက်သည် သူငယ်ချင်း နှစ်ယောက်တို့၏ နောက်ကျောကို မျက်စိတစ်ဆုံးကြည့်ရင်းဖြင့် ပျောက်ကွယ်သွားမှ အိပ်မက်က နိုးလေတော့သည်။

◈◈◈

ဇဝေဇဝါနှင့် မသေချာသော အိပ်မက်ပင် ဖြစ်ပေလိမ့်မည်ဟု တွေး



www.burmeseclassic.com

www.burmeseclassic.com

ထင်ထားပါသော်လည်း အိပ်မက်ထဲက ကတိအတိုင်း ကိုးတောင်ပြည့် ဘုရား နှစ်ဆူကို ရှာဦးထိပ်တွင် တည်ထားပြီး နက်ကျော်နှင့် ပေတူးတို့ကို အမှူးပေးထေသည်။

လူ့လောကတွင် ဥစ္စာပစ္စည်းတို့သည် စားထိုက်မှ စားရသည်။ ကောင်းသော ရှာခြင်း၊ ခုစရိုက်လောကနှင့် ရှာခြင်းဟူသော ရတနာပစ္စည်းတို့သည် စံသင့်မှပင် စံရပေမည်။ နက်ကျော်နှင့် ပေတူးတို့သည်ကား ရတနာကို မစံထိုက်။ ထူးမိုက်သည်ကား စံထိုက်သည်ဟု ဆိုရပေမည်။ သူငယ်ချင်းတို့အပေါ် ဘဝတူ လူတန်းစားချင်း စာနာပြီး နားလည်မှုရှိသော ထူးမိုက်သည် သူငယ်ချင်းကောင်းပီသပါပေသည်။

ယခုတော့ သာယာအေးရွာလေးတွင် ဦးရဲကျော်ခေါ် ထူးမိုက်၏ တိုက်ကြီးက ခန့်ခန့်ထည်ထည်ဖြင့် ကြီးမားစွာ တွေ့ရပေမည်။

◈◈◈

စိန်ဘာဘူ ခေါ် ချစ်တီးကုလား ဦးထေတနားသည်လည်း မြန်မာပြည်တွင် စီးပွားရှာရင်း အမြတ်ကြီးစား ကြီးပွားခဲ့သူတစ်ဦးဟု ဆိုရပေမည်။ ကိုလိုနီခေတ်တွင် ဆင်းရဲသား တောင်သူလယ်သမားများထံမှ လယ်ယာများကို သိမ်းပိုက်ပြီး ပြန်လည်ရောင်းချ၍ စိန်စုသော စိန်ပွဲစားကြီးအဖြစ် နာမည်ကြီးခဲ့သည်။

ထူးမိုက်၊ ပေတူး၊ နက်ကျော်တို့၏ အဘိုးအဘွားများပိုင် လယ်တွေ အသိမ်းခံရသဖြင့် ထူးမိုက်တို့ သူငယ်ချင်းသုံးဦး၏ မိဘများ ဆင်းရဲမွဲတေခဲ့ရသည်။ ထိုသုံးယောက်၏ ဖခင်များသည် သူတစ်ပါး၏လယ်တွင် အခစားကောက်ရိတ်သားဘဝဖြင့် သူရင်းငှားလုပ်ခဲ့ရာတွင် ကောက်ရိတ်ရင်း ပိုးထိပြီး သေဆုံးခဲ့ရသည်။ ကံတူ အကျိုးပေးတွေဟု ဆိုရပေမည်။

တရားသဘောနှင့် တွေးလျှင် ထူးမိုက်တစ်ယောက် ဦးထေတနားထံမှ ကြွေးဟောင်းများကို ယခုဘဝတွင် ရရှိခဲ့ပေပြီ။ ထူးမိုက်သည် အသက် (၉၀)အရွယ်အထိ ဘုရားတည်၊ ကျောင်းဆောက်ပြီး အလှူ့ဒါယကာကြီးအဖြစ်နှင့် နေသွားသည်မှာ အသက်(၉၅)နှစ်တိုင်မှ သေဆုံးသွားလေတော့သည်။

ဦးရဲကျော်၏ သားစဉ်မြေးဆက်သည်လည်း ဦးရဲကျော် ထားခဲ့သော ရတနာပစ္စည်းများနှင့် ကြီးပွားချမ်းသာလျက် နေထိုင်သွားကြပါတော့သည်။

□


# ဂမ္ဘီရဆရာလှမျိုး (B.sc)

## အောင်ကောင်းမြ(သာကေတ)

## ဗေဒင်+လက္ခဏာ နဝင်းစီးယတြာပညာရှင်

- ဘဝတစ်သက်တာဆောင်ရန်၊ ရှောင်ရန်များ။
- အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စအဆင်ပြေစေရန် မာတ်ရိုက်မာတ်ဆင်ယတြာ။
- တစ်နှစ်တာဟောစာတမ်းရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်၊လုပ်ငန်းအမည်ပေးခြင်း။
- ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာပြုလုပ်ပေးခြင်း။

| | |
|---|---|
| ဟောခန်းလိပ်စာ | မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်မြောက်လမ်းဆုံ အနီး၊ ပြည်လုံးချမ်းသာမြို့ဦးစေတီတော်၊တောင်ဘက်မုခ်၊ (တိုးကြောင်းလေးဘူတာအနီး)။ |
| ဟောပြောအချိန် | နံနက်(၁၀)နာရီမှ၊ ညနေ(၄)နာရီ။ |




www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးရွှေထွန်းဇံ (ရွှေလှော်ကား)

# ဘုမ္မရာဇာနှင့် ပျောက်ကင်းသော ရောဂါများ

"ဘုမ္မရာဇာ"ဆိုသည်မှာ ဘုမ္မ(မြေ)၊ ရာဇာ(ဘုရင်) ဖြစ်၏။ မြေတွင် ပေါက်သော ဆေးပင်တို့၏ ဘုရင်ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဘုမ္မရာဇာ၏ အပင်ပုံသဏ္ဌာန်မှာ နှစ်ရှည်ခံ အပင်ငယ်မျိုးဖြစ်ပြီး အမြင့် (၂)ပေခန့်ရှိသည်။ အပင်ထိပ်များတွင် အရွက်များ စုထွက်ကြသည်။ ပန်းခိုင်ရိုးတံမှာ ရှည်ပြီး အပွင့်များမှာ ပန်းခိုင်ထိပ်၌ စုပြုံပွင့်ကြသည်။ အပွင့်မှာ အဖြူရောင်၊ ပန်းရောင်၊ အနီရောင်ဟူ၍ တွေ့ရသည်။ ပန်းအရောင်ကို လိုက်၍ အမျိုးလည်း ကွဲသွားသည်။

ဘုမ္မရာဇာပင်ကို ဆေးအဖြစ် အသုံးပြုရာတွင် ဘုမ္မရာဇာပင်၏ ရေသောက်မြစ်မကြီး(ခေါ်)ဥကို အသုံးပြုရသည်။ အမြစ်ကို ဓားဖြင့် ညီညီညာညာ လှီးဖြတ်ကြည့်လျှင် စက်ဝန်းကဲ့သို့ ခရေပွင့်သဏ္ဌာန် အရစ်များကို တွေ့ရသည်။

**ပေါက်ရောက်ပုံ**

မြန်မာနိုင်ငံအလယ်ပိုင်း၊ အောက်ပိုင်း၊ သဲနုန်းမြေစေးများတွင် သဘာဝအလျောက် အလှည့်ကျ ပေါက်လေ့ရှိသည်။

**ဆေးအာနိသင်**

မြန်မာဆေးကျမ်းများအလိုအရ ဘုမ္မရာဇာမြစ်သည် ဖန်၏။ စပ်၏။ ခါးသော အရသာရှိ၏။ ထက်မြက်၍ ပူသော ဂုဏ်သတ္တိရှိ၏။ ဝမ်းမီးတောက်၏။ လေကို သက်၏။ နှတ်ကို မြိန်စေ၏။ အကြောတို့ကို လှုပ်ရှားစေပြီး အကြောသို့ သွေးလေမလျှောက်(အကြောသေရောဂါ)နှင့် သတိမြတ်၏။ ဆီးအိမ်၌ ဖြစ်သော ရိုဖြူ ရိုနီ ကျဆင်းခြင်း(ညောင်းကျနာ)နှင့် သုက်ဆီးလွန်ရောဂါ၊ ဒုလာသရော ရောဂါကို နိုင်၏။ သွေးတိုးရောဂါ၊ သွေးနိမ့်၊ သွေးမြင့်၊ ကာလသားရောဂါ၊ နှလုံးတုန်၊ ရင်ခုန်ရောဂါတို့ကို ပျောက်ကင်းစေပြီး ပန်းသေ၊ ပန်းညှိုး၊ သုက်ခန်းရောဂါတို့ကို နိုင်၏။

**ဆေးဝါးအဖြစ် သုံးနည်း**

- စိတ်သောကကြောင့် နှလုံးတုန်၊ ရင်ခုန်၊ စိတ်ဂဏှာမငြိမ်၊ သွေးတိုးရောဂါတို့ကို ဘုမ္မရာဇာမြစ်က အထူးနိုင်နင်းသော တန်ခိုးထူးရှိသည်။

- ကလေးသူငယ်များ အသားအရေအေး၍ တက်ခြင်း၊ ပူ၍ တက်ခြင်း၊ အညှော်မိခြင်းဖြစ်လျှင် ဘုမ္မရာဇာမြစ်၊ ဆေးခါး၊ ရှိန်းခို၊ ဣသရမူလီတို့ကို အမှုန့်ပြုလုပ်ပြီး ဆတူရော၍ လျက် ခြေဖဝါး၊ လက်ဖဝါးတို့ကို ချန်လှပ်၍ တစ်ကိုယ်လုံး နှမ်းဆီနှင့် ဖျော်လျက် လိမ်းပေးခြင်း၊ ဆေးမှုန့်နှင့် ကွမ်းရွက်ကို ရောခြေမွ၍ အနံ့ရှူပေးခြင်း၊ လက်ဝါးကို အပူကင်၍ ရင်ဘတ်အား သပ်ချပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

- စိတ်ထကြွခြင်း၊ ရန်ပြုလိုခြင်း၊ စိုးရိမ်ကြောင့်ကြဖြစ်ခြင်း၊ စိတ်ခက်ထန်နေသော စိတ်ဝေဒနာရှင်အမျိုးမျိုးတို့ကို ဘုမ္မရာဇာအမြစ်အား စိတ်ငြိမ်ဆေးအဖြစ် အသုံးပြု၍ရသည်။

- ဘုမ္မရာဇာမြစ်ကို အားတိုးဆေး၊ လေဆေး၊ အဆိပ်ဖြေဆေး၊ အဖျားဖြတ်ဆေး၊ အိပ်ဆေးတို့တွင် အခြားဆေးဖက်ဝင်များနှင့် တွဲသုံးရသည်။

- အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်သားတို့သည် ကလေးငယ်များ အိပ်ပျော်စေရန် ဤဆေးမြစ်ကို တိုက်ကျွေးလေ့ရှိသည်။

- ဤ ဘုမ္မရာဇာဆေးပင်သည် သွေးတိုးရောဂါ၊ စိတ္တဇရောဂါကုသပေးရာတွင် ကျော်ကြားထင်ရှားလှ၏။ အမြစ်မှုန့် ၂၀ မှ ၃၀ ဂရမ်ခန့် သုံးစွဲလျှင် သွေးတိုးကျ၏။ စိတ္တဇဝေဒနာရှင်များကိုလည်း ငြိမ်သက် အိပ်ပျော်စေ၏။ သွေးလေလှည့်ပတ်မှု မှန်ကန်စေ၏။ ထိုအကြောင်းတို့ကြောင့် ဘုမ္မရာဇာဆေးပင်ကို ထူးခြားထက်မြက်သော ဆေးပင်အဖြစ် ဝဋ္ဋောသျှမိ ကျဋ္ဌောဒယ စွယ်စုံဆေးကျမ်း၌ ဖွင့်ဆိုထားခဲ့သည်။

- ဘုမ္မရာဇာမြစ်အမှုန့်နှင့် ဖော်စပ်ထားသော ဘုမ္မရာဇာ



www.burmeseclassic.com

www.burmeseclassic.com

ဆေးကို အချိန်မှန် သောက်ပေးခဲ့သော် သွေးတိုးရောဂါ ထူးခြားစွာ သက်သာပြီး ဆက်လက်သောက်သုံးလျှင် ဦးနှောက်ကြည်လင်၍ ဉာဏ်ရည်ထက်မြက်ပြီး မှတ်ဉာဏ်ကောင်းလာမည်။

- ဘုမ္မရာဇာမြစ်ပါသော ဆေးကို သောက်ပြီးနောက် ပွင့်စေသော အစာအာဟာရကို စားပေးရမည်။ ရေမှန်မှန်ချိုးပေးရမည်။

ဘုမ္မရာဇာကဲ့သို့ပင် စွမ်းအင်အထူးကို ပေးစွမ်းနိုင်သော ရာဇာကြီး လေးပါးဟူ၍ ရှိ၏။ ဘုမ္မရာဇာ၊ ကောရာဇာ(ကောရာဇ်)၊ သီဟရာဇာ၊ ရာဇဝံသ(ရာဇဝင်)ဟူသော ဆေးပင်တို့ ဖြစ်၏။ ရှေး ဆရာမြတ်တို့က နောက်ဆရာများ မှတ်မိလွယ်အောင် ကဗျာလင်္ကာရေးစပ်၍ ထားခဲ့သည်မှာ -

ဘုမ္မရာဇာ၊ ကောရာဇ်နှင့် ရာဇဝင်မြစ်၊ ဤသုံးဖြာ၊
ပေါင်းကြိတ်ကာ အရိပ်မှာလှန်း၊ဆောင်မြန်းကြပါ။
သွေးထက်နှာ ဖြစ်လာသည့် အဆိပ်မျိုး၊
နတ်ရေစင်ပမာ စွမ်းတယ်၊ မြိုင်တန်းက တန်ခိုး
ဟူ၍ ဖြစ်ပါသည်။

ဖော်ပြပါ ကဗျာတွင် ပါရှိသော အဆိပ်နိုင်ဆေးပင် သုံးမျိုးကို အမှုန့်ပြုလုပ်၍ နှာဆေး၊ သောက်ဆေးအဖြစ် အသုံးပြုနိုင်သည်။ ထို့အပြင် ဆေးမှုန့်ကို ပုန်းရည်နှင့် ကြိတ်၍ အတုံးအခဲပြုလုပ်ပြီးလျှင် နေရိပ်တွင် လှန်း၍ အသုံးပြုကြသည်။ ထိုသို့ အတုံးအခဲပြုလုပ်ထားသော ဆေးတောင့်သည် နှစ်ပေါင်းများစွာ သတ္တိမပျက်ဘဲ ရှိသည်။

မွှိုတောက်ခြင်း၊ ကြွေးဥတောက်ခြင်း၊ သွေးအဆိပ်တက်ခြင်း၊ မီးယပ်သွေးတက်ခြင်းတို့ဖြစ်လျှင် ထိုဆေးတောင့်ကို သွေး၍ တိုက်ရ၏။ ရှူလည်း ရှူစေရ၏။ မီးယပ်သွေးငုပ်၍ အပုပ်ဆန်ခြင်း၊ သွေးတက်ခြင်းတို့အား ဆားပြုတ်ရည်နှင့်လည်း တိုက်၍ရသည်။

ဘုမ္မရာဇာကဲ့သို့ လှုပ်ရှား ဝါယောကိန်းသော အားတိုးဆေးမှာ ဆိတ်တစ်ကိုယ်လုံးတွင် လှုပ်ရှားဝါယောကိန်း၍ အားဖြစ်စေနိုင်သော ကပ္ပယ်အိတ်ကို ယူရမည်။ ကပ္ပယ်အိတ်သည် လှုပ်ရှားဝါယော အများဆုံး ကိန်းဝပ်၏။ ဓာတ်ဆရာတို့သည် ပန်းသေ၊ ပန်းညှိုးရောဂါအတွက် ကြော်ချက်၍ ကျွေးကြသည်။

ဘုမ္မရာဇာ၏ စွမ်းရည်ကား ကျယ်ဝန်းပါ၏။
တိုင်းရင်းဆေးဖြင့် ကျန်းမာကြပါစေ။

□

ကျမ်းကိုး - အရှင်နာဂသိန် ပုံပြဆေးအဘိဓာန်


ဝမ်းချုပ်၊ လေချုပ်၊ သွေးတိုးနေလျှင်
ဆရာဦးရွှေထွန်း၏ (ရွှေလော်ကား)ရဲ့
ဘုမ္မရာဇာ
အမှတ်တံဆိပ်
ဝမ်းမှန်ဆေး ကိုသောက်ကြည့်လိုက်ပါ။



ကြော်ငြာခွင့်ပြုချက်အမှတ် -
တဆဝက(စာနယ်ဇင်း) ၀၀၁/၀၁၁၅
ဆေးသောက်ပြီး ဗိုက်နာ၊ ဗိုက်ရစ်ခြင်းမရှိ
နုံးချည့်အားယုတ်ခြင်းမရှိ ယုံကြည်စွာ သုံးစွဲပါ။
ဆေးတစ်ခါသောက် (၃) ပြားမှ (၅) ပြား (၃)ရက် တစ်ကြိမ် သောက်သုံးနိုင်သည်။
ဆိုင်ခွဲ - ရွှေလော်ကားဆေးတိုက်၊ အမှတ်(၉)၊ လော်ကားလမ်း၊ ၁၆-ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း- ၀၉-၇၃၀၆၁၂၁၈၊ ၀၉-၇၉၉၂၄၅၇၂၃




www.burmeseclassic.com

www.burmeseclassic.com



မင်းဖေမြင့်(မုဒ္ဒံ)

မွန်မြတ်သော ဦးတည်ချက် မပျက်ပါစေနှင့်

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ၌ ရဟန်းတော်တစ်ပါးသည် လူ့ဘဝက အိမ်ထောင်ရှင်မ တော်စပ်ခဲ့ဖူးသူ အမျိုးသမီးတစ်ဦး၏ ဖြားယောင်းမှုကို အကြောင်းပြု၍ ယင်းနှင့်ပတ်သက်သော ဒေသနာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဤဒေသနာတရားတော်ကို ဟောကြားပြသဆိုဆုံးမတော်မူသောအခါ၌ သာဝတ္ထိပြည်မှာ ရှိသော အမျိုးကောင်းသားတစ်ဦးက ဘုရားရှင်၏ ဒေသနာ တရားတော်များကို နာကြားရပြီးသည့်နောက်တွင် အလွန်သဒ္ဓါတရားများ ဖြစ်ပွားပြီး "ငါသည် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေလျှင် သန့်ရှင်းစင်ကြယ် ဖြူစင်လျက်ရှိသော သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းငှာ မသင့်လျော်ပါဟု ဆို၏။

ဘုရားရှင်၏ တရားတော်များကို နာယူလိုက်ရသည့်အချိန်တွင် သူက စဉ်းစားမိသည်မှာ ဘုရားရှင်၏ တရားတော်များသည် အမှန်ပြည့်စုံနေပါသည်။ အထူးသဖြင့် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါသည်။ ဤသို့ စင်စစ် ဖြူစင်သန့်ရှင်းပြီး ပြည့်စုံနေသော သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များကို အိမ်ရာတည်ထောင် လူတို့ဘောင်၌ စိုးမိုးပြီး နေထိုင်နေရသည့် ငါ့ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရန် မလွယ်ကူပါဟု သူက စဉ်းစားမိပါသည်။

ဘုရားရှင်၏ တရားတော်များက အလွန်ဖြူစင် သန့်ရှင်းနေသည့်အတွက် အိမ်ရာတည်ထောင်လူတို့ ဘောင်ဆိုသည်မှာ တစ်ခါတစ်ရံ မလွှဲမရှောင်သာသော ကိစ္စရပ်များ အမျိုးမျိုးပေါ်လာတတ်ပါသည်။ ထို့ကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေထိုင်ရသော လူပုဂ္ဂိုလ်များဆိုသည်မှာ အပြစ်အနာအဆာများနှင့် လူးလဲပေကျံနေသည့် ပုဂ္ဂိုလ်များဖြစ်ပါသည်။

ဤကဲ့သို့သော အပြစ်အနာအဆာများခြင်းကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေထိုင်လျက်ရှိသော ငါသည် တကယ်ဖြူစင်သန့်ရှင်းသော၊ ဘုရားရှင်၏ ညွှန်ကြားပြသ ဆိုဆုံးမခဲ့သော အကျင့်မြတ်များကို ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ပြီး ရနိုင်လာရန်အတွက် လွယ်ကူမည် မဟုတ်ပါ။

သံသရာဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်ရာဖြစ်သော တရားများကို ဘုရားရှင်၏ သာသနာတော်အတွင်းမှာ ရှင်ရဟန်းပြုသောအားဖြင့်သာလျှင် သံသရာဝဋ်ဆင်းရဲဒုက္ခ၏ အဆုံးအပိုင်းအခြားကို ငါပြုတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုပုဂ္ဂိုလ်၏ ရည်မှန်းချက်သည် အလွန်ကောင်းမွန်မြင့်မြတ်သည့် ရည်မှန်းချက်ပင် ဖြစ်ပါသည်။

◈◈◈

သူသည် ရဟန်းဖြစ်သူမို့ သံဃာအများ ဆွမ်းခံကြွတန်းစီရာမှာ သူက နောက်ဆုံးက နေပြီး လိုက်ပါကြွရမှာ ဖြစ်ပါသည်။ ထိုအခါ ရဟန်းသံဃာတော်များက အလွန်များပြားနေသည့်အတွက် နောက်ဆုံးက လိုက်ရသည့် သူ့အဖို့ ဆွမ်းရသည့်အခါလည်း ရှိသည်။ မရသည့်အခါလည်း ရှိသည်။ ဆွမ်းရပြန်လျှင်လည်း ဆွမ်းအကြေများ။ ချိုးဆွမ်းများဖြစ်နေပြန်သည်။ ဆွမ်းဟင်းရပြန်လျှင်လည်း အညံ့စား ဆွမ်းဟင်းလောက်သာ ရတတ်သည်။ တစ်ခါတစ်ရံလည်း မရဖြစ်တတ်ပါသည်။

ထို့အတူ ရွာထဲမှ ဆွမ်းဇရပ်များထဲသို့ ဝင်ရောက်ပြီး ထိုင်လိုက်လျှင်လည်း ရဟန်းဝါစဉ်အလိုက် ထိုင်ရသည်ဖြစ်၍ ၎င်းသည် အစွန်အဖျားဆုံးသော နေရာ၊ အညံ့စားနေရာမှာ ထိုင်ရတတ်ပါသည်။ အညံ့စားနေရာမှာ ထိုင်ရသဖြင့် ဆွမ်းဟင်းများကိုလည်း အညံ့စား ဆွမ်းဟင်းများသာ ရတတ်ပါသည်။ ဤကဲ့သို့ စားရေးမမျှတဘဲ အခက်အခဲကြုံလာသည့်အခါတွင် အိမ်ရှင်မကို သတိရလာပါသည်။

ဤကဲ့သို့ စိတ်ဖြစ်လာသည့်အခါ မထူးတော့ဘူးဆိုပြီး အိမ်ရှင်မထံသို့ ဆွမ်းခံကြွလိုက်ပါတော့သည်။ အိမ်ရှင်မကလည်း သပိတ်ကို ယူပြီး အလွန်ကောင်းသော ဆွမ်းဟင်းများကို အပြည့်အဝလောင်းလှူဆက်ကပ်လိုက်ပါသည်။ ရဟန်းသည် အလွန်ကျေနပ်အားရဝမ်းသာဖြစ်သွားမိပါသည်။

စာရေးသောက်ရေးပြေလည်ပြီဆိုလျှင် ရဟန်းသည် နေ့စဉ်နှင့်အမျှ အိမ်သို့သာ ဆွမ်းခံကြွပါတော့သည်။ အိမ်သို့ မကြွဘဲ မနေနိုင်ဖြစ်ခဲ့ရပါသည်။

အသက်အရွယ်ကြီးရင့်သော အချိန်အခါကျမှ သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုလာသော ကိုယ်တော်ကြီးသည် ရသတဏှာဖြင့် နှောင်ဖွဲ့ခံရသည့်အတွက် လူ့ဘဝက အိမ်ရှင်မဟောင်းကို ပယ်စွန့်ခြင်းငှာ မစွမ်းနိုင်ဖြစ်ခဲ့ရပါသည်။

ဤသို့ ပယ်စွန့်နိုင်တဲ့ စွမ်းအား မရှိဖြစ်နေသော အချိန်အခါမှာ အိမ်ရှင်မကြီးက ဤသို့ ကြံစည်စိတ်ကူးပေါ်လာခဲ့သည်။ "ဤကိုယ်တော်ကြီးသည် ငါ့အပေါ်တွင် တွယ်တာမှု





www.burmeseclassic.com

www.burmeseclassic.com



ရှိ မရှိ လက်တွေ့စမ်းသပ်မည်"ဟု စိတ်ကူးမိခြင်း ဖြစ်လေသည်။

◈◈◈

တစ်နေ့သောအခါမှာ ရွာတစ်ရွာမှ ရုပ်ရည်သန့်ပြန့်သော အမျိုးသားတစ်ယောက်နှင့် သူ၏ အပေါင်းအဖော်များကို ခေါ်ထားပါသည်။ ၎င်းတို့အား အိမ်ရှေ့တွင် နေစေပြီး အိမ်ရှင်မက အိမ်နောက်ဖေးမှာ ချက်ပြုတ်နေပါသည်။

ထိုအချိန် ကိုယ်တော်ကြီးကလည်း အိမ်ရှေ့မှာလာပြီး ဆွမ်းရပ်ပါသည်။ ဆွမ်းရပ်သည့်အခါမှာ ဧည့်သည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးက အိမ်နောက်ဖေးခန်းတွင် ရှိသော အိမ်ရှင်မထံသို့ ဝင်ပြောပါသည်။ ထိုအခါ အိမ်ရှင်မက "ကိုယ်တော်ကြီးအား ကန်တော့ဆွမ်းပါ"လို့ ပြောလိုက်ပါဟု ဆိုသည်။ ဧည့်သည်ကလည်း ကိုယ်တော်ကြီးအား "ကန်တော့ဆွမ်းပါ"ဟု ပြောလိုက်သည်။

သို့သော် ကိုယ်တော်ကြီးက ရှေ့ဆက် ကြွမသွားဘဲ အိမ်ရှေ့တွင်ပင် ပေပြီးရပ်နေပါသည်။ ထိုအခါ ဧည့်သည်က အိမ်နောက်ဖေးတွင် အလုပ်များနေသော အိမ်ရှင်မထံသို့ ပြန်ပြေးဝင်သွားပြီး အကျိုးအကြောင်းပြောပြသည်။ ထိုအခါ အိမ်ရှင်မက အိမ်ရှေ့ထွက်လာပြီး ကြည့်လိုက်ရာတွင် "ဤကိုယ်တော်သည် တခြားမဟုတ်ပါ။ အိမ်က ကလေးများ၏ ဖခင် ကိုယ်တော်ကြီးဖြစ်ပါသည်"ဟု ပြောပြလိုက်သည်။

ထို့နောက် အိမ်ရှင်မက ကိုယ်တော်ကြီးထံမှ သပိတ်ကို လှမ်းယူပြီး အိမ်ပေါ်သို့ ပင့်၍ မွန်မြတ်သော နေရာတွင် ထိုင်စေပြီး ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပါသည်။ ကိုယ်တော်ကြီးမှ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသွားသော အခါမှာ အိမ်ရှင်မက ကိုယ်တော်ကြီးအား ရှိခိုးပြီး ဤသို့ လျှောက်တင်ပါသည်။

"အရှင်ဘုရား…အရှင်ဘုရားတို့သည် ဤ သာဝတ္ထိ ပြည်၌ ပရိနိဗ္ဗာန်စံတော်မူကြမည်ဖြစ်သည်။ ဘုရားတပည့်တော်မတို့သည် ဤမျှလောက်သော အချိန်ကာလပတ်လုံး အခြားသော အမျိုးသားတစ်ယောက်ကိုမျှ မယူဘဲ နေထိုင်ခဲ့ပါသည်။ အိမ်ရှင်ယောကျ်ားမရှိသောအိမ်၌ အိမ်ရာတည်ထောင်ကြကုန်သော လူတို့၏ လုပ်ငန်းကိစ္စအဝဝများကို ကောင်းစွာတည်နိုင်သည့်စွမ်းအား မရှိနိုင်ပါ။ တပည့်တော်မသည် တခြား အမျိုးသားတစ်ယောက်ကို ယူရပါတော့မည်။ အလွန်ဝေးသော ရွာသို့ လိုက်ပါသွားရပါတော့မည်။ အရှင်ဘုရားတို့သည်သာလျှင် ကုသိုလ်တရားကို မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် နေရစ်ပါကုန်လော့။ ဘုရားတပည့်တော်မမှာ တစ်စုံတစ်ခုသော အပြစ်ရှိပါက သည်းခံခွင့်လွှတ်တော်မူပါ ဘုရား"

ဟု လျှောက်ထားတင်ပြပါသည်။

ထိုအခါ အသက်အရွယ်ကြီးရင့်မှ သာသနာ့ဘောင်သို့ ဝင်ပြီး ရဟန်းပြုလာခဲ့ရသည့် ကိုယ်တော်ကြီး၏ သန္တာန်၌ နှလုံးကွဲသွားလုမတတ်ဖြစ်သွားရချေသည်။ ကိုယ်တော်ကြီးက အိမ်ရှင်မအား …

"ငါသည် သင့်အား စွန့်ခြင်းငှာ မစွမ်းနိုင်ပါ။ ယခုပင် ပုဆိုး၊ အင်္ကျီများကို လှူလွှတ်၍ အဝိုင်ခိုင်းပါတော့။ သပိတ်၊ သင်္ကန်းများကို ဥပဇ္ဈာယ်ဆရာတော်ထံ အပ်နှံပြီး ငါ လူထွက်ပြီး ပြန်လာပါတော့မည်"

ဟု ဆိုပြီး လိုက်မသွားရန် တားမြစ်ပါသည်။

ပြီးနောက် ကျောင်းသို့ ပြန်ကြွသွားပါသည်။ ကျောင်းသို့ ရောက်သောအခါ ဥပဇ္ဈာယ်ဆရာတော်ထံ ချဉ်းကပ်၍ တပည့်တော် လူထွက်ပါတော့မည်ဟု ဆိုပြီး သပိတ်၊ သင်္ကန်းများကို အပ်နှံသည်။

ထိုအခါ ဥပဇ္ဈာယ်ဆရာတော်က မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ ခေါ်သွားပြီး ရောက်ရှိသောအခါမှာ မြတ်စွာဘုရားက အကြောင်းအကျိုးစစ်မေးသည့်အခါ၌ အိမ်ရှင်မပေါင်း၏ ဖြားယောင်းသွေးဆောင်နေသည့်အတွက်ကြောင့် တပည့်တော် လူထွက်လိုကြောင်း အမှန်အတိုင်း တင်ပြလျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားက…

"ချစ်သား ရဟန်း၊ ထိုအမျိုးသမီးသည် သင့်ကို အကျိုးမဲ့ ပြုခဲ့သည်မှာ ယခုအခါမှ မဟုတ်။ ရှေးယခင်ဘဝကလည်း သင့်အား ရှာန်လေးပါးမှ ဆုတ်ယုတ်စေခဲ့ပြီး ကြီးကျယ်သော ဆင်းရဲဒုက္ခသို့ ရောက်ခဲ့ပြီးဖြစ်သည်။ ငါဘုရားအလောင်းတော် သရဘင် ရှင်ရသေ့ကို အမှီပြုပြီး ထိုဆင်းရဲဒုက္ခဘေးမှ လွတ်မြောက်ခဲ့ခြင်းဖြစ်ပါသည်။ ပျောက်ပျက်သွားသော ရှာန်တရားကို တစ်ဖန်ပြန်၍ ရရှိလာခဲ့ဖူးကြောင်း"

အမိန့်ရှိခဲ့ပါသည်။

◈◈◈

အထက်ပါ ရှေးဇာတ်ကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဟောကြားခဲ့သည်မှာ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ်အခါက ဘုရားအလောင်းတော်သည် ပုရောဟိတ် ပုဏ္ဏားကြီး၏ အိမ်ရှင်မဖြစ်သော ပုဏ္ဏေးမကြီး၏ ဝမ်းဗိုက်တွင် ပဋိသန္ဓေစွဲပြီး တည်နေတော်မူပါသည်။ အချိန်တန် အရွယ်ရောက်လာသောအခါမှာ တက္ကသိုလ်သို့ သွားပြီး အတတ်ပညာများကို သင်ကြားတတ်မြောက်ပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com

နောက် မည်သူ့ကိုမျှ မပြောဆိုဘဲ တောထွက်ပြီး ရသေ့ရဟန်းပြုသွားခဲ့ပါသည်။

ထိုသို့ ရသေ့ရဟန်းပြုပြီး တရားဘာဝနာများကို ကျင့်ကြံကြိုးကုတ်ပွားများ အားထုတ်ကာ ဈာန်အဘိညာဉ်များကို မကြာမီအချိန်အတွင်းမှာ ရရှိသွားတော်မူခဲ့ပါသည်။ ထိုရသေ့ကား ဘုရားအလောင်းတော် သရဘင် ရှင်ရသေ့ဖြစ်ပါသည်။

ထိုအချိန်က သရဘင် ရသေ့ကြီးထံတွင် တပည့်တော် ရသေ့ ခုနစ်ပါးရှိပါသည်။ ၎င်းတို့ထဲတွင် ပထမ တပည့်တော် ရသေ့က "သာလိဿ ရသေ့"ဖြစ်ပါသည်။ သာဗောဒိကအမည်ရှိသော မြစ်ကမ်းပါးတစ်နေရာကို အမှီပြု၍ သီတင်းသုံးနေတော်မူပါသည်။

ဒုတိယ တပည့် ရသေ့က "မေဏ္ဍိဿရ"အမည်ရှိသော ရသေ့ဖြစ်ပါသည်။ သူက ကလဗ္ဗစုဋ္ဌက အမည်ရှိသော နဂုံးရွာကြီးတစ်ရွာကို အမှီပြုပြီး သီတင်းသုံးနေတော်မူပါသည်။

တတိယ တပည့် ရသေ့က "ကဗ္ဗတ ရသေ့" ဖြစ်ပါသည်။ သူက အဋ္ဌဝိဇနပဒ ခေါ်သော တောအုပ်တစ်ခုကို အမှီပြု၍ သီတင်းသုံးနေတော်မူပါသည်။

စတုတ္ထတပည့် ရသေ့က "ကာဠဒေဝိလ ရသေ့"ဖြစ်ပါသည်။ သူက အဝန္တိဒက္ခိဏာပထတိုင်းအတွင်းမှာ ရှိသော ထူထပ်သည့် ကျောက်တောင်ကြီးတစ်ခုကို အမှီပြု၍ သီတင်းသုံးနေတော်မူပါသည်။

ပဉ္စမ တပည့်တော် ရသေ့က "ကိသဝစ္ဆ"အမည်ရှိသော ရသေ့ဖြစ်သည်။ သူက ကုမ္ဘဝတီအမည်ရှိသော မင်းနေပြည်တော်ကို အမှီပြု၍ မင်းဥယျာဉ်တော်မှာ တစ်ပါးတည်း သီတင်းသုံးနေတော်မူပါသည်။

ဆဋ္ဌမ တပည့် ရသေ့က "အာနုပိယ ရသေ့" ဖြစ်ပါသည်။ သူက ဘုရားအလောင်းတော်ဖြစ်သည့် သရဘင် ရှင်ရသေ့ကြီးဆီမှာပဲ ချဉ်းကပ်ပြီး အလုပ်အကျွေးပြုနေတော်မူပါသည်။

သတ္တမ တပည့် ရသေ့က "နာရဒ"အမည်ရှိသော ရသေ့ဖြစ်ပါသည်။ သူက ကာဠဒေဝိလ ရသေ့၏ ညီတော်ဖြစ်သည်။ မဇ္ဈိမဒေသ၊ အာရဉ္ဇရဂိရိတောင်တော် ကွန်ယက်တို့၏ အကြားတစ်ခုသော လိုဏ်ဂူကြီးတစ်ခုအတွင်းမှာ တစ်ပါးတည်း သီတင်းသုံးနေတော်မူပါသည်။

သီတင်းသုံးနေတော်မူသော တောင်၏ တစ်ဖက်တွင် နိဂုံးရွာကြီးတစ်ရွာရှိပါသည်။ ထိုရွာသည် အလွန်စည်းကာသောရွာဖြစ်ပါသည်။ နာရဒ ရှင်ရသေ့ သီတင်းသုံးနေထိုင်တော်မူသော တောင်နှစ်ခုအကြားတွင် အလွန်ကြီးမားသော မြစ်ကြီးတစ်ခုဖြတ်ပြီး စီးဆင်းလျက်ရှိပါသည်။

ထိုမြစ်ကမ်းပါးတစ်လျှောက်တွင် မြင့်မြတ်သော ရုပ်အဆင်းရှိသော ပြည့်တန်ဆာမများ နေထိုင်ကြပါသည်။ နာရဒ ရှင်ရသေ့သည် ပြည့်တန်ဆာမများထဲမှ တစ်ယောက်သော ပြည့်တန်ဆာမကို တွေ့မြင်ရသောအခါမှာ တွယ်တာတပ်မက်သောစိတ်ဖြစ်လာသည်။ ဈာန်ကို ကွယ်ပျောက်စေပြီး အစာအာဟာရလည်း မစားဘဲ အသားအရေများ ခန်းခြောက်ကာ၊ ကိလေသာအလိုရှိရာသို့ လိုက်ပါပြီး ခုနစ်ရက်လုံးလုံး အိပ်စက်လျက်နေပေတော့သည်။ စွဲလမ်းမှုတစ်ခုကို အကြောင်းပြု၍ ဆင်းရဲဒုက္ခများကို ခံစားနေရသည်။

အစ်ကိုဖြစ်သော ကာဠဒေဝိလ ရသေ့က ဒိဗ္ဗစက္ခုအဘိညာဉ်ဝင်စားပြီး ညီတော်သည် မည်သို့သော အခြေအနေမျိုးဖြစ်နေပါသလဲဟု လှမ်းကြည့်သည့်အခါ ဤကဲ့သို့သော ဆင်းရဲဒုက္ခဝေဒနာကို ခံစားနေရသည်အား တွေ့မြင်ရပြီး ညီတော်အား ကယ်တင်လိုသည့် စိတ်ဆန္ဒဖြစ်လာပြီး ညီတော်ထံသို့ ကြွလာပြီး "မကျန်းမမာဖြစ်နေသည့်အတွက် သတင်းလာရောက်မေးမြန်းတော်မူခြင်း ဖြစ်ပါသည်"ဟု ဆို၏။

ထိုအခါ နာရဒ ရှင်ရသေ့က "မဟုတ်မမှန်၊ အချည်းအနှီးဖြစ်သော စကားကို ဆိုလာသည်"ဟု ပြန်လျှောက်ထားပါသည်။

သာလိဿ ရသေ့၊ မေဏ္ဍိဿရ ရသေ့၊ ပဗ္ဗတ ရသေ့တို့လည်း ကြွရောက်လာပြီး သတင်းစကား မေးမြန်းကြပါသည်။

နာရဒ ရှင်ရသေ့က ကြွရောက်လာကြသော ရသေ့အားလုံးကို မှသာဝါဒဖြင့် နှိပ်ကွပ်လိုက်ပါသည်။

နာရဒ ရှင်ရသေ့ကို ဘယ်လိုနည်းနှင့်မျှ ချော့မော့၍ မရဖြစ်နေချေသည်။ နောက်ဆုံးတွင် ရသေ့များ၏ ဆရာဖြစ်သော သရဘင် ရှင်ရသေ့ကြီးထံ သွားရောက်ပင့်မှ သင့်တော်မည်ဟု ဆိုကြပြီး အကြောင်းကြားတော်မူကြပါသည်။

သရဘင် ရသေ့ကြီးကလည်း ဆိုဆုံးမပြီး တရားတော် ဟောပြောညွှန်ပြပေးပါသော်လည်း နာရဒ ရှင်ရသေ့မှာ ပြည့်တန်ဆာတစ်ဦးအပေါ်တွင် နှစ်သက် နှောင်ဖွဲ့နေသော စိတ်ထားရှိနေသည်။ ထိုစိတ်ထားကို နာရဒ ရှင်ရသေ့က ပြန်လည်ရုပ်သိမ်းလိုသော ဆန္ဒ မရှိပါ။ အလိုဆန္ဒတို့သာ လိုက်နေခြင်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလိုဆန္ဒသို့ လိုက်နေခြင်းကြောင့် ဆင်းရဲဒုက္ခရောက်နေရခြင်းဖြစ်ကြောင်း၊ ငရဲ အစရှိသော အပါယ်လေးဘုံသို့လည်း ရောက်သွားနိုင်ခြင်းဖြစ်ကြောင်း၊ တရားမြေနှင့် ယှဉ်၍ သရဘင် ရှင်ရသေ့ကြီးက ထွင်းဖောက်ပြီး မြင်နေတော်မူသည့်အတွက် ဆိုဆုံးမနေခြင်းဖြစ်ပါသည်။

တစ်ဖန် အလိုရှိအပ်သော ပုဂ္ဂိုလ်သည် အသက်ရှင်နေစဉ် ကိလေသာ ကာမဖြင့် လိုလားတောင့်တအပ်သော သက်ရှိသက်မဲ့ ကာမဝတ္ထုအစုစုကို မရလျှင် စိုးရိမ်ပူဆွေးဖြစ်ရခြင်း၊ သောကတရားဖြင့် ပင်ပန်းဆင်းရဲမှု ဖြစ်ရခြင်း၊ ကြီးစွာသော ဆင်းရဲခြင်းဒုက္ခသို့ ရောက်ရတတ်ပါသည်ဟု ဆိုသည်။

နာရဒ ရှင်ရသေ့က…

"ကာမဂုဏ်ကို မှီဝဲခြင်းသည် ချမ်းသာခြင်းဖြစ်၏။ ဤသို့သော ချမ်းသာခြင်းကို အဘယ်ကြောင့် ဒုက္ခဟု ဆိုရပါသနည်း"

ဟု ဆိုပြန်သည်။ သရဘင် ရှင်ရသေ့ကြီးက…

"ကာမသုခသည် ဒုက္ခသို့သာ ရောက်သွားရသည်။ သီလကို စောင့်ထိန်းရခြင်းဒုက္ခ၊ သမထ ဝိပဿနာ ဘာဝနာများကို ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ရခြင်း၏ ဒုက္ခသည် လူ နတ် နိဗ္ဗာန်ချမ်းသာကို ဖြစ်စေပြီး၊ ထိုချမ်းသာမှ ကြီးကျယ်သော ကာမဂုဏ်ကို မှီ၍ ဖြစ်ပေါ်လာသော ဤစိတ်သည် ဆင်းရဲဒုက္ခကို ရောက်စေသည်။ ယခုအခါ သင်သည် အဆင့်အတန်းမြင့်မားနေသော သမထ ဝိပဿနာ ဘာဝနာ၏ စွမ်းအားကြောင့် ရရှိနေသော ဈာန်ချမ်းသာကြီးတစ်ခုကို ပျက်စီးသွားအောင် ဖျက်ဆီးပစ်လိုက်ပြီ။ အလွန်အဆင့်အတန်းမြင့်မားနေသော ဤဈာန်ချမ်းသာမှ ယုတ်ညံ့သော ကာမဂုဏ်ကို မှီတွယ်ပြီး ဖြစ်ပေါ်လာသည့် စိတ်ဆင်းရဲခြင်းဒုက္ခသို့ သင် အကြီးအကျယ်ရောက်နေပေပြီ။ ကာမသုခထက် ဈာနသုခက ပိုပြီးချမ်းသာသည်။ ဈာနသုခထက် ဝိပဿနာက ပိုပြီးချမ်းသာသည်။ ဝိပဿနာသုခထက် မဂ္ဂသုခ၊ ဖလသုခ၊ နိဗ္ဗာနသုခများက ပိုပြီးချမ်းသာပါသည်။ အလွန်အဆင့်အတန်းမြင့်မားသော ဈာန်ချမ်းသာကြီးကို ဖျက်ဆီးပြီး အလွန်အဆင့်အတန်းနိမ့်သော ကာမဂုဏ်ကို အမှီပြု၍ စိတ်ဆင်းရဲခြင်းဟု ဆိုအပ်သော စေတသိက်ဒုက္ခကို အသင်ရောက်နေပြီးဖြစ်သည်"

ဟု ဆိုဆုံးမတော်မူသည်။

တစ်ဖန် သရဘင် ရှင်ရသေ့ကြီးက…

"သတ္တဝါများသည် ကာမဂုဏ်ကို ခံစားနေရသော အချိန်တွင် သေလွန်ခဲ့သည်ရှိသော် ဆင်းရဲအတိဖြစ်သော ငရဲ၌သာ ကျရောက်သည်။ နှစ်သက်သာယာမှုဖြင့် တည်နေသောအချိန်မှာ ဖြုန်းခနဲ သေသွားမည်ဆိုလျှင် ကောင်းရာသုဂတိသို့ အဘယ်နည်းနှင့်မျှ မရောက်ရှိနိုင်။ အပါယ်လေးဘုံသို့သာလျှင် ရောက်ရှိသွားနိုင်သည်၊ သတ္တဝါများသည်လည်း အချိန်အခါမရွေး သေနိုင်သည့်သဘောရှိနေခြင်းကြောင့် မိမိတို့၏ စိတ်ကို အမြဲတမ်း အကုသိုလ်တရားများ ဝင်မလာနိုင်အောင် တားဆီးပိတ်ပင်ကြရမှာဖြစ်သည်ဟု သရဘင် ရှင်ရသေ့ကြီးက နာရဒ ရှင်ရသေ့အား ဆိုဆုံးမတော်မူပါသည်။

ဆင်းရဲဒုက္ခတစ်ခုဖြစ်ပေါ်လာပြီဆိုလျှင် ဤဆင်းရဲဒုက္ခ၏ နောက်သို့ အကုသိုလ် မလိုက်ဘဲနှင့် သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်နှင့် ပညာကျင့်စဉ်တို့ဖြင့် တွန်းလှန် ဖျက်ဆီးပစ်ရမှာ ဖြစ်သည်ဟု ဆရာ ရသေ့ကြီးက ဆုံးမနေပါသည်။

ယခု ပြည့်တန်ဆာမ အမျိုးသမီးအပေါ်မှာ စွဲလမ်းနေသော ရာဂကို အကြောင်းခံပြီး ဖြစ်ပေါ်နေသော ဆင်းရဲဒုက္ခကို သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်တို့ဖြင့် ဖျက်ဆီးပစ်ပါဟု တိုက်တွန်းပါသည်။

နာရဒ ရှင်ရသေ့က…

"ကာမသုခသည် မြင့်မြတ်သော ချမ်းသာ သုခဖြစ်ပေသည်။ ထိုချမ်းသာသုခကို ပယ်စွန့်ခြင်းငှာ မစွမ်းနိုင်ပါ"

ဟု ဆိုပြန်ပါသည်။

သရဘင် ရှင်ရသေ့ကြီးက…

"ရသင့်ရထိုက်သော အကျိုးစီးပွားများ ပျက်စီးသွားသည်ကို အကြောင်းပြုပြီး မိမိရရှိနေပြီး အားထုတ်နေသော ကုသိုလ်တရားများကို ဖျက်ဆီး၊ ဖျက်သိမ်းပစ်ရန် မသင့်တော်ပါ"

ဟု ဆိုဆုံးမပြန်ပါသည်။

သရဘင် ရှင်ရသေ့ကြီး ဆိုဆုံးမနေသည့်အချိန်တွင် နာရဒ ရှင်ရသေ့၏ အစ်ကိုတော် ကာဠဒေဝိလ ရသေ့ကြီးလည်း ရှိနေပါသည်။ ရသေ့ကြီးကလည်း ထပ်ပြီး တရားစကားများကို နားဝင်လာအောင် အကြောင်းအမျိုးမျိုးနှင့် ချော့မော့ပြီး ပြောဆိုနေပါသည်။ အလိုသို့ လိုက်ပါနေသော ပုဂ္ဂိုလ်လောက် အလွန်အဆင့်အတန်းနိမ့်ကျ ယုတ်မာနေသည့် ပုဂ္ဂိုလ်ဆိုသည် လောကမှာ မရှိပါ။ ကာမဂုဏ်အလိုကို လိုက်ပြီး ကာမဂုဏ်ကို အပြည့်အဝ သုံးဆောင်ခံစားနေသော ပုဂ္ဂိုလ်များသည် လောကမှာ အယုတ်အညံ့ဆုံးသော ပုဂ္ဂိုလ်များသာဖြစ်ကြောင်း ဆိုဆုံးမတော်မူပါသည်။

www.burmeseclassic.com

သရာဘင် ရှင်ရသေ့က နာရဒ ရှင်ရသေ့သည် ပြည့်တန်ဆာမတစ်ယောက်၏ အပေါ်မှာ စွဲလမ်းနေသော စိတ်ထားကို အလိုလိုက်ပြီး ဤပြည့်တန်ဆာမနှင့် အိမ်ထောင်ပြုမည်ဆိုလျှင် ချမ်းသာသုခကို လိုလားတောင့်တနေသော သတ္တဝါတစ်ဦးကို ဆင်းရဲဒုက္ခရောက်စေသည့် လုပ်ငန်းရပ်မျိုးဟု ပြောသည်။

ထိုသို့သော သရာဘင် ရှင်ရသေ့ကြီး၏ တရားစကားကြောင့် နာရဒ ရှင်ရသေ့သည် ထိတ်လန့်သော သံဝေဂဉာဏ်ကို ရရှိ၍ ထိုဆရာ သရာဘင် ရှင်ရသေ့ကြီးကို ရိုသေစွာ ရှိခိုးပြီး အပြစ်ကို ဝန်ချ တောင်းပန်ခြင်းပြုပြီးနောက် ပျောက်ပျက်သွားသော ဈာန်တရားကိုပင် ပြန်လည်ရရှိအောင် ပြုတော်မူပါသည်။ ငါသည် ဆင်းရဲဒုက္ခရောက်အောင် မပြုလုပ်သင့်ကြောင်း သံဝေဂ ဖြစ်သွားပါသည်။ ထိုသို့ သံဝေဂ ဖြစ်သွားသည့်အတွက် ရရှိခဲ့သော ဈာန်များကိုပင် ပကတိအတိုင်း ရရှိအောင် တစ်ဖန်ပြန်ပြီး ကြိုးစားလာသည်။

သရာဘင် ရှင်ရသေ့ကြီးသည် နာရဒ ရှင်ရသေ့ကို ၎င်း၏ မှုရင်းနေရာတွင် နေခွင့်မပြုတော့ဘဲ မိမိ၏ ကပိဋ္ဌက အမည်ရှိသော သင်္ခမ်းကျောင်းသို့ ခေါ်ဆောင်သွားပြီး၊ လူနတ်တို့၏ ဆရာတစ်ဆူဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ သစ္စာတရားလေးပါးဖြစ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တရားတော်မြတ်တို့ကို ဟောကြားတော်မူခဲ့ပါသည်။

◈◈◈

ထို့ကြောင့် လူ၊ သတ္တဝါအပေါင်းတို့သည် အိမ်ရာတည်ထောင် လူတို့၏ ဘောင်မှာ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ရတတ်ပါသည်။ ဤဒုက္ခဆင်းရဲခြင်းများမှ ကင်းဝေးပပျောက်စေခြင်းအလို့ငှာ လည်းကောင်း၊ ဘဝလွတ်မြောက်ရေးအတွက် လည်းကောင်း၊ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်နှင့် ပညာကျင့်စဉ်တို့ဖြင့် အစဉ်တစိုက် ကြိုးကုတ်ပွားများအားထုတ်ကြရန် လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

မဂ္ဂင်ရှစ်ပါး တရားတော်မြတ်များကို ပွားများ အားထုတ်နိုင်ကြပါစေ။

ကျမ်းကိုး

- နိပါတ်တော်လာ၊ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ဣန္ဒြိယဇာတ် ကိုလေသာညွှန်း။


# ဆရာ အောင်မြင့်မြတ် (အနန္တမေတ္တာ)

- သင့်ရဲ့ ကံကြမ္မာကောင်း၊ မကောင်း
- အချစ်ရေး
- အိမ်ထောင်ရေး
- စီးပွားရေး
- ငွေရေး ကြေးရေး
- အလုပ်အကိုင်
- ကျန်းမာရေး

.....စသော အချက်အလက်များကို ဟောပြော အကြံပေးသည်။ လိုအပ်သော ယတြာအစီအမံများ ရွက်ဆောင်ပေးသည်။

➤ လိုအပ်ပါက ဆက်သွယ်ပါ ➤

၀၉-၂၅ ၂၈ ၇၇၆၂




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်တွင်
# ကိန်းဝပ်စံပျော်နေသော ဗုဒ္ဓရုပ်ပွားရှင် ဘုရားငါးဆူ

မြသက်ထား (ကျုံမငေး)




မြန်မာနိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် ရွှေတိဂုံစေတီ တော်မြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ် စေတီတော်ကြီးအဖြစ် ကိန်းဝပ်စံပျော်နေခဲ့သည်မှာ နှစ်ပေါင်း (၂၆၀၀)ကျော်ကာလသို့ပင် ရှိခဲ့ပြီဖြစ်ပါသည်။ စေတီတော်မြတ်ကြီးသည် ဉာဏ် တော်အမြင့် (၃၂၆)ပေနှင့် လုံးတော်ပြည့် ရွှေသားသင်္ကန်း တော်ကို ကပ်လှူထားသော ရွှေဘုရားကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြည်ညိုဖွယ်ကောင်းသော စေတီမြတ်ကြီး ကိန်းဝပ် စံပျော်နေသော သိင်္ဂုတ္တရ ကုန်းမြေမြတ်ကြီးသည် လည်း အလွန်ကျယ်ဝန်းလှပါသည်။ သာသနိက ဘုရားစေတီ များစွာနှင့် သာသနာ့အဆောက်အအုံကြီးငယ်အသွယ်သွယ် ကိုလည်း နေရာပေးထားရာ မြေမြတ်၏အကျယ်ကို ‌ေလ့လာ လိုက်မိသောအခါ(၁၄၄)ကေအကျယ်ရှိသည်ဟု သိရပါသည်။

ရွှေတိဂုံစေတီကြီး၏ အရပ်လေးမျက်နှာတွင်လည်း ဘုရားစေတီရုပ်လုံးရုပ်ကြွ ဆင်းတုတော်များလည်း မရေ မတွက်နိုင်အောင်ပင် များပြားလွန်းစွာ တည်ရှိနေပါသည်။ ရှင်လူအများ၏ ယုံကြည်သက်ဝင်မှုများနှင့် ကုသိုလ်ပြု တည် ထားသော ထိုဘုရားစေတီများသည် ထူးခြားခြင်း၊ အံ့ဖွယ်ဖြစ် ခြင်း၊ ဆုတောင်းပြည့်ခြင်းဟူသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံ နေသည်ကိုလ်ည်း လေ့လာသိရှိရပါသည်။ ထို့အပြင် အထူး ခြားဆုံးအဖြစ် ဖူးတွေ့ရသည့် ဘုရား၊ စေတီ၊ ရုပ်ပွားတော်များ တွင် အပါအဝင်ဟု ဆိုရမည့် ရှင်အမည်ပါ "ရှင်ငါးရှင်" ရုပ်ပွားဆင်းတု ငါးဆူကို ဖူတွေ့ကြရမှာ ဖြစ်ပါသည်။ ထို ရုပ်ပွားတော်များမှာ -

(၁) ပတ္တမြားမျက်ရှင်ဘုရား
(၂) ရှင်စောပုဘုရား
(၃) ရှင်အဋ္ဌဂေါဏဘုရား
(၄) ရှင်မထီးဘုရား
(၅) ရှင်အရဟံဘုရား...

တို့ ဖြစ်ပါသည်။ ထိုဘုရားများသည် ရုပ်ပွားဆင်းတု တော်များဖြစ်ပါသည်။ ဘုရားဖူးများဖြင့် အခါမလပ် စည်ကား နေသော ဘုရားများလည်းဖြစ်သောကြောင့် တစ်ခါတစ်ခေါက် ဘုရားဖူးရင်း ကုသိုလ်ပွားနိုင်ကြစေရန် ဘုရားတည် သမိုင်း စဉ်ကို ပူဇော်ဖော်ပြအပ်ပါသည်။

## (၁) ပတ္တမြားမျက်ရှင်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထက်ပစ္စယံ အရှေ့ ဘက် တနင်္လာအရပ်၊ အာရုံခံ တန်ဆောင်းအပေါ်ဘက်တွင် ကိန်းဝပ်စံပယ်နေပါသည်။ အလွန်သပ္ပာယ်ကြည်ညိုဖွယ် ကောင်းသော ရုပ်ပွားဆင်းတုကော်မြတ်ဖြစ်ပြီး ဘွဲ့အမည် တော်မှာ "ပတ္တမြားမျက်ရှင် တစ်ဝဂ္ဂ ဆုတောင်းပြည့်ဘုရား" ဟူ၍ ခေါ်ဆိုပါသည်။


ရုပ်ပွားတော်မြတ်ကို မြန်မာသက္ကရာဇ် ၁၁၅၄ ခုနှစ်၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့တွင် ပထမ ဘိုးဘိုးအောင် က တည်ထားကိုးကွယ်ခဲ့သောကြောင့် နှစ်သက်တမ်းအား ဖြင့် (၂၀၀)ကျော်သက်တမ်းရှိနေပြီဖြစ်ပါသည်။


ရုပ်ပွားတော်မြတ်တွင် ပတ္တမြားမျက်ရှင် ကိန်းဝပ်နေ



www.burmeseclassic.com

www.burmeseclassic.com





သောကြောင့် တစ်ခါတစ်ရံ မျက်လုံးတော် ဖွင့်ခြင်း၊ ပိတ်ခြင်း၊ မျက်လုံးတော် နီနီရဲရဲနှင့် အရောင်တော် တောက်ပခြင်းများ ဖြစ်တတ်ပါသည်။ ထူးသော ဆုတောင်းမှုနှင့် ပြည့်စုံတော်မူသော ဘုရားလည်း ဖြစ်ပါသည်။

## (၁) ရှင်စောပုဘုရား

ရွှေတိဂုံရင်ပြင်တော် အနောက်မြောက်ဘက် ရာဟုထောင့်တွင် ကိန်းဝပ်တော်မူနေပါသည်။ ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှုတော် စေတီတော်တွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်ဖြစ်ပြီး အလွန်ထူးခြားပါသည်။ ထိုရုပ်ပွားတော်သည် ညအခါ လူခြေတိတ်သွားသောအခါ မှန်အတွင်းမှ အပြင်သို့ ထွက်၍ သီတင်းသုံးတော်မူတတ်ကြောင်း ကြားဖူးပါသည်။

ပြဒါးရှင်တစ်လုံးနှင့် ဓမ္မစေတီမင်းကြီး စီရင်ခဲ့သော "အင်း"တစ်စုံလည်း ရှိကြောင်း၊ ရှေးလူကြီးသူမများ၏ ဆိုစကားအရ မှတ်သားရဖူးပါသည်။ မိမိတို့ တောင်းဆုပြုချင်သည့် ကောင်းသောအမှုအတွက် တောင်းဆုပြည့်စုံသောကြောင့် ဘုရားဖူးများ၊ အဓိဋ္ဌာန်ပြုသူများနှင့် အခါမလပ် စည်ကားနေပါသည်။

ရှေးဟောင်း ရုပ်ပွားဆင်းတုတော်ဖြစ်သောကြောင့် သာသနာ့အမွေခံအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသော ရုပ်ပွားတော်မြတ်အဖြစ် သာသနာအတွက် ဂုဏ်တက်ခဲ့ရသော ရုပ်ပွားတော်များတွင် အပါအဝင်ဖြစ်ပါသည်။

## (၃) ရှင်အင္ဂဝေါဟာဘုရား

ရွှေတိဂုံစေတီတော်မြတ်၏ ရင်ပြင်တော် အရှေ့တောင်ဘက် အဂ္ဂိထောင့်တွင် ရှိသော နောင်တော်ကြီးစေတီ၏ တောင်ဘက် အာရုံခံ တန်ဆောင်းအတွင်း၌ တည်ရှိကိန်းဝပ်နေပါသည်။

ရှင်အင္ဂဝေါဟာအရှင်မြတ် တည်ထားခဲ့သော ရုပ်ပွားတော်မြတ်ဖြစ်ပြီး မျက်လုံးတော်မှာ တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်အနေအထားဖြင့် ဖူးတွေ့ကြရမှာဖြစ်ပါသည်။ ရုပ်ပွားတော်မြတ်တွင် ပြဒါးရှင်တစ်လုံးရှိပြီး ဆုတောင်းပြည့်သောကြောင့် အဓိဋ္ဌာန်ပြု တောင်းဆုပြုသူများနှင့် စည်ကားနေပါသည်။

အထူးသဖြင့် ဂဏ္ဍိရလိုင်း၊ ဂန္ဓာရီလိုင်းတွင် အဓိဋ္ဌာန်ပြုလိုသူများအတွက် အလွန်ကောင်းမွန်သော ဘုရားဟုလည်း သူတော်စင်များက ဆိုပါသည်။

## (၄) ရှင်မထီးဘုရား

နောင်တော်ကြီးစေတီ၏ မြောက်ဘက် အာရုံခံ တန်ဆောင်းအတွင်း၌ ကိန်းဝပ်နေပါသည်။ ရုပ်ပွားတော်မြတ်၏



www.burmeseclassic.com

www.burmeseclassic.com



ဒါယကာမှာ ထွက်ရပ်ပေါက် ရှင်မထီးဆရာတော်မှ တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ပါသည်။

သမိုင်းမှတ်တမ်းများထဲတွင် ရေးသားထားသည်မှာ ထိုရုပ်ပွားတော်မြတ်တွင်လည်း ပြဒါးရှင်လုံး တစ်လုံးရှိပြီး ဆုတောင်းပြည့်ဝသည်ဟု ဆိုပါသည်။ မျက်မြင်အရ တွေ့ရသည်မှာလည်း အဓိဋ္ဌာန်ပြုနေသူများနှင့် စည်ကားနေပါသည်။

## (၅) ရှင်အရဟံဘုရား

ရွှေတိဂုံစေတီတော်၏ အရှေ့မြောက်ဘက် တနင်္ဂနွေထောင့်ရှိ ရှင်အရဟံ တန်ဆောင်းကြီးတွင် ကိန်းဝပ်စံပယ်နေပါသည်။ သာသနာပြု ရဟန်းတော် ရှင်အရဟံ၏ ရုပ်တုရုပ်ပွားတော်ဖြစ်သောကြောင့် ရုပ်ပွားတော်မြတ်တွင် အဓိဋ္ဌာန်ပြုသူများ အလွန်များပြားနေပါသည်။ ဆုတောင်းပြည့်သည်ဟုလည်း ဂုဏ်သတင်းကျော်စောပါသည်။

ဖော်ပြ ပူဇော်အပ်သော ထိုရှင်ဘုရားငါးဆူသည် ကောင်းသော တောင်းဆုအတွက် တောင်းဆုပြည့်စုံသော ရုပ်ပွားတော်များအဖြစ် သာသနာတည်သရွေ့ ကမ္ဘာတည်သရွေ့ ရွှေတိဂုံ ဆံတော်များရှင် စေတီတော်ကြီးတွင် ကိန်းဝပ်စံပျော်နေမှာလည်း သေချာနေပါသည်။

□

ကျော်သန်း (တိုင်းရင်းဆေး)

## မကြုံစည်နိုင်သော အကျိုးထူးများကို ပေးစွမ်းနိုင်သော ဂါထာ

**ဧဝံ အစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မော အစိန္တိယာ၊**
**အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။**

ဧဝံ - ဤသို့၊ ဗုဒ္ဓါ-ဘုရားရှင်တို့ကို၊ အစိန္တိယာ-မကြံစည်အပ်ကုန်။ ဗုဒ္ဓဓမ္မာ - ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို၊ အစိန္တိယာ - မကြံစည်အပ်ကုန်။ အစိန္တိယေ အစိန္တိယေသု-မကြံစည်အပ်ကုန်သော၊ ဗုဒ္ဓစ ဓမ္မသု - ဘုရားရှင် ဂုဏ်တော်တို့၌၊ ပသန္နာနံ-ကြည်ညိုကြကုန်သောသူတို့အား၊ အစိန္တိယော-မကြံစည်အပ်သော၊ ဝိပါကော - ကောင်းကျိုးချမ်းသာမင်္ဂလာသည်၊ ဟောတိ - မုချမသွေ ဖြစ်ပါပေ၏။

ဤဂါထာသည် ခုဒ္ဒကနိကာယ်-ဗုဒ္ဓအပါဒါန်ပါဠိတော် (ဂါထာနံပါတ် ၈၂၊ နှာ-၇)လာ ဂါထာဖြစ်သည်။

ဤဂါထာကို အနည်းဆုံး ကိုးခေါက်ရွတ်ဆိုပြီးနောက် မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ပါးပါးအား အဓိဋ္ဌာန်၍ ပုတီးစိပ်ပါ။

ထို့ကြောင့် မကြံစည်နိုင်သော အကျိုးထူးများ ရမည်။ ဖြစ်သင့်တာဟူသမျှ ဖြစ်မည်။ ဥပမာ - စာမေးပွဲအောင်ရမည်။ အလုပ်ရမည်။ စီးပွားရေးတိုးတက်မည်။

**အဓိဋ္ဌာန်ပုတီးစိပ်**

"ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ"

**အနက်အဓိပ္ပာယ်**

ဥပ္ပါဒေါ - ခန္ဓာ ဇာတိဖြစ်ရခြင်းသည်၊ ဒုက္ခံ - ဇရာ မရဏတို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။

အနုပ္ပါဒေါ - ခန္ဓာ ဇာတိချုပ်ငြိမ်းခြင်းသည်၊ သုခံ-ပျက်မှု မရှိသောကြောင့် ချမ်းသာ၏။

ထို့ကြောင့် အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ အထက်က နည်းအပြင်၊ အခြားသော ဘုရားဂုဏ်တော်တစ်ပါးပါးကိုလည်း ပုတီး သုံးပတ်၊ ငါးပတ်၊ ခုနစ်ပတ် စသည်ဖြင့် အဓိဋ္ဌာန်ပြု၍ စိပ်နိုင်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

ဆရာ နေလင်းအောင် (တွံတေး)

# ဓာတ်လေးပါး ယတြာ

ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းသို့ စာမူများ ပို့ပြီးအပြန် ၃၂လမ်း၊ စိန်ကြယ်စာစီစာရိုက် ပုံနှိပ်တိုက်မှ အသိမိတ်ဆွေကြီးတစ်ဦးဖြစ်သည့် ဦးအောင်မြင့်နှင့် တွေ့၍ ဦးအောင်မြင့်မှ…

"ဆရာလေး ဘယ်က ပြန်လာတာလဲ။ ကျွန်တော်တို့ ရွှေညာ လက်ဖက်ရည်ဆိုင်ကို ခဏလောက် သွားကြရအောင်။ အချိန်ရတယ်မဟုတ်လား"

"ရပါတယ် ဦးအောင်မြင့်ရယ်"


ဒီလိုနှင့် လက်ဖက်ရည်ဆိုင်လည်း ရောက်ရော စကားမစပ်၊ စာရေးသူရဲ့ အသိမိတ်ဆွေကြီးက…

"ဆရာလေးတို့… နက္ခတ်ပညာနဲ့ ဓာတ်လေးပါး ယတြာချေနည်းလေး ဘာလေး မရှိဘူးလား။ ရှိရင်လည်း ကျွန်တော့်ကို ချီးမြှင့်ခဲ့ပါဦးဗျာ"

"သိပ်ရှိတာပေါ့ဗျာ။ ဦးအောင်မြင့် နက္ခတ်ရာသီခွင်ကို သိတယ်မဟုတ်လား"

"သိပါတယ်ခင်ဗျာ"

"ဒါဆိုရင် နက္ခတ်ရာသီခွင်ကို ကျွန်တော် ချပြမယ်၊ သေချာကြည့်"







ဒီရာသီခွင်ကို လေ့လာကြည့်ရင် ဘယ်ရာသီမှာ ဘာဓာတ်တွေရှိတယ်ဆိုတာ သိလောက်ပါပြီ။ ခင်ဗျားက ဗေဒင်ပညာအခြေခံရှိတယ်ဆိုတော့ ပိုပြီး ရှင်းပြလို့ လွယ်မယ်။ အဲဒီမှာ ကြည့်ဗျာ။ သူတို့မှာ ရာသီခွင်လိုက် ဆိုင်ရာ ဓာတ်ရှိတယ်။ ဓာတ်လေးပါး ဆိုပါတော့ဗျာ"

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပေါ့နော်"

"ဟုတ်ပါတယ်။ မိဿ၊ သိဟ်၊ ဓနုက မီးဓာတ်။ ပြိဿ၊ ကန်၊ မကာရက မြေဓာတ်။ မေထုန်၊ တူ၊ ကုမ်က လေဓာတ်။ ကာရကင်၊ ဗြိစ္ဆာ၊ မိန်က ရေဓာတ်။ အဲဒါတွေ ရော သဘောပေါက်ပြီလား"

"ရှင်းပါတယ်ဗျာ"

"ဒါဆိုရင် ဆက်ပြောပါမယ်ဗျာ။ ခင်ဗျားရဲ့ ဇာတာမှာ လဂ်က ဘာလဂ်လဲ"

"အဲ…ကာရကင်လဂ်ဗျ"

"ဒီတော့ကာ ခင်ဗျားက ရေလှူပေးရမယ်။ ဆိုလိုတာက ခင်ဗျားရဲ့ လဂ်ကျရာအကွက်ထဲမှာ ဘာဓာတ်စိုးမိုးသလဲ ကြည့်၊ အဲဒီ စိုးမိုးတဲ့ ဓာတ်၊ တစ်နည်းပြောရရင် ဆိုင်ရာဓာတ်ကို ဉာဏ်နဲ့ ယှဉ်ပြီး လှူပေးရုံပဲဗျာ။ အဲဒါဟာ အမြဲတမ်း ယတြာပဲ"

"ဒါဆိုရင် ကိုယ့်လဂ်ကို သိရင် ကိုယ့်ရဲ့ အမြဲတမ်း ယတြာကို သိနေပြီပဲ"

"ဟုတ်ပါတယ်။ ကိုယ့်လဂ်ကို သိဖို့ကတော့ နားလည်တတ်ကျွမ်းတဲ့ ပညာရှင်ထံမှာ တွက်ချက်အဖြေရှာနိုင်းပါ။ ဒီအမြဲတမ်း ယတြာကို တစ်ပတ်တစ်ကြိမ်ပြုနိုင်ရင် ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

လည်း ရမယ်။ မိမိစိတ်မှာ ယတြာသဘောမျိုးထားရင် ယတြာလည်း ကျေမယ်။ ကောင်းတယ်မဟုတ်လား"

"သိပ်ကောင်းတာပေါ့ ဆရာလေးရယ်။ ဒါနဲ့ ကျွန်တော်က ရေလှူရင် ဘယ်လောက်အရေအတွက် လှူသင့်သလဲ"

"ရေ ၁၂ခွက်လှူရမယ်ဗျ"

"အဲဒါ ရှင်းပြပါဦး"

"ဒါက ဒီလိုပါ။ ပညာအရာ၊ ဉာဏ်အရာပေါ့ဗျာ။ ပထဝီဓာတ်က အပါးနှစ်ဆယ်ရှိလို့ ဆွမ်းပွဲ (၂၀)လှူရမယ်။ အာပေါဓာတ်က တစ်ဆယ့်နှစ်ပါးရှိလို့ ရေ (၁၂)ခွက် လှူရမယ်။ တေဇောဓာတ်က လေးပါးရှိလို့ ဖယောင်းတိုင် (၄)တိုင်ကို မီးထွန်းပြီး လှူရမယ်။ ဝါယောဓာတ်က ခြောက်ပါးရှိလို့ ယပ်တောင် (၆)ချောင်းကို လှူပေါ့ဗျာ။ ယပ်တောင်ဆိုရင် လေရအောင် ယပ်ခတ်ပေးရမယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ အခုလို ဆရာရှင်းပြတော့လည်း လွယ်လိုက်တာနော်"

"ဟုတ်တယ်။ လွယ်တယ်ဆိုပြီး ပေါ့ပေါ့မတွက်ရဘူး။ ဒါဟာ သိပ်ကောင်းတဲ့ ယတြာပဲ။ လောကကြီးကို ဓာတ်ကြီးလေးပါးက စိုးမိုးထားတာဗျ။ ဓာတ်ယတြာလို့ ပြောနိုင်တယ်။ ဒီယတြာကို ခင်ဗျား ယုံယုံကြည်ကြည်နဲ့ လုပ်နိုင်ရင် တစ်နေ့တခြား ကံပွင့်လန်းလာမယ်။ နိမ့်ရာက မြင့်လာမယ်။ စိတ်ချမ်းသာလို့ ရုပ်ကြည်လာမယ်။ ရုပ်ကြည်တော့ လူချစ်လူခင်ပေါ်မယ်။ အားလုံးအတွက် ကောင်းတဲ့ ယတြာတစ်နည်းပေါ့ဗျာ"

"ဟုတ်ပါပြီ ဆရာရယ်။ ကျွန်တော် ဆရာ့ကို ဉာဏ်ပူဇော်ခ ကန်တော့ပါတယ်။ ပညာကို အခုလို ရှင်းပြတာ ကျေးဇူးပါပဲ"

ငွေငါးထောင်တန် နှစ်ရွက်ကို ကမ်းလှမ်းပေးပြီး ရွှေညာလက်ဖက်ရည်ဆိုင်မှ ထွက်ခွာခဲ့ကြပါတော့သည်။

□

"ဘာပဲပြောပြော
အိမ်ထောင်ရေးကံကောင်းဖို့ပဲ လိုပါသည်"

ဆရာ နေလင်းအောင် (တွံတေး)

ကောဇာဂြိုဟ်အစီးအနင်း
အဟောပညာရှင်နှင့် အင်္ဂဝိဇ္ဇာဆန်းပညာဖြင့်
ဟောသည်။

ကွမ်းခြံအရှေ့ ညောင်ဝိုင်း၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကန်သာယာလမ်းထိပ်၊ တွံတေးမြို့။ ဖုန်း-၀၉ ၂၅၄၂၆၇၀၃၆၊ ၀၉ ၇၉၉၂၇၅၅

www.burmeseclassic.com

# ကိုယ့်ခင်ပွန်းက ဘာလဲ၊ ဘယ်လဲ

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေတွဲ့) (လက္ခဏာဗေဒင်သုတေသီ)

အသက် ၂၇ နှစ်ဝန်းကျင်ရှိ အိမ်ထောင်ရှင် အမျိုးသမီး တစ်ဦး၏ ညာလက်ဖဝါးပြင်ကို သေချာကြည့်ပါ။







www.burmeseclassic.com

www.burmeseclassic.com

နှလုံးလမ်းကြောင်းအစပိုင်း (လက်သန်းအောက်)မှာ အထက်အောက် လမ်းခွဲငယ်တွေက မြားဦးသဏ္ဌာန်လိုလို၊ ကြာပုံးလိုလို၊ သစ်ရွက်လိုလိုဖြစ်နေတာ တွေ့ရမယ်။ က- အက္ခရာနှင့် ညွှန်ပြထားပါတယ်။




အဲဒီသင်္ကေတမျိုးကြောင့် သူမရဲ့ ခင်ပွန်းဟာ ရည်းစားများတတ်သူ၊ အချစ်ကစားတတ်သူဖြစ်ကြောင်းပါလို့ လက္ခဏာပညာအရ ဟောနိုင်ပါတယ်။ အိမ်ထောင်သည်ဘဝမှာလည်း ဘယ်တော့မှ စိတ်မချရဘူး။ လစ်ရင် လစ်သလို ချစ်မှာပဲ။

◈◈◈


လက်သန်းအောက်မှာ ထင်ရှား ရှည်လျားတဲ့ အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အောက်ဘက်ကို လမ်းမျှင်လေး နှစ်ခုခွဲဆင်းနေတာ တွေ့ရမယ်။ (ခ)အက္ခရာနဲ့ ညွှန်ပြထားပါတယ်။ နှလုံးလမ်းအစပိုင်းရဲ့ အပေါ်ဘက် တစ်စင်တီလောက် နေရာမှာပါ။




အဲဒီ သင်္ကေတဟာ ဘာကို ပြောသလဲဆိုတော့ သူ့ရဲ့ ခင်ပွန်းဖြစ်သူဟာ အခြား အမျိုးသမီးနှစ်ယောက်ကို ချစ်ကြိုက်ငြိစွန်း ဖောက်ပြန်နေပြီတဲ့။

◈◈◈

နှလုံးလမ်းကြောင်းရဲ့ အဆုံးမှာ လမ်းခွဲနှစ်ခု အောက်ဘက်ကို ခွဲဆင်းပြီး ဦးခေါင်းလမ်းနဲ့ ထိနေတယ်။ လက်ခလယ်အောက်တည့်တည့်လောက်မှာ နှလုံးလမ်းခွဲကို ဖေါင်လိုက်ဥပါဒ်လမ်းက ဖြတ်သန်းနေတယ်။ ဂ-အက္ခရာနဲ့ ညွှန်ပြထားပါတယ်။




အဲဒီ သင်္ကေတကြောင့် သူမနဲ့ ခင်ပွန်းဟာ ခိုက်ရန်ပြဿနာ ကြီးစွာဖြစ်ပွားခြင်း၊ သူမမှာ စိတ်ဆင်းရဲသောကများစွာရောက်ရခြင်း၊ ခင်ပွန်းနဲ့ မမျှော်လင့်ဘဲ ကွဲကွာမှု ကြုံရခြင်းတွေ ဖြစ်နိုင်တယ်။

မှတ်ချက်။ ယခု လက္ခဏာရှင် အမျိုးသမီးရဲ့ ခင်ပွန်းဟာ သူမထက် အသက်တစ်ဝက်လောက် ပိုကြီးပါတယ်။ သူမရဲ့ ခင်ပွန်းနဲ့ အိမ်ထောင်ရေး ဖောက်ပြန် ရှုပ်ထွေးနေတဲ့ အမျိုးသမီးတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲပြီး အဆက်အသွယ်ပြတ်ဖို့ အိမ်ပေါ်က ဆင်းသွားပြီး နောက်မိန်းမနဲ့ သွားပေါင်းနေတာ တစ်လကျော်ပြီဖြစ်တဲ့ သူမရဲ့ ခင်ပွန်း အိမ်ကို အမြန်ဆုံး ပြန်လာဖို့ အထူးယတြာအစီအရင်လုပ်ပေးတာ နှစ်လလောက်အတွင်း အောင်မြင်သွားတယ်။ စိတ်မချနဲ့ဦးလို့လည်း သူမကို တိုးတိုးတိတ်တိတ် မှာထားရသေးတယ်။

ကဲ··စာဖတ်သူ အိမ်ထောင်ရှင် အမျိုးသမီးများလည်း မိမိတို့ရဲ့ ညာလက်ဖဝါးကို သေချာကြည့်ပါနော်။ လမ်းကြောင်းတွေ သိပ်မထင်ရှားသေးရင်း ကြိုတင်ကာကွယ်လို့ရပါတယ်။

အိမ်ထောင်ရေးသောက ကင်းဝေးကြပါစေ။

❒




www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဂယာသို့

မောင်သာ (ရွှေးဟောင်းသုတေသန)




ရန်ကုန်မြို့မှ မြန်မာစံတော်ချိန် ၁၁နာရီခွဲတွင် ထွက်ခွာ ပျံသန်းလာသော GMA လေယာဉ်ပျံသည် ခရီးသည် (၁၈၀) ဦးကို တင်ဆောင်လျက် အိန္ဒိယနိုင်ငံ၊ ဂယာမြို့သို့ ဦးတည်ကာ အမြင့်ပေ (၃၄၀၀၀)မှ ပျံသန်းလာခဲ့သည်။ လေယာဉ်မယ်လေးက ပျံသန်းချိန် ၂ နာရီ မိနစ်၂၀ ခန့်ကြာမြင့်မည်ဖြစ်ကြောင်း ကြိုတင်ကြေညာထားသည့်အတိုင်း မြန်မာစံတော်ချိန် ၁နာရီ မိနစ် ၅၀တွင် ဂယာလေဆိပ်သို့ ဆင်းသက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂယာလေဆိပ်တွင် ချိတ်ဆွဲထားသည့် နာရီက မွန်းလွဲ ၁၂နာရီ ၅၀မိနစ်ကို ပြနေသည့်အတွက် မြန်မာစံတော်ချိန်ထက် တစ်နာရီခန့် စောနေသည်ကို မြင်ကြရသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် ရှိသဖြင့် လောင်ဂျီတွဒ် ကွာခြားချက်အရ မြန်မာနိုင်ငံထက် အချိန် တစ်နာရီခန့် စောနေခြင်းဖြစ်သည်။ လေဆိပ်အဆောင်အတွင်း၌ ရွှေရောင်များဝင်းနေသည့် ကြည်ညိုသပ္ပာယ်ဖွယ် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူကို ဖူးတွေ့ကြရသည်။

လေယာဉ်ကွင်းအတွင်း ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ကြပြီးနောက် လေယာဉ်ကွင်းမှ ထွက်ခွာလာကြချိန်တွင် အိန္ဒိယနိုင်ငံ စံတော်ချိန် မွန်းလွဲ ၂နာရီကျော်ပြီဖြစ်သည်။ လေယာဉ်ကွင်းအတွင်း နေပူနေသော်လည်း ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်နေသည်။

ကျွန်တော်တို့သည် မြေမြတ်မဟာ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးလာခဲ့ကြသည့် မြန်မာနိုင်ငံမှ သာကီနွယ်ဘုရားဖူးအဖွဲ့ဖြစ်ပြီး ခရီးသည် (၆၂)ဦး လိုက်ပါလာခဲ့ကြသည်။ အမျိုးသားက (၁၃)ဦးသာ ပါရှိ၍ ဘုရားဖူးများအားလုံးသည် အသက် ၅၀ကျော် ၆၀အရွယ်များက အများစုဖြစ်ပြီး ငယ်ရွယ်သူ မိန်းကလေးနှစ်ဦးသာ မိခင်ဖြစ်သူနှင့် အဖော်အဖြစ် လိုက်ပါလာသည်ကို တွေ့ကြရသည်။

ဂယာလေဆိပ်သည် အိန္ဒိယ တပ်မတော်ပိုင် လေ့ကျင့်ရေး လေယာဉ်ကွင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ ကမ္ဘောဒီးယား အစရှိသော ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများမှ ဘုရားဖူးများ ဗုဒ္ဓဂယာသို့ လာရောက်လေ့ရှိသည့် အောက်တိုဘာလမှ ဧပြီလကုန်အထိသာ လေဆိပ်ကို ဖွင့်လှစ်သည်။ ကျန်အချိန်များတွင် ဗုဒ္ဓဂယာသို့ လာရောက်လိုပါက နယူးဒေလီ (သို့မဟုတ်) ကိုးကတ္တားမှတစ်ဆင့် လာကြရသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးလာကြသူများသည် မြန်မာနိုင်ငံမှ အများဆုံးဖြစ်ကြပြီး ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံမှ လေယာဉ်များသည် ဂယာလေဆိပ်သို့ တိုက်ရိုက်ဆင်းသက်လေ့ရှိသည်။


လေယာဉ်ကွင်းမှ ထွက်လိုက်သည်နှင့် ကျွန်တော်တို့ကို လာရောက်ကြိုဆိုနေသည့် ဧည့်လမ်းညွှန် ကိုဖြိုးကိုနှင့် ကိုအားပေါ်တို့က ဘုရားဖူးများကို လေအေးစက်တပ်ထားသည့် ကားကြီးနှစ်စီးပေါ်သို့ တက်ရောက်စေကာ တည်းခိုမည့် ဂယာ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ဘုန်းကြီးကျောင်းသို့ လေယာဉ်ကွင်းမှ ၁၅မိနစ်ခန့်သာ မောင်းနှင်ရသည်။ ကားထွက်သည်နှင့် အိန္ဒိယနိုင်ငံတွင် လက်ဝဲမောင်းစနစ်ကို ကျင့်သုံးသည်ကို တွေ့ရသည်။ လက်ယာမောင်းစနစ်ကို ကျင့်သုံးသည့် မြန်မာနိုင်ငံ ယာဉ်မောင်းစနစ်နှင့် ဆန့်ကျင်ဖက်ဖြစ်နေသဖြင့် ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။


တည်းခိုမည့် ဘုန်းကြီးကျောင်းသို့ လာခဲ့ကြစဉ် ဂယာသည် မြို့ပျက်ကြီးတစ်ခုနှင့် တူနေသည်ကို တွေ့ကြရသည်။ အပြီးမသတ်သည့် ဆောက်လက်စ အဆောက်အဦများကို တစ်လမ်းလုံးနီးပါးတွေ့ကြရသည်။ အိန္ဒိယနိုင်ငံတွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက အခွန်ဆောင်ကြရသဖြင့် အခွန်ရှောင်ကြခြင်းဟု လမ်းညွှန် လူငယ်လေးက ပြောပြသည်။ အချို့ကလည်း မိမိတို့ သားသမီးမြေးများ လက်ထက်တွင် ဆက်လက်ဆောက်လုပ်နေထိုင်ရန် အပြီးမသတ်ဘဲ ထားသည်ဟုလည်း ဆိုပေသည်။ အဆောက်အအုံအများစုသည် လက်စ မသိမ်းဘဲ သံများ ထိုးထိုးထောင်ထောင်ဖြစ်နေသော်လည်း အောက်ထပ်များတွင် လူများ နေထိုင်လျက်ရှိနေသည်ကို မြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့ တည်းခိုမည့် မဇ္ဈိမ ဖောင်ဒေးရှင်း ဘုန်းတော်ကြီးကျောင်းသည် ကြီးမားသော ကျောင်းတစ်ကျောင်းဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းကို ဟိုတယ်တစ်ခုကဲ့သို့ အခန်းများဖြင့် ဖွဲ့စည်းထားသည်။ သန့်စင်ခန်းနှင့် ရေချိုးခန်း တွဲလျက်ပါသော လေးယောက်ခန်း၊ ငါးယောက်ခန်းများတွင် အိပ်ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ ပေးထားသည်။ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ဘုရားဖူးလာရောက် လည်ပတ်ကြသူများ လွယ်ကူသက်သာစွာ တည်းခိုနိုင်ကြစေရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရှိရပေသည်။

ကျွန်တော်သည် အတူလိုက်ပါလာသည့် မိတ်ဆွေကြီး ဦးမြင့်ဆွေနှင့်အတူ အခန်းအတွင်း နေရာယူပြီးချိန်တွင် ကျွန်တော်တို့အခန်းသည် ငါးယောက်ခန်းဖြစ်ကြောင်း တွေ့ကြရသည်။ ဘုန်းတော်ကြီးကျောင်းဖြစ်သောကြောင့် အမျိုးသမီးနှင့် အမျိုးသားများ သီးသန့်စီနေကြရသည်။ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆက်ကြချိန်တွင် အလုံမှ ဦးဝင်းရွှေ၊ မုံရွာမှ ဦးအောင်ဗိုလ်၊ တွံတေးမှ ဦးအေးသောင်းတို့ ဖြစ်ကြောင်း သိကြရသည်။ အားလုံးသည် အသက် ၆ဝကျော် အရွယ်များဖြစ်ကြပြီး ခဏအတွင်းမှာပင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားကြသည်။

မိမိတို့အထုပ်များကို ဖြည်ကြချိန်တွင် တွံတေးမှ ဦးအေးသောင်း၏ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူထံ ရောက်လာကာ နေရာထိုင်ခင်းကြည့်ရှုစဉ် ဦးအေးသောင်းက···

"ငါ ဆေးသောက်ရတော့မယ်၊ ငါ့ဆေးထုပ် မင်းဆီမှာလား"

ဟု မေးမြန်းတော့မှ ပါလာသော အထုပ်တစ်ထုပ်ကို ခင်ပွန်းက ယူသလိုလို၊ ဇနီးက ယူသလိုလိုနှင့် ပျောက်ဆုံးသွားကြောင်း သိရှိကြရတော့သည်။ ဦးအေးသောင်းက စိတ်ပျက်လက်ပျက်ဖြင့်···

"ပိုက်ဆံတွေတော့ ပါမသွားဘူး။ ဒါပေမယ့် လျှိုမယ့် ပစ္စည်းတွေနဲ့ ကျွန်တော့်ဆေးတွေ ပါသွားတယ်။ ဆယ့်ငါးရက်လုံး ဆေးမသောက်ရရင် ဒုက္ခရောက်တော့မယ်ဗျာ"

ဟု ညည်းညူနေသည်။ ဦးမြင့်ဆွေက···

"ဘာဆေးတွေ ပါသွားလဲဗျ၊ ဒီမှာ ဝယ်လို့ ရရင်လည်း ဝယ်တာပေါ့ဗျာ"

ဟု နှစ်သိမ့်စကားဆိုသည်။ ဦးအေးသောင်းက···

"ဆီးချိုဆေးတွေဗျ၊ ဈေးလည်းကြီးတယ်။ နေ့တိုင်းလည်း သောက်ရတယ်"

"ဟုတ်လား။ ကျွန်တော်လည်း ဆီးချိုဆေးသောက်နေရတာဗျ။ ဘာဆေးလဲ"

ဦးအေးသောင်းက သူသောက်သည့် ဆေးအမည်ကို ပြောပြသည်။ ဦးမြင့်ဆွေက ဝမ်းသာအားရဖြင့်···


"မပူနဲ့တော့ ဦးအေးသောင်းရေ၊ ကျွန်တော့်မှာ ပါတယ်။ တစ်ကတ်ယူထားပေတော့"


ဟု ပြောရင်း သူ့ဘေးလွယ်အိတ်ထဲမှ ဆေးကတ်



www.burmeseclassic.com

www.burmeseclassic.com





တစ်ကတ်ကို ထုတ်ပေးလိုက်ရာ ဦးအေးသောင်းသည် အလွန်အားရဝမ်းသာဖြစ်ကာ…

"ကျေးဇူးတင်လိုက်တာဗျာ၊ ဦးမြင့်ဆွေ…ပိုရဲ့လား"

"နှစ်ကတ်ပါလာတာလေ။ ကျွန်တော်တို့ တစ်နေ့ တစ်လုံးသောက်ရင် ဆယ်ရက်တော့ သောက်လို့ ရပါတယ်။ နယူးဒေလီရောက်မှ ဝယ်လို့ရရင်လည်း ဝယ်တာပေါ့။ ဘုရားတန်ခိုးတော်ကြောင့် ဘာမှမဖြစ်ပါဘူးဗျာ"

ဟု ပြောလိုက်ရာ စိတ်နှလုံးကောင်းမွန်လှသည့် ဦးမြင့်ဆွေကို အခန်းဖော်အားလုံးက အလွန်ရင်းနှီးခင်မင်သွားခဲ့ကြသည်။

ဦးမြင့်ဆွေသည် ဆည်မြောင်းဦးစီးဌာနတွင် အင်ဂျင်နီယာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ကျွန်တော့်သမီးက ဦးမြင့်ဆွေ၏ သားနှင့် အိမ်ထောင်ကျခဲ့ရာ ကျွန်တော်တို့နှစ်ယောက်သည် ဆွေမျိုးမိတ်ဆွေများဖြစ်ကြပေသည်။

"ဘုရားဖူးများ ခေတ္တနားကြပါခင်ဗျာ။ နောက်တစ်နာရီကြာရင် ဗုဒ္ဓဂယာကို ဘုရားဖူးသွားကြပါမယ်"

ဧည့်လမ်းညွှန်များက ကျောင်းအတွင်း လိုက်လံနှိုးဆော်ကြသည်။ ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်နေသဖြင့် ကျွန်တော်တို့အခန်းမှ လူများ တစ်ယောက်မျှ ရေမချိုးကြတော့ပါ။ ကျွန်တော်က ကျောင်းအပြင်သို့ထွက်ကာ ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေခဲ့သည်။ ကျောင်းသည့် မဇ္ဈိမ ဖောင်ဒေးရှင်းက ထူထောင်ထားသော ကျောင်းဖြစ်ပြီး ကျောင်းရှေ့လမ်းတစ်ဖက်သည် မည်သည့်အဆောက်အဦမှ မရှိသည့် ကွင်းပြင်ကျယ်ဖြစ်သည်။ ဘုန်းကြီးကျောင်း ဘေးချင်းကပ်လျက်တွင် တည်းခိုဆောင်တစ်ခုကို တွေ့ရသည်။ ထိုတည်းခိုဆောင်တွင် မြန်မာများ မတွေ့ရဘဲ အိန္ဒိယတိုင်းသားများကိုသာ မြင်နေရသည်။

ကျွန်တော်တို့ တစ်နာရီနီးပါး အနားယူပြီးနောက် ဗုဒ္ဓဂယာသို့ ကားများဖြင့် သွားရောက်ခဲ့ကြသည်။ တည်းခိုသည့် ဘုန်းကြီးကျောင်းမှ မိနစ် အနည်းငယ်သာ မောင်းနှင်ရပြီးနောက် ဗုဒ္ဓဘာသာ မြေမြတ်မဟာရှိရာသို့ ရောက်ရှိခဲ့ကြသည်။ ကားကို ဂိတ်ပေါက်ဝမှ ခပ်လှမ်းလှမ်းတွင် ရပ်ခဲ့ပြီး အားလုံး လမ်းလျှောက်ကြရသည်။ ကားပေါ်မှ မဆင်းမီ ဧည့်လမ်းညွှန်များက

"ဘုရားဝင်းထဲကို ဟန်း(ဖ်)ဖုန်းများ လုံးဝယူလို့ မရပါဘူး။ ကားပေါ်မှာ ထားခဲ့ကြရမှာဖြစ်ပါတယ်။ ကင်မရာတွေ ယူလို့ ရပါတယ်၊ ရူပီးတစ်ရာ အခွန်ဆောင်ကြရပါမယ်"

ဟု ပြောပါသည်။ ကျွန်တော်က…

"ကင်မရာတော့ ယူလို့ရပြီး ဖုန်းကျတော့ ဘာလို့ ယူလို့ မရတာလဲ"

ဟု မေးမိပါသည်။

www.burmeseclassic.com

"၂၀၁၃ ခုနှစ်တုန်းက ဗုဒ္ဓဂယာထဲမှာ ဟန်းဖုန်းကို သုံးပြီး ဗုံးခွဲသွားလို့ အစိုးရက ယူခွင့်ပိတ်ထားတာ ခုထိပဲလေ"

ဟု ရှင်းပြပါသည်။

ကျွန်တော်တို့သည် လူစုကွဲမသွားစေရန် သာကီနွယ် ဘုရားဖူးလုပ်ငန်းမှ ပေးထားသည့် တူညီ ဦးထုပ်များကို ဆောင်းထားကြရသည်။ ဝင်ပေါက်တွင် ကင်မရာပါသူများက အခွန်ဆောင်ပြီးချိန်တွင် အမျိုးသား၊ အမျိုးသမီး သီးသန့်စီ ဝင်ပေါက်များမှ ဝင်ကြရပါသည်။ အိန္ဒိယစစ်သားများက တစ်ဦးချင်းကို သေသေချာချာရှာဖွေပြီးမှ ဝင်ခွင့်ပြုသည်။ လေယာဉ်ကွင်းတွင် စစ်ဆေးသည့်အတိုင်း လက်နှစ်ဖက် သန့်တန်းပေးရပြီး စစ်သားများက ရှာဖွေကြသည်။ ဝင်ပေါက်နှစ်ဆင့်ဖြတ်ရပြီး နှစ်ခါရှာဖွေခံရပြီးမှ ဗုဒ္ဓဂယာသို့ ရောက်ရှိခဲ့သည်။

မဟာဗောဓိစေတီတော်ရှိရာသို့ လျှောက်လာခဲ့စဉ် စာအုပ်ဆိုင်တစ်ဆိုင်ကို တွေ့ရသဖြင့် ခေတ္တဝင်ကြည့်လိုက်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဘာသာရေးစာအုပ်များနှင့် အခွေများ ရောင်းချနေသည်ကို တွေ့ရသည်။ ရောင်းဈေးနှုန်းများကို အိန္ဒိယနိုင်ငံသုံး ရူပီးငွေတန်ဖိုးများ ကပ်ထားရာ မြန်မာနိုင်ငံတွင် ဝယ်ယူရရှိနိုင်သော အချို့သော စာအုပ်များသည် ကျွန်တော်တို့ နိုင်ငံထက် များစွာ ဈေးကြီးနေသည်ကို သတိပြုမိသည်။လမ်းဆုံးသောအခါတွင် ဓာတ်ပုံများတွင်သာ မြင်ဖူးသည့် မဟာဗောဓိစေတီတော်ကြီးကို မြင်တွေ့လိုက်ရချိန်တွင် များစွာ စိတ်ကြည်နူးကြရပေသည်။ မဟာဗောဓိစေတီတော်သို့ မဝင်မီ သတ်မှတ်ထားသည့်နေရာတွင် ဖိနပ်များကို ချွတ်ထားခဲ့ကြသည်။ မဟာဗောဓိစေတီတော်ကြီးသည် ၅၅မီတာမြင့်ကာ ၁၁ကီလိုမီတာ အဝေးမှ မြင်နိုင်သည်။

ကျွန်တော်တို့ မဟာဗောဓိစေတီသို့ ရောက်ရှိနေသည့် ရက်များအတွင်း တိဗက်မှ ဘုရားဖူး (၃၅၀၀)ကျော် ရောက်ရှိနေသဖြင့် စေတီတော်ဝင်းအတွင်း လူများ ပြည့်ကျပ်နေခဲ့သည်။ တိဗက်မှ ဗုဒ္ဓဘာသာဝင် ရဟန်းများနှင့် လူပုဂ္ဂိုလ်များသည် စေတီတော်ဝင်းအတွင်းမှာပင် ညအိပ်ကြကာ ရွတ်ဖတ်သရဇ္ဈာယ်မှုများ ပြုလုပ်ကြသည်။ မဟာဗောဓိစေတီတော်အား ဝမ်းလျားထိုး ဝတ်ပြုနေကြသည့် တိဗက်လူမျိုးများကို တွေ့မြင်ရသည်။

နေရောင်ခြည်အောက်တွင် ကြည်ညိုသပ္ပာယ်စွာ တည်ရှိနေသည့် မဟာဗောဓိစေတီတော်ကြီးကို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်(၂၈၀)အကြာ ဘီစီ(၂၆၀)ဝန်းကျင်တွင် အာသောကမင်းကြီးက သဲကျောက်တုံးများဖြင့် တည်ထားခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် ဘီစီ(၆၂၃)ခုနှစ်တွင် လုမ္ဗိနီဥယျာဉ် ဖွားတော်မူခဲ့ပြီး ဘီစီ ၅၄၃ ခုနှစ်တွင် ပရိနိဗ္ဗာန် ပြုခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဂယာခရိုင်တွင် တည်ရှိသည့် ဗုဒ္ဓဂယာသည် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် နေရာဖြစ်ပြီး ဗုဒ္ဓဘာသာဝင် ဘုရားဖူးများ အမြဲမပြတ် လာရောက်ဖူးမြော်ကြသည့် နေရာတစ်ခုဖြစ်ကာ ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊




စာမျက်နှာ ၁၃၇ သို့

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လူသည် ခလုတ်ထိမှ အမိကို တ,လေ့ရှိကြသည်။ ဒုက္ခရောက်မှ ကယ်မည့်သူကို ရှာကြသည်။ မိမိ သုခကို ခံစားနေရချိန်တွင် မိမိမှ မိမိ၊ ငါမှ ငါဟု မာန်ဝင့်နေကြကာ၊ အခြားသူများကို ဂရုမစိုက်ကြ။

သို့သော် ဘေးဒုက္ခတစ်ခုခုနှင့် ကြုံတွေ့လာပြီဆိုလျှင်မူ··· ။

မစိန်ချစ်···

ဒေါ်စိန်ချစ်···

ဒေါက်တာ မစိန်ချစ်···

◈◈◈

ငယ်စဉ် ကလေးဘဝကတည်းက ရွှေမရှား ငွေမရှား လိုတ ရနေသော မစိန်ချစ်။ ချမ်းသာကြွယ်ဝသော မိဘနှစ်ပါး၏ တစ်ဦးတည်းသော သမီး။ ဉာဏ်ကလည်း ထက်မြက်သည်။ ရန်ကုန်မြို့၏ အကောင်းဆုံး ကျောင်း၌ ပညာသင်ကြားရသည်။

အတန်းထဲတွင် အမြဲတမ်း ပထမ။

မစိန်ချစ်တို့ခေတ်က ဆယ်တန်းခေါ် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်စာရင်း ထုတ်ပြန်သောအခါ အဆင့်သုံးဆင့်ဖြင့် ထုတ်ပြန်လေ့ရှိ၏။

မစိန်ချစ်သည် ပထမအဆင့်ဖြင့် အောင်၍ ဂုဏ်ထူးသုံးခုပါ၏။

တက္ကသိုလ်တွင် ပညာဆက်သင်သောအခါ သူ အကျွမ်းကျင်ဆုံး ဘာသာဖြစ်သော ရူပဗေဒကို ဦးစားပေးပြီး သင်ယူရာ ရူပဗေဒ (ဂုဏ်ထူးတန်း)ကို တက်ခွင့်ရပြီး ရူပဗေဒ(ဂုဏ်ထူး) ဖြင့် သိပ္ပံဘွဲ့ကို ရသည်။

မစိန်ချစ်ကို ရူပဗေဒဌာနတွင် နည်းပြတာဝန်ပေးရာ မစိန်ချစ် ရသည့် လခကို အကြောင်းမဟုတ်၊ နိုင်ငံခြားတိုင်းပြည်တစ်ပြည်ပြည်တွင် ရူပဗေဒဘာသာရပ်အတွက် ပညာသင်ခွင့်ရရေးဟူသော ရည်မှန်းချက်ဖြင့် နည်းပြအလုပ်ကို ဝင်လုပ်သည်။

၂နှစ်ခန့်အကြာ၌ မစိန်ချစ်သည် နိုင်ငံခြားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခြင်း ခံလိုက်ရသည်။ သုံးနှစ်ခန့် ပညာဆည်းပူးအပြီးတွင် ရူပဗေဒ ဒေါက်တာဘွဲ့ကို ရသည့်အတွက် ဒေါက်တာ မစိန်ချစ် ဖြစ်လာသည်။

ဒေါက်တာ မစိန်ချစ်သည် လက်ထောက် ကထိကအဖြစ် ခန့်အပ်ခြင်း ခံရသည်။

ရာထူးနှင့် လစာသည် ဒေါက်တာ မစိန်ချစ်အတွက် အဓိကမဟုတ်။ တပည့်များအား သူတတ်သိထားသော ပညာရပ်ကို ပြန်လည်ဖြန့်ဖြူးပေးရေး သင်ပြပေးရေးသည်သာလျှင် သူ၏ အဓိက ဦးတည်ချက်။

ဒေါက်တာ မစိန်ချစ်တွင် အားနည်းချက်တစ်ခုရှိ၏။ ပေါင်းသင်းဆက်ဆံရေး အားနည်းလွန်း၏။ သူ့မျက်နှာမှာ အမြဲတည်၏။ သူပြုံးသည်ကို မမြင်ဘူးပါဟု သူနှင့် လုပ်ဖော်ကိုင်ဖက်များ၊ သူ့တပည့်များက ပြောကြသည်။

သူသည် ဘဝတူ ကျောင်းဆရာ၊ ဆရာမများနှင့် အပေါင်းအသင်းသိပ်မလုပ်။ သူသည် တက္ကသိုလ်သို့ မှန်မှန်



လာသည်။ မှန်မှန်စာပြသည်။ တပည့်များအပေါ် တတ်စေချင်သော စေတနာရှိသည်။ သူ စာပြနေစဉ် အလေးမထားသူကို ဒေါက်တာ မစိန်ချစ်သည် ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းတတ်၏။ ထို့ကြောင့် သူ့တပည့်များက သူ့ကို အကုန်ကြောက်ကြသည်။

အလုပ်တွင်သာ အလေးထားပြီး အနားယူချိန်နည်းသော ဒေါက်တာ မစိန်ချစ်တစ်ယောက် တစ်နေ့တွင် စာသင်ခန်းထဲ၌ စာပြနေရင်း လဲကျသွားပြီး သတိလစ်သွား၏။

သူ့တပည့်များက တပည့်တစ်ယောက်၏ ကားဖြင့် ဆေးရုံကြီးသို့ အမြန်ဆုံး ခေါ်သွားသည်။ အချို့ ကျောင်းသားများက သက်ဆိုင်ရာ ပါမောက္ခကို အကြောင်းကြားသလို၊ အချို့ကလည်း ဒေါ်စိန်ချစ်၏ မိဘများ နေထိုင်ရာကို စုံစမ်းပြီး သွားရောက်အကြောင်းကြားကြသည်။

◈◈◈

ဒေါက်တာ မစိန်ချစ်သည် ဆေးရုံသို့အသွား မော်တော်ကားပေါ်တွင် အသေကောင်ကြီးသဖွယ် ပါသွား၏။

သို့နှင့် ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ် လူနာဌာနသို့ ရောက်သွား၏။ ဆရာဝန်များက ဒေါက်တာ မစိန်ချစ် သတိပြန်ရလာအောင် အစွမ်းကုန် ကြိုးစားကြသည်။

"ဟင်···"

ဒေါက်တာ မစိန်ချစ် သတိပြန်ရလာပြီး မျက်လုံးများ ပွင့်လာသည်။

သူသည် ပတ်ဝန်းကျင်ကို စွေစောင်းကြည့်ပြီး ပြုံးလိုက်သည်။ သူ့အပြုံးကို အနီးရှိ တပည့်များ မြင်လိုက်ရသောအခါ အံ့ဩသွားကြသည်။ သူတို့ ဆရာမ၏ အပြုံးကို သူတို့ အခုမှ မြင်ဖူးကြသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

“ဆရာမ သတိပြန်ရလာပြီ။ ဝမ်းသာလိုက်တာ။ ကျွန်တော်တို့ စိတ်ပူလိုက်ရတာ ဆရာမရယ်”

တပည့်အချို့က ထိုသို့ပြောသည်ကို ဒေါ်စိန်ချစ်သည် အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

“ဆရာမ… ဆရာမ သိပ်အားနည်းနေတယ်။ ဆေးရုံမှာပဲ နှစ်ရက်လောက် အနားယူလိုက်ပါ”

ဟု တာဝန်ခံ ဆရာဝန်ကြီးက ပြောသည်။

“ဆရာကြီးသဘောပါပဲ”

ဟု ဒေါ်စိန်ချစ်က ပြုံး၍ ပြန်ပြောလိုက်သည်။

ဒေါက်တာ ဒေါ်စိန်ချစ်၏ မိဘများ ရောက်လာကြသည်။ သူတို့၏ သမီး သတိရနေသည်ကို မြင်လိုက်ရသောအခါ သူတို့ စိတ်သက်သာရာ ရသွားကြသည်။

“မင်းတို့ ဆရာမကို ဆေးရုံ အမြန်ဆုံးရောက်အောင် ပို့ပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်ကွယ်”

ဒေါ်စိန်ချစ်က အနီးရှိ သူ့တပည့်များကို ပြောလိုက်ခြင်းဖြစ်သည်။

ဆရာဝန်ကြီးက “ဆရာမ နားပါစေ”ဟု ပြောသောကြောင့် သူ့တပည့်များ ထွက်သွားကြတော့ သည်။

ဒေါ်စိန်ချစ်၏ အနီးတွင် သူ၏ မိခင်၊ ဖခင်နှင့် သူနာပြု ဆရာမ တစ်ယောက်သာ ကျန်တော့သည်။

ဒေါ်စိန်ချစ်သည် သူ၏ ဖြစ်ရပ်ကို ပြန်စဉ်းစားလိုက်သည်။

သူသည် စာသင်နေရင်း မိုက်ခနဲဖြစ်ကာ လဲကျသွား၏။

သူသည် လေထဲသို့ ရောက်နေ၏။ အောက်သို့ တွဲလွဲကျနေသူမှာလည်း သူပင်ဖြစ်သည်။ သူသည် ပေါ့ပါးစွာဖြင့် လေထဲ ရောက်နေ၏။ လဲနေသော သူ့ခန္ဓာကိုယ်ကို သူ့တပည့်များက ဝိုင်းဝန်းပြုစုကြပုံ၊ ကားပေါ်သို့ အမြန်ဆုံး သယ်ယူသွားကြပုံ၊ သူ့တပည့်များ၏ မျက်နှာများမှာ အလွန်အမင်း စိုးရိမ်ပူပန်နေကြပုံကို အပေါ်စီးမှ သူ မြင်နေရသည်။

သူ့ကို ဆေးရုံသို့ ခေါ်ဆောင်သွားစဉ် သူသည် လေထဲမှ လိုက်ပါလာ၏။ ဆေးရုံတွင် ဆရာဝန်များက သူ့ကို ဆေးကုသပေးနေသည်ကိုလည်း သူ မြင်နေရသည်။

လူအားလုံးက သူသေမှာကို စိုးရိမ်နေကြသည်။ သူ မသေအောင် သူ့အသက်ကို လုနေကြသည်။

“ငါ့တပည့်တွေက ငါ့ကို သိပ်ဂရုစိုက်ကြတယ်။ ငါကတော့ သူတို့ကို မျက်နှာသာမပေးခဲ့ဘူး”

လေထဲတွင် ဝဲပျံနေသော မစိန်ချစ်က ပြောသည်။

ထိုအခိုက် အလင်းတန်းကြီး တစ်ခုသည် လေထဲရှိ မစိန်ချစ်ထံ ရောက်လာသည်။

“သင် သေနေ့မစေ့သေးဘူး။ သင့်နေရာ သင်ပြန်သွား။ သင့်ရဲ့ ရှေးက အပြုအမူတွေ၊ ဆက်ဆံပုံတွေကို ပြောင်းလဲပစ်ရမယ်။ လူသားတွေကို မေတ္တာထားပါ။ သင့်ကိုယ်,ကိုယ်သာ သင် ဂရုမစိုက်ပါနဲ့။ အတ္တစွဲမကြီးပါနဲ့”

အလင်းတန်းနှင့်အတူ ထိုအသံများကို သူ ကြားလိုက်ရသည်။ ထို့နောက် အလင်းတန်းကြီး ပျောက်သွားရာ လေထဲတွင် ဝဲပျံနေသော မစိန်ချစ်သည် ခုတင်ပေါ်၌ ပက်လက်ဖြစ်နေသော မစိန်ချစ်နှင့် ပူးပေါင်းလိုက်စဉ်-

“ဟင်း…”

ဟူသောအသံသည် မစိန်ချစ်၏ နှုတ်မှ ထွက်လာ၏။

◈◈◈

နောက် ငါးရက်အကြာ၌ ဒေါက်တာ မစိန်ချစ် အလုပ်ပြန်ဆင်း၏။

အလုပ်ပြန်ဆင်းလာသော ဆရာမ ဒေါက်တာ ဒေါ်စိန်ချစ်၏ အခြေအနေသည် ပြောင်းလဲသွားလေပြီ။ ရှေးကနှင့် လုံးဝ မတူတော့။

ဘဝတူ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးနေလာ၏။ စကားများများပြောလာသည်။ ရှေးကလို မျက်နှာကြောတင်းတင်းနှင့် စာမသင်တော့။ စိတ်ရှည်ရှည်ထား၍ စာသင်၏။

ဒေါ်စိန်ချစ်သည် ဘာသာရေးအလုပ်ကိုလည်း လုပ်လာ၏။ ရှေးကလို အိပ်ချိန်၊ စားချိန် မမှန်ခြင်းမျိုးကို ရှောင်ရှားကာ၊ ကျန်းမာရေးကိုလည်း ဂရုစိုက်လာ၏။ ဆေးရုံမှ ဆင်းပြီးကတည်းက ရှေးကနှင့် မတူ၊ တစ်မျိုးတစ်ဖုံပြောင်းသွားရခြင်းကိုမူ ဒေါ်စိန်ချစ်မည်သူ့ကိုမျှ ပြောမပြ။

အလင်းတန်းကြီးနှင့် အတူပေါ်လာသော အသံကိုမူ သူသည် လုံးဝ မမေ့ပေ။


❐



www.burmeseclassic.com

www.burmeseclassic.com

စာ ၁၃၂ မှ အဆက်



ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်လာခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် ဂယာရှိ မဟာဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရှိခဲ့သည့် မြင့်မြတ်သော နေရာအဖြစ် အထွတ်အမြတ်ထားကာ လာရောက်လေ့ရှိကြသည်။ ဗုဒ္ဓဂယာသည် ဂယာလေယာဉ်ကွင်းမှ ၁၇ကီလိုမီတာနှင့် ဂယာ မီးရထားဘူတာမှ ၁၆ကီလိုမီတာသာ ကွာဝေးသည်။

ကျွန်တော်တို့သည် လှမ်းမြင်နေရသည့် မဟာဗောဓိစေတီတော်သို့ လျှောက်လာခဲ့ကြကာ၊ ဝင်ပေါက်မရောက်မီ အတော်လှမ်းလှမ်းမှစ၍ တန်းစီကြရပါသည်။ ဘုရားဖူးရန် တန်းစီနေသည့် အာရှတိုက်သားများကို အများဆုံး တွေ့ရသည်။ အိန္ဒိယ လူမျိုးများကိုလည်း အများအပြားမြင်တွေ့ရပေသည်။

တန်းစီနေစဉ် စေတီတော် အောက်လိုဏ်အတွင်းတွင် တည်ထားသည့် ဗုဒ္ဓဆင်းတုတော်ကို ကြည်ညိုစွာ ဖူးမြင်ကြရသည်။

ကျွန်တော်တို့သည် တစ်ရွေ့ရွေ့လျှောက်လာကြရင်း စေတီတော်လိုဏ်အတွင်းသို့ ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်ကို ရှိခိုး ဖူးမြော်ခဲ့ကြသည်။ သို့သော် အချိန်ကြာကြာနေ၍ မရဘဲ ပြန်ထွက်ခဲ့ရသည်။ ဘုရားဖူးများ အလွန်များနေသဖြင့် အစောင့်များက မြန်မြန်ပြန်ထွက်ခိုင်းသည်ကို ကြုံခဲ့ရပေသည်။

မဟာစေတီတော်သည် စတုဂံပုံ နှစ်ထပ်စေတီတော်ကြီးဖြစ်ပြီး အာသောကမင်းကြီးတည်ခဲ့စဉ်က စေတီငယ်လေးသာဖြစ်ခဲ့ပြီး အေဒီ (၂)ရာစုတွင် မာဂဓတိုင်းမှ ဘုရင်တစ်ပါးက လက်ရှိ ဖူးမြင်ရသည့် စေတီတော်ပုံတည်ထားကိုးကွယ်ခဲ့သည်။ အေဒီ (၇)ရာစုတွင် ပါလမင်းက စေတီတော်ကြီးအား ပြန်လည်မွမ်းမံတည်ဆောက်ခဲ့သော်လည်း အေဒီ ၁၂ ရာစုတွင် ဖျက်ဆီးခြင်းခံခဲ့သဖြင့် အေဒီ ၁၃ရာစုတွင် ပြန်လည်တည်ထားခဲ့သည်။

ကျွန်တော်တို့ ရောက်ရှိနေစဉ် အိန္ဒိယ စစ်သည်များအား လက်နက်များ ကိုင်ဆောင်လျက် မဟာဗောဓိစေတီတော်ဝန်းကျင်ကို စောင့်ရှောက်နေသည်ကို မြင်ခဲ့ကြရသည်။ ဘုရားရှင်၏ မြေမြတ်မဟာတွင် လက်နက်ကိုင်များကို မြင်တွေ့နေရခြင်းကို ကျွန်တော် ဘဝင်မကျမိသော်လည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၇ရက်နေ့တွင် ဗုဒ္ဓဂယာမြေမြတ်မဟာအတွင်း မသမာသူများက ဗုံးငါးလုံးဖောက်ခွဲခဲ့သဖြင့် အလား တူ ဖြစ်ရပ်မျိုး ထပ်မံ မဖြစ်ပွားစေရန် အိန္ဒိယနိုင်ငံအစိုးရက



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက် ကာကွယ်မှုပြုပေးခြင်းကို နားလည်ရပေသည်။

မြင့်မြတ်သော နေရာဖြစ်သဖြင့် မြန်မာဘုရင်များသည်လည်း မဟာဗောဓိစေတီတော်ကို ကူညီထောက်ပံ့မှုများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။ ပုဂံခေတ်တွင် ကျန်စစ်သားမင်းကြီးသည် မဟာစေတီတော်ကြီးကို မွမ်းမံပြင်ဆင်ရန် အိန္ဒိယသို့ မှူးမတ်များကို လှူဖွယ်ကျောက်သံ ပတ္တမြားများပေး၍ စေလွှတ်ခဲ့သည်။ ထို့အတူပင် အေဒီ ၁၂၉၉ ခုနှစ်တွင် ဘုရင် ကျော်စွာသည် လည်းကောင်း၊ အေဒီ (၁၈၀၀)ပြည့်နှစ်တွင် ဘိုးတော်ဘုရားသည် လည်းကောင်း၊ ဗုဒ္ဓဂယာသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သည်။ မင်းတုန်းမင်းသည်လည်း စေတီတော်ကြီးအတွက် ရွှေငွေသန်း (၇၀)လှူဒါန်းခဲ့ပြီး ဗုဒ္ဓဂယာသို့ လာရောက်ဖူးမြော်ကြသည့် မြန်မာပြည်သူများ တည်းခိုနားနေနိုင်ရန် ဇရပ်ကြီးတစ်ခုကို ဆောက်လုပ်ပေးခဲ့သည်။

ယင်း မင်းတုန်းမင်းဇရပ်ကို ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီတော်ဝင်း၏ အရှေ့မြောက်ဘက်တွင် ယနေ့တိုင် မြင်တွေ့ကြရပေသည်။ ဇရပ်ဟု ဆိုသော်လည်း နှစ်ထပ်တိုက်ကြီးတစ်လုံးဖြစ်သည်။ ယခုအခါတွင် ဇရပ်တော်ကြီးသည် အိန္ဒိယလူမျိုးများ ပိုင်ဆိုင်သော အဆောက်အဦဖြစ်နေကာ အိန္ဒိယလူမျိုးများ နေထိုင်နေကြသည်ကို မြင်တွေ့ရပေသည်။ မင်းတုန်းမင်း ဇရပ်တော်အနီးတွင် မင်းတုန်းမင်း၏ အလှူတော် ကျောက်စာတိုက်ကို တွေ့ရှိရသည်။ ယင်း ကျောက်စာတိုက်ကို မြန်မာနိုင်ငံမှ သီတဂူဆရာတော် ဦးဉာဏိဿရက ပြင်ဆင်မွမ်းမံရန် စီစဉ်နေကြောင်း သိရှိရပေသည်။

သီရိလင်္ကာနိုင်ငံသား အနာဂါရိက ဓမ္မပါလကသည် ဗုဒ္ဓဂယာရှိ မဟာစေတီတော်ကို ဗုဒ္ဓဘာသာဝင်များလက်သို့ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့ချိန်တွင် ဗြဟ္မဏမဟန့်များနှင့် ပြဿနာများဖြစ်ခဲ့သည်။ အေဒီ ၁၈၉၁ ခုနှစ်တွင် သီရိလင်္ကာဆရာတော် အနာဂါရိက ဓမ္မပါလကနှင့်အတူ မြန်မာနိုင်ငံမှ ဦးသိန်းမောင်၊ ဦးဘစီ အစရှိသော ဥပါသကာများက မဟာစေတီကို ဗုဒ္ဓဘာသာဝင်များထံ လွှဲပြောင်းပေးရန် အိန္ဒိယအစိုးရထံ တောင်းဆိုခဲ့ကြသည်။ နှစ်ပေါင်း ၅၀ကျော် အရေးဆိုခဲ့ကြရပြီး ၁၉၄၉ ခုနှစ်တွင် မဟာစေတီတော်ကြီးကို ဟိန္ဒူဘာသာဝင် လေးဦးနှင့် ဗုဒ္ဓဘာသာဝင် လေးဦးတို့က ပူးတွဲအုပ်ချုပ်ခွင့်ရန် ဥပဒေတစ်ရပ်ထုတ်ပြန်ခဲ့ရာ ယခုအချိန်အထိ ဟိန္ဒူဗုဒ္ဓဘာသာဝင်များက ပူးတွဲအုပ်ချုပ်နေကြသည်။





www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိစေတီတော်မြတ်ကြီးအနီးတွင် မြတ်စွာဘုရားရှင်၏ သတ္တဋ္ဌာန ခုနစ်ဌာနရှိသည်။မဟာဗောဓိစေတီတော်ဝင်းအတွင်းမှာပင် သတ္တဋ္ဌာနများဖြစ်သည့် ဗောဓိပင်နှင့် ရွှေပလ္လင်၊ အနိမိသ၊ ရတနာစင်္ကြံ ရတနာဃရစံအိမ်၊ ဆိတ်ကျောင်းညောင်ပင်၊ မုစ္စလိန္ဒာအိုင်နှင့် လင်းလွန်းပင်တို့ကို မြင်တွေ့ကြရသည်။

**ပလ္လင်္ကသတ္တာဟ**

ဘုရားရှင်ပွင့်ထွန်းခဲ့သည့် ဗောဓိညောင်ပင်သည် ပေ(၅၀)ခန့်မြင့်ကာ မဟာဗောဓိစေတီတော်၏ အနောက်ဘက်တည့်တည့်တွင် ကပ်လျက် တည်ရှိသည်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဖွားတော်မူချိန်တွင် ဘုရားလောင်းနှင့်အတူဖွားဖက်တော် ခုနစ်ပါးပေါ်ထွန်းခဲ့ရာ မဟာဗောဓိပင်သည် ညီတော် အာနန္ဒာ၊ ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ မြင်းမြီးဆွဲ မောင်ဆန်၊ ကဏ္ဍကမြင်း၊ ရွှေအိုးကြီး လေးလုံးတို့နှင့်အတူ ဖွားဖက်တော်တစ်ပါးဖြစ်ပေသည်။

ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင်မဖြစ်မီက မဟာဗောဓိပင်ကို ခုတ်ဖြတ် မီးရှို့ဖျက်ဆီးခဲ့ဖူးသည်ဟု ဆိုကြသည်။ သို့သော်လည်း ဖျက်ဆီးခံရသော ဗောဓိပင်ကို နောက်ရက်တွင် မူလအတိုင်းပြန်မြင်ခဲ့ကြရသည်။ ထူးကဲသည့် ယင်းအဖြစ်ကို သိရှိသွားသော မင်းကြီးသည် နောင်တ ရရှိခဲ့ကာ ဗောဓိပင်ကို မပြတ်



လာရောက်စောင့်ရှောက်ခဲ့သည်။ တစ်ချိန်တွင် ဗောဓိပင်ခုတ်လှဲခံထားရသည်ကို တွေ့ရှိခဲ့ရသော မင်းကြီးသည် ဗောဓိပင်ငုတ်ကို နွားနို့ဖြင့် သွန်းလောင်း၍ မိတ္တာန်သည့်အခါ ဗောဓိပင် ပြန်ပေါက်လာသည်ဟု ဆိုကြသည်။

သက္ကရာဇ် ၁၈၇၆ ခုနှစ်တွင် မဟာဗောဓိပင်သည် လေနီကြမ်းတိုက်ခတ်မှုဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သည်။ မူလဗောဓိပင်မှ အကိုင်းနှင့် မျိုးစေ့များဖြင့် ပြန်လည်စိုက်ပျိုးခဲ့ရာ ယခု မြင်တွေ့နေရသည့် ဗောဓိပင်ကြီး ပြန်လည်ဖြစ်ထွန်းလာသည်ဟု ဆိုသည်။

ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ ဗောဓိပင်ကြီးကို သဒ္ဓါကြည်ညိုစွာ ဖူးမြော်ကြပေသည်။

ဗောဓိပင်ပတ်လည်တွင် ဘုရားဖူးများ ပြည့်နေကာ ပုတီးစိပ်နေကြသူများ၊ တရားထိုင်နေကြသူများ၊ ဘုရားရှင်ကို အာရုံယူ၍ ရွတ်ဖတ်သရဇ္ဈာယ်နေကြသည့် လူမျိုးပေါင်းစုံကို မြင်နေရသည်။ ဗောဓိပင်ပတ်လည်ကို ကျောက်လက်ရန်းကြီးများဖြင့် ကာရံထားသည်ကို တွေ့မြင်ရသည်။ အိန္ဒိယကျောက်စာဝန် ကာနင်ဂန်က ထိုကျောက်လက်ရန်းကြီးများကို ပူထရာမင်းလက်ထက်တွင် ပြုလုပ်ခဲ့သည်ဟု ဆိုပါသည်။ ဗောဓိပင်အနီးတွင် အစောင့်ဝန်ထမ်းများ ရှိသည်။ ဗောဓိညောင်ရွက်များကို မခူးရန် စောင့်ကြပ်လျက်ရှိသည်

ဗောဓိပင်အနောက်ဘက်နေရာသည် ကျဉ်းမြောင်းသော လမ်းလေးတစ်ခုဖြစ်သည့်အတွက် ထိုနေရာတွင် ဘုရားဖူးများ ပြည့်နေလေ့ရှိကာ ခါးပိုက်နှိုက်ခံရခြင်းများ မကြာမကြာဖြစ်လေ့ရှိကြောင်း လမ်းညွှန်လေးများက သတိပေးသဖြင့် ကျေးဇူးတင်ရပေသည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဝင်များသည်လည်း ဗောဓိပင်ရှေ့တွင် ထိုင်ကာ ဂုဏ်တော်များနှင့် ပဋ္ဌာန်းဒေသနာ၊ နိဒ္ဒေသတို့ကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ကဆုန်လပြည့်ကျော် တစ်ရက်မှ ခုနစ်ရက်အထိ ပလ္လင်္ကသတ္တာဟအဖြစ် မလှုပ်မယှက် သီတင်းသုံးခဲ့ကာ၊ နေ့ဘက်တွင် ဖလသမာပတ်ဝင်စား၍ ညဘက်တွင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သုံးသပ်ဆင်ခြင်နေခဲ့သည်။

**အနိမိသ သတ္တာဟ**

မဟာဗောဓိပင်၏ အရှေ့မြောက် ၁၄လံအကွာတွင် အနိမိသ သတ္တာဟနေရာရှိသည်။ ဘုရားရှင်သည် ကဆုန်



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော် ၈ရက်မှ ၁၄ရက်အထိ အနိမိသ သတ္တာဟ တွင် မမှိတ်သော မျက်စိဖြင့် ခုနစ်ရက်တိုင် သီတင်းသုံးခဲ့ သည်။

"ငါသည် ပါရမီများ ဖြည့်ဆည်းခဲ့မှုကြောင့် ဤပလ္လင် ပေါ်တွင် မာရ်ငါးပါးကို အောင်မြင်ကာ ဘုရားအဖြစ်သို့ ရောက် ရှိတော်မူခဲ့ပြီ"

ဟု ဆင်ခြင်လျက် မဖော်မမှိတ်ရပ်တော်မူ၍ အပရာဇိတ ပလ္လင်ကို ခုနစ်ရက်လုံးလုံး ကြည့်နေခဲ့သည်။

**ရတနစင်္ကမ သတ္တာဟ**

ဘုရားရှင်သည် ကဆုန်လကွယ်နေ့မှ နယုန်လဆန်း ၆ရက်အထိ ဗောဓိပင် ရွှေပလ္လင်နှင့် အနိမိသ သတ္တာဟ အကြား၊ ဗောဓိပင်၏ မြောက်ဘက်တွင် စင်္ကြံလျှောက်လျက် ခုနစ်ရက် သီတင်းသုံးခဲ့သည်။ ထိုနေရာသည် မဟာဗောဓိ စေတီတော်၏ မြောက်ဘက်ကပ်လျက်နေရာဖြစ်ပြီး နတ်တို့ ဖန်ဆင်းအပ်သော အရှေ့-အနောက်တန်းနေသည့် ရတနာ စင်္ကြံတွင် ဖလသမာပတ်ဝင်စား သီတင်းသုံးခဲ့သည်။ ထို နေရာတွင် လူးလားခေါက်တုံ့လျှောက်ခဲ့သဖြင့် ရတနစင်္ကမ သတ္တာဟဟု ခေါ်ကြသည်။

ကျွန်တော်တို့ ရောက်ရှိချိန်တွင် ဘုရားရှင်၏ တတိယ သတ္တာဟဌာနဖြစ်သည့် စင်္ကမနေရာတော်တွင် ပန်းများကို အပြည့်ခင်းထားကာ ဆီမီး၊ အမွှေးတိုင်များ၊ ဂရချမ်းများ ဖြင့် ပူဇော်ထားသည်ကို ဖူးမြင်ကြရသည်။ ဘုရားဖူးများသည် ထိုနေရာတွင်လည်း ပြည့်နေကာ မိမိတို့ဆန္ဒအတိုင်း ဘုရား ရှင်အား ပူဇော်သက္ကာယပြုနေကြပေသည်။

**ရတနဃရ သတ္တာဟ**

စင်္ကမ သတ္တာဟမှ အပြင်သို့ထွက်ကာ အနည်းငယ် လျှောက်လိုက်သည်နှင့် ရတန သတ္တာဟနေရာသို့ ရောက် ရှိသည်။

ထိုနေရာတွင် တိဗက်ဘုရားဖူးများသည် မိမိတို့ ဘုရား ဝတ်ပြုသည့် ပျဉ်ချပ်များနှင့်အတူ နေရာအပြည့်ရှိနေကြပေ သည်။ ပျဉ်ချပ်များကို တစ်ဖက်ထောင်ထားလျက် ထိုပျဉ် ချပ်တွင် ဝမ်းလျားထိုးကာ ဘုရားရှိခိုးနေကြသူများကို တွေ့ ရှိရသည်။

ဘုရားရှင်၏ စတုတ္ထ သတ္တာဟဖြစ်သည့် ရတနဃ ဃရသည် မဟာဗောဓိစေတီတော်၏ အနောက်မြောက်တွင် ရှိသည်။

ဘုရားရှင်သည် ထိုနေရာတွင် နတ်တို့ ဖန်ဆင်းအပ် သည့် ရတနဃရ စံတော်အိမ်တွင် နယုန်လဆန်း ၇ရက်မှ ၁၃ရက်အထိ သီတင်းသုံးလျက် အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်ခဲ့သည်။ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ရှေးဦး ခြောက်ကျမ်းဖြစ်သည့် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုနှင့် ယမိုက်ကျမ်းများကို ဆင်ခြင် ပြီးနောက် အနန္တနယ ပဋ္ဌာန်းတရားကို ဆင်ခြင်ခဲ့သည်။ထို အချိန်တွင် ဘုရားရှင်၏ကိုယ်တော်မှ ရောင်ခြည်များ ကွန့် မြူးကာ အနန္တ စကြဝဠာသို့ ပျံ့နှံ့သွားခဲ့သည်။

ထိုနေရာတွင် ကွန့်မြူးသည့် ဘုရားရှင်ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ဖြစ်သည့် အညိုရောင်(နီလ)၊ ရွှေရောင်(ပီတ)၊ အနီရောင်(လောဟိတ)၊ အဖြူရောင် (ဩဒါတ)၊ မောင်းသော အရောင်(မဉ္ဇိဋ္ဌ)နှင့် ပြိုးပြက်သော အရောင်(ပဘဿရ)တို့ ထွက်ပေါ်ခဲ့ရာ၊ ထိုရောင်ခြည်တော် များကို အထိမ်းအမှတ်ပြုလျက် ဗုဒ္ဓဘာသာဝင် အမေရိကန် လူမျိုး ဗိုလ်မှူးကြီး အောလကော့က သာသနာ့အလံကို တီထွင်ခဲ့သည်။ ယနေ့ ဗုဒ္ဓဘာသာဝင်များ သုံးစွဲနေသည့် ထိုသာသနာ့အလံကို ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ ဧပြီလ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ ကဆုန်လပြည့်နေ့)တွင် သီဟိုဠ်နိုင်ငံ(ယခု သီရိလင်္ကာနိုင်ငံ)တွင် စတင်လွှင့်ထူခဲ့ သည်။ စတုတ္ထ သတ္တာဟနေရာတွင် ကျွန်တော်တို့အားလုံး သည် ဘုရားရှင်ကို အာရုံပြုလျက် ပဋ္ဌာန်းတရားများကို ရွတ်ဖတ်ခဲ့ကြရာ များစွာ ပီတိ သောမနဿ ဖြစ်ခဲ့ကြရ ပေသည်။


www.burmeseclassic.com

www.burmeseclassic.com


### အဇပါလ သတ္တာဟ

ဘုရားရှင်သည် မဟာဗောဓိအနီးဝန်းကျင်တွင် ၂၈ရက်ကြာ သီတင်းသုံးပြီးနောက်၊ နယုန်လဆန်း ၁၄ရက်တွင် စေတီတော်ကြီး၏ ရှေ့တည့်တည့်တွင်ရှိသည့် အဇပါလ ညောင်ပင်ရင်းသို့ ကြွချီခဲ့သည်။ ထိုနေရာသည် ဆိတ်ကျောင်းသားတို့ နားနေလေ့ရှိသည့် နေရာဖြစ်သဖြင့် အဇပါလနိဂြောဓ(ဆိတ်ကျောင်းညောင်ပင်)ဟု ခေါ်သည်။ ထိုနေရာတွင် ဘုရားရှင်သည် နယုန်လပြည့်ကျော် ၅ရက်အထိ သီတင်းသုံးနေစဉ် မာရ်နတ်၏ သမီးသုံးယောက်ဖြစ်သည့် တဏှာ၊ အရတီနှင့် ရဂါတို့က ကာမဂုဏ်များဖြင့် လာရောက်မြူဆွယ်ခဲ့ကြသည်။ ထိုနေရာမှာပင် "ဒိဋ္ဌမင်္ဂလိ"အမည်ရှိ ပုဏ္ဏားသည် ဘုရားရှင်ထံ ရောက်ရှိလာကာ အဘယ်တရားဖြင့် ဗြာဟ္မဏဟု ခေါ်ထိုက်ကြောင်း မေးမြန်းလျှောက်ထားခဲ့သည်။ ဒိဋ္ဌမင်္ဂလိသည် ဘုရားရှင်ထံမှ တရားစကားကို ကြားခဲ့ရသော်လည်း တရားထူး မရရှိခဲ့ပါချေ။ ထိုအချိန်တွင် ဘုရားရှင်သည် ဓမ္မစကြာ တရားဦးကို မဟောကြားရသေးသဖြင့် နာကြားရသူများသည် ဝါသနာ ဘာဂိယမျှသာ ဖြစ်သဖြင့် တရားကို ထိုးထွင်း မသိနိုင်ကြသေးပါချေ။

ယခုအခါတွင် ထိုနေရာတွင် ညောင်ပင် မရှိတော့ဘဲ ညောင်ပင်နေရာတွင် အသောကမင်းကြီး စိုက်ထူထားသည့် အထိမ်းအမှတ် ကျောက်တိုင်ကိုသာ မြင်ကြရသည်။ ထိုကျောက်တိုင်ပတ်လည်ကို ပန်းများဖြင့် ရစ်ပတ်ပူဇော်ထားပြီး ဘုရားဖူးများက မိမိတို့ ဦးခေါင်းများဖြင့် ပွတ်တိုက်ကာ ရှိခိုးပူဇော်နေကြသည်ကို မြင်ကြရသည်။

### မုစလိန္ဒ သတ္တာဟ

ဘုရားရှင်သည် အဇပါလ ညောင်ပင်ရင်းတွင် နယုန်လပြည့်ကျော် ၅ရက်ထိ သီတင်းသုံးပြီးနောက်၊ မဟာဗောဓိပင်၏ အရှေ့တောင်ဘက်ရှိ မုစလိန္ဒပင်အိုင်အနီး ကျည်းပင်ရင်းသို့ ကြွခဲ့သည်။ ထိုနေရာတွင် ရက်သတ္တပတ် သီတင်းသုံးစဉ် အခါမဲ့ မိုးကြီးရွာသွန်းခဲ့သည်။ ထိုမိုးသည် စကြာမင်း ပေါ်ထွန်းချိန်နှင့် ဘုရားပွင့်တော်မူချိန် နှစ်ကြိမ်သာ ရွာသွန်းလေ့ရှိသည်။ ထိုအခါတွင် မုစလိန္ဒာအိုင်အောက် နဂါးဘုံဗိမာန်ကို ပိုင်စိုးသည့် မုစလိန္ဒာ နဂါးမင်းက ဘုရားရှင်အား အချမ်းအပူနှင့် မှက်၊ ခြင်၊ ယင်တို့ မထိပါးစေရန် မိမိ၏ ပါးပျဉ်းဖြင့် ခုနစ်ရက်တိုင် မိုးပေးခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com

ယခုအချိန်တွင် ထို မုစလိန္ဒာအိုင်ကို ကွန်ကရစ်ဘောင်များဖြင့် မြေထိန်းနံရံများ ပြုလုပ်ထားသည်။ ရေအိုင်အလယ်တွင် နဂါးရုံဘုရားတည်ထားသည်ကို ဖူးတွေ့ကြရသည်။ ယင်းနဂါးရုံဘုရားကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာပြုအဖွဲ့မှ ဆောက်လုပ်လှူဒါန်းထားကြောင်း သိရှိခဲ့ရသည်။ ဘုရားရှင်သည် ဆဋ္ဌမ သတ္တာဟအဖြစ် မုစလိန္ဒာအိုင် ကျည်းပင်တွင် နယုန်လပြည့်ကျော် ၆ရက်မှ နယုန်လပြည့်ကျော် ၁၂ရက်အထိ သီတင်းသုံးခဲ့သည်။

### ရာဇာယတန သတ္တာဟ

ဘုရားရှင်သည် ကျည်းပင်ရင်းမှ ဖဲခွာ၍ မဟာဗောဓိစေတီ၏ တောင်ဘက်ရှိ လင်းလွန်းပင်သို့ ကြွကာ ၇ရက် သီတင်းသုံးခဲ့သည်။ လင်းလွန်းပင်အောက်တွင် နယုန်လပြည့်ကျော် ၁၃ရက်မှ ဝါခေါင်လဆန်း ၅ရက်အထိ သီတင်းသုံးပြီးနောက် ဘုရားရှင်သည် သတ္တ သတ္တာဟ (၄၉)ရက်ပြည့်ခဲ့သည်။ ထို ၄၉ရက်တာ ကာလအပတ်လုံး ဘုရားရှင်သည် ခံတွင်းတော်ဆေးခြင်း၊ မျက်နှာတော်သစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ ရေချိုးတော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း၊ ရေသုံးဆောင်တော်မူခြင်း၊ လျောင်းစက်ခြင်းများ မရှိခဲ့ဘဲ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် နေခဲ့သည်။






ဝါခေါင်လဆန်း ၅ရက် ဗုဒ္ဓဟူးနေ့တွင် ဘုရားရှင်အား သိကြားမင်းက ဆေးကြဖုသီး ဆက်ကပ်ခဲ့သည်။ ဘုရားရှင်သည် ကြဖုသီးကို ဘုဉ်းပေးတော်မူပြီးနောက် ၄၉ရက်ကြာ မပြုခဲ့သော ပြုဖွယ် ကာယိကကိစ္စများကို ဆောင်ရွက်ခဲ့သည်။ ထိုနေ့တွင် ဥက္ကလာနေပြည်မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် ရောက်ရှိလာကာ ဘုရားရှင်အား မုန့်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ ကုန်သည်ညီနောင်သည် ဘုရားရှင်ထံတော်မှ ဆံတော်ရှစ်ဆူကို ရရှိခဲ့ပြီး မိမိတို့ ဌာနေသို့ ပြန်လာခဲ့ပြီးနောက်၊ ယနေ့ ကမ္ဘာကျော် ရွှေတိဂုံစေတီတော်သည် မြန်မာနိုင်ငံ၊ ဓဂုံမြို့တွင် ပေါ်ထွန်းလာခဲ့သည်။

ကျွန်တော်တို့သည် ဘုရားရှင်တော်မြတ်၏ သတ္တဌာနကို ကြည်လင်သောစိတ်၊ ထက်သန်သော သဒ္ဓါ၊ ကြည်ညိုသော စေတနာများဖြင့် လှည့်ပတ်ပူဇော်ပြီးချိန်တွင် နေအတော်စောင်းခဲ့ပြီဖြစ်သည်။ နေရာဌာနအသီးသီးသို့ လိုက်ပါရှင်းပြခဲ့သော ဦးဇင်းလေးနှင့်အတူ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ဖူးမဝ၊ ကြည်ညိုမဝနိုင်င်ဘဲ မဟာဗောဓိမြေမှ ပြန်လည်ထွက်လာကြချိန်တွင် ရှင်ကြည်သော စိတ်များဖြင့် လန်းဆန်းနေခဲ့ကြပါတော့သည်။

တည်းခိုသည့် ဘုန်းတော်ကြီးသို့ ပြန်ရောက်ချိန်အထိ ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီတော်နှင့်တကွ သတ္တာဟ သတ္တဌာနကို စိတ်အာရုံတွင် ပြန်လည်မြင်ယောင်နေကာ ကုသိုလ်စိတ်များ ပွားများနေမိခဲ့ပါသည်။ ❐



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆ ခုနှစ် ဇူလိုင်လ)

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ကံတရားကို ဉာဏ်ကစားနေချိန်။ ပြောင်းလဲမှုကြောင့် တက်လမ်းပွင့်မည်။ လူတကာ၏ လိုက်လံပူဇော်မှု အရေးပေး ချီးကျူးအားပေးမှုကို ခံရလိမ့်မည်။ ကျေးဇူးတုံ့ပြန်မှု ခံရဖွယ် ကြုံမည်။ သူတစ်ပါးကို ချိုးနှိမ်းထောပနာပြုရန် မမေ့ပါနှင့်။ တီထွင်ဆန်းသစ်မှုကြောင့် ထူးခြားသည့် အောင်မြင်မှု ကြုံရပေလိမ့်မည်။ ခေါင်းမာပြီး ပြုပြင်ရန် ခက်သော်လည်း၊ ဟာသဉာဏ် ရှင်သန်နေချိန်ဖြစ်၍ လူချစ်လူခင်ပေါ်များနေပေလိမ့်မည်။ စိတ်အေးအေးထားလုပ်ကိုင်မှ ကျန်းမာပေလိမ့်မည်။ အလုပ်ရှုပ်၍ စိတ်ရှုပ်ရပေလိမ့်မည်။ ဒေါသကြောင့် သောကပိုရောက်ရပေလိမ့်မည်။ အချစ်ရေးက ရင်ထဲမှာ မတင်မကျဖြစ်နေသည့် ပုစ္ဆာတစ်ပုဒ်လို အဖြေရှာမတွေ့။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၁)အဆုံး၊ (၄)အစ (၆)အဆုံး။
ယတြာ - မွေးနေ့တွင် အိမ်ရှိ ဘုရားမှာ သီလခံယူပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

လိုတရ ဆီမီးခွက်ကို လက်ဝယ်ရရှိချိန်။ ကံထူး၏။ ဒဏ္ဍာရီဆန်ဆန်ပေးအပ်လာသည့် ကံအခွင့်အလမ်းများနှင့် ကြုံမည်။ အပြင်ပန်းသဏ္ဌာန်က မာကြောခက်ထန်နေသော်လည်း အတွင်းစိတ်မှာ ရိုးသားပျော့ပျောင်းနေပေလိမ့်မည်။ သူတစ်ပါးအကူအညီအကြံပေးချက်ကို လုံးဝမယူဘဲ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ပေလိမ့်မည်။ ကျန်းမာရေးကောင်းစေရန် ရေကို ကျိုချက်၍ သောက်ပါ။ ဘဝကို မှားယွင်းသည့် ပဲ့ကိုင်ရှင်လက်ထဲ မအပ်မိစေရန် အထူးအရေးကြီးလှသည်။ အချစ်ရေးဆုံးဖြတ်ချက် တက်တက်စင် မှားယွင်းလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။
ယတြာ - မွေးနေ့တွင် တစ်နေ့တည်း ဘုရားသုံးဆူဖူးကာ မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ခြေစုံရပ်လျက် ခပ်အေးအေးနေမိတတ်ချိန်။ ရပ်မနေသင့်ပေ။ ဆက်လျှောက်ပါ။ မိမိ၏ အားနည်းချက်၊ အားသာချက်ကို နေ့စဉ်လေ့လာဆန်းစစ်ပါ။ အမှားနှင့်အမှန်ကို ခွဲခြား၍သိပါစေ။ သိလွယ် တတ်လွယ်ခြင်းသည်လည်း အောင်မြင်မှုကို ပိုမိုစေလိမ့်မည်။ သည့်ထက်ပိုပြီး အောင်မြင်စေဖို့ ထပ်ပြီးတွေးတောဆင်ခြင်ဖို့ လိုသည်။ ခိုင်မာသည့် ဆုံးဖြတ်ချက်ကြောင့် ဆန်းပြားသည့်လုပ်ငန်းတစ်ခုကို မှားမှားမှန်မှန် လုပ်မိတတ်၏။ သူတစ်ပါးကိစ္စ သက်သေလိုက်၊ အာမခံလျှင် စိတ်ညစ်စရာကြုံမည်။ လုပ်ငန်းသစ်ကိစ္စမှာ သင့်ခြေလှမ်းကို စောင့်ကြည့်လေ့လာနေသူအချို့ ရှိနေသည်။ လျှို့လျှို့ဝှက်ဝှက်ပြောဆိုလုပ်ကိုင်ပါ။ ကျန်းမာရေးသင့်၏။ ယာဉ်၊ ကား၊ စက်ပစ္စည်းအန္တရာယ် သတိထား ကာကွယ်ဖို့ လိုအပ်သည်။ အချစ်ကြောင့် ကြုံမည့် ဒုက္ခ၊ သုခကို ရင်ဆိုင်ရန် အသင့်ကြိုတင်ပြင်ဆင်ပါ။ တည်ငြိမ်မှု ရှိပါစေ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၇)အဆုံး၊ (၆)အစ (၁)အဆုံး။
ယတြာ - ကလေးများကို ပေါင်မုန့်နှင့် နွားနို့တိုက်ကျွေး၍ ကုသိုလ်ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

ဝိတိလိုင်းကို တအိအိခံစားရချိန်။ ကာသိုလ်ကံ ထူးခြားမှုကြုံမည်။ စံထားသည့်ကိစ္စများ ပြီးပြတ်အောင်မြင်အောင် ဌဲ၊ ဝီရိယမှန်မှန်လုပ်ကိုင်ပါ။ မျှော်လင့်ချက် လုံးဝ မရှိတော့သည့် စီးပွားဥစ္စာများ ဥပဒေဘောင်အတွင်းမှ တောင်းခံရရှိလာပေလိမ့်မည်။ ယဥ်ကျေးဖော်ရွေပါ။ အငြိမ်မနေသင့်။ လုပ်စရာရှိလျှင် သေးသေးပဲဖြစ်ဖြစ်၊ ကြီးကြီးပဲဖြစ်ဖြစ်၊ ချက်ချင်းထလုပ်ပစ်လိုက်ပါ။ ဝီရိယ မပါလျှင် မည်သည့် အောင်မြင်မှု မကြုံနိုင်ပေ။ မိမိကိုယ်မိမိ တော်မော်ထက်မြက်အောင်လုပ်ရင်းမှ ထို့ထက် ပိုတော်အောင် လုပ်နိုင်သေးကြောင်း တွေ့ရပေလိမ့်မည်။ ကျန်းမာရေးကို ဂရုစိုက်။ လေချုပ်စာများကို မစားပါနှင့်။ ရင်ဝမ်းအောင့်မည်။ အချစ်ရေးက တကယ့်မာနခဲကိုမှ စွဲစွဲလန်းလန်းချစ်မိနေလိမ့်မည်။

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး၊ (၃)အစ (၇)အဆုံး။

**ယတြာ** - ဘုရားမှာ သီလခံယူပြီး ကောက်ညှင်းပေါင်းကပ်လှူကာ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ပြိုင်ဘက်မရှိ အောင်မြင်မှု ကြုံရမယ့်ကာလ။ နေရာတကာ ဉာဏ်နှင့်ယှဉ်ပါ။ လက်ရှိအလုပ်ကို မပျော့ပိုက်တတ်ပေ။ လုပ်ငန်းသစ်လည်း မမြင်ပါ။ ပုံသေ သမားရိုးကျအလုပ်ထက် ပြောင်းလဲမှုကို လိုလားနှစ်သက်နေတတ်၏။ မိမိကိုယ်မိမိ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ဝေဖန်ကြည့်ပါ။ အတ္တဆန်သည့် အပြုအမူကို ပြင်ပါ။ လိုက်လျောညီထွေ နေထိုင်ကြည့်ပါ။ အပေါင်းအသင်းနယ်ပယ်သစ် ကြုံမည်။ ကြုံတွေ့သည့် ပြဿနာကို တည်ငြိမ်စွာ ဖြေရှင်းပါ။ ကျန်းမာရေးကောင်းစေရန် ကိုယ်ဝန်ဆောင်တစ်ဦးကို ဆေးဝါးနှင့် ငွေကြေးလှူဒါန်းပါ။ ချစ်ခရီးလမ်းသာယာဖြောင့်ဖြူးမှု ကြုံရပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ တနင်္လာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၀)အစ (၃)အဆုံး။

**ယတြာ** - မွေးနေ့တွင် ကျောင်း၊ ကန်၊ ဇရပ် သန့်ရှင်းရေးပြုလုပ်ကာ ကုသိုလ်ယူပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုကို တည်ဆောက်နိုင်ချိန်။ ပတ်ဝန်းကျင်နှင့် သီးသီးခြားခြား နေချင်စိတ်ပေါ်မည်။ ပြဿနာအခက်အခဲက အသင့်စောင့်နေ၏။ တွေ့ကြုံရသည့် အခက်အခဲကို ကျော်လွှားရန် ခဲယဉ်းသည်။ လမ်းကြောင်းပြောင်းလုပ်လိုက်ပါ။ အားတက်စရာ အောင်မြင်မှုလမ်းစပွင့်သွားပါလိမ့်မည်။ မိသားစုအသိုင်းအဝိုင်းက ဩချ ချီးကျူးခံရတတ်ပါသည်။ မိမိ၏ မိသားစုအတွက် ဦးနှောက်ခြောက်လောက်အောင် စဉ်းစားပြီး ကြိုးစားနေပေလိမ့်မည်။ ကြိုးစားလုပ်သည့်ကိစ္စ၊ ကြိုးစားလေလေ၊ အောင်မြင်လေလေ ကြုံမည်။ စဉ်းကမ်း နည်းလမ်းကျပါစေ။ စဉ်းကမ်းစနစ်မရှိလျှင် စာချုပ်၊ မှတ်ပုံတင်၊ လိုင်စင်၊ အရေးကြီးသော စာရွက်စာတမ်းများ အထားမှား၍ ပျောက်ဆုံးမှု ကြုံရတတ်သည်။ ကျန်းမာရေးကောင်းစေရန် ကိုယ်ဝန်ဆောင်တစ်ဦးကို ဆေးဝါးနှင့် ငွေလှူပါ။ ချစ်ခရီးလမ်း သာယာဖြောင့်ဖြူးမှု ကြုံမည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၁)အဆုံး၊ (၅)အစ (၂)အဆုံး။

**ယတြာ** - စေတနာရှိသူတစ်ဦးကို ငွေကြေးနှင့် အဝတ်အထည်များ ပေးလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

**တူရာသီ**



**LIBRA**

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

စိတ်ထင်ရာ စေခိုင်းရန် မြင်းရိုင်းကို လွှတ်ပေးတတ်ချိန်။ တစ်ဇွတ်ထိုး ဇွတ်တရွတ် ပြုမူလုပ်ဆောင်မှုများ ကြုံရလိမ့်မည်။ တွေဝေမှုကို လက်မခံပါနှင့်။ တက်ကြွမှုကို လက်ခံပါ။ ဆန္ဒနှင့် ဘ၀ကို တစ်ထပ်တည်း ကျရန် မလွယ်ကူပါ။ လွယ်သည့်ကိစ္စကို ခက်အောင်လုပ်မိတတ်သည်။ ခက်ခက်ခဲခဲ ရှုထောင့်မှ ကြည့်မိလိမ့်မည်။ ရင်ထဲမှ မတင်မကျဖြစ်နေသော ပြဿနာပုစ္ဆာများကို ဖြေရှင်းမရဖြစ်နေတတ်သည်။ အကျပ်အတည်းမှ လွတ်မြောက်အောင် ကြံဆောင်ပေးမည့် မိတ်ဆွေစစ်တစ်ဦးနှင့် ကြုံရပါလိမ့်မည်။ ပခုံးချင်းယှဉ်လာသည့် ပြိုင်ဘက်ကို အနိုင်ယူ အောင်မြင်ရန် ကူညီမည့်သူ ကြုံမည်။ ကျန်းမာရေး ကောင်းသည်ထက် ကောင်းစေရန် တနင်္ဂနွေနေ့မှာ ဆံပင်ညှပ်ခြင်း၊ လက်သည်းညှပ်ခြင်း ကြုံရပါလိမ့်မည်။ ထိုညှပ်စ၊ ဖြတ်စတို့ကို အိမ်၏ အနောက်အရပ်မှာ စွန့်ပစ်လိုက်ပါ။ ချစ်သူထံမှ ဝမ်းသာပျော်ရွှင်စရာ စကားကြားရမည်။

**ထိထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၄)အဆုံး၊ (၇)အစ (၁)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး တရားထိုင်၊ တရားမှတ်ပါ။

**ဗြိစ္ဆာရာသီ**



**SCORPIS**

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ပုံပြင်ထဲက ယုန်ကလေးကဲ့သို့ အိပ်ပျော်နေမိတတ်ချိန်။ အဖြစ်ထူးမည်။ ဖြစ်လိုသည်က တစ်မျိုး ဖြစ်နေသည်က တစ်မျိုးနှင့် လွဲမှားမှု ကြုံရလိမ့်မည်။ ဖြစ်ချင်သည်ကို ဖြစ်နိုင်တာက စပြီးလုပ်လိုက်ပါ။ အောင်မြင်မှုတစ်ဝက်တစ်ပျက်သာ ရရှိတတ်၏။ စိတ်ညစ် စိတ်ပျက်နေရလိမ့်မည်။ လုပ်သင့် လုပ်ထိုက်သည့်လုပ်ငန်း ဟုတ်၊မဟုတ် စဉ်းစားသင့်သည်။ လုပ်ချင်သည်ထက် လုပ်သင့်သည်ကို ဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ပါ။ ရပ်ဝေးဒေသ၊ နိုင်ငံရပ်ခြားသွားလာသည့်ကိစ္စ အခွင့်အရေးကောင်းရရန် ဇွတ်ကြိုးစားရပါလိမ့်မည်။ ရေသာခို၍ မရနိုင်ပေ။ ကျန်းမာရေး စိတ်အေးရသော်လည်း အချစ်ရေး စိတ်လေးနေရတတ်သည်။

**ထိထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၁)အဆုံး၊ (၇)အစ (၁)အဆုံး။

**ယတြာ** - အောင်သင့် အောင်ထိုက်သော အောင်မြင်မှုများစွာ ရရှိစေရန်အောင် သပြေလှူပေးပါ။

**ဓနုရာသီ**



**SAGITTARIUS**

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

ရတနာသုံးပါးကို မမေ့သင့်ချိန်။ တိုးတက်မှုနှုန်းနှေးကွေးနေမည်။ ဆန္ဒနှင့်ဘ၀ ထပ်တူမကျ၍ ဒေါပွနေလိမ့်မည်။ ဒေါသကို လျှော့ပါ။ ဒေါသသည် မိုက်မဲမှုနှင့် စတင်ပြီး နောင်တရမှုများနှင့် အဆုံးသတ်သည်။ မိမိဒေါသကို မိမိနိုင်နင်းစွာ နှိမ်နင်းကျော်လွှားနိုင်မှ အောင်မြင်မှုကို တည်ဆောက်နိုင်မည်။ သည်းခံစိတ်ကို မွေးမြူပါ။ နီးနီးကြားကြား တက်တက်ကြွကြွ လုပ်ဆောင်ပါ။ ကိုယ်စိတ်နှလုံး ကြည်လင်ခြင်းကြောင့် အောင်ပွဲရအောင် ကူညီသူ ကြုံမည်။ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်ကြုံမည်။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြားသွားလာမှုကိစ္စ ကံကောင်းတော့မည်။ အကြံမပြောင်းပါနှင့်။ ကျန်းမာရေးက စိတ်အေးဖွယ် ကြုံမည်။ နေရာတကာ သြဇာပေးချင်သည့် ချစ်သူနှင့် ကြုံမည်။

**ထိထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၆)အဆုံး၊ (၆)အစ (၃)အဆုံး။

**ယတြာ** - မွေးနေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားပြီး ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပါ။ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

**( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )**

အသိဉာဏ်ထက်မြက် ပရိယာယ်ကြွယ်ဝနေချိန်။ ပျင်းပျင်းရိရိနှင့် တွေဝေမှု၊ လေးမောမှု ကြုံမည်။ ပျင်းရိသည့်အမူအကျင့်ကို တွန်းလှန်ဖျောက်ဖျက်ပစ်လိုက်ပါ။ မလုပ်ရလျှင် မနေနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားပေလိမ့်မည်။ ပြဿနာတိုင်းကို သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းသွားနိုင်ပါလိမ့်မည်။ အိမ်၊ ခြံ၊ ကား ကိစ္စရပ်များ အကျိုးအမြတ်ကောင်း ကြုံမည်။ လူတိုင်း လက်ခံသည့် ဆန်းသစ်တီထွင်မှုများကြောင့် အောင်မြင်မှု ကြုံရပါလိမ့်မည်။ စထားသည့် လုပ်ငန်းတိုင်းကို ပီပြင်အောင်လုပ်ပါ။ စီးပွားဥစ္စာ တိုးတက်လာမှာ အသေအချာဖြစ်သည်။ ကျန်းမာစေရန် အရည်ရွှန်းသည့် အသီးအနှံများကို များများစားပေးပါ။ ချစ်သူက သင့်အပေါ် အထင်ကြီးလေးစားမှု ကြုံမည်။ ရပ်ဝေးရှိ ချစ်သူထံမှ လက်ဆောင်ပစ္စည်းရမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၄)အဆုံး၊ (၁)အစ (၇)အဆုံး။
**ယတြာ** - လပြည့်နေ့ညမှာ သီလခံယူပြီး ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ် ပူဇော်ပါ။

## ကုမ်ရာသီ




AQUARIUS

**( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )**

ဓားတောင်ကို ကျော်၊ မီးပင်လယ်ကို ဖြတ်သန်းရချိန်။ ကံညံ့သည်။ ကြီးကျယ်သည့် အတားအဆီး အခက်အခဲများ ကြုံတွေ့ရပါလိမ့်မည်။ သင့်စွမ်းရည်ကို လျှို့ဝှက်ထားပြီး အရေးပေါ်မှ ထုတ်သုံးလိုက်ပါ။ အခြေအနေသစ်တစ်ရပ်ကြောင့် လူများကို နားလည်သဘောပေါက်ခွင့်ကြုံမည်။ စီးပွားရေးမှာ မထင်မှတ်ထားသည့် အကျပ်အတည်းတစ်ခု ရုတ်တရက် ကြုံတွေ့ရပါလိမ့်မည်။ ဘဝဆိုသည်မှာ မိမိဘက်မှ အမြဲမှန်ကန်နေရုံတစ်ခုတည်းနှင့် မဖြစ်နိုင်ကြောင်းကို သိခွင့်ရရှိပါလိမ့်မည်။ ထစ်ခနဲရှိ စိတ်တို၊ စိတ်ဆတ်မှုများစွာနှင့် ကြုံရပါလိမ့်မည်။ တည်ငြိမ်အေးဆေးစွာ ပြုမူကြည့်ပါ။ အပြုသဘော လုပ်ကိုင်ဆောင်ရွက်မှုတို့ အောင်မြင်မှု ကြုံမည်။ ကျန်းမာရေးသင့်သော်လည်း အချိန်အခါမဲ့ သွားလာခြင်း သတိထားပါ။ အန္တရာယ်ကြုံနိုင်သည်။ အချစ်ရေးမှာ ဘာမဟုတ်သည့်ကိစ္စလေးနှင့် အချင်းချင်း ကတောက်ကဆဖြစ်နိုင်သည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၂)အဆုံး၊ (၃)အစ (၄)အဆုံး။
**ယတြာ** - အိမ်ရှိ ဘုရားမှာ နံနက်စောစောတွင် သီလခံယူပြီး ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## မိန်ရာသီ



PISCES

**( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )**

လသာခိုက် ဗိုင်းငင်သင့်ချိန်။ အလိုမကျမှုတို့ကြားမှာ အောင်မြင်မှုအခွင့်အရေးများစွာ ကြုံရတတ်ပါသည်။ အများနှင့် ဆန့်ကျင်သော အပြုအမူများ မလုပ်မိအောင် ဂရုစိုက် နေထိုင်သင့်သည်။ လူတိုင်း လက်ခံနိုင်သည့် ဆန်းသစ်တီထွင်မှုတစ်ရပ်ကြောင့် လုပ်ငန်းသစ်တစ်ခု အောင်မြင်မှု ရမည်။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ကျွမ်းကျွမ်းကျင်ကျင် အစွမ်းပြခွင့် ကြုံမည်။ မျှော်လင့်နေသောကိစ္စ မအောင်မြင်တတ်သော်လည်း မထင်မှတ်ထားသည့် အောင်မြင်မှု ကြုံရပါလိမ့်မည်။ ရောဂါဘယ မထူပြောလှသော်လည်း ရေချိုး ဆင်ခြင်ပါ။ ရေချိုးများတတ်သည်။ တွေ့ကြုံလာရသော အိမ်ထောင်ကျကိန်းကို လွတ်အောင် ရှောင်ဖို့ရန် မလွယ်ကူလှပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၁)အဆုံး၊ (၈)အစ (၄)အဆုံး။
**ယတြာ** - ဘိုးဘွားမိဘ ဆရာသမားတို့ကို မိမိနှစ်သက်ရာ မုန့်နှင့် ကန်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အရူးသက်နိုင်ထွန်း

(အဘိဓမ္မာ)

## မောင်ငြိမ်း၏ ညဆိုး

၁၉၆၆ ခုနှစ်၏ နွေဦးကာလ၊ သုဝဏ္ဏမြို့သစ်တည်ရာ ရပ်ကွက်သည် လူနေသော တိုက်များနှင့် လူနေရန် ဆောက်လုပ်နေသော တိုက်များ မစည်ကားသေးသော်လည်း တိုက်ဆောက်ရာတွင် လူအင်အားဖြင့် လုပ်အားပေးရသော အဖွဲ့များသည် ပြန်သူ ပြန်၍၊ နောက်နေ့မနက် လုပ်အားလာပေးသောသူများ ရှိသလို၊ တချို့လူများက နီးစပ်ရာ သူတို့အသိုင်းအဝိုင်းနှင့် ညဘက် အိမ်မပြန်ဘဲ ကြံ့သလို အိပ်ကြသူတို့လည်း ရှိနေကြပါသည်။ လုပ်အားပေးအလုပ်ချိန် နောက်ကျမှာစိုးသောကြောင့်ဖြစ်သည်။ မြို့သစ် စတည်ရာတွင် လုပ်အားပေးထားသော မိသားစုသည် ဆောက်လုပ်ပြီးစီးသွားပါက တိုက်ခန်းများကို လည်းကောင်း၊ လုံးချင်း အိမ်ရာတိုက်များကို လည်းကောင်း အရစ်ကျ ငွေပေးချေစနစ်ဖြင့် ဝယ်ယူနေထိုင်၍ ရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီရပ်ကွက်တွင်းသို့ ညဘက်ပိုင်းတွင် "သကြားမုန့်ဖက်ထုပ် ပူပူလေး" ဟူသော အသံနှင့် မကြာခဏ ဈေးလာရောင်းသူက မောင်ငြိမ်း။ ညဘက်တွင် မအိပ်သေးသော သူတို့က ခေါ်ပြီး ဝယ်စားကြသလို၊ လမ်းထိပ်တွင် ဆေးခြောက်ရှူ၊ ဂစ်တာတီး၊ သီချင်းတွေ အော်ဟစ်ဆိုနေသူတို့လည်း ရှိနေကြပါသည်။ ဈေးသည်ကို ခေါ်ပြီး အနိုင်ကျင့်၍ အလကား စားသောက်သောသူတို့လည်း ရှိနေကြသောကြောင့် မောင်ငြိမ်းတစ်ယောက် သတိထား၍ ဈေးရောင်းရပါသည်။ ဖြစ်လာလျှင် ပြန်လည် ခုခံရန်အတွက်လည်း မုန့်ဖက်ထုပ်တောင်းထဲတွင် ချိန်းကြိုးကို အလွယ်တကူ အသုံးပြုနိုင်ဖို့ ထည့်ထားပါသည်။

မောင်ငြိမ်း ဈေးရောင်းသည်မှာ ဒီရပ်ကွက်တစ်ခုမကပါ။ တစ်ခါတလေ သင်္ဃန်းကျွန်း၊ လေးထောင့်ကန်၊ ဒါတင်မက ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မြေနီကုန်း စသည်တို့ကိုပင် အနှံ့လျှောက်၍ ညတိုင်းလိုလို လိုက်လံ၍ ဈေးရောင်းပါသည်။ နားရက် မယူသည်က များပါသည်။ သူ့မှာ ရည်ရွယ်ချက်ရှိပါသည်။ ကိုယ့်အိုး ကိုယ့်အိမ်ဖြင့် နေရရန်ဖြစ်ပါသည်။ ရရှိသည့် ငွေအနည်းအများကို လက်ထဲမှာ မစု။ ငွေစုဘဏ်မှာ စုပြီး လစာကိုလည်း ဘဏ်မှာ စုပါသည်။

မနက်မိုးလင်းလျှင် သူငယ်ချင်းဖြစ်သူ မောင်အောင်နှင့် သင်္ဃန်းကျွန်း ချည်မျှင်စက်သို့ အလုပ်ဆင်းပါသည်။ မောင်အောင်က ချည်မျှင်ဌာနတွင် စက်မောင်းတာဝန်။ မောင်ငြိမ်းက ခြောက်ပင်လိမ်နှင့် တည်းလုံးဌာနတွင် ဒုတိယစက်ပြင်ဆရာ။ သူတို့ နှစ်ယောက် ထမင်းချိုင့် ကိုယ်စီစွဲ၍ အလုပ်ဆင်း။ အလုပ်ပြန်တော့လည်း အိမ်ကို အတူတူပြန်။ မောင်အောင်တို့ လင်မယားနေသည့်တဲတွင် မောင်ငြိမ်းက ထမင်းလခ ပေးစားလေသည်။ အရှေ့ခန်းမှာ မောင်ငြိမ်း နေရပြီး အတွင်းခန်းမှာ သူတို့ လင်မယား နေပါသည်။

ဒီရပ်ကွက်က မင်္ဂလာရပ်ကွက်။ တာမွေကြီး ခ-အပိုင်ပေါ့။ ကျူးကျော်ရပ်ကွက်ကလို့လည်း ခေါ်ကြတယ်။ အနံ့အသက်က သိပ်မကောင်းသလို၊ တစ်ခါတစ်ရံ မနက် ၅နာရီလောက် သားမြှုပ်ထားတဲ့ မြေပုံမှာ မအေလုပ်သူက တရှုပ်ရှုပ်နဲ့ လာပြီးငိုနေတာကို မြင်ရတာ စိတ်မကောင်းစရာပါ။ တစ်ခါတလေလည်း လူသေတွေကို မြေလာမြှုပ်တာတွေ တွေ့ရပါတယ်။ ဟိန္ဒူသင်္ချိုင်းမြေမှာ မင်္ဂလာရပ်ကွက်က ရှိနေတာမို့ သူတို့တွေကို ရှောင်ပြီး မနက်ပိုင်း ချည်စက်ရုံမှာ အလုပ်ဆင်း၊ ပြီးတော့ သင်္ချိုင်းကို ဖြတ်ပြီး အိမ်ပြန်၊ ပြီးတော့ မုန့်ဖက်ထုပ် ရောင်းရန် ပြန်ထွက်။ ဒီလိုနှင့် မောင်ငြိမ်းဘဝ ရုန်းကန်လှုပ်ရှားနေရသည်မှာ ပင်ပန်းလို့ ပင်ပန်းမှန်း မသိ၊ မောလို့ မောမှန်းပင် မသိပါ။

◈◈◈

တစ်နေ့ ဈေးရောင်းလို့ အရမ်းကောင်းတဲ့နေ့ပေါ့။ အချိန်က ညတစ်နာရီခွဲ၊ နှစ်နာရီလောက်တော့ ရှိပါပြီ။ အိပ်လည်း အိပ်ချင်ပြီ၊ မနက်လည်း အလုပ်ဆင်းရမှာမို့ ဈေးသိမ်းပြီး တာမွေလေးဘက်က ဖြတ်လာခဲ့သည်။ ဘယ်ဘက်မှာ မြန်မာသင်္ချိုင်း။ ညာဘက်မှာ ဂျပန်သင်္ချိုင်း။ သူတို့ နှစ်ခုကြားမှာ ကတ္တရာခင်းထားတဲ့ လမ်းရှိသည်။ လမ်းဆုံးရင် ခရစ်ယာန်သင်္ချိုင်း။ ခရစ်ယာန်သင်္ချိုင်းပြီးရင် တာမွေကြီး ရွှေဗဟိုရုပ်ရှင်ရုံဘက် ထွက်တဲ့ လမ်းရှိသည်။ တာမွေကြီးဈေးဘက်သွားတဲ့ လမ်းမှာ သင်္ချိုင်းဂိတ်တံခါးရှိသည်။ ညနေ ၆နာရီ ၇နာရီဆိုရင် ပိတ်နေကျဖြစ်သည်။ ခရစ်ယာန်သင်္ချိုင်းနဲ့ မျက်နှာချင်းဆိုင်မှာ ဟိန္ဒူသင်္ချိုင်းရှိသည်။ ထို ဟိန္ဒူသင်္ချိုင်းကို ဖြတ်ပြီးမှ မောင်ငြိမ်း အိမ်ပြန်ရောက်မှာဖြစ်သည်။

တာမွေလေးနဲ့ တာမွေကြီးကြားမှာ ရှိတဲ့ တာမွေသင်္ချိုင်းထဲကို ရောက်အောင် ဝင်နိုင်မှ ဖြစ်မည်။ ရောက်အောင် ဝင်ဖို့ဆိုတာကလည်း တာမွေလေးဘက်က သင်္ချိုင်းထဲသို့ ဝင်သည့် တံခါးက သော့အခိုင်အမာပိတ်ထားသည်။ ဂိတ်တံခါးကြီးက (၆)ပေခန့် မြင့်သည်။ ကာထားတဲ့ အုတ်တံတိုင်းကြီးကလည်း ၆ ပေကျော်လောက် ရှိသည်။ ရပ်ကွက်ထဲက ဖြတ်ပြီး မင်္ဂလာရပ်ကွက်သို့ သွားဖို့ဆိုတာကလည်း တာမွေသင်္ချိုင်း အုတ်တံတိုင်းဝင်းကြီးကို တစ်ခြမ်းပတ်ပြီး သွားရမှာဆိုတော့ ညဉ့်နက်သန်းခေါင်အချိန်ဖြစ်နေတာရယ်၊ ဝေးလွန်းတာရယ်ကြောင့် ဖြစ်သည်။ ကားမှတ်တိုင်အရနဲ့ဆိုလျှင် လေးမှတ်တိုင်လောက်ပဲ ရှိပါသည်။ ဒါပေမယ့် ဒီအချိန် တစ်ဆယ့်သုံးနံပါတ် အစိမ်းရော၊ အနီရော ဘာကားမှ မရှိတော့ပေ။ ပင်ပန်းဇောလည်း မခံနိုင်တော့တာမို့ သင်္ချိုင်းဂိတ်တံခါးအပေါ်က သံချွန်ပေါ် ရောက်အောင် မုန့်တောင်းကို ပစ်တင်ပြီး လူကလည်း ခုန်လွှားလို ကျော်တက်ဆိုသလို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း စွန့်စားခန်းပြုလုပ်ပြီး မုန့်တောင်းနဲ့အတူ ခုန်ချပြီး သင်္ချိုင်းထဲသို့ ဝင်ရောက်သွားခဲ့သည်။

ဖုတ်ခနဲအသံနှင့်အတူ မြေပေါ် ရောက်တာနဲ့ မုန့်တောင်းကို လွယ်ပြီး ခြေတွ နားစွင့်လိုက်ပါသည်။

"ရှီ...ရှီ...ရှီ..."ဟူသော အသံနှင့် မြေကြီးကို ရုပ်တိုက်ပြီး တွန်းရွေ့လာသော "ဖရော....ဖရော" ဟူသောအသံ။ အဖျားတက်ပြီး ညည်းညူသော "အဟင်း...ဟင်း...ဟင်း..ဟင်း"ဆိုသော အသံလိုလိုကို မတိုးမကျယ် ကြားလိုက်မိပါသည်။ ဘယ်ဘက်မှာရှိတဲ့ မြန်မာသင်္ချိုင်းဘက်က လာတဲ့ အသံလား။ ညာဘက်မှာ ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်သင်္ချိုင်းဘက်က လာတဲ့ အသံလား။

ဂျပန်သင်္ချိုင်းက အုတ်တံတိုင်းခတ်ပြီး အပြင်က လူ အတွင်းကို မမြင်နိုင်အောင် သံပြားကာ တံခါးကြီးကို ပိတ်ထားသည်။ ဒါဆိုလျှင် မြန်မာသင်္ချိုင်းဘက်က လာတဲ့ အသံလား။ နားစွင့်လိုက်သောအခါ အသံများအားလုံး တိတ်ဆိတ်ငြိမ်သက်သွားပါသည်။

ရင်ထဲတွင် အနည်းငယ် တုန်ခါမှု ဖြစ်သွားပါသည်။ ထိုအချိန်တွင် အေးစိမ့်သော လေလှိုင်းတစ်ခုက မောင်ငြိမ်းကို ဝင်တိုက်လိုက်ပါသည်။ ရင်ထဲ၊ ကျောထဲမှာ စိမ့်ခနဲတော့ ဖြစ်သွားသည်မို့ ကြက်သီး အနည်းငယ် ထသွားပါသည်။ မည်သို့ပင်ဖြစ်ဖြစ် အိမ်ပြန်ရောက်ပြီး အနားယူ အိပ်စက်မှ ဖြစ်တော့မည်မို့ မောင်ငြိမ်းတစ်ယောက် ဘာမှ မစဉ်းစားတော့ပါ။ အိမ်ရောက်ရန် ရှေ့သို့ ဆက်လှမ်းလိုက်ပါသည်။

ကတ္တရာခင်းထားသည့် လမ်းဘေးတစ်လျှောက် သစ်ပင်ကြီးများက လေတိုက်တိုင်း ယိမ်းထိုး ခြောက်လှန့်နေသလိုလို။ လ မထွက်တဲ့ လကွယ်ည။ လမ်းပေါ်မှာက မောင်ငြိမ်းတစ်ယောက်တည်း။ မှန်တောင်းကို လွယ်လို့ မပြေးရုံတစ်မယ် ခပ်သုတ်သုတ်ကလေး တာမွေလေးဘက်က သင်္ချိုင်းဂိတ်တံခါးမှ တာမွေကြီးဘက် သင်္ချိုင်းဂိတ်တံခါးအထိကို လျှပ်စစ် လမ်းမီးတိုင်က မှိန်ပြပြ နှစ်တိုင်သာ။

ပထမ မီးတိုင်နား ရောက်ခါနီးတွင် "ဘုတ်...ဘုတ်...ဘုတ်" "ဖလပ်...ဖလပ်...ဖလပ်"ဟူသော အသံကို ကြားလိုက်မိသလို၊ နောက်မှ တစ်ယောက်ယောက် လိုက်လာသည် ထင်သောကြောင့် ခဏရပ်၍ နောက်သို့ လှည့်ကြည့်လိုက်မိရာ မှောင်နှင့် မည်းမည်းမှာ ဘာမျှလည်း မတွေ့။ စောစောက ကြားသော အသံများမှာလည်း လုံးဝ ပျောက်ကွယ်သွားပါသည်။

ထို့နောက် ရှေ့သို့ ပြန်လှည့်၍ ဆက်လျှောက်လိုက်သည်တွင် ဖြန်းခနဲ နူးညံ့သော လက်ကြီးဖြင့် လည်ပင်းကို လာညှစ်သလို ခံစားလိုက်ရသည်။ မောင်ငြိမ်းသည် ဇတ်ခနဲ ထိုလက်အား ဖမ်းဆုပ်၍ လိမ်ချိုးလိုက်ပါသည်။ သို့သော် မောင်ငြိမ်းလက်ထဲသို့ ပါလာသည်က လည်ပင်းညှစ်သော လက်မဟုတ်ဘဲ၊ လက်တစ်ဆုပ်စာရှိသော ဆံပင်ချည်ထွေးကြီး ဖြစ်နေသည်ကို မီးတိုင်အောက်တွင် မြင်လိုက်ရသည်နှင့် မောင်ငြိမ်းသည် ဒေါသဖြစ်သွားပြီး ဆံပင်ချည်ထွေးအား လမ်းဘေးတွင် ပြန်၍ မလွှင့်ပစ်တော့ဘဲ "တွေ့မယ်၊ အိမ်ရောက်မှ တွေ့မယ်၊ လာ-လိုက်ခဲ့" ဟု ခေါ်၍ အိမ်အမြန်ရောက်ရန် မပြေးရုံတစ်မယ် တက်သုတ်နှင်လိုက်ပါသည်။ ဟိန္ဒူသင်္ချိုင်းကို ဖြတ်စဉ်ခဏမှာတော့ ကြက်သီးတစ်ချက်ထမိလိုက်ပါသည်။

ဒါကို ဂရုမစိုက်အားဘဲ တဲထဲသို့ တံခါးဖွင့်၍ ကမန်းကတန်းဝင်၊ ဘုရားစင်ပေါ်မှ ဘုရားမီးထွန်းသော မီးခြစ်ကို ယူ၍ တံခါးကို ပြန်ဖွင့်ပြီး ဖိနပ်ချွတ်တွင် ဆံပင်ချည်ထွေးကို ပုံ၍ မီးရှို့လိုက်သည်။ နှုတ်မှလည်း...

"ငါ့ကို နှောင့်ယှက်ဦး၊ မှတ်ထားကွ"

ဟု အော်ဟစ်၍ ပြောဆိုလိုက်ပါသည်။

"အောင်းမလေး...ကြောက်ပါပြီတော့"

ဟူသော ငိုယိုအော်ဟစ်သံနှင့်အတူ တဲအိမ်လေးပင် ပြိုမတတ် တုန်ခါသွားခဲ့ပါသည်။

အတွင်းခန်းတွင် အိပ်ပျော်နေသော မောင်အောင်တို့ လင်မယားပင် လန့်ပြီး နိုးလာခဲ့သည်။ အိမ်ရှေ့ထွက်လာကြပြီး...

"မောင်ငြိမ်း၊ မင်း ဘာဖြစ်လာတာလဲ။ ရှေ့ခန်းမှာ မင်းနဲ့ တစ်ယောက်ယောက် နပန်းလုံးနေတယ်မှတ်လို့ လန့်သွားတာပဲကွာ"

ဟု မောင်အောင်က ပြောပါသည်။

မောင်ငြိမ်းက ပခုံးတွန့်ပြလိုက်ပြီး...

"အလကားပါကွာ။ ငါ့ကို လာနှောက်လို့ ငါ ပြန်နှောက်လိုက်တာပါ"

ဒီအချိန်ခဏမှာပင် မောင်အောင်၏ မိန်းမဖြစ်သူ မသန်းဌွေးသည် မျက်ထောင့်ကြီး နီလာပြီး တကျွိကျွိနှင့် အံကြိတ်ပြီး ဒေါသဖြစ်ဟန် ပြနေပါသည်။ မောင်အောင်ကလည်း အကြီးအကျယ် ပုတီးစိပ်၊ တရားထိုင်ထားတဲ့သူ၊ ဂိုဏ်းဂဏလည်း တက်ထားဖူးသူဆိုတော့ ဘာမပြော ညာမပြော ဘုရားစင်က သောက်တော်ရေခွက်ကို ယူ၍ ဘုရားကပ်၊ သစ္စာပြုပြီး ထိုရေမန်းဖြင့် မသန်းဌွေး၏ ဆံစမှ ခြေဖျားတိုင် ပက်ဖျန်း၍ နှုတ်မှလည်း ...

"နင်တို့ကို ငါ မနှောင့်ယှက်ခဲ့ဘူး။ ငါတို့ကိုလည်း မနှောင့်ယှက်နဲ့။ ကိုယ့်လမ်း ကိုယ်သွား၊ ကိုယ့်နေရာကိုယ်ပြန်"

ဟု အမိန့်ပေးသလိုမျိုး ပြောဆိုလိုက်လျှင် မသန်းဌွေး သတိပြန်ရလာပြီး မောင်ငြိမ်းကို တစ်လှည့်၊ သူ့လင်တော် မောင်အောင်ကို တစ်လှည့် ကြည့်၍ သူမ ဘာဖြစ်သွားသည်ကို မေးမြန်းပါသည်။ မောင်ငြိမ်းက ဘာမျှ ပြန်မပြော၊ မောင်အောင်က...

"အလကားပါ သန်းဌွေးရာ၊ လာပါ၊ အိပ်ရေးပျက်ပါတယ်။ ပြန်အိပ်ရအောင်နော်"

ဟု ပြောရင်း မသန်းဌွေး ပခုံးကို ဖက်၍ အတွင်းခန်းသို့ ပြန်ဝင်သွားပါတော့သတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

ဒေဝတ္တရာ ဆရာကျော်

# စီးပွားလာဘ်ရွှင် ယတြာဘုရား

လောကထဲတွင် နေထိုင်ကြသော ကျွန်ုပ်တို့မှာ လောကီပညာနှင့် မကင်းနိုင်ကြသည်သာ ဖြစ်ရာ၊ ဝါသနာရှိလျှင် ရှိသလောက် လေ့လာလိုက်စားမိကြပါ၏။ အထူးသဖြင့် လူတို့သည် စီးပွားဖြစ်မည်ဆိုလျှင် သတင်းကြားရာ နေရာဒေသအနှံ့လိုက်ကာ ပုဂ္ဂိုလ်အမျိုးမျိုးကို ဆည်းကပ်တတ်ခြင်းများပင် ရှိလေ၏။

လောကကြောင်းဆိုသည်မှာ မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ လေ့လာလိုက်စားသူများအဖို့ မိမိ၏ ဉာဏ်ကို စေစားလျက် စဉ်းစားဆုံးဖြတ်ကာ ရှက်ဆောင်နိုင်ကြရန်သာ ဖြစ်ပါ၏။ တကယ်တမ်းတွင် စီးပွားချမ်းသာဖြစ်ရန် အထောက်အပံ့ဖြစ်သော နည်းကောင်းမှာ လောကီပညာရပ်ထဲတွင် ရှိပါပေ၏။ ဂမ္ဘီရပညာရပ်များထဲတွင် ရှိပါပေ၏။ ဂန္ဓာရီပညာ၏ အစိတ်အပိုင်းများထဲတွင် ရှိပါပေ၏။

ကျွန်ုပ် ယခု ရေးပြောလိုသော နည်းလမ်းမှာ ဘုရားထု၍ ကိုးကွယ်ရသော ယတြာနည်းလမ်းဖြစ်ပါ၏။ စီးပွားလာဘ်ရွှင်စေရန်အတွက် ယတြာတစ်နည်းပင်။ နည်းလမ်းမှာ "သုတ သန္နိစယကျမ်း"တွင် အတိအလင်းဖော်ပြထားပါ၏။

**ကိုယ့်မွေးနံမှ ရေတွက်ဆသော်၊ သုံးကြလေဖြား။**
**နံအသားကို၊ ဘုရားကိုယ်တော်ထု။**
**ဝန္ဒ နာမာန သက္ကာရ နိစ္စအမြဲပြု။**
**စီးပွားဉစ္စာ ရတနာ၊ များစွာ တောင်နယ်စု-ဟူ၍ ဖြစ်၏။**

ကျွန်ုပ် ဆရာသခင်ကလည်း...

**တြိ စတု၊ နင်းကြမ်းပြု။**
**စီးပွားလိုသော် ဘုရားထု-ဟူ၍ ဩဝါဒ ပြုဖူး၏။**

ဆိုလိုသည်မှာ မည်သူမဆိုတို မိမိမွေးနံမှ သုံးခုမြောက်နံသားကို ဘုရားထု ကိုးကွယ်ပါက စီးပွားရေး ကံကောင်းနေမည်။ လာဘ်ရွှင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသို့ဆိုလျှင်-

* တနင်္ဂနွေသားသမီးသည် အင်္ဂါဖြစ်ရာ ကျောင်းသား။
* တနင်္လာသားသမီးသည် ဗုဒ္ဓဟူးဖြစ်ရာ လွန်သား။
* အင်္ဂါသားသမီးသည် ကြာသပတေးဖြစ်ရာ ပေါက်သား။
* ဗုဒ္ဓဟူးသားသမီးသည် သောကြာဖြစ်ရာ သီးသား။
* ကြာသပတေးသားသမီးသည် စနေဖြစ်ရာ ထိန်သား။
* သောကြာသားသမီးသည် တနင်္ဂနွေဖြစ်ရာ အင်သား။
* စနေသားသမီးသည် တနင်္လာဖြစ်ရာ ကံ့ကော်သားတို့အား ဘုရားထုလုပ်ရန် ဖြစ်၏။ ဉာဏ်တော် ၄လက်မ ထုလုပ်၍ ကိုးကွယ်သင့်၏။

ဆက်၍ ပြောချင်သည်မှာ ကျွန်ုပ်တို့သည် တြိစုံသားကို ဘုရားထု၍ ပူဇော်ရုံမျှနှင့် တကယ်ပင် စီးပွားဉစ္စာများ ကံကောင်းစွာ ဝင်လာပါမည်လား။ တစ်နေ့တခြား ချမ်းသာ စီးပွားတို့ တိုးပွားလာစေမည်လား။ တွေးရဖွယ် ကောင်းပါ၏။

ကျွန်ုပ်တို့သည် ချမ်းသာလိုသောစိတ်ဖြင့်သာ ယတြာဘုရားကို ထုလုပ်ကိုးကွယ်ကြခြင်းဖြစ်ပါ၏။ ထို့ကြောင့် ပြည့်စုံမှန်ကန်ခြင်းသို့ မရောက်ပေ။

အမှန်မှာ ဘုရားရုပ်ထုကို မိမိစိတ်သန္တာန်တွင် တကယ့်ဘုရားစစ်ဟူ၍ ပီပြင်အောင် အာရုံသွင်းပြီး ပူဇော်နိုင်ကြရန် လိုအပ်ပါပေ၏။ လောကီအရ ပြုလုပ်နေသော ယတြာဘုရားပင် ဖြစ်လင့်ကစား၊ လေးလေးနက်နက် မြတ်မြတ်နိုးနိုး စိတ်အာရုံထားကာ ရှိရှိသေသေ ပူဇော်ရပါမည်။ ပကတိ ဖြူစင်သော သဒ္ဓါစိတ်ဖြင့် ကုသိုလ်ယူတတ်ရန် လိုအပ်လှပါသည်။ ကောန် အကျိုးရပါလိမ့်မည်။

□




www.burmeseclassic.com

www.burmeseclassic.com



# ဥက္ကံမြို့လုံး ကြိမ်မီးအုံးသို့

ဣစာသယမဟိန္ဒီစေ
ဗေဒသုတေသီဆရာမျိုး





စာရေးသူသည် တောင်ကြီးမြို့ နဂါးပွက်ကျောင်း ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ဘုရားကြီးကျောင်းစာသင်တိုက် နာယက ဗောဓိအောင် သာသနာပြုဆရာတော် ဘဒ္ဒန္တသုန္ဒရမထေရ် မြတ်၏ အန္တိမ အဂ္ဂိဈာပန သာဓုကီဠန ပူဇော်ပွဲသဘင် အခမ်းအနားကို ကာသိုလ်ပြုရေးသား ပူဇော်ရန်အတွက် တောင်ကြီးမှ ရန်ကုန်သို့ ရောက်ရှိလာခဲ့ပြီးလျှင် နောက်တစ်နေ့တွင် ရန်ကုန်မှ ဥက္ကံမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ရပေသည်။


ဥက္ကံမြို့ ဘုရားကြီးကျောင်းတိုက်တွင် နဂါးပွက်ဆရာတော်ဘုရားကြီး၏ ကြိုတင်အကြောင်းကြား ဆက်သွယ်ထားမှုကြောင့် သန္ဓနီကျော် ဆရာတော် ဦးဓမ္မမှ အဆင့်သင့်ကြိုဆိုတော်မူပါသည်။ အကျိုးဆောင်အဖွဲ့မှလည်း စာရေးသူကို မသိရှိသော်လည်း တောင်ကြီးမှ လာသည်ဆိုသဖြင့် ပျာပျာသလဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြ၍ အားချင်း ထမင်းပွဲပြင်ဆင် ကျွေးမွေးပါလေ၏။ ပြီးလျှင် စာရေးသူအား တောင်ကြီးမှ လာသူဖြစ်ပါသဖြင့် ဥက္ကံမြို့၏ ပူလောင်သော ရာသီဥတုဒဏ်ကို မခံနိုင်မည်ကို စိုးရိမ်ကြသဖြင့် အဲယားကွန်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်တွင် တည်းခိုရန် နေရာချထားပေးကြပါသည်။ ခေတ္တအနားယူပြီးသည်နှင့် လိုအပ်သော ဓာတ်ပုံရိုက်ကွင်းများနှင့် လိုအပ်သော သတင်းအချက်အလက်များကို အကျိုးဆောင်သံဃာများနှင့် အကျိုးဆောင် ဂေါပကအဖွဲ့ထံမှ ရယူစုံစမ်းပါသည်။





## အတိတ်ကာလ

ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကန်ကုန်းကျေးရွာတွင် ခမည်းတော် ဆရာ ဦးထွန်းအေး + မယ်တော် ဒေါ်ရင်တို့မှ ၁၃၁၁ ခု၊ တပေါင်းလဆုတ် ၁၅ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ပြီးလျှင် မွေးချင်းညီအစ်ကို (၄)ဦးအနက် အငယ်ဆုံးသားထွေးရတနာဖြစ်ပါသည်။

၁၃၂၄ ခု၊ ၁၃နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဖလုံကန်ကုန်း မြစေတီကျောင်းဆရာတော် ဦးပညာဝံသအား ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ငယ်ဆရာထံတွင် သဒ်ပုန်းကြီး၊ ပရိတ်ကြီး၊ လောကနီတိမှစ၍ အခြေခံ သဒ္ဒါ သင်္ဂြိုဟ် ဝိနည်းတို့ကို သင်ယူလျက် ၁၃၂၇ခုနှစ်တွင် ဘုရားကြီးကျောင်း စာသင်တိုက်သို့ ပြောင်းရွှေ့ကာ အစိုးရ စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို အောင်မြင်တော်မူပါသည်။ ၁၃၃၁ ခု၊ ကဆုန်လဆန်း ၅ရက်နေ့ နံနက် ၉နာရီအချိန်တွင် ဥက္ကံမြို့ ဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်တော်မြတ်တွင် နိုင်ငံတော် ဩဝါဒစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဥက္ကံမြို့ ဈေးပတ်လမ်းနေ ဦးတင်ထွန်း+ ဒေါ်ကြည်ကြည်မိသားစုတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ၊ ပထမလတ်တန်းကို အောင်မြင်တော်မူပြီး ရန်ကုန် ခြောက်ထပ်ကြီးကျောင်းတိုက်တွင် ပထမကြီးဆိုင်ရာ အဘိဓမ္မာ စာဝါများနှင့် ပါဠိ အဋ္ဌကထာ ဋီကာများကို ကျမ်းကြီးပေါက် သင်ရိုးကုန်အောင် ဆရာနည်းကျကျ သင်ယူဆည်းပူးခဲ့ပါသည်။


၁၃၄၁ ခုနှစ်၊ တပို့တွဲလဆုတ် ၈ရက်နေ့တွင် ဥက္ကံမြို့ ဘုရားကြီးကျောင်းစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စရံသီ မထေရ်မြတ် ပျံလွန်တော်မူသဖြင့် ဘုရားကြီးကျောင်းစာသင်တိုက်သို့ ပြန်လည်ကြွရောက်တော်မူကာ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယ မထေရ်မြတ်၏ ဩဝါဒ ကို ခံယူကာ စာချဆရာတော်အဖြစ် စာပေပို့ချလျက် သီလရှင်ဆရာကြီး ဒေါ်ပေမာ၏ ပံ့ပိုးကူညီမှုဖြင့် တစ်ဖက်တစ်လမ်းမှ လှူဖွယ်စွာ အမိဌာန် သမထလုပ်ငန်းများကို ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

၁၃၄၆ ခုနှစ်မှစ၍ လောကမှန်ကူကျောက်တော်ကြီး ဘုရားဝင်းရှိ ဇောတိပင်အား ပြန်လည်ပြုပြင်ခြင်း၊ လောကမာန်အောင် (၁၀၈)ဆူစေတီတော်မြတ်ကြီးကို တည်တော်မူခြင်း၊ ယက္ကန်းစင်တောင်၊ စမတောင်၊ ပုဂံ၊ ပုပ္ပါး၊ ပြည်၊ သန်လျင်၊ ကျိုက်ခေါက်၊ တောင်ကြီး၊ မော်လမြိုင်၊ ကျိုက္ခမိ စသည်တို့၌ ဘုရားတည်ခြင်း၊ ပြုပြင်ခြင်းတို့ကို ဇောတိအောင် သာသနာပြုအဖွဲ့၏ ဦးစီးနာယကအဖြစ် သာသနာပြုတော်မူခဲ့ပါသည်။ ဆရာတော် တည်ထားကိုးကွယ်ခဲ့သော စေတီ


www.burmeseclassic.com

www.burmeseclassic.com





ပေါင်းမှာ (၁၄)ဆူဖြစ်ပါသည်။

ထိုသို့ သာသနတာဝန်များကို ထမ်းဆောင်တော်မူရင်း သက်တော် (၆၇)နှစ်၊ သိက္ခာတော် (၄၇)ဝါ ရရှိချိန် ယခု ၁၃၇၈ ခုနှစ်၊ တန်ခူးလဆုတ် ၅ရက်၊ (၂၇-၄-၂၀၁၆) ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီ ၂၀မိနစ်အချိန်တွင် လူ့ပြည် ငြီးငွေ့နတ်ရွာစံတော်မူပါသည်။ (၃-၅-၂၀၁၆)ရက်၊ အင်္ဂါနေ့ညနေ ၅နာရီအချိန်တွင် ဥက္ကံမြို့ပြင် ဘောလုံးကွင်း၌ အန္တိမ အဂ္ဂိသာဓုကိစ္စန ဈာပနပူဇာသဘင်ကို ဆင်ယင်ကျင်းပမည် ဖြစ်ပါသည်။

## ဈာပနအခမ်းအနား

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်၌ အပူဇော်ခံထားရှိချိန် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ဒေသ့ပရိသတ် ဒကာ၊ ဒကာမအပေါင်းတို့မှာ ၂၄နာရီ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာ ပူဇော်လျက်ရှိကြပါသည်။ ဆရာတော်ကြီးကို အထူးချစ်ခင်ကြည်ညိုလေးစားကြပေကုန်သော ဒကာ၊ ဒကာမအပေါင်းတို့သည် ဝမ်းနည်းပက်လက်၊ နမြောတသ၊ ယူကျုံးမရ ကြိမ်မီးအုံးကဲ့သို့ အပူလုံးကြွကာ ပူဆွေးကြေကွဲ မျက်ရည် ဖြိုင်ဖြိုင်ကျကြရသည်ကို စိတ်မကောင်းခြင်းကြီးစွာ တွေ့မြင်ရပေသည်။

တပည့် သံဃာငယ်များနှင့် ကပ္ပိယအကျိုးဆောင်အဖွဲ့၊ ဂေါပကအကျိုးဆောင်အဖွဲ့၊ ရန်ကုန် ဥက္ကံ၊ သန်လျင်မြို့နယ်အသီးသီးတွင် ရှိသော ဇောတိအောင် သာသနာပြုအဖွဲ့ဝင်များ။ ဥက္ကံမြို့ ဗုဒ္ဓဘာသာလူငယ်အသင်း၊ ပရိတ်အဖွဲ့၊ ပဋ္ဌာန်းအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ရပ်ရွာလူငယ်များတို့သည် တစ်ယောက်တစ်လှည့် တစ်တပ်တအားဆိုသကဲ့သို့ ဆရာတော်ဘုရားကြီး၏ နောက်ဆုံးခရီးအား တာဝန်ကိုယ်စီ အသီးသီး မနိုမကာပ်စတမ်း ထမ်းရွက်ကြလျက် ဆရာတော်ဘုရားကြီးအား ညှိုးငယ်သော စိတ်ထားဖြင့် ပူဇော် ဂါရဝလုပ်အားပေးနေကြသည်မှာ အဖက်ဖက်က ပြည့်စုံလျက် ဘက်စုံ၊ ထောင့်စုံ လိုလေးသေး မရှိပါ။


အခမ်းအနားအစီအစဉ်အသေးစိတ်ကို တာဝန်ယူ ပြုစုရေးဆွဲရပေသော ဆရာတော် ဦးဝါသေဋ္ဌမှလည်း နေ့စဉ်အစီအစဉ်အမျိုးမျိုးတို့ကို အကြားအလပ်မရှိအောင် စီစဉ်ရေးဆွဲလျက် အခမ်းအနားအစီအစဉ်များကို တစ်ခုပြီးတစ်ခု အဆက်မပြတ် ကြေညာကာ အကျိုးဆောင်အပေါင်းကို စီစဉ်ညွှန်ကြားတော်မူလျက်ရှိပါပေသည်။

စာရေးသူအတွက်လည်း လိုလေသေး မရှိရအောင် အကျိုးဆောင် အစ်ကိုကြီး ဦးသန်းဌေးက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်မှာ "တော်လောက်ပါပြီ"ဟူ၍ မနည်းတားမြစ်ယူရပါသည်။ စာရေးသူကို အဲယားကွန်းအခန်းတွင် အနားယူစေသည့်အပြင် သီးသန့် ရေပူ ရေအေးစက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သီးသန့် ရေချိုးခန်း၊ အိမ်သာတစ်လုံးတို့ကို ပေးအပ်ထားသည့်အပြင်၊ တော်တော်ကြာ လက်ဖက်ရည်ရောက်လာလိုက်၊ တော်တော်ကြာ မုန့်ဟင်းခါးစား လာခေါ်လိုက်၊ တော်တော်ကြာ ထမင်းစားလာခေါ်လိုက်၊ တော်တော်ကြာ အချိုပွဲရောက်လာလိုက်နှင့် ဒီကြားထဲက "ဆရာ…ဆာသေးလား၊ ဘာလိုသေးသလဲ၊ လိုအပ်တာရှိရင် ပြောပါနော်၊ အားမနာပါနှင့်"ဟူ၍ ဥက္ကံသားတို့၏ ညှို့ဝတ်ကျေပွန်မှုမှာ အံ့မခန်းဩချတောင်းပန်ယူရပါလေတော့၏။

ဈာပနအကြိုနေ့ညတွင် ဆရာတော် ဦးဝါသေဌမှ ကြောင့်ကြမဲ့စွာ နေထိုင်ပါဟူသော တရားတော်ကို ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်သောအားဖြင့် တရားနာပရိသတ်ကို ဟောကြားချီးမြှင့်တော်မူပါသည်။ တရားချီးမြှင့်သော ဆရာတော် သီတင်းသုံးရာ အဆောင်နှင့် မမ္မပလ္လင်သို့ အသွားအပြန်ကို ဥက္ကံမြို့ ဗုဒ္ဓဘာသာလူငယ်အသင်းမှ ကနက္ကဒဏ္ဍ ထီးဖြူများ အုပ်မိုးလျက် ပင့်ဆောင်ပါသည်။ ဆရာတော် ဦးဝါသေဌသည် မမ္မပလ္လင်မှ အနားယူချိန်တွင် ဗုဒ္ဓဘာသာ လူငယ်များကို ဆုံးမပုံမှာ အတုယူ လေးစားမှတ်သားလိုက်နာဖွယ်ရာပင် ဖြစ်ပါသည်။ ဆရာတော်၏ ဩဝါဒကို ခံယူကြရာတွင် ဆရာတော်မှ သောက်တတ်စားတတ်သော လူငယ်များကို သီလပေးကာ၊ အဓိဋ္ဌာန် သစ္စာပြုစေပြီး မူးယစ်ဆေးဝါးရှောင်ကြဉ်၊ ဖြတ်တောက်စေသော မြင်ကွင်းကို ကြည်နူးချမ်းမြေ့ဖွယ် အတုယူစရာ စံပြမလေ့ထူးအဖြစ် သာဓုခေါ်ဆိုမိရပါလေသည်။

ဈာပနသဘင် နံနက်ပိုင်းအစီအစဉ်အဖြစ် ဦးစွာပထမ အခမ်းအနားကို…

၁။ သမ္ဗုဒ္ဓေသခ်ီရာ အနိစ္စာတိ၊ ယဒါပညာ ယ ပဿတိ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေမဂ္ဂေါ ဝိသုဒ္ဓိယာ-ဂါထာကို ရွတ်ဆိုဖွင့်လှစ်ပါသည်။

၂။ ရွှေကျင် နိကာယ ရတာညူ မဟာနာယက ဥက္ကံမြို့ ကျွန်းတောကျောင်း ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။


၃။ ကြွရောက်တော်မူလာကြသော ရပ်နီးရပ်ဝေးမှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်အပေါင်းတို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပါသည်။

၄။ လှူဖွယ်ပစ္စည်းဝတ္ထုများ ဆက်ကပ်လှူဒါန်းပါသည်။

၅။ ကျွန်းတောဆရာတော်ဘုရားကြီးမှ ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပါသည်။

ဈာပနအခမ်းအနားကျင်းပသည့် ရက်တစ်လျှောက်လုံးတွင် ဝတ်အဖွဲ့အသီးသီးတို့မှ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အနီးတွင် လည်းကောင်း၊ လောကမုန်ကျောက်တော်ကြီးဘုရား အာရုံခံအတွင်း၌ လည်းကောင်း၊

www.burmeseclassic.com



မွေပလ္လင်တည်ရှိရာ မဏ္ဍပ်အတွင်း၌ လည်းကောင်း အသီးသီး နေရာယူ၍ အနတ္တ လက္ခဏာသုတ်၊ ပရိတ်ကြီး (၁၁)သုတ်၊ မွေစကြာသုတ်၊ ပဋ္ဌာန်းဒေသနာတော်တို့ကို ရွတ်ပွားပူဇော်ကြပါသည်။ နံနက်စာ ထမင်းစားသုံးပြီးသောအခါ ဓာတ်ပုံနှင့် သတင်းအချက်အလက်၊ မှတ်တမ်းမှတ်ရာများ ထပ်မံစုဆောင်းရယူပြီးအချိန်တွင် နေ့လယ်ပိုင်း ခေတ္တ အနားယူကြချိန်၌ ဝတ်အဖွဲ့များနှင့် စကားပြောဖြစ်ပါသည်။

"အစ်မတို့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ပုဒ်ကို ဖော်ကျူးတဲ့ စာအလင်္ကာ ကဗျာ မရှိဘူးလား"

"ဟုတ်ကဲ့၊ အဲဒါတော့ မရှိဘူးရှင့်။ ကျွန်မတို့ ဝတ်ရွတ်စဉ်တွေပဲ ပူဇော်ဖြစ်ပါတယ်"

"ဒါဆိုရင် ကျွန်တော်စပ်ပေးမယ်လေ၊ ရွတ်ကြမလား"

"ဗိုကောင်းတာပေါ့ ဆရာရယ်၊ ကျွန်မတို့ ဆရာတော်ဘုရားကြီးကို ကျေးဇူးဆပ် ပူဇော်ချင်ပါတယ်"

"ဟုတ်ပါပြီ၊ ဒါဆိုရင် ကျွန်တော့်ကို နာရီဝက်လောက် အချိန်ပေးပါဗျာ"

"ဟုတ်ကဲ့ပါရှင်"

ဤသို့အားဖြင့် စာရေးသူသည် ဝတ်အဖွဲ့များအတွက် အောက်ပါ ကဗျာအလင်္ကာကို ရေးဖွဲ့ကာ ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်ကို ချီးမြှင့်ပူဇော် ရေးသားခွင့် ရရှိခဲ့ပါသည်။

၁။ လူ့ပြည်ခရီး ငြီးငွေ့ ကိုယ်တော်×××နတ်ထီးသို့လည်း စံမြန်းပြီနော်××× ဒါယကာ၊ ဒါယိကာမ အပူကြွ၊ ပူဇော် ××× ဘဒ္ဒန္တ သုန္ဒရ မထေရ်ကျော် ×××

၂။ ဥက္ကံမြို့ရဲ့ ဘုရားကြီးတိုက်ပေါ် ××× သက်တော်(၆၇)ရှိသောအခါနော်×××ဝါတော်(၄၇)သိက္ခာရ ဆရာတော် ××× စေတီပေါင်း(၁၄)ဆူ ပူဇော် ×××

၃။ ဒါယကာ၊ ဒါယိကာမ တရားပြ ဆရာတော် ××× လောကီ လောကုတ် နှစ်လီထုတ်ကာနော် ××× အနယ်နယ်က တမ်းတပူဇော် ××× နိဗ္ဗာန်ခရီးစံမြန်းတဲ့ ဆရာတော်×××

၄။ နန်းဦးစေတီ - လွှမ်းစေတီနဲ့ - နဝင်းချီဘုရား - တည်ထားပါသည် ××× ကင်မတီး-သာယာကုန်း-ဘောဂဝတီ×××ဖားလုံ-ကံကုန်း-ညီနောင်စေတီ×××အုန်းပင်စုနဲ့ ကြိုးကြာစေတီ ××× တောင်ကြီးမှာလည်း ဘုရားတည်သည့် ××× မိုးကုတ်ဝိပတ် နောက်ဆုံးတည်သည် ××× အေးငြိမ်းချမ်းသာ လွှမ်းရပါပေပြီ ×××

၅။ ရေးက ဖြောင့်သွား၊ တို့များ ဆရာတော်××× ဘဝနတ်နန်းလည်း စံမြန်းပြီနော် ××× ရုပ်ဟူသမျှ သခါရပါနော် ××× တရားရ မှတ်ကြ များသူနော်×××

အပိုဒ် (၅)ပိုဒ်ပါရှိသော အလင်္ကာ ကဗျာကို သီကုံးပြီးလျှင် သံဃာတော်များကို ပြသ၍ ခွင့်ပြုချက် တောင်းခံ



www.burmeseclassic.com

www.burmeseclassic.com

ပါမည်။ တရားတော်ဆရာတော်များမှ ချီးမွမ်းစကားပြောကြားကာ ခွင့်ပြုတော်မူကြပါသည်။

"အမလေး··· ကောင်းလိုက်တာ ဒကာကြီးရယ်၊ တစ်ထိုင်တည်းနဲ့ စပ်ဆိုလိုက်ပုံကတော့ မှတ်သား လောက်ပါပေတယ်။ ဒါကြောင့်လည်း စာဆိုကျော် စာရေးဆရာဖြစ်ပေတာကိုး"

"ဒီလိုမှန်း မသိလို့ပါဗျာ၊ နို့မို့ဖြင့် တရားပွဲအတွက် သံဝေဂ တရားပြတဲ့ စာအလင်္ကာတွေ ဒကာကြီးကို ရေးဖွဲ့ခိုင်းပါတယ်"

"ဒီလောက်တော့ဖြင့် ရမယ်မထင်ပါဘူး ဆရာတော်ဘုရား။ တပည့်တော် ရေးဖွဲ့ပူဇော်ချင်စိတ်ပေါ်လာလို့ စပ်ဆိုမိတာပါ"

"ရပါတယ် ဆရာရယ်၊ အခု ဆရာ့လက်ရာကို အကဲခတ် နားထောင်လိုက်ရတာနဲ့ ဦးဇင်းတို့ ဆရာ့အရည်အချင်းကို သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လည်း နဂါးပွက်ဆရာတော်ဘုရားကြီးက သူ့ကိုယ်စား ဆရာ့ကို စေလွှတ်လိုက်တာကိုးဗျ"

"မှန်ပါ့ တပည့်တော် ဝမ်းမြောက်လှပါတယ် ဘုရား။ အရှင်ဘုရားတို့ ခွင့်ပြုမယ်ဆိုလျှင် ဒါလေးကို တပည့်တော် ဝတ်အဖွဲ့ကို ချပေးလိုက်ပါဦးမယ် ဘုရား"

"အေးအေး၊ ကောင်းတယ် ဒကာကြီး။ လုပ်···လုပ်၊ အချိန်ရှိသေးတယ်"

"တင့်ပါဘုရား"

ဝတ်အဖွဲ့ကလည်း ကျေးဇူးတင်စွာဖြင့် ခေါင်းဆောင်နှစ်ဦးက လက်ခံ ကူးယူကြပြီးလျှင် လက်ရေးလှသော သမီးငယ်များကို ခေါ်ယူ၍ အားချင်း တစ်ဖွဲ့လုံးကို ဖြန့်ဝေစေပါသည်။

"ကျွန်တော်က စပ်ရုံတင် စပ်တတ်တာ အစ်မတို့ရဲ့။ အသံနေ အသံထားကျတော့ ဆိုနေကျ လူမှ အဆင်ပြေမယ်"

"ရတယ် ဆရာ၊ ဒါ မခက်ပါဘူး။ ကျွန်မတို့ ဆိုနေကျ အလိုက်ကလေးပါပဲ။ ဆရာ့ကို ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ရေးဖွဲ့ ပူဇော်ခွင့်ရလို့ ဝမ်းသာပါတယ် အစ်မ"

"ကျွန်မတို့အဖွဲ့တွေ ဒါကို အချိန်မီ ချပေးလိုက်ဦးမယ်"

အားလုံး ဝမ်းသာအားရဖြင့် ဝိုင်းအုံကူးယူကြပါသည်။ ထိုစဉ် ဈာပနအခမ်းအနားအတွက် ဒေဝါဝင်း၊ ရာဇာဝင်းခင်း









www.burmeseclassic.com

www.burmeseclassic.com





အဖွဲ့တို့ တဖွဲဖွဲရောက်ရှိလာကြပါသည်။ ထိုအချိန်တွင် ဆရာတော်ဘုရား၏ ရုပ်ကလာပ်အနီးမှ ဆူညံစွာ အော်ဟစ်ငိုကြွေးသံများ တစ်ပြိုင်တည်း ထွက်ပေါ်လာပါသည်။ အကြောင်းစုံစမ်းကြည့်သောအခါ ဆရာတော်ဘုရားကြီး၏ မယ်တော်သက်တော် (၉၉)နှစ်ရှိ အဘွား ဒေါ်ရင်နှင့် ဆွေတော်မျိုးတော်အပေါင်း ရောက်ရှိလာကြပြီးလျှင် မချိတင်ကဲ ယူကျုံးမရ ပူဆွေးသောက မျက်ရည်ပင်လယ်ဝေ ငိုကြွေးတမ်းတကြခြင်းပင် ဖြစ်ပါသည်။

အမယ်မင်းရယ်တဲ့မှ ပြောရဦးမယ် ××× သားတော်မောင် အငယ်ဆုံး (၆၀)ကျော်ကလေးပဲဖြင့် ××× သေမင်းရယ်တဲ့မှ မထောက်ညှာပါ××× ဪ…ရှင်သေမင်းရယ်တဲ့မှ မထောက်မညှာတာ ××× တစ်ယောက်မှာ ဒီအမေအိုကြီးရယ်တော့ဖြင့်××× နောက်နှစ်ခါ (၁၀၀)ပြည့်ပါပေါ့××× လဲလို့ ရရင်ဖြင့် လဲစမ်းချင်လှတဲ့ ××× အမယ်မင်း… ငါ့သားမောင် အဖိုးတန်ကလေးကိုမှ ××× ရွေးချယ်ကာ ခေါ်သွားတတ်ပါဘိ ××× ဒီအမေအို မချိဘယ်လိုဖြေရပါ ××× ပူဆွေးရပြီတဲ့ တစ်နေ့တာ××× ဪ…ပူဆွေးရပြီတဲ့ တစ်နေ့တာမှာ ××× ××× ×××

(မှတ်ချက်။ မယ်တော်ကြီး၏ ပူဆွေးငိုကြွေးပုံကို စာဖတ်ပရိသတ်များ မြင်ယောင်နိုင်ကြစေရန်အတွက် စာရေးသူမှ ချေင်းဖွဲ့ ပူဇော်တင်ဆက်အပ်ပါသည်။)

ဪ…တွေ့ကြုံခဲ့ကြွဲ ဖြစ်မြဲဓမ္မတာပင် မဟုတ်ပါပေလော

**အန္တိမအဂ္ဂိဈာပနပူဇာ သဘင်သို့**

နေ့လယ်ပိုင်း ဈာပနအစီအစဉ် စတင်ပါသည်။

၁။ အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမောသုခေါ ဂါထာတော်ကို သုံးခေါက်ရွတ်ဆိုဖွင့်လှစ်ပါမည်။

၂။ အပြစ်ရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာကို မြို့နယ် သံဃနာယကအဖွဲ့ ရှေ့ကျောင်းအကျိုးတော်ဆောင်၊ ဥက္ကံမြို့ ဇေယျာသုခ ဓမ္မာရုံကျောင်းဆရာတော်မှ ပရိသတ်များအား တိုင်ပေးပါသည်။

၃။ အဘိယာစန နိမန္တန ဂါထာတော်ဖြင့် ဘဝနတ်ကျောင်း ရွှေပြောင်းစံတော်မူသည့် ဘဒ္ဒန္တ သုန္ဒရ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို နတ်ပန်းရထားပေါ်သို့ လိုက်ပါကြွတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားလွှာကို ဥက္ကံမြို့ အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တ ကုဝေ



www.burmeseclassic.com

www.burmeseclassic.com

က ရွတ်ဖတ်ပူဇော်ပါသည်။

အထက်ပါ ဂါထာပြီးဆုံး၍ သာဓု သုံးကြိမ်ခေါ်ဆိုပြီး နောက် အောက်ပါအစီအစဉ်အတိုင်း လက်ဆင့်ကမ်း ပင့်ဆောင် ပူဇော်ကြပါသည်။

(က) သံဃာတော်တို့က လွမ်းစေတီတန်ဆောင်း အတွင်းမှ မဟာဗောဓိပင်သို့ လက်ျာရစ် တစ်ပတ် ပင့်ဆောင်ပူဇော်ပါသည်။

(ခ) ဗောဓိအောင် သာသနာပြု အမျိုးသားများက (၁၀၈)ဆူစေတီတော်မြတ်အား လက်ျာရစ် တစ်ပတ် ပင့်ဆောင်ပူဇော်ပါသည်။

(ဂ) သာဓု ကိင္ဓန အဂ္ဂိစျာပန ပူဇာသဘင် မဏ္ဍပ် မှ စတင်၍ ဆွေတော်မျိုးတော်များနှင့် ဌာန ဆိုင်ရာအသီးသီးမှ လူပုဂ္ဂိုလ်များ အဆင့်ဆင့် လက်ဆင့်ကမ်း၍ ကျောင်းဝင်း အပြင်ဘက် တွင် ရပ်နားထားသော ကရဝိတ်ယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြပါသည်။

စျာပနပို့ဆောင်ပူဇော်မည့်အဖွဲ့များ အောက်ပါအစီ အစဉ်အတိုင်း နေရာယူ ထွက်ခွာကြပါသည်။

၁။ ပြန်ကြားရေး မော်တော်ယာဉ်အဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့် စာရေးသူတို့ ပါဝင်သော အဖွဲ့။

၂။ သာသနာ့အလံကိုင်ဆောင်သော ရှေ့ပြေး မော်တော်ဆိုင်ကယ်(၁၀)စီး ဦးအောင်မျိုးသက်နှင့် အဖွဲ့။

၃။ ဝါးဘိုးအမြောက်တင် မော်တော်ယာဉ် ဦးရဲဝင်းပြီး နှင့် အဖွဲ့။

၄။ ကန်တော့ပွဲရွက် အမျိုးသမီးအဖွဲ့။

၅။ ကြေးစည်သုံးလက် အမျိုးသား (၆)ဦးအဖွဲ့။

၆။ ဆရာတော်ကြီးများ၏ မော်တော်ယာဉ်များနှင့် ပင့်သံဃာတော် မော်တော်ယာဉ်များ။

၇။ ဆရာတော်၏ အဆောင်အယောင်ကိုင်အဖွဲ့.-

(က) သာသနာအလံစိုက် ငွေဖလားကိုင် တစ်ဦး။

(ခ) ပန်းစိုက်ဖလားနှစ်လုံးကိုင် နှစ်ဦး။

(ဂ) ဆရာတော်ကြီး၏ ဓာတ်ပုံကိုင် နှစ်ဦး။

(ဃ) ဆရာတော်၏ သပိတ်လွယ် တစ်ဦး။

(င) ဆရာတော်၏ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် ကိုင် တစ်ဦး။

၈။ ဒေဝါဝင်း ရာဇာဝင်း ဦးမိုးဦးနှင့်အဖွဲ့။

၉။ ဗောဓိအောင်အဖွဲ့။







၁၀။ ဆရာတော်ကြီး ရုပ်ကလာပ် ပင့်ဆောင်သည့် ထီးဖြူ လေးလက်မိုး ကရဝိတ်မော်တော်ယာဉ်၊ (ကရဝိတ်ဖောင်တော် ဘေးတစ်ဖက်တစ်ချက်စီတွင် ရုပ်ကလာပ်တော် ပင့်ဆောင်သည့် သံဃာတော်များ လိုက်ပါ သည်။)

၁၁။ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များ။

၁၂။ သီလရှင်ဆရာကြီး ဆရာလေးများ။

၁၃။ ဝတ်အဖွဲ့များ။

၁၄။ လိုက်ပါပို့ဆောင်မည့် တပည့် ဒကာ၊ ဒကာမ



www.burmeseclassic.com

www.burmeseclassic.com

များနှင့် ဧည့်ပရိတ်သတ်များတို့သည် ကျောင်းဝင်း မုခ်ဦး အပေါက်ဝမှစ၍ (၃)မိုင်အကွာအဝေးတွင် ရှိသော အန္တိမ အဂ္ဂိရှာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည့် ဥက္ကံမြို့အထွက် ဘောလုံးကွင်းနေရာအထိ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပူဇော်ကန်တော့ကြ၊ စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံကြနှင့် လမ်းတစ်လျှောက် စည်းကား ပြည့်နှက်လျက် ရှိကြပေသည်။ နှစ်လမ်းမောင်း ဟိုင်းဝေးလမ်းမပေါ်တွင် ကားလမ်းတစ်ခြမ်း ပိတ်ထားရသည်အထိ စည်ကားလွန်းလှပေသည်။ စာရေးသူတို့၏ ပြန်ကြားရေး ကား၊ ဘောလုံးကွင်းသို့ ရောက်ရှိချိန်အထိ လိုက်ပါပို့ဆောင်သည့် ဧည့်ပရိသတ်အချို့မှာ ကျောင်းမုခ်ဦးအဝင်ဝမှာပင် ရှိနေချေပေသေးသည်။ တစ်လမ်းလုံး ဒါနပြု ကမ်းလှမ်းပေသော ရေသန့်ဘူး၊ အအေးဘူးများမှာလည်း သောက်၍ မနိုင်သဖြင့် "တော်ပါပြီ"ဟူ၍ တားမြစ်ယူရပေသည်။

ဝါးဘိုးအမြောက်တင် ယာဉ်မှ ပစ်ဖောက်လိုက်ပေသော ယမ်း၊ မီးကျည်၊ မီးရှူးမီးပန်း၊ အမြောက်ခဲများမှာ တဝုန်းဝုန်း တဗိုင်းဗိုင်း၊ တဖောင်းဖောင်း တဗိုင်းဗိုင်းနှင့်၊ အမြောက်ကားအနီးသို့ မည်သူမျှ မကပ်ရဲဘဲ အဝေးမှ နေ၍သာ အအေးဘူးများကို လှမ်းပစ်ပေးကြသည်။ ယာဉ်ပေါ် လိုက်ပါလာကြသူများမှာလည်း ဘားကျွမ်း သိုင်းဆရာများအလား ကျွမ်းကျင်စွာ ဖမ်းယူသောက်သုံးကြပေ၏။ ယာဉ်ကြောပိတ်ဆို့မှု မရှိရလေအောင် ပြည်သူ့ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှလည်း လမ်းတစ်လျှောက် စည်းကားထိန်းသိမ်း အချက်ပြလျက် ရှိကြလေသည်။ အထူးသဖြင့် အခမ်းအနားစီစဉ်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူထားပေသော ဆရာတော် ဦးဝါသေဋ္ဌမှာလည်း လမ်းကြောင်းကြီးကြပ်ရေးဆိုင်ကယ်တစ်စီး၊ အသံချဲ့စက်ဆိုင်ကယ်တစ်စီးတို့ဖြင့် ဆိုင်ကယ်နှစ်စီး ပူးတွဲလျက် (၃)မိုင်ခရီးကို ခေါက်တုံ့ခေါက်ပြန်ဖြင့် လိုအပ်သည်များကို စနစ်တကျ၊ စည်းကမ်းတကျဖြစ်စေဖို့ အပင်ပန်းခံ စီစဉ်ညွှန်ကြားတော်မူပါသည်။ စာရေးသူတို့ ပြန်ကြားရေးကားအတွင်း၌ လိုက်ပါလာကြသော အဖွဲ့ဝင် အစ်ကိုကြီးတစ်ဦးမှာလည်း ဆရာတော်ကြီးကို တိုင်တည်လိုက်၊ ငိုချင်းချလိုက်၊ ရေသောက်လိုက်ဖြင့်။

ရုပ်ကလာပ်တော် ရောက်ရှိလာသောအခါ ပထမ မုခ်ဦးကို ဖြတ်ကျော်၍ ဒုတိယမုခ်ဦးတွင် ရုပ်ကာ လောင်တိုက်သဘင်ရှိရာသို့ နတ်လမ်းအတွင်းမှ လက်ဆင့်ကမ်း သယ်ဆောင်ကြပါသည်။ ပရိသတ်အားလုံး စုံလင်ချိန်တွင် ဘောလုံးကွင်းတစ်ခုလုံး ပြည့်နှက် ထူကျပ်သွားပါလေတော့၏။ သံဃာတော်များက ယာယီ မဏ္ဍပ်တွင် နေရာယူတော်မူကြသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို လျှပ်စစ်ခလုတ်ဖြင့် ဖောက်ခွဲဖျက်ဆီး၍ မီးရှို့ပူဇော်မည်ဖြစ်သောကြောင့် အန္တရာယ်ရှိနိုင်သဖြင့် ပရိသတ်များအား ဘေးလွတ်စေရန် ရှာပနရုပ်ကလာပ် ပတ်လည် ပေ(၁၀၀)အကွာတွင် ဥက္ကံမြို့ ဗုဒ္ဓဘာသာလူငယ်များအဖွဲ့မှ လက်ချင်းချိတ် စည်းဝိုင်းဝိုင်းလျက် ပေ (၂၀၀)မြေကွက်လပ်ကြီးဖြစ်ပေါ်လာအောင် ဖန်တီးကြသည်ကို အံ့ဩချီးမွမ်း သာဓုခေါ်မိရပြန်ပါလေသည်။

ဤသို့အားဖြင့် သက်တော် ဝါတော်အကြီးဆုံးဖြစ်တော်မူသော သံဃာနာယကအဖွဲ့ဝင် ဆရာတော်ကြီးတစ်ပါးမှ အခမ်း အနားမှူး၏ ပန်ကြားလျှောက်ထားချက်အရ လျှပ်စစ်စက်ခလုတ်ကို နှိပ်၍ ဆရာတော်၏ ရုပ်ကလာပ်ကို ဖောက်ခွဲမီးရှို့ ပူဇော်တော်မူပါသည်။

အမွှေးနံ့သာတုံးများ၊ မီးအိုး၊ မြောက်အိုး၊ ပေသီး၊ ပေထုပ်၊ မီးပန်း မီးကျည်များ ထည့်သွင်းပူဇော်ထားပါသောကြောင့် တဝုန်းဝုန်း၊ တဗိုင်းဗိုင်းနှင့် သိမ့်သိမ့်တုန်မြည်ဟီးလျက် မီးတောက် မီးလျှံ၊ မီးပွင့် မီးပွား၊ မီးပန်း မီးကျည်တို့မှာ ညအမှောင်တွင် ဥက္ကံတစ်မြို့လုံးအား ဝင်းထိန်လင်းလက်လျက် ဆရာတော်ဘုရားကြီးကို နောက်ဆုံး ပူဇော်ခြင်းအဖြစ် ကောင်းကင်မှ ကြယ်တာရာအပေါင်းတို့ ဝန်းရံ ခစားသည့်အလားတည်ရှိနေသည်။ ထို့အတူ အမွှေးနံ့သာတုံးများမှ ထွက်ပေါ်လာသော သင်းပျံ့စူးရှသည့် မွှေးရနံ့သည်လည်း ဥက္ကံတစ်မြို့လုံးအား ဆရာတော်ဘုရားကြီးမှ တရားအလင်းပြ နှုတ်ဆက်ခဲ့ပေသယောင်ယောင်။ အဂ္ဂိရှာပနမှ မီးအပူရှိန်ကြောင့် စာရေးသူတို့ နောက်ထပ် ပေ (၅၀)အကွာအဝေးသို့ ထပ်မံ ဆုတ်ပေးရပါလေ၏။

ရှာပနပွဲကြီး အောင်မြင်စွာ ကျင်းပပြီးဆုံးချိန်တွင် ဧည့်ပရိသတ်အပေါင်းသည် ပူဆွေးသောကကို ရင်ဝယ် ပိုက်၍ ဤမျှ ဘောလုံးကွင်းအပြည့် တည်ရှိနေသော ပရိသတ်ကြီးမှာ မည်သည့်အသံမျှ မထွက်ပေတော့ဘဲ အေးချမ်းတိတ်ဆိတ်စွာဖြင့် လာရာလမ်းသို့ ပြန်လှည့်ကြပါလေတော့သတည်း။

ခန္ဓာတစ်ဇာတ်သိမ်းလို့ ပြည်ခေမာအထက်ကမ်းကို တက်လှမ်းပါပေါ့ ဆရာတော်ဘုရားရယ်။

□



www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်းများ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း (၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅

www.burmeseclassic.com


www.burmeseclassic.com

ဓနုဝ

# ဟိဏ်းဇော်

"ပဇာသဗ္ဗာ-ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ၊ သတ္တဝါဟူသမျှတို့လည်း၊ သုသသယန္တု- အိပ်မက်ရာမက် ကောင်းစွာမက်၍၊ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေသတည်း"

"သုမင်္ဂလာ - မင်္ဂလာကျက်သရေ၊ ယုက်ဝေလန်းသဖြင့်၊ စန်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဍ္ဍဟန္တု သူတော်လက်နက်၊ တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com

"သဗ္ဗပါရမီ - အလောင်းအလျာ ဖြည့်ကောင်းရာတည်း၊ သုံးဖြာဆယ်လီ၊ ပါရမီအပေါင်းကို၊ ပူရေစွ - တစ်ဆင့် ထက်တစ်ဆင့် ရင့်သထက် ရင့်အောင် မလင့်ပုံသေ၊ ဖြည့်ကျင့်နိုင်ကြပါစေ သတည်း"

"ဒူဝေဝေ...ဝေ...ဝေ"

မေတ္တာပို့သံအဆုံးတွင် ကြေးစည်သံပါ တစ်ဆက်တည်း ပေါ်ထွက်လာ၏။

"ဒူဝေဝေ...ဝေ...ဝေ"

ကြေးစည်သံ အဆက်မပြတ် ပေါ်ထွက်လာပြီးနောက် အမျှဝေသံကား ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံလျက်...

"အားလုံး ကြားကြားသမျှ အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု...သာဓု...သာဓု"

မမျှော်လင့် မထင်မှတ်တဲ့ ကျွန်ုပ်၏ နောက်ပါးမှ သာဓု ပြိုင်တူခေါ်ဆိုသံများကြောင့် အမျှဝေ သာဓုသုံးကြိမ်သုံးခေါက် ခေါ်ဆိုအပြီးတွင် ကျွန်ုပ် အနောက်သို့ လှမ်းကြည့်လိုက်၏။

"ဟင်..မောင်ဖိုးထူးနဲ့ မောင်မြင့်မောင်တို့ပါလား။ ဘာကိစ္စများ ရှိလို့လဲကွယ်"

ကျွန်ုပ်ထံသို့ မကြာခဏ လာလည်လေ့ရှိသော မောင်ဖိုးထူးနှင့် မောင်မြင့်မောင်ကို ကျွန်ုပ် တအံ့တဩနှင့် မေးလိုက်၏။ ၎င်းတို့ နှစ်ဦးသည် ကျွန်ုပ်နှင့် လွန်စွာမှ ရင်းနှီးကျွမ်းဝင်သည့်အားလျော်စွာ၊ ၎င်းတို့ ကိစ္စရှိတိုင်း ကျွန်ုပ်ထံသို့ လာရောက်လေ့ရှိပါသည်။

ယခုလည်း တစ်စုံတစ်ရာ ကိစ္စရှိ၍ဖြစ်ပေလိမ့်မည်။ ပြီးတော့ ၎င်းတို့သည် ဒီပင်အိုင်၌ ထက်မြက်သော လူငယ်ကလေးများ ဖြစ်သလို၊ စူးစမ်းမှု ကိစ္စရပ်တို့ကိုလည်း အင်မတန်မှ စိတ်ဝင်စားကြသူများဖြစ်သည်။

"တခြားကိစ္စတော့ မရှိပါဘူး အဘိုး။ ဒီနေ့ ကျွန်တော်တို့ အလုပ်အားတာနဲ့ အဘိုးဆီက ဗဟုသုတရေးဖြစ် နောက်ကြောင်းလေးတွေ ကြားသိချင်လို့ လာခဲ့တာပါ"

ဟူ၍ ၎င်းတို့နှစ်ဦးအနက် ပိုသွက်လက် ချက်ချာသော မောင်ဖိုးထူးက ဆိုလိုက်၏။ ထိုအခါ ကျွန်ုပ်က -

"အိမ်း...ဟုတ်ပါပြီ။ လူကလေးတို့က ဘယ်လို ဗဟုသုတမျိုးကို သိချင်တာလဲ"

ဟု မေးလိုက်၏။ မောင်ဖိုးထူးက...

"ကျွန်တော်တို့ အကျိုးရှိနိုင်တဲ့ ဗဟုသုတမျိုးပါ အဘိုး"

စကားအဆုံးတွင် ကျွန်ုပ်သည် ရှေ့ စားပွဲပေါ်၌ တင်ထားသော ဆေးတံကို ယူလိုက်ကာ ဆေးတံအိုးထဲသို့ ဆေးအသစ်လဲလှယ်ထည့်လိုက်သည်။ ပြီးလျှင် မီးညှိ၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားလိုက်၏။ အတန်ကြာသောအခါ...

"ကောင်းပြီ၊ လူကလေးတို့ အတွက် အကျိုးရှိနိုင်တဲ့ ဗဟုသုတ အဖြစ်အပျက်တစ်ခုကို အဘိုးပြောပြမယ်။ အင်း...အစကို ပြန်ပြောရရင် ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ကျော်က အဖြစ်အပျက်တစ်ခုပဲ။ အဲဒီ အဖြစ်အပျက်ဟာ ဘယ်လောက်အထိ ထူးဆန်း စိတ်ဝင်စားစရာကောင်းခဲ့သလဲဆိုရင်..."

ဟူ၍ အစချီကာ ကျွန်ုပ်သည် ဟိုးအဝေးတွင် မှိုင်းပျပျ လှမ်းမြင်ရသော ဒေဝယက္ခတောင်တန်းကြီးကို ဆွေးဆွေးမြည့်မြည့် လှမ်းကြည့်လျက် အောက်ပါအကြောင်းကို ပြောပြလိုက်လေတော့၏။

◈◈◈

သူ့နာမည်ကား ခင်မောင်ဝင်း။ လူလတ်ပိုင်းအရွယ်ဖြစ်သည်။ သို့သော် သူသည် လူလတ်ပိုင်းအရွယ်သာ ရှိသော်ငြားလည်း၊ လက်ရှိ လုပ်ကိုင်ရသော အလုပ်နှင့် ရာထူးကား မသေး။ တစ်နည်းဆိုရလျှင် ဤပဲခူးရိုးမအတွင်းရှိ သစ်တောတစ်ခုတွင် တာဝန်မှူးဖြစ်သည်။

ထို့ကြောင့်လည်း သူ့ကို ဤ သစ်တောကြိုးဝိုင်းအတွင်းရှိ လူများအားလုံးက "ဝန်မှူးလေး" ဟူ၍ အလွယ်တကူပင် ဝိသေသပြု ခေါ်ဆိုမှုကြသည်။ ထိုကဲ့သို့ ခေါ်ရခြင်းကလည်း အကြောင်းနှစ်ချက်ရှိသည်။

ပထမအချက်ကား သူသည် စိတ်ကောင်းစေတနာ အလွန်ရှိ၍ လူတစ်ဖက်သားအပေါ် သနားကြင်နာပြီး ကူညီရိုင်းပင်းစိတ် ရှိသောကြောင့် လေးစားချစ်ခင်သူများက ခေါ်ခြင်းဖြစ်သည်။

ဒုတိယအချက်ကား သူ့ရာထူးနှင့် သူ့အခွင့်အရေးတို့အပေါ် အားကျကာ မြှောက်ပင့် ညာစားကြသူများက ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် သူသည် ကပ်မြှောင်ပြီး မြှောက်ပင့်ပေါင်းကြသူများကြောင့် တိုက်ပါများတော့ "နဲ့" ဆိုသကဲ့သို့၊ ပုထုဇဉ် လူသားအနေနှင့် ခံနိုင်ရည်မရှိ။ တဖြည်းဖြည်း အပျော်အပါးလောင်းကစားဖက်လာသည်။ ဖဲရိုက်ခြင်း၊ ကြက်တိုက်ခြင်းတို့ လုပ်လာခဲ့သည်။ သို့သော် သူသည် လောင်းကစားကို မည်မျှပင် ခုံမင် တွယ်တာစေကာမူ၊ အရက်တော့ လုံးလုံးကင်းမဲ့သည်။ သူ၏ အပေါင်းအသင်းမိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

များတွင် သောက်ကြ စားကြသူတွေ လက်ချိုး မရေနိုင်သလောက်၊ သူကတော့ အနံ့ပင် ခံနိုင်သူမဟုတ်။ အရက်ကို ရှောင်ကြဉ်နိုင်ခဲ့သူဖြစ်သည်။

သို့သော် လောင်းကစားဘက်တွင်တော့ ဆရာတစ်ဆူ။ နေ့စဉ်နှင့်အမျှ သူ့အတွက် အဓိကကျသော အလုပ်တာဝန်များ လစ်ဟင်းလျက် ဖဲဝိုင်း၊ ကြက်ဝိုင်းများဖြင့်သာ အချိန်ကုန်စေခဲ့သည်။

"ဝန်မှူးလေး • • • မနက်ဖြန် ချိန်းဝိုင်းက လုံးဝ လက်လွှတ်ခံလို့ မဖြစ်ဘူးနော်။ တကယ့် အချိုကြီးသမားတွေဗျ"

သူနှင့် လောင်းကစားဖော် လောင်းကစားဖက် ထွန်းလုံက လာပြောခြင်းဖြစ်သည်။ ၎င်းထံမှ ယမကာအနံ့ကလည်း ထုံးစံအတိုင်း သင်းနေ၏။

"စိတ်ချ ထွန်းလုံ၊ ဒီလိုပွဲမျိုးကိုငါလည်း ဘယ် လက်လွှတ်ခံနိုင်ပါ့မလဲ။ မင်းတို့အခေါ် ဝန်မှူးလေး ခင်မောင်ဝင်းပါကွ၊ ဟဲဟဲ • • •"

သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားဟန်နှင့် ပြောလိုက်သည်။ ပြီးတော့ သူ၏ မျက်စိထဲတွင် မနက်ဖြန် ကြက်ပွဲတစ်ခု၏ လောင်းကြေးများနှင့် အကြိမ်ကြိမ်အောင်နိုင်မှု မြင်ကွင်းများကို စိတ်ကူးနှင့် ထုံးစံအတိုင်း ပုံဖော်ကြည့်လိုက်၏။ အင်မတန်မှ အားရကျေနပ်ဖွယ်ကောင်းသည့် မြင်ကွင်းပါတကား။

"ဝန်မှူးလေး • • • ဘာတွေတွေးပြီး ဒီလောက် ပြုံးသွားတာလဲဗျ"

ပြုံးနေသော သူ့ပုံစံကို မြင်တွေ့သွားသော ထွန်းလုံက အံ့ဩ နားမလည်စွာ မေးလိုက်သည်။ သူက• • •

"ဘာများ ဖြစ်ဦးမှာလဲ၊ မနက်ဖြန်ပွဲကို အားရပြီး ပြုံးမိတာ"

ဟု ဖြေလိုက်၏။ ထိုအခါ ထွန်းလုံက မြှောက်ပင့်ပြောဆိုနေကျ အတိုင်း ပြောလိုက်၏။

"ဟာ • • • သိပ်သေချာတာပေါ့ ဝန်မှူးလေးရာ။ ဒီပွဲဟာ ဝန်မှူးလေး အတွက် ဖြစ်ဖို့ပဲဗျ။ မြေကြီး လက်ခတ်မလွဲဘူး။ ဟဲဟဲ• • •"

"ဒါနဲ့ မောင်ကြီးနဲ့ သောင်းဟန်ကိုလည်း မနက်ဖြန်ပွဲအတွက် ကြို အကြောင်းကြားလိုက်ဦး။ တို့ဘက်က လုံးဝ သေချာတယ်လို့"

ဟု ဝန်မှူးလေးက လောင်းကစားဖော် လောင်းကစားဖက် မောင်ကြီးနှင့် သောင်းဟန်ကို သတိပေး ပြောခိုင်းလိုက်သည်။

"ဟာ• • • စိတ်ချ ဝန်မှူးလေး။ ဒီကောင်တွေကို ခုချက်ချင်းပဲ ကျွန်တော်သွားအကြောင်းကြားလိုက်မယ်"

ဟု ပြောပြီး ထွန်းလုံ ထွက်ခွာသွားလေတော့၏။

မောင်ကြီးနှင့် သောင်းဟန်တို့ ရှိသော နေရာသည် သိပ်အဝေးကြီးတွင် မဟုတ်။ သူတို့ သစ်တောကြိုးဝိုင်းစခန်းရှိရာနှင့် အတန်ငယ်သာလှမ်းသော သစ်တောကြိုးဝိုင်း စခန်းခွဲတစ်ခုတွင်ဖြစ်သည်။

ထွန်းလုံ ထွက်ခွာသွားပြီးနောက် ဝန်မှူးလေးသည် မနက်ဖြန် ကြက်ပွဲအတွက် ကြိုတင် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်လျက် တက်ကြွ ရွှင်ပျစွာ ရှိနေလေတော့၏။

◈◈◈

ယခုပွဲသည် ဝန်မှူးလေးအတွက် တကယ့်လက်တွေ့ ကြုံလာသော ယခင် ပွဲပေါင်းများစွာ ကြုံခဲ့ဖူးသလို မဟုတ်။ မှန်းချက်နှင့် နှမ်းထွက် လုံးဝ တက်တက်စင်အောင် လွဲကာ၊ ထိုပွဲ၌ မည်သို့မျှ နာလန်မထူနိုင်လောက်အောင် ရှုံးနိမ့်သွားရ၏။

တစ်နည်းဆိုရလျှင် ယခင့်ယခင် ပွဲမျိုး ဆယ်ဆနှင့်ညီမျှသော လောင်းကြေးကို ယခု တစ်ပွဲတည်းနှင့် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။

"ဝန်မှူးလေး• • • ဒီကိစ္စ ဘယ်လို ဖြေရှင်းကြမလဲ"

အပြန်လမ်း၌ ထွန်းလုံက စိတ်ပျက် အားငယ်သံနှင့် မေးသည်။

ဝန်မှူးလေးသည် ဇောချွေးများပြန်ကာ၊ မည်သို့မျှ စဉ်းစားမရတော့။ လက်လွန်သွားပြီးမှ အလွန်စိုးရိမ်ထိတ်လန့်ခြင်းများသည် သူ့ကို ခြောက်လှန့်လာသည်။ သွေးပျက်စေသည်။

သူ့ထံမှ အဖြေကို ငံ့လင့်နေကြသော ထွန်းလုံ၊ မောင်ကြီးနှင့် သောင်းဟန်၏ အကြည့်များက အားမရှိကြ။ စိုးရိမ်ထိတ်လန့်နေသည့် ပုံစံများနှင့်။

ထိုကဲ့သို့ ဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပါ။ ၎င်းတို့ ရှုံးခဲ့သော လောင်းကြေးများမှာ အင်မတန်မှ ကြီးမားသော နိုင်ငံတော်ငွေကြေးများပင်ဖြစ်သည်။ ဤကား ဝန်မှူးလေးဆိုသူအတွက် ထောင်ဒဏ် အနည်းဆုံး (၁၀)နှစ်ကျခံရမည့် အများပိုင် ငွေ အလွဲသုံးစားမှုကြီးပင် ဖြစ်သည်။

"ငါလည်း ဘယ်လိုမှ ကြံရာမရ တော့ဘူးကွာ"

ဟု ဝန်မှူးလေးက အားပျက်စွာ ဆိုလိုက်၏။

"ဟင်• • • ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"အဲဒါမှ ဝန်မှူးလေးအတွက် ဒုက္ခပဲဗျာ"

"ဝန်မှူးလေးတော့ ဒုက္ခရောက်ပြီထင်တယ်"

ဟု စသည်ဖြင့် ၎င်းတို့နှစ်ဦးထံမှ



www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်ပြုသံများ ထွက်ပေါ်လာကြသည်။

ထို့နောက် ဝန်မှူးလေးသည် စခန်းရှိရာသို့ မည်သို့မည်ပုံရောက်ရှိခဲ့ကြောင်းကို သတိမထားမိတော့သည်အထိပင်ဖြစ်သည်။

◈◈◈

ထိုညတွင် ရွာသားတစ်ဦးနှင့်အတူ ထွန်းလုံ၊ သောင်းဟန်တို့ သုတ်သုတ်ပျာပျာနှင့် စခန်းသို့ ရောက်ရှိလာကြသည်။

၎င်းတို့နှင့် အတူပါလာသော ရွာသားတစ်ဦးမှာ အခြားသူတော့မဟုတ်။ စခန်းသို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသော ငွေမောင်းဖြစ်၏။ ဒီနယ်တစ်ဝိုက်တွင် လောင်းကစား၊ အရက်ကိစ္စတို့နှင့် လွန်စွာမှနာမည်ကြီးသူဖြစ်၏။ ပြီးတော့ ၎င်းကား ဟိုစပ်စပ် ဒီစပ်စပ်သမား။ မသိတာ၊ မတတ်တာ ဘာမှမရှိ။ ထူးဆန်းသော သတင်းများကိုလည်း တစ်ခါတစ်ရံ ကြားရလေ့ရှိသည်။

ယခုလည်း ဝန်မှူးလေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

ဒီနေ့ လောင်းကြေးများ အဆမတန်ရှုံးထားသဖြင့် အခါတိုင်းလို ဝန်မှူးလေး မရွှင်လန်းပါ။ စခန်းအဝင်ဝ၌ ခြေပစ်လက်ပစ်ထိုင်ရင်း ထွက်ပေါက်မရှိအောင် ရှိနေခိုက် သူတို့ ရောက်လာကြခြင်းဖြစ်သည်။

"ဝန်မှူးလေး . . . ကျုပ်တို့အတွက် သတင်းထူးပါတယ်ဗျို့"

ဟု ရောက်ရောက်ချင်း ထွန်းလုံက ရွှင်ပျ တက်ကြွစွာဖြင့် ပြောလာသည်။

လတ်တလော မည်သည့်အကြောင်းအရာပေါ်မှ ဝန်မှူးလေး စိတ်မဝင်စားပါ။ အခုက ဆုံးရှုံးထားသော ငွေကြေးများအတွက် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေခြင်းဖြစ်သည်။

"ဟုတ်တယ်ဗျို့ ဝန်မှူးလေး။ ခင်ဗျား ရှုံးထားတဲ့ ငွေကြေးတွေ ပြန်ရဖို့ ငွေမောင်းက ကူညီနိုင်လိမ့်မယ်"

ဆိုသည့် မောင်ကြီး၏ စကားကြောင့် ဝန်မှူးလေး စိတ်လှုပ်ရှားသွားရသည်။ အတော်လည်း စိတ်ဝင်စားသွားသည်။

"ဆိုစမ်းပါဦး။ သူက ဘယ်လိုကူညီနိုင်မှာမို့တုန်း"

ဟု ဝန်မှူးလေးက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

သောင်းဟန်က . . .

"ဒီလို ဝန်မှူးလေးရ။ မနက်က ကြက်လောင်းပွဲမှာ ဝန်မှူးလေး ရှုံးသွားတဲ့အကြောင်း ပြောပြလိုက်တယ်။ အဲဒီမှာ ငွေမောင်းက ဆုံးရှုံးထားတဲ့ ငွေကြေးအတွက် အစားပြန်ရနိုင်ဖို့ သတင်းကောင်းတစ်ခုပေးတယ်"

"ဟုတ်လား။ ဆိုစမ်းပါဦး။ ခင်ဗျားက ဘယ်လိုကူညီပေးမှာလဲ။ ကျုပ် ကျေးဇူးမမေ့ပါဘူးဗျာ"

သူက အားတက်သရော မေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ ငွေမောင်းက . . .

"ဒီလို ဝန်မှူးလေးရ။ ကျွန်တော်တို့ လက်ရှိ တည်နေရာရဲ့ အရှေ့ဘက် မိုင် (၃၀)လောက်မှာ မရဏ ဆင်စွယ်သိုက်ဆိုတာကို ရှာတွေ့ရင် ရတနာသိုက် တွေ့ရသလိုပဲဗျ။ တစ်သက်လုံး စားမကုန်တော့ဘူး"

"ဟင် . . . ဟုတ်လား"

ငွေမောင်း၏ စကားအဆုံးတွင် ဝန်မှူးလေး အံ့ဩ မယုံကြည်နိုင်စွာ ဝမ်းသာသွား၏။ ရေငတ်ချိန် ရေတွင်းထဲ ကျသွားသလိုမျိုးပင်။

"ခင်ဗျားပြောတာ သေချာရဲ့လား ကိုငွေမောင်း"

"သိပ်သေချာတာပေါ့။ ကျွန်တော်လည်း အဲဒီ မရဏ ဆင်စွယ်သိုက်ရှိတဲ့ နေရာကို စိတ်ဝင်စားနေတာ ကြာပြီဗျ။ အဲဒီ ဆင်စွယ်သိုက်ကို ဝန်မှူးလေးတို့၊ ကျွန်တော်တို့ ရှာတွေ့ရင်တော့ အားလုံး ချမ်းသာသွားမှာ အမှန်ပဲ။ ဝန်မှူးလေး စိတ်ဝင်စားရင် အချိန်မရွေး ကျွန်တော် ကူညီပေးမယ်"

"ခင်ဗျား တကယ်ပြောတာလား ကိုငွေမောင်း။ ကျုပ်တော့ ဒီကိစ္စ သိပ်တော့ မယုံကြည်ချင်ဘူးဗျာ"

ဟု ဝန်မှူးလေးက သံသယစိတ်ဖြင့် ပြောလိုက်သည်။

"ဒါ ဒဏ္ဍာရီမဟုတ်ဘူး ဝန်မှူးလေး။ ကျွန်တော့်မိဘတွေကိုယ်တိုင် ဒီကိစ္စကို မကြာခဏပြောလေ့ရှိတာ"

ဟု ငွေမောင်းက သေချာကြောင်း ထပ်ရှင်းပြလိုက်ခြင်းဖြစ်သည်။

၎င်းပြောသည့်အတိုင်း ဆင်စွယ်သိုက် တကယ်တွေ့ရှိပါက ရတနာသိုက်တွေ့ရသကဲ့သို့ တန်ဖိုးရှိတာအမှန်။ ဒီအချိန်၌ သူ ဘာမျှ စဉ်းစားချိန်မပေးနိုင်တော့။ လတ်တလော သူ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်မှာ ဒီတစ်လမ်းပဲ ရှိသည်။

"စဉ်းစားမနေနဲ့ ဝန်မှူးလေးရာ။ ဒီကိစ္စ ငွေမောင်းဆီက ကြားကြားချင်း ကျွန်တော်တို့လည်း အရမ်းစိတ်ဝင်စားကြတယ်။ ပြီးတော့ ဝန်မှူးလေးရဲ့ လက်ရှိအခက်အခဲကို ဖြေရှင်းပေးနိုင်မှာ ဒီတစ်နည်းပဲ ရှိတယ်"

မောင်ကြီးက ကောက်ချက်ချလိုက်သည်။

"ဟုတ်တယ် ဝန်မှူးလေး။ ဘာမျှ စဉ်းစားမနေနဲ့တော့။ ကျွန်တော်တို့အတွက် ငွေမောင်းပေးတဲ့ သတင်းက



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးပဲ ရတနာပဲ"

ဟု သောင်းဟန်ကပါ ဝင်ထောက်ခံလိုက်၏။ ထွန်းလုံကလည်း-

"သူတို့ပြောတာ မှန်တယ် ဝန်မှူးလေး။ အဲဒီ မရဏ ဆင်စွယ်သိုက်ကို ရှာတွေ့ရင်တော့ ကျွန်တော်တို့အားလုံး သူဌေးဖြစ်ပြီဗျ"

ဝန်မှူးလေး သက်ပြင်းချလိုက်ကာ အလေးအနက် စဉ်းစားသည်။ ဒီနည်းသည် လတ်တလော အကောင်းဆုံးနည်းဖြစ်ကြောင်း ယုံကြည်လိုက်မိသည်။ ထို့ကြောင့်...

"အင်း၊ ကောင်းပြီလေ။ ဒီကိစ္စကို ကျုပ် လက်ခံလိုက်ပြီ။ အဲဒီ မရဏ ဆင်စွယ်သိုက်ကို မရ,ရအောင် ကျုပ်တို့ ရှာပုံတော်ဖွင့်ကြမယ်"

ဟူ၍ ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီး ပြောလိုက်တော့သည်။

"ဒါဆို ကျွန်တော်တို့ မနက်ဖြန် ခရီးထွက်ဖို့ ဒီညကတည်းက ပြင်ဆင်ထားလိုက်တော့မယ်"

ဟူ၍ မောင်ကြီးက အားတက်သရော ပြောသည်။

ထို့နောက် အားလုံး တက်ကြွစွာနှင့် မနက်ဖြန် ခရီးထွက်ဖို့အတွက် အသီးသီး ကြိုတင် ပြင်ဆင်ကြလေတော့သည်။

◈◈◈

နောက်တစ်နေ့တွင် သူတို့ ခရီးထွက်ခဲ့ကြသည်။

ခရီးတစ်လျှောက် အားလုံး တက်တက်ကြွကြွနှင့် စိတ်ကူးတွေကလည်း လှပနေသည်။

သို့ရာတွင် သုံးရက်မြောက်နေ့မှာတော့ သူတို့အဖွဲ့ ရိက္ခာပြတ်သွားကြ၏။ ခရီးက ထင်သည်ထက် အဆမတန် ဝေးသောကြောင့် ယခုကဲ့သို့ ရိက္ခာများ ပြတ်သွားရခြင်းဖြစ်သည်။

ထို့ကြောင့် သူတို့အဖွဲ့သည် ခရီးကလည်း ပင်ပန်းလွန်းလှသည့်အတွက် အနားယူ အိပ်စက်ကြရန် လုံခြုံသော နေရာကို ရှာဖွေရတော့သည်။

"ဝန်မှူးလေး...ရှေ့မှာ ကျောက်ဂူတစ်လုံးတွေ့တယ်ဗျ။ ဒီညအတွက် ကျွန်တော်တို့ အဲဒီမှာ စခန်းချရင် ကောင်းမယ်"

ဟု မောင်ကြီးက အနောက်သို့ လှည့်၍ ပြောလိုက်သည်။

မောင်ကြီးနားသို့ သူတို့ရောက်သည့်အခါ ပတ်ဝန်းကျင်အခြေအနေနှင့် ရှေ့တွင် ကြီးကြီးမားမားကြီး လှမ်းတွေ့ရသော ကျောက်ဂူကြီးတစ်ခုကို အကဲခတ် ကြည့်ရှုလိုက်ကြသည်။

ထိုနေရာသည် သူတို့အတွက် အကောင်းဆုံး စခန်းချ နားခိုဖို့ရန် သင့်လေ၏။ ပြီးတော့ သူတို့တစ်ဖွဲ့လုံး သုံးရက်လုံးလုံး ခရီးပန်းခဲ့ကြသလို၊ ရိက္ခာလည်း ပြတ်နေပြီမဟုတ်ပါလား။ ထို့ကြောင့် ထိုနေရာတွင် ဒီညအဖို့ သူတို့ စခန်းချ နားခိုမှ ဖြစ်လိမ့်မည်။

"ကောင်းပြီလေ၊ ဒီည ကျုပ်တို့အဖွဲ့ ဒီကျောက်ဂူထဲမှာ စခန်းချကြမယ်"

ဟု ဝန်မှူးလေးက ပြောလိုက်သဖြင့် ခရီးပန်းနေကြသော မောင်ကြီး၊



သောင်းဟန်၊ ထွန်းလုံနှင့် ငွေမောင်းတို့ ဝမ်းသာသွားကြသည်။

"ဝန်မှူးလေး...ကျောက်ဂူကြီးအတွင်းမှာ အတော်ကျယ်မယ့်ပုံပဲဗျ"

ဟု သောင်းဟန်က သူ၏ ထင်မြင်ချက်ကို လှမ်းပြောလိုက်၏။ ထို့ကြောင့် သူက...

"ဘာပဲဖြစ်ဖြစ် အထဲကို ဝင်ရင် သတိတော့ ထားကြဗျာ။ အန္တရာယ်ဆိုတာ ကြိုတင်မှန်းဆလို့ မရနိုင်ဘူး"

သူ၏ သတိပေးသံစကားအဆုံးတွင် အားလုံး ကျောက်ဂူကြီးရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြ၏။

သို့ဖြင့် ကျောက်ဂူကြီးရှေ့သို့ အရောက်တွင်...

"လူကလေးတို့..."

ရှေ့ကိုသာ အာရုံစိုက်နေကြသော သူတို့အဖွဲ့နောက်ပါးမှ အမှတ်မထင် သူတော်စင်ကြီးတစ်ဦး၏ ခေါ်သံကြောင့် သူတို့အားလုံး နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။

"ဟင်..."

"ဟာ..."

"သူတော်စင်ကြီးတစ်ဦး"

"လူကလေးတို့ ဘယ်သွားကြမလို့တုန်း။ လူကလေးတို့က ဘယ်ကလဲ"

ဟု သူတော်စင်ကြီးက သူတို့အဖွဲ့အား တစ်ယောက်ချင်းစီ လိုက်ကြည့်၍ မေးလေ၏။

ရုတ်တရက်မို့ သူတို့အားလုံး မည်သို့ဖြေရမှန်းပင် မသိကြ။

သို့ရာတွင် သူတို့အဖွဲ့ မရဏ ဆင်စွယ်သိုက် ရှာပုံတော်ဖွင့်ရန် လာခဲ့ကြောင်း အမှန်အတိုင်းပြောပြလိုက်လို့ မဖြစ်။ သို့သော် မပြောလျှင်လည်း အခြေအနေမှန်ကို သိရမည်မဟုတ်။ သူတို့အဖွဲ့ လာရောက်ရခြင်း ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com

ချက်အတွက် အမှန်အတိုင်းဖွင့်ပြောပြီး အကူအညီတောင်းမှ သင့်လိမ့်မည်။

ပြီးတော့ သူတို့ရှေ့မှောက်တွင် တွေ့ရှိရသော သူတော်စင်ကြီးသည် ဝတ်ဖြူစင်ကြယ်နှင့် အင်မတန်မှ တည်ငြိမ်အေးချမ်းလှသည့် သူတော်ကောင်းတို့၏ လက္ခဏာသွင်ပြင်အား ထိုအဘိုးအိုထံတွင် တွေ့ရှိရသည်။

ထို့ကြောင့် အမှန်အတိုင်း ဖွင့်ပြော၍ အကူအညီတောင်းရန် သူ ဆုံးဖြတ်လိုက်တော့သည်။

"ကျွန်တော်တို့အဖွဲ့ ဒီဘက်မှာ မရဏ ဆင်စွယ်သိုက်ကို ရှာဖွေဖို့ လာရောက်ခဲ့တာပါ အဘိုး။ ကျွန်တော်တို့ လာတဲ့အရပ်က ဒီနေရာနဲ့ဆိုရင် မိုင်ပေါင်း သုံးဆယ်ကျော်ပါတယ်"

ဟု ဝန်မှူးလေးက အသေးစိတ် ရှင်းပြလိုက်၏။

ထိုအခါ သူတော်စင် ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားလိုက်သည်။

"အိမ်း···လူကလေးတို့ ရည်ရွယ်ချက်ကလည်း မသေးပါလား။ ဖြစ်နိုင်ရင် အဲဒီ မရဏ ဆင်စွယ်သိုက်ရှိရာကို မသွားဖို့ အဘိုး တားမြစ်ပါရစေကွယ်"

မထင်မှတ်ထားသော သူတော်စင်ကြီးထံမှ စကားကြောင့် သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဖြေလည်း ရှာလိုက်ကြ၏။

သို့ရာတွင် သူတို့သည် ဤခရီးအား မည်သည့်နည်းနှင့်မျှ အပျက်မခံနိုင်သလို၊ ဤခရီးမှ ရရှိလာမည့် အကျိုးအမြတ်ကိုလည်း အလွယ်တကူနှင့် အဆုံးရှုံး မခံနိုင်ပါ။ ဤခရီးအောင်မြင်မှုလည်း သူ့အတွက် လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်သည်။ အခြားသော နည်းလမ်းများနှင့် မည်သို့မျှ မဖြေရှင်းနိုင်ပါ။

ထို့ကြောင့် ဝန်မှူးက ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချထားပြီးကြောင်း ရှင်းပြ၍ အောက်ပါအတိုင်း ဆိုလိုက်၏။

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ အဘိုး။ အဘိုး မတားပါနဲ့တော့။ ကျွန်တော်တို့ ဒီခရီးကို မဖြစ်ဖြစ်တဲ့ နည်းနဲ့ ရောက်အောင် ကြိုးစားပြီး သွားရမှာပါ"

သူ့စကားကြောင့် သူတော်စင်ကြီး စိတ်မသက်သာစွာ ဖြစ်သွားသည်။ သက်ပြင်းချသံ သဲ့သဲ့ကိုလည်း ကြားလိုက်ရသည်။ ပြီးမှ···

"အိမ်း··· လူလေးတို့ကို တားမရလည်း အဘိုး မတားတော့ပါဘူးလေ"

ဟု ဖြည်းလေးစွာ ဆိုလိုက်၏။ ထိုအခါ သူက···

"ဒါနဲ့ အဘိုး၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ"

ဝန်မှူးလေး၏ စကားကြောင့် သူတော်စင်ကြီးက လှမ်းကြည့်သည်။ အားလုံးကလည်း ဝန်မှူးလေးနှင့် သူတော်စင်ကြီးကို တစ်လှည့်စီ ကြည့်လျက်···

"ဒီလိုပါ အဘိုး။ ဒီခရီးကို မသွားဖို့ ဘာကြောင့် ကျွန်တော်တို့ကို တားမြစ်ရတာလဲဆိုတာ သိချင်လို့ပါ"

သူတော်စင်ကြီးက ချက်ချင်း မဖြေ။ ဖြေသင့်၊ မဖြေသင့် အတန်ကြာအောင် စဉ်းစားချင့်ချိန်နေပုံရသည်။ ပြီးမှ···

"အင်း···တခြားကြောင့် မဟုတ်ဘူးကွယ်။ လမ်းခရီးတစ်လျှောက်လုံး မမြင်နိုင်တဲ့ အန္တရာယ်တွေ များပြားနေလို့ပဲ ကလေးတို့"

သူတော်စင်ကြီးက စကားကို ခဏဖြတ်လိုက်ပြီး ကျွန်တော်တို့အဖွဲ့အား တစ်ယောက်မကျန် ကြည့်သည်။ ပြီးလျှင် ဆက်ပြော၏။

"ပြီးတော့ လူကလေးတို့ ခုနပြောတဲ့ မရဏ ဆင်စွယ်သိုက်ဟာ အဘိုးတစ်သက်နဲ့တစ်ကိုယ် ဒီဘက်မှာ ရှိတယ်ဆိုတာ တစ်ကြိမ်တစ်ခါမှ မကြားဘူးခဲ့ဘူးကွဲ့။ တကယ်လို့ ရှိခဲ့တယ်ဆိုရင်တောင် ဒီစကားဟာ ဒဏ္ဍာရီပဲ ဖြစ်လိမ့်မယ်"

ဟု တည်ငြိမ်စွာ ရှင်းပြပြီး တိတ်ဆိတ်သွားသည်။

သူတို့အားလုံး ဒုတိယမြောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဖြေရှာလိုက်ကြပြန်သည်။

အမှန်တကယ်က သူတို့အား ထိုမရဏ ဆင်စွယ်သိုက်ကို မရှာဖွေစေလို၍၊ ထိုကဲ့သို့ အဘိုးအိုမှ တားမြစ်ခြင်းသာဖြစ်လိမ့်မည်။

သို့သော် သူတို့အားလုံးသည်လည်း မည်သည့်နည်းနှင့်မျှ နောက်လှည့် ကျောခိုင်းပြီး အရှုံးမပေးနိုင်ပါ။ လျှောက်ခဲ့ပြီးသည့် ခရီးတွင် ရှေ့ဆက်ဖို့သာ ဆုံးဖြတ်ထားကြသည်။ မည်သည့် အန္တရာယ်၊ မည်သည့်အခက်အခဲများပင် ရှိပါစေ၊ သူတို့ကြောက်ရွံ့ကြလိမ့်မည်မဟုတ်ပါ။ ရင်ဆိုင်ဖြေရှင်းဖို့ရန် အသင့်ရှိပါသည်။

"ဘာပဲဖြစ်ဖြစ် အဘိုး၊ ကျွန်တော်တို့အားလုံး ဒီခရီးအတွက် ဆုံးဖြတ်ပြီးဖြစ်လို့ မဖြစ်မနေသွားရောက်ရလိမ့်မယ်။ အခုလို အဘိုး သတိပေးတားမြစ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဝန်မှူးလေး၏ စကားအဆုံးတွင် သူတော်စင်ကြီးက...

"ကောင်းပါလေရဲ့ကွယ်။ အင်း၊ နောက်ဆုံး အဘိုး မေတ္တာရပ်ခံချင်တာက လူကလေးတို့အားလုံး ဒီည ဒီမှာပဲ စခန်းချကြပါ။ မကြာခင် မှောင်တော့မှာ ဖြစ်တယ်။ အထူးသဖြင့် ညဘက် ခရီးသွားမယ်ဆိုရင် မမျှော်လင့်တဲ့ ကိစ္စမျိုးတွေ ကြုံလာမှာစိုးလို့ပါ။ ဒီကနေ ခြေကျင်ခရီးသွားမယ်ဆိုရင် မောင်ရိပ်သမ်းတဲ့အချိန် လွင်ပြင်ကြီးတစ်ခုကို တွေ့လိမ့်မယ်။ အဲဒီ လွင်ပြင်ကြီးဟာ လူကလေးတို့အတွက် ခုန အဘိုးပြောတဲ့ မမျှော်လင့်တဲ့ ကိစ္စမျိုးတွေ ကြုံတွေ့ရမှာ စေနိပဲ။ ဘာကိစ္စလဲဆိုတာတော့ အဘိုးကို မမေးပါနဲ့။ ကဲ - လူကလေးတို့ အဘိုးနေတဲ့ လိုဏ်ဂူကြီးဆီကို လိုက်မယ်ဆိုရင် နောက်ကနေ လိုက်ခဲ့ကြပေတော့"

ဟု ပြောပြီး ရှေ့မှ အရင်ထွက်ခွာသွားလေသည်။

သူတို့အားလုံးသည် ဆုံးဖြတ်ထားကြသလို၊ သူတော်စင်ကြီးနောက်ပါးမှ ထက်ကြပ်မကွာ လိုက်ပါခဲ့ကြလေသည်။

◈◈◈

လိုဏ်ဂူကြီးထဲရောက်သည့်အခါ အားလုံး ရင်သပ်ရှုမောဖွယ် တွေ့မြင်ရလေတော့၏။

အဘယ့်ကြောင့်ဆိုသော် လိုဏ်ဂူကြီးသည် အထဲ၌ လွန်စွာကျယ်ဝန်းလှပြီး မည်သည့်နေရာမှ လာရောက်မှန်း မသိသော အလင်းရောင်များကလည်း လိုဏ်ဂူကြီးအတွင်း လင်းထိန်နေခြင်းကြောင့်ဖြစ်သည်။

ထို့အတူ အဆိုပါ လိုဏ်ဂူကြီးအတွင်း အဘိုးအိုတစ်ယောက်တည်း နေထိုင်သည်ဆိုသော်ငြားလည်း မိသားစု လူနေအိမ်တစ်လုံးကဲ့သို့ သပ်ရပ်ရှင်းလင်းနေသည်။

အသုံးအဆောင်ပစ္စည်းပစ္စယများ စုံလင်စွာ မရှိသော်လည်း ကျောက်ခုံကြီး(စားပွဲ)တစ်ခုအထက်တွင် သစ်သီးမျိုးစုံတို့က များပြားလှ၏။

အလွန်ရှေးကျသော ကြေးလင်ပန်းများ၊ ခွက်များ၊ ရေတကောင်းများ စသည်တို့ဖြင့် အမြင်ဆန်းလျက် အံ့ဩစရာကောင်းနေခြင်းကြောင့်ဖြစ်သည်။

"ကဲ...လူကလေးတို့၊ ဟိုစားပွဲပေါ်မှာရှိတဲ့ သစ်သီးအားလုံးကို ကြိုက်သလောက် ယူစားနိုင်တယ်။ ပြီးရင် လုံခြုံစိတ်ချစွာ အိပ်စက်အနားယူကြပေတော့"

သူတော်စင်ကြီးက ပြောပြီး ကျောက်တံခါးတစ်ချပ်ကို ဖွင့်၍ တစ်ဖက်သို့ ဝင်ရောက်သွားသည်။

ထိုအချိန်တွင် သူတို့အားလုံး သူတော်စင်ကြီး မှာကြားခဲ့သည့်အတိုင်း ကျောက်စားပွဲကြီးပေါ်မှ သစ်သီးများကို မိုက်ဆာဆာနှင့် အားပါးတရစားလိုက်ကြ၏။

ထို့နောက် သောင်းဟန်၊ မောင်ကြီး၊ ထွန်းလုံနှင့် ငွေမောင်းတို့ ခရီးမောပန်းမှုကြောင့် မကြာခင် အိပ်ပျော်သွားကြသည်။ ဝန်မှူးလေးကတော့ အိပ်၍ မရ။ ဂူအပြင်၌ ညအမှောင်တစ်ခုလုံး ပိတ်ဆို့၍ သားကောင်တို့၏ အသံများကို ကြက်သီးထဖွယ် ကြားရသည်။

ထိုညတစ်ညလုံး ဝန်မှူးလေးမှာ တော်တော်နှင့် အိပ်မပျော်။ သို့ဖြင့် မိုးလင်းခါနီးအချိန်မှ ဝန်မှူးလေး မေးခနဲ အိပ်ပျော်သွားရသည်။

◈◈◈

နံနက်မိုးလင်းသောအခါ သူတို့အဖွဲ့ ခရီးဆက်ထွက်ခဲ့ကြသည်။

တောအထပ်ထပ် တောင်အသွယ်သွယ်ကို ခက်ခဲ ပင်ပန်းစွာ ဖြတ်ကျော်ကြရမည်ဖြစ်သဖြင့် အားလုံးနုံးချည့်နေကြ၏။ ပြီးတော့ ဤကဲ့သို့ ဝေးလံသော ခရီးမျိုးကို တစ်သက်နှင့်တစ်ကိုယ် သူတို့အားလုံး သွားလာဖူးသည့်အတွေ့အကြုံ မရှိ။ ထို့ကြောင့် ပင်ပန်း နုံးချည့်နေခဲ့ကြခြင်းဖြစ်ပေသည်။

ထို့နောက် သူတို့အဖွဲ့သည် နေတစ်ဝက်ကျော်ကျော် ခရီးပေါက်လာသောအခါ ယာခင်းပြင်ကြီးထဲသို့ ရောက်ရှိခဲ့ကြ၏။

ထိုယာခင်းပြင်ကြီးကို ဖြတ်ကျော်ပြီးနောက် အလွန်စည်ကားလှ သော ရွာကြီးတစ်ရွာထဲသို့ ရောက်ရှိ သွားကြတော့သည်။

ရွာသူ ရွာသားတို့သည် အလွန်ဖော်ရွေ၍ နှစ်လိုဖွယ် ကောင်းလှပေသည်။ ရွာလူကြီးဖြစ်ဟန်တူသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ခရီးပန်းကာ ဆာလောင်နေမှန်း ရိပ်မိသော သူတို့အဖွဲ့အား အကျအနပင် ထမင်းဖိတ်ကျွေးခဲ့ပါ၏။

ထမင်းစားသောက်နေချိန်တွင် အိမ်ရှင်ဖြစ်သူတို့၏ အမူအရာ ပုံပန်းသဏ္ဍာန်တို့မှ အစပြု၍ ပြောပုံဆိုပုံများမှာ အခြားနေရာတို့တွင် တွေ့ရှိရသော လူမျိုးများနှင့် တစ်စုံတစ်ရာ ထူးဆန်းနေသလိုမျိုး ထင်မြင်မိလေသည်။ ထို့အပြင် ၎င်းတို့ထံတွင် တစ်ခါမှ မရှူဖူးသော မွှေးအီထုံသင်းသည့် ရနံ့တစ်မျိုးကိုလည်း ထူးဆန်းစွာ ရရှိနေ၏။

ထို့ကြောင့် ထမင်းစားနေရင်း တန်းလန်းမှ သောင်းဟန်က ဝန်မှူးလေးအား လက်ကုတ်လျက် အသံခပ်အုပ်အုပ်နှင့် လှမ်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com

"ဝန်မှူးလေး…ကျွန်တော့်စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲဗျ။ ဒီမှာ ရှိတဲ့ လူတွေရဲ့ ရန်က ထူးဆန်းလောက်အောင် မွှေးကြိုင်နေတယ်ဗျ။ ဝန်မှူးလေးရော သတိထားမိသလား"

"ဟုတ်တယ်ဗျ။ ကျုပ်လည်း ဒီကိစ္စကို ပြောမလို့။ အတော်တော့ ထူးဆန်းနေတာ အမှန်ပဲ။ အဲ…ဒါပေမယ့် တိုက်ဆိုင်ပြီး ကျုပ်တို့ စိတ်ထင်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

ဟု ဝန်မှူးလေးက ပြောပြီး အားလုံးကို အကဲခတ် ကြည့်ရှုလိုက်၏။ ထိုကိစ္စက သက်သမကင်းဖြစ်စရာမှာ အမှန်ပင်။ ထို့ကြောင့် ဝန်မှူးလေးက အားလုံးကို ကြောက်စိတ်မဝင်မိစေရန် လမ်းကြောင်းလွှဲပေးလိုက်ရသည်။

ထိုအချိန်တွင် သူတော်စင်ကြီးထံမှ စကားအချို့ကိုလည်း သူ ပြန်အမှတ်ရလိုက်မိသဖြင့် ပို၍ ပို၍ အဖြစ်အပျက်က ပဟေဠိဆန်သွားလေသည်။

ထို့နောက် သူတို့သည် ခေါင်းရှုပ်ခံကာ စဉ်းစားမနေတော့ဘဲ သူတို့အတွက် အရေးကြီးသော လိုရာ ခရီးကိုသာ ဆက်လက်ထွက်ခွာခဲ့လေတော့သည်။

◈◈◈

ရောက်ရှိလေလျှင် ဂူကြီးထဲသို့ အားလုံး ဝမ်းသာပျော်ရွှင်စွာနှင့် ဝင်ရောက်လိုက်ကြသည်။ အထဲသို့ ရောက်သည့်အခါ လူအရိုးစုများ၊ ဓားများ၊ အရက်ပုလင်းအချို့နှင့် ဆင်သေတစ်ကောင်၏ အစွယ်နှစ်ချောင်းကိုသာ တွေ့ရှိရပေတော့သည်။

"အင်း… ကျုပ်တို့ လောဘဇောတွေတက်ပြီး လာခဲ့ကြတာ မှားပြီနဲ့ တူတယ်။ ကျုပ်တို့အားလုံး အခု မျက်မြင်ကိုယ်တွေ့ပဲ။ ဆင်စွယ်နှစ်ချောင်းက လွဲပြီး ဘာမှထူးထူးခြားခြား တန်ဖိုးရှိတာ မတွေ့ရဘူး"

ဟု ဝန်မှူးလေးက စိတ်ပျက်လေသံနှင့် ပြောလိုက်၏။ ထိုအခါ လမ်းပြအဖြစ် လိုက်ပါလာခဲ့သော ငွေမောင်းက…

"အေးဗျ ဝန်မှူးလေးရေ။ ကျွန်တော်သိထားတဲ့ မရဏ ဆင်သင်္ချိုင်း ဆင်စွယ်သိုက်ဆိုတာ ဒီနေရာက လွဲပြီး အခြား မရှိနိုင်ဘူး။ ကျွန်တော်သိထားသလောက် ဒီနေရာ အမှန်အကန်ပဲ"

ငွေမောင်းကလည်း သူ့ဘက်က နိုင်မာကြောင်း သက်သေပြလိုက်ခြင်း ဖြစ်ပေသည်။

အားလုံးကလည်း စိတ်ပျက်လက်ပျက်နှင့် ရှိနေကြပေတော့၏။

"ဒီတစ်ခေါက်တော့ တကယ့်ကို မှားတာပဲဗျ။ ကျွန်တော်တို့ ထင်ထားတဲ့ မရဏ ဆင်စွယ်သိုက်က တကယ့် ပွပေါက် အချိုကြီးလို့ ထင်ထားခဲ့တာ။ အခုတော့ လာရကျိုးကို မနပ်တော့ဘူး"

သောင်းဟန်၏ အားပျက် ညည်းတွားလိုက်သံဖြစ်သည်။

မောင်ကြီးကလည်း…

"အင်း…မဟုတ်မှလွဲရော၊ ဒီနေရာဟာ အခုတွေ့နေရတဲ့အတိုင်း ဆင်တစ်ကောင်ကို သတ်ဖြတ်ပြီး အဲဒီ သတ်ဖြတ်ခဲ့တဲ့ လူတွေလည်း သေဆုံးခဲ့ပုံရတယ်"

ဟု သူ့အမြင်ကို ပြောဆိုလိုက်လေ၏။

လာတုန်းက မျှော်လင့်ချက်များစွာကြီးလွန်းခဲ့သလောက်၊ ယခု လက်ရှိ ကြုံတွေ့လိုက်ရသော အခြေအနေမှာတော့ အကျိုးမဲ့လေပြီ။ ဝန်မှူးလေး၏ ကိစ္စကို ဖြေရှင်းရန်အတွက်လည်း မည်သို့မျှ နည်းလမ်းမရှိတော့။ ပူပန်သောကကြောင့် အရုပ်ကြိုးပြတ်နယ် ဖြစ်ရလေပြီ။

"ကဲ…ဝန်မှူးလေး၊ ကျွန်တော်တို့ သုံးယောက်တော့ စိတ်ညစ်ညစ်နဲ့ ဟောဒီက တွေ့တဲ့ အရက်ပုလင်းတွေကိုပဲ အဖော်ပြုပြီး စိတ်ညစ်တာတွေ၊ စိတ်ပျက်တာတွေကို ဖြေဖျောက်လိုက်တော့မယ်။ ဝါသနာပါရင် ဝန်မှူးလေးရော ဦးနှောက်ဆေးပါလား"

ဟု မောင်ကြီးက လှမ်းပြောလေ၏။ ဝန်မှူးလေးက လက်ကာပြရင်း…

"နေပါစေဗျာ၊ ခင်ဗျားတို့ပဲ သောက်ကြပါ။ ကျုပ် ဟိုတုန်းကတည်းက မသောက်တတ်လို့ပါ"

ဟု ပြောပြီး ဂူအပြင်ဘက်သို့ ခဏထွက်ခဲ့လေ၏။

မောင်ကြီး၊ သောင်းဟန်နှင့် ငွေမောင်းတို့ကတော့ ဂူထဲတွင် ဘယ်အချိန်ကာလလောက်ကတည်းက အရက်ပုလင်းများကို ဖွင့်ပြီး အငမ်းမရ သောက်နေကြလေသည်။

သူတို့သည် မျှော်လင့်ချက်မဲ့ပြီး စိတ်ညစ်သွားကြခြင်းကြောင့် မည်သည့်ကိစ္စကိုမျှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ စိတ်ထဲ ရှိသလို ဟောဟောဒိုင်းဒိုင်းပြုလုပ်လိုက်ကြခြင်းဖြစ်ကြောင်း ဆိုရမည်။

သို့ဖြင့် မောင်ရိပ်သမ်းလာသော အခါ ဝန်မှူးလေး ဂူကြီးထဲသို့ ပြန်ဝင်လာခဲ့သည်။ ဝန်မှူးလေး ဂူထဲ ဝင်ရောက်ချိန်တွင် သူတို့အားလုံး အရက်အလွန်အကျွံသောက်ပြီး မူး၍ အိပ်ပျော်နေကြသည်။ သူတို့ကို စိတ်ပျက်စွာ ကြည့်ပြီး ထင်းမီးတစ်ပုံကို ကမန်းကတန်း ဖိုလိုက်၏။

မီးအလင်းရောင် ကောင်းစွာ ရလာသောအခါ ဂူကြီးတစ်ခုလုံး လင်း

www.burmeseclassic.com

ထိန်သွားသည်။ သူတို့အားလုံးကတော့ ဟောက်သံပေး၍ နှစ်ခြိုက်စွာ အိပ်ပျော်နေကြ၏။

အမှောင်သည် ဂူအပြင်၌ ထူထပ်၍ ညဉ့်နက်သည်ထက် နက်လာချေပြီ။ အဝေးဆီမှ သားရဲ တိရစ္ဆာန်တို့၏ အော်မြည်သံကို ချောက်ချားဖွယ် ကြားနေရသည်။

ဒီညအဖို့ သူ့အတွက် အိပ်စက်ရတော့မည်မဟုတ်။ အန္တရာယ်ဆိုသည်မှာ ကြိုတင် မမှန်းဆနိုင်၍ သတိကြီးစွာထားမှ သင့်လိမ့်မည်။

ထို့ကြောင့် ဒီညအဖို့ လုံးဝ အိပ်စက်ခြင်း မပြုတော့ဘဲ အစောင့်တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။

သို့နှင့် သူသည် မှုန်မှုန်ရှုရှုနှင့် လူအရိုးစုများပေါ် ဖြစ်သလို အိပ်ပျော်နေကြသော သောင်းဟန်၊ မောင်ကြီးနှင့် ငွေမောင်းတို့အား စိတ်ပျက်စွာ ငေးကြည့်လိုက်၊ ဂူအပြင်ဘက် ကြည့်လိုက်၊ ထင်းမီးပုံကို ကြည့်လိုက်၊ ကြက်လောင်းကြေး ရှုံးခဲ့သော အစိုးရငွေကိစ္စတို့အား ပြန်စဉ်းစားလိုက်နှင့် မိုးစင်စင်လင်းခဲ့ရတော့၏။

◈◈◈

သို့ဖြင့် နံနက်မိုးသောက်ချိန်မှာပင် သူတို့အားလုံး ဆုံးဖြတ်ချက်ကိုယ်စီချ၍ ထိုနေရာမှ အရှုံးနှင့် ပြန်လည် ထွက်ခွာခဲ့ကြလေပြီ။

တစ်မိုင်ခန့် လျှောက်ပြီး တောင်ကြောအတိုင်း နိမ့်ဆင်းသွားသော လျှိုကြီးများဆီသို့ ရောက်လာသောအခါ သူသည် တောင်ကမ်းပါးယံအတိုင်း သွားရန် တွေးမိသဖြင့် အားလုံးကို ပြောလိုက်သည်။

သို့သော် ညက အရက်အလွန်အကျွံသောက်ထားကြသည့် အရှိန်မပြေသေးသော သူတို့သုံးယောက်က တစ်ဇွတ်ထိုးဆန်စွာ လာတုန်းကနယ် လမ်းအတိုင်း ပြန်ရန် ပြောကြသည်။ သို့ရာတွင် လာတုန်းက လမ်းအတိုင်းဆိုလျှင် လျှိုကြီးများကို ဖြတ်ကျော်ရမည်ဖြစ်သည်။

ဝန်မှူးလေးက သူတော်စင်ကြီးမှာလိုက်သည့် စကားကို သတိရကာ အပြန်တွင် လာတုန်းကအတိုင်း မပြန်ရန် ပြောခြင်းဖြစ်သည်။ ဒါကို အားလုံးက လက်မခံကြပါ။ ထို့ကြောင့် ဝန်မှူးလေးက...

"ကဲ...ခင်ဗျားတို့ လာလမ်းအတိုင်း ပြန်ချင်တယ်ဆိုရင်တော့ ခင်ဗျားတို့ပဲ သွားကြ။ ကျုပ်ကတော့ ဒီတောင်ကမ်းပါးယံအတိုင်းပဲ ပြန်တော့မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ သူတို့အားလုံးက...

"ကောင်းပြီလေ။ ဝန်မှူးလေး ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါ။ ကျွန်တော်တို့ကတော့ လျှိုကြီးတွေကို ဖြတ်ပြီးတော့ပဲ သွားမယ်"

ဒီလိုနှင့် သူတို့သုံးယောက်က တစ်ဖက်၊ ဝန်မှူးလေးက တစ်ဖက်ဖြစ်ပြီး လမ်းခွဲကာ ပြန်ခဲ့ကြလေတော့သည်။

ထိုသို့ လမ်းခွဲပြီး မကြာမီမှာပင် မမျှော်လင့် မထင်မှတ်ဘဲ တောင်ကြောပေါ်မှ လျှိုကြီးထဲသို့ ချွဲပျစ်ပျစ် တောင်ကျရေများ ဝေါခနဲ ပြိုဆင်းလာခဲ့တော့သည်။

"ဝုန်း..."

"ဝေါ..."

"ဝရော..."

"ဝုန်း..."

ဆက်တိုက်ထွက်ပေါ်လာသော တောင်ကျရေ အသံကြီးများက ကြောက်ခမန်းလိလိပင်။

ထိုအချိန် သောင်းဟန်တို့ သုံးယောက်သည် ပြောစကား နားမထောင်ဘဲ တစ်ဇွတ်ထိုးလုပ်သွားသည့်အတွက်ကြောင့် လျှိုကြီးထဲသို့ ဆင်းရာ လမ်းတစ်ဝက်မှာပင် အရှိန်နှင့် ဝေါခနဲ ထိုးဆင်းလာသော တောင်ကျရေထဲသို့ ပါသွားကြလေသည်။

ဝန်မှူးလေးကား ထိုအဖြစ်အပျက်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသဖြင့် သွေးပျက် ချောက်ချားကာ ကြက်သေ သေနေမိတော့၏။

အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းသည့် အဖြစ်ဆိုးနယ်ပါတကား။

"ခင်ဗျားတို့ကို ကျုပ် အတန်တန် သတိပေးပါရဲ့နဲ့ ခင်ဗျားတို့ဘာ အခုတော့ ဖြစ်မှ ဖြစ်ရလေဗျာ"

ထိုမြင်ကွင်းကို ကြည့်ပြီး ဝန်မှူးလေး စိတ်မကောင်းခြင်းကြီးစွာ ပြောလိုက်မိသည်။ ရင်ထဲမှာလည်း ဆို့၍ ပူလောင် တင်းကျပ်လွန်းလှချေ၏။ လာတုန်းက အတူတူ။ အခုတော့ အားလုံးဟာ လောဘဇောကြောင့် အသက်ပေးကာ ဆုံးရှုံးရလေပြီ။

"ခင်ဗျားတို့အားလုံး ကောင်းတဲ့ ဘုံဘဝကို ရောက်ကြပါစေလို့ ကျုပ် ဆုတောင်းပေးပါတယ်ဗျာ"

ဟု ဝန်မှူးလေးက ငိုသံပါကြီးနှင့် ပြောပြီး နေရာမှ ကျောခိုင်းလိုက်လေတော့သည်။

◈◈◈

သူတို့အဖွဲ့ လာတုန်းက လမ်းတွင် ထူးခြားစွာ တွေ့ရှိခဲ့ရသော ရွာကြီးထဲသို့ စတင်ခြေချလိုက်မိသည်။

သူ ထိုရွာကြီးထဲသို့ မဝင်၍ကလည်း မဖြစ်တော့။ သုံးရက်တိတိ အစာရေစာငတ်ပြတ်၍ အားအင်များ နုံးချည့်နေသောကြောင့်ဖြစ်၏။ ထို့

www.burmeseclassic.com

ကြောင့် သူ ထိုရွာကြီးထဲသို့ ဝင်လိုက်ခြင်းဖြစ်သည်။

ပထမ သူတို့အဖွဲ့ကို ထမင်းကျွေး ဧည့်ခံခဲ့သော ရွာလူကြီးအိမ်သို့ ပင်ဖြစ်သည်။

ထိုရွာလူကြီးအိမ်သို့ ရောက်သောအခါ အိမ်ရှင်အားလုံးက ဝန်မှူးလေးပုံစံကို ကြည့်၍ အံ့သြနေကြသည်။

အဖြစ်အပျက်အလုံးစုံကို မရှင်းပြလို့ကလည်း မဖြစ်တာကြောင့် အကျိုးအကြောင်းပြောပြလိုက်သည့်အခါ သူတို့ စိတ်မကောင်းဖြစ်သွားကြသည်။

ဝန်မှူးလေးကိုလည်း ပထမအတိုင်းပင် ထမင်းကျွေးဧည့်ခံခဲ့သည်။

ထမင်းစားပြီးနောက် အိမ်ရှင်ရွာလူကြီးဖြစ်သူက ပစ္စည်းတစ်စုံတစ်ရာကို ယူဆောင်လာပြီး ဝန်မှူးလေးထံသို့ပေးပြီး ပြောလာသည်။

"အားလုံးအတွက် ကြားရတာ စိတ်မကောင်းပါဘူး မိတ်ဆွေ။ ဒါပေမယ့် ကျုပ် တစ်ခုတော့ ကူညီလိုက်ပါ့မယ်။ ရော့…ဒီပစ္စည်းကို မိတ်ဆွေလက်ခံပါ"

ဟုပြောပြီး လက်ထဲသို့ အတင်းအကျပ်ထိုးပေးလေတော့၏။ ဝန်မှူးလေးက ပေးလာသော ထိုပစ္စည်းကို ကြည့်ရင်း တအံ့တသြဖြင့်…

"ဒီပစ္စည်းက ဘာပစ္စည်းတုန်းဗျ"

"အင်း…တခြားတော့ မဟုတ်ဘူးဗျ။ ဒါဟာ အင်မတန်မှ တန်ဖိုးရှိတဲ့ ပစ္စည်းဗျ။ ဒါကို ဟိုရောက်ရင် ရောင်းချပြီး တစ်ဝက်ကို မိတ်ဆွေလက်ရှိ ကြုံနေရတဲ့ အခက်အခဲအတွက် အသုံးချပါ။ ကျန်တဲ့ တစ်ဝက်ကိုတော့ ကျုပ်တို့ မိသားစုနဲ့ ဟောဒီတစ်ရွာလုံးအတွက် ကုသိုလ်ကောင်းမှုပြုလုပ်ပေးပါ"

ရုတ်တရက် အိမ်ရှင် လူကြီး၏ စကားကြောင့် ဝန်မှူးလေး အံ့သြသွားရ၏။ အဖြစ်အပျက်ကလည်း မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ထူးဆန်းနေခြင်းကြောင့်ဖြစ်သည်။

"ယူပါ မိတ်ဆွေရဲ့ ဒီပစ္စည်းဟာ ရှားပါး တန်ဖိုးရှိတဲ့ ပစ္စည်းပါ"

နောက်ဆုံးတော့ ထိုပစ္စည်းကို သူ လက်ခံလိုက်ကာ၊ အိမ်ရှင် မိသားစုအား ကျေးဇူးတင်ကြောင်း ပြောပြီး နှုတ်ဆက်၍ ပြန်လည်ထွက်ခွာလာခဲ့တော့သည်။

◈◈◈

မကြာသော ရက်အတွင်းမှာပင် ဝန်မှူးလေးသည် နေရာအရပ်သို့ ပြန်ရောက်လာပြီး ထိုပစ္စည်းကို ရောင်းချလိုက်၏။ အလွဲသုံးစားလုပ်၍ ကြွက်လောင်းကြွေးရှုံးခဲ့ရသော ငွေကြေးကိစ္စအတွက် ဖြေရှင်းသွားနိုင်ခဲ့သည်။ ကျန်တစ်ဝက်ကိုလည်း ထိုလူကြီးမှာလိုက်သည့်အတိုင်း မြို့ဦးစေတီတွင် လှူဒါန်းပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးလိုက်ပါလေ၏။

ထို့အတူ မရဏ ဆင်စွယ်ရှာဖွေခဲ့သော သူတို့အဖွဲ့သည် လောဘကြောင့် အသက်ဆုံးရှုံးကြကာ၊ အကျိုးမဲ့သော လုပ်ရပ်ဖြစ်ကြောင်း သတိသံဝေဂ တရားများ အင်မတန်မှ ရရှိခဲ့လေတော့သည်။

◈◈◈

"အဖြစ်အပျက်ကတော့ အဲဒါပါပဲ လူကလေးတို့"

ဟူ၍ ကျွန်ုပ်က ပြောပြပြီး အကြမ်းတစ်ခွက်ကို သောက်လိုက်လေသည်။ ထိုအခါ မောင်မြင့်မောင်နှင့် မောင်ဖိုးထူးတို့ အံ့သြ မယုံကြည်နိုင်မှုများ ဖြစ်သွားကြပြီး…

"အဘိုးပြောပြတဲ့ ဇာတ်လမ်းက ကျွန်တော်တို့ လူငယ်တွေအတွက် အံ့သြ မယုံကြည်နိုင်စရာလည်း ဖြစ်မိတယ်"

ဟူ၍ မောင်မြင့်မောင်က ဆိုလိုက်သည်။ မောင်ဖိုးထူးကလည်း…

"ဟုတ်တယ် အဘိုး။ ဒီလိုအဖြစ်အပျက်မျိုးဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းပြီး ထူးဆန်းတဲ့ အဖြစ်အပျက်ပဲ"

ဟု တအံ့တသြ ဆိုလိုက်ပြန်၏။ ကျွန်ုပ်က ၎င်းတို့ကို ပြုံး၍ကြည့်ပြီး-

"ဒါပေါ့ လူကလေးတို့ရယ်။ လောကမှာ ရှိကြတဲ့ အဖြစ်အပျက်တိုင်းဟာ ကံ-ကံ၏အကျိုး၊ အကြောင်းအကျိုး စတဲ့ အခြေခံ တရားတွေနဲ့ ဖြစ်ပျက်နေကြတာမို့ သဘာဝလွန်တွေ မတန်ဘူးရယ်လို့ မဆိုနိုင်ဘူးကွယ်"

ကျွန်ုပ် စကားအဆုံးတွင် မောင်မြင့်မောင်က…

"ဒါဆို အဲဒီအဖြစ်အပျက်ထဲက ဝန်မှူးလေး ခင်မောင်ဝင်းဟာ ဘယ်သူပါလဲ အဘိုး။ အခု သက်ရှိထင်ရှားရှိပါသေးလား"

ဟု စိတ်ဝင်တစား မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ကျေနပ်စွာ ပြုံးလိုက်ပြီး…

"အိမ်း…ဒီမေးခွန်းဟာ လူကလေးတို့ တကယ်မေးသင့်တဲ့ မေးခွန်းပဲကွဲ့။ အဲဒီ ဝန်မှူးလေး ခင်မောင်ဝင်းဟာ သက်ရှိထင်ရှားရှိနေတုန်းပဲ။ ပြီးတော့ အဲဒီသူဟာ တခြားသူ မဟုတ်ဘူးကွဲ့။ အဘိုးကိုယ်တိုင်ပါပဲကွယ်"

ဟူ၍ ရှင်းပြလိုက်သည့်အခါ ၎င်းတို့နှစ်ဦးစလုံး တအံ့တသြဖြစ်ကာ ကျွန်ုပ်အား ယခင်ကထက်ပင် ပို လေးစားလျက်ရှိနေပါတော့သတည်း။ □


www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၅ ပဒု
၆ သော ၆ ကြာ ၇ နေ

ဂမ္ဘီရ ဆန်းကြယ်

## ခုနစ်ရက်သားသမီးများအတွက်

## ၂၀၁၆-ဇူလိုင်လ

# အောင်အတိတ် အောင်နိမိတ်

## ကံကြမ္မာဟောစာတမ်း

သက်နှင်းဆွေ၊ပုပ္ပါး၊

**➤တနင်္ဂနွေသားသမီးများ**

ဤလကတော့ မေတ္တာရောင်ပြန်ရိုက်ခတ်မှုကို သိသိသာသာ ခံစားရမယ့်အချိန်ပါ။ ငွေအထူးဝင်မယ်။ ပေးကမ်းလှူဒါန်းနိုင်မယ်။ အလုပ်လည်း အဆင်ပြေမယ်။ အိမ်တွင်းရေးလည်း သာယာနေမယ်။ စိတ်တိုစရာကြုံလာရင်လည် ကိုယ်ကပဲ လျှော့လိုက်ပါ။ ယောက်ျားလျာ၊ မိန်းမလျာတွေကို သတိထား ဆက်ဆံပြောဆိုပါ။ အစစ ကောင်းနေပါတယ်။ အချစ်ရေး အဆင်ပြေမယ်။ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်မယ်။ အားလုံး အဆင်ပြေ တိုးတက်မယ့် လပါ။ ပျော်ပျော်နေလိုက်ပါ။

**ယတြာ။** ။ နေအိမ် ဘုရားကျောင်းဆောင်မှာ စပယ်ပန်း၊ ရွှေပန်း စသည်ဖြင့် အလျဉ်းသင့်တဲ့ ပန်းတွေကို ပန်းမွှေ့ယာခင်းပြီး ပူဇော်ပါ။

**ထီကံစမ်းရန်။** ။ (၂ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ➢တနင်္လာသားသမီးများ

ဒီလက သင့်ကိုယ်သင် ဦးစွာ အခုံးအမပြုရမယ့်အချိန်ပါ။ ပြုပြင်ရမယ့် အချိန်ပါ။ အလုပ်ကိစ္စ၊ ငွေကိစ္စ၊ ခရီးကိစ္စတွေ တိုးတက်မယ်။ အဆင်ပြေမယ်။ ဒါပေမယ့် တစ်စုံတစ်ယောက်နဲ့ စကားအကြီးအကျယ် များရတတ်တယ်။ သူများကိစ္စ ဝင်ပြီး ဖြေရှင်းပေးရတတ်တယ်။ နေတတ်အောင် နေပါ။ ငွေကံ အထူးပွင့်လန်းနေတဲ့ လဖြစ်တယ်။ ငွေအထူးဝင်မယ်။ ထိုက်စမ်းထားဖို့ မမေ့ပါနဲ့။ အလှူအတန်းနှစ်ခုပြုနိုင်မယ်။ အချစ်ရေး အဆင်ပြေမယ်။ အိမ်ထောင်ရေး သာယာမယ်။ ဒီလထဲမှာ တာဝန်နှစ်ခုကို တွဲပြီးယူရတတ်ပါသေးတယ်။

**ယတြာ။** ။ နံနက် အိပ်ရာထ မျက်နှာသစ်ချိန်မှာ ဘုရားဂုဏ်တော်ကိုးပါးကို ကျကျနန ရွတ်ပွားပြီး မျက်နှာသစ်ပါ။ အစစ အဆင်ပြေနေမယ်လို့ ယုံကြည်လိုက်ပါ။

**ထိုက်စမ်းရန်။** ။ (၁ ၊ ၂) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢အင်္ဂါသားသမီးများ

ဒီလမှာတော့ သင်က အဖြူဆိုရင် ကျန်တဲ့ လူတွေက အမည်းလို့ ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ ဒါတွေက သိပ်တော့ အရေးမပါလှပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီအချိန်မှာ ဘာမှ အတိုက်အခံမလုပ်ဘဲ စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စအလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ဒီလထဲမှာ ငွေဝင်ပြီး အဖတ်မတင်ဖြစ်နေတတ်တယ်။ ဘာပဲဖြစ်ဖြစ် ငွေအဆင်ပြေမယ်။ ကံညံ့နေတာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ နေလိုက်တာနဲ့ အစစအ ဆင်ပြေလာပါလိမ့်မယ်။

**ယတြာ။** ။ ထီးနီ (၁၀)လက်ကို စနေထောင့်မှာ လှူပြီး စိတ်ပါလက်ပါ ဘုရားဝတ်ပြုလိုက်ပါ။အထူးအခက်အခဲ တစ်ခုခုရှိရင် ငှက် (၁၂)ကောင် လွှတ်ပါ။

**ထိုက်စမ်းရန်။** ။ (၇ ၊ ၀)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢ဗုဒ္ဓဟူးသားသမီးများ

ဒီလထဲမှာ ယခင်ကထက်ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မွေးပါ။ မျက်စိအောင့်တတ်တယ်။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ဒါပေမယ့် မုချ ပြေလည်သွားမယ်။ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး အစစအရာရာ ယခင်ကထက် စိတ်ရှည် သည်းခံသင့်တဲ့အချိန်။ မိသားစုထဲမှာ ကြည်နူးစရာ သတင်းကောင်းတစ်ခု ကြားရတတ်တယ်။ ဒီလထဲမှာ အကြီးအကဲက ငြိုငြင်တာ၊ ခင်မင်သူတစ်ယောက်နဲ့ အဆင်မပြေတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အားလုံးပြန်ပြီး အဆင်ပြေသွားမှာပါ။

**ယတြာ။** ။ ဘုရားမှာ ပန်းအဖြူ (၅)ပွင့်လှူပြီး ပဋ္ဌာန်းအကျဉ်းကို (၁၀)ခေါက် ရွတ်ဆိုပူဇော်ပါ။

**ထိုက်စမ်းရန်။** ။ (၅ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢ကြာသပတေးသားသမီးများ

ဒီလထဲမှာ စိတ်ဒွိဟဖြစ်နေတာတွေ ကြုံလာရင် ရှင်းထုတ်ပစ်လိုက်ပါ။ ကိုယ် လုပ်စရာရှိတာကိုသာ ထိထိမိမိ လုပ်ကိုင်ဆောင်ရွက်လိုက်ပါ။ ငွေဝင်မယ်။ မိသားစုမှာ ငယ်သူတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာလေး တချို့ကြုံတတ်တယ်။ ဘာမှ အထွေအထူးအညံ့ မရှိပါဘူး။ ဒီတစ်ပတ်အတွင်း စိတ်ကြိုက် ထီတစ်စောင်ထိုးထားလိုက်ပါ။ ကိုယ့်စိတ်ကို ရှင်းရှင်းလင်းလင်းလေး ထားပေတာနဲ့ အစစ အဆင်ပြေသွားတတ်ချိန်ပါ။ အရေးမပါတဲ့ အကြောင်းအရာလေးတွေနဲ့ စိတ်မရှုပ်မိပါစေနဲ့။

**ယတြာ။** ။ မွှေးရနံ့သင်းတဲ့ နှင်းဆီပန်း (၉)ပွင့်ကို ဘုရားမှာ လှူပြီး လိုရာ ဆုတောင်းပါ။ အထူးအခက်အခဲရှိရင် ကဏန်း (၉)ကောင်လွှတ်ပါ။

**ထိုက်စမ်းရန်။** ။ (၁ ၊ ၈) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ➢သောကြာသားသမီးများ

ဒီလပိုင်းမှာ ဘာသာရေးကို နည်းနည်းဖိလုပ်ပေး။ ထူးခြားမယ့်အချိန်။ အိပ်မက်ထူးတွေ မက်မယ်။ ငွေအထူးဝင်မယ်။ အိပ်ခန်းကို သန့်ရှင်းနေအောင် ရှင်းထားပေးပါ။ ကိုယ် စိတ်မပါတဲ့ အလုပ်တချို့ကို လက်စသတ်ပစ်လိုက်ပါ။ ပြီးတော့ အရေးမကြီးတဲ့ ကိစ္စလေးတွေနဲ့ စကားများတာ၊ စိတ်ဆိုး ဒေါသဖြစ်တာမျိုးတွေ အထူးဆင်ခြင်ပေးပါ။ ကံဇာတာ ကောင်းနေချိန်ပါ။ အစစ အဆင်ပြေမယ်။ တန်ခိုးကြီးဘုရားတစ်ဆူကို သွားပြီး ဖူးဖြစ်တတ်ချိန်ပါ။ ကျကျနန ဖူးလိုက်ပါ။ ကံဇာတာ မြင့်မားလာပါလိမ့်မယ်။

**ယတြာ။** ။ ဒီရက်ထဲမှာ ဘုရားဂုဏ်တော်ကိုးပါးကို စိတ်ပါသလောက် ကျကျနန ပုတီးစိပ်ပါ။ ဘုရားမှာ ကံ့ကော်ညွန့်တွေ ဝေနေအောင် လှူလိုက်ပါ။

**ထီကံစမ်းရန်။** ။ (၂ ၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢စနေသားသမီးများ

ဒီလထဲမှာ သင့်စိတ်တွေ မထွေပြားပါစေနဲ့။ စိတ်ကို ရှင်းလင်းစွာ ထားပါ။ အသိအမြင် ဗဟုသုတတိုးမယ့်အချိန်ပါ။ မိဘအကြီးအကဲတွေကို ပြုစုဖေးမခွင့် ကြုံမယ့်အချိန်ပါ။ ငွေအခက်အခဲနည်းနည်းကြုံမယ်။ ပြီးရင် ပြန်အဆင်ပြေသွားမယ်။ အချစ်ရေးကအစ ဘာကိစ္စမဆို ကြားလူ၊ ကြားစကား အဖျက်ပေါ်တတ်တဲ့ ကာလပါပဲ။ သူများစကား နားမယောင်မိဖို့ အထူးသတိထားသင့်ချိန်ပါ။ စကားအပြောအဆို အထူးချိုသာပါ။ ဂါရဝထားသင့်သူတွေကို ဂါရဝထားလိုက်ပါ။

**ယတြာ။** ။ ပန်းသီးနှစ်လုံးဝယ်ပြီး ဘုရားကို ကပ်လှူပါ။ ဖွားသီလရှင်ကို ဆန်လှူပေးပါ။

**ထီကံစမ်းရန်။** ။ (၃ ၊ ၅)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢ရာဟုသားသမီးများ

ဒီလမှာ ကိုယ်လုပ်စရာရှိတာ တွန်းတိုက်ပြီး လုပ်လိုက်ပါ။ အချိန်ဖြုန်းမနေသင့်တဲ့ လမျိုးပါပဲ။ သူများစကားတွေကိုလည်း ဘာတစ်ခု မှနားမယောင်သင့်တဲ့အချိန်ပေါ့။ ရပ်ဝေးက အဆက်အသွယ်ကောင်းတွေ ရတတ်ပါတယ်။ ငွေအတွက် ခေါင်းခဲစရာလေး နည်းနည်းကြုံမယ်။ ဒါပေမယ့်လည်း ပြန်ပြီးအဆင်ပြေသွားမှာပါ။ ရွှေထည်ပစ္စည်းတစ်ခုတောင် ဝင်တတ်ပါသေးတယ်။ ဒီလထဲမှာ လက်တစ်ဖက်ကိုက်တတ်တယ်။ အချစ်ရေး၊ အိမ်တွင်းရေး သာယာမယ်။ ဘုရားတစ်ဆူကို သွားပြီး ကျကျနန ဘုရားဖူးဖြစ်မယ်။ ပြီးရင် အလုပ်ကိစ္စတွေမှာ ထူးထူးခြားခြား အဆင်ပြေလာပါလိမ့်မယ်။

**ယတြာ။** ။ ပိုက်ဆံ (၄၀၀)ကျပ်တိတိကို ရတဲ့သူ ပျော်ပါစေလို့ ဆုတောင်းပြီး လမ်းမှာ ပုံ့သကူပစ်လိုက်ပါ။

**ထီကံစမ်းရန်။** ။ (၄ ၊ ၆)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

အားလုံးသတ္တဝါ ချမ်းသာပါစေ . . .

**သက်နှင်းဆွေ ဖုပ္ပါ။**

(ဖုန်း ၀၉ ၇၃၀ ၂၅၈၇၀ ၊ ၀၉ ၇၉၇၉၃၄၇၈၈ )



www.burmeseclassic.com

www.burmeseclassic.com

ရောဂါဆင်းရဲခြင်းကင်းဝေးအောင် "ဘုန်းကြွယ်" ဆေးကိုဆောင်

ဆရာမကြီး ဒေါ်လှလှကြွယ် ၏

# ဘုန်းကြွယ်





# ဝမ်းမှန်ဆေး

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- 2011Y 008995

ပင်ရင်း- ဘုန်းကြွယ်ဆေးဝါးထုတ်လုပ်ရေး- အမှတ်(၉၆)၊ ခရေပင်လမ်း၊ ၂/(က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁၆၃၅၅၀၃၊ ၀၉ ၇၃၁၇၈၄၅၂ ၊ ၀၉ ၄၄၈၀၂၀၅၂၅

★ ဘဝတူ အမျိုးသမီးတို့၏ အချစ်ရေး ၊ အိမ်ထောင်ရေးကိစ္စ ★

❀ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေး အမြန်ဆုံး ပြန်လည်အဆင်ပြေစေဖို့၊ ❀ အဆက်အသွယ်ပြတ်နေသော (သို့မဟုတ်) အဆက်အသွယ်ဖြတ်သွားသော ချစ်သူက မိမိထံကို အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်စေဖို့၊ ❀ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရဖို့၊ ❀ချစ်သူက မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့၊ ❀မိမိနဲ့ ချစ်သူကို နှစ်ဖက်မိဘဆွေမျိုးများက အမြန်ဆုံး သဘောတူကြည်ဖြူ လက်ခံလာစေဖို့၊ ❀ချစ်သူနဲ့ အမြန်ဆုံး လက်ထပ်ပေါင်းသင်းရဖို့၊ ❀ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက်လက်ထပ်ပေါင်းသင်းဖို့၊ ❀ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက် လုပ်ကိုင်နေသော ချစ်သူ အမြန်ဆုံး ပြန်လာစေဖို့။ **(အရေးကြီးရင် အမြန်လာခဲ့ပါ)**

❁အိမ်ထောင်ရေးရှုပ်ထွေး ဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်သွားစေဖို့၊ ❁နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ❁မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး သူ့ရှာဖွေ ရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ❁တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေးအဆင်ပြေ သာယာပျော်ရွှင်စေဖို့...

## ဆရာမ ဒေါ်နှင်းသူဇာဦး (အမျိုးသမီးသီးသန့်)

(လက္ခဏာဗေဒင် ယတြာအစီအရင်)

တိုက် (၄၀)၊ A-2 ၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း - ၀၉ ၅၀ ၉၃၈၉၁၊ ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၂၅၀ ၇၇၃၆၃၆

www.burmeseclassic.com

ဝင်းထွန်းအောင် (စစ်တွေ)

ကိုယ်တွေ့မှုများ ....





www.burmeseclassic.com

www.burmeseclassic.com

လောကတွင် တစ္ဆေ သရဲခေါ် ပရလောကသားများနှင့် ပတ်သက်၍ အမှန်ပင် ရှိသည်ဟု လက်ခံထားကြသူများနှင့် မရှိနိုင်ဟု ငြင်းဆိုနေကြသည့် လူသားများဟူ၍ နှစ်မျိုး နှစ်စားရှိ၏။ ကျွန်တော့်အား မည်သည့်အစားတွင် ပါသလဲဟု မေးလျှင် ရှိသည်ဟု လက်ခံထားသည့် လူစားထဲတွင် ပါသည်ဟု ရဲရဲဝံ့ဝံ့ အဖြေပေးရပါလိမ့်မည်။

အဘယ့်ကြောင့် ရဲဝံ့စွာ အဖြေပေးရပါသလဲဟု မေးလာခဲ့သော် ထိုတစ္ဆေ သရဲများကို ကျွန်တော် တွေ့ခဲ့ရဖူးသည်။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်၊ အကြိမ်ပေါင်းများစွာ မြင်တွေ့ခဲ့ဖူးပါသည်။ ဤသည်မှာ ကျွန်တော့်ပါရမီဟုပင် ပြောရမည်လား မဆိုနိုင်။

အမှတ်တမဲ့ မြင်တွေ့မိခဲ့သည့် ဖြစ်စဉ်များထဲမှ အမှတ်တရ တင်ကျန်နေဆဲဖြစ်သည့် ဖြစ်စဉ်တွေပင် ဆယ့်လေးငါးခုခန့် ရှိ၏။ ထိုအထဲများတွင်မှ တိုက်သစ်ထဲက အဘိုးအို၊ ကျောင်းပျက်ထဲက ထိုမိန်းမ ခေါင်းစဉ်များဖြင့် သူရဋ္ဌ မဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသေးသည့် အကြောင်းအရာများကို တစ်ခါတည်း ရေးသားရန် မဖြစ်နိုင်သဖြင့် အလျဉ်းသင့်သလို ခွဲ၍ ရေးသားသွားရမည်ဖြစ်ပါသည်။

◈◈◈

ထိုစဉ်က ကျွန်တော်သည် ခုနစ်တန်းကျောင်းသားပင်ရှိသေးပြီး မော်နီတာခေါ် အခန်းခေါင်းဆောင်တာဝန်ကို ယူထားရပါသည်။ မော်နီတာ တစ်ယောက်၏ ကြီးလေးသော တာဝန်ဝတ္တရားများအရ နံနက်ဆိုလျှင် ကျောင်းသို့ စောစောလာရပြီး ညနေ ကျောင်းဆင်းပြီးလျှင်လည်း အခန်းသားအားလုံးထက် နောက်ကျပြီးမှ ပြန်ရစမြဲဖြစ်သည်။ အကြောင်းမှာ အခန်းတံခါး၏ သော့ကို ကျွန်တော်က ကိုင်ထားရသောကြောင့်ဖြစ်သည်။

မနက်ခင်းဆိုလျှင် အလုပ်သည့်ကျသန့်ရှင်းရေးအသင်းအား အခန်းတွင်း ရှင်းလင်းသုတ်သင်နိုင်စေရန် တံခါးသော့ဖွင့်ပေးရ၏။ ညနေဆိုလျှင်လည်း အခန်းသားများ ထွက်သွားပြီးနောက် မေ့ကျန်ရစ်ခဲ့သည့် ပစ္စည်းပစ္စယလေးများ ရှိ၊ မရှိကို လိုက်ကြည့်ပြီး တွေ့လျှင် သိမ်းဆည်း၍ ဆရာ့စားပွဲပေါ် တင်ထားခဲ့ပြီးမှ အခန်းကို သော့ခတ်ရပါသည်။ ထို့ကြောင့် ကျောင်းသို့ စောစောလာရပြီး နောက်ကျမှ ပြန်ရသည်မှာ ကျွန်တော်၏ တာဝန်ဖြစ်နေပါသည်။

ထို့အပြင် အခန်းတွင်း ဘာသာရပ် အကူးအပြောင်းအချိန်များတွင် သင်ကြားပြသမည့် ဆရာ မလာသေးလျှင်သော် လည်းကောင်း၊ တစ်ခါတစ်ရံ ဆရာ မလာနိုင်၍ ဘာသာရပ်တစ်ချိန်လုံး ဆရာ မရှိလျှင်သော်လည်းကောင်း၊ အခန်းတွင်း ဆူညံမနေစေရန်နှင့် ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေရန် ခြောက်သင့်သည့် ကျောင်းသားများကို ခြောက်၍ ချော့သင့်သည့် ကျောင်းသားများကို ချော့မော့ကာ ထိန်းကျောင်းထားရပြန်ပါသည်။

◈◈◈

တစ်ခုသော ကျောင်း စဖွင့်ရက် တနင်္လာနေ့ နံနက်ခင်းတွင် ဖြစ်၏။ ထုံးစံအတိုင်း ကျောင်းသို့ စောစောပင် ထွက်လာခဲ့သည်။ ကျွန်တော်ထွက်လာခဲ့သည်မှာ အတော်စောသွားသဖြင့် ကျောင်းဝင်းတစ်ခုလုံးမှာ လူသူအတော်ရှင်းနေပေသေးသည်။ ကျွန်တော် အခန်းပေါက်ဝ ရောက်သည်အထိ မည်သည့်ကျောင်းသား၊ ကျောင်းသူကိုမှ မတွေ့ရသေး။

ကျွန်တော် အခန်းတံခါးသော့ကို ဖွင့်၍ တံခါးတစ်ချပ်ကို တွန်းလိုက်ရင်း အတွင်းသို့ လှမ်းဝင်လိုက်သည်။ ထိုစဉ် မြင်တွေ့လိုက်ရသည့် မြင်ကွင်းတစ်ခုကြောင့် ရုတ်တရက် ထိတ်လန့်သွားခဲ့ရသလို၊ အံ့အားအသင့်ကြီး သင့်မိကာ အခန်းပေါက်ဝတွင်ပင် ရပ်တန့်သွားမိခဲ့ရသည်။ နှုတ်မှလည်း···

"ဟာ···ဗလကြီး"

ဟု ထွက်သွားမိသည်။ ဟုတ်ပါသည်။ ကျွန်တော်၏ အခန်းသားတစ်ဦးဖြစ်သူ ဗလကြီးဆိုသူမှာ အခန်းထောင့် အလင်းရောင် ခပ်ကွယ်ကွယ် တစ်နေရာတွင် ထိုင်နေပါသည်။ အမှန်တော့ သူ့နာမည်က ဗလကြီး မဟုတ်ပါ။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်က နာမည်ပြောင်ပေးထားခြင်း ဖြစ်ပါသည်။

သူက မွေးရာပါ ပန်းနာရောဂါသည်တစ်ဦးမို့ ခန္ဓာကိုယ်က မဖွံ့ထွားဘဲ ကြုံလှီသေးကွေး၍ သူ့နာမည် ဇော်နိုင်ဦးအစား ကျွန်တော်တို့က စ,နောက်၍ "ဗလကြီး"ဟု ခေါ်ခြင်းဖြစ်၏။ ထိုဗလကြီးတစ်ယောက် သော့ခတ်ထားသည့် အခန်းထဲသို့ ဘယ်လိုဝင်ရောက်လာခဲ့သနည်း။ ကျွန်တော်တွေးမရ၊ သူ့ကိုသာ အံ့သြတကြီး ငေးစိုက်ကြည့်နေမိသည်။ သူကတော့ ကျွန်တော်ဝင်လာသည်ကိုရော၊ သူ့ကို အသံထွက်၍ ခေါ်လိုက်မိသည်ကိုရော မသိသလို၊ မကြားသလိုဖြင့် ကျွန်တော့်ကို ဘေးတစောင်းပေးထားသည့်အသွင်မပျက်ဘဲ ရှေ့တည့်တည့်သို့သာ ငေး

www.burmeseclassic.com

နေသည်။

ထိုစဉ်မှာပင်...

"ဟေ့...ဝင်းထွန်းအောင်"

ကျွန်တော့်နောက်ကျောဘက် အခန်းအပြင်မှ ကျွန်တော့်အမည်ကို ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်မိသည်။ ကျွန်တော့်ကို ခေါ်သူမှာ ကျွန်တော်နှင့် အတော်ရင်းနှီးသည့် ဟိုဘက်အခန်းမှ သက်ဇော် ဆိုသူဖြစ်ပြီး "ခဏ...ခဏ"ဟု လှမ်းခေါ်နေသဖြင့် ကျွန်တော် သူ့ဆီသို့ ပြန်လှည့်သွားမိသည်။

"ဘာလဲ သက်ဇော်"

"ဟို...ဟိုကွာ၊ ငါ အလေ့တကြီးနဲ့ ထွက်လာခဲ့တာ သချင်္ချာလေ့ကျင့်ခန်းစာအုပ် မေ့ကျန်နေခဲ့တယ်။ အဲဒီအထဲမှာ အိမ်စာတွက်ခိုင်းလိုက်တာတွေ ပါတယ်။ အဲဒါ စာအုပ်မပြနိုင်ရင် မင်းသိတဲ့အတိုင်းပဲ အရိုက်ခံရဦးမယ်။ ခုပေါ်လည်း မတ်တပ်တက်ရပ်ရဦးမယ်။ အဲဒါ စာအုပ်ပြန်ယူချင်လို့ ငါ့ကို မင်းစက်ဘီး ခဏငှားပါလားကွာ"

သူက သူ့အခက်အခဲကို မျက်နှာငယ်လေးဖြင့် ပြောလာသည်။ ကျွန်တော် သူ့ကို သနားသွားခဲ့မိသလို၊ ခေါင်းလည်း ရှုပ်သွားသည်။ ထိုစဉ်က စက်ဘီးကို လူတိုင်း မစီးနိုင်သေးသည့် ခေတ်။ ထို့ထက် ကျွန်တော်စီးသည့် ပန်းကမ္ဘာစက်ဘီးဆိုသည်ကိုပင် စီးနိုင်သူ အတော်နည်းသေး၏။ ကျွန်တော့်ဘီးကို သူများအား ပေးမစီးလို၊ ငှားမစီးလို။ တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရိမ်သည်။ ထို့ပြင် သူများ စီးနေသည်ကို အဖေမြင်သွားလျှင်လည်း ကျွန်တော့်အတွက် မလွယ်။ အဆူခံရမည်မှာ အသေအချာ။ ကျောင်းသားချင်းမို့ သူ့အခက်အခဲကိုလည်း ကူညီချင်သည်။ နောက်ဆုံးတော့ ကျွန်တော်ကိုယ်တိုင်ပင် နှင်း၍ သူ့အိမ်သို့ လိုက်ပို့လိုက်ရသည်။

ကျွန်တော်တို့ ကျောင်းပြန်ရောက်တော့ ကျောင်းတက်ခါနီးနေပြီမို့ တစ်ကျောင်းလုံး ကျောင်းသားများ စုံသလောက်ပင် ရှိနေပေပြီ။ မကြာမီပင် ကျောင်းတက် ခေါင်းလောင်းထိုးပြီးနောက် အတန်းပိုင် ဆရာမ အခန်းထဲသို့ ဝင်လာသည်။ ဆရာမ၏ မျက်နှာသွင်ပြင်ကို ကြည့်ပြီး ကျွန်တော်တို့ အခန်းသားများ အံ့ဩ စိုးရိမ်သွားကြရသည်။

ဆရာမ၏ အသွင်က ငိုထားဟန်ရှိသည်။ မျက်ခွံများ မို့အစ်နေပြီး မျက်လုံးတို့က နီရဲနေ၏။ အခန်းထဲရောက်သော်လည်း စာမသင်နိုင်သေးဘဲ ငြိမ်သက်လျက် အခန်းသားများကိုသာ ငေးကြည့်နေသည်။ အတန်ကြာတော့ မျက်ဝန်းမှ မျက်ရည်များ စီးကျလာလျက် တုန်ယင်သော အသံဖြင့်...

"တပည့်တို့...နေ့လယ် ထမင်းစားပြီး ကျောင်းပြန်လာရင် လွယ်အိတ်တွေ ထားခဲ့ကြပါ။ တို့ နေ့လယ်ကျရင် မင်းတို့သူငယ်ချင်း ဇော်နိုင်ဦးရဲ့ အသုဘကို လိုက်ပို့ကြရမယ်"

ဟု ပြောလာတော့သည်။

ဆရာမ စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားခဲ့ရပြီး ကျွန်တော့်နောက်ဘက် တစ်ခုံကျော် ဇော်နိုင်ဦး ထိုင်နေကျ နေရာသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ မတွေ့။ ထိုင်နေကျ နေရာတွင် ဇော်နိုင်ဦး ရှိမနေ။ တစ်ခန်းလုံး ဝေ့ကြည့်လိုက်သော်လည်း ဇော်နိုင်ဦးကို မမြင်။

ထိုစဉ် ကျွန်တော့်အားမှ သူငယ်ချင်းက ပြောပြလာသည်မှာ စနေနေ့ မနက်ခင်းက အိမ်သားများ အသီးသီး အပြင်သွားနိက် တာရှည် ခံစားနေရသည့် ရောဂါဝေဒနာကြောင့် စိတ်ပျက်အားငယ်နေသည့် ဇော်နိုင်ဦးသည် အခန်းထဲတွင် ကြိုးဆွဲချ၍ သတ်သေသွားခဲ့သည်ဟု ဆိုသည်။

ထိုအခါမှ မနက်စောစောက အဖြစ်အပျက်ကို ပြန်တွေးရင်း ကျွန်တော် ကျောချမ်းသွားခဲ့ရသည်။ မနက်က ကျွန်တော်တွေ့ကြုံခဲ့ရသည့် ဇော်နိုင်ဦးသည် လူသားစင်စစ်မဟုတ်။ တစ္ဆေ သရဲဘဝဖြင့် မြင်တွေ့ခဲ့ရခြင်းဖြစ်၏။ ဇော်နိုင်ဦးသည် သူ ခံစားနေရသည့် ရောဂါဝေဒနာကြောင့်သာ စိတ်ဆင်းရဲသောကြောင့် သတ်သေသွားခဲ့သော်လည်း ကျောင်းသားပီပီ ကျောင်းကို စိတ်စွဲနေပုံရသည်။

ထို့ကြောင့် ကျောင်းဖွင့်ရက်တွင် ကျောင်းလာတက်ခြင်းဖြစ်မည်။ သို့သော် ကျွန်တော်ကတော့ ထိုနေ့မှစ၍ ကျောင်းသို့ စောစောရောက်လျှင်သော်မှ တစ်ဦးတည်း ဘယ်တော့မှ အခန်းသွားမဖွင့်တော့ပေ။

◈◈◈

ထိုစဉ်က ကျွန်တော်တို့ လမ်းထိပ်တွင် မိဘများက ကွမ်းယာဆိုင်လေး ဖွင့်ထားသည်။ ကျွန်တော်နှင့် ကျွန်တော့်နှမလေး မျိုးမျိုးတို့က ကျောင်းသွားလျှင် အဖေနှင့် အမေတို့ တစ်လှည့်စီ ထိုင်၏။ သို့သော် အဖေက ဝန်ထမ်းမို့ တစ်နေကုန် အမေ ထိုင်ရသည်က များသည်။ ကျွန်တော်တို့ ကျောင်းဆင်းလာလျှင်တော့ ကျွန်တော်တို့ မောင်နှမနှစ်ယောက်က ဝင်ထိုင်ပေးသည်။ ထိုအခါမှ အမေက ညစာ ပြန်၍ ချက်ရပြန်သည်။ မိုးနည်းနည်းချုပ်သည်အထိ အမေ မပြီးပြတ်သေး၍ ပြန်မလာသေးလျှင်တော့ ညီမလေးကို ပြန်လွှတ်ပြီး ကျွန်တော်တစ်ယောက်တည်း ထိုင်ပေးသည်။ အမေ



www.burmeseclassic.com

www.burmeseclassic.com

လာလဲမှသာ အိမ်ပြန်ရသည်။ ဤသည်က ထုံးစံလိုဖြစ်နေ၏။

တစ်ရက်တွင်လည်း ထုံးစံအတိုင်း မိုးချုပ်သည်အထိ ကျွန်တော် ကျွန်တော် ဈေးရောင်းနေရသည်။ စောစောက ကွမ်းစားနေကျ ဖောက်သည်တစ်ဦးမှ ကွမ်းမှာထားခဲ့၍ ကျွန်တော် ခေါင်းငုံ့ပြီး ကွမ်းကို အာရုံစိုက်ယာနေစဉ် နားထဲသို့ ချောင်းဟန့်သံလိုလို ကြားလိုက်မိသဖြင့် ကျွန်တော် ခေါင်းမော့ကြည့်လိုက်မိသည်။

ကျွန်တော်တို့ ကွမ်းယာဆိုင်၏ ဘယ်ဘက်ဘေးတွင် တမာပင်တစ်ပင်ရှိပြီး ကွမ်းယာဆိုင်နှင့် ခြေလှမ်းခြောက်လှမ်း၊ ခုနစ်လှမ်းခန့်သာ ကွာ၏။ ထိုအပင်အောက် အလင်းရောင်နှင့် မကွယ့်တကွယ်နေရာတွင် လူကြီးတစ်ယောက်ရပ်နေ၏။ ကျွန်တော် သေချာကြည့်လိုက်တော့ ဦးကျော်ရွှေဖြစ်နေသည်။

ထို ဦးကျော်ရွှေမှာ ကျွန်တော်တို့ဆိုင်တွင် ယခုလို ညဦးပိုင်းတိုင်း ကွမ်းယာလာထုပ်နေကျ ဖောက်သည်ဖြစ်သည်။ သူက မြို့အရှေ့ဘက် ကျေးရွာတွင် နေထိုင်ပြီး ညဘက်တွင် မြို့ထဲရှိ ဂိုထောင်တစ်ခု၌ ညစောင့်လာလုပ်နေသူဖြစ်သည်။

"ဦးလေး... စက်ဘီး မပါဘူးလား။ ဘာလဲ၊ ထုံးစံအတိုင်း ဦးတင်မြင့်ဆိုင်မှာ ထားခဲ့ရပြန်ပြီလား"

ကျွန်တော်က သူ့ကို လှမ်းနှုတ်ဆက်လိုက်၏။ သူက စက်ဘီးဖြင့် လာနေကျဖြစ်သော်လည်း သူ့စက်ဘီးက ဟောင်းနွမ်းလွန်းနေပြီး မကြာခဏ ပျက်တတ်သည်။ ပျက်တိုင်းလည်း ကျွန်တော်တို့ဆိုင်နှင့် ခပ်လှမ်းလှမ်းရှိ ဦးတင်မြင့်၏ စက်ဘီးဆိုင်တွင် ဝင်ထားခဲ့လေ့ရှိသည်။ ဦးတင်မြင့်ဆိုင်က အိမ်



ဆိုင်မို့ ညပိုင်း ပြင်ပေးထားပြီး မနက်သူပြန်မှ ဝင်ယူသွားလေ့ရှိသည်။

"ဒီလူကြီး အတော်မူးလာပြန်ပြီနဲ့ တူတယ်"

ကျွန်တော်က ထိုသို့ မှတ်ချက်ပြုလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် ဦးကျော်ရွှေက ကျွန်တော့်ကို စကားပြန်မပြောဘဲ ငူငူကြီးရပ်နေသောကြောင့်ဖြစ်၏။ ထိုလူကြီးအကျင့်က ညနေတိုင်း သောက်လာတတ်သည်။ နေ့စဉ်မဟုတ်သော်လည်း တစ်ခါတစ်ရံ ရေချိန်လွန်လာတတ်၏။ ထိုအခါမျိုးများတွင် စကားကို ချက်ချင်းမပြောနိုင်တော့၊ လျှာလေး အာလေးဖြင့် နှုတ်ပိတ်နေတတ်၏။

ယခုလည်း ထိုသို့ဟု ထင်မှတ်မိသဖြင့် သူ့ကို စကားဆက်မပြောတော့ဘဲ သူ့အတွက် ကွမ်းယာကိုသာ ယာနေမိတော့သည်။ ယာပြီးတော့ ကွမ်းယာထုပ်ပေးရန် ဆိုင်ပေါ်မှ ကမန်းကတန်းဆင်းလိုက်ပြီး သူ့ရှိရာဘက်သို့ မျက်နှာမူလိုက်သည်။

"ဟင်..."

ကျွန်တော် အံ့အားသင့်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ကို ကျွန်တော် မတွေ့ပော့။ တမာပင်ပင်စည်၏ တစ်ဖက်မှာများ အမူးလွန်၍ ထိုင်နေသလားဟု မှတ်ထင်မိ၍ ရှေ့တိုးပြီး သွားကြည့်သော်လည်း သူက ပျောက်ချင်းမလှ ပျောက်နေလေသည်။ ထိုစဉ်...

"သား...ဘာလုပ်နေတာလဲ"

ကျွန်တော့်နောက်ကျောဘက်မှ အသံကြောင့် လှည့်ကြည့်မိတော့ အမေရောက်နေပြီ။ အမေက ဆိုင်ရှေ့တွင် ရပ်နေရင်းမှ ကျွန်တော့်ကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဦးလေး ကျော်ရွှေ အမေ၊ ဒီနား ရပ်နေလို့ သူ့အတွက် ကွမ်းယာထုပ်လာပေးတော့ မတွေ့တော့ဘူး။ အဲဒါကြောင့် လိုက်ရှာနေတာ"

"ဟုတ်လို့လား သားရဲ့၊ သူလာတာဆို သူ့အတွက် ကွမ်းယာ မယူဘဲနဲ့တော့ ပြန်မသွားလောက်ပါဘူး"

ကျွန်တော်တို့ သားအမိနှစ်ယောက် ဇဝေဇဝါဖြစ်နေကြစဉ် အပြင်သို့ သွားနေသည့် အဖေ ပြန်ရောက်လာသည်။

"မင်းတို့ သားအမိ ဘာဖြစ်နေတာလဲ"

အဖေက စီးလာသည့် စက်ဘီးပေါ်မှဆင်းရင်း ကျွန်တော်တို့ သားအမိနှစ်ယောက်ကို အကဲခတ်၍ အမေ့ကို မေးလိုက်၏။

"ဒီမှာလေ၊ အစ်ကို့သားက ဦးကျော်ရွှေ ကွမ်းလာဝယ်တာ ကွမ်းထုပ်ပေးမယ်ကြံမှ ပျောက်သွားလို့တဲ့"

"ဘယ်...ဘယ်လို၊ ဦးကျော်ရွှေ ကွမ်းလာဝယ်တယ်၊ ဟုတ်လား"

ဘာ့ကြောင့်ရယ် မသိဘဲ၊ အဖေက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေးလာသည်။ ကျွန်တော်က ကြုံတွေ့ခဲ့ရသည်များကို ပြန်ပြောပြလိုက်တော့ အဖေ မျက်မှောင်ကြုတ်သွားသည်။ အတန်ကြာမှ...



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ရော ဟုတ်လို့လား သားရယ်။ သားမြင်လိုက်တာ ဘယ်လိုပုံစံလဲ"

"ဟုတ်ပါတယ် အဖေရဲ့။ သူ မကြာခဏ ဝတ်နေကျ ကောလံကတုံး ရှပ်အင်္ကျီအဖြူလက်ရှည် ဝတ်ထားတာ"

"အင်း…ဟုတ်တယ်၊ ဒါဆိုရင်တော့ သူ စိတ်စွဲပြီး ရောက်လာတာပဲ ဖြစ်ရမယ်"

အဖေ့စကား၏ အဓိပ္ပာယ်ကို သဘောမပေါက်သေးသည့် အမေနှင့် ကျွန်တော်က မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားရ၏။ ပြီးမှ အဖေက ဆက်ပြောလာသည်မှာ…

"ညနေစောင်းက ငါ မြို့ထဲမှာ ရှိနေတုန်း မြို့အဝင်မှာ ကားတိုက်မှု ဖြစ်တယ်ဆိုလို့ သွားကြည့်တော့ အတိုက်ခံရတာ ဦးကျော်ရွှေ ဖြစ်နေတယ်။ ကားသမားအပြောအရ ဒီလူ အတော်မူးလာပုံရတယ်။ စက်ဘီးကို ဒယီးဒယိုင်စီးလာတယ်တဲ့။ ကားသမားကလည်း လွတ်အောင် မောင်းရင်း နောက်က ကျော်အတက်၊ ဒီလူက ကားဘက်ကို ယိုင်လဲကျလာတော့ နောက်ဘီးက ကြိတ်မိသွားတယ်။ သူ့အလောင်းကို အခုပဲ ဆေးရုံပို့ပေးပြီး ငါ ပြန်လာတာ"

အဖေ့စကားကြောင့် အမေရော ကျွန်တော်ပါ မျက်လုံးပြူးသွားရ၏။ အဖေ့ပြောစကားအရဆိုလျှင် ကျွန်တော်တွေ့လိုက်ရသည့်အချိန်တွင် ဦးကျော်ရွှေကြီးမှာ သေပြီးနေလောက်ပေပြီ။ ဒါ…ဒါဆို ကျွန်တော်တွေ့လိုက်ရသည့် ဦးကျော်ရွှေကြီးသည်…

"သား…သားပြန်တော့။ အိမ်ရောက်ရောက်ချင်း ဘုရားရှိခိုးလိုက်ဦးနော်။ ပြီးမှ ထမင်းစား၊ စာကျက်"

အမေ့စကားဆုံးသည်နှင့် ဆိုင်ပေါ်မှ လွယ်အိတ်ကို ကမန်းကတန်း လှမ်းယူလိုက်ပြီး အိမ်သို့ သုတ်ခြေတင်မိခဲ့တော့၏။ စိတ်ထဲက သိပ်မကြောက်သော်လည်း အိမ်မရောက်မချင်း နောက်သို့ အကြိမ်ကြိမ်လှည့်ကြည့်နေမိသလို၊ ဘုရားရှိခိုး ပျင်းတတ်သည့် ကျွန်တော်ထိုညကတော့ ဘုရားရှေ့တွင် အချိန်အတော်ကြာသွားခဲ့ပါတော့သည်။

◈◈◈

ထိုစဉ်က ကျွန်တော် ဆယ်တန်းကျောင်းသားဖြစ်နေပေပြီ။ ဘဝ တစ်လျှောက်လုံးအတွက် အရေးကြီးသည့် အတန်းဖြစ်၍ ယခင်လို ပေါ့ပေါ့လျော့လျော့ မနေဖြစ်တော့။ နှစ်စမှပင် ဘာသာရပ်အလိုက် အချိန်ဇယားဆွဲ၍ ကျက်တန် ကျက်၊ တွက်တန် တွက်ကာ ကျေညက်အောင် ကျက်မှတ်နေရ၏။

ယခင်က ည ၈နာရီခွဲ ၉နာရီဆိုလျှင် အိပ်ယာဝင်နေဖြစ်သော်လည်း ယခုတော့ မအိပ်နိုင်တော့။ ညဉ့်နက်သည်အထိ စာကျက်နေရတော့သည်။ ထို့ကြောင့် စာကျက်ရင်း မအိပ်ချင်စေရန် လက်ဖက်ရည်သောက်၊ လက်ဖက်သုပ်စားရ၏။

အစောပိုင်းကတော့ ဆိုင်မှ လက်ဖက်ရည်ဝယ်လာပြီး အိမ်ရောက်မှ သောက်လေ့ရှိသော်လည်း နောက်ပိုင်းတော့ ဆိုင်မှာပင် တစ်ခါတည်း သောက်ခဲ့လိုက်တော့၏။ အစောပိုင်းက ဆိုင်တွင် မသောက်သည်မှာ မိဘများက ခွင့်မပြု၍ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ဆိုသည်မှာ လူကြီးများသာ ထိုင်လေ့ရှိသလို၊ အရွယ်မရောက်သေးသည့် ကျောင်းသား လူငယ်များ ထိုင်လျှင် အကဲ့ရဲ့ခံကြရသောကြောင့် ဖြစ်၏။

သို့သော် ကျွန်တော့်လို ညပိုင်းစာကျက်သည့် သူငယ်ချင်းအချို့ကတော့ ညစဉ် လာထိုင်တတ်၏။ ညနေစောင်းကတည်းက စာကျက်နေရသဖြင့် ပူထူနေသည့် ဦးနှောက်ကို အနားပေးသည့်အနေဖြင့်ရော၊ ည စာကျက်လျှင် မအိပ်ချင်အောင်ရော ခဏတဖြုတ် ဆိုင်လာထိုင်ရင်း လက်ဖက်ရည်သောက်ကြသည်။ ရင်းနှီးသူချင်းတွေ့ကြလျှင် အတူတူရောထိုင်၍ ရောက်တတ်ရာရာ ပြောကြရင်း ဦးနှောက်ဆေးကြ၏။ အများအားဖြင့်တော့ ကျောင်းစာများအကြောင်းသာ ဆွေးနွေးဖြစ်ကြသည်။ အစကတော့ ကျွန်တော် ကြာနေလျှင် အဖေ လိုက်လာတတ်၏။ နောက်ပိုင်းတော့ စိတ်ချသွားသဖြင့် မလိုက်တော့။

လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် သွားတိုင်းလည်း တစ်ယောက်တည်းတော့ မဟုတ်။ အမြဲလိုလို အောင်မျိုးပါတတ်သည်။ အောင်မျိုး ဆိုသည်မှာ ကျွန်တော်နှင့် အတန်းတူ သူငယ်ချင်းတစ်ဦးဖြစ်၏။ အောင်မျိုးတို့အိမ်က ကျွန်တော်တို့အိမ်၏ အရှေ့ဘက်မျက်စောင်းထိုးတွင် ရှိ၏။

အောင်မျိုးတို့အိမ်၏ ဘယ်ဘက်ခြမ်းတွင် လူသွားသာရုံ လမ်းလေးရှိပြီး ကျွန်တော် ကျောင်းသွားလျှင် ဖြစ်စေ၊ မြို့ထဲသွားလျှင် ဖြစ်စေ၊ ထိုလမ်းလေးမှ ဝင်သွားလေ့ရှိ၏။ ကျောင်းသွားလျှင် အောင်မျိုးကို ဝင်ခေါ်ပြီးမှ သွားလေ့ရှိသလို၊ လက်ဖက်ရည်ဆိုင်ထိုင်လျှင်လည်း အောင်မျိုးကို ဝင်ခေါ်ရလေ့ရှိသည်။

အောင်မျိုး၏ မိဘများက အခြားသူငယ်ချင်းများနှင့်ဆိုလျှင် ပေးမလွှတ်။ ကျွန်တော်နှင့် ဆိုလျှင်တော့ ဘယ်နေရာဖြစ်ဖြစ် စိတ်ချ၏။ ပြီး အောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com

လမိုက်ရက်ဖြစ်သည့်အပြင် အပင်အရိပ်ကြောင့် မှောင်မည်းလွှန်းနေသော်လည်း ဒေါ်ကြီး ရှင်မွေးလွှန်းကိုတော့ ပီပြင်ထင်ရှားစွာ မြင်တွေ့နေရ၏။ ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသော်လည်း ထိုနေရာမှ ထွက်မပြေးဖြစ်ဘဲ ကြောင်၍ ရပ်နေမိရင်း. . . . . .

အမေ ဒေါ်ခင်ရွှေက ကျွန်တော့်ကို ချစ်သည်။ ကျွန်တော်နှင့် ဒေါ်ခင်ရွှေက သူငယ်ချင်းလိုပင် ရွှတ်နောက်နောက် ဆက်ဆံကြ၏။

ကျွန်တော်က သူ့ကို "ဒေါ်ကြီး ရှင်မွေးလွှန်း"ဟု ခေါ်၏။ အဘယ့်ကြောင့်ဆိုသော် ဒေါ်ခင်ရွှေက ဘယ်တော့ကြည့်ကြည့် ဗိုက်ကြီးသည် တစ်ယောက်ဖြစ်နေ၍ပင်။ သူ့ဗိုက်က ပိန်သွားလည်း ခဏသာ။

အောင်မျိုးတွင် ညီအစ်ကို မောင်နှမ အတော်များ၏။ ကလေးကို ရောင်းစားဖို့များ စီမံချက်ထား၍ မွေးနေသလား ထင်ရသည်။

"ဗျို့. . .ဒေါ်ကြီး ရှင်မွေးလွှန်း၊ ဗိုက်ထဲမှာ ကလေးမကုန်သေးဘူးလား"

ဟု ကျွန်တော်က စ,လိုက်လျှင်-

"မကုန်သေးဘူးဟေ့။ အခုမွေးနေတာ ငါ့ဗိုက်ထဲက ကလေးတွေပဲ ရှိသေးတယ်။ နောက် နင့်ဦးလေး ဗိုက်ထဲက ကလေးတွေပါ မွေးပေးဖို့ ကျန်သေးတယ်"

ဟု သူက ပြန်နောက်တတ်သည်။ တစ်ခါကလည်း အိမ်ရှေ့တွင် ကလေးတွေ တရုန်းရုန်းနှင့် ဆူညံနေသည့် သူ့ကို. . .

"ဒေါ်ကြီး ရှင်မွေးလွှန်း၊ ဒီကလေးတွေကို ဒေါ်ကြီးတစ်ယောက်တည်း မွေးထားတာလား"

"ဘယ်ဟုတ်ပါ့မလဲ ကောင်လေးရယ်။ ဒီလောက်များတဲ့ ကလေးတွေကို ငါတစ်ယောက်တည်း ဘယ်မွေးနိုင်ပါ့မလဲ။ နင့်ဦးလေးနဲ့ ပေါင်းမွေးရတာပေါ့ဟဲ့"

ဟု ပြန်ပြော၏။

ဆိုရလျှင် လူတကာအပေါ် မျက်နှာပြောင်သော ကျွန်တော်နှင့် လူငယ်ဆန်သော ဒေါ်ကြီးတို့က သူငယ်ချင်းပေါင်း ပေါင်းတတ်ကြ၏။ ကျွန်တော့်အရွယ်နှင့်မို့ ဒေါ်ကြီးခေါ်သော်လည်း ထိုစဉ်က ဒေါ်ကြီး ရှင်မွေးလွှန်း အသက်က ရှိလှမှ လေးဆယ်ခန့်ပင် ရှိဦးမည်။ သူ့ယောကျ်ားက သူ့ထက် ဆယ်နှစ်ခန့် ကြီးသည်။ ပြီး ဒေါ်ကြီး ရှင်မွေးလွှန်းက တိုင်းရင်းသူတစ်ဦးမို့ ဖြူဖြူချောချောလေးဖြစ်သည်။ ထို့ကြောင့် သူ့ယောကျ်ားကလည်း အတော်ချစ်ပုံရသည်။ သို့ကြောင့်လည်း ဤမျှ ကလေးများခြင်းဖြစ်မည်။

သို့သော် ဒေါ်ကြီး ရှင်မွေးလွှန်း အသက်ရှည်ရှည်မနေခဲ့ရ။ ကျွန်တော်တို့ ဆယ်တန်းစာမေးပွဲကြီး ဖြေခါနီးတွင် ဆုံးပါးခဲ့ရသည်။ ဆုံးရသည့် အကြောင်းရင်းက ကလေး မီးမဖွားနိုင်၍ဖြစ်သည်။ မီးဖွားနေရစဉ်တွင်ပင် ကလေးရော မိခင်ပါ ဆုံးပါးသွားခဲ့ရသည်။

မှတ်မှတ်ရရ၊ ဒေါ်ကြီး ရှင်မွေးလွှန်း ရက်လည်သည့် ည။

ထိုညကလည်း ထုံးစံအတိုင်း၊ ည ၉နာရီအချိန်ခန့်တွင် ကျွန်တော် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့၏။ ဒေါ်ကြီး ရှင်မွေးလွှန်း ဆုံးသည့်နေ့မှစ၍ အောင်မျိုးက သူ့သောကနှင့်သူ ဖြစ်နေသဖြင့် လက်ဖက်ရည်ဆိုင် မလိုက်ဖြစ်တော့။ ကျွန်တော်တစ်ယောက်တည်းသာ လက်ဖက်ရည်ဆိုင်ရောက်ခဲ့၏။ ဆိုင်ရောက်တော့ ထုံးစံအတိုင်း သူငယ်ချင်းများနှင့် တွေ့ဆုံပြီး သင်ခန်းစာများအကြောင်း ဆွေးနွေးနေမိသဖြင့် အချိန်အတော်ကြာသွားသည်။ ကျွန်တော် ထပြန်လာတော့ ည ၁၀နာရီခွဲခါနီးနေပြီ။

မှတ်မိသည်က ထိုညက လမိုက်၏။ မြို့ထဲလမ်းပေါ်တုန်းကတော့ လမ်းမီးတိုင်များ ထွန်းထား၍ အလင်းရောင်ရှိ၏။ ကျွန်တော်တို့ လမ်းကြားလေးထဲရောက်တော့ လမ်းမီးတိုင်များ မရှိ၍ မှောင်နေသည်။ သို့သော် ကိစ္စမရှိ။ နေ့စဉ်သွားနေကျလမ်းမို့ ဘယ်နေရာတွင် ဘာရှိသည်ကို သိနေသဖြင့် စက်ဘီးကို ပုံမှန်အတိုင်းသာ နင်းလာခဲ့သည်။

ထိုသို့ နင်းလာရင်းဖြင့် အောင်မျိုးတို့အိမ်နားရောက်လာသည်။ အောင်မျိုးတို့အိမ်နားက ပိုမှောင်၏။ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ဆိုသော် အောင်မျိုးတို့အိမ်အနီး လမ်းတစ်ဖက်တွင် အလွန်ကြီးမားသည့် ကုက္ကိုပင်ကြီးရှိ၏။ ထိုကုက္ကိုပင်ကြီးမှ ကိုင်းလက်တက်အချို့က အောင်မျိုးတို့အိမ်ကိုပင် အပေါ်စီးမှ ဖုံးအုပ်နေသည်။

ထိုကုက္ကိုပင်ကြီး၏ အရိပ်ကြောင့် အောင်မျိုးတို့အိမ်နား လမ်းကြားက ပိန်းပိတ်အောင် မှောင်နေသည်။ ထို့ပြင် အောင်မျိုးတို့က အိပ်ရာဝင်လျှင် အိမ်ရှေ့မီးသီးကို ပိတ်၍ အိပ်လေ့ရှိသဖြင့် အလင်းရောင် လုံးဝ မရှိတော့ပေ။

ကျွန်တော် အပင်ကြီးမှ ထွက်နေသည့် သစ်ငုပ်အချို့တို့မှ လွတ်အောင် သတိထား နင်းရင်း အပင်ကြီးအောက်မှ ဖြတ်လိုက်စဉ် စက်ဘီးကို အနောက်မှ တစ်စုံတစ်ဦးက လှမ်းဆွဲလိုက်သလို တုံ့ခနဲ ရပ်သွားတော့၏။ စက်ဘီးလဲမသွားစေရန် ခြေတစ်ဖက်ထောက်လိုက်ရင်း နောက်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ မြင်တွေ့လိုက်ရသည့်အရာကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားရသည်။

"ဟင် . . . ဒေါ် . . . ဒေါ်ကြီး ရှင်မွေးလွန်း"

ဟုတ်ပါ၏။ ကျွန်တော်မြင်တွေ့လိုက်ရသည်က ကျွန်တော့်စက်ဘီးနောက်တွင် ဖြီးဖြီးဖြီး မျက်နှာကြီးဖြင့် ရပ်နေသည့် ဒေါ်ကြီး ရှင်မွေးလွန်း။

လမိုက်ရက်ဖြစ်သည့်အပြင် အပင်အရိပ်ကြောင့် မှောင်မည်းလွန်းနေသော်လည်း ဒေါ်ကြီး ရှင်မွေးလွန်းကိုတော့ ပီပြင်ထင်ရှားစွာ မြင်တွေ့နေရ၏။ ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသော်လည်း ထိုနေရာမှ ထွက်မပြေးဖြစ်ဘဲ ကြောင်၍ ရပ်နေမိရင်း နှုတ်မှသာ . . .



"ဒေါ် . . . ဒေါ်ကြီး ရှင်မွေးလွန်း။ ကျွန် . . . ကျွန်တော့်ကို . . . မ . . . မခြောက်ပါနဲ့နော်။ ကျွန်တော် . . . မ . . . မကြောက်ဘူး၊ မကြောက်တတ်ဘူး။ အ . . . အဖေရေ၊ ဟော . . . ဟောဒီမှာ ကျွန်တော့်ကို ဒေါ်ကြီး ရှင်မွေးလွန်း ခြောက် . . . ခြောက်နေတယ်ဗျို့"

ဟု အော်ဟစ်နေမိ၏။ အစောပိုင်းကတော့ မည်သူမျှ ပေါ်မလာသေး။ သုံးလေးခွန်းခန့် အော်ပြီးမှ အောင်မျိုးတို့၏ အိမ်တံခါးတွေ ပွင့်သွားပြီး လူတွေ ဆင်းလာသလို၊ အဖေလည်း ကျွန်တော့်နားသို့ အပြေးအလွှားရောက်လာသည်။

"သား . . . သား၊ ဘာဖြစ်တာလဲ"

"ငါ့တူ . . . ဘာဖြစ်လို့လဲ"

အဖေမှရော၊ အောင်မျိုးအဖေမှပါ ကျွန်တော့်ကို အတင်းမေးနေကြသော်လည်း ချက်ချင်း ပြန်မဖြေနိုင်။ အကြောက်လွန်ပြီး အမောဆို့နေသကဲ့သို့ ဖြစ်နေ၏။ ဒေါ်ကြီး ရှင်မွေးလွန်းကတော့ ကျွန်တော် စ,အော်စဉ်ကပင် ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။

"ကလေးက အတော်လန့်သွားတယ်နဲ့ တူတယ်။ လာ . . . လာ၊ ငါ့တူ၊ အိမ်ပေါ်တက်၊ ရေလေး ဘာလေး သောက်ရအောင်"

အရေးထဲ အောင်မျိုးအဖေက သူ့အိမ်ပေါ်သို့ ခေါ်နေသေး၏။ ကျွန်တော်က အတင်းငြင်းပြီး အဖေနှင့်အတူ အိမ်သို့သာ သုတ်ခြေတင်ခဲ့မိတော့သည်။ အိမ်ရောက်တော့ မိဘနှစ်ပါးက မေး၍ ကြုံတွေ့ခဲ့ပုံ အလုံးစုံကို ကတုန်ကယင်ဖြင့် ကျွန်တော် ပြန်ပြောပြလိုက်သည်။

"အင်း... မင်းတို့နှစ်ယောက်က ဒီလိုပဲ နောက်နေကျဆိုတော့ မင်းကို စ,တာဖြစ်ပါလိမ့်မယ် သားရယ်"

အဖေက ထိုသို့ မှတ်ချက်ချသည်။ ဟုတ်တော့ ဟုတ်ပါသည်။ ကျွန်တော် ယခင်က သူတို့အိမ်ရှေ့မှ စက်ဘီးဖြင့် ဖြတ်သွားစဉ် ဒေါ်ကြီး ရှင်မွေးလွန်းမှ အိမ်ရှေ့ လမ်းဘေး အမှိုက်များ လှည်းနေသည့်နှင့် ကြုံပါက ကျွန်တော်အလစ်မှာ နောက်မှ ဤသို့ပင် လှမ်းဆွဲတတ်၏။ ယခုလည်း ဤသို့ပြုခြင်းဖြစ်ဟန်တူ၏။ သို့သော် သူက နောက်သော်လည်း ကျွန်တော်က ကြောက်သွားသည်မှာ ယနေ့အထိပင်ဖြစ်ပါတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆-ဇူလိုင်လအတွက်
# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

**ဓေတ္တရာ ဆရာကျော်**

ဒီစာမျက်နှာဟာ စာဖတ်သူများအတွက် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်နှင့် မြောက် လမ်းညွှန်ပြသလို၊ ဘဝအစိတ်အပိုင်းကို တစ်ထောင့် တစ်နေရာက ပံ့ပိုးမှာ ဖြစ်ပါတယ်။

"ယုံကြည်တာကို အကြိမ်ကြိမ်လုပ်ပါ။ လုပ်ရင် သတ္တိတွေ ဖြစ်လာမယ်။ သတ္တိတွေကနေ ကံဖြစ်လာမယ်။ ကံကနေ အကျိုးပေးလာပါမယ်"

*(အာစရိယ ဩဂ်ဖ)*

**၂၀၁၆၊ ဇူလိုင်လ စန်းပွင့်ရက်များ**

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၀၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်၏။ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။

**သုံးစွဲပုံ ဥပမာ**

* တောင်အရပ် စန်းပွင့်သည့် ဇူလိုင် (၁)ရက်နေ့ဆိုပါစို့။ ဈေးရောင်းသူသည် ထိုနေ့အဖို့ တောင်အရပ်သို့ မျက်နှာမူ ကာ ဈေးရောင်းနိုင်သည်။
* ထိုနေ့တွင် ပြဿနာဖြေရှင်းစရာရှိ၍ ရင်ဆိုင်ပြောဆိုစရာရှိပါက တောင်သို့ မျက်နှာမူကာ ဖြေရှင်းပြောဆိုနိုင်သည်။
* ထိုနေ့ မနက်စောစော အိပ်ရာထကာ မျက်နှာသစ်သောအခါ ရေခွက်ကို ကြည့်၍ သရဏဂုံသုံးပါးဆိုပြီး တောင် အရပ်သို့ လှည့်၍ မျက်နှာသစ်ပါက ပွင့်လန်းမည်။
* ထို့အတူ ဂါထာမန္တန်များလည်း တောင်အရပ်သို့ လှည့်ပြီး ရွတ်ပွားပူဇော်ပါက အကျိုးကျေးဇူးများနိုင်ပါသည်။
* ဂမ္ဘီရအင်း၊ အဆောင်၊ လက်ဖွဲ့များ စီရင်ပါက ထိုနေ့အဖို့ တောင်အရပ်သို့ လှည့်၍ စီရင်နိုင်သည်။
* အကြံအစည်အသစ်ပြုခြင်း၊ ခရီးသွားခြင်း၊ ဆိုင်းဘုတ်တင်ခြင်း စသော ကိစ္စများရှိလည်း တောင်အရပ်သို့ လှည့် ခြင်း၊ သွားခြင်းဖြင့် ဉာဏ်ကို မှီ၍ အသုံးအစွဲပြုနိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

## ရတနာ

အစိမ်းရောင် ရတနာကို ဝတ်ဆင်၍ အကြံပြုပါ။ ဥပမာ- ကျောက်စိမ်းကို သုံးနိုင်ပါတယ်။

## ဂါထာ မန္တန်ရွတ်ဆိုရန်

(၂၁-၇-၂၀၁၆)၊ ကြာသပတေးနေ့ ညနေ ၆နာရီ ၄၀ မိနစ်မှ သန်းခေါင်ယံအတွင်း မဟာဝေဒ္ဒမ္ဗမန္တန်၊ ဓိဝါတပတိ ဂါထာ၊ အရဟံ စသော ကံပွင့် လာဘ်ပွင့် ဂါထာ မန္တန်များကို ပူဇော်ရွတ်ပွားပါ။ ငွေကြေးလာဘ်လာဘ ပွင့်လန်းပါမည်။




* ဤနေ့ညနေတွင် ကျက်သရေအပေါင်းနှင့် ပြည့်စုံသော "သီရိ"ယုဂ်ကောင်း ရပါသည်။
* မနေသိဒ္ဓိနက္ခတ် စန်းယှဉ်ကာလဖြစ်ပါသည်။
* (၂၂-၇-၂၀၁၆)၊ သောကြာနေ့ နံနက်စောစောတွင်လည်း ရွတ်ပွားပူဇော်သင့်ပါသည်။

## အကြံပေး ယတြာ

* **တနင်္ဂနွေသားသမီးများသည် မွေးနေ့မနက် ဘုရားတွင် အဖြူရောင်ပန်းလှူပါ။**
* **တနင်္လာသားသမီးများသည် ပန်းရောင်ရှိသော ပန်းကို လှူပါ။**
* **အင်္ဂါသားသမီးများသည် အနီရောင်ပန်းကို လှူပါ။**
* **ဗုဒ္ဓဟူးသားသမီးများသည် အဖြူရောင်ပန်းလှူပါ။**
* **ကြာသပတေးသားသမီးများသည် အဝါရောင်ပန်းလှူပါ။**
* **သောကြာသားသမီးများသည် အစိမ်းရောင်ပန်းလှူပါ။**
* **စနေသားသမီးများသည် အဝါရောင်ပန်းလှူပါ။**

❒



www.burmeseclassic.com

www.burmeseclassic.com

# မကျန်းမာသူ ယတြာစူမှို

မောင်တင်ကြွယ် (မြည်)

တစ်နေ့ ရွှေဆံတော်စေတီမှအပြန် မြောက်ဘက်စောင်းတန်းဦး ခြေရင်းထိပ်နား၌ ကိုတင်ဝင်းနှင့် ကျွန်တော်ဆုံဖြစ်သည်။ သူက ပြည်ဈေးကြီးသို့ အသွား၊ လိုင်းကားပေါ်ကနေ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးကို မြင်ပြီး ဆင်းလာတာဟု ဆိုသည်။ သူက ဧည့်ဝတ်ပြုလိုသည်ဆို၍ သူခေါ်ရာ လမ်းဘေး လက်ဖက်ရည်ဆိုင်၌ ထိုင်ဖြစ်ကြသည်။

သူနှင့် ကျွန်တော်က ဌာနတစ်ခုထဲမှာ အတူတာဝန်ထမ်းဆောင်ခဲ့သူများဖြစ်၍ အတန်ပင် ရင်းနှီးသူများဖြစ်သည်။ သည့်နောက် ကျွန်တော်က လုပ်သက်ဖြင့်၊ သူက သက်ပြည့်ဖြင့် အသီးသီး အငြိမ်းစားရယူပြီးနောက် ကွဲကွာသွားခဲ့ကြသော မိတ်ဆွေများဖြစ်သည်။ ပြီးသွားခဲ့သည့် နှစ်ကတည်းက သူနှင့် ဆုံဖြစ်တော့ သူက ကျန်းမာရေးမကောင်း။

သူနှင့် ခဏတာတွေ့ခိုက် သူ့အကြောင်း၊ ကိုယ့်အကြောင်းမေးကြ၊ ပြောဖြစ်ကြတော့ သူ ကျန်းမာရေးမကောင်း၊ ဆရာစုံနေပြီး ဘာရောဂါဟုလည်း မယ်မယ်ရရမဟုတ်၊ ဆေးလည်း စုံပြီး အရှင်းမပျောက်၊ တရှောင်ရှောင်နှင့် ခြောက်လခန့်ရှိပြီဟု ပြောပြသည်။

သို့ကြောင့်လည်း ကျွန်တော်က သူ့ကို ယတြာတစ်ခုလုပ်ဖို့ အကြံပေးဖြစ်ခဲ့သည်။ ထို ယတြာကိုပင် သူက ယုံယုံကြည်ကြည်နှင့် လုပ်ခဲ့သည်။ သည့်အတွက် သူကျန်းမာရေးကောင်းသွားပြီဟု ဆိုသည်။ ဤသည်ကို ကျေးဇူးတင်စကားပြောလို၍ ကျွန်တော့်အား ဧည့်ဝတ်ပြုခြင်းဖြစ်သည်။

ကျွန်တော်ပေးသည့် ယတြာကြောင့် ကျန်းမာရေးကောင်းသွားသည်ဆိုသော ကိုတင်ဝင်း၏ စကားကို မောင်စိုးမြင့်က သဘောကျနေသည်။ ဘယ်လို ယတြာလဲဆိုတာကို သိချင်နေပုံရသည်။ ထို့ကြောင့်...

"ဒီယတြာက လူနာအတွက် ပေးတဲ့ ယတြာနည်းပါ။ သာမန် ဆေးကုလို့ မပျောက်တဲ့အခါ၊ ဆေးဆရာ နှစ်ဦးသုံးဦး ပြောင်းကုလို့ မထူးခြားတဲ့အခါ၊ ဒီ ယတြာလုပ်ပြီးမှ ဆေးဆရာအသစ်ပဲ ခေါ်ခေါ်၊ အဟောင်းပဲ ခေါ်ခေါ်၊ ဆေးစွမ်းပြမယ်။ ရောဂါပျောက်ပါလိမ့်မယ်။

တွက်ပုံ တွက်နည်းကလည်း လွယ်ပါတယ်။ ရောက်ရှိတဲ့ ကောဇာနှစ်ကို တည်၊ တွက်လိုသည့် နေ့သားသမီးရဲ့ ဂြိုဟ်သက်နဲ့ ပေါင်း၊ ရတဲ့ ပေါင်းလဒ်ကို ၃နဲ့မြှောက်၊ ရလဒ်ကို ၇နဲ့စား၊ အကြွင်းကြည့်ပြီး အဖြေထုတ် ဟောရတာပါပဲ"

"ဒီ ယတြာနည်းလေးက ကောင်းတယ်ဗျာ။ နောက်အကြောင်းရှိရင် တွက်လို့ ရအောင် ကျွန်တော့်ကို ပုံစံလေးနဲ့ ရေးပေးပါဗျာ"

ဟု ကိုတင်ဝင်းက တောင်းဆိုသည်။

"ပြပေး၊ ရေးပေးပါ့မယ် ကိုတင်ဝင်းရယ်။ ကျွန်တော်က ကိုယ်သိထား၊ တတ်ထားတဲ့ ပညာကို ကိုယ်တိုင်စမ်းကြည့်တယ်။ မှန်တယ်၊ ကြိုက်တယ်ဆိုရင် ဝါသနာပါသူတွေအတွက် ပညာဖြန့်ဝေနေသူပါ။ ခင်ဗျားတွက်တတ်သွားရင် ကိုယ်ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ တခြားသူကိုပဲ တွက်ပေးပေး ကုသိုလ်ရတာပေါ့ဗျာ"

ဟု ပြောပြီး သူ့ ပိုသဘောပေါက်လွယ်အောင်၊ ယခင်နှစ်က တွက်ပေးခဲ့သည့်ပုံစံကိုပင် ပြန်ရေးပြရပါသည်။

"ပြီးသွားတဲ့ နှစ်က ၁၃၇၆ ခုနှစ်။ ခင်ဗျားက စနေသားဖြစ်လို့ ဂြိုဟ်သက်က ၁၀ နှစ်ရှိတယ်။ နှစ်ခုပေါင်းတော့ ၁၃၈၆ ဖြစ်သွားတယ်။ အဲဒီ ကောဇာနှစ်နဲ့ ဂြိုဟ်သက်ပေါင်း ရတာကို ၃ နဲ့ မြှောက်ရင် (၄၁၅၈) ရတယ်။ အဲဒီ ရလဒ်ကို ၇ နဲ့ စားရင် (၀)ကြွင်းတယ်။ အဲဒါ ပြီးသွားတဲ့ နှစ်က ခင်ဗျားကို တွက်ခဲ့တဲ့ ပုံစံပါ"

ဟု ပြောလည်း ပြော၊ ပြလည်း ပြရသည်။

**၁၃၇၆ ခုနှစ်၊ စနေသားအား တွက်သည့်ပုံစံ**

```
  ၁၃၇၆   တွက်လိုသည့် ကောဇာနှစ်
 + ၁၀    စနေသား ဂြိုဟ်သက်နှစ်
 ------
  ၁၃၈၆
  × ၃    အမြဲမြှောက်ကိန်း
 ------
  ၄၁၅၈   စုစုပေါင်း

 ၇ | ၄၁၅၈ | ၅၉၄
   | ၃၅
   ------
      ၆၅
      ၆၃
     ----
       ၂၈
       ၂၈
     ----
        ၀  ကြွင်း
```

www.burmeseclassic.com

"(၀)ကြွင်းအရ ခင်ဗျား လက်ရှိနေတဲ့အိမ်မှာ နေပြီး ဆေးဆရာမခေါ်ဖို့နဲ့ အိမ်ပြောင်းရွှေ့ပြီးမှ ခေါ်ဖို့ ကုဖို့ ပြောတာပါ။ တွက်နည်းပုံစံလေးသိပြီးရင် ဘာကြွင်းရင် ဘာလုပ်ရမယ်ဆိုတဲ့ အကြွင်းဟောလေးတွေကို သိဖို့ လိုက်ရေးဦးဗျာ"

ဟု ပြောပြီး အကြွင်းများအဟောကို အောက်ပါအတိုင်း ပြောပြရေးခိုင်းရသည်။

**အကြွင်းများအရ အဟော**

၁-ကြွင်းလျှင် ဆီမီးသက်စေ့ ပူဇော်ပါ။

၂-ကြွင်းလျှင် ဘုရား၊ စေတီမှာ ရွှေသင်္ကန်းကပ်လှူပါ။

၃-ကြွင်းလျှင် ရက္ခစိုးနတ်ကို ပူဇော်ပ,သပါ။

၄-ကြွင်းလျှင် ငါးသက်စေ့လွှတ်ပါ။

၅-ကြွင်းလျှင် သံဃာတော်များကို ဆွမ်းကပ်ပါ။

၆-ကြွင်းလျှင် ယာယီ အိမ်ယာပြောင်းရွှေ့ ခရီးထွက်ပေးပါ။

၀-ကြွင်းလျှင် နေအိမ်ပြောင်းရွှေ့ နေထိုင်ပါ။

"အဟောင်းပိုင်းက အကြွင်း(၇)မျိုး အဟော(၇)ချက်ရှိပါတယ်"

ကိုတင်ဝင်းနှင့် မောင်စိုးမြင့်တို့က သူတို့၏ စာရွက်လေးများကို ပြန်ဖတ်ကြည့်နေ၍ ကျွန်တော်လည်း ရေနွေးငုံ့သောက်ဖြစ်သည်။

"ကျွန်တော့်ကို ပြီးသွားတဲ့ နှစ်နဲ့ တွက်တော့ (၀)ကြွင်းတယ်။ အဟောက (၀)ကြွင်း နေအိမ်ပြောင်းရွှေ့ဆိုတာကိုလည်း သိတယ်။ ဒါပေမယ့် ကျွန်တော့်ကို ဘာဖြစ်လို့ မြောက်အရပ်ကို ရှောင်ခိုင်းတာလဲဆိုတာ နားမရှင်းဘူးဗျ။ အဲဒါလေး တဆိတ် ရှင်းပြပါဦး"

"ဟုတ်ကဲ့ ရှင်းပြပါ့မယ် ကိုတင်ဝင်း။ နေအိမ်ပြောင်းရွှေ့ဆိုတာမှာ နဂါးလှည့်လည်း ကြည့်ရပါတယ်။ အရပ်ရှစ်ပါးကိုလည်း ကြည့်ရပါတယ်။ မကျန်းမာသူဖြစ်နေတော့ နဂါးလှည့်မသင့်တဲ့ အရပ်ကို မပြောင်းသင့်ပါဘူး။ နဂါးလှည့်က ပြက္ခဒိန်တွေမှာ ပါတာ များတယ်။ အတိုမှတ်တဲ့ နည်းကတော့ ပေါင်းခူးဆွန်နောက်၊ နဝါဝါမြောက်၊ တော်ကျွတ်မုန်းရွှေ့ နတ်ပြာတွဲတောင်းလို့ မှတ်ကြပါတယ်"

"အင်း…အင်း။ အဲဒါက ပေါင်းခူးဆုန်နောက်၊ တပေါင်း၊ တန်ခူး၊ ကဆုန်အနောက်ဘက်လှည့် အရှေ့အရပ် မသွားကောင်းဆိုတာ မဟုတ်တာလား"

"ဟုတ်ပါတယ် ကိုတင်ဝင်း။ အရပ်လေးမျက်နှာမှာ တစ်မျက်နှာကို သုံးလစီလှည့်တာပါ။ နဝါဝါမြောက်ဆိုရင်လည်း နယုန်၊ ဝါဆို၊ ဝါခေါင် မြောက်ဘက် လှည့်တယ်။ တောင်သို့ မသွားကောင်း။ ကျန်တဲ့ လတွေလည်း ဒီလိုပဲ ကြည့်ရတာပါ။ နဂါးလှည့်အပြင် အရေးကြီးတာက နေ့သားအလိုက် ဘုမ္မိကျတဲ့ အရပ်တွေပါ။ ဘုမ္မိဆိုတာက အရပ်ရှစ်ပါးမှာ မိမိမွေးနံရဲ့ လေးခွင်မြောက်ကျတဲ့ အရပ်ဟာ ဘုမ္မိအရပ်ပါပဲ။ အဓိက ရှောင်ရမယ့်အရပ်လို့ ပြောချင်ပါတယ်။ ခင်ဗျားက စနေသား။ ခင်ဗျားရဲ့ မွေးနံအရပ်က စရေလို့ လေးခွင်မြောက်ဟာ ဘုမ္မိကျတယ်။ ထောင့်အရ သောကြာအရပ်က မြောက်ဘက်။ ဒါကြောင့် မြောက်အရပ်ကို ရှောင်လို့ ပြောရတာပါ"

"ကျန်တဲ့ သားသမီးတွေအတွက် ဘုမ္မိအရပ်ကရော ဘယ်အရပ်တွေလဲ"

"ပြောပြပါ့မယ် ကိုတင်ဝင်းရယ်။ နေ့သားတစ်ဦးစီမှာ အရပ်ရှစ်ပါးစီ ရှိတယ်။ ဒါကိုတော့ အကျယ်မပြောတော့ပါဘူး။ ဘယ်နေ့သားသမီးရဲ့ ဘုမ္မိအရပ်က ဘယ်အရပ်ဆိုတာပဲ ခင်ဗျား လိုက်ရေးထားဗျာ။ ရှောင်ရန်ပေါ့နော်"

**ဘုမ္မိအရပ်များ**

(၁) တနင်္ဂနွေသားသမီး - တောင်အရပ်

(၂) တနင်္လာသားသမီး - အနောက်တောင်အရပ်

(၃) အင်္ဂါသားသမီး - အနောက်အရပ်

(၄) ဗုဒ္ဓဟူးသားသမီး - အနောက်မြောက်အရပ်

(၅) ကြာသပတေးသားသမီး - အရှေ့မြောက်အရပ်

(၆) သောကြာသားသမီး - အရှေ့တောင်အရပ်

(၇) စနေသားသမီး - မြောက်အရပ်

(၈) ရာဟုသားသမီး - အရှေ့အရပ် (ဗုဒ္ဓဟူးနေ့ ၁၂နာရီနောက်ပိုင်း မွေးဖွားသူ)တို့ ဖြစ်ပါသည်။

နေ့သားအလိုက် အဲဒီအရပ်ဘက်တွေကို မျက်နှာမူပြီး စျေးဆိုင်၊ အိမ် မပြုရဘူး။ စီးပွားရှာ၊ ခရီးသွား ရှောင်ရတယ်။ ငါးသက်စေ့လွှတ်ဆိုရင်လည်း အဲဒီအရပ်ကို သွားမလွှတ်ရဘူး။ သံဃာပင့် ဆွမ်းကပ်၊ ရက္ခစိုး ပူဇော်ပသ၊ ဆေးဆရာပင့်တာကအစ အဲဒီအရပ်ကို ရှောင်သင့်တယ်။ ဗေဒင်ဆရာက ဟောလို့ အရပ်တိုင်းပြီး ကိုယ်စားစွန့်ပစ်ခိုင်းတာမျိုးပဲ လုပ်သင့်တယ်ဟု ကိုတင်ဝင်းကို ရှင်းပြရသည်။

"ကဲ…ကိုတင်ဝင်း။ ဒီလောက်ဆိုရင် တွက်နည်းလည်း တွက်တတ်၊ အဟောလည်း သိ၊ ရှောင်ရမှာလည်း နားလည်သွားပြီဆိုတော့ ကျန်တဲ့သူတွေ ဘယ်နေ့သားသမီးကိုမဆို တွက်ချက် အကူအညီပေးပြီး ကုသိုလ်ပြုလို့ ရတာပေါ့ဗျာ"

ဟု စကားလက်စသတ်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိမှုန်၊ မျက်စိနာ အမြန်ပျောက်တဲ့ နဂါးမောက်

ရောမြေ ကျော်ဝေ

လမ်းဘေးတွင် ချုံသဖွယ်ဖြစ်နေသည့် ကွဲ့နှောင်းချိတ်ပင်၏ အမြစ်များကို တူးနေသည့် ကိုဘအောင်အား စာရေးသူက…

"အစ်ကိုကြီး ကိုဘအောင် ဒီကွဲ့နှာခေါင်းချိတ်ပင်ရဲ့ အမြစ်တွေ က ရောင်းရလို့လား။ ဘာဆေးအဖြစ် အသုံးပြုပါသလဲ"

ဟု မေးသောအခါ ကိုဘအောင်က…

"ဒီဆေးမြစ်တွေကို နဂါးမောက်မြစ်လို့ ခေါ်တယ် စာရေးဆရာ။ ဆေးအသုံးကတော့ အမြစ်ကို ရေစင်အောင် ဆေးပြီး ကျောက်ပျဉ်မှာ ဆန်ဆေးရည်နဲ့ သွေးပြီး မျက်စိကို ကွင်းပေးထားရင် မျက်စိနာရောဂါနဲ့ မျက်လုံးပြာရောဂါပျောက်တယ်"

"မျက်စိနာပျောက်တာတော့ ဟုတ်ပါပြီ။ မျက်လုံးပြာရောဂါဆိုတာ ကျွန်တော် မရှင်းလို့ ပြောပြပါဦး"

"မျက်လုံးပြာရောဂါဆိုတာ မျက်စိအမြင်မကြည်လင်တာကို ပြောတာပါ ဆရာ။ ဥပမာဗျာ၊ သမီးနဲ့ အမေ လမ်းလျှောက်လာတယ်။ အမြင်က မသဲကွဲတော့ ဘယ်ဟာက အမေမှန်း၊ ဘယ်ဟာက သမီးမှန်း မသိတာကို ပြောတာပါ။ ဆရာတို့က မျက်စိကောင်းတော့ သမီးနဲ့ အမေလာတာမှာ သမီးကို ပိုပြီးမြင်မှာပေါ့"

ဟု ကိုဘအောင်က ရွှတ်နောက်နောက်စကား ပြောလေသည်။ စာရေးသူကလည်း…

"ဟုတ်မှလည်း လုပ်ပါ ကိုဘအောင်ရယ်၊ တော်ကြာ အပြေးရ လမ်းများနေပါဦးမယ်"

"ကျွန်တော်က နောက်တာပါ ဆရာ။ ကျွန်တော့်ဆိုက်ကားကို ဆရာ မစီးတာ ကြာပြီနော်။ အခါတိုင်း ဆရာ စာတိုက်ကို စာပို့သွားထည့်တိုင်း ကျွန်တော့်ဆိုက်ကားကို စီးနေကျပါ။ ဘာလဲ ဆရာက ကျွန်တော် အရက်သောက်လို့ ဆိုက်ကားကို မစီးတော့တာလား။ ကျွန်တော် အရက်ပြတ်သွားပါပြီ ဆရာရယ်။ ဒီဆေးမြစ်ကို ဆရာတော်တစ်ပါးက တူးခိုင်းတာပါ။ ဘာဆေးဖော်မလဲတော့ ကျွန်တော် မသိပါဘူး။ ကျွန်တော်သိတာက ကျွန်တော့်အမေ လက်တွေ့ပျောက်တဲ့ မျက်စိနာပျောက်ဆေးတစ်လက်ဆိုတာကိုတော့ ကျွန်တော် အာမခံတယ် ဆရာ။ ဆရာလည်း မယုံရင် လက်တွေ့စမ်းကြည့်ပါ။ ရှေးဟောင်း မြန်မာဆေးတစ်လက်မို့ ကျွန်တော် ပြောတာပါ"

စာရေးသူက ကိုဘအောင် ပြောပြသော ဆေးနည်းတစ်လက်ကို "မျက်စိမှုန်၊ မျက်စိနာ အမြန်ပျောက်တဲ့ နဂါးမောက် ဆေးမြစ်"ဟု အမည်တပ်၍ ကျန်းမာရေးဆန်းကြယ်မဂ္ဂဇင်းတွင် ဆေးဆောင်းပါးအဖြစ် ဖော်ပြပေးလိုက်ပါသည်။

လူတိုင်းအသိမှာတော့ ကွဲ့နှာခေါင်းချိတ်ပင်ဟုသာ အသိများပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com



ညွန့်ဝင်း (နတ်တလင်း)

# ကြက်သွန်နီ ဆေးအသုံး

ကြက်သွန်နီတွင် ဥတစ်လုံးမျိုးနှင့် အမြွှာမျိုးဟူ၍ နှစ်မျိုးရှိ၏။ စိုက်ပြီး ရက်ပေါင်း ကိုးဆယ်မှ တစ်ရာအတွင်း ဥများ တူးဖော်နိုင်သည်။ စိုက်ခင်းမှ တူးဖော်ပြီး ကြက်သွန်နီဥများကို အမြိတ်နှင့် ဥ တစ်လက်မခန့် ခွာ၍ ဖြတ်တောက်ရမည်။ တစ်လက်မအောက် လျှော့ဖြတ်ပါက ကြက်သွန်ဥ ပုပ်သွားနိုင်သည်။

ကြက်သွန်နီသည် အိမ်ရှင်မတို့ ဟင်းချက်ရာတွင် အမျိုးမျိုး အသုံးပြုနိုင်သော စားဖိုသုံး သီးနှံတစ်ခုဖြစ်သည်။ ဟင်းချက်ရာတွင် ကြက်သွန်နီကို အခွံသင်ပြီး အလုံးလိုက် ရေဆေးသင့်သည်။ လှီးစိတ်ပြီးမှ ရေဆေးလျှင် ကြက်သွန်နီအတွင်းရှိ ဆေးဖက်ဝင် အစေးများ ရေနှင့် အတူပါသွားလိမ့်မည်။

ခန္ဓာကိုယ်အရေပြား ယားယံခြင်း၊ အနာများ ရောင်တင်းခြင်းဖြစ်လျှင် ကြက်သွန်နီလတ်လတ်ဆတ်ဆတ်ကို အရည်ညှစ်၍ လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ ကြက်သွန်နီကို မီးအုံး၍ အရည်ညှစ်ပြီး နားအူခြင်း၊ နားကိုက်ခြင်း၊ နားပြည်တည်ခြင်းဝေဒနာများ ခံစားနေရပါက နားထဲသို့ ထည့်ပေးလျှင် သက်သာပျောက်ကင်းစေသည်။ ကြက်မျက်သင့်ရောဂါဖြစ်လျှင် ကြက်သွန်နီသတ္တုရည်တွင် ဆားအနည်းငယ်ထည့်ပြီး မျက်စဉ်းခတ်ပေးနိုင်သည်။

တစ်ဖန် အဖုအကျိတ်၊ အနာဖြစ်လျှင် ကြက်သွန်နီကို မီးအုံး၍ ထက်ခြမ်းခွဲကာ အနာပေါ် အုပ်လျက် ပတ်တီးစည်းပေးရမည်။ အဖုအကျိတ်နလျှင် တဖြည်းဖြည်းကြေ၍ ရင့်လျှင် ပေါက်သွားမည်ဖြစ်သည်။ အမျိုးသမီးများ ဓမ္မတာ မလာမီ ကြက်သွန်နီကို အစိမ်းလိုက် တို့မြှုပ်စားပေးလျှင် ဓမ္မတာထိန်ခြင်း၊ ကျန်ခြင်း မရှိဘဲ သွေးသားသန့်စင် ကျန်းမာစေသည်။ အဆစ်အမြစ်များ ရောင်ရမ်းကိုက်ခဲသော လေးဘက်နာဝေဒနာရှင်တို့သည် ကြက်သွန်နီရည်ကို မုန်ညင်းဆီ (သို့မဟုတ်) နှမ်းဆီဖြင့် ဆတူရောလိမ်းပေးလျှင် ပျောက်ကင်းစေပါသည်။

ထို့ပြင် နေပူလောင်၍ အသားအရေညိုခြင်း၊ ကွက်ခြင်း၊ မွဲခြောက်ခြင်းများအတွက် ကြက်သွန်နီအရည်ကို လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်သူများသည် ကြက်သွန်နီကို ရေသင့်ရုံဖြင့် ပြုတ်သောက်ပေးလျှင် ဆီးရွှင်ပြီး ဝေဒနာပျောက်ကင်းစေသည်။ လိပ်ခေါင်းရောဂါ၊ စအိုမှ သွေးယိုခြင်း၊ သွေးဝမ်းသွားခြင်းတို့ ဖြစ်လျှင် ကြက်သွန်နီအရည်တစ်ကျပ်သားနှင့် သကြားတစ်မတ်သား ရော၍ သောက်ပေးသော် ပျောက်ကင်းချမ်းသာမည်ဖြစ်သည်။ နေပူရှိန်ကြောင့် ခေါင်းကိုက်ခြင်း၊ အိပ်ရေးမဝ၍ မူးဝေကိုက်ခဲခြင်းခံစားရလျှင် ကြက်သွန်နီကို ခွဲ၍ နားထင်တွင် ကပ်ပေးနိုင်သည်။ အစားအသောက် ခံတွင်းပျက်နေသူများ ကြက်သွန်နီကို စဉ်း၍ ရေအေးဖြင့် သောက်ပေးလျှင် နှုတ်မြိန်၍ စားဝင်မည်ဖြစ်သည်။

ကြက်သွန်နီဥအစား ကြက်သွန်စေ့ကိုလည်း ဆေးအဖြစ် အသုံးပြုနိုင်သည်။ သို့သော် ကြက်သွန်စေ့သည် ပူသော အာနိသင်ရှိ၍ အုန်းရည်နှင့် တွဲဖက်သုံးသင့်သည်။ ကြက်သွန်နီစေ့ကို စားသုံးခြင်းဖြင့် ဆီးကိုက်ခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးကျောက်တည်ခြင်းနှင့် ခါးကိုက်ခြင်းဝေဒနာများကို ပျောက်ကင်းစေသည်။

ကြက်သွန်နီသည် ဘက်စုံသုံး ဆေးဖက်ဝင် သီးနှံဟု ဆိုရလောက်အောင် အစွမ်းထက် အသုံးဝင်ပေရာ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသကဲ့သို့ အာဟာရလည်းဖြစ်၊ ဆေးဝါးအာနိသင်လည်း ရအောင် နေ့စဉ်စားသုံးပေးသင့်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စပါးရိတ်သိမ်းပြီးသွားသည်နှင့် နေ သုံးရက်မျှ လှန်းထားကာ ကောက်လှိုင်းများ စည်းကြရတော့သည်။ ယခင်အခါကဆိုလျှင် ကောက်လှိုင်းစည်းပြီးသွားလျှင် တလင်းထဲသို့ အေးအေးဆေးဆေးနှင့်ပင် ကောက်လှိုင်း တိုက်ယူခဲ့ကြသည်။ သို့သော် ယခုနောက်ပိုင်းကာလတွင် မတ်ပဲများကို ဈေးကောင်းပေး၍ ဝယ်ယူနေကြသဖြင့် လယ်သမားတိုင်းမှာ ဆောင်းသီးနှံ မတ်ပဲများ အချိန်အခါမီ ကြဲနိုင်ရန် တက်သုတ်ရိုက်၍ လုပ်ကိုင်ကြရတော့သည်။

လယ်ကွက်ထဲတွင် စပါးပင်များ ရှိနေစဉ်မှာ အရိပ်မိုးထားသကဲ့သို့ ဖြစ်နေ၍ မြေများ လျှင်လျှင်မြန်မြန် မခြောက်ခဲ့သော်လည်း စပါးများ ရိတ်ပြီးသည်နှင့် လယ်မြေများမှာ တစ်နေ့တခြား ခြောက်လာလေသည်။

"ဟော့⋅⋅ဖိုးထောင်၊ မင်း ဆောင်းမတ်ပဲ့ ကြဲမှာမဟုတ်လား"

"ကြဲမယ်လေ ဦးကြီးထွန်းရဲ့"

"ကြဲမယ်ဆိုလည်း မင်းလယ်က စပါးတွေ မှည့်နေပြီပဲ။ ရိတ်တော့လေကွာ"

"ဟုတ်ကဲ့ ဦးကြီးထွန်း။ မနက်ကို စပါးရိတ်ဖို့ ချိန်းထားပြီးပြီဗျ"

"အေး၊ မတ်ပဲကို မြေအစိုဓာတ် မဆုတ်ခင် အချိန်မီအောင် ကမန်းကတန်း ထိုးကြဲတော့ကွ။ နောက်ကျနေရင် အပင်ပေါက် မကောင်းဘဲ ဖြစ်နေဦးမယ်လေကွာ"

စပါးရိတ်ပြီးသည်နှင့် ကောက်လှိုင်းစည်းများအား နံဘေးရှိ ကန်သင်းပေါ် ပုံထားပြီး ရိုးပြတ်ကွက်ကို မတ်ပဲမျိုးစေ့များ ကြဲလိုက်သည်။ ကြဲပြီးသောလယ်ကွက်အား ထယ်ခပ်ကြဲကြဲထိုးကာ၊ ထယ်စပ်သွားသည်နှင့် ကြမ်းတုံးနှင့် နှစ်ပြန်ခန့် ရိုက်ပေးလိုက်သည်။ ထိုအခါ ကြဲထားသော မတ်ပဲစေ့များက ထယ်ခဲများထဲ ကျသွားကြပြီး ကြမ်းတုံးရိုက်ပေးလိုက်တော့ အပေါ်မှ မြေစာများ ဖုံးဖိပေးလိုက်သလိုဖြစ်သွားသဖြင့် ထယ်ခဲများကြားမှ ပဲပင်ကလေးများ ပေါက်ထွက်လာကြမည်ပင် ဖြစ်သည်။

တကယ်တော့ ဖိုးထောင်က သားအကြီးဆုံးဖြစ်သည်။ တစ်ရပ်တစ်ကျေးတွင် အိမ်ထောင်ကျခဲ့ပြီးနောက် ယောက္ခမအိမ်တွင် လိုက်နေခဲ့သည်။ ယောက္ခမများ ကွယ်လွန်ခဲ့ကြသောအခါ ထိုရွာတွင် ဆက်နေလိုစိတ် မရှိသဖြင့် လုပ်လက်စ သူပိုင်လယ်များကို ရောင်းချပြီး မိဘရပ်ထံသို့ ပြန်လာခဲ့သည်။ ဖိုးထောင် ပြန်လာစဉ်တွင် သူ၏ ဖခင်သည် အသက်အရွယ်ရလာပြီဖြစ်၍ မလုပ်စေတော့ဘဲ ဖိုးထောင်ကသာ ဦးစီးပြီးလုပ်ကိုင်ပေးခဲ့သည်။

"သားရေ⋅⋅မတ်ပဲတွေ ကြဲပြီးသွားရင်တော့ နံဘေးပတ်လည်က ခြံတန်းကို ကာရံပေးထားဦးမှကွ။ မကာထားရင် ကျွဲနွားတွေ ဝင်စားကြလိမ့်မယ်"

"ဟုတ်ကဲ့ အဖေ။ မတ်ပဲတွေအားလုံးကြဲပြီးတာနဲ့ သား တောထဲတက်ပြီး ခြံကာဝါး သွားခုတ်ပြီး ကာမယ် အဖေ"

"အေးအေး၊ မင်း မေ့နေမှာစိုးလို့ အဖေ သတိပေးရတာပဲကွ"

"အို⋅⋅⋅အဖေရာ၊ ဘယ်မေ့လို့ဖြစ်မှာလဲဗျ။ ဒီလောက် အပင်ပန်းခံပြီး ကြဲထားရတဲ့ ပဲခင်းတွေကို ခြံမကာထားလို့ ကျွဲနွားတွေ ဝင်စားရင် မတ်ပဲအထွက်နည်းမှာပေါ့ဗျာ။ မတ်ပဲတွေက တစ်နှစ်မှာ ဈေး ပို့ပိုတက်လာနေတာဆိုတော့ ပဲများများထွက်အောင် ဂရုတစိုက်လုပ်ရမှာပဲ အဖေ"

မတ်ပဲက နိုင်ငံခြားဈေးကွက်ဝင်သော သီးနှံဖြစ်သည်။ ထို့ကြောင့် ငွေရှိသူတို့က ပဲအဝယ်ဒိုင်ဖွင့်ပြီး မတ်ပဲများကို ဈေးကောင်းပေး၍ ဝယ်ကြလေသည်။ ပဲနောက်၊ ကုလားပဲ၊ ဘိုကိတ်ပဲ၊ ပဲကြီး၊ ပဲကြား၊ ပဲဝိစပ် စသည်ဖြင့် ပဲအမျိုးမျိုးရှိရာတွင် မတ်ပဲတစ်မျိုးကိုသာ ဝယ်ယူကြသဖြင့် အခြား ပဲမျိုးများကို မိမိတို့ စားသုံးလောက်ရုံသာ အနည်းအပါးစိုက်ကြပြီး မိမိတွင် ရှိသမျှ မြေကွက်အားလုံးကို ဆောင်းသီးနှံ မတ်ပဲကိုသာ ကြဲကြလေသည်။ ဆောင်းလယ်လောက်တွင် ကျေးလက်ရွာများသို့ သွားရောက်ပါက ရွာပတ်ပတ်လည်ရှိ လယ်ကွင်းပြင်မှာ မတ်ပဲပင်များနှင့် စိမ်းစိုကာ၊ အစိမ်းရောင်ကမ္ဗလာ ကော်ဇောကြီး ဖြန့်ခင်းထားသလား ထင်မှတ်ကြရသည်။

မတ်ပဲက အပင်ပုမျိုးဖြစ်၏။ အပင်ပေါက်လာပြီး တစ်တောင်ခန့်ရှည်လာကာ၊ အကိုင်းအခက်များ ဖြာထွက်လာသည်။ နောက် အပွင့် ပွင့်၊ အသီး သီးတော့၏။ အရောင်မည်းမည်း အတောင့်ကလေးများ ဖြစ်၏။ အတွင်းက မတ်ပဲစေ့များမှာလည်း အမည်းရောင်ပင်ဖြစ်သည်။ ရောင်းချသည့်အခါတွင် တင်းတောင်းနှင့် ခြင်တွယ်၍ဖြစ်စေ၊ ကတ္တားချိန်နှင့် ဖြစ်စေ၊ ပေါက်ဈေးနှင့် ဖြစ်စေ၊ ရောင်းချကြရသည်။

ဆောင်းအခါတွင် လယ်မြေများ၌ ပဲပင်များ စိုက်၍ ရိတ်သိမ်းကြသည့်အခါတွင် အမြစ်များက မြေထဲတွင် ကျန်ရစ်ခဲ့ကြသည်။ မိုးကျ၍ စပါးစိုက်ရန် ထယ်ထိုးသည့်အခါ ထိုပဲမြစ်များမှာ ဆွေးမြည့်ပြီး မြေဩဇာအဖြစ် ရရှိ



www.burmeseclassic.com

www.burmeseclassic.com

> မင်းက တောထဲမှာ မိုးချုပ်နေတာကိုး။ အဲဒီလို နေဝင်ရီတရောအချိန်မျိုးဟာ ဒီလိုပဲ သရဲ တစ္ဆေတွေ ခြောက်လှန့်တတ်တယ်ကွ။ ဒါကြောင့်အိမ်က ကလေးတွေကို နေဝင်ရီတရောအချိန်မှာ အိမ်ထဲမှာ နေကြ၊ အိမ်ပြင် မထွက်ကြနဲ့လို့ လူကြီးမိဘတွေက သတိပေး တားမြစ်ခဲ့ကြတာပေါ့ကွာ

သဖြင့် စပါးအထွက်ကောင်းကြလေသည်။

"ဟော့…ဖိုးထောင်၊ မင်း မနှစ်တုန်းက ဆောင်းမှာ မတ်ပဲ စိုက်ခဲ့တာ တင်း ဘယ်လောက် ထွက်ခဲ့လဲကွ"

"အထွက်သားပေါ့ ဦးကြီးထွန်းရာ။ တင်းအစိတ်လောက် ရတယ်လေဗျာ။ ဒါတောင် လယ်ကွက်တချို့ကို အကုန် မကြဲခဲ့လို့ဗျ"

"ဒီနှစ်မှာရောကွ"

"ဒီနှစ်မှာတော့ ပဲဈေးလည်း ကောင်းနေလေတော့ ရှိသမျှ လယ်မြေအားလုံးကို ကြဲထားတယ်လေ"

"ငါကတော့ကွာ၊ လယ်မြေအားလုံးကို ပဲ ကြဲချင်တာကွ။ အိမ်ခွဲနေတဲ့ အကြီးကောင်က သူ့မှာ ပဲစိုက်ကွက်နည်းနေလို့ ငါ့လယ်ထဲမှာ ပဲ တစ်ကေလောက် ထည့်စိုက်ပါရစေလို့ ပြောတာနဲ့ စိုက်ခွင့်ပေးခဲ့ရတယ်လေကွာ"

"အေးပေါ့လေ ဦးကြီးထွန်းရယ်။ သားသမီးဖြစ်နေလေတော့ ဘယ် ငြင်းလို့ ဖြစ်မှာလဲဗျာ။ မိဘကတော့ လိုက်လျောပေးရတော့တာပေါ့။ ဒါပေမယ့် ဦးကြီးထွန်းမှာက လယ်မြေကေ များပါတယ်လေ။ မြေတစ်ကေလောက် ဖဲ့စိုက်စေပေမယ့် မထောင်းသာပါဘူး ဦးကြီးထွန်းရယ်"

ဖိုးထောင်လည်း မနေ့က မတ်ပဲများ ကြဲပြီးခဲ့သဖြင့် ခြံကာရန် တာစူရတော့သည်။

◈◈◈

ခြံကာဝါးဖြစ်သောကြောင့် ဝါးကို ရွေး၍ ခုတ်စရာမလို။ တောထဲလည်း ခပ်ဝေးဝေးသွားခုတ်စရာ မလိုပေ။ တောစပ်ရှိ တောင်ကုန်း တောင်စောင်း လျှိုမြောင်များဘေးတွင် ပေါက်ထွက်နေကြသော ဖြောင့်,ဖြောင့်၊ ကောက်, [illegible] ဝါးများကို သိမ်းကြုံး၍ ခုတ်တင်လာနိုင်လေသည်။

"ဟင်…ငါက ဒီအရပ်ကနေ တခြားရွာမှာ အိမ်ထောင်ကျပြီး သွားနေခဲ့တာဆိုတော့ ဒီတော ဒီတောင်ပေါ် တောင် မရောက်ဖြစ်တာ ကြာခဲ့ပြီပဲ။ တောတွေကလည်း ရှင်းနေပါတော့လား"

တကယ်တော့ အနောက်တောတွင် ဖိုးထောင်တို့ တစ်ရွာတည်းက ခုတ်ယူသုံးစွဲကြခြင်းမဟုတ်ပေ။ အခြားရွာများမှလည်း ထင်း၊ ဝါးများကို လာရောက် ခုတ်ယူခဲ့ကြသဖြင့် တောရှင်းနေခြင်းဖြစ်သည်။

"ဟော…ဟိုဘက်က တောင်ကုန်းပေါ်မှာတော့ ဝါးတောကို တွေ့ပြီ။ ငါ ဒီတောင်ကုန်းနားမှာပဲ လှည်းဖြုတ်ထားပြီး ဝါးခုတ် တင်ယူရမှာပဲ"

ဖိုးထောင် လှည်းဖြုတ်ပြီး သူ့နွားနှစ်ကောင်ကို လွှတ်ပေးထားလိုက်သည်။ ပြီးနောက် တောင်ကုန်းပေါ် တက်၍ တွေ့သမျှ ဝါးများကို ခုတ်၍ လှည်းဆီသို့ ဆွဲလာပြီး တင်သည်။

နံနက် ၁၁နာရီအချိန်ခန့်တွင် ဝါးများ ရခဲ့သဖြင့် သံကြိုးနှင့် ပတ်တုတ်ပြီး လှည်းပြန်ကောက်၍ ရွာသို့ မောင်းလာခဲ့လေသည်။

ထိုဝါးများအား ပဲခင်းနားတွင် ချထားခဲ့ပြီး လှည်းကို အိမ်သို့ မောင်းလာခဲ့သည်။

"သားရာ…နေမြင့်လှချည်လား ကွာ"

"ဟုတ်တယ် အဖေ။ ဝါးတွေက ရှားပါးနေလို့ လှည်းတစ်စီးစာရအောင် တော်တော်ခုတ်နေရလို့ဗျ"

ပဲခင်းပတ်လည်တွင် ခြံတန်းကာရံပေးရမည်ဖြစ်သောကြောင့် ဝါး တစ်ခေါက်နှင့်တော့ မလောက်နိုင်ပေ။ အနည်းဆုံး သုံးခေါက်လောက် တိုက်ရမည်ဖြစ်သည်။

◈◈◈

ဒီနေ့မှာတော့ ဖိုးထောင် ခြံကာဝါး တက်ခုတ်လျှင် တောထဲတွင် နေကုန်နေပြီး ညနေမှ လှည်းပြန်မောင်းလာမည်ဟု စိတ်ကူးမိသဖြင့် အိမ်မှ ထမင်းပါ ထုပ်ယူလာခဲ့လေသည်။

"ငါ မနေ့က ခုတ်တဲ့ နေရာမှာတော့ ခုတ်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ရှေ့ဘက် နည်းနည်းတိုးသွားပြီး ခုတ်ရမှာပဲ"

ဒီနေ့မှာတော့ ထမင်းပါ ထုပ်လာခဲ့သောကြောင့် ဝါးများ စိတ်ကြိုက် ခုတ်တင်နိုင်မည်ဖြစ်သည်။ ဖိုးထောင်

www.burmeseclassic.com

လှည်းမောင်းလာရင်း ဝါးပေါမည့်နေရာကို ကြည့်လာခဲ့သည်။

"ဟာ…ဟိုတောင်ကုန်းပေါ်မှာတော့ ဝါး တော်တော်ထူတာပဲ။ ငါ ဒီနားမှာ လှည်းဖြုတ်ထားခဲ့ပြီး ခုတ်တင်မှပဲ"

ဟု တွေးပြီး လှည်းဖြုတ်၍ သူ့နွားနှစ်ကောင်ကို အစာစားနိုင်ရန် လွှတ်ပေးထားလိုက်လေသည်။ သူကတော့ ထိုတောင်ကုန်းပေါ်သို့ တက်ကာ ဝါးခုတ်၏။ ခြကာဝါးက ဝါးဓလက်များအား ခုတ်သင်စရာမလိုသဖြင့် ဒီအတိုင်းယူပြီး လှည်းရှိရာသို့ ဆွဲ့ဆွဲပုံရလေသည်။ ဆွဲ၍ ခုတ်ပုံထားသော ဝါးပုံများမှာ သူ့လှည်းပတ်လည်တွင် ပုံအောနေလေတော့သည်။

"ဟာ… ဒီလောက် ဝါးတွေရလာပြီဆိုတော့ လှည်းတစ်စီးစာရလောက်ပြီထင်တယ်။ နေလည်း မြင့်နေပြီ။ ငါ ဝါးခုတ်ရပ်ပြီး ပါလာတဲ့ထမင်းထုပ်ကို နေ့လယ်စာ စားတော့မှပဲ"

ချောင်းကမ်းဘေး ရေအိုင်ရှိရာသို့ လာခဲ့ပြီး သစ်ပင်ရိပ်တွင် ထိုင်၍ ထမင်းထုပ် ဖြည်စားလေသည်။ စားသောက်ပြီးမှ လှည်းပေါ်သို့ ခုတ်ပုံထားသော ဝါးဓလက်များကို အရင်းအားရှေ့ဘက်တွင် ထားပြီး တင်လေသည်။

"ငါ ဝါးတွေ တင်ထားပြီးရင် ခဏ နေခိုနေဦးမှပဲ။ ညနေပိုင်း နေအေးမှပဲ လှည်းကောက်ပြီး ရွာကို ပြန်မောင်းတော့မယ်"

ဖိုးထောင် သစ်ပင်ရိပ်တွင် ထိုင်နားနေတော့သည်။

"အို…နေ့ခင်း နားနေတုန်းမှာ ဝါးနတစ်လုံးရှာခုတ်ပြီး နီးဖြာနေမှပဲ။ ဒါမှ ခြံတန်းကာရင် ချည်ဖို့ နီးအဆင်သင့်ဖြစ်မှာ"

ထိုရည်ရွယ်ချက်နှင့် လျှိုမြောင်တစ်ခုထဲသို့ ဝင်ကာ ဝါးအနတစ်လုံးရှာခုတ်ခဲ့လေ၏။ သစ်ပင်ရိပ်သို့ ပြန်ရောက်လျှင် ဆစ်ပိုင်း၍ ခွဲပြီး နီးဖြာနေလိုက်သည်။ ဝါးပိုင်း လေးငါးပိုင်းကုန်သောအခါ နီးတွေ တစ်ပုံကြီးရလေသည်။

"အင်း… နေတောင် အတော်ကျသွားပြီပဲ။ ငါ လှည်းကောက်ပြီး ပြန်မောင်းတော့မှပဲ"

လှည်းကောက်နိုင်ရန် အစာစားဖို့ လွှတ်ပေးထားသော သူ့နွားနှစ်ကောင်ကို ရှာဖွေရတော့သည်။ နွားများအား လွှတ်ထားသော နေရာသို့ လိုက်ရှာခဲ့သော်လည်း ရှာမတွေ့။

"ဟာ…ဒီနွားတွေ ဘယ်လောက်ထိအောင်များ သွားနေကြပါလိမ့်။ အခုထိ ရှာမတွေ့သေးဘူး"

နွားခြေရာကို ကြည့်၍ လိုက်ရှာသော်လည်း အစအနပင် မတွေ့ချေ။

"ဟိုရှေ့က မြောင်ထဲများ ဝင်သွားကြသလားပဲ"

"ဟာ…မြောင်ဝမှာ ခြေရာတွေ့တယ်ဆိုတော့ ဒီနွားနှစ်ကောင် ဒီမြောင်ထဲ ဝင်စားကြတာပဲ ဖြစ်မယ်"

ထိုမြောင်ထဲအတိုင်း လာခဲ့လေရာ အစာစားနေကြသော နွားနှစ်ကောင်ကို တွေ့ရလေသည်။ အစာဝသဖြင့် ဗိုက်များ ဖောင်းကားနေကြလေပြီ။

သို့နှင့် နွားနှစ်ကောင်ကို လှည်းရှိရာသို့ ပြန်မောင်းလာခဲ့ပြီး လှည်းကောက်တော့သည်။

"နွားတွေ ရှာနေရတာနဲ့ နေတောင် ဝင်သွားခဲ့ပြီပဲ။ ငါ ခပ်သုတ်သုတ်မောင်းပြန်ရတော့မှာပဲ"

လှည်းကောက်ပြီးသွားသည်နှင့် နွားနှစ်ကောင်ကို ကြိမ်တို့ပြီး မောင်းထွက်လာခဲ့တော့သည်။ မောင်းလာနေရင်း အချိန်က နေဝင်ရီအရောအချိန် ဖြစ်လာခဲ့သည်။


"ငါ ရွာပြန်အရောက် မိုးချုပ်တော့မှာပဲ။ လရောင်ကလေး ရှိနေလို့ တော်ပေသေးတယ်"

ဖိုးထောင် ဝါးလှည်းအား သွက်သွက်မောင်းနေလိုက်တော့သည်။

◈◈◈

"ဟင်… ကုလားအဘိုးကြီးတစ်ယောက် ငါ့ရှေ့ လှည်းလမ်းဘေးမှာ ရပ်ပြီး ကြည့်နေတာပါလား။ တောထဲက ပြန်လာတာ မိုးချုပ်နေလို့ ဖြစ်မယ်"

ထိုအဘိုးကြီးနား နွားလှည်း





www.burmeseclassic.com

www.burmeseclassic.com

ရောက်လျှင် လက်လှမ်း၍ တားနေလေသည်။

"ဩော်···အသက်က ကြီးကြီး၊ မိုးက မှောင်လာပြီဆိုတော့ အသွားခက်လို့ ငါ့လှည်းနဲ့ စီးလိုက်ချင်လို့ တားတာထင်တယ်"

ဖိုးထောင်လည်း ကုလားအဘိုးကြီးကို သနားမိသည်နှင့် လှည်းရပ်ပေးပြီး လှည်းပေါ်သို့ လက်ကို ဆွဲ၍ တင်ပေးလိုက်လေသည်။

"ဒီအဘိုးကြီးလက်ကလည်း အေးစက်နေပါလား။ နေများ မကောင်းဖြစ်နေသလားပဲ"

"ကဲ··· ဟောဒီ ဝါးတွေပေါ်မှာ ထိုင်ပြီး လိုက်ပါ။ သေချာလည်း ကိုင်ထားဦးနော်။ အောက်ကို ပြုတ်ကျမယ်"

ဖိုးထောင်လည်း သူ့လှည်းကို ဆက်မောင်းနေလေသည်။

"ဟော··· ဟိုရှေ့မှာ ချောင်းအတက်ရောက်တော့မယ်။ အဘိုးကြီး ရှေ့မှာ ချောင်းအတက်နော်၊ သေချာကိုင်ထားပါ"

ဖိုထောင်လည်း ကုလားအဘိုးကြီးကို ကိုင်ထားရန် သတိပေးပြီး ချောင်းအတက်ကို မောင်းတင်ခဲ့လေသည်။

"ဟင်··· ကုလားအဘိုးကြီး လှည်းပေါ်က ဘယ်လိုဆင်းသွားခဲ့ပါလိမ့်။ ချောင်းအတက်မှာများ လှည်းပေါ်က လိမ့်ကျနေခဲ့တာများလားပဲ"

သူ လှည်းကို ခဏရပ်ခဲ့ကာ၊ ချောင်းအတက်သို့ ပြေးလာခဲ့ပြီး ကြည့်၏။ ကုလားအဘိုးကြီးအား လုံးဝမတွေ့ရပေ။

"ဟာ···ဒါ··ဒါဆိုရင် ဒီအဘိုးကြီး···ဟာ·· ကုလားသရဲကြီး ဖြစ်မယ်။ လှည်းပေါ်ကို သူ့လက်ကိုင်ပြီး ဆွဲတင်တုန်းက လက်ကြီးက အေး



စက်နေတာဆိုတော့ ဖြစ်နိုင်တယ်"

ထိုသို့ တွေးသိခဲ့သဖြင့် ဖိုးထောင်လည်းကို အမြန်မောင်းလာခဲ့တော့သည်။

"ငါ့သားရယ်၊ မိုးချုပ်လှချည်လားကွာ။ အဖေတို့က စိတ်မချဖြစ်ပြီး ပူနေကြရတာကွ"

"နွားတွေကို လိုက်ရှာနေရလို့ မိုးချုပ်ပါတယ်ဆို ကုလား သရဲနဲ့ တွေ့ခဲ့သေးတယ် အဖေရ"

"ဟင်···ဟုတ်လား၊ ဘယ်နားမှာ တွေ့ခဲ့တာလဲ သားရ"

"ဟို···ကိုစိုး နှမ်းခင်းကွေ့အိုင်ကြီးက တက်လာတော့ တောထွက်ခါနီး လှည်းလမ်းဘေးမှာ လှည်းကို တားလို့ သနားတာနဲ့ လှည်းပေါ် ဆွဲတင်ပြီး မောင်းခဲ့တာလေ။ ချောင်းအတက်ပေါ်လည်း ရောက်ရော လှည်းပေါ်ကနေ ကုလားအဘိုးကြီး ပျောက်သွားခဲ့တော့တာပဲဗျ"

"ဩော်···အဲဒီ ကုလားအဘိုးကြီး လှည်းရပ်ခိုင်းတဲ့ နေရာက လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကုလားကြီး တစ်ယောက် လှည်ပင်းမှာ တံစဉ်ဖြတ်ရာနဲ့ အသတ်ခံခဲ့ရတဲ့ နေရာပဲကွ။ မကျွတ်မလွတ်သေးလို့ ခြောက်ခဲ့တာပဲ နေမှာပေါ့ကွာ"

ဖိုးထောင်လည်း သူ့အဖေပြောမှပင် သူ့အား ကုလားသရဲ ခြောက်ခဲ့ကြောင်း သိတော့သည်။ ကုလားကြီးရဲ့ လက်ကို ဆွဲတင်ကတည်းက အေးစက်နေသဖြင့် စိတ်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်မိခဲ့သားဟု ပြန်၍စဉ်းစားနေမိလေသည်။

"အေးပေါ့ကွာ၊ မင်းက တောထဲမှာ မိုးချုပ်နေတာကိုး။ အဲဒီလို နေဝင်ရီတရောအချိန်မျိုးဟာ ဒီလိုပဲ သရဲတစ္ဆေတွေ ခြောက်လှန့်တတ်တယ်ကွ။ ဒါကြောင့် အိမ်က ကလေးတွေကို နေဝင်ရီတရောအချိန်မှာ အိမ်ထဲမှာ နေကြ၊ အိမ်ပြင် မထွက်ကြနဲ့လို့ လူကြီးမိဘတွေက သတိပေး တားမြစ်ခဲ့ကြတာပေါ့ကွာ"

ဖိုးထောင်လည်း နောက်နေ့ ခြံကာဝါး သွားခုတ်လျှင် ထိုတောဘက်သို့ မသွားတော့ဘဲ၊ အခြားတောကိုသာ ပြောင်း၍ တစ်မနက်တည်းနှင့် ခုတ်လာခဲ့တော့မည်ဟု ဆုံးဖြတ်ခဲ့မိလေတော့သည်။

"ဩော်···ငါ့နယ်နော်၊ အဘိုးအိုယောင်ဆောင်ပြီး ခြောက်တဲ့ သရဲကိုမှ လှည်းနဲ့ တင်ခေါ်လာမိခဲ့ရတယ်နော်"

□

www.burmeseclassic.com

၂၀၁၆၊ ဇူလိုင်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိပြုလုပ်နေကျလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါ။ လုပ်ငန်းတိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း မကောင်းသေးပါ။ ပြည်တွင်းပြည်ပခရီးဝေးတစ်ခုသွားရမည်။ တောင်နှင့် မြောက်အရပ်မှ လာဘ်ငွေဝင်မည်။ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စက်ပစ္စည်း၊ စိန်၊ ဆိုင်ခန်း၊ စာအုပ် စသည့် အင်္ဂါနံပစ္စည်းအရောင်းအဝယ် အဆင်ပြေမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ သတင်းကောင်းကြားရမည်။ သားသမီး လက်အောက်ငယ်သားထံမှ အကူအညီရမည်။ အိမ်ခြံမြေထွက်ကိန်းရှိသည်။ လူငယ်များ ချစ်သူနှင့် ခွဲခွာနေထိုင်ရမည်။ မိဘအကြီးအကဲ ကျန်းမာရေးစိုးရိမ်ရမည်။ စနေနံပစ္စည်း ထီး၊ နာရီ၊ ဖိနပ် စသည်တို့ ထွက်ပြီး ပြန်ဝင်မည်။ ဝင်ပြီး ပြန်ထွက်မည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ရှင်သီဝလိရဟန္တာအား အာရုံပြု ရည်စူး၍ သရက်သီးလှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ဝင်ငွေထက် ထွက်ငွေများနေမည်။ အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းထွက်မည်။ ငွေ၊ ကျောက်မျက်ရတနာ၊ ခွေး၊ ကြောင်၊ ငါး စသည့် တနင်္လာနံများ ထွက်မည်။ ဆိုင်၊ စိန်၊ စက်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆား၊ စာအုပ် အရောင်းအဝယ် ကောင်းကျိုးပြုမည်။ နေအိမ်သို့ ရဟန္တာပုံတော်၊ ဓာတ်တော်၊ ရဟန်းသံဃာပုံတော် စသည်တို့ ကြွလာပါက ကောင်းသော နိမိတ်ဟု ယုံကြည်ပါ။ အလုပ်အကိုင် အဆင်ပြေမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ ရွှေ၊ ရတနာပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ယွန်းထည်၊ အဝတ်အထည်၊ အလှကုန်ပစ္စည်းဝင်မည်။ ပညာရေးကိစ္စ ဌွဲ၊ လုံ့လစိုက်မှ အောင်မြင်မည်။ ချစ်သူနှင့် သဘောထားကွဲလွဲနေမည်။ အုန်းသီးပါသော အစားအစာ၊ အမဲသား၊ ဘဲသား၊ ဘဲဥ စသည်တို့ ရှောင်ထားပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ခရေညွန့် (၆)ညွန့်လှူပြီး ရေတော်ကပ်၍ ဘုရား ရေသပ္ပာယ်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အလုပ်အကိုင်အကြံအစည်ကိစ္စ အောင်မြင်မည်။ စပ်တူရှယ်ယာ လုပ်ကိုင်ရမည်။ သားသမီး လက်အောက်ငယ်သားထံမှ အကူအညီရမည်။ ဆိုင်၊ စက်ပစ္စည်း၊ စိန်၊ ဆေးပစ္စည်း၊ စာအုပ်၊ ဆန်အိတ်၊ ဆီ၊ ဆား စသည့်အင်္ဂါနံများ ဝင်မည်။ အင်္ဂါနံနှင့် ဗုဒ္ဓဟူးနံတွဲထားသော အမည်ပိုင်ရှင်များ အလုပ်အကိုင် ရာထူးတိုးတက်မည်။ တောင် (သို့မဟုတ်) မြောက်အရပ်သို့ ခရီးထွက်ရမည်။ လူငယ်များ အပျော်ခရီး၊ ဘုရားဖူးခရီးသွားလာရင်း ချစ်သူတွေ့မည်။ မိဘအကြီးအကဲကျန်းမာရေး ဂရုစိုက်ရမည်။ ထီဝါသနာပါက (၆၄၊ ၄၆) ဂဏန်းတွဲပါတာကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရွက်လှညွန့်၊ ဝါးညွန့်၊ ရွှေပန်း ဘုရားကပ်လှူပါ။ ရွှေသကင်္န်းကပ်ပါ။ ဝါဆိုသင်္ကန်းကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကွရာ

### (ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ နေအိမ်သို့ ရဟန္တာ၊ ရဟန်းသံဃာပုံတော်၊ ဓာတ်တော်၊ ရုပ်ပွားတော်များ ကြွလာပါက ထိထိုးပါ။ နိမိတ်ကောင်းသည်။ သားသမီး လက်အောက်ငယ်သားထံမှ အကူအညီထောက်ပံ့မှု ရမည်။ ဝန်ထမ်းဆိုပါက ရာထူးတိုး၊ လစာဝင်ငွေတိုးမည်။ ခရီးဝေးသွားရခြင်း၊ ပြောင်းရွှေ့ခြင်းရှိသည်။ အိမ်ခန်းမှာ ကိစ္စအခက်အခဲကြုံရတတ်သည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွှယ်သောအလုပ် ပြုလုပ်ရမည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ သတင်းကောင်း ကြားရမည်။ သားသမီးပညာရေးအတွက် ငွေကုန်ကျမည်။ ထီဝါသနာပါက (၄)အစ (၆)အဆုံး၊ (၆)အစ (၄)အဆုံးထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - ရေသန့်ဘူး၊ သရက်သီး၊ ရှောက်သီးသုပ်၊ လောက်သေသွန့်တစ်မျိုးမျိုးကို ဗုဒ္ဓဟူး သောကြာ နှစ်ရက်လှူပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ကြာသပတေးနံအကွရာ

### (ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် မိမိထင်သလို ဖြစ်မလာဘဲ မထင်မှတ်တာတွေ ဖြစ်လာတတ်သည်။ အစီအစဉ်မရှိဘဲ ကောက်ကာငင်ကာ ခရီးသွားရခြင်း၊ ခရီးသွားဖို့ စီစဉ်ထားပြီးမှ ပျက်သွားရတတ်သည်။ အိုးအိမ် ပြန်လည်မွမ်းမံပြင်ဆင်ရမည်။ အိမ်ခြံမြေရောင်းထွက် ကိန်းလည်း ရှိသည်။ ဝင်ကိန်းမရှိသေးပါ။ ထွက်ပြီးပြန်ဝင်မည်။ ဆိုင်ခန်း၊ စက်ပစ္စည်းဝင်မည်။ ပုဂ္ဂလိကအလုပ်ထက် ဝန်ထမ်း အလုပ်က ပိုကောင်းသည်။ ရာထူးတိုး၊ လစာဝင်ငွေတိုးတက်ကိန်းရှိသည်။ တပည့် လက်အောက်ငယ်သားထံမှ အကူအညီရမည်။ အထက်လူကြီး၊ ဆရာသမားနှင့် သဘောထားကွဲလွဲမည်။ အိမ်ထောင်ဖက် စီးပွားရေး အလုပ်အကိုင် အဆင်ပြေမည်။ ဦးခေါင်းနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မိဘမဲ့ ကလေး၊ ပရဟိတကျောင်းတွင် ပညာရေးဆိုင်ရာ ပစ္စည်းတစ်မျိုးမျိုးလှူလိုက်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## သောကြာနံအကွရာ

### (သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် အလုပ်အကိုင် အကြံအစည်ကိစ္စ အောင်မြင်မည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ကွဲကွာနေသော ဆွေမျိုး၊ မိတ်ဆွေနှင့် ပြန်လည်ဆုံတွေ့ရမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ ဝန်ထမ်းများ နေရာဌာနပြောင်းရွှေ့ရခြင်း၊ ရာထူးဌာနနှုတ်ကိစ္စ အောင်မြင်မည်။ ကား၊ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရမည်။ အကြီးအကဲကျန်းမာရေး စိုးရိမ်ရမည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွှယ်သောအလုပ် ဆောင်ရွက်ရမည်။ မိမိအိမ်နောက်ဖေး အနောက်ဘက်မှာ မြွေတွေ့ပါက အောင်ဘာလေထီထိုးပါ။ မိသားစု၊ ဇနီးမောင်နှံ အတူတကွ ဘုရားဖူး အပျော်ခရီးထွက်ရမည်။ ချစ်သူနှင့် ယာယီခွဲခွာနေရမည်။ ထီဝါသနာပါက (၄)အစ (၆)အဆုံး၊ (၆)အစ (၄)အဆုံး အောင်ဘာလေထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရဟန်း သံဃာအား ရှောက်သီးသုပ်၊ သရက်သီးသနပ်၊ သရက်သီး၊ ရေသန့်ဘူး အဆင်ပြေသလို လှူဒါန်းပေးပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## စနေနံအကွရာ

### (တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် အလုပ်နှစ်ခုပြုလုပ်ရခြင်း၊ တာဝန်နှစ်ခုထမ်းဆောင်ရခြင်း စသည်တို့ ဆောင်ရွက်ရမည်။ လူမျိုးခြား နိုင်ငံခြား မင်းစိုးရာဇာနှင့် ဆက်နွှယ်ပြီး လုပ်ငန်းဆောင်ရွက်ရမည်။ ပြည်တွင်းပြည်ပခရီးသွားလာရမည်။ ရွှေငွေရတနာပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ အဝတ်အစား၊ ရေလုပ်ငန်း စသည်တို့ အရောင်းအဝယ် အဆင်ပြေမည်။ ငွေဝင်သော်လည်း ငွေမမြဲ ငွေမစုနိုင် ဖြစ်နေမည်။ တနင်္ဂနွေနှင့် ကြာသပတေးနေ့နံများ ရှောင်ထားပါ။ အုန်းသီးပါသော အစားအစာ၊ အမဲသား၊ ဘဲသား၊ ဘဲဥ စသည်တို့ ရှောင်ပါ။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ သတင်းကောင်း ကြားရမည်။ ချစ်သူနှင့် သဘောထားကွဲလွဲနေမည်။ ထီဝါသနာပါက (၄၆၈)ပါသော ထီလက်မှတ်ကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ် ဘုရားတွင် ရေတော်၊ အခေးမွှေးရည်၊ ရွက်လှည့်ပွန်း ရွှေပန်း၊ ဝါးညွန့် ရှောက်ယို တစ်မျိုးမျိုး ကပ်လှူ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

# နံ့ပေါ်အင်းနှင့် ရောဂါဝေဒနာများကို ပျောက်ကင်းချမ်းသာစေခြင်း

ကြည်ဝင်း (ဟသ်ာတ)

အဖျားရောဂါဝေဒနာများဖြစ်တဲ့အခါမှာ ရိုးရိုးအဖျားရောဂါဖြစ်သော်လည်း မပျောက်ကင်းဘဲ ရက်ခြား ရက်ခြား ဆိုသလိုပဲ ပြန်၍ဖျားသည်။ အဖျားမပျောက်ပါ။

မည်ကဲ့သို့သော ဆေးဝါးကို သောက်,သောက်၊ ဆေးထိုး,ထိုး။ မပျောက်ကင်းပါ။ ရောဂါဝေဒနာမှာ ခဏသာ သက်သာပြီး ပြန်ဖြစ်နေတတ်ပါသည်။

ထိုဖျားသောသူ၏ နေ့နံကို အင်းချ၍ မီးဖိုချောင် ကျပ်ခိုးစင်ပေါ်တွင် နံ့ပေါ်အင်း စတင်ချိတ်ဆွဲသည့်အချိန်နာရီမှ စ၍ ၂၄နာရီပြည့်အောင် ချိတ်ဆွဲထားပါ။

ချိတ်ဆွဲသည့်အခါ အင်းကို အပ်ချည်ကြိုးနှင့် ချည်၍ ချိတ်ဆွဲထားရပါမည်။

မည်သည့်နေ့၊ မည်သည့်အချိန်၊ မည်သည့်အခါမဆို အင်းဆွဲ၍ ချိတ်ဆွဲထားနိုင်ပါသည်။ ၂၄နာရီပြည့်သည်နှင့် အင်းကို ချိတ်ဆွဲထားရာမှ ဖြုတ်ယူ၍ ဆုတ်ဖြဲကာ သင့်တော်သည့် တစ်နေရာ၌ စွန့်ပစ်ပါ။

ဝေဒနာရှင်များ ဖျားနာနေရာမှ သက်သာပြီး ကျန်းမာလာပါလိမ့်မည်။

အရေးကြီးသည်မှာ ထိုအင်းကို မီးဖိုပေါ်တွင် ၂၄နာရီပြည့်အောင် ချိတ်ဆွဲထားရန်နှင့် ပြီးလျှင် ဖြုတ်ယူဆုတ်ဖြဲပစ်ရန်ဖြစ်ပါသည်။ ဆက်၍ ဆောင်မထားရပါ။ ပစ်ရမည့် အရပ်မလိုပါ။

ကလေးငယ်များ မှက္ခရုပေါက်ပါက (ကလေးငယ်၏ လျှာပေါ်တွင် အဖြူပြင်ကြီးကပ်ကာ နို့မစို့နိုင်ဖြစ်ခြင်း) ထိုကလေး၏ နေ့နံကို လူသွားများသော လမ်းလယ်ကောင် မြေကြီးပေါ်တွင် တုတ်တစ်ချောင်းနှင့် နံ့ပေါ်အင်းကို ရေးဆွဲပါ။ လမ်းသွား လမ်းလာများက ထိုအင်းအပေါ် တက်နင်းမိသည်နှင့် အင်းပျက်သွားပြီး ကလေးငယ်၌ ဖြစ်ပေါ်နေသော မှက္ခရုရောဂါလည်း ပျောက်ကင်းသွားပါသည်။

ငှက်ဖျားရောဂါဖြစ်သူများကိုမူ ထိုသူ၏ ကျောပြင်ပေါ်တွင် ထုံး၊ နနွင်းဖျော်၍ ကွမ်းရိုးနှင့် ဇီးကာ၊ ထိုသူ၏ နေ့နံအတိုင်း နံ့ပေါ်အင်းကို ရေးဆွဲပါ။ အင်းကွက်ပျက်သည့် အချိန်တွင် ငှက်ဖျားရောဂါလည်း ပျောက်ပါမည်။

မှိုင်းကိုင် စက္ကူပေါ်တွင် ဘေးတိုက် ရှစ်ကွက်၊ ဒေါင်လိုက် ရှစ်ကွက်ရေးဆွဲပါ။ အပေါ်ဆုံး ဘယ်ဘက်ထောင့်တွင် ဝေဒနာဖြစ်သူ၏ နေ့နံအတိုင်း ဂဏန်းနံပါတ်စဉ်အလိုက် တစ်ခုစီထိုးပြီး ရေးသွားပါ။ ခုနစ်နေ့သားရှိ၍ ၇မှာ ဆုံးလျှင် ၁-မှ ပြန်စပါ။ ရာဟုကို ၄-ဂဏန်းပဲ ယူပါ။ ကိတ်ကြိုဟ် ၉ကို တနင်္လာ ၂-ဂဏန်းသာ ယူရမည်။

**တနင်္ဂနွေသား၏ နံ့ပေါ်အင်းပုံ**

စတင်ဆွဲရန် ↓ ... ဆုံးရန် ↓

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

တစ်ခုစီ တိုး၍ ဆွဲသွားရန်

ပထမဆုံး တင်တန်းပြီးလျှင် ဒုတိယ ဒုတိယတင်တန်းအား တစ်ခုစီတိုး၍ ဘယ်ထောင့်မှ ညာထောင့်သို့ ဂဏန်းစဉ်အတိုင်း ရေးပါ။ ၇မှာ ဆုံးတိုင်း ၁-ဂဏန်းမှ ပြန်စပါ။ ကျန်သောအတန်းများ တစ်ခုစီတိုး၍ချသွားပါ။

ထိပ် ဘယ်-ညာထောင့်နှင့် အောက်ဘက် ဘယ်-ညာထောင့်တွင် မိမိနေ့နံပေါ်သောကြောင့် နံ့ပေါ်အင်းဟု ခေါ်ခြင်းဖြစ်ပါသည်။

ထူးခြားဆန်းကြယ်သော ဆေးနည်းဖြစ်ပါသည်။ စိတ်ချယုံကြည်စွာဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်နေသူကို ပြုလုပ်ကုသပေးနိုင်ပြီး ပျောက်ကင်းချမ်းသာစေပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးမင်းသိင်္ခ၏
# ငါးသေတ္တာလေးတစ်လုံး

သက်နှင်းဆွေ၊ပုပ္ပါး၊



ယနေ့ တစ်နံနက်လုံး ကျွန်တော့်မိသားစုဆရာဝန် ဒေါက်တာ ဦးဇော်လှဘူးနှင့်အတူ သူ့ကားလေးဖြင့် တာမွေ တံတားသစ်ကြီးပေါ်မှ ဖြတ်မောင်းခဲ့ကာ ဦးချစ်မောင်အိမ်ရာ အနီးရှိ "လပ်ကီးဆဲဗင်း"လက်ဖက်ရည်ဆိုင်တွက် မနက်စာ စားဖြစ်ပါသည်။ ထို့နောက် တာမွေအဝိုင်းထိပ်ရှိ အိုးရှင်းစူပါစင်တာကြီးသို့ ပြန်လာပြီး City Mark စာအုပ်ဆိုင်သို့ ဝင်ကာ ဖတ်ချင်သည့် စာအုပ်လေးတွေကို ဝယ်ဖြစ်ကြပြန်သည်။ ထို အိုးရှင်းစူပါစင်တာမှ "စီးကာရက်ရဆိ"ဆိုသည့် ကော်ဖီဆိုင်ကြီးမှာ ထိုင်မိကြပြန်ပြီး "အမေရိကန်နို" ကော်ဖီ ပြင်းပြင်းကို အရသာခံကာ သောက်ကြရင်း အေးအေးလူလူ စကားပြောနေမိကြပြန်သည်။ သည်လိုနှင့် တစ်နံနက်ခင်း အချိန်ကုန်သွားခဲ့လေတော့သည်။

ကျွန်တော့်နေအိမ်ရှိရာ ၁၅၇ လမ်းထဲသို့ ပြန်လာချိန်တွင်မှ တစ်စုံတစ်ရာကို သတိရလိုက်မိပြန်သဖြင့် လမ်းထဲမှ စတိုးဆိုင်လေးသို့ ဝင်ကာ ငါးသေတ္တာလေးတစ်လုံးကို ဝယ်ဖြစ်လိုက်ပြန်သည်။

နေ့ခင်းပိုင်းတွင်မူ နွေ၏ အပူရှိန်ကို ရှောင်သည့်အနေဖြင့် အခန်းအောင်းလျက် အေးအေးဆေးဆေး စာဖတ်နေဖြစ်စဉ် ကျွန်တော့်သူငယ်ချင်း အယ်ဒီတာ ဆရာ ကိုညို အေးက ဖုန်းဆက်၍ ယကြာအစီအရင် ဆောင်းပါးတစ်ပုဒ် အမြန်ရေးပေးဖို့ တောင်းပါလေတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း ဇိမ်ဖြင့် စာဖတ်မနေအားတော့ဘဲ စာရေးဖို့ ပြင်ဆင်ရပြန်တော့သည်။

စာရေးဖို့ စာရေးစားပွဲမှာ ထိုင်လိုက်သည်နှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းမှ ဆက်တီစားပွဲပေါ်တွင် အပြင်က ပြန်ရောက်ရောက်ချင်း နေ့လယ်နေ့ခင်းကြီးမှာပင် ကျွန်တော်ထွန်းထားသည့် ဖယောင်းတိုင်မီးအလင်းလေးကို သတိရလိုက်မိတော့သည်။ ထို့အပြင်…

"ဟေ့လူ…ကိုသက်နှင်းဆွေ၊ ခင်ဗျားကိုတော့ သူငယ်ချင်းအချင်းချင်းဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရဦးမယ်။ ခင်ဗျားကတော့ လောကီပညာတွေကို ကိုယ်တိုင်လည်း တကယ်တတ်ကျွမ်းပြီး၊ ကိုယ်တိုင်လည်း တကယ်လည်း သုံးစွဲလေ့ရှိတဲ့သူဆိုတော့ ဒီစကားက ခင်ဗျားအတွက်တော့ အထူးတလည် ပြောပြနေစရာတော့ မလိုပါဘူး။ ဒါပေမယ့်လည်း ပိုပြီးလေးလေးနက်နက် သတိထားပြီး ရေးစေချင်လို့ ပြောပြတာပါ။ လောကီပညာဆောင်းပါးတွေ၊ ဘာသာရေးကျင့်စဉ်တွေ ရေးတဲ့အခါ ထူးတာ ဆန်းတာရယ်လို့မှမဟုတ်ဘဲ လူတွေ တကယ်လိုက်နာကျင့်သုံးနိုင်တာတွေကိုပဲ ရွေးပြီး များများရေးပေးစမ်းပါဗျာ။ စာဖတ်ပရိသတ်တွေက တကယ်အားကိုးတကြီးနဲ့ လိုက်နာကျင့်သုံးကြတာဗျ။ အဲဒီတော့ စာတစ်ပုဒ်ရေးလိုက်တယ်ဆိုရင် စာအုပ်စီစဉ်တဲ့ အယ်ဒီတာမှာရော၊ စာရေးဆရာမှာပါ သိပ်ပြီး တာဝန်ရှိတယ်"

ဟု ဟိုတုန်းက ကိုညီအေး ပြောပြခဲ့ဖူးတာလေးကိုပါ သတိရလိုက်မိပြန်သည်။

◈◈◈

၂၀၁၅ နှင့် ၂၀၁၆ သည် ကျွန်တော် စာရေးအကျဲပါး ဆုံးနှစ်လို့ပဲ ဆိုရမည်ထင်သည်။ ပြီးတော့ အလုပ်လုပ်တာလည်း အနည်းပါးဆုံးနှစ်ဖြစ်ခဲ့သည်။

ဟိုယခင်နှစ်တွေတုန်းကတော့ စာရေးသည့် အလုပ်ကိုလည်း အားသွန်ခွန်စိုက် ရေးဖြစ်ခဲ့ပြီး လောကီပညာအလုပ်တွေကိုလည်း အချိန်ပိုင်းမျှ တွဲဖက်လုပ်ကိုင်နေဖြစ်ခဲ့ဖူးသည်။ ပြီးခဲ့သည့် ၂၀၁၅ နှင့် ယခု ၂၀၁၆ထဲမှာတော့ တစ်နှစ်ပတ်လုံး နားနားနေနေပဲ နေဖြစ်ခဲ့တာ များသည်။ ကဗျာရေးတာကိုပင် ဟိုအရင်နှစ်တွေလောက် များများ မရေးဖြစ်ခဲ့။

မှတ်မှတ်ရရပါပဲ။

၂၀၁၅ ထဲမှာ ကျွန်တော် ဆောင်ရွက်ပေးခဲ့သည့် အနည်းအကျဉ်းမျှသော အလုပ်လေးတွေထဲတွင် စင်္ကာပူမှာ အလုပ်လုပ်နေသည့် ကျွန်တော့်စာဖတ်ပရိသတ်အမျိုးသမီး တစ်ယောက်၏ အလုပ်ကိစ္စအတွက် ကူညီပေးခဲ့တာလည်း ပါသည်။ သူ့အလုပ်ကိစ္စတွေအတွက် လိုအပ်တာတွေကို ပံ့ပိုးပေးခဲ့ဖူးသည်။ သူက ကျွန်တော် ရေးခဲ့၊ ထွက်ခဲ့ဖူးသမျှ စာအုပ်အားလုံးကို စွဲစွဲမြဲမြဲဖတ်ပြီး တရိတသေ သိမ်းဆည်းထားလေ့ရှိသူ ကျွန်တော့်စာဖတ်ပရိသတ်စစ်စစ်တစ်ယောက် ဖြစ်သည်။ သူ့မိသားစုရှိရာ ရန်ကုန်မှာလည်း စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်နေလေသည်။ သူတို့လုပ်ငန်းအတွက် ကျွန်တော့်ထံမှ အကြံဉာဏ်တွေကို မကြာခဏ တောင်းခံလေ့ ရှိခဲ့သည်။ ကျွန်တော်က ၂၀၁၅ ထဲမှာ အခြားအလုပ်တွေ သိပ်မလုပ်ဖြစ်ပေမယ့် စာဖတ်ပရိသတ်ဆိုသည့် သံယောဇဉ်ဖြင့် သူ့အလုပ်အတွက်တော့ လိုအပ်တာလေးတွေ ဆောင်ရွက်ပေးဖြစ်ခဲ့သည်။

"ဆရာရေ…ဆရာ ဆောင်ရွက်ပေးခဲ့တာ ပထမပိုင်း တစ်လလောက်တော့ သိပ်မထူးခြားဘူးလိုလိုပဲ။ အခုတော့ သိသိသာသာ ထူးခြားလာပါပြီ ဆရာ။ ကျွန်မ ဒိုဗာတိုင်လည်း မှန်မှန်ဆင်းနေရပြီ။ ဝင်ငွေပိုကောင်းလာတာလည်း အမှန်ပါပဲ ဆရာ။ ဒါပေမယ့် ငွေမမြဲဘူး ဆရာရေ။ ဟိုလိုလို ဒီလိုလိုနဲ့ ကုန်,ကုန်သွားလိုက်တာ။ ဒီလဆိုရင် စင်္ကာပူ ဒေါ်လာ ငါးထောင်လောက် ဘယ်လိုကုန်သွားလိုက်မှန်းတောင် မသိလိုက်ဘူး။ ကျွန်မကပဲ လက်ဖွာလွန်းတာလား မသိပါဘူး ဆရာရယ်။ အဲဒါ ငွေမြဲစေမယ့် ယတြာလေး မ,စပါဦး"

ထိုအမျိုးသမီးက ထိုသို့ မက်ဆေ့(ချ်)ပို့လာသောအခါ ကျွန်တော် လွန်စွာ စိတ်ဒိုက်သွားရတော့သည်။

အမှန်တော့ ကျွန်တော့်ကို ထိုသို့ ပူဆာသူတွေ တော်တော်များများ ရှိခဲ့ဖူးပါသည်။ ထိုသို့ ငွေကုန်ကြေးကျ သက်သာအောင်၊ ငွေမြဲအောင် အဆောင်ယတြာတစ်ခုခု တောင်းတိုင်းလည်း ကျွန်တော့်စိတ်ထဲမှာ မအီမသာဖြစ်သွားခဲ့ရတာ အမှန်ပါပဲ။

ပိုက်ဆံဆိုတာ ကိုယ်တိုင်က စနစ်တကျ စိစစ်စီစီ သုံးမှ အကုန်အကျ သက်သာတတ်သည့် အရာမျိုးမဟုတ်ပါလား။ ငွေဝင်လမ်း ဖြောင့်ဖြူးသွားချိန်တွင် ထိုသို့ ငွေမြဲစေသည့် ယတြာပေးပါဦးဟု တောင်းဆိုသူတွေကို "အာမခံသော့ကြီးကြီးနဲ့ ပိုက်ဆံအိတ်ကို သော့ခတ်ထားပေါ့ဗျာ"ဟု ကျွန်တော်က ရယ်ကာမောကာ စ,ရင်း နောက်ရင်း ပြန်ပြောမိဖူးတာမျိုးတွေပင် ရှိခဲ့ဖူးသည်။

◈◈◈

သို့သော် သည်နှစ်ထဲမှာတော့ ကျွန်တော်ကိုယ်တိုင် ငွေကုန်ကြေးကျသက်သာစေမည့် ယတြာတစ်ခုကို သုံးဖြစ်ပါတော့သည်။ ကျွန်တော်ကိုယ်တိုင် ယုံယုံကြည်ကြည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ်သုံးဖြစ်နေသည်ဆိုက ပိုပြီးမှန်မည်ထင်ပါသည်။

ထိုယတြာမှာ ငွေကုန်ကြေးကျသက်သာစေရန်အတွက် ငါးသေတ္တာလေးတစ်လုံးဖြင့် ဆောင်ရွက်ရသည့် ယတြာပင်ဖြစ်သည်။ ထိုပညာခန်းကို ညွှန်ပြခဲ့သူမှာလည်း စာပေနယ်မှာရော၊ လောကီပညာနယ်ပယ်မှာပါ နေလို၊ လလို ထင်ရှားခဲ့သည့် ဆရာကြီး မင်းသိင်္ခပင်ဖြစ်သည်။ ပြီးခဲ့သည့် သုံးလေးလခန့်က ကျန်းမာရေးအတွက် သင်္ဘောသီးဖြင့် ယတြာချေသည့်အကြောင်း ရေးခဲ့စဉ်က ပြောပြခဲ့ဖူးသလိုပါပဲ။ ကျွန်တော်က ထိုဆရာကြီး၏ တပည့်အဖွဲ့အစည်းတွေထဲမှာ ပါဝင်ခဲ့ခြင်း မရှိပါ။ ထိုမျှသာမက၊ ကျွန်တော်သည် လောကီပညာတွေကို တတ်ကျွမ်းသည့် လောကီပညာရှင်တစ်ယောက်လည်း မဟုတ်ပါ။ မကြာခဏ ဝန်ခံခဲ့ဖူးသည့်အတိုင်းပင်၊ ကျွန်တော်သည် သာမာန် စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်သာဖြစ်ပါသည်။ ကျွန်တော့်ဝါသနာအရ တချို့ပညာတွေကို ဆရာများစွာထံမှာ တပည့်ခံလျက်၊ တချို့ကိုမူ စာပေကျမ်းဂန်တို့မှတစ်ဆင့် ကျကျနနလေ့လာလျက် ပညာဆည်းပူးဖြစ်ခဲ့ဖူးပါသည်။ ဆရာကြီး မင်းသိင်္ခ၏ စာပေတို့မှလည်း လောကီပညာရပ်တွေကိုရော၊ စာပေပညာတို့ကိုပါ များစွာလေ့လာဆည်းပူးဖြစ်ခဲ့ဖူးပါသည်။ ကျွန်တော့်ဘဝအတွက် လိုအပ်လာတိုင်း ထိုပညာတွေကို ကိုယ်တိုင်ယုံယုံကြည်ကြည်ဖြင့် တရိုတသေ သုံးစွဲခြင်းမျိုးတွေလည်း များစွာရှိခဲ့ပါသည်။ ထိုလောကီပညာတွေက ကျွန်တော့်ဘဝအား ကြီးမားစွာ ကျေးဇူးပြုနေခဲ့သည်မှာလည်း ယနေ့အထိပင်ဖြစ်သည်။

◈◈◈

ငါးသေတ္တာယတြာသည် ဆရာကြီး မင်းသိင်္ခ၏ တပည့်အများစုလည်း လက်သုံးထားသည့် ပညာတစ်ခုဖြစ်သည်။ ကျွန်တော်သည် ဆန်းပညာ၊ အင်္ဂဝိဇ္ဇာပညာ၊ ဓာတ်ယတြာပညာခန်းတွေကို အဓိက သုံးလေ့ရှိပါသည်။ ထိုပညာတွေထဲမှာလည်း ငွေဝင်ဖို့၊ ငွေမြဲဖို့ သုံးသည့်ပညာခန်းတွေ ရှိပါသည်။

ယခု ငါးသေတ္တာ ယတြာသည် အလွယ်တကူသုံးလို့ရသည့် ပညာခန်းဖြစ်ပြီး ထိထိမိမိလည်းရှိတာ တွေ့ရသည်။ ထိုပညာခန်းမျိုးတွေကို ဆရာကြီး မင်းသိင်္ခက ထိထိရောက်ရောက် သုံးစွဲတာတွေကို များစွာရှိခဲ့သည်။

ကျွန်တော်သည် ထိုငါးသေတ္တာဘူး ယတြာကို ဟိုယခင်က သုံးစွဲတာမျိုး သိပ်မရှိခဲ့ပါ။ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဘန်ကောက်သို့ တတိယအကြိမ်မြောက် ခေါ်သွားကာ ရာတွင် ငွေကုန်ကြေးကျ သိပ်များနေသဖြင့် အလွယ်တကူ သုံးလို့ရသည့် ထိုယတြာလေးကို သုံးဖြစ်ခဲ့ပါသည်။ ထူးလည်း ထူးခြားခဲ့ပါသည်။ ထိုအကြောင်း အသေးစိတ်ကို ဂျာနယ်တစ်စောင်မှာ ရေးဖြစ်ခဲ့ပါသည်။ ယခုရက်ပိုင်းမှာလည်း ဆေးခန်းပြရတာတွေ၊ ကိုယ်တိုင်က အလုပ်သိပ်မလုပ်နိုင်တာတွေ၊ စာသိပ်မရေးနိုင်တာတွေကြောင့် ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် ချင့်ချိန်ပြီး သုံးနေဖြစ်သလို၊ သည်ယတြာလေးကိုလည်း မကြာခဏသုံးဖြစ်နေပါသည်။ ကျွန်တော့်မိတ်ဆွေ လုပ်ငန်းရှင်တချို့ကိုလည်း အကုန်အကျသက်သာစေရန် ထိုယတြာလေးကို အလွယ်တကူလုပ်ဖို့ ညွှန်ပြနေဖြစ်ပါသည်။ ငါးသေတ္တာဘူးလေးကို နေအိမ်ဧည့်ခန်းမှ စားပွဲပေါ်မှာပဲ ဖယောင်းတိုင်လေးတစ်တိုင်ထွန်းကာ သုံးနိုင်ပါသည်။ ဘုရားခန်းမှာ စားပွဲဖြစ်စေ (သို့မဟုတ်) ဗီရိုပေါ်မှာဖြစ်စေ တင်ထွန်းလျှင်လည်း ဖြစ်ပါသည်။ ဘုရားကျောင်းဆောင်ပေါ်မှာ တင်ပြီး ဘုရားဆီမီးပူဇော်သည့်အနေဖြင့် ထွန်းညှိပူဇော်တာမျိုးလည်း လုပ်နိုင်ပါသည်။ ငွေကုန်ကြေးကျသက်သာစေသလို၊ ဝင်ငွေလည်း တိုးစေနိုင်ပါသည်။ ရိုးရိုးလေးနှင့် ထိမိသည့် လောကီပညာ၏ လျှို့ဝှက်ချက်တစ်ခုပါပဲ။

ဘာပဲဖြစ်ဖြစ် ငါးသေတ္တာလေးတစ်ဘူးသည် ကျွန်တော့်အား ထိုက်သင့်သလောက် ကောင်းကျိုးပြုခဲ့သည်ဆိုတာ လုံးဝ သံသယရှိစရာ မလိုပါ။ ပြီးခဲ့သည့် လကစက်ာပူမှ ကျွန်တော့်စာဖတ်ပရိသတ် အမျိုးသမီးထံသို့ ငါးသေတ္တာယတြာလေးကို မက်ဆေ့(ချ်)ပို့ကာ ညွှန်ကြားလိုက်ပါသည်။ သူလည်း ကောင်းကျိုးထူးသွားမှာ အမှန်ပါပဲ။ အားဂျင့်မှတစ်ဆင့် ကျွန်တော့်အတွက် "အန်ရှူးဝါး"ခေါ် အာဟာရမှုန့်တစ်ဘူး ပို့ထားကြောင်း မနေ့ကပဲ မက်ဆေ့(ချ်) ရထားပါသည်။

ဤဆောင်းပါးကို ထပ်မံ ရေးသားကာ ဝေမျှရင်း ဆရာကြီး မင်းသိင်္ခနှင့် အခြား ဆရာသမားတို့၏ ကျေးဇူးဂုဏ်တို့ကိုလည်း နဖူးမြေစိုက် ဦးတိုက် ကန်တော့လိုက်ပါသတည်း။

*အားလုံးသတ္တဝါ ချမ်းသာပါစေ - - -*

❒



www.burmeseclassic.com

www.burmeseclassic.com


# ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအံ့

## ကျော်ကြားထင်ရှားမြန်မာ့သာသနာ့သမိုင်းဝင်

## ဆရာတော်ကြီးများ

## ကောင်းပြည့်စုံ




နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ဘာသာရေးတို့တွင် ကျော်ကြားပြီး သမိုင်းဝင်ခဲ့သော ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ များစွာ ပေါ်ထွန်းခဲ့၏။

နောင်းလူတို့ လေ့လာကြည့်ရှုနိုင်ရန်အတွက် ရည်ရွယ်ပြီး ဆရာကောင်းပြည့်စုံက စုစည်းရာဖွေ တင်ပြထား၏။ ကျော်ကြားသလို၊ တန်ဖိုးမဖြတ်နိုင်သည့် သာသနာ့ အာဇာနည်ကြီးများ၏ အကြောင်းတွေဖြစ်သည်။

ဆရာတော်ကြီးတစ်ပါးချင်းစီ၏ ထေရုပ္ပတ္တိများကို ကြည့်ရှုနိုင်အောင် စာရေးသူက အားစိုက်ထုတ်ဝေထားသည်။

စာဖတ်သူများအနေဖြင့်လည်း ဆရာတော်ကြီး (၇၇)ပါး၏အကြောင်းကို အားပါးတရ ကြည့်ရှုစွာ ဖတ်ရှုလေ့လာရမည် ဖြစ်သည်။

သာသနာတော်အလိုက် ကြိုးပမ်းအားထုတ်ခဲ့သော ဆရာတော်ကြီးများ၏ အကြောင်းကို ဖတ်ရှုလေ့လာဖို့ တိုက်တွန်းချင်ပါသည်။

"စိတ်ကူးချိုချို အနုပညာ"က စီစဉ်ထုတ်ဝေထားပြီး စာအုပ်တန်ဖိုးမှာ (၆၀၀၀)ကျပ်ဖြစ်သည်။

---

## ဂင်္ဂါနှင့် ဧရာဝတီ

## ပါရဂူ




ဂင်္ဂါမြစ်သည် အိန္ဒိယ၏ ထင်ရှားသော မြစ်၊ အိန္ဒိယ၏ အသက်သွေးကြော ဖြစ်သည်။

ထို့အတူ ဧရာဝတီမှာလည်း မြန်မာနိုင်ငံ၏ အဓိကအကျဆုံး အသက်သွေးကြောမြစ်တစ်စင်းဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံနှစ်နိုင်ငံ၏ ပုံရိပ်နှစ်ခုကို ဥပမာတင်စားပြီး ဆရာ ပါရဂူက စာအုပ်ခေါင်းစဉ်ကို "ဂင်္ဂါနှင့် ဧရာဝတီ"ဟု ပေးထား၏။

ဆရာ ပါရဂူက ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ ဆရာကြီး၏ အနုပညာလက်ရာကို စိတ်ကူးချိုချိုမှ ပြန်လည်ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနယ်ပယ်များ အကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိများကို ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"စိတ်ကူးချိုချိုအနုပညာ"က စီစဉ်ထုတ်ဝေထားသည်။ တန်ဖိုးမှာ (၃၀၀၀)ကျပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲ

### မိုရစ်ကောလစ်




"မဟာ စာပေ"က စီစဉ်ထုတ်ဝေလိုက်သော လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း မှတ်တမ်းဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ရေးသားပြုစုသူမှာ မိုရစ်ကောလစ်ဖြစ်သည်။

ဤစာအုပ်၏ ထူးခြားချက်မှာ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းမှုသမိုင်းဆိုင်ရာများကို နေ့စွဲအလိုက် စနစ်တကျ မှတ်တမ်းပြုထားခြင်းပဲ ဖြစ်သည်။ သမိုင်းကို လေ့လာသူတို့အတွက် အကျိုးရှိစေသည်။

သခင် အောင်ဆန်း၊ သခင်နုတို့၏ လွတ်လပ်ရေးကြိုးပမ်းမှု ပုံရိပ်များနှင့် အတူ အခြားသူများ၏ အကြောင်းလည်း ပါ၏။

အင်္ဂလိပ်အဆုတ်၊ ဖက်ဆစ်ဂျပန်အဝင်။ အင်အားကြီး နိုင်ငံနှစ်ခု၏ ယမ်းကုန် မီးကုန် ထင်တိုင်းကြဲခံခဲ့ရသည့် စစ်တလင်းထဲမှ မြန်မာပြည်သူတို့၏ ဒုက္ခများကို မြင်တွေ့ခံစားရမည်ဖြစ်သည်။


အင်္ဂလိပ်အဆုတ် မြို့ပြအုပ်ချုပ်ရေးပျက်ပြီး တောကြောင်များ၏ ဒုက္ခပေးမှုကြောင့် ပြည်သူများ မျက်စိသူငယ်၊ အားကိုးရာမဲ့ ဖြစ်ခဲ့ရသော ဘဝများကို မှတ်တမ်းတင်ထား၏။

ဒုတိယအကြိမ် ထုတ်ဝေထားခြင်းဖြစ်ပြီး တန်ဖိုးမှာ (၅၀၀၀)ကျပ်ဖြစ်သည်။

---

## အနုပဋ္ဋိလောမ ရုပ်ဝါဒ

### မြသန်းတင့်




ဆရာ မြသန်းတင့်၏ စာအုပ်လေးကို ပြန်တွေ့လိုက်ရတော့ အတွေးအခေါ် ဝင်မွှတ်ခဲ့ရသော ဟိုးငယ်ဘဝကို ပြန်သတိရမိ၏။ ဒီစာအုပ်လေးကို ကျွန်တော်တို့ လူငယ်တွေ တိတ်တဆိတ် အငမ်းမရ ဖတ်ရှုခဲ့ကြရသည်။ "အနုပဋ္ဋိလောမ ရုပ်ဝါဒ"ဆိုသော စာအုပ်ကို လက်ဝယ်တွေ့ရှိ၍ ထောင်ကျသွားသူတွေကို မြင်ဖူး ကြားဖူးခဲ့သည်။

ပွင့်လင်းလွတ်လပ်လာသော ခေတ်တွင် အနုပဋ္ဋိလောမ ရုပ်ဝါဒကို တစ်ဖန် ပြန်လည်မြင်တွေ့ခွင့်ရကြခြင်းဖြစ်သည်။

မာ့က်(စ်)ဝါဒ၊ လီနင်ဝါဒ သဘောတရားများကို နားလည်လွယ်အောင် ဆရာ မြသန်းတင့်က ရှင်းလင်းပြထား၏။ တစ်နည်းအားဖြင့် ကွန်မြူနစ်ဝါဒ၏ သဘောတရားများပင် ဖြစ်သည်။

အနုပဋ္ဋိလောမ ရုပ်ဝါဒအကြောင်းကို ရှင်းလင်းပြတ်သားစွာ နားဝင်လွယ် အောင် ရေးသားထား၏။ ဝေါဟာရ ရှင်းလင်းချက်များ ပုဂ္ဂိုလ်အညွှန်းများကိုလည်း နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြပေးထား၏။

"ယဉ်မျိုးစာပေ"က စီစဉ်ထုတ်ဝေထားပြီး တန်ဖိုးမှာ (၁၅၀၀)ကျပ်ဖြစ်သည်။

*****



www.burmeseclassic.com

www.burmeseclassic.com

ရောမြေ ထွန်းထွန်း

# ဝမ်းတစ်လုံးကောင်း ဆေး

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"ဟု ဆိုစကားမှာ အလွန်မှန်ကန်၏။ အဘယ့်ကြောင့်ဆိုသော် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏မြေးတော် ဆရာ ဇီဝကကို လူတိုင်းကြားဖူးကြသည်မဟုတ်လား။ ဆေးဆရာ ဇီဝကဟာ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခ ဆရာကြီးထံတွင် ခုနစ်နှစ်တိုင်တိုင် ဆေးအတတ်ပညာသင်ကြားနေသည်။

တစ်နေ့တွင် မိမိဆရာမှ တစ်ယူဇနာအတွင်း အသုံးမဝင်သော သစ်ပင် သစ်ဥတို့ကို ရှာဖွေရန် ဇီဝကကို စေလွှတ်လိုက်၏။ ဒိသာပါမောက္ခ ဆရာကြီး ရှာဖွေခိုင်းသော အသုံးမဝင်တဲ့ သစ်ပင်သစ်ဥတို့ကို ကြိုးစား၍ ရှာဖွေသော်လည်း မတွေ့ရှိခဲ့ပေ။

ဆယ်ရက်မျှ ကြာသောအခါ ဆရာ ဇီဝကသည် သူ့ဆရာထံသို့ ပြန်ရောက်ရှိလာပြီး အသုံးမဝင်(ဆေးဖက်မဝင်)သော သစ်ပင်၊ သစ်ဥ၊ အသီးအပွင့်တို့ကို မတွေ့ရှိကြောင်း ပြောကြားလေ၏။ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးမှ "အချင်း ဇီဝက...သင်သည် ဆေးပညာတွင် အလုံးစုံ တတ်မြောက်ပြီးချေပြီ။ အသင်သွားလိုရာအရပ်သို့ သွားနိုင်ပြီ"ဟု ပြော၍ ဆရာ ဇီဝကအား ပြန်လွှတ်လိုက်လေသည်။ ဆရာ ဇီဝကလည်း မိမိ၏ တိုင်းပြည်သို့ ပြန်လာပြီး ဆေးအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။

ထို့ကြောင့် မြန်မာ့မြေပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်၊ သစ်ဥ၊ အပွင့်အသီးတို့သည် အသုံးမဝင်သော အရာဟူ၍ မရှိချေ။ မိမိတို့ မသိ၍သာ ကျော်လွှားသွားကြပေမယ့် တတ်သိနားလည်သူများက ဆေးဝါးအဖြစ် သုံးစွဲသဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းကြလေသည်။

ယခု စာရေးသူအနေဖြင့်လည်း မိမိလေ့လာဖတ်ရှုသင်ကြားထားတဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများထဲမှ ဈေးနှုန်းချိုသာပြီး ဝယ်ယူရ လွယ်ကူတဲ့ ဆေးတစ်လက်ကို အလွယ်တကူ အသုံးပြုနိုင်ဖို့ တင်ပြပေးလိုက်ပါသည်။

**ဆေးတွင် ပါဝင်သော ပစ္စည်းများနှင့် သုံးစွဲပုံ**

(၁) ချိုးသီး တစ်ကျပ်သား။ မေန်းစွယ်မြစ် ခြောက်ကျပ်သား။

(၂) ကလောသီး နှစ်ကျပ်သား။ နွယ်ချို ခုနစ်ကျပ်သား။

(၃) လိပ်ကျောက်ဆူး သုံးကျပ်သား၊ ဇဝက်သာ ရှစ်ကျပ်သား။

(၄) ကြွေပုပ် လေးကျပ်သား၊ သိန္ဓော ကိုးကျပ်သား။

(၅) အလိုက္ကျူ ငါးကျပ်သား၊ ကြံဂု တစ်ဆယ်ကျပ်သား။

၎င်း တစ်ကျပ်တိုး ဆေးဆယ်ပါး၏ အလေးချိန် တစ်ဝက်ကို ပွေးကိုင်းထည့်ပြီး စုပေါင်း၍ အမှုန့်ထောင်းသော် ငါးဆယ့်ငါးကျပ်သားအလေးချိန် ရှိရာ၏။ ကျန်တစ်ဝက်ကို လေလုံသော ပုလင်းထဲတွင် ထည့်၍ထားပါလေ။

ရောစပ်ပြီး အလေးချိန် ငါးဆယ့်ငါးကျပ်သားကို နေ့စဉ် ကွမ်းသီးလုံးခန့် စားပေးခြင်းဖြင့် ဆီး၊ ဝမ်း၊ လေမှန်ပြီး အပူအပုပ်ကင်း၍ ခန္ဓာကိုယ်ပေါ့ပါးကြည်လင် လန်းဆန်းပါသည်။ ဓာတ်ကြီးလေးပါးကို မျှတစေပါသည်။ "ဝမ်းတစ်လုံးကောင်းလို့ ခေါင်းမခဲ"ဆိုသည့် ဆိုရိုးစကားနှင့်အညီ ဤဝမ်းတစ်လုံးကောင်းဆေးကို စာဖတ်သူများအတွက် အကျိုးရှိစေရန် မေတ္တာဖြင့် ရေးသားတင်ပြပေးလိုက်ပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ငွေနှင်းမှုန်တို့ ရစ်သိုင်းလွှမ်းခြုံထားသော ညတစ်ည။ ည ဆိုပေမယ့် မှောင်နေခြင်းတော့ မဟုတ်။ ထိန်ထိန်လင်းသော ရောင်စုံ မီးပွင့်များကို လမ်းမီးတိုင် လမ်းဘေးဝဲယာရှိ တိုက်တာအဆောက်အအုံတို့မှ လင်းဖြာလျက်ရှိပုံကို ပိုးတဝါးမြင်နေရသည်။ လမ်းပေါ် ကားအသွားအလာပင် တစ်စီးမှမရှိ။ လူသူကင်းသော လမ်းမပေါ်မှာ "နွယ်"တစ်ယောက်တည်း။

မြူသိုင်းတဲ့ ပတ်ဝန်းကျင်၊ အေးစိမ့်စိမ့်အရသာ၊ မြင်နေရသော မြို့ပြရှုခင်း။ ဒါ ဘယ်မြို့လဲ။ နွယ် မမှန်းဆတတ်။ ဒီရှုခင်းမျိုး နွယ်နှင့် မစိမ်းတာတော့ အမှန်။ အထပ်ထပ်အခါခါ မြင်ရဖူး၍ အသိစိတ်မှာ စွဲနေရသော မြို့ပြရှုခင်း။ ဒါ မြန်မာပြည်တော့ မဟုတ်နိုင်။ မြန်မာပြည်ရဲ့ မြို့ငယ်လေးတစ်မြို့မှာ နေသော နွယ်က တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော၊ ရောက်ဖူးရန်မျှော်မှန်း၍ မရနိုင်သော နိုင်ငံရပ်ခြားကို တွေ့ဖူး မြင်ဖူးနေသည်က အဆန်းသား။

နွယ် တရွေ့ရွေ့သွားနေရင်း နှင်းဝေဝေမှာ လုပ်ခန့်ညားသော တံတားကြီးတစ်စင်း။ မြူများ ကျဆင်းနေသော မြစ်တစ်စင်းကို ပိုးတိုးဝါးတား မြင်နေရသည်။ တံတားပေါ်မှာ ပြေးလွှားနေပုံရသော လူရိပ်တစ်ရိပ်အား စိုက်ကြည့်မိတော့ အနက်ရောင်ဝတ်စုံနှင့် လူငယ်တစ်ယောက်။ နဖတ်စိုပြည်တဲ့ အသားအရေ၊ စွဲမက်ဖွယ် လှပတဲ့ ကိုယ်ဟန်၊ ညှို့ဓာတ်အပြည့်ပါတဲ့ မျက်ဝန်း၊ ပါးလျချောမောတဲ့ မျက်နှာ၊ သူ့ကို နွယ် သိနေပြီးသား။ သူ ဘယ်သူလဲ။ ဖျတ်ခနဲ ပုံရိပ်က အသွင်ပြောင်းသွားသည်။ နွယ်နှင့် အရင်းနှီးဆုံး၊ နွယ် အချစ်ရဆုံး ခင်ပွန်း "ကိုခန့်အောင်ဦး"၏ ရုပ်သွင်။ အသားညိုညို အရပ်မြင့်မြင့်နှင့် မောင့်မျက်နှာက တည်တည်ကြည်ကြည်။ အေးစိမ့်စိမ့် ရာသီပေမယ့် မောင့်မျက်နှာမှာ ချွေးတွေစို့လို့ မမောမပန်းပြေးနေရတဲ့ မောင်။ တံတားကြီးကလည်း ရှည်လျားနေလိုက်တာ ခြေနှင့် ကြမ်းပြင်မှ ထိရဲ့လား မသိ။ လုစ်ခနဲ လုစ်ခနဲ မောင် ဘာကြောင့် ပြေးလွှားနေရပါလိမ့်။

"မောင်...မောင်ရေ...နွယ့်ကို စောင့်ပါဦး"

နွယ် အော်ခေါ်သည်။ မောင်က တစ်ချက်လှည့်ကြည့်ပြီး တံတားပေါ်မှ ဖက်ရှက်လေးလို ပေါ့ပါးစွာ ခုန်ချသွားသည်။ လေဟာနယ်မှာ ဝဲပျံကာ မောင့်ခန္ဓာက လွင့်ပါးနေသည်။ ခဏအကြာ ရေခဲတမျှ အေးစက်ပုံရသော ရေပြင်ထဲ တဖြည်းဖြည်း နစ်မြုပ်ပျောက်ကွယ်သွားသည်အထိ နွယ် ငေးကြည့်နေမိဆဲ။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံကြောင့် နှင်းမှုန်ကြားမှ ပုံရိပ်တွေ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီ။

"နွယ်...နွယ်လေး၊ ထတော့လေ။ မောင် ဂေါ်ဖီထုပ်တွေ ခူးထားပြီးပြီ။ ခဏနေ ဈေးက ဖောက်သည်တွေ လာယူလိမ့်မယ်။ ထတော့နော်"

မောင့်အသံက အိပ်ခန်းဝမှ ပေါ်လာသည်။ နွယ် အာရုံတွေ စုစည်းမိသွားသည်။ အိပ်မက်ကမ္ဘာမှ လန့်နိုးသွားခဲ့ပြီ။ မောင့်အသံပါလားဆိုသည့် အသိက ရင်မှာ နင့်ခနဲ နာကျင်သွားရသည်။ ဒါ တကယ်လား။ ကြားလိုက်ရတာ တကယ့်ကို ပီပီသသ။ နွယ် အိပ်မက်မက်နေခြင်းပါ။ တကယ်တော့ အိပ်မက်ဟု ဆိုရသော်လည်း နွယ့်စိတ်မှာ စိုးမိုးနေခြင်းအကြောင်းတရားများကို အိပ်မက်အဖြစ် မက်နေခြင်းသာ။ နွယ် နှစ်ခြိုက်စွဲလမ်းစွာ ကြည့်ဖြစ်ခဲ့၍ ရင်းနှီးနေရသော ကိုရီးယားနိုင်ငံ၏ ပုံရိပ်များ။ နွယ် ကြိုက်လွန်း၍ အခါခါ ကြည့်မိသော "အစိမ်းရောင် နှင်းဆီ" မှ ဇာတ်ဝင်ခန်းများကို အိပ်မက်အဖြစ် ပြန်မက်နေခြင်းပါ။ ဒီဇာတ်လမ်းမှာ မောင်က ပါနေရသည်။

မောင့်အကြောင်းကို တွေးမိတော့ လူနှင့် စိတ် ကပ်မိသွားရပြီး အိပ်မက်မှ နိုးထလာရခြင်းပင်။ နွယ့်အိပ်ရာနံဘေးမှာ လူ အိပ်စက်ထားခြင်းမရှိတဲ့ အိပ်ရာခင်း၊ ဖြူလွလွ ခေါင်းအုံး၊ လက်ရှိ ဖြစ်ရပ်တွေကို သတိရမိတော့ "မောင်ရယ်"ဟု ညည်းမိရင်း မျက်ရည်က ပြိုဆင်းလာရသည်။ ထိန်းချုပ်၍ မရ။ မျက်ရည်မြစ်က အတားအဆီးမဲ့။ နွယ့်ဘဝထဲမှာ မောင် မရှိတော့တာ ရက်မှ လ,ကူးတော့မည်။ နောင်တတရားက ရင်ကို ဆုပ်ခြေ ထိုးနှက်၍ ကောင်းနေဆဲ။

◈◈◈

နွယ်နှင့် မောင် စ,တွေ့ခဲ့တာ ဟင်္သာတမြို့ရဲ့ လယ်တောထိပ်က နယ်ကောလိပ်မှာပါ။ အဝေးသင် ဖြေရင်း ဆုံခဲ့ကြခြင်းပါ။ ဒီတုန်းက အသည်းနှလုံးပုံ ရေကန်အနီးမှာ မောင် ချစ်ရေးဆိုခဲ့တာ နွယ် မေ့လို့ မရခဲ့ပါလေ။ မောင်က အသားခပ်ညိုညို၊ အရပ်မြင့်မြင့်နှင့် လူချောတစ်ယောက်။ နွယ်ကလည်း နှစ်ဆယ်ရာစု ဥမ္မာဒန္တီလို့ တင်စားခြင်း ခံခဲ့ရတော့ နွယ်တို့အတွဲဟာ တကယ်ပဲ လိုက်ဖက်ခဲ့ပါတယ်။

နွယ်နှင့် မောင် လက်ထပ်ပြီး နွယ်တို့ မြို့လေးမှာ မောင်က အလုပ်ဝင်ရတယ်။ နွယ်က အလုပ်လက်မဲ့။ နွယ့်ရော မောင်ပါ အသိုင်းအဝန်းက



www.burmeseclassic.com

www.burmeseclassic.com

ကြွယ်ဝသူများ မဟုတ်ကြတော့ ကိုယ့်နူး ကိုယ်ချွန်ရတဲ့ ဘဝ။ ဒါပေမယ့် နွယ့်ကို မောင်က ဘာမှမခိုင်းရက်ခဲ့။

စီးတဲ့ ရေ၊ ဆယ်တဲ့ ကန်သင်း၊ မိန်းမပီပီ အိမ်တွင်းမှုအလုပ်ပဲ လုပ်ပါ ဆိုပြီး နွယ်က အိမ်မှာ ငုတ်တုတ်။ နွယ်ကိုယ်တိုင်ကလည်း အလုပ်လုပ်ဖို့ စိတ်မဝင်စားပါ။

မိုနိုသူ့ဘဝမှာတောင် နွယ် ပျင်းမှာစိုးလို့ဆိုပြီး မောင်က တီဗွီလေး တစ်လုံးဝယ်ပေးထားလေရဲ့။ နွယ်တို့ မြို့လေးက ၂၄နာရီ မီးရတော့ နွယ့်မှာ အပျင်းပြေရတယ်လေ။ ရုံးလစာလေးနှင့် ခြိုးခြံချွေတာရတာက လွဲလို့ ပျော်စရာကောင်းတဲ့ ဘဝလေးပါ။

"နွယ်ရေ… သတင်းလေးတွေလည်း နားထောင်။ ခေတ်အကြောင်းလည်း သိရတယ်။ ဖတ်စရာ၊ မှတ်စရာလေးတွေလည်း လေ့လာပေါ့။ ပညာပေး ဇာတ်လမ်းလေးတွေလည်း လာနေတာပဲ"

နွယ်ကတော့ သတင်းအတို အထွာလည်း သိပ်မကြည့်ဖြစ်။ ခေတ်အကြောင်းလည်း စိတ်မဝင်စား။ ဗဟုသုတလည်း မရှာလို။ မြန်မာဇာတ်ကားတွေကို သိပ်မကြည့်ဖြစ်။ နွယ်နှစ်ခြိုက်တာ ကိုရီးယားအချစ်ကားများသာ။ အခန်းဆက်တွေဆိုတော့ ဇာတ်လမ်းတစ်ပုဒ်ကို စကြည့်မိလျှင် အမျှင်မပြတ်။ ဇာတ်ကားလာမည့် အချိန်စောင့်၊ ဇာတ်ရည်လည်အောင် အချိန်ပေး၍ အလုပ်ပိုရသလို၊ ကိုရီးယားကားတွေက စွဲတယ်ဆိုသော စကားကို နွယ် လက်ခံခဲ့ရပြီ။

အိမ်ထောင်သက် ကြာလာတော့ သမီးတစ်ယောက်၊ သားလေး တစ်ယောက်ရခဲ့သည်။ စီးပွားရေးကတော့ တိုးတက်မလာ။ နွယ် ရထားတဲ့ ဘွဲ့လေးကလည်း အလကားဖြစ်ခဲ့ရသည်။ နွယ်ကိုယ်တိုင်ကလည်း မောင့်ကို မိုနိုသူပီပီ နွဲ့ဆိုး ဆိုး၍ကောင်းတုန်း။ အသက်သာ ကြီးလာတယ်၊ နွယ့်စိတ်က လူငယ်စိတ်။ နုဆဲ နွဲ့ဆဲ။ ဒါကြောင့်လည်း ကိုရီးယားအချစ်ကားများသာ နှစ်ခြိုက်ခဲ့ခြင်းဖြစ်သည်။ မောင်က ချစ်စိတ်နှင့် ခွင့်လွှတ်လေ နွယ်က ဆိုးလေ။ ကိုယ့်ပညာနှင့် ရင်း၍ စီးပွားမရှာလိုသော နွယ့်မှာ သားသမီးတာဝန်တွေနှင့် မနိုင်မနင်း။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသော စကားမှာ နွယ်နှင့် မဆိုင်သလိုပါ။

ယောက်ျား၊ မိန်းမ ရင်ပေါင်တန်း အလုပ်လုပ်မှ စားဝတ်နေရေး အဆင်ပြေနိုင်သော ဒီခေတ်ဆိုးကြီးထဲမှာ မောင်တစ်ယောက်တည်း ရုန်းကန်နေရတာ သနားမိပေမယ့် ကူညီရကောင်းမှန်း နွယ် မသိခဲ့ပါ။ မောင်ကတော့ အပြစ်မမြင်ခဲ့။ ခင်ပွန်းအတွက်၊ သားသမီးအတွက် အိမ်ရှင်မ ကောင်းဖြစ်ရင် တော်ပါပြီတဲ့လေ။

မောင့်သူငယ်ချင်းတွေက…

"ခန့်အောင်… နွယ်လေးဝေလည်း ခေတ်ပညာတတ်တစ်ယောက်ပဲ။ အလုပ်တစ်ခုခုပေးလုပ်ခိုင်းလိုက်။ မနေတတ်ရင် အိမ်မှာ အရပ်ထဲက ကလေးတွေကို ကျူရှင်ပြရင် ဝင်ငွေရတာပေါ့။ ဒါမှမဟုတ် အိမ်ဆိုင်လေး တည်ပေးလိုက်ပါလား"

"နေပါစေတော့ကွာ။ သားသမီး တာဝန်နဲ့ သူ့မှာ မအားရှာဘူး"

နွယ်အလုပ်ကို စိတ်မဝင်စားတာကိုလည်း သိနေပြီ၊ အလုအပ မက်မောတာကိုလည်း သိနေတဲ့ မောင်က နွယ့်ဘက်က ဖေးမကာ ပြောပေးသည်။

သားနှင့် သမီး အတန်းရလာတော့ မောင့်လစာနှင့် မလောက်ငှ။ ဒီတော့ မောင်က အိမ်ခြံဝင်းထဲက မြေကွက်လပ်မှာ သီးနှံစိုက်ခင်းလေးလုပ်ပြီး အပိုဝင်ငွေရှာခဲ့ရသည်။ နွယ်တို့ခြံက အကျယ်သား။ အိမ်ခေါင်းရင်းမှာ ပန်းခင်းလေးတစ်ခုပျိုးထားသည်။ ဂန္ဓမာ၊ နှင်းဆီ၊ မေမြို့ စံပယ်ပန်း စုံအောင် မြောင်းဖော်၍ စိုက်ထားပြီး အိမ်နောက်ဘက်၌ ခရမ်း၊ ဂေါ်ဖီထုပ်များ စိုက်ထားတော့ ခြံလေးက လှလှပပ သာသာယာယာ။

ရုံးမှအပြန် နေဝင်သည်အထိ စိုက်ခင်းထဲ ဝင်ပြီး ပေါင်းနုတ်၊ ရေလောင်းနှင့် မောင့်မှာ မအားရှာ။ မောင်ကတော့ မညည်းပါ။ ရုံးအဆင်းမှာ အိမ်သူ့သက်ထားက အလုအပပြင်ပြီး ကြိုနေလျှင်၊ သားနှင့် သမီး စကားသံလေးတွေကို ကြားနေရလျှင် မောင်က ကျေနပ်နေတတ်သူ။ သားက ရှစ်တန်း၊ သမီးက ကိုးတန်းဖြစ်လာချိန်တွင် နွယ်တို့ မိသားစုလေး ပြေပြေလည်လည်ဖြစ်လာခဲ့တာ မောင့်ကျေးဇူး။ စိုက်ခင်းလေးက အားကိုးရပြီး ဝင်ငွေလည်း မဆိုးပါ။ ဒါကြောင့် မောင်က ခြံထဲမှာ စိုက်ခင်း ရေလောင်းနိုင်ဖို့ အဝီစိတွင်းတူးပြီး ရေတင်ရန် မော်တာလေး တစ်လုံးဝယ်၍ တပ်ဆင်ဖြစ်ခဲ့သည်။

ညနေ နေညိုညိုမှာ မောင်က သီချင်းတအေးအေးနှင့် ရေလောင်းနေကျ။ သားကလည်း ကူညီတတ်သည်။ နွယ်ကတော့ ချက်ရေးပြုတ်ရေးနှင့်မို့ မကူနိုင်။ တီဗွီမှ လာတဲ့ ကိုရီးယားဇာတ်ကားတွေကလည်း ကောင်းမှကောင်း။ စောင့်ကြည့်ရခြင်းကို နွယ်စိတ်မရှည်နိုင်။ မောင်က အားတဲ့အချိန် တရားခွေ နာနိုင်ရန် အောက်စက်ဝယ်ပေးထားတော့ နွယ့်အတွက်မှာ ရေတတ်တုန်း ရေတွင်းထဲ ကျရသလိုပင်။ ဇာတ်လမ်းတွဲတွေ အချိန်ပြည့် ကြည့်ရတော့

www.burmeseclassic.com

ဇိမ်တစ်မျိုးပေါ့။ မောင်က ရုံးသွား၊ သမီးနှင့် သားက ကျောင်းသွားချိန်တွင် ကိုရီးယားအချစ်ကားတွေ ဝယ်ပြီး ဇာတ်လမ်းမှာ နစ်ဝင်နေခဲ့သူက နွယ် ဆိုတဲ့ အိမ်ရှင်မရယ်ပေါ့။ တစ်ခါတလေ ဇာတ်လမ်းထဲ မျောပါပြီး ထမင်းချက် နောက်ကျလား ကျရဲ့။ ဟင်းအိုးတူးတဲ့ အခါ တူးရဲ့။

သားကတော့ စရိုက်တစ်မျိုး။ သား နှစ်သက်တာ ရေဒီယိုနားထောင် ခြင်း၊ တီဗွီသတင်း နားထောင်ခြင်း၊ အင်တာနက်သတင်း နားထောင်ခြင်းတို့ ပြုသည်။ ပြီးလျှင် မိဘကို ပြန်လည် ပြောပြတတ်တဲ့ သားလေး ခန့်ကိုကို က…

"မေမေရေ…ရေဒီယိုသတင်းက ပြောတယ်။ မိန်းကလေးတစ်ယောက် ရေချိုးပြီးစ ရေစိုလက်နဲ့ ဖုန်းအားသွင်းတာ ဓာတ်လိုက်လို့တဲ့"

"မေမေရေ…လျှပ်စစ်နဲ့ ချက်ရတာ သတိထားနော်။ မနေ့က မေမေ ရေနွေးအိုးတည်ပြီး တီဗွီကြည့်နေတာ ရေနွေးတွေ ဆူပြီး လျှံကျလို့ သား ပြေးပြီး ပလပ်ဖြုတ်လိုက်ရသေးတယ်"

သားက ပြောပေမယ့် နွယ်က တော့ အမှတ်မထား။ မောင်နှင့် သား ကတော့ သတင်းတွေ ဆွေးနွေးကြ သည်။ သမီး ယမင်းခန့်ကတော့ မိန်း ကလေးပီပီ လှဖို့ ပဖို့၊ ကိုရီးယား မင်း သမီးလေးတွေ ဝတ်တာ စားတာတွေ ကို အတုယူဖို့၊ ဒါတွေကိုပဲ စိတ်ဝင် တစားရှိနေခဲ့ပုံ။ နွယ်နှင့်အတူ ဇာတ် လမ်းတွေ ထိုင်ကြည့်တတ်သည်။ နွယ် လည်း မတားဆီးမိ။ ကိုရီးယားကား ကြည့်မှ၊ ကိုရီးယားစတိုင်လေးတွေ ရှိမှ ခေတ်မီတယ် ထင်မိတဲ့ အစွဲက နွယ့် အတွက် ဖြုတ်မရတဲ့ အစွယ်တစ်ခု။

မောင်က အားတဲ့အခါ နွယ်တို့ သားအမိတွေနှင့် ထိုင်ကြည့်တတ် သည်။ သတင်းတွေ နားထောင်၊ နိုင်ငံ အကြောင်း၊ ခေတ်စနစ်အကြောင်းတွေ ပြောတဲ့အခါ နွယ့်မှာ စိတ်မပါဘဲ ခေါင်း ညိတ်ရ၊ ပြုံးပြရနှင့် စိတ်တွေ ညစ်လို့ ပါ။

"မေမေ…အချစ်လော့ကားထဲက လေးများ ဇာတ်ကားမှာ မင်းသမီးက တစ်ဖက်သတ်နော်။ မင်းသားကို ချစ် စကား စ,ပြောတာ မိုက်တယ်နော်"

"ခေတ်ပေါ့ သမီးရယ်။ ခေတ် ရေစီးပေါ့။ တချို့ ခေတ်မီတဲ့ မိန်း ကလေးတွေက ပွင့်လင်းတယ်လေ"

နွယ့်အဖြေစကားကြောင့် မောင် က နွယ့်ကို မျက်နှာထားနှင့် လှမ်း ကြည့်လာသည်။ မောင့်မျက်နှာထားက တည်ပေမယ့် မမာကြောဘူး။ ဒါပေ မယ့် အခုလို ခက်ထန်တာမျိုး နွယ် မကြုံဘူးခဲ့။ မောင့်မျက်လုံး စူးစူးရဲရဲ ကြောင့် နွယ် လန့်သွားရ၏။

"မင်း ဘာပြောလိုက်တာလဲ နွယ်။ ဘာခေတ်လဲ။ မိန်းကလေးက စ,ချစ်စကားပြောတာ ခေတ်ရေစီးလား။ ဒါ မြန်မာပြည်။ မြန်မာ့ယဉ်ကျေးမှုရဲ့ ခေတ်ရေစီးမဟုတ်ဘူး။ တိုင်းတစ်ပါးက စီးလာတာ။ ကိုရီးယားနိုင်ငံက အချစ် ကားတွေက စီးလာတဲ့ ခေတ်ရေစီးမှာ မင်းတို့ မျောပါနေတာ မြန်မာအမျိုး သမီးတစ်ယောက်အနေနှင့် မင်း မရှက် ဘူးလား။ မင်းတတ်ထားတဲ့ ပညာတွေ က တလွဲတွေးဖို့လား။ ကိုယ်မွေးထား တဲ့ သမီးကိုတောင် လမ်းမှန်ပြမပေး နိုင်အောင် မင်းညံ့တာ ငါ ခုမှ သိတယ် နွယ်။ ပွင့်လင်းတယ်ဆိုတာ အတိုင်း အတာရှိတယ်။ မြန်မာဟာ မြန်မာလို ကျင့်ရမယ်ကွ"

ဒီတုန်းက နွယ် မျက်ရည်ကျရ သည်။ နွယ့်စိတ်ကူးအမှားကြောင့် တော့ မဟုတ်ဘူး။ မောင် အော်လိုက် ငေါက်လိုက်လို့ပါ။ ဒါပေမယ့် ခဏပါ ပဲ။ နွယ်ကတော့ အချစ်ဇာတ်ကားတွေ လောက် မောင့်စကားကို အရေးမထား ခဲ့ပါလေ။

◈◈◈

"ဖေဖေရေ… ဟို ချယ်ရီလမ်း က အစ်ကိုကြီးလေ၊ ဖုန်းလိုင်းပျက်လို့ ပြင်တာ ဓာတ်လိုက်လို့ ဆုံးသွား တယ်"

သားက ကျောင်းအဆင်းမှာ သတင်းတစ်ခုသယ်လာပြီး မောင်နှင့် သား သတင်းအကြောင်း အခြေအတင် ဆွေးနွေးလို့ နေကြသည်။

"ဖေဖေလည်း စိုက်ခင်းတွေ ရေ တင်ရင် လျှပ်စစ်နဲ့ ကိုင်တွယ်ရတာ သတိထားနော်။ ပြီးတော့ ဖေဖေက စိတ်မြန် လက်မြန်နဲ့"

"အေးပါ သားရယ်။ ဖေဖေ သတိ ရှိပါတယ်။ သားကမှ စိုးရိမ်ဖော်ရသေး"

မောင်က ပြောရင်း နွယ့်ဆီ ခေါင်းငဲ့ကြည့်သည်။

"နွယ်လည်း စိတ်ပူတာပေါ့ မောင်ရယ်။ မောင်က တစ်ခါတစ်ခါ စိတ်မြန် လက်မြန်နဲ့မို့"

"စိတ်ပူဖော်ရရင် ကျေနပ်ပါ တယ် နွယ်လေးရယ်"

မောင်က စိတ်မြန်သူ။ တစ်ခါ တလေ အလုပ်တစ်ခုကို မချင့်ချိန်ဘဲ လုပ်တတ်သူ။ ဒါကို နွယ် သိထားခဲ့ သည်ပဲ။

မောင့်ကို ဂရုတစိုက်ရှိဖို့၊ မောင် အလုပ်လုပ်စဉ် ဘေးမှကူညီဖို့ အချိန် မပေးနိုင်တဲ့ နွယ့်ရဲ့ အားနည်းချက်ဟာ တစ်သက်တာအတွက် အမှားတစ်ခု အဖြစ် နွယ် သိလိုက်ရချိန်ဟာ နှောင်း လွန်းခဲ့ပြီပေါ့။

အဲဒီနေ့က မောင် ရုံးအဆင်း



www.burmeseclassic.com

www.burmeseclassic.com

နောက်ကျတယ်။ အိုဒီရှိလို့တဲ့လေ။ အိမ်ပြန်နောက်ကျတော့ စိုက်ခင်းဝင်တာ နောက်ကျသွားခဲ့ပြီပေါ့။

ညနေချိန် နေဝင်ရီတရော လင်းမီးများပင် လင်းနေခဲ့ပြီ။ အိမ်ပေါ်မှ မီးပွင့်တွေကို လိုက်ဖွင့်ပြီး ပြတင်းတံခါးတွေကို နွယ် လိုက်ပိတ်လိုက်သည်။ ထမင်းပွဲပြင်ပြီး မောင့်ကို စောင့်ရင်း ကိုရီးယားကား ဖွင့်ကြည့်နေလိုက်၏။ သားနှင့် သမီးကတော့ ထမင်းစားပြီး စာကြည့်ခန်းထဲ ဝင်ဖို့ ပြင်နေကြသည်။ သားအခန်းက ရေဒီယိုဖွင့်သံ ကြားလိုက်ရပြီး သမီးကတော့ မိခင်အနားမှာ ဇာတ်လမ်းကြည့်ချင်ပုံနှင့် ရစ်သီရစ်သီလုပ်နေသည်။ နွယ် မသိယောင်ဆောင်နေလိုက်ရသည်။ မောင်သိရင် ကြိုက်မှာ မဟုတ်ဘူးလေ။

အိမ်နောက်ဘက်မှာ မော်တာစက်သံ ကြားနေရသည်။ ဂေါ်ဇီခင်းက အတော့်ကို ဖြစ်ထွန်းနေတော့ မောင် ဂရုစိုက် ရေလောင်းနေရသည်။ ည ရှစ်နာရီနီးပေမယ့် လက်စ မသတ်နိုင်သေး။ နွယ်ကလည်း ဇာတ်လမ်းထဲမှာ စိတ်နှစ်ထားလိုက်သည်။

ခဏအကြာ ခေါ်သံလိုလို၊ အော်သံလိုလို ကြားလိုက်မိသည်မို့ နွယ် အိမ်ခေါင်းရင်း ပြတင်းဝကို လှမ်းကြည့်လိုက်သည်။ အိမ်နောက်ဘက် မီးလုံးက မလင်း၍ အိမ်ပေါ်မှ အလင်းရောင်ဖြာကျနေတဲ့ မှုန်ဝါးဝါးအလင်းရောင်အောက်မှာ ခြေပစ် လက်ပစ်နှင့် မောင့်ကို မြင်လိုက်ရသည်။ မောင် ဘာလုပ်နေတာလဲ မသိ။ ဇာတ်လမ်းမှာလည်း အာရုံကျနေ၍ ၅မိနစ်ခန့် ဇာတ်ကားရှေ့မှာ ရပ်ကြည့်နေမိပြီးမှ အိမ်ပေါ်မှ ခြံထဲသို့ ဆင်းဖို့ နွယ် ဟန်ပြင်လိုက်သည်။

စိုက်ခင်းမှာ မီးက မှောင်မှောင်၊ မော်တော်စက်သံလည်း ရပ်နေပြီး မောင့်အရိပ်လည်း မမြင်ရ။ စိုက်ခင်းနားရောက်တော့မှ ရေအိုင်ထဲမှာ လဲကျနေတဲ့ မောင့်ကို မြင်လိုက်ရသည်။ "မောင်"ဟု အော်ခေါ်ရင်း နွယ် ပြေးသွားဖို့ ပြင်လိုက်တော့ ခြံချင်းကပ်ရက်ခြံမှ ဦးလေးမောင်က ခြံထဲ အပြေးဝင်လာပြီး . . .

"မနွယ်...တူမ အနားမကပ်နဲ့။ မောင်ခန့် ဓာတ်လိုက်ခံရတာ ဖြစ်မယ်။ စောစောက မောင်ခန့် ရေတင်ရင်း ရေစက်ပျက်သွားပုံပဲ။ ဖြူ(စ်)ပြတ်တာလား မသိဘူးလို့ ပြောပြီး မနွယ်ကို အိမ်ပေါ်က မီတာ မိန်းခလုတ်ချလိုက်လို့ လှမ်းပြောသံ ကြားလိုက်ရတယ်။ နောက်ပြီး ရေအိုင်ထဲ လဲကျသွားတယ်။ ပေါပင်မှာလည်း ဓာတ်ကြိုးတွေ ပြတ်ကျနေတယ်။ လျှပ်စစ်ရုံးကို ဖုန်းဆက်...ဖုန်းဆက်"

"အို...မိန်းခလုတ်ချခိုင်းတယ် ဟုတ်လား"

နွယ် မကြားလိုက်။ ဂရုမထားလိုက်ခြင်းပါ။ နွယ် အိမ်ပေါ် အပြေးတက်ပြီး မိန်းခလုတ်ကို ချလိုက်သည်။ တစ်ခြံလုံး မှောင်နှင့်မည်းမည်း။ သားနှင့် သမီးလည်း အပြေးထွက်လိုက်လာသည်။ နွယ့်ရင်မှာ တဒိတ်ဒိတ်။ မောင့်အတွက် စိုးရိမ်စိတ်က မြင့်တက်လာသည်။ တာဝန်ရှိသူတွေ ရောက်လာပြီး မီးကြိုးတွေကို ရှင်းလင်းပေးသည်။ မောင့်ကို ဝိုင်းပွေ့ကြတဲ့အခါ မောင့်ခန္ဓာမှာ အသက်မဲ့ခဲ့ပြီ။

နွယ် ပေါ့လျော့ခဲ့တဲ့ ၅မိနစ်တာ အချိန်မှာ နွယ် အားကိုးရတဲ့၊ ချစ်မြတ်နိုးရတဲ့ မောင့်ကို ဆုံးရှုံးလိုက်ရသည်။ ဒါ အိပ်မက်လေလား။ နွယ် ကြုံလိုက်ရတာ ကိုယ်တွေ့။ ခံစားမှုသောက,က ဖြေလို့ မပြေနိုင်။ အလွမ်းအတုကို ကြည့်ပြီး မျက်ရည်ကျတဲ့ နွယ်။ အခုတော့ ဝေဒနာအစစ်အမှန်အတွက် ခံစားလိုက်ရတာ၊ ပေးဆပ်လိုက်ရတာ တနင့်တပိုး။ အမှားလေး တစ်ချက်ရယ်ပါ။ တစ်သက် မပြေသာတဲ့ အမှားရယ်မို့ နွယ်နှင့်အတူ သားနှင့် သမီးပါ သောကပင်လယ်ဝေ။

နွယ်တို့ဘဝထဲက မောင် ထွက်ခွာရခြင်းအပေါ် နွယ် ဖြေလို့ မရခဲ့ပါ။ ကိုယ့်ခင်ပွန်း၏ စိတ်မြန် လက်မြန်ရှိမှုကို နွယ် သိထားခဲ့သည်ပဲ။ အလေးမမူမိတာ နွယ့်အမှား။ မောင့်ဘေးမှာ အိမ်ထောင်ရှင်မတစ်ယောက်အဖြစ် ကူဖော်လောင်ဖက်အဖြစ် နွယ် ရှိနေသင့်သည်ပဲ။ ထိုအသိ နွယ့်မှာ မရှိ။ အိမ်ရှင်မတစ်ယောက်ရဲ့ ရှိသင့်တဲ့ အရည်အချင်းတွေ နွယ့်မှာ ရှိမနေခဲ့ပါလေ။

◈◈◈

မိသားစုအရေးနှင့် အလုပ်မှာ နစ်မွန်းရင်း ဘဝကူးခဲ့ရတဲ့ မောင့်မှာ မကျွတ်မလွတ်ဘဝတွင် ကျင်လည်ခဲ့ရပြီ။

ညအချိန် ရေတင်၊ ရေလောင်းနေသော မောင့်ဝိညာဉ်အရိပ်မည်းမည်းကို ပတ်ဝန်းကျင်မှ လူများက မြင်တွေ့နေကြ၍ နွယ့်ထံ သတင်းပေးကြသည်။ နွယ် ဝိုရုံက လွဲ၍ ဘာမျှ မတတ်နိုင်။ သားနှင့် သမီးက သောကကြောင့် ညှိုးညှိုးငယ်ငယ်။ မောင့်ဝိညာဉ်က နွယ်တို့ခြံမှ မခွာ။ နွယ့်ထံ မိန်းခလုတ်ချရန် လှမ်းအော်ပြောရှာတဲ့ မောင်။ နွယ်က အရေးမထား။ စိတ်မြန်တဲ့ မောင်က ဆိုးဆိုးဆတ်ဆတ်နှင့် လျှပ်စစ်မိန်းချပြီး ပြီးအထင်နှင့် ရဲရဲတင်းတင်းကိုင်မိပေလိမ့်မည်။

အဖြစ်မှန်ကို သားနှင့် သမီး မသိသေး။ သိခဲ့လျှင် မိခင်အား ခွင့်လွှတ်နိုင်ပါမည်လား။ နွယ့်ရဲ့ ပေါ့လျှ

www.burmeseclassic.com

က မိသားစုဘဝတစ်ခုကို တစ်ခဏချင်းမှာပင် ပြိုကွဲပျက်စီးစေခဲ့ပြီ။ နွယ်နှစ်သက်တဲ့ အချစ်ကားတွေက နွယ့်အတွက် အသိပညာ ဘာမှမပေးနိုင်ပေမယ့် မောင်ကတော့ တစ်သက်စာ ပညာပေးသွားခဲ့ပြီ။ နွယ့်မှာ ကြေကွဲမဆုံး။ တွေးမိတိုင်း ငိုရှုံ့ရ လွဲလို့ ဘာမျှမတတ်နိုင်။ မိခင်တစ်ယောက်အနေနှင့် မိသားစုဝန်လည်း မထမ်းနိုင်။ ခပ်ညံ့ညံ့ အိမ်ရှင်မအဖြစ် နွယ် ရှက်ရွံ့ခဲ့ရပြီ။

◈◈◈

စိတ်အစွဲက အိပ်မက်အဖြစ် ပေါ်လာသည်။ မောင် တံခါးခေါက်သံ၊ စကားပြောသံကို ပီပီသသ ကြားလိုက်ရသည်။ နွယ် အိပ်ခန်း ပြတင်းကို ဖွင့်၍ ခြံထဲသို့ လှမ်းကြည့်လိုက်မိတော့ ပန်းခြံထဲမှာ ဝပ်(၆၀) မီးသီးအလင်းရောင်က ဖြာကျလို့နေသည်။ အချိန်က ည သန်းခေါင်ကျော် နှစ်ချက်တီး။ မီးအလင်းရောင်နှင့် လှမ်းသော ခပ်မှောင်မှောင် ခြံစပ်တွင် လူရိပ်တစ်ရိပ် လှုပ်ရှားနေပုံကို သေချာကြည့်မိတော့ မောင့်ပုံရိပ်ဖြစ်နေသည်။ မောင်က လက်ယပ်ခေါ်နေသည်မို့ နွယ် ခြံထဲဆင်းဖို့ ပြင်လိုက်သည်။ မောင်ဆိုသည့် "ကိုခန့်အောင်ဦး"က ခြေဟန် လက်ဟန်နှင့် စကားလှမ်းပြောနေသည်ဟု နွယ် သိနေမိရသည်။

"မောင် ဘာပြောနေပါလိမ့်။ အို…မိန်းခလုတ်ချိုင်းနေတာ ထင်ရဲ့"

ရူးသွပ်တဲ့ အတွေးနှင့် နွယ် မိန်းခလုတ်ချပစ်လိုက်တော့ တစ်အိမ်လုံး မှောင်နှင့်မည်းမည်း။ နွယ် ခြံထဲသို့ အာရုံစိုက်ပြီး ဆက်ကြည့်နေမိသည်။ မောင့်ပုံရိပ်က ပျောက်မသွား။ တစ်စုံတစ်ရာကို ပြောချင်နေပုံရသည်။ နွယ် အိပ်မက်မှ လန့်နိုးပြီး အာရုံထွေပြားနေခြင်းလားဟုလည်း ကိုယ့်ကိုယ်ကို ဆန်းစစ်နေရသည်။ မောင့်ကို မြင်နေရတာ လက်တွေ့။ မောင့်ပုံရိပ်က ပျောက်ကွယ်မသွား။ နွယ် အမှောင်ထဲမှာပင် စမ်း၍ ခြံထဲသို့ ဆင်းခဲ့သည်။ ကြယ်ရောင်ဖြင့် လျှောက်လာခဲ့သည်။ နွယ့်မှာ ကြောက်စိတ်မရှိ။ မောင့်ပုံရိပ် ပျောက်ကွယ်သွားမှာစိုး၍ မျက်တောင်မခတ်ရဲ။

ပန်းခြံစပ်သို့အရောက်တွင် နွယ် ခလုတ်တိုက်မိသည်။ ရုတ်တရက်မို့ လန့်သွားမိစဉ် မောင့်ပုံရိပ်ကို မတွေ့ရတော့။

"မောင်…မောင်"

ဟု အော်ခေါ်မိသည်။ ညက တိတ်ဆိတ်နေသည်။ ညမှောင်မှောင်မှာ မျက်စိက ကျင့်သားရသွားပြီး ခလုတ်တိုက်မိရာသို့ ငုံ့ကြည့်မိသည်။ ဂေါ်ဖီထုပ်တွေ စုကာပုံလို့ရယ်။ စောစောက အိပ်မက်။ တံခါးခေါက်သံ၊ မောင့်စကားသံ။ မောင် ဂေါ်ဖီထုပ်တွေ ခူးထားပြီးပြီ။ ထတော့ဆိုတဲ့ အသံလေ။ ဒါဆို အိပ်မက်မဟုတ်။ လက်တွေ့ကြုံနေရခြင်းပေါ့။ မိသားစုအတွက် ရုန်းကန်ရင်း ဘဝကူးရတဲ့ မောင်။ ဒါ မောင့်လုပ်အားတွေ။ ဝိညာဉ်ဘဝရောက်တာတောင် လုပ်အားနှင့် သူ့သံယောဇဉ်ကို သက်သေပြနေသည့် မောင်။

အမှောင်ထဲတွင် ရပ်၍ နွယ် ရှိုက်ကာ ငိုနေမိသည်။ နွယ် ငိုနေမိတာ ဘယ်လောက်ကြာသွားလဲ မသိ။ တစ်ခြံလုံး၊ တစ်အိမ်လုံး မီးလင်းလာပြီ။ သမီးနှင့် သားလည်း ခြံထဲသို့ ဆင်းလာသည်။

"မေမေ…သမီးတို့က မီးပြတ်တယ်မှတ်လို့။ မေမေက မိန်းခလုတ်ချပြီး မှောင်ထဲမှာ ခြံထဲဆင်းပြီး ဘာလုပ်နေတာလဲ မေမေရယ်"

ဟု သမီးက လှမ်းပြောသည်။

သားက မိခင်၏ ပခုံးကို ဖက်ပြီး…

"မေမေ…စိုးရိမ်စိတ်လွန်နေပြီ ထင်တယ်။ လျှပ်စစ်ဆိုတာလည်း လူ့လောကမှာ မရှိမဖြစ်လေ မေမေရဲ့။ သုံးစွဲတဲ့သူတွေက သတိရှိဖို့ပဲ လိုတာပါ။ ဂရုတစိုက် ကိုင်တွယ် သုံးစွဲတတ်ရင် အန္တရာယ်မရှိနိုင်ပါဘူး"

"ဟင်… ဒီဂေါ်ဖီထုပ်တွေက မေမေ ခူးထားတာလားဟင်။ သမီးတို့ ကူခူးမှာပေါ့။ ညကြီးမင်းကြီး မှောင်ထဲမှာ ဒီဂေါ်ဖီတွေ မေမေ ဘယ်လိုခူးပါလိမ့်"

သမီးနှင့် သားက တဖွဖွပြောကြလို့ သူတို့ကို ဘယ်လိုပြောရပါ့။ ဒီဂေါ်ဖီတွေက မင်းတို့အဖေ ခူးထားတာလို့ ပြောရင် ယုံကြည်ကြပါ့မလား။ ယုံကြည်ကြလျှင်လည်း ကြေကွဲစွာ ခံစားနေကြရဦးမည်။

ဒီအဖြစ်က ဆန်းကြယ်လွန်းသည်မို့ တစ်ဆင့်စကားနှင့် နွယ်တို့မြို့မှာ ပြောလို့မဆုံးတဲ့ သတင်းတစ်ပုဒ် ဖြစ်သွားခဲ့ရပြီ။

ဒါတွေရဲ့ အဓိက တရားခံက အိမ်ထောင်ရှင်မ မပီသတဲ့ နွယ့်ရဲ့ အပြစ်တွေကြောင့်ပါလေ။ နွယ့်မှာ တစ်သက် မပြေသာတော့မည်။ အမှားတစ်ချက်က ဘဝကို ဒဏ်ခတ်ခြင်း ခံလိုက်ရပါပြီ။

တမလွန်ခရီးကို သွေးရိုး သားရိုး မဟုတ်တဲ့ အဖြစ်ဆိုးနှင့် ထွက်ခွာသွားရတဲ့ မောင်ဆိုတဲ့ ကိုခန့်အောင်ဦးကရော အိပ်မက်ထဲကလို လမ်းဆုံးရှာမတွေ့သေးတဲ့ သံသရာခရီးမှာ ဘယ်အထိ ပြေးလွှားနေရရှာမလဲ။ တွေးရင်း တွေးရင်း နွယ်ဆိုတဲ့ နွယ်လေးဝေ တစ်ယောက် ရှိုက်ငိုရင်းဖြင့်သာ…။

❒



www.burmeseclassic.com

www.burmeseclassic.com

# ဇရာအိုမျိုးအတွက် ဘဝကို ပေးအပ်ခဲ့သည့် ဒေါ်ဦးစွန်းနှင့် တွေ့ဆုံခဲ့ရခြင်း


ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



ပေါင်းတည်မြို့ရဲ့ ကျယ်ပြန့် သန့်ရှင်းလာတဲ့ လမ်းတွေပေါ်မှာ ပြေးလွှားနေရင်း ကိုပြည့်စုံအောင်က သူ့ကားလေးကို "၁၂၉၁ ခုနှစ်တွင် ဒေါ်ဦးစွန်း တည်ထောင်ခဲ့သော ပေါင်းတည် ဘိုးဘွားရိပ်သာ"ဆိုတဲ့ သံပန်းစာလုံးဆိုင်းဘုတ်တင်ထားတဲ့ ဝင်းထဲကို ချိုးကွေ့ဝင်လိုက်ပါတယ်။

ကားရပ်နားရာနေရာရဲ့ ဘေးမှာတော့ ထူးခြားတဲ့ ရှေးလက်ရာ ရုံလေးတစ်ရုံကို ရှေးဟောင်း သုတေသနမျက်လုံးနဲ့ ကိုယ်က ဖျတ်ခနဲမြင်ဖြစ်အောင် မြင်သွားတယ်။ (မန္တလေးမြို့ ခရိုင်ဝန်ရှင်တော်မင်းကြီး၊ မစ္စတာ အာရ်အာဝ ဘရောင်း ကောင်းမှု၊ အလှူငွေ ၅ဝိ။ 1993 DONATION

www.burmeseclassic.com



Rs.50 MR.R.R.BROWN, B.A.ICS. COMMISSIONER. MANDALAY.)လို့ ရေးစာလုံးတွေနှင့် ခေါင်းစီးရေးထားတဲ့ သစ်သားတိုင်နဲ့ သွပ်မိုး ကားရုံလေးပေါ့။ အမိုးအစွန်းက နဖူးစည်းအနားသတ်မှာလည်း သွပ်ပြားကို ဖောက်ပြီး တန်ဆာဆင်ထားတဲ့ ကနုတ်ပန်းတွေနဲ့ပါ။ ခေတ်မီတဲ့ အုတ်တိုက်အဆောက်အဦတွေကြားထဲမှာ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ် ဒီကားရုံလေးကို မဖျက်ဆီးလိုက်ဘဲ ထိန်းသိမ်းထားတဲ့ ဘိုးဘွားရိပ်သာအမှုဆောင်တွေကိုလည်း ကျေးဇူးတင်မိရဲ့။ ဘိုးဘွားရိပ်သာ တာဝန်ရှိသူတွေထဲက တစ်ဦးဖြစ်တဲ့ ကိုယ့်သူငယ်ချင်းရဲ့ ကျောင်းနေဖက် ငယ်ကျွမ်းဆွေ ရွှေလုံး(ခေါ်) သွားဆရာဝန်မကြီး ဒေါက်တာ ခင်အုန်းမြင့်က "ဒေါ်ဦးငွန်း စီးခဲ့တဲ့ ကားကတော့ မရှိရှာတော့ဘူး။ အပ်ထားတဲ့ နေရာမှာ သတိရလို့ သွားမေးကြတော့ အဖိုးမတန်ဘူးထင်လို့ ပိသာချိန်နဲ့ ရောင်းချလိုက်ကြပြီ"လို့ ပြောပြန်တော့ နင့်သွားရပြန်ရော။

ဒါပေမယ့် အားမလျှော့သေးဘဲ ကားနံပါတ်ပြားလေးတောင် မကျန်ဘူးလားလို့ မေးမိသေးရဲ့။ နီးပါတဲ့။ အဲဒါပဲလေ၊ မှတ်တမ်းမှတ်ရာ အားနည်းတယ်ဆိုတဲ့ ကိုယ်တို့ရဲ့ လူမျိုးတွေပေါ့။

ကားရုံလေးဟာ အကာအရံမဲ့ ဟင်းလင်းပွင့်ပါ။ ဒါပေမယ့် နောက်ဘက် နံရံမှာတော့ ပန်းချီကားရှည်တစ်ချပ်ကို ချိတ်ဆွဲထားရဲ့။ အပျိုမ၊ ခါးကုန်းကုန်း တောင်ဝှေးဆွဲ အဘွားအို၊ နားမကျန်းနေတဲ့ အဘွားနဲ့ အရိုးစုပုံတွေ ဆက်တိုက်စဝေးရေးဆွဲထားတဲ့ ပန်းချီကားကြီးပါ။ ပေါင်းတည်သားပန်းချီဆရာ ကျော်မြင့်ရဲ့ ၁၉၉၀ ခုက လက်ရာပေါ့။ သီးခြားပန်းချီကားတစ်ချပ်မှာတော့ ပုဂံခေတ် ဝတ်စုံဖြင့် လှပတဲ့ မိန်းမပျိုလေးနဲ့ သူမရဲ့ နောက်ကျောက အရိုးစုကြီးကို တွဲပြီးဆွဲထားပါတယ်။ "နနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းကား သေခြင်းနောက်ဆုံး ရှိချေ၏"ဆိုတဲ့ စာသားလေးကို အောက်ခြေတွေမှာ ရေးထားကြတယ်။ ရိပ်သာတည်းခိုဆောင်မှာ ပစ္စည်းတွေချပြီးတဲ့အခါ ရုံးခန်းကို မိတ်ဆက် ဝင်ရောက်ပါတယ်။

## မြန်မာပြည်ရဲ့ တတိယမြောက် ဘိုးဘွားရိပ်သာ

ရုံးခန်းတာဝန်ရှိသူက မြန်မာပြည်၏ တတိယမြောက် ဘိုးဘွားရိပ်သာ (၁၂၉၁ခုနှစ်တွင် အဘွား ဒေါ်ဦးငွန်း စတင်တည်ထောင်ခဲ့သော မြန်မာပြည်၏ တတိယမြောက် ဘိုးဘွားရိပ်သာ၊ ပေါင်းတည် ဘိုးဘွားရိပ်သာနှီးခေတ်စာ)ဆိုတဲ့ လက်ကမ်းစာစောင်လေးကို လှမ်းပေးပါတယ်။ "ဘိုးဘွားများက မေတ္တာဝေ၊ ကျန်းမာချမ်းသာကြပါစေ"လို့ ဆုတောင်းစာလေးလည်း စာရွက်လေးရဲ့ အောက်မှာပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com


"မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်တွင် ဘွား ဒေါ်ဦးငွေနှမ်း စတင်တည်ထောင်ခဲ့သော မြန်မာပြည်၏ တတိယမြောက် ဘိုးဘွားရိပ်သာ၊ ပေါင်းတည် ဘိုးဘွားရိပ်သာ(ယခင် ပေါင်းတည် ဗုဒ္ဓဘာသာ သူအိုရုံ)သည် ယခုအခါ ၈၄နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်ပါသည်။

ပေါင်းတည်မြို့၏ သမိုင်းဝင် မြို့ကျက်သရေဆောင် ဘိုးဘွားရိပ်သာကြီးသည် မြို့အင်္ဂါရပ်နှင့်အညီ ခေတ်မီလှပ၊ သန့်ရှင်းသာယာသော အဘိုးဆောင်၊ အဘွားဆောင်၊ ဆေးကုသဆောင်၊ သုမာလာ နှစ်ထပ်စားဆောင်၊ စိန်ရတု မင်္ဂလာခန်းမဆောင်၊ ဧည့်ရိပ်သာနှင့် ဧည့်ဆောင်၊ စာကြည့် တိုက်၊ ဓမ္မာရုံ၊ ဒေါ်ဦးငွေနှမ်းပြတိုက်နှင့် ရုံးခန်းများကို ပြည့်စုံ အောင် တည်ဆောက်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အဘိုးအဘွားများ၏ နှစ်ပေါင်း(၈၀)ကျော် အသုံးပြုခဲ့ကြ သော ဟောင်းနွမ်းနေသည့် သစ်သား ခုတင်နှင့် ဗီရိုများ နေရာတွင် ခေတ်မီလှပသော၊ ခိုင်ခံ့သပ်ရပ်သော စတီး (သံမဏိ)ခုတင်နှင့် ဗီရိုများကို စေတနာရှင် အလှူရှင်များ က အစားထိုး လဲလှယ်လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ဘိုးဘွားရိပ်သာ၏ အဝင်ဓမ္မာရုံရှေ့တွင် လှပသာယာ သော ရေတံခွန်နှင့် ဝင်ပေါက်မှ ထွက်ပေါက်အထိ ပတ်လမ်း တစ်လျှောက် ညီညာပြန့်ပြူးသော ကတ္တရာလမ်းကိုလည်း ခင်းခဲ့ပြီးဖြစ်ပါသည်။ ဘိုးဘွားရိပ်သာကြီးတွင် လျှပ်စစ်ဓာတ် အား အပြည့်အဝရရှိစေရန်အတွက် (၅၀)ကေဗွီအေ ထရန် စဖော်မာကြီးကိုလည်း တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်လို့ ရိပ်သာနဲ့ဆိုင်တဲ့ သတင်းအချက်အလက်အချို့ကိုလည်း စာစောင်လေးကနေ သိရှိလိုက်ရပါတယ်။

အခုအခါမှာတော့ ပေါင်းတည်ဘိုးဘွားရိပ်သာကြီးမှာ ခိုကိုးရာမဲ့ အဘိုးအဘွားစုစုပေါင်း (၅၀)လောက်ကို ပြုစု စောင့်ရှောက်လျက်ရှိပါတယ်။ အဘိုးအဘွားတွေရဲ့ စားဝတ် နေရေး၊ ကျန်းမာရေး၊ တရားဓမ္မ ကျင့်ကြံအားထုတ်နိုင်ရေး တို့အတွက်လည်း လိုလေသေးမရှိအောင် အလုပ်အမှုဆောင် အဖွဲ့နှင့် ရိပ်သာဝန်ထမ်းတွေက ဖြူစင်သော မေတ္တာ စေတနာများနဲ့ နေ့စဉ် ပြုစုစောင့်ရှောက် ကျွေးမွေးဆောင် ရွက်နေတာပါ။ ရပ်ဝေးရပ်နီး အလှူရှင်များကလည်း လစဉ် လာရောက်ကျွေးမွေးလျက် ရှိနေပါတယ်။ အဲဒီလို လှူဒါန်း တည်ဆောက်မှုတွေကို စေတနာရှင် အလှူရှင် တစ်ဦးချင်း က လှူဒါန်းတာ ရှိသလို၊ စေတနာရှင် မိဘပြည်သူအများ က စုပေါင်းထည့်ဝင် လှူဒါန်းတာများလည်း ရှိရဲ့။


ရွှေအိုရောင် ဒေါ်ဦးငွေနှမ်းရှစ်တု
လက်ကမ်းစာစောင်လေးကိုင်ပြီး ဘိုးဘွားရိပ်သာဝင်း






www.burmeseclassic.com

www.burmeseclassic.com







ကို လှည့်လည် လေ့လာကြည့်မိပါတယ်။ မျက်နှာစာ ဝင်ပေါက်၊ ထွက်ပေါက်နှစ်ခုကြားမှာ ဒေါ်ဦးငွန်းရုပ်တုကို ထုလုပ်ထားတယ်။ ရွှေအိုရောင်ရုပ်တုရဲ့ အောက်ခံ လေးထောင့်ပန္နက်ခံရဲ့ မျက်နှာပြင်လေးဘက်မှာလည်း မှတ်တမ်းစာတွေ ရေးထိုးထားပါတယ်။ တစ်မျက်နှာမှာတော့ "ဒုတိယ ကမ္ဘာစစ်၏ အရိပ်အငွေ့များ ရောက်ရှိလာစဉ် ၁၃၀၃ ခုတွင် ဘွား ဦးငွန်းသည် ရန်ကုန်မြို့ နှင်းဆီကုန်း သူအိုရုံမှ ဘိုးဘွား (၆၀)ကို စစ်ကိုင်း မင်းကွန်း သူအိုရုံသို့ ခေါ်ဆောင်သွားပြီး သူအိုရုံ၌ ဘိုးဘွားများအား ပြုစုစောင့်ရှောက်နေစဉ်မှာပင် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆုတ် ၅ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သဖြင့် ကျေးဇူးရှင် ဘွား ဦးငွန်းအား အစဉ်သတိရစေခြင်းငှါ ဤကျောက်ရုပ်ကို ၁၃၅၄ခုနှစ် ကဆုန်လပြည့်နေ့ (၁၆-၅-၉၂)တွင် ထုလုပ်ခြင်းဖြင့် ဂုဏ်ပြုပါသည်" လို့ ရေးထားရဲ့။


ဝင်ပေါက်၊ ထွက်ပေါက် တစ်ဖက်တစ်ချက်တွေမှာ စာကြည့်တိုက်နဲ့ "အေးချမ်းသာ အဘိုးဆောင်"က တစ်ဖက်၊ ၂၀၀၇ ခုက ( STUDDER TRUST, Respect the Spirit of Giving, Donated by Mr.Walter Wuest, 2007, April, Paung De Home for Aged) လို့ ကမ္ပည်းတိုင်စိုက်ထားတဲ့ အဘွားဆောင်တွေ ရှိနေပြီး ဝန်းအလယ်မှာတော့ ဓမ္မာရုံနှင့် နတ်လမ်းရှိပါတယ်။ ယခုအခါ ဘိုးဘွားရိပ်သာမှာ "ဇီဝိတဒါန ဘိုးဘွားဆေးရုံကြီး"ဆိုတဲ့ စာသားနှင့် ဆေးရုံအဆောက်အဦနဲ့ စေတနာ ဆေးကုခန်း၊ မင်္ဂလာခန်းမနဲ့ အခမ်းအနားတွေကျင်းပရာ စိန်ရတုဆောင်၊ ၂၀၁၁ ခုကမှ တည်ဆောက်တဲ့ ဒေါ်ဦးငွန်းရဲ့ သီလရှင်အမည်နဲ့ သုမာလာဆောင်တွေလည်း တွေ့ရပါတယ်။ မကြာခင် ရက်ပိုင်းလေးကပဲ စိန်ရတုဆောင်မှာ စာကြည့်တိုက် အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့တာလည်း စင်မြင့်မှာ တွေ့ရတယ်။ စေတနာဆေးကုခန်းမှာတော့ "ငွေကြေးမပြည့်စုံသည့် မည်သူ့ကိုမဆို အခမဲ့ ကုသပေးမည်"လို့ ရေးထားပြီး တစ်ပတ်ကို သုံးရက်၊ အနောက်တိုင်းဆေးနဲ့ နှစ်ရက်၊ တိုင်းရင်းဆေးနဲ့ တစ်ရက်ကုသပေးပါတယ်။ တစ်ရက်ကို အနောက်တိုင်းဆေးက နှစ်သောင်းကျပ်နဲ့ တိုင်းရင်းဆေးက ငါးထောင်ကျပ်လောက် ကုန်ကျတာမို့ အလှူရှင်တွေကလည်း ငွေလှူဒါန်းပေးနိုင်ရဲ့။ ကိုယ့်သူငယ်ချင်းတွေကတော့ မကြာခဏ လုပ်အားအလှူအဖြစ် ဆေးခန်းလာထိုင်ပေးတတ်ကြပါတယ်။

ဒေါ်ဦးငွန်း(T.P.S) စတင်တည်ထောင် ဖွင့်လှစ်ခဲ့တဲ့ မြန်မာ့တတိယမြောက် ဘိုးဘွားစံအိမ်၊ ပေါင်းတည်ရိပ်သာရဲ့ အလှူရှင်မှတ်တမ်းကိုလည်း သုမာလာဆောင်ရှေ့ ရွှေညောင်ပင်နားက လမ်းဘေးမှာ အကျအန ဘုတ်ပြားကြီးနဲ့ ထောင်

www.burmeseclassic.com

ပြီး ဖော်ပြထားပါတယ်။ အဲဒီမှာ ကိုယ်တို့နဲ့ ကျွမ်းဝင်နေတဲ့ စာရေးဆရာ တရားရုံးချုပ်ရှေ့နေ ဦးကိုနီ၊ DVB ရုပ်သံက မျိုးသာထက်၊ စာရေးဆရာ မောင်သာချို (ဦးညွန့်သောင်း၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဆရာချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မိုးလေဝသ ဦးထွန်းလွင်၊ မောင်သွေးသစ်တို့ရဲ့ အမည်တွေကို ဖော်ပြထားတာ တွေ့လိုက်ရလို့ ကျေနပ်ဝမ်းသာမိရဲ့။






## ထာဝရ ဆေးပဒေသာပင်များ

ဘိုးဘွားရိပ်သာမှာ ခိုဝင်နားနေကြတဲ့၊ လာရောက်မှီခိုကြဦးမယ့် အဘိုးအဘွားတွေအတွက် နောင်ရေးကို မျှော်ကိုးပြီး ထာဝရ ဆွမ်းပဒေသာပင်နဲ့ ထာဝရ ဆေးပဒေသာပင်တို့ကိုလည်း ပေါင်းတည်မြို့ မြန်မာ့စီးပွားရေးဘဏ်မှာ အပ်နှံစိုက်ထူထားတယ်လို့ သိရတယ်။ ဘိုးဘွားတွေရဲ့ စားရေးသောက်ရေးဆိုင်ရာကိစ္စတွေကို အမြဲလိုလို ပြည့်ပြည့်ဝဝဆောင်ရွက်ကျွေးမွေးနိုင်ဖို့ စိုက်ထူထားတဲ့ ထာဝရ ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားတွေ မကျန်းမာရင် ဆေးဝါးကုသပေးဖို့ စိုက်ထူထားတဲ့ ထာဝရ ဆေးပဒေသာပင် နှစ်ခုလုံးဟာ ဘိုးဘွားရိပ်သာကြီး အစွန့်ရှည်ကြာ တည်တံ့ခိုင်မာစွာ ရပ်တည်နေနိုင်ဖို့ အလွန်အရေးကြီးလှပေ၏။ ကြွင်စဦး ဖနီးမောင်နှံတွေ၊ မွေးနေ့ရှင်တွေ၊ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် လှူသူတွေရဲ့ လှူဒါန်းငွေကိုလည်း ဘဏ်မှာ အပ်နှံပြီး အတိုးအညွန့်သာ ဘိုးဘွားတွေအတွက် သုံးမှာဖြစ်လို့ အလှူငွေဟာ ထာဝရစီးဆင်းကာ ကမ္ဘာတည်နေမယ့် မေတ္တာရေစမ်းပါပဲ။

အဲဒါကြောင့်လည်း ပေါင်းတည်မြို့ပေါ် ရပ်ကွက်(၁၂) ခုနှင့် လက်လှမ်းမီရာ ကျေးရွာတွေကို ရိပ်သာအလုပ်အမှုဆောင်အဖွဲ့နှင့်အတူ ပရဟိတအသင်းအဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ ပညာဒါန ကျောင်းသား ကျောင်းသူတွေအားလုံးက မိဘပြည်သူများထံကို ပဒေသာပင်အလှူငွေများ ထည့်ဝင်နိုင်စေဖို့ အလှူခံ စာအိတ်တွေ လိုက်လံ ဝေငှလျက်ရှိပါတယ်။

ဆွမ်းပဒေသာပင်နဲ့ ဆေးပဒေသာပင်အတွက် စာအိတ်နှစ်အိတ်ပေ့ါ။ တစ်မျိုးတည်းအတွက်ဖြစ်စေ၊ နှစ်မျိုးလုံးအတွက်ဖြစ်စေ လှူဒါန်းနိုင်ကြပါတယ်။ ပေါင်းတည် ဘိုးဘွားရိပ်သာမှာ ဆွမ်းကျွေးလိုပါကလည်း အရုဏ်တစ်နပ်စာအတွက် သုံးသောင်းကျပ်၊ မွန်းတည့်တစ်နပ်စာအတွက် ငါးသောင်းကျပ်၊ ညဖျော်ရည်အတွက် တစ်သောင်းခွဲနှုန်းနဲ့ လှူဒါန်းနိုင်ပါတယ်။ ကျွေးမွေးလှူဒါန်းလိုတဲ့ အလှူရှင်တွေဟာ ဘိုးဘွားရိပ်သာ စီမံခန့်ခွဲမှုရုံးခန်း ၀၅၃ ၃၀၁၅၆၊ ဥက္ကဋ္ဌ ဦးဇော်မိုး ၀၉ ၅၃၁ ၀၉၃၈၊ အတွင်းရေးမှူး ဦးဝင်းဖေ ၀၉ ၅၃၇ ၆၀၇၂ နာယက ဆရာ ဦးသိန်းလွင် ၀၁ ၇၁၉၁၉၁ ၀၉ ၅၀၇၅၇၁၇၊ ဦးသောင်းလွင် ၀၁ ၃၇၆၇၄၂ (ပေါင်းတည်

www.burmeseclassic.com



အသင်း၊ ရန်ကုန်)တို့ကို ဆက်သွယ်လှူဒါန်းလို့ ရပါတယ်။

### ဘိုးဘွားရိပ်သာရဲ့ လူသစ်လက်ခံဖို့ စည်းကမ်းချက်များ

ရိပ်သာမှာ နားခိုခွင့်ရဖို့ ဘိုးဘွားတွေဟာ အနည်းဆုံး အသက် (၇၀)ပြည့်ရပါမယ်။ ခိုကိုးရာမဲ့ပြီး ကိုယ်တိုင်လည်း လုပ်ကိုင်မစားနိုင်၊ အခြား အထောက်အပံ့လည်း မရှိသူတွေကို ဦးစားပေးပါတယ်။ ကျန်းမာပြီး ကိုယ်တိုင်သွားနိုင်လာနိုင်၊ စားသောက်နိုင်၊ ကျင်ကြီးကျင်ငယ်၊ အလေးအပေါ့စွန့်နိုင်တဲ့ လူအိုတွေကိုသာ လက်ခံပါသတဲ့။ ဒါဖြင့် နာမကျန်းဖြစ်လာသူတွေကိုရော။ ဒါလည်း သဘာဝကျပါတယ်။ သူနာတွေကတော့ ဆေးရုံပဲ သွားသင့်တာပေါ့။ ဒါပေမယ့် ရိပ်သာရောက်ပြီးမှ နာမကျန်းဖြစ်ရင်တော့လည်း ကုသမှု ပေးရတာပါပဲ။ စိတ်ဖောက်ပြန်သူ၊ ကူးစက်ရောဂါရှိသူ မဟုတ်ကြောင်း မြို့နယ်ဆေးရုံရဲ့ ထောက်ခံစာတွေ၊ အကျင့်စာရိတ္တကောင်းပြီး ရပ်ကွက်မှာ အမှန်တကယ်နေထိုင်သူဖြစ်ကြောင်း ထောက်ခံစာတွေလည်း ဂုပိပါတယ်။ ရာဇဝတ်မှု ကျူးလွန်ခဲ့တာ မရှိတဲ့ ပြစ်ဒဏ်ကျခံခြင်းလည်း ကင်းရှင်းကြောင်း ရဲစခန်းနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကလည်း ထောက်ခံပေးရပါမယ်။ သားသမီးနဲ့ ဆွေမျိုးရင်းချာတွေက ဆင်းရဲနွမ်းပါးရင်လည်း သူတို့ကိုယ်တိုင်လိုက်ပါပြီး လက်ခံစောင့်ရှောက်ပေးဖို့ သဘောတူကြောင်း လက်မှတ်ရေးထိုးရပါတယ်။ လိုက်ပါပို့ဆောင်သူတွေထဲက နှစ်ဦးကလည်း ပြန်လည်ဆက်သွယ်နိုင်ဖို့ လိပ်စာ၊ ဖုန်းနံပါတ်တွေ ပေးခဲ့ရပြီး ဝန်ခံကတိပေးကြရတယ်။

### ဘွား ဒေါ်ဦးငွန်းပြတိုက်

ဒေါ်ဦးငွန်းပြတိုက်ရှိတယ်ဆိုလို့ စိတ်ဝင်စားပြီး အပြေးအလွှား သွားကြည့်မိပါတယ်။ သော့ကို ချိတ်ရုံသာ ချိတ်ပြီး၊ တံခါးပိတ်ထားတဲ့ အုတ်ကာ၊ သွပ်မိုး၊ တစ်ထပ်အဆောင်လေးမို့ ကိုယ့်ဘာသာပဲ တံခါးဖွင့်ပြီးဝင်သွားခဲ့တယ်။ ပြတိုက်ဆောင်လေး အတက်အဆင်းအဝင်နံရံမှာတော့ "ဗုဒ္ဓဘာသာ လူအိုရုံ"ဆိုတဲ့ ရှေးလက်ရာ သစ်သားဖောင်းကြွစာလုံးတွေနဲ့ ဆိုင်းဘုတ်ကို ချိတ်ဆွဲထားတယ်။ သူ့အထက်က သွပ်ပြား ဆိုင်းဘုတ်လေးကလည်း စိတ်ဝင်စားစရာပါ။ "မြန်မာပြည်တွင် ဗုဒ္ဓဘာသာ လူအိုရုံများကို စတင်တည်ထောင်သူ မန္တလေးမြို့ ပတ္တမြားအုတ်တိုက်ကျောင်းအမကြီး ဒေါ်ဦးငွန်း T.P.S ဆောက်လုပ်လှူဒါန်းသော မြေတိုက်၊ အလှူငွေ ၂၇၀၀ိ" ပါတဲ့။ မြေတိုက်ဆိုတဲ့ ဝေါဟာရရယ်၊ အဲဒီခေတ်



www.burmeseclassic.com

www.burmeseclassic.com





အခါက ငွေ ၂၇၀၀ကျပ်ရဲ့ တန်ဖိုးရယ်ကို စိတ်ဝင်စားမိပါတယ်။ မြေတိုက်လေးရဲ့ အထက်မှာလည်း "ဘွား ဒေါ်ဦးငွှန်း တရားဓမ္မအားထုတ်သော နေရာ"လို့ ယနေ့ခေတ် အရေးအသားနဲ့ မှတ်တမ်းရေးထိုးထားတယ်။ အထဲမှာတော့ ပြသပစ္စည်းဆိုလို့ ဒေါ်ဦးငွှန်း အိပ်စက်ခဲ့တယ်ဆိုတဲ့ ရိုးရိုးရှင်းရှင်း သံခုတင်ကြီး ခပ်နိမ့်နိမ့်တစ်လုံးနဲ့ နံရံမှာ ချိတ်ထားတဲ့ ဒေါ်ဦးငွှန်းပုံ၊ ရိပ်သာတာဝန်ရှိ လူကြီးမင်းအဆက်ဆက်ပုံ၊ မှတ်တမ်းဓာတ်ပုံတွေသာပဲ ရှိပါတယ်။

ပြသပစ္စည်း မရှိလှပေမယ့် ဒေါ်ဦးငွှန်းရဲ့ အတ္ထုပ္ပတ္တိအကျဉ်းကို ပုံနဲ့တကွ ရေးသားချိတ်ဆွဲထားတဲ့ စာတွေကတော့ ဗဟုသုတဖြစ်ဖွယ်မှတ်တမ်းပါပဲ။

- ဘွား ဒေါ်ဦးငွှန်းကို ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း (၅)ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။

- အဖ ပိုးကုန်သည်ကြီး ဦးအိ၊ အမိ ဒေါ်မျှင်တို့၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ ငယ်စဉ်ကပင် ငါးပါးသီလကို အမြဲစောင့်ထိန်းပြီး၊ ဇရက်သီတင်း လပြည့်လကွယ် ဥပုသ်နေ့တိုင်း ရှစ်ပါးသီလကို အမြဲမပြတ် ဆောက်တည်သည်။

(တစ်ဦးတည်းသော သမီးလည်းဖြစ်၊ သမီးဦးလည်းဖြစ်သဖြင့် မိဘများက မဦးစွန်းလို့ အမည်ပေးခဲ့တဲ့အပြင်၊ ခေါင်းက ဆံပင်ကိုလည်း ဦးစွန်းဖုတ်ကလေးထားပေးကာ ချစ်စနိုးနဲ့ ဒီအမည်ပေးခဲ့တယ်လို့ လူထု ဒေါ်အမာက ပြောဖူးပါတယ်။)

- အသက် ၁၆နှစ်အရွယ်မှစ၍ မိဘများ၏ ပိုးကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့သည်။ ပိုးကုန်သည်အလုပ်နှင့် စပ်လျဉ်းပြီး အမြို့မြို့အနယ်နယ်သို့ ကူးသန်းသွားလာရသည့်အတွက် အမြို့မြို့အနယ်နယ်တိုင်းတွင် မိတ်ဆွေသင်္ဂဟပေါများသည်။ အထက်တန်းကျကျ နေနိုင်သူတစ်ဦးဖြစ်သည်။ သို့သော် မောက်မာ ဝင့်ကြွားခြင်း မရှိဘဲ ကိုယ့်ကိုယ်ကို နှိမ်ချပြီး ခြိုးခြံစွာ ကျင့်သုံးနေထိုင်သည်။

- မိဘနှစ်ပါး ကွယ်လွန်သောအခါ မိမိနေထိုင်သော တိုက်အိမ်အပြင်၊ အခြား တိုက်တာအိမ်ရာများ၊ လယ်ယာမြေများ၊ ရွှေငွေရတနာ အတွင်းပစ္စည်းများအပြင်၊ ငွေသား တစ်သိန်းခွဲခန့် စသည့် အမွေအနှစ်များကို ဆက်ခံရရှိခဲ့သည်။

(လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်က ရွှေတစ်ကျပ်သားလျှင် ဆယ်ဂဏန်းသာရှိသည်။ တစ်သိန်းခွဲတန်ဖိုးကို ရွှေဈေးနှင့် ချင့်ချိန်ကြည့်လျှင် သိနိုင်ပါသည်။)

- သက္ကရာဇ် ၁၂၆၀ပြည့် ဒေါ်ဦးငွှန်း၏ အသက် ၃၀ တွင် ပတ္တမြားဆရာတော်ကြီးကို အုတ်ကျောင်းဆောက်လုပ်လှူဒါန်းသည်။ ထို့ကြောင့် ပတ္တမြားအုတ်ကျောင်းအမကြီးဟု ကျော်ကြားထင်ရှားသည်။ ဒေါ်ဦးငွှန်းသည် မိမိပိုင်ဆိုင်သည့် မန္တလေးမြို့ပေါ်ရှိ တိုက်တာအိမ်ရာများ၊ ရွှေငွေအတွင်းပစ္စည်းများ၊ လယ်မြေယာမြေအားလုံးကို ရောင်းချပြီး ရသည့်ငွေများ၊ အမွေအဖြစ်ရသည့် ငွေများအားလုံးကို ဘိုးဘွားရိပ်သာများ တည်ထောင် စောင့်ရှောက်ရန်အတွက် စွန့်လွှတ် လှူဒါန်းခဲ့သည်။

www.burmeseclassic.com



- မြန်မာသက္ကရာဇ် ၁၂၇၈ ခု၊ ခရစ်နှစ် ၁၉၁၅ ခု၊ ဇန်နဝါရီလ ၁၁ရက်နေ့တွင် မြန်မာပြည်၏ ပထမဆုံး ဗုဒ္ဓဘာသာ သူ့အိုရုံကို စတင်တည်ထောင်သည်။ စစ်ကိုင်းတောင်ရိုး အရိယ မဂ္ဂင်ချောင်ဆရာတော်ကြီးကို လျှောက်ထားပြီး မင်းကွန်းခေါင်းလောင်းကြီးတည်ရှိသော နေရာအနီး မင်းကွန်းကျေးရွာ၌ ဘိအိုင်အေ ဦးမောင်ကြီး၊ ဦးဘချမ်းတို့နှင့်အတူ ဒေါ်ဦးဌွန်းကိုယ်တိုင် ခုတ်ထွင်မြေညှိပြီး ကမ္မဋ္ဌာန်းကျောင်းသုံးကျောင်း စတင်ဆောက်လုပ်လှူဒါန်းသည်။ ခိုကိုးရာမဲ့ အဘိုးတစ်ယောက်၊ အဘွားသုံးယောက်ကို စတင်လက်ခံပြီး ဒေါ်ဦးဌွန်းကိုယ်တိုင် ပြုစုစောင့်ရှောက်ခဲ့သည်။ (အဲဒီ ဘိုးဘွားသုံးယောက်ကတော့ ဦးဖိုးဆင့် ၉၅နှစ်၊ ဘွားဆိုး ၉၂နှစ်၊ ဘွားမယ် ၈၁နှစ်တို့ ဖြစ်ကြပါတယ်။ အိမ်ဖော်မိန်းကလေးတစ်ဦးအကူအညီနဲ့ ဒေါ်ဦးဌွန်းကိုယ်တိုင် ထမင်းချက်ကျွေးခဲ့တာပါ။

ဒီလိုနဲ့ ၁၉၁၈ခုမှာတော့ ဘိုးဘွား ၂၀ လောက်အထိ ဖြစ်လာပါသတဲ့။ အဲဒီ ၂နှစ်အတွင်းမှာ အစစအရာရာကို ဒေါ်ဦးဌွန်းကပဲ သူ့ငွေနဲ့ သူ လုပ်ခဲ့ပါတယ်။ ၁၉၁၈ ခုမှာတော့ မင်းကွန်း လူအိုရုံအသင်းကို စတင်ဖွဲ့စည်းထူထောင်ခဲ့ပေမယ့် အားပေးကူညီသူ နည်းပါးလို့ ရှစ်နှစ်အတွင်းမှာ ရန်ပုံငွေ (၈၀၀၀)ကျပ်သာ ရခဲ့တယ်။ သို့ပေမယ့် မကြာမီမှာတော့ ဒသိန်းအထိတိုးလာပြီး ဘိုးဘွား (၂၅၀)ကို လက်ခံပြုစု ပေးနိုင် အခြေမြဲခဲ့ပါတယ်။)

- ခရစ်နှစ် ၁၉၂၃ ခုနှစ်တွင် သထုံမြို့၌ ဒုတိယ ဘိုးဘွားရိပ်သာ၊ ၁၉၂၉ ခုတွင် ပေါင်းတည်မြို့၌ တတိယ ဘိုးဘွား ရိပ်သာ၊

- ၁၉၃၃ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌ စတုတ္ထ ဘိုးဘွားရိပ်သာ၊

- ၁၉၃၇ ခုနှစ်တွင် ပခုက္ကူမြို့ ၌ ပဥ္စမ ဘိုးဘွား ရိပ်သာများကို တည်ထောင်ပေးခဲ့သည်။ (သထုံ ဘိုးဘွား ရိပ်သာက မြသပိတ်တောင်ခြေမှာ ရှိပါတယ်။ ၁၉၃၆ ခု၊ ဌွန်လ ၁၉ရက်နေ့မှာတော့ မြန်မာပြည်ဘုရင်ခံ၊ ပညာရေးဝန်ကြီး ဒေါက်တာ ဘမော်၊ သစ်တောရေးရာဝန်ကြီး ဦးဘဖေ၊ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုတို့ မင်းကွန်း လူအိုရုံကို လာရောက်လေ့လာခဲ့ကြပါတယ်။ မင်းကွန်း လူအိုရုံအသင်းနဲ့ ပတ်သက်ပြီး ဒေါ်ဦးဌွန်းရဲ့ ဆောင်ရွက်ချက်များကို ချီးကျူးစကားဆိုခဲ့ရတယ်။ )

- မြန်မာသက္ကရာဇ် ၁၂၉၃ပြည့်နှစ်၊ ဒေါ်ဦးဌွန်းအသက် ၆၀ ပြည့်တွင် ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၌ လူဝတ်ကြောင်ကို စွန့်ပြီး သီလရှင် ဝတ်ခဲ့သည်။ ဘွဲ့အမည်မှာ "ဘွားသုမာလာ" ဖြစ်သည်။

- ဒေါ်ဦးဌွန်းသည် ၂၈နှစ်လုံးလုံး ဘိုးဘွားရိပ်သာများအတွက် ဘ၀ကို ပေးအပ်မြှုပ်နှံခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်၊ သက်တော် ၇၆နှစ်အရွယ်တွင် မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံ၌ ဒေါ်ဦးဌွန်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

- အင်္ဂလိပ်အစိုးရကပင် ဒေါ်ဦးဌွန်း၏ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုပြီး တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

အဘွားရဲ့ ကိုယ်ရေးမှတ်တမ်းအပြင် ပြတိုက်မှာ ရှိတဲ့ ပစ္စည်းတွေစာရင်းကိုလည်း ဗီနိုင်းချိတ်ဆွဲပြသထားပါတယ်။

ပြတိုက်မှာ ဒေါ်ဦးဌွန်း စတင်ထူထောင်ခဲ့တဲ့ ၁၂၉၁ ခုမှစပြီး ယနေ့တိုင် ဘိုးဘွားရိပ်သာကို တာဝန်ယူစောင့်ရှောက်ခဲ့ကြတဲ့ နာယက၊ ဥက္ကဋ္ဌနဲ့ အမှုဆောင်များ၊ စောင့်ရှောက်ခံ ဘိုးဘွားများစာရင်း၊ အစည်းအဝေးမှတ်တမ်း၊ ဂုဏ်ပြုမှတ်တမ်းများ၊ ရိပ်သာရဲ့ နေ့ထူးနေ့မြတ်ဖွင့်ပွဲ၊ ဓာတ်ပုံ-ဗွီစီဒီ-ဗွီဒီယို-ဒီဗီဒီမှတ်တမ်းများ၊ အမှတ်တရပစ္စည်းများ၊ ဒေါ်ဦးဌွန်း အသုံးပြုခဲ့သော အိပ်ရာ၊ ခုတင်၊ တရားရှုမှတ်ခဲ့သော နေရာ၊ ရေချိုးခဲ့သော ရေကန်နဲ့ ဆောင်ရွက်ခဲ့တဲ့

www.burmeseclassic.com

မှတ်တမ်းတွေကို ပြသထားပါတယ်။ စတင်ခဲ့ချိန်မှ ယနေ့ ၁၃၇၅ ခုနှစ်အထိ ပေါင်းတည် ဘိုးဘွားရိပ်သာမှာ စောင့်ရှောက်ပြုစုခဲ့တဲ့ ဘိုးဘွားစာရင်းအရ(၈၉၁)ဦးဖြစ်ပါတယ်။ ၁၉၇၉ ခုကနေ သေဆုံးသွားတဲ့ ၂၀၀၇ ခုနှစ်တိုင် နေထိုင်သွားတဲ့ သက်တော်ရှည် အဘွားညို (၁၀၃ နှစ်)ရဲ့ ပုံလည်း တွေ့ခဲ့ရတယ်။

ပြတိုက်ခန်းလေးရဲ့ နံရံနားမှာ စားပွဲတစ်လုံးထားပြီး ဧည့်သည်မှတ်တမ်းစာအုပ်နှစ်ခုကိုလည်း တင်ထားတာ တွေ့ရလို့ လှန်လှောကြည့်မိတယ်။ အထူးတလည် သားသားနားနားလုပ်ပေးထားတဲ့ အုပ်ချုပ်ရေးပိုင်းက လူတွေချည်း ဝတ္တရားအရ ရေးထိုးထားတဲ့ စာအုပ်မှာ စိတ်ဝင်စားစရာ သိပ်မတွေ့ရဘဲ၊ သာမန်စာအုပ်လေးမှာတော့ ရင်ထဲက စကားတွေကို တွေ့ရလို့ ထိုင်ဖတ်မိသွားပါတယ်။ ၂၀၀၈ ခုနှစ် ဘိုးဘွားရိပ်သာအထိမ်းအမှတ်ပွဲမှာ "အနုပညာဖန်တီးမှုနှင့် အနုပညာခံစားမှု"၊ "ပေါင်းတည်နှင့် ၂၁ရာစု စီးချင်းထိုးပွဲ" ခေါင်းစဉ်တွေနဲ့ ဟောပြောခဲ့တဲ့ ဆရာ ချစ်ဦးညိုရဲ့ "ပိုမိုတိုးတက်မြင့်မားလှပနိုင်ပါစေ"ဆိုတဲ့ ဆုတောင်းမေတ္တာပို့စာလည်း တွေ့ရတယ်။ ဆရာ လယ်တွင်းသား စောချစ်ကတော့ "အဘိုးအဘွားတို့ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စွာ ရတနာသုံးပါးကို ဆည်းကပ်နိုင်ခြင်း၊ တရားဘာဝနာပွားများနိုင်ခြင်းဖြင့် နေညိုချိန်မှာ တောက်တဲ့ ရွှေရောင်တောက်နိုင်ပါစေ"လို့ တင်စားချက်နဲ့ ဆုတောင်းစာ ရေးသားထားရဲ့။

ဦးထွန်းလွင်(မိုးလေဝသ)ကလည်း "တကယ်တော့ ပေါင်းတည်ဘိုးဘွားရိပ်သာဟာ၊ Pride in the Past အပြင် Faith in the Future အာမခံချက်အပြည့်ရှိတဲ့ အရပ်တစ်ခုပါပဲ"လို့ ကောက်ချက်ချထားပါတယ်။

၂၀၁၃ ခုမှာ လာရောက် စာပေဟောပြောသွားတဲ့ အကယ်ဒမီ ဇာတ်ညွှန်းဆရာ ငြိမ်းမင်းကတော့ ဒီလိုရေးခဲ့ပါတယ်။

"မေတ္တာဟူက၊ မမြင်ရလည်း၊ ရင်မှတစ်ဆင့် ငြိရတယ်။ ပေါင်းတည် ဘိုးဘွားရိပ်သာဆိုတာ မြေကြီးမှာ တကယ်တွေ့မြင်ရတဲ့ မေတ္တာတရားပါပဲ။

လူတွေက အိုမင်းသွားပေမယ့် မေတ္တာတရားက ပိုနုလာတယ်။ ပေါင်းတည်ဘိုးဘွားရိပ်သာဟာ အချိန်ကြာမြင့်လာလေလေ ပို၍ ပို၍ လှပဝေစည်လာလေလေ ဖြစ်နေတာ သက်သေပါပဲ။ ခဏတာ ရောက်ရပေမယ့် တစ်ဘဝစာ မမေ့နိုင်တဲ့ မေတ္တာရပ်ဝန်းလေးပါ။ သာဓုအကြိမ်ကြိမ်ခေါ်ပါတယ်"တဲ့။



ပေါင်းတည်သား ဆရာ မောင်သိန်းလွင်ကတော့ ဇော်ဂျီရဲ့ "သင်သေသွားသော်"ကဗျာလေးကို ပြန်ရေးပြပြီး ပေါင်းတည်သားအချင်းချင်းကို "ကိုယ်သေသွားသော်လည်း ကိုယ့်မြေကို အခြေတိုးမြှင့် ကျန်ကောင်းသင့်၏"လို့ အရှုံပေးထားရဲ့။

ဒေါ်သန်းမြင့်အောင်ကလည်း ...

"ဒေါ်ဦးငွေနန်းလို ဂုဏ်ယူဖွယ် စံပြစေတနာရှင် မြန်မာအမျိုးသမီးတစ်ယောက်ရှိခဲ့လို့ ကျွန်မတို့ အတုယူပြီး ဆည်းဆာရိပ်ကို ထူထောင်ခဲ့တာပါ။ ဒေါ်ဦးငွေနန်းကြောင့် သန်းမြင့်အောင် ဖြစ်လာရတာပါ"

လို့ ဆိုထားပါတယ်။ ရွှေဝါရောင် သံယာ့ကွန်ရက်က ဦးဥတ္တမကတော့...

"ဘဝဆည်းဆာအချိန်လေးအတွင်းမှာ ချို့တဲ့ပြီး အထီးကျန်ဖြစ်နေသော အဘိုးအဘွားတို့ ဘဝနိဂုံးမချုပ်မီ နေစရာစားစရာ ဘာဝနာပွားများနိုင်ရန် စီစဉ်ဆောင်ရွက်မှုအားလုံးကိုလည်း ဝမ်းသာအားရ ချီးကျူးဂုဏ်ပြုပါသည်"လို့ ကောက်ချက်ချထားရဲ့။

နဝမတန်းကျောင်းသူလေး ငြိမ်းငြိမ်းအိကလည်း -

"မကြွေမီ ပန်းကလေးများကို အကြွေကောင်းရန် ဘိုးဘွားရိပ်သာ ထူထောင်ပေးခဲ့တဲ့ ဒေါ်ဦးငွေနန်းကို အရမ်းလေးစားမိပါတယ်။ အဘွားလိုမျိုး အများအကျိုးဆောင်ရွက်တဲ့သူမျိုးဖြစ်အောင် ကြိုးစားနေပါတယ်"လို့ ဆိုထားပါတယ်။

နှစ်စဉ် လေ့လာရေးဆင်းတဲ့ ဆေးကျောင်းသားများနဲ့ အခြားသော အင်္ဂလိပ်လို၊ ဂျပန်လို ရေးထားတဲ့ ဧည့်သည်မှတ်တမ်းတွေလည်း ရှိနေပါတယ်။

### လုပ်အားဒါန

ကိုယ်လည်း ရောက်တုန်းရောက်ခိုက် တတ်တဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com




မနေသာခိုသလို၊ အသင့်ယူလာတဲ့ ကတ်ကြေးနဲ့ ခြံထည်ထုတ်ပြီး ဘိုးဘွားတွေကို ဆံပင်ညှပ်ပေးပါတယ်။ အဘွားတစ်ယောက်ကတော့ သူ့ဆံထုံးတော်ကြီး တမာသီးကို ဖြည်ချပြီး ဆံပင်တိုတိုညှပ်ခိုင်းရင်း ဖြတ်လိုက်တဲ့ ဆံပင်ရှည်ကို ရောင်းပြီး လှူမယ်တဲ့။ အဘွားတစ်ဦးကတော့ "လှလှလေး ညှပ်ပေးနော်"တဲ့။ ပျော်တတ်တဲ့ အဘွားတစ်ဦးကတော့ "သူ့ကို ကဒိန်းလျော့လိုက်"လို့ ဝင်ပြောပြီး ရယ်နေလို့ မကြားဘူးတဲ့ ဝေါဟာရသစ်မို့ သိချင်ပြီး"ဘာလဲ အဘွား"လို့ မေးတော့ "ခေါင်းတုံး တုံးလိုက်လို့ ပြောတာ"လို့ ဘာသာပြန်ပါတယ်။ ဩော်··· ဘယ်အရပ်သုံး ဒေသိယစကားပါလိမ့်။ ဆံပင်ညှပ်ပေးရင်း တခိခိရယ်နေတဲ့ အဘွားတွေကို ကြည့်ပြီး ကြည်နူးမိပါတယ်။ ဆံပင်ညှပ်ပြီးစ အဘွားကို ကြည့်ပြီး လာရောက်တွေ့ဆုံနေတဲ့ သူ့တူတွေ၊ တူမတွေက ရယ်နေကြရဲ့။

အဘွားတွေဟာ အလွန်စကားပြောချင်နေကြတာလည်း သတိထားမိပါတယ်။ ဆံပင်ညှပ်ခံရင်း အဘွားတစ်ဦးက သမ္မတကြီး ဦးနေဝင်းနဲ့ အမျိုးတော်ကြောင်း၊ သူ့အိမ်မှာ သွားနေဖူးကြောင်း၊ သူ မရှိတော့မှ ပြန်လာခဲ့ကြောင်း ပြောပြပါတယ်။ နောက် အဘွားတစ်ဦးကတော့ သခင်ကိုယ်တော်မှိုင်းရွာက ဖြစ်ပြီး "ကိုယ်တွေနဲ့တော့ မတွေ့ဆုံခဲ့ဖူးပါဘူး၊ ဒါပေမယ့် တစ်ရွာတည်းသားဖြစ်ရတာ ဂုဏ်ရှိတယ်"လို့ ပြောတယ်။ အဘွားတစ်ဦးကတော့ သူ့အဘိုးကြီးအကြောင်းထက် မနှစ်ကမှ ဆုံးသွားတဲ့ သူ့သား လူပျိုကြီးအကြောင်း ပြောရင်း "သားကြီး မရှိတော့ အဘွားလည်း ရိပ်သာရောက်တာပေါ့"လို့ ဆိုရှာတယ်။ ဘာပဲဖြစ်ဖြစ် ခုတော့ သူတို့အားလုံးဟာ ဘဝနေဝင်ခါနီးမှာ ငြိမ်းချမ်းစွာ နေနေရပါပြီ။

ညနေစာအတွက် ကိုပြည့်စုံတို့ ကြင်စဦး ဇနီးမောင်နှံက အဘိုးအဘွားနဲ့ မိတ်ဆွေတွေကို ကျွေးမွေးညှော်ခံပါတယ်။ ဘိုးဘွားတွေအဆောင်ကို အပြန်မှာလည်း သူတို့နဲ့မြို့ခံ အလှူရှင်တွေက လက်ဆောင်နှင့် အလှူငွေတွေ လှူဒါန်းလိုက်ကြပါသေးတယ်။ စားဆောင်ရဲ့ နံရံမှာ အကယ်ဒမီ သုမောင်၊ ကိုယ်တို့ ဆေး(၂)ကျောင်းသားဟောင်း သန်းချိုသန်းနိုင်တို့ လှူဒါန်းတားတာ တွေ့ရပါတယ်။

ညဦး မှောင်ရီပျိုးစမှာတော့ ရုံးခန်း မီးပွင့်နေလို့ ဝင်

www.burmeseclassic.com

ကြည့်ပါတယ်။ ရုံးခန်းတာဝန်ရှိသူတစ်ဦးက ဒေါ်ဦးဇွန်းရဲ့ လက်မှတ်နဲ့ အလှူခံဖြတ်ပိုင်းတစ်ခုပြပါတယ်။ ၁၃၀၃ ခုနှစ်ကမို့ လွန်ခဲ့တဲ့ ၇၅နှစ်က မှတ်တမ်းတစ်ခုပါပဲ။ အဲဒီဖြတ်ပိုင်းလေးဟာ ငွေ(၁၀၀)ကျပ်လှူဒါန်းတာကို ဒေါ်ဦးဇွန်းက လက်မှတ်ထိုးပြီး လက်ခံခဲ့တဲ့ သက်သေပေါ့။ ဒါကို ပြသပစ္စည်းနည်းပါးတဲ့ ပြတိုက်မှာ ထားသင့်တယ်လို့ အကြံပေးခဲ့ပါတယ်။ ဖြတ်ပိုင်းလေးအောက်နားမှာ "လူအိုတို့ကို ရည်မှန်း၍ လှူဒါန်းရသော ဤကုသလကြောင့် ဆုလေးပါးကို ရလျက်၊ ဘဝတိုတိုနှင့် မင်္ဂလိနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ အလှူငွေခံ လူကြီးလက်မှတ် ဒေါ်ဦးဇွန်း"လို့ ရေးထားပြီး အင်္ဂလိပ်ဘာသာနဲ့ မြန်မာ... 

သူကပဲ လမ်းညွှန်လို့ မမှာရုံဘေး၊ နတ်လမ်းနားမှောင်ရိပ်ထဲက ရေတွင်းကိုလည်း သွားကြည့်ပါတယ်။ ရေတွင်းပတ်လည်က အုတ်ဘောင် အင်္ဂတေသားမှာတော့ (Repaired by Daw U Zon.) လို့ အင်္ဂလိပ်ဘာသာနဲ့ ရေးခြစ် မှတ်တမ်းတင်ထားတယ်။ နတ်လမ်းအတိုင်း ပြန်လျှောက်လာတော့ စိတ်ထားအလွန်ဖြောင့်မတ်ပြီး ရိုးသား ကြိုးစားမှုအပြည့်နဲ့ ကိုယ့်သူငယ်ချင်း ကိုချင်ပိုးက တစ်ခန်းလှူထားတာကို (ဦးဘိန်တောင်+ဒေါ်ရွှေအင်း၊ သား ဦးအောင်ထိုက်၊ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်၊ မြေနီကုန်း၊ ရန်ကုန်မြို့)လို့ တွေ့လိုက်ရပြန်တယ်။

ဒေါ်ဦးဇွန်းဟာ တိုင်းပြည် လွတ်လပ်ရေးမရမီ တိုင်းတစ်ပါးသားတို့လက်အောက်မှာ သူ့ကျွန်ဘဝရှိနေစဉ်ကတည်းက ဗုဒ္ဓဘာသာ လူအိုရုံများကို ပင်ပန်းကြီးစွာ စတင်ထူထောင်ကြိုးပမ်းခဲ့သူဖြစ်ပါတယ်။ စစ်ကြိုခေတ်က မြန်မာ့ပထမဆုံး ဘိုးဘွားရိပ်သာကို သက်ကြီးရွယ်အိုများ စုဝေးနေထိုင်ရာဖြစ်လို့ "လူအိုရုံ"လို့ ခေါ်ခဲ့ကြပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ ဘိုးဘွားရိပ်သာလို့ ပြောင်းလဲခေါ်ခဲ့ကြပါတယ်။ ဒေါ်ဦးဇွန်းရဲ့ မိန့်မှာချက်တစ်ခုဟာလည်း ထူးခြားပြီး သူ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ လူမှုရေးလုပ်ငန်းနဲ့လည်း သက်ဆိုင်ပါတယ်။ လူအိုများအကျိုးကို ဟန်ဆောင်ကူညီကြသည့် လောဘ အတ္တသမားများ တွေ့ရှိပါလျှင် နှိမ်နင်းဖယ်ရှားနိုင်ပါစေ"တဲ့။ ကောင်းလိုက်တဲ့ သတိပေးစကားပါပဲ။

နောက်နေ့မနက် ဝေလီဝေလင်းမှာတော့ "သင် ဤသို့ အိုရအံ့"လို့ အဘိုးအဘွားပုံတွေနဲ့ သတိပေး ကြော်ငြာထားတဲ့ ဘုတ်ပြားကို သတိရရင်း မကြာမီ လက်တစ်ကမ်းမှာ







ရောက်ရှိတော့မယ့် (ရောက်လည်း ရောက်ရှိနေပြီဖြစ်တဲ့) ကိုယ့်ဘဝ တစ်ဆစ်ချိုးအတွက်လည်း ကြိုတင်ပြင်ဆင်ရတော့မှာပေါ့လို့ တွေးရင်း ပေါင်းတည် ဘိုးဘွားရိပ်သာကနေ ထွက်ခွာလာခဲ့ရပါတော့တယ်။

❒



www.burmeseclassic.com

www.burmeseclassic.com

# သံပုရာရည်၊ ကြံရည်သောက်ကြမယ်

လှစွမ်းမြင့် (နတ်မောက်)

ကျွန်တော့်ဦးကြီး ဦးကောင်းထွန်းဟာ ယခုဆိုလျှင် အသက် ၇၃နှစ်ပြည့်လာပါပြီ။ ဒါပေမယ့် မောပန်းခြင်းကင်းစွာ နေ့စဉ် ၃မိုင်တာ ခရီးကို အသွားအပြန် ၆မိုင် ပုံမှန်လမ်း လျှောက်နိုင်ဆဲပါပဲ။ စား၊ သွား၊ အိပ်၊ တရားမှတ်၊ ပုံမှန် အလုပ်တွေကို မပျက်မကွက် လုပ်နိုင်ဆဲပါ။ ဆံပင် အနည်း ငယ် ဖြူကြောင်ကျားဖြစ်တာက လွဲပြီး မျက်စိကောင်း၊ နား လျှင်မြဲပါပဲ။ ဖျားနာကင်းပြီး ဆေးဝါးမှီဝဲရမှု မရှိသလောက် ပါပဲ။ တစ်ရံတစ်ခါ လျက်ဆားလောက်၊ ချွေးထုတ် ငန်းဆေး လောက် သောက်တာပဲ ရှိပါတယ်။

ဦးကြီး အခုလို ကျန်းမာ လန်းဖြာနေတာနဲ့ ပတ်သက် ပြီး ပြောပြတာကို ဗဟုသုတအဖြစ် တင်ပြပေးလိုပါတယ်။

ဦးကြီးဟာ အသက် သုံးဆယ်အရွယ် သားသမီး နှစ်ယောက်၏ ဖခင်ဖြစ်ကတည်းက နေ့စဉ်လိုလို သံပရာ ရည်တစ်ခွက် ပုံမှန်သောက်ပါတယ်။ နောက် နွေရာသီမှာ နေ့စဉ် ကြံရည်စစ်စစ်(ရေခဲမပါ)ကို သောက်တယ်လို့ ဆိုပါ တယ်။ နောက် နံနက် အိပ်ရာက ထလျှင်ထချင်း မျက်နှာ မသစ်မီ ရေမတ်ခွက်တစ်ခွက်သောက်ပါတယ်။ ဒါပါပဲတဲ့။ အခြား ဘာမှ မမှီဝဲပါဘူးတဲ့။

အဲဒီစကားအရ ကျန်းမာရေးဗဟုသုတကို လေ့လာ ကြည့်တော့ သံပုရာရည် ပုံမှန်သောက်ခြင်းဟာ အသည်းနှင့် ကျောက်ကပ်ကို ကောင်းမွန်စေပြီး၊ ဆံပင်နှင့် အရိုးများ အတွက်ပါ ကောင်းမွန်စေပါတယ်။ ချောင်းဆိုးရောဂါကို ကာကွယ်ပြီး မောပန်းခြင်းကင်းရှင်း၍ ပန်းနာရောဂါကိုပါ ကောင်းမွန်စေပါတယ်။ ဖျားနာခြင်းကို ကာကွယ်ပြီးဖြစ်သလို၊ အစာကို ကြေစေကာ၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါပိုးများ မဝင်ရောက်နိုင်အောင် ဟန့်တား ကာကွယ်ပေးတယ်ဆိုတာ သိရှိလိုက်ရပါတယ်။

တစ်ဖန် ကြံရည်စစ်စစ်သောက်ပေးရင် ကျောက်ကပ် နှင့် ဆိုင်သော ရောဂါများကို ကာကွယ်ပေးပြီးဖြစ်ပါတယ်။ ကင်ဆာရောဂါကိုပါ ကာကွယ်ပြီး လည်ချောင်းဆိုင်ရာ ရောဂါ၊ တုပ်ကွေးရောဂါများကို ကာကွယ်ပေးပါတယ်။ အမျိုးသမီး များ ရင်သားကင်ဆာဖြစ်ခြင်းကို ကာကွယ်ပေးပါတယ်။ ခန္ဓာ ကိုယ်တွင်း အပူနိုး၊ အပုပ်နိုး၊ ကိုယ်တွင်း အညစ်အကြေးများ ကို ကင်းစင်အောင် သုတ်သင်ပေးပါတယ်။ ဖျားနာပြီး နာလန် ထ,စမှာ သောက်ရင် ကုန်ခန်းခဲ့တဲ့ ပရိုတိန်းဓာတ်နှင့် သကြား ဓာတ်များကို ပြန်လည်ဖြည့်ဆည်းပေးပါတယ်။ အသားအရေ အတွက် ရေဓာတ်ဖြည့်တင်းပေးသလို၊ အိုမင်းရင့်ရော်ခြင်း ကိုလည်း ကာကွယ်ပေးပါတယ်။ ဗီတာမင်ဘီဝမ်း၊ ဘီတူး၊ ဘီသရီး၊ ဘီဖိုက်ဓာတ်တွေနှင့် အမျှင်ဓာတ်၊ ပရိုတိန်းဓာတ် တွေဟာ ကြံရည်မှာ ပါတဲ့အတွက် လက်သည်းနှင့် အသား အလှကိုပါ ဖြည့်တင်းပေးနိုင်ပြီး အသားဝါရောဂါဖြစ်ခြင်းကို ကာကွယ်ပေးတယ်ဆိုတာကို သိလိုက်ရပါတယ်။

ကျွန်တော့်ဦးကြီးဟာ ဘုန်းကြီးကျောင်းထွက်ပါ။ ဒါပေ မယ့် သိလို့လား၊ ကြိုက်လို့လား၊ ဘာ့ကြောင့်လဲတော့ မသိ ပါဘူး။ သူ ပုံမှန်သောက်ခဲ့တဲ့ သံပရာရည်နှင့် ကြံရည်ဟာ သူ့ဘဝ ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုနေ တာ သိရပါတယ်။

ကျွန်တော်တို့တစ်တွေလည်း အသက်ရှည် အနာမဲ့ဖို့ သံပရာရည်၊ ကြံရည်သောက်ကြပါစို့ဟု ရေးသားတင်ပြ တိုက်တွန်းအပ်ပါတယ်။

□



www.burmeseclassic.com

www.burmeseclassic.com




ဘဝဇာတ်သိမ်း

www.burmeseclassic.com

စာရေးသူ ကျွန်တော်သည် အညာဇာတိဖြစ်ပြီး ဇနီး ဒေါ်အေးအေး က ကချင်ပြည်နယ်သူဖြစ်လေသည်။ ရန်ကုန်ကို ရောက်ရှိ အခြေချခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကျော်လာခဲ့ပြီ။ ရန်ကုန် ရောက်ပြီးနောက် "ရောမကို ရောက် လျှင် ရောမလို ကျင့်ကြံပါ"ဟူသော စကားအတိုင်း နေထိုင်လာခဲ့ရာ အပေါင်းအသင်းမိတ်ဆွေ အတော် ရှားပါးလေသည်။

ယခုနှစ်များအတွင်း ဇနီး ဒေါ်အေးအေးသည် ဘုန်းကြီးကျောင်း သို့ ဥပုသ်စောင့်အသွားများလာသည့် အပြင် အင်္ဂါနေ့တိုင်း ဆွမ်းနှင့် ဆွမ်းဟင်း ကို ကျောင်းအတွက် တာဝန်ယူ လှူ ဒါန်းမှု ရှိလာသောအခါ ရပ်ကွက်ထဲမှာ အပေါင်းအသင်းရှိလာသည်။ သူမ၏ မိတ်ဆွေထဲတွင် ဒေါ်နုသည် ရင်းနှီး သော မိတ်ဆွေဖြစ်လာသည်။ ဒေါ်နု၏ အမျိုးသားသည် ကျွန်တော့်ကဲ့သို့ပင် စစ်မှုထမ်းဟောင်းဖြစ်နေသဖြင့် ခင်မင် မှု တိုးလာသလား ထင်ရလေသည်။

တစ်နေ့တွင် အိမ်သို့ ဒေါ်နု ရောက်ရှိလာပြီး ကျွန်တော် စာတိုပေစ ရေးတတ်ကြောင်း သိနေသဖြင့် သူမ ၏ ငယ်ဘဝအတွေ့အကြုံကို စာရေးလို က ရေးနိုင်ရန် ကျွန်တော့်အား အသေး စိတ် ပြောပြလေသည်။

◈◈◈

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့် ကဟုဆိုလျှင် မ·ဆ·လ တစ်ပါတီပင် လျှင် မထူထောင်ရသေးမီ အာဏာရှင် ခေတ်ဦးပိုင်းကာလဖြစ်သည်။

မနုသည် ရခိုင်ပြည်နယ်၊ တောင် ကုတ်မြို့နယ်တွင် နေထိုင်ပြီး အသက် ၅၃နှစ်ခန့်ရှိပြီ ဖြစ်သည်။ မနုတို့ မိသားစုက ရခိုင်တိုင်းရင်းသားများဖြစ် သည်။ မနုတို့ နေထိုင်ရာ ရွာကို "မိ ကျောင်းလူးရွာ"ဟု ခေါ်ပြီး အိမ်ခြေ တစ်ရာကျော်မျှသာ ရှိသည်။ ရွာသို့ ရောက်အောင် တောင်ကုတ်မြို့မှ ကားလမ်းပေါက်သော်လည်း လမ်းက အလွန်ဆိုးသည်။ တောင်ကုတ်နှင့် မိုင် မည်မျှဝေးသနည်း။ မနု မသိရှိပေ။

ကားလမ်းပေါက်သော်လည်း ပြည်မက မော်တော်ကားလမ်းလို မဟုတ်။ မြေလမ်းမျှသာဖြစ်သည့် အပြင် မိုင်တိုင်နံပါတ်မရှိသော တော လမ်းဖြစ်သည်။ သို့သော် တန်းလွှဲ ချောင်းအတိုင်း တောင်ကုတ်မှ စက် လှေဖြင့် သွားလျှင် ခန့်မှန်းခြေ ၂နာရီ ခန့်မောင်းလျှင် ရွာသို့ ရောက်နိုင်သည်။ ထို့ကြောင့် တောင်ကုတ်ကို သွားတိုင်း မနုတို့က စက်လှေဖြင့်သာ အသွား အလာများသည်။

မနုတို့ရွာသည်သာ မိကျောင်း နှင့် ပတ်သက်နေသည်မဟုတ်၊ ရွာနှင့် မဝေးလှသော နေရာတွင် မိကျောင်း တက်တောင်နှင့် မိကျောင်းလူးအင်း ဟူ၍လည်း ရှိသေးသည်။ မိကျောင်း တက် တောင်ပေါ်တွင် ကျောက်မိ ကျောင်းရုပ်ရှိသည်ဟု ကြားဖူးသည်။ ထို မိကျောင်းရုပ်ကို ရွာသားထဲမှ တွေ့ဖူး မြင်ဖူးသူလည်း ရှိသည်။ ထိုတောင် ပေါ်သို့ပင် မိုးဦးကျကာလတွင် မနု သည် သူငယ်ချင်းများနှင့်အတူ မှိုရှာ၊ မျှစ်ချိုး အကြိမ်ကြိမ်ရောက်ခဲ့ဖူးရာ ကိုယ်တိုင်မြင်တွေ့ခဲ့ခြင်းတော့ မရှိပေ။

ရှေးအခါက မိကျောင်း တက် သွားဖူးသဖြင့် "မိကျောင်းတက်တောင်" ဟု နာမည်တွင်ခဲ့သလား။ ရေထဲသို့ မိကျောင်းဆင်းပြီး လူးသွားခဲ့ဖူး၍ ထို အင်းကို "မိကျောင်းလူးအင်း"ဟု ခေါ် လေသလား မသိပါ။ ရှေးလူကြီးတို့က စာတစ်တန်၊ ပေတစ်ဖွဲ့ ဖြင့် ဘယ်သူ ကမှ ရေးသားမှတ်တမ်းတင်ထားခဲ့ခြင်း မရှိတော့လည်း သမိုင်းအထောက် အထားခိုင်လုံမှု မရှိ။ ထင်ကြေးနှင့်သာ မှန်းဆပြောဆိုနေသလို ဖြစ်နေသည်။ သို့သော် သေချာတာကတော့ ထို နာမည်အသုံးအနှုန်း ဝေါဟာရများက ရေသတ္တဝါကြီး မိကျောင်းနှင့် တစ်နည်း တစ်ဖုံ ပတ်သက်နေကြောင်း သက်သေ ခံနေသကဲ့သို့ပင် ရှိ၏။

မိကျောင်းတက်တောင်၏ လမ်း ခုလတ်မှာပင် "အထက်ပြင်ရွာ"ဟု ရှေးက ရှိခဲ့သေးသော်လည်း ယခုအခါ ထိုရွာပျက်သွားပြီဖြစ်သည်။

မနု ရွာမှာ နေတုန်းက မျက်မြင် ကိုယ်တွေ့ မိကျောင်းကြီးနှင့် ပတ်သက် တာကတော့ အထင်အရှားရှိခဲ့ဖူးသည်။ ပြန်လည် စဉ်းစားလိုက်တိုင်း မျက်စိထဲ တွင် မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလို မြင်ယောင်နေမိဆဲဖြစ်သည်။

◈◈◈

ရွာအနီးမှ ကပ်၍ စီးဆင်းသွား သော ရခိုင်ရိုးမမှာ မြစ်ဖျားခံသည့် တန်းလွှဲချောင်းသည် မြန်မာပြည်မှ မြစ်ချောင်းတို့ သဘာဝအတိုင်း မိုး ရာသီဆိုလျှင် တောင်ကျရေဖြင့် ပြည့် လျှံနေမြဲဖြစ်သည်။ ချောင်းက အတော် ကြီးမားသဖြင့် မိုးရာသီမဟုတ်လည်း ရေများ ရှိနေတတ်သည်။ တစ်ဖက်ကမ်း တွင် ရှိသူကို လှမ်းကြည့်လျှင် တွေ့ မြင်ရသော်လည်း လူလုံးမကွဲ၍ မည်သူ မည်ဝါဟူ၍ မသိရှိနိုင်ချေ။

တန်းလွှဲချောင်းကို မှီ၍ တံငါ လုပ်ငန်းလုပ်ကိုင်နေကြသူများလည်း ရွာထဲတွင် ရှိကြသည်။

တစ်နေ့ ညဦးပိုင်းအချိန်ကာလ တွင် မိကျောင်းလူး ရွာသား လွန်းခင် သည် တန်းလွှဲချောင်းတွင် ငါးရှာနေ သည်။ သူ၏ လှေပေါ်တွင် တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ မိကျောင်းလူးရှာတွင် လွန်းခင်တစ်ယောက် မိကျောင်းကိုက်ခံရ၍ သေဆုံးခဲ့ပြီးနောက်ပိုင်းတွင် တန်းလွှဲချောင်းထဲမှာ ရေချိုး၊ အဝတ်လျှော်၊ ငါးရှာအလုပ်များကို မည်သူမျှ မလုပ်ဝံ့တော့ဘဲ အားလုံး ထိတ်လန့်ကြောက်ရွံ့နေကြသည်။ ကျွဲများ ချောင်းစပ်တွင် ရေစိမ်ကြလျှင် မိမိတို့ ကျွဲများကို မိကျောင်းဆွဲခံရ၍ ဆုံးရှုံးမည် စိုးရိမ်သဖြင့် ချောင်းနားသို့ ကပ်ခွင့် မပြုကြတော့ပေ။

ဤရက်ပိုင်းအတွင်း ရွာသားများ ချောင်းရေကို မသုံးစွဲဘဲ တွင်းရေကိုသာ အသုံးပြုနေကြရသည်။ တန်းလွှဲချောင်းဘက်သို့ အကြောင်းရှိ၍ သွားလာလျှင် တစ်ဦးတစ်ယောက်တည်း မသွားလာကြတော့ဘဲ အနည်းဆုံး လေးငါးယောက် အုပ်စုဖွဲ့၍ ဓား၊ လှံ၊ မိုန်းများကို ကိုင်ဆောင်ပြီးမှ သွားလာကြရသည်။

ရွာထဲမှ မဆိုးကျော် ကိုစိန်တင်သည် ဤရက်ပိုင်းအတွင်း အတော်တတ်သော အုန်းဆံကြိုးကြီးကို ကျစ်နေသလို၊ မိန်းများကိုလည်း သုံးလေးချောင်းရအောင် ပြုလုပ်နေသည်။ စင်စစ် ကိုစိန်တင်သည် ကုန်းပေါ် တောတောင်မှာ ကျက်စားသော မုဆိုးမျှသာတည်း ရိုက်ပါလာပြီး ရေလယ်တွင် ကွန်ပစ်ခြင်းဖြစ်သည်။ လွန်းခင်၏ လှေနှင့် မနီးမဝေးတွင် ဘဝတူ တံငါလှေတစ်စီးကို တွေ့ရသည်။ ထိုလှေကား တစ်ရွာတည်းသား မျိုးဝင်း၏ လှေဖြစ်သည်။

သိပ်မကြာမီတွင် လွန်းခင်၏ လှေမှ မီးအလင်းရောင် ပျောက်ကွယ်သွားပြီးနောက် လှေငြိမ်သက်နေသော်လည်း ဝုန်းဒိုင်းကြဲနေသော အသံများ ကြားလာရသဖြင့် "လွန်းခင် ဘာဖြစ်နေတာလဲ" ဟု အော်ဟစ် မေးမြန်းကြည့်ရာ တစ်စုံတစ်ရာ အဖြေမရရှိပေ။ မျိုးဝင်းလည်း ကြောက်ရွံ့လာသဖြင့် ငါး ဆက်လက်မရှာတော့ဘဲ ရွာကို ပြန်လာခဲ့သည်။ ထို့နောက် ရွာလူကြီးထံ ညတွင်းချင်း သွားရောက်သတင်းပို့လိုက်သည်။

မိကျောင်းအန္တရာယ်နှင့် လွန်းခင် ကြုံတွေ့ရခြင်းသာဖြစ်မည်ဟု နားလည်ကြသဖြင့် ချက်ချင်း မလိုက်ရဲကြပေ။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ရွာလူကြီး ဦးဆောင်ပြီး လေ့ငါးစီး အုပ်စုဖွဲ့ကာ ဓား၊ လှံ၊ မိုန်းများ ကိုင်ဆောင်၍ ပျောက်ဆုံးနေသူ လွန်းခင်ကို လိုက်လံရှာဖွေကြသည်။ ပျောက်နေသော လှေကို တွေ့ရသော်လည်း လွန်းခင်ကိုကား လုံးဝ ရှာမတွေ့ရပေ။ ရွာသားအားလုံး၏ ထင်မြင်ချက်ကတော့ မိကျောင်းဆွဲခံရခြင်းသာ ဖြစ်မည်ဟု တညီတညွတ်တည်း ဆိုကြသည်။ ရဲစခန်းကိုလည်း သွားရောက်တိုင်ကြားထားရာ အလောင်းရအောင် ရှာခဲ့ပါဟုသာ စခန်းက ဆိုသည်။

ချောင်းထဲမှာ ငါးရှာရင်း ကိုယ့်ရွာသားတစ်ယောက် ပျောက်ဆုံးနေသောကိစ္စရပ်အတွက် အတူနေ ရွာသူရွာသားများကသာ အပင်ပန်းခံပြီး လိုက်လံရှာဖွေရမည်ဖြစ်သည်။ လွန်းခင်သည် တစ်ရွာတည်း အတူနေသူ ချိုချိုဝင်းနှင့် အိမ်ထောင်ကျသည်မှာ မကြာသေးပေ။ ယခုအခါ ချိုချိုဝင်းမှာ ကိုယ်ဝန်(၆)လခန့်ရှိနေပြီဖြစ်သည်။

အခင်းဖြစ်ပွားပြီး လေးရက်ရှိသောအခါတွင် တန်းလွှဲချောင်း၏ အောက်ဘက်ရွာနှင့် သုံးမိုင်ကျော်ကွာဝေးသော နေရာတွင် လွန်းခင်၏ အလောင်း သွားပေါ်လေသည်။ အရိုးများ ကျိုးကြေနေခြင်းနှင့် ခြေတစ်ဖက်၊ လက်တစ်ဖက် မပါရှိတော့ခြင်းတို့က မိကျောင်းကိုက်ခံရကြောင်း သိသာစေသည်။ ဦးခေါင်းပိုင်း ကျန်နေသေးသော်လည်း မျက်စိများ၊ နားရွက်များ မရှိတော့သည်ကို တွေ့ရသည်။ ကျန်သည့် လက်တစ်ဖက်ရှိ ဆေးရေးမင်ကြောင်အရုပ်နှင့် ဝတ်ဆင်သွားသော စွပ်ကျယ်အနီရောင်ကို တွေ့ရ၍သာ ကိုယ့်ရွာသား လွန်းခင်အမှန်ဖြစ်ကြောင်း အတည်ပြုနိုင်လေသည်။

ရုပ်အလောင်းမှာ အပုပ်နံ့ ဆိုးဆိုးရွားရွားထွက်နေခြင်းကြောင့် အားလုံး သဘောဆန္ဒအတိုင်း အနီးဆုံးနေရာ ကုန်းပေါ်သို့ သယ်ဆောင်၍ မြေမြှုပ် သင်္ဂြိုဟ်လိုက်ကြရသည်။

◈◈◈

**နံ့ကြားနစ်ဖက်တွင် မုဆိုး ကိုစိန်တင်၏ မိုန်းနှစ်ချောင်း တန်းလန်းနှင့် ဖြစ်သည်။ အုန်းဆံကြိုးအတုတ်စားဖြင့် မိကျောင်းကြီး၏ ခန္ဓာကိုယ်ကို ရစ်ပတ်ချည် နှောင်ထားပြီးနောက်တွင် ကုန်းမြေပေါ် သို့ရောက်အောင် ကျွဲတစ်ရှဉ်း၏ အကူအညီဖြင့် ဆွဲတင်ယူရလေသည်။**



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူ့ အမဲလိုက် သားကောင်ရှာဖွေရာတွင် အထူးအားကိုးရသော ခွေးတစ်အုပ်လည်း ပိုင်ဆိုင်ထားသည်။

တောဘုရင် ကျားကြီးကို မိအောင် ထောင်ချောက်ဆင် ဖမ်းဆီးနိုင်သည်မှာ မှန်သော်လည်း ရေထဲမှာ ဘုရင်ဖြစ်သော မိကျောင်းကို နှိမ်နင်းဖို့ တောလိုက်ခွေးများက အသုံးမဝင်နိုင်ပါ။ မုဆိုးကြီးက ရေကူးတတ်သည် မှန်သော်လည်း ရေသတ္တဝါ မိကျောင်းကြီးကို ယှဉ်ပြိုင်နိုင်ဖို့ရာက မဖြစ်နိုင်သေးပါ။

ကိုစိန်တင် မိကျောင်းကို မည်သို့ ရင်ဆိုင်မလဲဆိုတာ ပဟေဠိသဖွယ်ဖြစ်ပြီး လူအများ စိတ်ပါ ဝင်စားစရာတစ်ခုဖြစ်နေလေသည်။ မုဆိုး ကိုစိန်တင်ကို ခင်မင်ရင်းနှီးသူများက အလွန်အန္တရာယ်ကြီးသော စွန့်စားခန်းမှာ အသက်နှင့် ရင်းနှီးရမည့်ကိစ္စဖြစ်နေသဖြင့် လက်လျှော့လိုက်ရန် ဖျောင်းဖျပြောဆိုကြလေသည်။

ရေပြင်ပေါ်မှ ရေသတ္တဝါထက် လူသား မုဆိုးက မကျွမ်းကျင်နိုင်ဟု ဆိုကာ မိကျောင်းဘက်မှ အနိုင်ဖြင့် နှစ်လေး တစ်လေး လောင်းကြေးထပ်သူများပင် ရှိနေလေသည်။ ခုဆို ကိုစိန်တင်က မည်သူ့စကားကိုမျှ နားမထောင်ဘဲ မိကျောင်းနှင့် ရင်ဆိုင်ရဖို့ကိုသာ စိုင်းပြင်း အားထုတ်နေလေသည်။ စိတ်ပါဝင်စားပြီး သတ္တိရှိသူများ အတူလိုက်ပါနိုင်ကြောင်းပင် ကမ်းလှမ်းဖိတ်ခေါ်နေလိုက်သေးသည်။ သို့သော် ကိုစိန်တင်ကို အဖော်အဖြစ် လိုက်ပါပေးမည့်သူကား ပေါ်ပေါက်မလာခဲ့ပေ။

မိကျောင်း၏ အရေခွံသည် ကြမ်းတမ်းပြီး ထူထဲလှရာ ကိုစိန်တင်၏ မှိန်းများက ထိုးဖောက်နိုင်စွမ်း ရှိပါ့မလားဟု လူအများက သံသယရှိနေကြလေသည်။ နောက်တစ်ချက်က လှေပေါ်မှ လူကို မိကျောင်းသည် သူ့အမြီးနှင့် လှည့်၍ ရိုက်ချတတ်တာကို မုဆိုး ကိုစိန်တင် ဘယ်လို ရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားစွာ ပြောဆိုနေကြသည်။

◈◈◈

အလင်းရောင် ကောင်းစွာ ရသော တစ်ညကို မိကျောင်းကြီးအား စိန်ခေါ်ရန် ရွေးချယ်လိုက်သည်။ မိကျောင်းနှင့် ရင်ဆိုင်ရမည့်ပွဲတွင် တောလိုက်ခွေးများက အသုံးမတည့်သဖြင့် အားလုံးကို အိမ်မှာ ထားခဲ့လိုက်သည်။ ကိုစိန်တင် အဖော်ခေါ်သွားသည်က ဘဲအရှင်နှစ်ကောင်ဖြစ်သည်။ ဘဲနှစ်ကောင်နှင့် မိကျောင်းကြီးကို မျှားခေါ်ရန်ဖြစ်သည်။

မိကျောင်းကြီးက ဝမ်းစာအတွက် ဘဲကို ရွေးချယ်မလား။ လူကို ရွေးချယ်မလား။ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

တံငါသည် လွန်းခင် မိကျောင်းကြီး၏ လက်ချက်ဖြင့် သေဆုံးရသည်မှာ လွန်းခင်သည် လက်နက်ဟူ၍ ဓားမတို တစ်ချောင်းပင် မပါ။ ငါးရရှိရေးအတွက်သာ အာရုံက များနေခဲ့သည်။ "ဇလုတ်ကိုသာ မြင်သည်၊ တုတ်ကို မမြင်"ဟူသော စကားပုံအတိုင်းဖြစ်သွားခဲ့ရသည်။

ယခုတော့ မုဆိုး ကိုစိန်တင်က လှေပေါ်တွင် ဓားရှည်၊ ဓားတို၊ မှိန်းစုံအောင် ပါသည်။ ခါးတွင် ခါးပတ်နှင့် ချိတ်ထားသော ဓားမြှောင်သာမက၊ လက်ထဲတွင် မှိန်းအပြင် ကျောပေါ်မှာ ကျည်တောက်ရှည်နှင့် ထည့်ထားသော အရန် မှိန်းအပိုတစ်ချောင်းပါ ပါရှိသေးသည်။ လွန်းခင်ကို မိကျောင်းက အလွယ်တကူ သတ်ဖြတ်သွားနိုင်ပေမယ့် မုဆိုး ကိုစိန်တင်ကိုတော့ သာမန်လူအတိုင်း မိကျောင်းဘက်မှ အလွယ်တွက်လျှင် မှားသွားပေလိမ့်မည်။ ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့တာမဟုတ်ဘဲ၊ လူနှင့် မိကျောင်း ရေပြင်မှာ တွေ့ကြမည့် ပွဲကြီးပွဲကောင်းတစ်ပွဲဟု ဆိုက မမှားပေ။

တစ်ည တစ်ညနှင့် သုံးလေးညတိုင်အောင် မုဆိုး ကိုစိန်တင် ချောင်းမြောင်းနေခဲ့သော်လည်း အခြေအနေက ထူးခြားမလာခဲ့ပေ။

တစ်ညလုံး မအိပ်စက်ခဲ့ရသော ကိုစိန်တင်သည် နေ့ဘက်တွင် ဘယ်မှ မသွားဘဲ အိမ်မှာသာ အိပ်ရေးဝအောင် အိပ်သည်။

ဤသို့ဖြင့် လပြည့်နေ့ည လမင်းထိန်ထိန်သာချိန်တွင် မုဆိုး ကိုစိန်တင်နှင့် မိကျောင်းကြီးတို့ ထိပ်တိုက် ရင်ဆိုင် ကြုံတွေ့ခဲ့ကြသည်။

မနတို့ နံနက်စာ ထမင်းကြမ်းကြော်၍ စားသောက်နေစဉ် မုဆိုး ကိုစိန်တင်က မိကျောင်းကြီးကို ယှဉ်ပြိုင် အနိုင်ယူပြီး ဖမ်းလာခဲ့ပြီဟူသော သတင်းကို ကြားရသည်။ စားလက်စ ထမင်းပန်းကန်ကို ပစ်ထားခဲ့ပြီး မနနှင့်အတူ သူငယ်ချင်းတစ်စုသည် တန်းလွှဲချောင်းဆီသို့ တက်သုတ်ရိုက် ပြေးခဲ့ကြသည်။

ဘုန်းကြီးကျောင်းအလွန် ချောင်းကမ်းစပ်မှ ကုက္ကိုပင်ကြီးအောက်တွင် မုဆိုး ကိုစိန်တင်ကို အရှုံးပေးသွားရသော မိကျောင်းကြီး၊ တံငါ လွန်းခင်၏ အသက်ကို ဇီဝိန်ချွေသွားသော မိကျောင်းကြီးကို တွေ့လိုက်ရပါသည်။ လူနှင့် မိကျောင်း ရင်ဆိုင် ယှဉ်ပြိုင် အနိုင်လုပွဲတွင် လူသားတွေထက် ခွန်အား ပိုမိုကြီးမားသော မိကျောင်းသည် ဦးနှောက် ပိုမိုကြီးမားသော လူကို

www.burmeseclassic.com

အရှုံးပေးသွားရခြင်းဖြစ်လေသည်။

မိကျောင်းကြီးသည် ဘဲနှစ်ကောင်ကို အစာအဖြစ် စားသောက်ရန် စိတ်မဝင်စားပေ။ လူသားစားပြီးထား၍ လူ့အသွေးအသား၏ အရသာကို သိထားခြင်းကြောင့်လား။ ဘဲနှစ်ကောင်ပါသော ထောင်ချောက်ကို သဘောပေါက်၍လား မသိ၊ ဘဲကို ကျော်ပြီး လူကို တိုက်ခိုက်သည်။ လေ့ပေါ်မှာ လူ မုဆိုးကို သူ၏ အမြီးနှင့် ရိုက်ချသည်။ လရောင်အောက်တွင် ရေပေါ်သို့ ပေါ်လာသည့် မိကျောင်းကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသော အခွင့်အရေးကို မုဆိုး ကိုစိန်တင်က ကောင်းစွာ အသုံးချသွားနိုင်၏။

မိကျောင်းကြီး၏ ရှေ့လက်နောက်နားက နံကြားထဲသို့ မှိန်းတစ်ဝက်လောက် ကျွံဝင်အောင် မုဆိုးက လက်ဦးမှုယူ ထိုးပြီးမှ မိကျောင်းအမြီးနှင့် အရိုက်ခံ၍ လေ့ပေါ်မှ ရေထဲသို့ ပြုတ်ကျသွားသည်။ ရေသတ္တဝါ မိကျောင်းသည် မှိန်းချက် ဒဏ်ရာကြောင့် အထိနာသွားပြီး အနီးသို့ ရောက်နေသော လူကို ထင်သလို မပြုမူနိုင်တော့ပါ။ ထိုအခါမှ ကိုစိန်တင်က အပိုပါလာသော မှိန်းတစ်ချောင်းကို ထပ်မံ သုံးစွဲပြီး ပွဲသိမ်းလိုက်လေတော့သည်။

မိကျောင်းကြီးကား မနုတို့ မျှော်လင့်ထားသည်ထက် ပိုမိုကြီးမားပြီး ကြောက်ရွံ့ဖွယ်ရာ ကောင်းလှသည်။ နံကြားနှစ်ဖက်တွင် မုဆိုး ကိုစိန်တင်၏ မှိန်းနှစ်ချောင်းတန်းလန်းနှင့် ဖြစ်သည်။ အုန်းဆံကြိုးအတုတ်စားဖြင့် မိကျောင်းကြီး၏ ခန္ဓာကိုယ်ကို ရစ်ပတ်ချည်နှောင်ထားပြီးနောက်တွင် ကုန်းမြေပေါ်သို့ ရောက်အောင် ကျွဲတစ်ရှဉ်း၏ အကူအညီဖြင့် ဆွဲတင်ယူရလေသည်။

မိကျောင်းကြီးကို လာရောက်ကြည့်ရှုသူများဖြင့် ပွဲတော်တစ်ခု ဆင်နွှဲနေသလို ကြိတ်ကြိတ်တိုး စည်ကားနေသည်။ သေနေပြီလား။ အသက်ရှိသေးသလား ထင်ရှားစွာ မသိရသော မိကျောင်းကြီးသည် ငြိမ်သက်နေသော်လည်း ပါးစပ်ဟထားသဖြင့် လူငယ်တချို့က ခြေထောက်ထိုးခံဝံ့၊ မခံဝံ့ကို ကြဲကြဲဖန်ဖန် လောင်းကြေးထပ်နေပြန်သည်။

“ဟေ့…ကလေးတွေ၊ မိကျောင်းကြီးက မလှုပ်ရှားပေမယ့် အသက်ရှိနေသေးတယ်နော်။ မင်းတို့ ခြေထောက်ကို ကိုက်ဖြတ်ပစ်လိမ့်မယ်။ မင်းတို့ သိပ်စမ်းသပ်ချင်ရင် ဝါးလုံးနဲ့ ထိုးပြီး အရင်စမ်းသပ်ကြည့်လိုက်ဦး။ အဲဒါဆိုရင် အဖြေပေါ်လိမ့်မယ်”

ထိုလူကြီးတစ်ယောက်၏ စကားကြောင့်ပင် ခပ်တုတ်တုတ်အရွယ် ဝါးလုံးအပိုင်းတစ်ခုကို ရှာလာပြီး မိကျောင်းကြီး၏ ပါးစပ်ထဲသို့ ထိုးထည့်ထားကြည့်လိုက်သည်။ အချိန် ၅မိနစ်ခန့်မျှ မကြာလိုက်သေးမီမှာပင် မိကျောင်းကြီးက ထိုဝါးလုံးကို ကိုက်ချလိုက်ရာ ဝါးလုံးသည် တစ်စစီ ကြေမွသွားလေသည်။ ထိုအခါမှ စောစောက လောင်းကြေးထပ်နေသော လူငယ်များ နောက်ဘက်သို့ ဆုတ်သွားကြသည်။ သို့သော် တအံ့တသြနှင့် တိုးဝှေ့ကြည့်ရှုလာကြသော လူပရိသတ်က တစ်စထက် တစ်စ ပိုမိုများပြားလာနေသည်။

“လူတွေက ထိန်းမနိုင်ဘူးဟေ့။ ကုန်းပေါ်ရောက်မှ မိကျောင်းက လူတွေကို လက်စားချေခွင့်ရသွားဦးမယ်။ ကျွဲနှစ်ကောင်ကို ပြန်ယူလာခဲ့ကြဦး။ မိကျောင်းကြီးကို မလှုပ်ရှားနိုင်အောင် လုပ်ထားမှ ဖြစ်မယ်”

မုဆိုး ကိုစိန်တင်သည် မိကျောင်းအမြီးနှင့် အရိုက်ခံရ၍ အညိုအမည်းစွဲပြီး ယောင်ကိုင်းနေသော ဘယ်ဘက်ခြေသလုံးမှ ဒဏ်ရာကို အမှုမထားနိုင်။ ထော့နင်း ထော့နင်းနှင့် ကျွဲတစ်ရှဉ်းနှင့် အလုပ်များနေသည်။ မကြာမီ သစ်ပင်နှစ်ပင်ကြားတွင် မိကျောင်း၊ ဦးခေါင်းကို ညှပ်ထားနိုင်သည်။

“ကဲဟေ့… မိကျောင်းအရေခွံတော့ ငါယူမယ်။ မိကျောင်းသားကို စားချင်တဲ့သူတွေ မိကျောင်းကို ဖျက်ပြီး ယူနိုင်တယ်။ အရေခွံ နာမသွားအောင်တော့ နည်းနည်း သတိထားကြနော်”

မနုတို့ လူစုကာသာ မိကျောင်းကြီးမှ ပုပ်ပောင်နေသော အနံ့ဆိုးကြောင့် ကိုယ့်နှာခေါင်း ကိုယ် လက်နှင့် ပိတ်နေကြရသော်လည်း မိကျောင်းသားဆိုတာ ပိုက်ဆံပေးပြီး ဝယ်စားချင်ရင်တောင်မှ ဝယ်ယူရနိုင်ဖို့ရာ ခဲယဉ်းလှသည်။ ယခုလို အလကားရတုန်း ယူသွားမှဆိုပြီး လူတွေ အလုအယက်ယူငင်လိုက်ကြရာ ခဏတာအတွင်း မိကျောင်းကြီးတစ်ကောင်လုံး အရေခွံသာ ကျန်ရစ်ခဲ့တော့သည်။

မိကျောင်းသားကို မက်မောကြသူများမှာ ယောက်ျားများ၊ အရက်မူးသမားများက အများစု ဖြစ်ကြသည်။ နှင့် မိကျောင်းတွေ့ဆုံပွဲတွင် အနိုင်ရသူ မုဆိုး ကိုစိန်တင်က မိမိဒဏ်ရာကို အမှုမထားဘဲ အလုပ်များနေဆဲဖြစ်သည်။ ကျန်းမာရေးမှူးမှ ဒဏ်ရာကို ဆေးထည့်ရန် အတော်ပြောပြီးခါမှ ဆေးခန်းသို့ လိုက်ပါသွားလေသည်။

မနုတို့မှာ အိမ်ပြန်ရောက်သော်လည်း မိကျောင်းကြီး၏ အပုန့်က နှာခေါင်းထဲတွင် စွဲနေဆဲဖြစ်သဖြင့် စားလက်စ ထမင်းပိုင်းကို ပြန်မစားနိုင်ပေ။

❐



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ - ဇူလိုင်လ
# မြန်မာ ဆယ့်နှစ်လဖွားများအတွက် ဟောစာတမ်း

**ခန့်ကျော်စွာ**

### တန်ခူးလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း စိတ်နှစ်ခွ ပင်ပန်းနေသောကာလဖြစ်သည်။ ကုသိုလ်ကောင်းမှုတို့ဖြင့် အခက်အခဲများကို အောင်နိုင်မည်။ ရန်သူ၊ မိတ်ဆွေ သဲကွဲစွာ သိရမည်။ ငွေကိစ္စအတွက် ပန်းအဖြူ ဘုရားလှူပြီး ဆုတောင်းပါ။ ဘာသာရေးခရီးကိစ္စများ အောင်မြင်မည်။ အလုပ်အတွက် တာဝန်များမည်။ သူတစ်ပါးကိစ္စ၊ ပရဟိတကိစ္စများ ဦးဆောင်ရတတ်သည်။ အိမ်နေရာ၊ အလုပ်နေရာအတွက် စိတ်ချမ်းသာရမည်။ ဆွေမျိုး အမျိုးသမီးကျန်းမာရေးအညံ့ရှိသည်။ ညအိပ်ဆည်သည်ပေါ်ပါက ညပိုင်း အနီရောင်ဖျော်ရည် ဘုရားလှူပါ။ မိသားစုအတွက် အလုပ်သစ်အခွင့်အရေးများ ပေါ်မည်။ အလုပ်ကိစ္စစလျှင် ကြီးကဲသော အမျိုးသမီးကို အဝတ်အထည် ဒါနပြုပါ။ အချစ်ရေး လူမှုရေးအတွက်တော့ ချစ်သူ၏ သဝန်တိုမှု၊ မယုံကြည်မှုတို့ကြောင့် စိတ်ညစ်ရတတ်သည်။ ကျန်းမာရေးအတွက်တော့ ဝမ်းဗိုက်၊ အစာအိမ် ဂရုစိုက်ပါ။ မကောင်းသော အတတ်ပညာတို့ဖြင့် ဖမ်းစားခြင်းကြောင့် ကျန်းမာရေးညံ့တတ်သည်။ အနှောင့်အယှက်ကင်းရန် မှန်တစ်ခုရှေ့တွင် အလင်းတိုင်ထွန်းပြီး "မကောင်းပြုသူထံ မကောင်းတာ တန်ပြန်"ဟု ရွတ်ဆိုပြောပါ။

ယတြာ။ ■ မွေးနေ့မနက်စောစော အိမ်ဘုရားတွင် နွားနို့တစ်ခွက်၊ နံ့ကထိုင်မုန့် (၉)ခု လှူဒါန်းပါ။ အချစ်ရေးအတွက်တော့ အနီရောင်ထီး(သို့မဟုတ်)ဦးထုပ်တစ်လုံး ကလေးတစ်ဦးကို လက်ဆောင်ပေးလိုက်ပါ။

### ကဆုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ငွေကံ အထူးကောင်းသောကာလဖြစ်သည်။ ငွေကိစ္စအားလုံး ပြေလည်သွားမည်။ ငွေအတွက် စကားပြောလျှင် တနင်္လာနေ့ရှောင်ပြီးပြောပါ။ လူမှုရေးအခေါ်အပြောပျက်တတ်သည်။ မကောင်းပြောခံရတတ်သည်။ နယ်စပ်၊ နိုင်ငံခြားရောက်သူတို့၏ အထူးအဆက်အသွယ်ကောင်းရမည်။ ညအိပ်ဆည်သည်ပေါ်လျှင် ညပိုင်း ရေနှစ်ခွက်ပူး၍ ဘုရားလှူပါ။ အလုပ်ကိစ္စအတွက် အောင်မြင်မည်။ ကုန်သွယ်ခြင်း၊ အရောင်းအဝယ်၊ စပ်တူကိစ္စများ တိုးချဲ့ရမည်။ အလုပ်၌ ငွေမြုပ်လျှင် လမုန့်(၉)ခု ဆွမ်းလောင်းလိုက်ပါ။ အနီးကပ် လူရင်းရန်သူရှိသည်။ မကောင်းပြောခံရခြင်း ကြုံမည်။ အနီးအနား အဆောက်အဦးလုပ်လျှင်၊ ဆိုင်းဘုတ်အသစ်တပ်လျှင် ထီကံစမ်းလိုက်ပါ။ တိရစ္ဆာန်မွေးမြူခြင်း၊ လက်ခံခြင်း ရှောင်ပါ။ အချစ်ရေး လူမှုရေးအတွက်တော့ ကြားစကားများကြောင့် စိတ်ဝမ်းကွဲတတ်သည်။ ချစ်သူ စိတ်ဆိုး၊ စိတ်ကောက်နေလျှင် ရေသတ္တဝါကို အစာကျွေး၍ ဆုတောင်းလိုက်ပါ။ ကျန်းမာရေးအတွက်တော့ အအေးမိခြင်း အထူးဂရုစိုက်ပါ။

ယတြာ။ ■ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် အသီး(၃)မျိုး ရေ(၃)ခွက် လှူပါ။ အချစ်ရေး အဆင်ပြေရန် တိုင်ကပ်နာရီတစ်လုံး ဘုန်းကြီးလှူပါ။

### နယုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း လျှပ်စစ်ပစ္စည်းများ အပြောင်းအလဲအသစ်ဖြစ်မည်။ လူကြီး၊ မိဘ၊ မိသားစုနှင့် သဘောထားကွဲတတ်သည်။ အထင်လွဲခံရခြင်း ဂရုစိုက်ပါ။ အိမ်နေရာ၊ အလုပ်နေရာအတွက် အနှောင့်အယှက်ရှိသည်။ နေရာအပြောင်းအရွှေ့ကိစ္စ အောင်မြင်မည်။ နေရာသစ်တွင် ရည်ရွယ်ချက်များ အောင်မြင်မည်။ အဆိုးအညံ့အားလုံးလွတ်ရန် အကျီဟောင်းတစ်ထည်ကို ဖြုတ်ပြီး ရေမျှောပစ်ပါ။ လျှောက်လွှာ၊ စာချုပ်ကိစ္စ အောင်မြင်မည်။ အထူးသင်တန်းဖြေဆိုမှု အောင်မြင်မည်။ မီးလန့်သတင်း၊ ဓာတ်လိုက်သတင်းကြားလျှင်တော့ အဝါရောင် ဖျော်ရည် ဘုရားလှူလိုက်ပါ။ မိမိမွေးနေ့တွင် လျှပ်စစ်ပစ္စည်းများ ဝယ်ခြင်း ရှောင်ပါ။ အချစ်ရေး လူမှုရေးအတွက်တော့ လူကြီးမိဘများကြောင့် စိတ်ညစ်ရတတ်သည်။ အခေါ်အပြောပျက်ခြင်း၊ ခွဲနေရခြင်းတို့ ကြုံမည်။ ချစ်သူနှင့် ခရီးဝေးသွားရန် အခွင့်ထူးရပြီး စိတ်ချမ်းသာရမည်။ ကျန်းမာရေးအတွက်တော့ ရေနွေးပူလောင်ခြင်း၊ ဓာတ်လိုက်ခြင်း အထူးဂရုစိုက်ပါ။ မွေးနေ့တွင် လူနာမေးရပါက နောက်နေ့ ဆွမ်းခံဘုန်းကြီးကို ဆေးလှူပါ။

ယတြာ။ ■ မွေးနေ့မနက်စောစော အိမ်ဘုရားတွင် မုန့်ဟင်းခါးတစ်ပွဲ၊ သောက်တော်ရေတစ်ခွက်လှူပါ။ အချစ်ရေး အဆင်ပြေရန် ချစ်သူနှစ်ဦး ပူးပေါင်း၍ အလှူခံဖြတ်ပိုင်းတစ်ခု လှူလိုက်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## ဝါဆိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မည်။ ခရီးထူးများ သွားရမည်။ အဝေးရောက်နေသူတို့၏ သတင်းကောင်းအဆက်အသွယ်ရမည်။ အိမ်နေရာ၊ အလုပ်နေရာပြောင်းရွှေ့ခြင်း စီစဉ်ရမည်။ အဆောက်အဦကိစ္စ၊ ခြံစည်းရိုးကိစ္စတို့အတွက် စိတ်ညစ်ရတတ်သည်။ အလုပ်တာဝန်နှစ်မျိုးဖြစ်မည်။ အလုပ်သစ်စလျှင် မုန့်လုံးရေပေါ်ဆွမ်း အိမ်ဘုရားတွင် လှူပါ။ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကလေးများကို ချိုချဉ်၊ သကြားလုံး ဒါနပြု ဆုတောင်းပါ။ မိသားစုအတွင်း သဘောထားကွဲလွဲမှု ရှိမည်။ မိသားစုအတွင်း စကားပြောအဆင်မပြေဖြစ်လျှင် ကောက်ညှင်းပေါင်း ဘုရားလှူပါ။ ငယ်သူ သင်တန်း၊ ပညာရေးကိစ္စ အောင်မြင်မည်။ အထူးသင်တန်းတက်ရလျှင် အသီး(၉)မျိုး ဘုန်းကြီးလှူပါ။ အချစ်ရေး လူမှုရေးအတွက်တော့ စိတ်သောကဖြစ်စရာများ ကြုံမည်။ ခွဲခွာနေခြင်းများ ကြုံရတတ်သည်။ အချစ်ရေး လူမှုရေးအညံ့အခိုက်များ လွတ်ရန် ကွမ်းရွက်တစ်ရွက်ဆောင်ထားပါ။ ကျန်းမာရေးအတွက်တော့ ခြေထောက် ထိခိုက်မိတတ်သည်။ ဂရုစိုက်ပါ။ ကျန်းမာရေးအတွက် လမ်းဘေး ခွေးလေခွေးလွင့်များကို အစာဒါနပြုပါ။

**ယတြာ။** ▪ မွေးနေ့မနက်စောစော အိမ်ဘုရားတွင် လက်ဖက်ဆွမ်းတစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်လှူပါ။ အချစ်ရေး အဆင်ပြေရန် ဆွမ်းခံ ဘုန်းကြီးကို ရေစစ်တစ်ခုလှူလိုက်ပါ။

## ဝါခေါင်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အဖိုးတန်ပစ္စည်းအပြောင်းအလဲဖြစ်မည်။ လူမှုရေးကိစ္စ ကြားစကား ရှုပ်ထွေးတတ်သည်။ အထင်လွဲခံရမည်။ ရွှေ၊ ဆွေမျိုးကိစ္စ ကြားညှပ်တတ်သည်။ အရပ်တွင် နာရေးကိစ္စပေါ်လျှင် မိမိအဝတ်အဟောင်းတစ်စုံကို ရေမျှောပစ်ပါ။ မိတ်ဆွေရင်းနှင့် အခေါ်အပြောပျက်တတ်သည်။ စကားပြော ဆင်ခြင်သင့်သော ကာလဖြစ်သည်။ သော့ပျောက်တတ်သည်။ မိသားစုအတွက် အိမ်နေရာ၊ အလုပ်နေရာအသစ်ဖြစ်မည်။ ရောင်းလိုသော အဖိုးတန်ပစ္စည်းများ ရောင်းထွက်မည်။ စီးပွားတက်ရန် အသီးအပွင့်ရှိသော သစ်ပင်ကို ရေလောင်း၍ ဆုတောင်းပါ။ အချစ်ရေး လူမှုရေးအတွက်တော့ လမ်းခွဲစကားများ ပြောပြီး သံယောဇဉ်မပြတ်၍ ပြန်ပြေလည်သွားကိန်းရှိသည်။ ချစ်သူ၏ စစ်မှန်သော မေတ္တာတရားကို တွေ့ရမည်။ ကျန်းမာရေးအတွက်တော့ အဆိုးအညံ့မရှိပါ။ မိတ်ရင်း ဆွေရင်းများ ဆုံးပါးသွားတတ်သည်။ မတော်တဆ ယာဉ်ထိခိုက်သတင်းကြားလျှင် မိမိဖိနပ်ဟောင်းကို စွန့်ပစ်ပါ။

**ယတြာ။** ▪ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ကြက်ဆီထမင်းတစ်ပွဲ၊ ဇီးဖျော်ရည်တစ်ခွက် ဘုရားလှူပါ။ အချစ်ရေး အဆင်ပြေစေရန် ငှက်ပျောသီးမှည့်လှတ်သော ကုသိုလ်ပြုပါ။

## တော်သလင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ကွဲကွာနေသူများနှင့် ပြန်ဆုံမည်။ ငွေကြေးလုပ်ငန်းကိစ္စ ဆုံးရှုံးထားခြင်းများ ပြန်ရမည်။ ငွေကိစ္စများ ပြေလည်သွားမည်။ ငွေအတွက် စကားပြောလျှင် အသီးစားပြီးမှ ပြောပါ။ တိရစ္ဆာန်ကိစ္စ စိတ်ညစ်ရမည်။ ခွေးကိုက်သတင်း၊ ခြေကျိုးသတင်းကြားလျှင် ညပိုင်း လမ်းတွင် ထမင်းဟင်းကျန်များကို ခွေးကျွေးပါ။ ကိုယ်ဝန်ဆောင်သူ၊ ကလေးမွေးဖွားသူများကို ကူညီရမည်။ မွေးဖွားသတင်းကြားလျှင် အပူဂဏာန်းပါသောထီထိုးပါ။ အမွေ၊ မြေ၊ ဘာသာရေးကိစ္စ အောင်မြင်မည်။ ကား၊ ယာဉ်၊ စက်ပစ္စည်းဝင်မည်။ ရာထူး၊ တာဝန်၊ ဝင်ငွေတိုးမည်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲ အထူးကူညီမည်။ မိသားစု စီးပွားရေးအသစ် တိုးချဲ့ရမည်။ အချစ်ရေး လူမှုရေးကိစ္စများအတွက် စိတ်ချမ်းသာရမည်။ ကူညီသူများ ပေါ်မည်။ ချစ်သူ၏ အထူးလက်ဆောင်ရမည်။ သတင်းကောင်း ကြားရမည်။ ကျန်းမာရေးအတွက် ဝမ်းဗိုက်၊ အူ၊ အကြော အညံ့ရှိမည်။ အစားမှားခြင်း၊ ရေချိုးမှားခြင်း ဂရုစိုက်ပါ။ ကျန်းမာရန်အတွက် မွေးနေ့တွင် ဆွမ်းခံ ဘုန်းကြီးကို မြန်မာဆေးသုံးမျိုးလှူပါ။

**ယတြာ။** ▪ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ကြာဆန်ကြော်တစ်ပွဲ၊ ကျောက်ကျော(၉)တုံး၊ သောက်တော်ရေ(၂)ခွက်လှူပါ။ အချစ်ရေးအဆင်ပြေစေရန် တနင်္လာနေ့တွင် ခိုငှက်ကလေးများကို အစာဒါနပြုလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သီတင်းကျွတ်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အမျိုးသမီးအကြီးအကဲ ကူညီမည်။ ခရီးကိစ္စအတွက် အခက်အခဲရှိမည်။ ဆံပင်ဖြတ်ခြင်း၊ ညှပ်ခြင်း ယခုကာလတွင် မပြုသင့်။ အလှူမင်္ဂလာ၊ ဘာသာရေးကိစ္စ အောင်မြင်မည်။ အလုပ်တာဝန် နှစ်မျိုးဖြစ်မည်။ နယ်စပ်နိုင်ငံရပ်ဝေးမှ သတင်းကောင်းအဆက်အသွယ်ရမည်။ ကွဲကွာနေသူများနှင့် ပြန်ဆုံမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးတွင် အမျိုးသမီး သူစိမ်းကြောင့် စိတ်ညစ်ရတတ်သည်။ ခွဲစိတ်သတင်းကြားလျှင် အသီး(၁၀)စိတ် လှူပါ။ အမျိုးသမီးလူနာ ကျန်းမာရေးကိစ္စ ကူညီရမည်။ ဆေးရုံသတင်းမေးရလျှင် အနီရောင်ဖျော်ရည် ဘုရားလှူပါ။ အချစ်ရေး၊ လူမှုရေးကိစ္စများအတွက် ဆရာမ၊ ကြီးကဲသော အမျိုးသမီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ ချစ်သူ၊ ခင်သူချင်း စကားအရှုပ်အထွေး ဂရုစိုက်ပါ။ ချစ်သူ၏ အဝေးခရီးကိစ္စ အောင်မြင်မည်။ ကျန်းမာရေးအတွက် စိုးရိမ်စရာ မရှိပါ။ မွေးနေ့ညတိုင်း အနီရောင်ဖျော်ရည် ဘုရားလှူပါ။

**ယတြာ။** ■ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် အုန်းရည်တစ်ခွက်လှူဒါန်းလိုက်ပါ။ အချစ်ရေး အဆင်ပြေရန် ညောင်ပင်ရေလောင်း၍ ဆုတောင်းပါ။

## တန်ဆောင်မုန်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ဘာသာရေးကိစ္စများ ဦးဆောင်ရမည်။ ဆရာပေါင်း၊ လူကြီးပေါင်း အကျိုးပြုမည်။ ယာဉ်၊ စက်ပစ္စည်းကားကိစ္စ အောင်မြင်မည်။ ခရီးများသော အချိန်ဖြစ်သည်။ လူမျိုးခြား၊ တိုင်းရင်းသား၊ နယ်စပ်၊ နိုင်ငံခြား အထူးအကျိုးပြုမည်။ စာချုပ်၊ လျှောက်လွှာကိစ္စ အောင်မြင်မည်။ အလုပ်နေရာ၊ အိမ်နေရာ၊ အဆောက်အဦးကိစ္စလုပ်ရလျှင် ဘုရားညောင်ပင်ရေလောင်း၍ ဆုတောင်းပါ။ ငွေကိစ္စများ ပြေလည်သွားမည်။ လူမှုရေးကိစ္စ ကြားလူစကား ရှုပ်ထွေးတတ်သည်။ ပြောစကားများ အောင်မြင်ရန် သွားတိုက်ဆေး၊ သွားပွတ်တံတစ်စုံ ဆွမ်းခံ ဘုန်းကြီးကို လှူပါ။ စာရွက်စာတမ်း၊ ကဒ်ပြား အထားမှားတတ်သည်။ မိသားစု ကျန်းမာရေးအတွက် ငွေကုန်တတ်သည်။ မွေးနေ့ လူနာ သတင်းမေးခြင်း ရှောင်ပါ။ အရပ်တွင် နာရေးပေါ်လျှင် ရေတွင် ဆားအနည်းငယ်ထည့်ပြီး ခြေကို ရေဆေးပါ။ အချစ်ရေး၊ လူမှုရေးအတွက်တော့ ကြားစကားများကြောင့် စိတ်ညစ်ရမည်။ အလုပ်ကြောင့် ရက်ရှည်ခွဲနေရမည်။ စကားပြော ဆင်ခြင်သင့်သောအချိန်ဖြစ်သည်။ အဆင်ပြေရန်အတွက် အနီရောင်ဖျော်ရည် မကြာခဏ ဘုရားလှူပါ။ ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိပါ။ ဆွေမျိုးကျန်းမာရေး ကူညီရမည်။ ခေါင်းမူး ခေါင်းကိုက်ဖြစ်တတ်သည်။ မိသားစုအတွက်တော့ အိမ်ကိစ္စ၊ အဆောက်အဦးကိစ္စ၊ အလုပ်အသစ် စသော ကိစ္စများ အောင်မြင်သောအချိန်ဖြစ်သည်။

**ယတြာ။** ■ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် နန်းကြီးသုပ်(၂)ပွဲ၊ နွားနို့(၂)ခွက် ကပ်လှူပါ။ စီးပွားတက်ရန် ရက်ရာဇာနေ့တိုင်း ဆွမ်းခံ ဘုန်းကြီးကို အားဆေးလှူပါ။

## နတ်တော်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အပြိုင်အဆိုင်များပြီး အောင်မြင်မည်။ အလုပ်တိုးချဲ့ရခြင်း၊ အသစ်စတင်ရခြင်းဖြစ်မည်။ လူကြီးမိဘများ ကူညီမည်။ အကြီးအကဲကျန်းမာရေးအတွက် ငွေကုန်တတ်သည်။ မွေးနေ့တွင် ဆေးရုံသတင်းမေးခြင်း ရှောင်ပါ။ မိသားစုတွင် သင်တန်းဖြေဆိုမှု အောင်မြင်မည်။ ငယ်သူ၏ ပညာရေးကိစ္စအတွက် အောင်မြင်မှုရမည်။ အိမ်တွင် နာရီရပ်လျှင် ပြင်ပြီး နေရာရွှေ့၍ ချိတ်လိုက်ပါ။ စာချုပ်ချုပ်ဆိုရမည်။ ယာဉ်၊ စက်ပစ္စည်းဝင်မည်။ အလှူရည်ရွယ်ချက် အချိန်ရွှေ့လျှင် အောင်မြင်မည်။ ဘုန်းကြီး၏ ကျန်းမာရေး ကူညီရမည်။ ရေပိုက်၊ ရေကန်ကိစ္စလုပ်ရလျှင် အဝါရောင်ဖျော်ရည် ဘုရားလှူပါ။ ဘာသာရေးခရီးဝေး အောင်မြင်မည်။ ညအိပ်မက်ဆိုးမြင်မက်သည်ပေါ်လျှင် ညတိုင်း သကြားရည်အား ဘုရားကပ်လှူပါ။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးအတွက် စိတ်ချမ်းသာစရာများ မျှော်လင့်ထားပါလေ။ ချစ်သူ၏ အထူးလက်ဆောင်ပစ္စည်းရမည်။ ညီနှိုင်းရ ခက်နေသော မိသားစုကိစ္စများ ပြေလည်သွားမည်။ သူတစ်ပါးအိမ်ထောင်ရေး၊ အိမ်နေရာကိစ္စ ကူညီဖြေရှင်းပေးရမည်။ ကျန်းမာရေးအတွက်တော့ ဆွေမျိုးအကြီးအကဲကို ကူညီရခြင်း၊ ပရဟိတ ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရခြင်းဖြစ်မည်။ စီးပွားတက်ရန် စံပယ်ပင်ကို ရေလောင်း၍ ဆုတောင်းပါလေ။

**ယတြာ။** ■ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ကြာဆန်ကြော်(၁)ပွဲ၊ ကော်ဖီ(၂)ခွက် ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပြာသိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း စီးပွားတက်ချိန်ဖြစ်သည်။ အလုပ်များ တိုးချဲ့ရမည်။ ရာထူး တာဝန်၊ ဝင်ငွေတိုးမည်။ ရွှေ လျှပ်စစ်ပစ္စည်း အပြောင်းအလဲအသစ်ဝင်မည်။ စပ်တူ အလုပ်သစ်၊ ဆိုင်၊ အိမ်၊ နေရာသစ် အကျိုးပြုမည်။ မိတ်ဆွေသစ်များ ကူညီမည်။ မိမိ အဝတ်ဟောင်း၊ ဖိနပ်ဟောင်းတို့ကို ပြဿဒါးညနေတွင် ရေမျှောပစ်ပါ။ အဝတ်အစားသစ်များ ယခုလ ဝတ်ပါ။ လက်ထိခိုက် မီခြင်း ဂရုစိုက်ပါ။ လူလိမ်ခံရတတ်သည်။ ငွေလက်လွှန်တတ်သည်။ အောင်မြင်မှုများရပြီး ရန်များသောအချိန်ဖြစ်သည်။ မိမိ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ဘုန်းကြီးကျောင်းရှိ အသီးသီးနေသော သစ်ပင်ကို ရေလောင်း၍ ဆုတောင်းပါ။ မွေးဖွားသတင်းကြားလျှင် အပူးပါသောထီထိုးပါ။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးအတွက် ငယ်သူ ကြားစကားနှောင့်ယှက် တတ်သည်။ အလုပ်ကြောင့် ခွဲနေရခြင်းများ ရက်ရှည်ကြုံတတ်သည်။ ချစ်သူ၏ ကျန်းမာရေးအတွက် စိတ်သောကရောက်ရ တတ်သည်။ အဆင်ပြေရန် ဘယာကြော်(၁၁)ခု ဆွမ်းခံ ဘုန်းကြီးအား လှူလိုက်ပါလေ။ မိမိ၏ ကျန်းမာရေးအတွက်တော့ စိုးရိမ်စရာမရှိပါ။ ခြေထောက်၊ ခါး၊ အကြောတို့ အညောင်းရှိသည်။ ကျန်းမာရန် ဘုန်းကြီးကို ဖိနပ်တစ်ရံလှူပါ။

ယတြာ။ ။ မွေးနေ့နံနက်စောစော အိမ်ရှိ ဘုရားတွင် နှင်းဆီပန်းအနီ(၁၀)ပွင့်၊ အနီရောင် ဖယောင်းတိုင်မဟုတ် ဖျော်ရည်(၁)ခွက် ကပ်လှူပါ။

## တပို့တွဲလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အတိုက်အခံများမည်။ မိမိဆောင်ရွက်သမျှ မကောင်းပြောနေသူများ ပေါ်မည်။ အစားမှားခြင်း၊ ဆေးမှား ခြင်း၊ ရေချိုးမှားခြင်း၊ စာချုပ်မှားခြင်းတို့ ဂရုစိုက်ပါ။ ပြဿနာအခက်အခဲများ ပြေလည်သွားရန် ဘုန်းကြီးကျောင်းရှိ သရက်ပင် ကို ရေလောင်း၍ ဆုတောင်းပါ။ လက်ရှိအလုပ်မှ ပြောင်းရ၊ ထွက်ရခြင်း၊ အိမ်နေရာ၊ အလုပ်နေရာများ ပြောင်းရွှေ့ရခြင်းတို့ အတွက် စိတ်ညစ်ရမည်။ အကူအညီကောင်းများ ရရန်အတွက် ညောင်ထောက်သော ကုသိုလ်ပြုပါ။ ပစ္စည်းထွက်ကျခြင်း၊ ပျောက်ခြင်း စိတ်ညစ်ရမည်။ အနီးအနား သစ်ပင်ခုတ်လျှင်၊ အဆောက်အဦးပြင်လျှင် အုန်းရည် ဘုရားလှူပါ။ ယခုလကုန်ပြီးမှ မိမိ ငွေကံကောင်းပါလိမ့်မည်။ ငွေကြေးကိစ္စများ အဆင်ပြေရန် တနင်္လာနေ့တိုင်း ခိုငှက်ကလေးများကို အစာကျွေးပါ။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးအတွက် စိတ်ပင်ပန်းရတတ်သည်။ ဆွေမျိုးကြားလူအနှောင့်အယှက်ပေါ်မည်။ သဘော ထားကွဲခြင်း၊ ခွဲနေရခြင်း၊ အထင်လွဲခံရခြင်းတို့ ကြုံမည်။ မိသားစု အေးချမ်းရန်အတွက် တနင်္ဂနွေညတိုင်း အအေးလှူပါ။ အချစ်ရေး လူမှုရေးအဆင်ပြေရန် ကောက်ညှင်းပေါင်းဆွမ်း မကြာခဏလှူပါ။ ကျန်းမာရေးအတွက် ဦးခေါင်း၊ အူ၊ အကြောတို့ အညောင်းရှိသည်။ အစားမှားခြင်း ဂရုစိုက်ပါ။ မိမိကျန်းမာရေးအတွက် သံပရာရည် မကြာခဏ ဘုရားလှူပါ။

ယတြာ။ ။ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ခေါက်ဆွဲသုပ်(၁)ပွဲ၊ ကော်ဖီ(၁)ခွက် ကပ်လှူပါလေ။

## တပေါင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ဆုံးရှုံးထားသည်များ ပြန်ရမည်။ ကားကိစ္စ အောင်မြင်မည်။ ခရီးဝေးများ သွားရမည်။ အပူလောင်ခြင်း၊ ရေချိုးမှားခြင်း ဂရုစိုက်ပါ။ လျှပ်စစ်ပစ္စည်းများ ပျက်တတ်၊ ထွက်တတ်သည်။ အဖိုးတန်ပစ္စည်းဝယ်ခြင်း တနင်္လာနေ့ရှောင်ပါ။ ငွေကိစ္စများ ပြေလည်သွားမည်။ ငွေကြေး အဆင်ပြေရန် ငါးအစာဒါနပြုပါ။ ငယ်သူနှင့် အဆင်ပြေရန်အတွက် ငှက်ပျောသီး မှည့်တစ်ဖီး ဘုန်းကြီးကျောင်း လှူပါ။ စပ်တူ ဆိုင်၊ စားသောက်ကုန်၊ စက်ပစ္စည်းနှင့် ပတ်သက်သောအလုပ်များ အောင်မြင်မည်။ မြေ၊ အမွေကိစ္စ၊ ဘာသာရေးကိစ္စ စိတ်ညစ်ရတတ်သည်။ မြေဝယ်မှား၊ ရောင်းမှားဖြစ်တတ်သည်။ မြေအတွက် စကားပြောလျှင် မြေပဲစားပြီးမှ ပြောပါ။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးအတွက် ပြဿနာများ ပြေလည်သွားပြီး စိတ်ချမ်းသာရမည်။ အထင်လွဲမှားမှုများ ကင်းစင်သွားမည်။ သာယာချမ်းမြေ့သောအချိန်ဖြစ်သည်။ ရည်ရွယ်ချက်များ အောင်မြင်မည်။ ကျန်းမာရေး အတွက်တော့ စိုးရိမ်စရာမရှိပါ။ အမျိုးသမီးကျန်းမာရေးတော့ ငွေကုန်ရတတ်သည်။ မိသားစုကျန်းမာရန် မြန်မာဆေး(၇)မျိုး ဆွမ်းခံ ဘုန်းကြီးအား လှူလိုက်ပါလေ။

ယတြာ။ ။ မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ကော်ရည်(၂)ပွဲ၊ ကော်ဖီ(၂)ခွက် ကပ်လှူပါ။

*****



www.burmeseclassic.com

www.burmeseclassic.com



# ရောင်းကုန်အပေါ်အရှား

ကျော်မိုးလွင် (ဝါးခယ်မ)

ရေကျော်ရပ်ကွက်ရှိ "ခရေဝီ"လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ်ဖြစ်သည်။

ကြံစည်းများ တင်လာသော ကားတစ်စီးဆိုက်လာခဲ့သည်။

"ခရေဝီ"လက်ဖက်ရည်ဆိုင်က ကြံပေါ်သည့် ရာသီတွင် ကြံရည်ပါ ရောင်းသောကြောင့် ကြံစည်းများ လာချခြင်းပင် ဖြစ်တော့သည်။

နာရီဝက်မျှ ကွာမည်ထင်သည်။

ကားတစ်စီး ဆိုင်ရှေ့ ရောက်လာပြန်သည်။

ကားအနောက်တွဲတွင် ဖရဲသီးများ အပြည့်တင်လာသည်ကို တွေ့လိုက်ရသည်။

ရာသီက ကြံ ဖရဲသီးပေါ်သည့် ရာသီဖြစ်၍ ရောင်းအားကောင်းပုံရလေသည်။

"ဆရာမိုးတို့ ဗေဒင်ပညာမှာ တစ်နှစ်တာ ကုန်အပေါ်အရှား သိနိုင်တဲ့နည်း ရှိပါသလား"

မေးလာသူက ဝါးခယ်မဈေးထဲတွင် ဆိုင်ဖွင့်ထားသော ဗိုလ်ကျော ပင်ဖြစ်ပါသည်။

"ရှိတာပေါ့ဗျာ။ ဘာလဲ···ခင်ဗျားက ခင်မြတ်မိုးတို့ ညီအစ်မလို ကွမ်းသီးရောင်းမလို့လား"

နှစ်စဉ် ကုန်အပေါ်အရှားမေးတတ်သော ကျွန်ုပ်၏ ဖောက်သည်များကို သတိရမိ၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလိုဆို လုပ်ပါဦး ဆရာရယ်။ ကုန်ရောင်းနေသူ ဆိုတော့ သိထားရင် ပိုကောင်းတာပေါ့"

**ကုန်အပေါ်အရှားတွက်နည်း**

* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၂)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် စပါးရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၁၀)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ဆားရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၁၃)နှင့်ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ငါးပိရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၃)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ကွမ်းသီးရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၁၆)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ဂရုတ်ရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၆)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် နမ်းရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၄)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ဆေးရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၁)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် ငါးစိမ်း၊ ငါးခြောက်ရှားမည်။
* ရောက်ဆဲ မြန်မာသက္ကရာဇ်ကို တည်၊ (၃၀)နှင့် ပေါင်း၊ (၃)နှင့် မြှောက်၍ (၉)နှင့် စားပါ။ ဝ-ကြွင်းလျှင် နွားရှားမည်။

◈◈◈

၁၃၇၈ ခုနှစ်အတွက် ကွမ်းသီး ရှား,မရှား တွက်ကြည့်လိုက်သောအခါ အောက်ပါအတိုင်းတွေ့ရပါသည်။

```
   ၁၃၇၈
 +    ၃
 ------
   ၁၃၈၁
 ×    ၃
၉ | ၄၁၄၃ | ၄၆
    ၃၆
    ---
     ၅၄
     ၅၄
    ---
     ၅၃
     ၄၉
    ---
      ၃ ကြွင်း
```

ကွမ်းသီး မရှားကြောင်း တွေ့ရပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းလာဘ်ရွှင် ငွေအောင်လံထူ ယတြာ

အောင်ကောင်းမြ (သာကေတ)





တစ်နေ့တွင် ကျွန်ုပ်ထံသို့ မြောက်ဥက္ကလာဘက်မှ အမျိုးသမီးတစ်ဦး ရောက်ရှိလာပါသည်။ သူမသည် အထည်ဆိုင်ဖွင့်၍ ရောင်းချနေသူဖြစ်ပါသည်။ သူမက "ဆရာ… သင်္ကြန်မကျခင်က ဈေးရောင်းကောင်းတယ်။ သင်္ကြန်ပြီးတော့ ရောင်းမကောင်းတော့ဘူး။ အဲဒါ ဓာတ်ရိုက် ဓာတ်ဆင်ယတြာ ဘာလုပ်ရမလဲ"ဟု လာမေးပါသည်။ စာအုပ်ဆိုင်တစ်ဆိုင်ကလည်း ရောင်းအားကျကြောင်း ညည်းညူပြောဆိုပါသည်။

နွေရာသီ အပူရှိန်ပြင်း၍ ရေသန့်ရောင်းသူ၊ အအေးဖျော်ရည် ရောင်းစားသူ၊ ထီး, ဦးထုပ်ရောင်းသူတွေ အခြေအနေမဆိုးပါ။ ကျန် ပစ္စည်းတွေကတော့ အရောင်းအဝယ် နေးကွေးနေသည်။ အချို့ကလည်း အစိုးရသစ် တက်လျှင် ချက်ချင်းပဲ စီးပွားရေး အဆင်ပြေလာမည်ဟု ထင်ကြသည်။ နှစ်ပေါင်းများစွာ ပျက်စီးနေသော စီးပွားရေးသည် နေ့ချင်း ညချင်းတော့ မတိုးတက်လာနိုင်ပေ။ အစိုးရနှင့် ပြည်သူ ညီညီညွတ်ညွတ်လုပ်ကိုင်မှ တိုးတက်လာနိုင်ပါမည်။ ဗေဒင်ပညာတွင် နေ့ချင်း ညချင်း တိုးတက်အောင် ချင်းတက်ပေါ်၌ ဖယောင်းတိုင်ကို နံနက် တစ်တိုင်၊ ည တစ်တိုင်ထွန်းပြီး ပုတီးစိပ်သောနည်းတော့ ရှိသည်။ သို့သော် တစ်နိုင်ငံလုံး

www.burmeseclassic.com

လုပ်မှ ရမည့်သဘောဖြစ်သည်။

ယခုတော့ ဈေးရောင်းသူ အများစုက ညည်းညူကြသည်။ ပစ္စည်းတွေ ပေါ်ပြီး ငွေက တန်ဖိုးရှိလာ၏။ ကျွန်ုပ် စာရေးသူလည်း ဝင်ငွေတိုးတက်ချင်သည်။ နေ့စဉ် လာဘ်ရွှင်ချင်သည်။ ထို့ကြောင့် ကိုယ်တိုင်လည်း ယတြာပြုလုပ်ရသည်။ ယခု တောင်-မြောက်လမ်းဆုံအနီးရှိ မြို့ဦးစေတီတွင် ဟောခန်းဖွင့်၍ ငွေဝင်ကောင်းအောင် ဆောင်ရွက်နေရသည်။

ယခု စာရေးသူ ရေးသားဖော်ပြလိုသည့် ယတြာမှာ ငွေဝင် လာဘ်ရွှင် ဈေးရောင်းကောင်းစေသော "ငွေအောင်လံထူ" ယတြာ ဖြစ်ပါသည်။

## ငွေအောင်လံထူ၍ အောင်မြင်အောင် ဈေးရောင်းနည်း

ဘယ်မြို့ ဘယ်ဒေသအရပ်မှာ ဈေးရောင်းရောင်း ဆိုင်၏ မျက်နှာလှည့်ကိုတော့ ဦးစီးရောင်းရမည့်သူ၏ သိဂီရိအရပ်၊ ကျက်သရေမင်္ဂလာရှိမည့်အရပ်သို့ လှည့်မိဖို့ အရေးကြီးသည်။ ဘုမ္မိအရပ်မကျဖို့ သတိပြုပါ။ အဓိက,ကတော့ ဘုမ္မိအရပ်ဘက် လှည့်၍ မျက်နှာမူကာ ဈေးရောင်းခြင်း၊ စားပွဲကောင်တာထားခြင်း မပြုလုပ်ရပါ။ ကျန်သော သိဂီရိအရပ်၊ ဂဟာပတိအရပ်၊ တေဇအရပ်တွေ ကောင်းပါသည်။ မွေးနံ၏ လေးခုမြောက်အရပ်သည် ဘုမ္မိအရပ်ဖြစ်သည်။

ခုနစ်ရက်သားသမီးများ ဈေးရောင်းကောင်း၊ လာဘ်ရွှင်ပြီး လူမှုရေး ကျန်းမာရေး စီးပွားရေး အစစ အဆင်ပြေအောင် ငွေတစ်သောင်းတန်၊ ငါးထောင်တန်၊ တစ်ထောင်တန်တို့၏ အသစ်တစ်ရွက်ကို ဝါးတုတ်ချောင်း (သို့မဟုတ်) တုတ်လုံးလေး ခွဲပြီး ငွေစက္ကူကို အလံသဖွယ် ညှပ်၍ အိမ်ဘုရားကျောင်းဆောင်တွင် ဖြစ်စေ၊ ဈေးဆိုင်၏ ဘုရားစင်တွင် ဖြစ်စေ၊ မည်သည့်နေ့ဖြစ်ဖြစ် ငွေနံ့တိုင်ထိပ်ရောက်သော ကြာသပတေးအခါတွင် စတင်ပြုလုပ်ရပါမည်။ ဇယားကွက်တွင် ၅တေးအခါ ဖော်ပြထားသည်။ တစ်နေ့တည်း မဟုတ်ပါ။ နေ့စဉ် ၅တေးအခါဆိုတာ ရှိပါသည်။ အလှူဒါနပြုသော် မြတ်စွာဘုရားဂုဏ်တော်ကို အာရုံပြု လှူပါ။ ထို့နောက် မိတ်ဖက်ပန်းအညွန့်ကို မိမိ၏ မွေးနံအညွန့်၊ ခရေညွန့်နှင့် တွဲ၍ လှူပါ။

ဥပမာ - တနင်္ဂနွေသားသမီးဆိုပါက မိတ်ဖက်ပန်း-မေမြို့ပန်း၊ အညွန့်-ပျဉ်းမညွန့်၊ အညွန့်ပန်း-ကံ့ကော်ညွန့်တို့ ဖြစ်သည်။

ထို မိတ်ဖက်ပန်း၊ အညွန့်တို့ကို ကပ်လှူပူဇော်ပြီးပါက ပွဲတော်တစ်ခုခု၊ နေရာတစ်ခုခုသို့ သွားရောက် ရောင်းချသူဖြစ်ပါက နီးစပ်ရာ ဘုရားတစ်ဆူဆူတွင် ဆွမ်း (သို့မဟုတ်) မုန့်တစ်မျိုးမျိုးတို့ ကပ်လှူပူဇော်ပြီး ဘုရားဂုဏ်တော်ကို ရွတ်ပွားကာ မေတ္တာပို့ အမျှဝေပါ။ လိုရာ ဆုတောင်းပါ။ ဈေးဆိုင်တွင် ရှိသော အစားအစာတစ်ခုခုကို ခွေးနှင့် ကျေးငှက်သတ္တဝါတွေကို ဒါနပြု ကျွေးမွေးပါ။ (အတတ်နိုင်ဆုံး စေတနာထားပါ) ထို့နောက် ဈေးဆိုင်တွင် ထိုင်၍ မေတ္တာပို့လွှတ်ပါ။ အရပ်ဆယ်မျက်နှာကို "ငါရောင်းကောင်းသလို၊ အားလုံးလည်း ရောင်းကောင်းကြပါစေ။ ရောင်းပန်း ဝယ်ပန်း ပွင့်လန်းပါစေ"ဟု မေတ္တာပို့ပါ။ နံနက် ၁၀ခေါက်၊ ည ၁၀ခေါက်ရွတ်ပြီး ဆယ်မတော်မူပါဟု ပြောပါ။ လာဘ်ခေါ် ဂါထာကို ရွတ်ပါ။

**အ ကာလီကော မေမွှာ၊ ဟေ ပယ် မေမွှာ**
**ဩပနေယျိကော မေမွှာ၊ လာဘံ လာဘံ ဒေဟိ ဒေမိ။**

ခုနစ်ရက်သားသမီးများ သိစေရန်အတွက် ဇယားကွက်ဖြင့် ဖော်ပြပေးလိုက်ပါသည်။

| နေ့သား သမီး | အညွန့် နံ့ပန်း | မိတ် ဖက်ပန်း | ကြာသပတေး အခါ | သိဂီရိ အရပ် | ဘုမ္မိ အရပ် |
|---|---|---|---|---|---|
| တနင်္ဂနွေ | ကံ့ကော် | မေမြို့ | နေ့လယ်၁နာရီခွဲမှ ၃နာရီအထိ | မြောက် | တောင် |
| တနင်္လာ | ဇော်စိမ်း ဇီးညွန့် | ရွက်လှ | နံနက် ၉နာရီမှ ၁၀နာရီခွဲအထိ | အရှေ့မြောက် | အနောက်တောင် |
| အင်္ဂါ | ရွက်လှ ခရေ | သိဟိုဠ် သီး | ညနေ ၃နာရီမှ ၄နာရီခွဲအထိ | အရှေ့ | အနောက် |
| ဗုဒ္ဓဟူး | မေမြို့ သပြေ | ကံ့ကော် | နံနက် ၁၀နာရီခွဲမှ ၁၂နာရီအထိ | အရှေ့တောင် | အနောက်မြောက် |
| ကြာသပတေး | သိဟိုဠ် သီး | အုန်း | နံနက် ၆နာရီမှ ၇နာရီခွဲအထိ ညနေ ၄နာရီခွဲမှ ၆နာရီအထိ | အနောက်တောင် | အရှေ့မြောက် |
| သောကြာ | ဒေါန အုန်းထန်း | ဇော်စိမ်း | နေ့လယ် ၁၂နာရီမှ ၁၂နာရီခွဲအထိ | အနောက်မြောက် | အရှေ့တောင် |
| စနေ | အုန်း | ခရေ | နံနက် ၇နာရီခွဲမှ ၉နာရီအထိ | တောင် | မြောက် |

မှတ်ချက်။ ခရေညွန့်နှင့် တွဲဖက်လှူရန် မမေ့ပါနဲ့။

□




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းထွေလာ ဤကမ္ဘာ

မောင်လင်းအောင်




## ပြောင်းလဲလာသော မြေကမ္ဘာ

၁၉၇၈ ခုတွင် အာကာသမှ ရိုက်ကူးထားသော ကျွန်ုပ်တို့ ကမ္ဘာမြေကြီးပုံနှင့် ၂၀၁၂ ခုနှစ်တွင် ရိုက်ကူးခဲ့သော ပုံကို နှိုင်းယှဉ်ပြသထားခြင်းဖြစ်သည်။ ထို ၃၄နှစ်အတွင်း သစ်တောများ ပိုမိုပြုန်းတီးလာပြီး သဲကန္တာရများလည်း ပိုမိုဖြစ်ထွန်းလာသည်။ ထို့အပြင် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရေခဲမြစ်များလည်း အရည်ပျော်လာရပြီး ပင်လယ်ရေမျက်နှာပြင်လည်း မြင့်တက်လာရသည်။ အဆိုးဆုံး ရာသီဥတုဖောက်ပြန်မှုဖြစ်ပြီး ဝိသမ လောဘသားတို့ ပြုလုပ်သည့် အကျိုးဆက်များကြောင့် ကမ္ဘာပေါ်ရှိ သတ္တဝါအားလုံး ရာသီဥတု ဆိုးဝါးဖောက်ပြန်မှုဒဏ်ကို အပြင်းအထန်ခံစားနေကြရပါသည်။ ၂၀၁၂ ခုမှ ယခု ၂၀၁၆ ခု အကြား ရာသီဥတုဖောက်ပြန်မှုမှာ ပို၍ပင် ဆိုးဝါးလာတော့သည်။


## ဘူတန်

ဘူတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နိုင်ငံ၏ ၆၀ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းနေစေရမည်ဟု ပါဝင်လေသည်။

## ရေကြည်တစ်ပေါက်

ငှက်ကလေးတစ်ကောင် ရေဘုံဘိုင်ခေါင်းမှ ရေကြည်တစ်ပေါက်ကို သောက်သုံးနေပုံအား ဓာတ်ပုံဆရာက အမိအရ ရိုက်ကူးထားပုံဖြစ်သည်။ ထိုပုံမှာ သဘာဝ တိရစ္ဆာန်လောကဓာတ်ပုံပြိုင်ပွဲတွင် တစ်နှစ်တာ အကောင်းဆုံး ဓာတ်ပုံဆု ဆွတ်ခူးနိုင်ခဲ့သည်။





www.burmeseclassic.com


## ပညာရှင်နှစ်ဦး

ရာစုနှစ်အတွင်း အတော်ဆုံး ဟာသပညာရှင်ကြီးနှင့် အတော်ဆုံး သိပ္ပံပညာရှင်ကြီးတို့ တွဲဖက် ရိုက်ကူးထားသော ရှားပါးဓာတ်ပုံဖြစ်သည်။ ဝဲဘက်မှ လူသည် ကမ္ဘာကျော် ဟာသ သရုပ်ဆောင် ချာလီချက်ပလင်(Charlie Chaplin) ဖြစ်ပြီး လက်ယာဘက်မှ တစ်ယောက်မှာ သိပ္ပံပညာရှင်ကြီး အဲဘက်အိုင်းစတိုင်း(Albert Einstein) ဖြစ်သည်။



## သစ်ရွက်တစ်ရွက်၏ သက်တမ်း

စိမ်းလန်းသော သစ်ရွက်လေးတစ်ရွက် အချိန်ကြာလာသည်နှင့်အမျှ ရင့်ရော်ပြောင်းလဲလာပုံလေး ဖြစ်သည်။ သစ်ရွက်လေးမျှသာမက၊ ကမ္ဘာလောကကြီးရှိ သက်ရှိသက်မဲ့အရာဟူသမျှသည် အိုမင်း ဟောင်းနွမ်းခြင်းဟူသည့် ဇရာကို ရရှိကြမည်ဖြစ်ပြီး၊ နောက်ဆုံးတွင် သေဆုံး ပျက်စီးသွားမည့် မရဏတရား၊ အနတ္တ လက္ခဏာအသွင်ကို ဆောင်ကြရမှာ မလွဲကေန်ပင် ဖြစ်ပေသည်။





## ဆယ်နှစ်အောက် ကလေးစာမေးပွဲဖြေရန်မလို

ဂျပန်နိုင်ငံတွင် ကလေးများသည် လေးတန်း(အသက်ဆယ်နှစ်ခန့်အရွယ်) မရောက်မချင်း စာမေးပွဲဖြေရန် မလိုအပ်ပေ။ ဂျပန်လူမျိုးတို့ ယူဆထားသည်မှာ ကလေးများ ပထမ သုံးနှစ် ကျောင်းတက်နှစ်များတွင် စာမေးပွဲအောင်ရန်အတွက်သာ အဓိကထား သင်ယူနေရန် မဟုတ်ဘဲ၊ သူတို့၏ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာမှုကိုသာ အဓိက ထားကြသည်။ ကျောင်း စ,နေစဉ် ကလေးငယ်လေးများသည် သူတို့၏ ဉာဏ်ရည်၊ ဗဟုသုတ၊ စာရခြင်း, မရခြင်း အစရှိသည်တို့ကို စာမေးပွဲဖြင့် ဆုံးဖြတ်ခံယူမနေစေလိုဘဲ၊ ကိုယ်ကျင့်တရားပိုင်းကိုသာ အဓိက လေ့ကျင့် သင်ကြားပေးစေလိုသော ရည်ရွယ်ချက်ဖြင့် ယင်းစနစ်ကို ထားရှိခြင်းဖြစ်ပေသည်ဟု သိရသည်။





## မာရီယိုကို တီထွင်ခဲ့သူ

ကလေး၊ လူကြီးမရွေး နှစ်ခြိုက်စွာ ကစားခဲ့သော မာရီယိုဂိမ်း(Mario)ကို တီထွင်ဖန်တီးခဲ့သူဖြစ်သည်။

www.burmeseclassic.com








## အာဖရိကကို လှမ်းမျှော်ကြည့်ခြင်း

ဥရောပတိုက်အစွန်ဆုံးတစ်နေရာမှ အာဖရိကတိုက်ကို ခပ်ရေးရေးလှမ်းမြင်နေရပုံဖြစ်သည်။

## မြို့လယ်ကောင်မှ သစ်တောအုပ်

ဘရာဇီးနိုင်ငံရှိ မြို့လေးတစ်မြို့၏ အလယ်ကောင်တွင် သစ်တောအုပ်တစ်ခုကို သဘာဝအတိုင်း ထားရှိပြီး၊ ထိုသစ်တောအုပ်၏ အလယ်တွင် ကားလမ်းဖောက်လုပ်ထားသည်။



## စွန့်ပစ်ခံ လမ်းမ

အသုံးမပြုတော့၍ စွန့်ပစ်ခံထားရသော လမ်းဟောင်းလေးသည် စမ်းချောင်းလေးအသွင် ပြောင်းလဲသွားခဲ့ပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

## ပါရီ

ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ "အီဖဲလ်"မျှော်စင်ကြီး၏ အလှတရားကို မြင်တွေ့ခံစားနိုင်ပါသည်။







## ပုန်းကွယ်နေသော မြို့

ဂရိနိုင်ငံရှိ 'Mone muasia' အမည်ရှိသော မြို့လေး တစ်မြို့သည် ကျောက်ကျွန်းကြီး တစ်ကျွန်းပေါ်တွင် မထင်မရှား တည်ရှိနေသည်။

## တိုက်တန်းနစ်

၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ရက်နေ့တွင် နစ်မြုပ်သွားခဲ့သော ကမ္ဘာကျော် တိုက်တန်းနစ်(Titanic) သင်္ဘောကြီး၏ ပုံစံငယ်ကို သွားကြားထိုးတံလေးများဖြင့် ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။






## ရေအောက်လမ်း

ဒိန်းမတ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့ကို ဆက်သွယ်ထားသော လမ်းမကြီးသည် တစ်နေရာအရောက်တွင် ရေအောက်သို့ ငုပ်လျှိုးဝင်သွားခဲ့ပြီး ပင်လယ်ရေအောက်ကို လမ်းဖြတ်ဖောက်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




## ကူဝိတ် လေဆိပ်

ကူဝိတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်ပုံစံငယ် ဖြစ်သည်။

## ဘိုင်းရင်း ၇၇၇

အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကို (San Francisco) ရှိ Luca Lakoni-Stewart ဆိုသော အထက်တန်းကျောင်းသားလေး တီထွင်ဖန်တီးထားသော ဘိုးရင်း-၇၇၇ ဂျက်လေယာဉ်ကြီး၏ ပုံစံငယ်ဖြစ်သည်။ အင်မတန်မှ အနုစိတ်၍ လက်ရာသေသပ်လှသော ထိုလေယာဉ်ပုံစံငယ်ကို စက္ကူများဖြင့်သာ အသုံးပြု၍ ၅နှစ်ကြာ အချိန်ယူဖန်တီးထားခြင်းဖြစ်လေသည်။





## ရေတံခွန်

ဘိုက်စ်လန်(Iceland)ကျွန်းပေါ်ရှိ အလွန်ပင် လှပသော ရေတံခွန်ပုံဖြစ်သည်။

## ပန်းချီလော၊ ဓာတ်ပုံလော

ဤပုံကို သေချာကြည့်ပါ။ ဓာတ်ပုံဟုပင် ထင်ကြပေမည်။ မဟုတ်ပါ။ ဆီဆေး ပန်းချီကားတစ်ချပ်ဖြစ်သည်။ လက်ရာမြောက်လှပေစွ။





www.burmeseclassic.com

www.burmeseclassic.com





## လီယိုနာဒို ဒါဗင်ချီ

ကမ္ဘာကျော် အနုပညာရှင်ကြီး လီယိုနာဒို ဒါဗင်ချီ (Leonardo da Vinci)သည် လက်တစ်ဖက်ဖြင့် စာရေးနေစဉ်၊ အခြား လက်တစ်ဖက်ဖြင့် တစ်ပြိုင်တည်း ပုံဆွဲနိုင်စွမ်းရှိသူဖြစ်သည်။

## ကိုယ်ဝန်ဆောင် ဖခင်

ရေနဂါးအဖိုများသည် ရေနဂါးအမများအစား ကိုယ်ဝန်ဆောင်ပေးသည့် သဘာဝရှိသည်။






## ချစ်စဖွယ် ပန်ဒါလေး

ကမ္ဘာ့ရှားပါးစာရင်းဝင် ပန်ဒါလေးတစ်ကောင်၏ ချစ်စဖွယ် ဟန်ပန်အမူအရာလေးကို ကြည်နူးဖွယ် မြင်တွေ့ရသည်။


## လူလေး

၁၉၄၅ ခု၊ ဩဂုတ်လ ၆ရက်နေ့တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ (Hiroshima)ပေါ်သို့ ကြဲချခဲ့သော အနုမြူဗုံး၏ အမည်မှာ လူလေး(Little Boy) ဖြစ်သည်။



## စင်္ကြံ ၉၃/၄

ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများမှ ဟော့ဝေါ့ အထူးရထားကို စီးနင်းရန် အသုံးပြုရသော စင်္ကြံအမှတ် ၉၃/၄ သည် လန်ဒန်မြို့ 'King's Cross' ဘူတာတွင် အမှန်တကယ်တည်ရှိလေသည်။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

“ခင်ထားလေကွာ၊ မင်း မမှတ်မိတော့ဘူးလား”

ကျွန်တော့်သူငယ်ချင်း ဖိုးသာအောင်၏ စကားကို ကြားလိုက်ရ၍ အံ့သြသွားမိသည်။ ကျွန်တော် မအံ့သြလို့ မဖြစ်။ ကျွန်တော်နှင့် မလှမ်းမကမ်းတွင် ထိုင်နေသည့် အမျိုးသမီးတစ်ဦး။

ကျွန်တော်နှင့် နှစ်ပေါင်းများစွာ ကွဲကွာခဲ့သည့် မခင်ထားဖြစ်နေသည်။

ငယ်ရွယ်စဉ်က ပိတုန်းရောင်ကေသာတွင် တစ်ပွင့်ပန်းပန်၍ ရိုးယဉ်သည့် အပြင်အဆင်။ ပြီး သနပ်ခါး ပါးကွက်ကျားလိမ်းပြီး အမြဲတမ်း ပြုံးရွှင်နေတတ်သည့် မခင်ထား။ ခုတော့ ငယ်ရုပ်ကိုပင် လုံးဝ မမှတ်မိအောင် ခြားနားနေသည့် မခင်ထားဖြစ်နေသည်။ မခင်ထားအဖြစ်က ရင်နင့်စရာဖြစ်သည်။

ကြည့်လေ။ ဆံပင်များက တိုပြီး ကွက်တိကွက်ကျားဖြစ်နေသည်။ ပိန်လှီနေသည့် ခန္ဓာကိုယ်နှင့် ညစ်နွမ်းနေသည့် အဝတ်အစားများ။

ကျွန်တော် မခင်ထားကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်သွားမိသည်။

မခင်ထားက ကျွန်တော့်ကို တွေ့မြင်နေရသော်လည်း သူစိမ်းတစ်ဦးပမာ ကြည့်နေသည်။ ကျွန်တော် မခင်ထားကို ဒီလိုအဖြစ်မျိုးနှင့် တွေ့ရ မြင်ရလိမ့်မည်ဟု လုံးဝ မထင်ခဲ့။ တကယ်တော့ ကျွန်တော်နှင့် မခင်ထားက ကြုံသာကြုံခဲ့ရသော်လည်း ဘဝချင်း မဆုံခဲ့ရသည့်အဖြစ်။ ဒီအဖြစ်ကို ကျွန်တော် ပြန်တွေးမိတိုင်း ဘဝကံကိုပဲ အပြစ်ပုံချရမည်လား မသိတော့။

မခင်ထားက ငယ်စဉ်ကတည်းက ခင်မင်ရင်းနှီးခဲ့သည့် ကျွန်တော့်ကို မသိသလိုပင်။ တစ်ခုခုကို စဉ်းစားနေဟန်တူသည်။

“မင်း… ခင်ထားကို ခေါ်ကြည့်လေကွာ”

ကျွန်တော် မခင်ထားအဖြစ်ကို ကြည့်ပြီး ဘယ်အထိ အတွေးဝင်နေမိသည် မသိ။ သူငယ်ချင်း ဖိုးသာအောင်စကားကြားမှ သတိရသွားမိသည်။

“အေး ငါခေါ်ကြည့်မယ်၊ ဖိုးသာအောင်”

ကျွန်တော်က ဖိုးသာအောင်၏ စကားကို တုံ့ပြန်ပြောပြီး မခင်ထား မျက်နှာကို ကြည့်လိုက်မိသည်။ မခင်ထားကတော့ ဘာမှမသိသလိုပင် ငေးငိုင်နေဆဲဖြစ်သည်။

“ခင်ထား… ငါ ဖိုးကျော်လေ၊ နင် မသိတော့ဘူးလား။ စကားပြောဦးဟ”

ကျွန်တော် မည်သို့ပြောပြော မခင်ထားက ကျွန်တော့်စကားသံကို ကြားပြီး ကျွန်တော့်မျက်နှာကိုသာ ငေးကြည့်နေသည်။ စကားတစ်ခွန်းမှ မဖွင့်ဟ။

“ဖိုးသာအောင်…ခင်ထား၊ ငါ့ကို မမှတ်မိတော့ပါဘူးကွာ။ ပြန်ကြပါစို့”

ကျွန်တော် မခင်ထားအဖြစ်ကို ကြည့်ပြီး ကြေကွဲစွာ ခံစားနေမိသည်။ ကျွန်တော် မခံစားလို့ မဖြစ်။ ခုတော့ ကျွန်တော်တွေ့လို၊ မြင်လိုသည့် အတွေးနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ကျွန်တော် မခင်ထားအဖြစ်ကို ကြည့်ပြီး ပဟေဠိတစ်ပုဒ်ဖြစ်သွားမိသည်။

မခင်ထားတို့ မျိုးရိုးစဉ်ဆက်က ချမ်းသာကြွယ်ဝကြသူတွေဖြစ်သည်။ ကျွန်တော့်ဘဝအခြေအနေအရ ကျွန်တော် ရွာမှ အပြီးအပိုင်ထွက်ခဲ့စဉ်က မခင်ထားနှင့် နောက်ဆုံး တွေ့ခဲ့သေးသည်။

တကယ်တော့ ကျွန်တော့်မိဘတွေက ဆင်းရဲသည်။ မခင်ထား၏ မိဘတွေက ကျွန်တော်နှင့် မခင်ထား ခင်မင်ရင်းနှီးသည်ကို လုံးဝ မကြိုက်။ ဒါကြောင့်လားမသိ၊ မခင်ထားက မိဘများ ကွယ်ရာတွင် ကျွန်တော့်ကို ခေါ်ပြောနေရခြင်းဖြစ်သည်။ ကျွန်တော် ရွာမှ အပြီးအပိုင်ပြောင်းရွှေ့မည်ကို သိ၍ မခင်ထား ကျွန်တော့်ထံ အပြေးကလေး လာတွေ့သည်။

“ခင်ထား…နင်လာတာ နင့်မိဘတွေ သိရင် အဆူခံနေရဦးမယ်”

**မခင်ထား ခံစားနေရသည်ဝေဒနာဖြစ်ရပ်ဆန်းက ကံကြမ္မာလား၊ ဝဋ်ကြွေးလားဟု ကျွန်တော် တွေးနေမိသည်။ ကျွန်တော့်ရင်ထဲ တွင်ရှိနေသည်က မခင်ထား ဘဝ ဝဋ်ကြွေး ကြမ္မာများရှိခဲ့လျှင် ဒီဘဝ ဒီမျှနှင့် ကျေအေးနိုင်ပါစေ… ။**


www.burmeseclassic.com

www.burmeseclassic.com

"ငါ…ငါ နင့်ကို ခင်လို့ လာတွေ့တာပါဟာ"

မခင်ထားက ကျွန်တော့်ကို ပြောပြီး မျက်ရည်လေး ဝဲနေရှာသည်။ မခင်ထားအဖြစ်ကို ကျွန်တော် ရိပ်စားမိသည်။ ကျွန်တော် မခင်ထားအပေါ် သံယောဇဉ်ရှိသော်လည်း ကျွန်တော့်ဘဝက ချို့တဲ့သည်။ ဒီတော့ ကျွန်တော့်ရင်ထဲမှာပဲ သိမ်းဆည်းထားခဲ့သည်။ မခင်ထားကလည်း ကျွန်တော့်လိုမျိုး ခံစားချက်ရှိသည်။ သို့သော် ဘဝချင်း နီးစပ်ဖို့ မလွယ်ကူမှန်း သိနေသည်။

"နင် ရွာကို ဘယ်တော့ ပြန်လာမှာလဲ ဖိုးကျော်"

"ငါ့ဘဝကို အတပ်ပြောလို့ မရသေးပါဘူး ခင်ထားရယ်။ တစ်နေ့နေ့တော့ ပြန်ရောက်လာမှာပါ"

ကျွန်တော် မခင်ထားကို ဒီစကားပဲ ပြောဆိုနိုင်ခဲ့သည်။ ကျွန်တော် မခင်ထားကို ကျောခိုင်းပြီး ထွက်ခဲ့သည်။ သို့တိုင် မခင်ထားဆီမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ငိုရှိုက်သံ။

◈◈◈

"မင်း…ခင်ထားကို ကြည့်ပြီး ရင်ထဲမှာ ခံစားနေရတယ်ဆိုတာ ငါ သိပါတယ်ကွာ"

ဟု ဖိုးသာအောင်က ကျွန်တော့်ကို ကြည့်ပြီး စိတ်မကောင်းစွာ ပြောလာသည်။

"ငါ့ရင်ထဲက ခံစားချက်ထက် ပိုပြီးခံစားမိတာက ခင်ထား ဒီလိုဘဝမျိုး ဘာကြောင့်ရောက်ခဲ့တယ်ဆိုတာ ငါသိချင်တယ် ဖိုးသာအောင်"

ကျွန်တော့်စကားကို ကြားလိုက်ရ၍ ဖိုးသာအောင် အံ့အားသင့်သွားသည်။ ဖိုးသာအောင်က ကျွန်တော့်ကို ကြည့်ပြီး…

"ငါ ခင်ထားအကြောင်းကို



မပြောဘူးလို့ ရေငုံ နှုတ်ပိတ်နေခဲ့တာ ကြာခဲ့ပြီ ဖိုးကျော်။ အင်းလေ၊ မင်းသိအောင်တော့ ခင်ထားအကြောင်း ပြောရမှာပေါ့ကွာ"

ဖိုးသာအောင်က စကားပြောရင်း ရုတ်ခြည်းပင် မျက်နှာညှိုးငယ်သွားသည်။ ကျွန်တော် ဖိုးသာအောင်အဖြစ်ကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်သွားမိသည်။ တကယ်တော့ မခင်ထားနှင့် ဖိုးသာအောင်က မောင်နှမ တစ်ဝမ်းကွဲ တော်စပ်ကြသူတွေဖြစ်သည်။ ဖိုးသာအောင်က ကျွန်တော်နှင့် မခင်ထား အဖြစ်ကို ထဲထဲဝင်ဝင် သိထားသည်။

"ခင်ထားရဲ့ ဖြစ်ရပ်ဆန်းကြောင့် ငါတို့ဆွေမျိုးတွေအားလုံး ရှက်စရာဖြစ်ခဲ့ကြတယ်ကွ။ ခု ခင်ထားနေတဲ့ နေရာကို မင်းသိမှာပေါ့"

ဖိုးသာအောင် ပြောမှ ကျွန်တော် သတိရသွားမိသည်။ မခင်ထား လက်ရှိနေထိုင်သည့် အိမ်လေးက ရွာစွန်ရှိ သီးသန့်ခြံလေးဖြစ်သည်။ မခင်ထားကို ဘာကြောင့် မိဘအိမ်မှာ မထားတာလဲဟု တွေးမိရင်း ကျွန်တော် အလိုလို သဘောပေါက်သွားမိသည်။

"ဆက်ပြောရရင်တော့ ဒီလိုကွ။ မင်း ရွာက ထွက်သွားပြီး သုံးလေးနှစ်အကြာမှာ ခင်ထားမိဘတွေက ခင်ထားကို သူဌေးသားတစ်ယောက်နဲ့ ပေးစားဖို့ စီမံကြတယ်။ ခင်ထားက လုံးဝ လက်မခံဘူး။ တစ်သက်လုံး အပျိုကြီး လုပ်မယ်ဆိုပြီး ဈေးရောင်းနေခဲ့တယ်"

ဖိုးသာအောင်၏ စကားကြောင့် ကျွန်တော် အမှတ်ရသွားမိသည်။ ကျွန်တော် ရွာသို့ မမျှော်လင့်ဘဲ တစ်ခေါက်ပြန်ရောက်ခဲ့စဉ်က မခင်ထား ဈေးရောင်းနေသည်ကို သိခဲ့ရသည်။ ဒါပေမယ့် ကျွန်တော် မခင်ထားကို သွားမတွေ့ဖြစ်ခဲ့။

"ခင်ထား ဈေးရောင်းရင်းနဲ့ ဒီလိုအဖြစ်မျိုးကို ရောက်ခဲ့ရတယ်ဆိုပါတော့ကွာ"

"ခင်ထား ဈေးရောင်းရင်း ဖြစ်တာ"

"ခင်ထားဆိုင်မှာ ပျဉ်းမပြင်ရွာကနေ ပစ္စည်း အမြဲတမ်း ဝယ်နေတဲ့ ဩဘာ ဆိုတဲ့ ကောင်လေးက ခင်ထားကို တစ်ဖက်သတ် ကြိုက်ခဲ့တာ။ အဲဒါကို ခင်ထားက လုံးဝ လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်ခဲ့တယ်"

မခင်ထားစိတ်ကို ကျွန်တော်သိသည်။ မခင်ထားဘဝတွင် ကျွန်တော်က လွဲ၍ မည်သူ့ကိုမျှ အစားထိုးလို့ မရမှန်း သိသည်။ ဘာကြောင့်ဆို ကျွန်တော်နှင့် ဘဝချင်း မဆုံသရွေ့ အပျိုကြီးဘဝနှင့် နေမည်ကို မခင်ထား ပြောခဲ့ဖူးသည်။

"အဲဒီ ဩဘာဆိုတဲ့ ကောင်လေးက ခင်ထား လက်မခံမှန်းသိပေမယ့် အချစ်ဆိပ် ငယ်ထိပ်တက်တယ်လို့ပဲ ပြောရမှာပေါ့ကွာ၊ နောက်ဆုံး ခင်ထားကို မရရတဲ့နည်းနဲ့ မကောင်းမှု ကြံစည်ခဲ့တာ"

ကျွန်တော် ဖိုးသာအောင်၏ စကားကို နားမရှင်း၍ ထပ်မေးလိုက်သည်။

"ပြောရရင်တော့ ဖိုးကျော်ရာ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ဩဘာက ခင်ထားနဲ့ ဘဝချင်း နီးစပ်ဖို့ ပြုစားခဲ့တယ်ဆိုပါတော့ကွာ။ အဲဒီက စပြီး ခင်ထား စိတ်လေလွင့်ပြီး ဈေးမရောင်းနိုင်တော့ဘဲ မစားနိုင် မသောက်နိုင်နဲ့ ဝေဒနာခံစားခဲ့ရတာ"

ဖိုးသာအောင်က ခင်ထားအဖြစ်ကို ပြောရင်း ကြေကွဲစွာ ခံစားနေရှာသည်။ ကျွန်တော် ဖိုးသာအောင် ပြောလို့သာ ကြားရသော်လည်း မယုံနိုင်အောင် ဖြစ်မိသည်။ ခင်ထားဘဝကိုလည်း ဝမ်းနည်းပူဆွေး ... ပို၍ပူပင်ကျုံးမရဖြစ်သွားမိသည်။

"ခင်ထားရဲ့ ဝေဒနာကို တတ်ကျွမ်းတဲ့ ဆရာတွေနဲ့ ပြနေရတုန်းပဲ ဖိုးကျော်"

"ဒါဆို ခင်ထားအပေါ် တစ်ဖက်သတ်ကြိုက်တဲ့ ဩဘာကရော ဘာတွေ ဆက်ဖြစ်နေလဲ ဖိုးသာအောင်"

"ဩဘာရဲ့ အဖြစ်ကို ငါလည်း အစက မယုံခဲ့ဘူး ဖိုးကျော်။ ဩဘာက ဝိညာဉ်ဘဝနဲ့ ပြောပြမှ ငါလည်း သိခဲ့ရတာ"

"ဩဘာက ဝိညာဉ်ဘဝရောက်နေတာ...ဟုတ်လား"

"ဟုတ်တယ် ဖိုးကျော်။ ဩဘာက ခင်ထား ဝေဒနာသင့်ပြီး ခံစားနေရတဲ့ သတင်းကို ကြားတော့ ခင်ထားဆီအလာမှာ ချောင်းရိုးထဲ ရေနစ်ပြီး ဆုံးခဲ့တယ်။ အဲဒီ သူ့အဖြစ်ကို ဝိညာဉ်ဝင်ပူးပြီး ပြောပြမှ သိခဲ့ရတာ။ ဩဘာက ခင်ထားကို ချစ်လွန်းလို့ ပြုလုပ်ခဲ့တဲ့ သူ့အပြစ်တွေကို ခွင့်လွှတ်ဖို့ ခင်ထားကို တောင်းပန်ရှာတယ်။ ပြီးတော့ သူ ဘယ်ဘဝရောက်ရောက် ခင်ထားနဲ့ ဆုံတွေ့မယ်လို့ ငိုပြီး ပြောရှာတယ်။ ခင်ထားကတော့ ဘာမှ မသိရှာဘူး ဖိုးကျော်။ ခု ခင်ထား မင်းကိုတောင် မမှတ်မိတော့ဘူး မဟုတ်လား"

ဖိုးသာအောင်၏ အဆုံးသတ်စကားကြောင့် ကျွန်တော် မခင်ထား၏ ဖြစ်ရပ်ဆန်းကို သိခွင့်ရလိုက်သည်။

◈◈◈

"ခင်ထား...ခင်ထား"

ကျွန်တော် မခင်ထား၏ ဝိန်လို ညှိုးငယ်နေသည့် မျက်နှာလေးကို ကြည့်ရင်းခေါ်လိုက်မိသည်။ မခင်ထားက ကျွန်တော့်ကို တွေတွေလေး ကြည့်နေရှာသည်။ မခင်ထားအကြည့်ထဲတွင် ကျွန်တော့်ကို မှတ်မိနိုင်ပါစေဟု ဆုတောင်းနေမိသည်။

"သူ...သူ"

"နင့်သူငယ်ချင်း ဖိုးကျော်လေ"

မခင်ထားထံမှ မယုံနိုင်အောင် ထွက်ပေါ်လာသည့် စကားသံကြောင့် ဖိုးသာအောင် ဝမ်းသာသွားပြီး မခင်ထားကို ပြောလိုက်သည်။ မခင်ထားက မျက်ရည်တွေတွေကျရင်း ကျွန်တော့်ကို ကြည့်နေခဲ့ဖြစ်သည်။

"ခင်ထား တစ်ခါမှ ဒီလို စကား မပြောဘူး ဖိုးကျော်။ မင်းကို သူ့အသိအာရုံထဲမှာ ရှိနေလို့ ပြောနိုင်တာ"

ဖိုးသာအောင်၏ စကားသံနှင့်အတူ မျက်ရည်တွေတွေကျနေသည့် မခင်ထားကို ကြည့်ရင်း ကျွန်တော် အမှတ်ရသွားမိသည်။ ကျွန်တော့်ကို တွေ့လျှင် အမြဲတမ်း အပြုံးနှင့် ဆီးကြိုတတ်ပြီး စကားတွေ ခရားရေလွှတ်သလို ပြောတတ်သည့် မခင်ထား၏ အကျင့်။ ခုတော့ ကျွန်တော့်ကို တွေ့သည့်တိုင် အပြုံးကွယ်ပျောက်ပြီး မျက်ရည်စနှင့် တွေမြင်နေရသည့် မခင်ထား။

"ခင်ထား...ငါ ဘယ်သူလဲ သိလား"

မခင်ထားက ကျွန်တော့်အသံကို နားထောင်ပြီး ရုတ်တရက် တင်းမာခက်ထန်သွားသည့် အကြည့်ဖြင့် ကျွန်တော့်မျက်နှာကို စူးစူးဝါးဝါးကြည့်နေသည်။

ကျွန်တော် မခင်ထား၏ အကြည့်ကို အလိုလို သဘောပေါက်သွားမိသည်။ ကျွန်တော် မခင်ထားအပေါ် လျစ်လျူရှု ပြုခဲ့၍ မခင်ထား စိတ်ဆိုးနေပြီလား။ မခင်ထားက ကျွန်တော့်ကို မျက်နှာလွှဲပြီး အိမ်ရှေ့ဆီသို့ ငေးရီကြည့်နေသည်။

"ခင်ထား ခံစားနေရတဲ့ ဝေဒနာ အမြန်ဆုံး ပျောက်ကင်းနိုင်ပါစေလို့ ငါ ဆုတောင်းနေပါတယ် ဖိုးသာအောင်။ ခင်ထား တစ်နေ့နေ့ ပြန်ကောင်းလာရင် ငါလာတယ်လို့ ပြောလိုက်ပါကွာ"

ကျွန်တော် ဖိုးသာအောင်ကို ပြောပြီး မခင်ထားကို ကြည့်လိုက်မိသည်။ မခင်ထားကတော့ ငေးငိုင်နေဆဲဖြစ်သည်။ ကျွန်တော် မခင်ထားကို နှုတ်ဆက်စကား မဆိုရက်တော့ပါ။ တကယ်တော့ ကျွန်တော်နှင့် မခင်ထားက အနေနီးနေလျက် ဘဝချင်း ဝေးခဲ့ရခြင်းဖြစ်သည်။ ကျွန်တော် မခင်ထားကို ကျောခိုင်းပြီး ထွက်ခဲ့သည်။

သို့တိုင် မခင်ထား ခံစားနေရသည့် ဝေဒနာဖြစ်ရပ်ဆန်းက ဂမ္ဘီရလား။ ဝဋ်ကြွေးလားဟု ကျွန်တော် တွေးနေမိသည်။ ကျွန်တော့်ရင်ထဲတွင် ရှိနေသည်က မခင်ထားဘဝ ဝဋ်ကြွေးကြွေးများ ရှိခဲ့လျှင် ဒီဘဝ ဒီမျှနှင့် ကျေအေးနိုင်ပါစေဟု ဆုတောင်းလိုက်မိပါတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# ရေရေရာရာသိထားဖို့လိုတဲ့ နိမိတ်များ

မင်းသီကျော်

နိမိတ်များနှင့် စပ်လျဉ်းသည်များကို မိမိတို့ ကောင်းကျိုး ဆိုးကျိုးများအတွက် ရေရေရာရာ သေသေချာချာ သိရှိထားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အာတပ္ပန ယတြာပေါင်းချုပ် ကျမ်းရင်းကြီးမှ နိမိတ်နှင့် ပတ်သက်သည်များကို ရွေးချယ်ကောက်နုတ်ရေးသား တင်ပြလိုက်ပါ၏။

## စနည်းနာခြင်း နိမိတ်ယူပုံ

စနည်းနာခြင်းဟူရာ၌ အတိတ် နိမိတ် တဘောင် စနည်း ဘဝေါဟူသော ရှေးသူဟောင်းတို့ အမှုကိစ္စဆောင်ရွက်ရာ၌ အောင်မြင်မည်၊ မအောင်မြင်မည် စသည်တို့ သိရှိရန် အတိတ်နိမိတ်ကောက်ယူရာ အစီအရင်တစ်မျိုးပင် ဖြစ်ပေသည်။

## စနည်းနိမိတ်ယူရန်များ

နတ်ဝင်သည်များ။ အရူးများ။ အသက်တစ်ဆယ့်နှစ်နှစ်အောက် ကလေးများ။ သဘင်သည် လူပြက် လူရွှင်များ။ မျက်စိ၊ နား၊ ခြေလက်အင်္ဂါချွတ်ယွင်းသူများ။ အသောက်အစား အမူးသမားများ။ ဒေါသကြောင့် လည်းကောင်း၊ ထိတ်လန့်၍ လည်းကောင်း၊ ယောင်ယမ်း၍ လည်းကောင်း၊ အမှားများ ပြောတတ်သူများ။ အားကိုးမဲ့ အထီးကျန်သူ ယောက်ျား၊ မိန်းမများ။

ဤဆိုခဲ့သောသူများ၏ နှုတ်ပါးစပ်မှ ရုတ်တရက် အမှတ်မထင် ထွက်ပေါ်လာသော စကားများသည် စနည်းနိမိတ်ကောက်ယူရန် စကားများဖြစ်ပေသည်။

## စနည်းနိမိတ်နှင့် ဖြစ်တတ်သော အချင်းအရာများ

စနည်းနိမိတ်နာယူစဉ် ရယ်သံကြားမှု အန္တရာယ် အနှောင့်အယှက်မရှိ။ သို့သော် ထောင်တန်သော စကား ရယ်လျှင် ပေါ့ပျက်၏ဟူသကဲ့သို့ ကိစ္စ မအောင်မမြင်ရှိတတ်၏။

ငိုသံကြားမှု နှောင့်နှေးကြန့်ကြာစွာ ပင်ပန်းခဲယဉ်းစွာဖြင့် ပြီးတတ်၏။

သီချင်းသံကြားမှု ထိုသီချင်း၏ အဓိပ္ပာယ်အားလျော်စွာ၊ ဥပမာ- အလွမ်းအဆွေး ဆင်းရဲဒုက္ခကို ဖော်ပြသော သီချင်းမျိုးဖြစ်မူ ပျက်စီးအံ့။ မအောင်မြင်အံ့။

သီချင်းသည် ဘုန်းဘွဲ့၊ ဂုဏ်ဘွဲ့၊ အောင်မြင်ဘွဲ့၊ စည်တော်သံ စသော သီချင်းမျိုးဖြစ်မူ အောင်မြင်အံ့။ အရာရာပြီးမြောက်အံ့။

ရန်ဖြစ်သံ၊ ဆဲဆိုသံ၊ ကြိမ်းမောင်းသံ၊ အတင်းအဖျင်း ပြောသံကြားမှု မကောင်း။

တရားသံ၊ ခုံးမသံ၊ ညည်းညူသံကြားမှု အန္တရာယ် မဖြစ်သော်လည်း မအောင်မြင်ဖြစ်တတ်၏။ အောင်စေကာမူ နှောင့်နှေးတတ်၏။

စည်သံ၊ မောင်းသံ၊ ဗိန်းဗိုင်းသံမျိုး ကြားမှု အောင်မြင်အံ့။

မိန်းမရှင်ပဲ၊ ပြည့်တန်ဆာပဲ စသည့် ပြောသံကြားမှု အောင်မြင် ထမြောက်ပြီးမှ ပျက်စီးတတ်၏။

သူတော်ကောင်းပါ။ ဘုန်းကြီးလို လူပါ စသည့် ပြောသံကြားမှု ပျက်စီးတတ်၊ မအောင်မမြင်ဖြစ်တတ်၏။

သေပေတော့ဟူ၍ ကြားလျှင် နောက်မဆုတ်ဘဲ ဆောင်ရွက်လေ။

သွားရော့လာဟယ်ဟူ၍ ကြားလျှင် သတိကြီးစွာနှင့် ဆောင်ရွက်လေ။

ဟော့…ဟော့…ဟူသော အသံမျိုးကို ကြားမှု သတိနှင့် ဆောင်ရွက်လေ။

စသည်ဖြင့် ဆိုခဲ့သော သဘင်သည်၊ နတ်ဝင်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အရှု၊ ကလေး၊ ယောင်တတ်သူတို့၏ နှုတ်မှ ထွက်သမျှ စကားတို့၏ အတိမ်အနက် အလေးအပေါ့ကိုလည်းကောင်း၊ ကြားရသည့် အချိန်ကာလဒေသကို လည်းကောင်း၊ ခေတ်အခြေအနေကို လည်းကောင်း၊ မိမိဆောင်ရွက်မည့်ကိစ္စ၏ သဘောကို လည်းကောင်း၊ အထက်ပါ ပြဆိုချက်များကို မှီလျက် အကျယ်သိရှိလေ။

## အမြင်နိမိတ်နှင့် အကျိုးအပြစ်ဖွင့်ဆိုချက်များ

အမှုကိစ္စ တစ်စုံတစ်ခုပြုမည်ရှိရာတွင် လည်းကောင်း၊ သာရေးနာရေး၊ ပြောင်းရွှေ့ရေး စသည်တွင် လည်းကောင်း အမြင်နိမိတ်ကို ယူရာ၏ . . .

ဆင်၊ မြင်း၊ နွားများကို တွေ့လျှင် ကောင်းသော နိမိတ်ဖြစ်၏။

ကျွဲ၊ ခွေး၊ ဖွတ်၊ မိကျောင်းတို့ကို မြင်လျှင် မကောင်း၊ ပျက်အံ့။

သစ်ပင်လဲပြိုခြင်း၊ တစ်စုံတစ်ခုလဲပြိုခြင်းများကို မြင်လျှင် မကောင်း။

နီသောပန်းမှအပ အခြားသောပန်းများကို မြင်လျှင် ကောင်း၏။

လူသေ မသာကို တွေ့မူ သာရေးဖြစ်က လွန်စွာ ကောင်းလှ၏။

သွေးထွက်သံယိုမြင်သော် လွန်စွာကောင်း၏။

ရဟန်း၊ သီလရှင်၊ အဘိုးအို၊ အဘွားအိုများကို တွေ့မူ မကောင်း။ နာရေးတွင် သေပျောက်တတ်၏။

ဝန်ထုပ်ဝန်ပိုး ထမ်းလာသည်ကို တွေ့သော် နာရေးတွင် မကောင်း။ သာရေးဖြစ်မူ ကောင်းလှ၏။

မငြိမ်မသက် လှုပ်လှုပ်ရွရွဖြစ်နေသူကို မြင်မူ ဆောင်ရွက်သည့်အရာ ဆုံးခန်းမရောက်ဖြစ်တတ်၏။

ကုန်ကြွေးကြီးစွာနှင့်နေသူကို မြင်မူ အလွယ်နှင့် ပြီးစီးအောင်မြင်တတ်၏။ နာရေးဖြစ်မူ ခဲယဉ်းစွာ ကုသရတတ်၏။

ယောက်ျား၊ မိန်းမတို့ မပေါ်သင့်သည့်အရာပေါ်နေသည်ကို မြင်လျှင် သာရေး၌ အောင်မြင်တတ်၊ လာဘ်ကြီးရတတ်၏။ နာရေးတွင်မူ သေပျောက်တတ်၏။

သစ်သီးဝလံများတွေ့မူ ကောင်း၏။ စီးပွားရတတ်၏။

အိုးခွက်ကွဲသည်ကို မြင်မူ နာရေးတွင် ကောင်း၏။ သာရေးတွင် မကောင်း။

တစ်စုံတစ်ဦး ပြေးလွှားနေသည်ကို မြင်သော် သာရေးတွင် မကောင်း။ နာရေးတွင် ကောင်း၏။

တုတ်၊ ဓား၊ လှံ စသည့် လက်နက်တစ်စုံတစ်ခုကိုင်သည့်၊ ထမ်းသည်ကို မြင်လျှင် ထိုအရာများကို ကိုင်ထမ်းလျက် လျှင်စွာသွားနေသည်ကို မြင်က မကောင်း။ နှေးစွာသွားနေမူ အပြစ်မရှိ။

ပေါက်တူး၊ တူရွင်း၊ တံမြက်စည်း စသည်တို့ကို ကိုင်ဆောင်သွားသည်ကို မြင်လျှင် မအောင်မြင်တတ်၊ ပျက်စီးတတ်၏။

ကန်းသူ၊ ဆွံ့သူ၊ နားမကြားသူတို့ကို မြင်လျှင် မကောင်း။

ရေချမ်းအိုး၊ ညောင်ရေအိုး၊ ပရိတ်အိုးများကို မြင်လျှင် ကောင်းလှပေ၏။

ထမင်းဟင်းကြော်လှော် ချက်ပြုတ်နေသည်ကို မြင်လျှင် ကောင်း၏။

တစ်ယောက်က တစ်ယောက်လက်တွင်းမှ ပစ္စည်းအား လုယူသည်ကို မြင်လျှင် လည်းကောင်း၊ စားသောက်ဖွယ်အား လုယူစားသောက်သည်ကို မြင်လျှင်လည်းကောင်း၊ မကောင်း။

ဖက်ရမ်းနမ်းရှုပ်နေသည်ကို မြင်လျှင် သာရေးတွင် ကောင်း၏။ နာရေးတွင် မကောင်း။

ကလေးငယ်ကို ထမင်းခွံ့နေသည်ကို လည်းကောင်း၊ ငှက်မကြီးက ငှက်ကလေးများကို အစာခွံ့နေသည်ကိုသော် လည်းကောင်း၊ မြင်တွေ့မူ အောင်မြင်၏။ လာဘ်ရ၏။

ခွေးမကြီးက ခွေးငယ်များကို အစာအန်ကျွေးသည်ကို မြင်မူ ခဲယဉ်းစွာ အောင်မြင်ပြီးမြောက်တတ်၏။ နာရေးတွင် မကောင်း။

ဤ ပြဆိုပြီးသည်တို့ကို မှီကာ ဉာဏ်ပညာဖြင့် ချင့်ချိန်လျက် အခါအားလျော်စွာ အမြင်နိမိတ်များကို ကောက်ယူသိရှိအပ်ပေ၏။

## ဖြစ်မြဲစဉ်လာထက် ကျော်လွန်၍ဖြစ်သော နိမိတ်ထူးများနှင့် အကျိုးအပြစ်

ကြက်မတွန်မူ ကြက်ရှင် အန္တရာယ်ရှိ၏။ မသတ်နှင့်။ ဝေးရာသို့ ပို့လေ။

နွားငယ်တွန်လျှင် ထိုနွားရှင် အကြီးအကဲဖြစ်တတ်၏။

မြွေနှင့် ဖား၊ ကြောင်နှင့် ကြွက်၊ ကျားနှင့် ဝက်၊ ကျီးနှင့် ဇီးကွက်(ဒီးဒုတ်)စသည့် မသင့်မြတ်သော သတ္တဝါများ သင့်မြတ်သည်ကို မြင်လျှင် နီးဝေးမဟူ အချင်းချင်း သင့်မြတ်ကြ၏။

တောတိရစ္ဆာန် တစ်စုံတစ်ခု ရွာအတွင်းဝင်မူ ထိုရွာ



www.burmeseclassic.com

www.burmeseclassic.com

၏ အကြီးအကဲအပြောင်းအလဲ ပေါ်ပေါက်ရတတ်၏။

မိမိကိုးကွယ်သော ဘုရားရုပ်တု ချွေးထွက်သည်၊ မျက်တောင်ခတ်သည်၊ နှာတော်လှုပ်သည်၊ နှုတ်ခမ်းတော်လှုပ်သည်ဟု ထင်မြင်ရလျှင် ကိုးကွယ်သူ အန္တရာယ်ဖြစ်အံ့။

ရွာလုံး၊ မြို့နယ်လုံး ကိုးကွယ်သော ဘုရားရုပ်ထုတော်များ၊ ထိုအလားတူဖြစ်လျှင် ထိုရွာ၊ ထိုမြို့ ထိုနယ် အန္တရာယ်ကြီးဖြစ်အံ့။

ဘုရား၊ ပုထိုး ရောင်တော်ကွန့်မြူးလျှင် ထိုဘုရားပုထိုးရှိရာ မြို့ ရွာ၊ နယ် အကြီးအကဲများ ပျက်စီးအံ့။

အိမ်ခြံဝင်းအတွင်းရှိ အမိကာရ သစ်ပင်ကြီး အလိုလိုခြောက်သွေ့သွားသော်၊ လေမလာဘဲ လဲပြိုသော် ထိုအိမ်ခြံဝင်းရှင် ဥပဒ်အမျိုးမျိုးဖြစ်အံ့။

ရွာလုံးနှင့်ဆိုင်သော အမိကာရ သစ်ပင်ကြီး အလားတူအလိုလို ခြောက်သွေ့သော်၊ လေမလာဘဲ လဲပြိုသော် ထိုရွာ အန္တရာယ်အမျိုးမျိုး မကြာခဏသင့်အံ့။

တိရစ္ဆာန်သော် လည်းကောင်း၊ လူသော် လည်းကောင်း၊ မွေးတာထက် ကျော်လွန်၍ ခေါင်းနှစ်ခု၊ ကိုယ်နှစ်ခု၊ ခြေမပေါက်ရမည့်နေရာဝယ် ခြေ၊ လက် မပေါက်ရမည့်နေရာဝယ် လက်ပေါက်ခြင်း စသဖြင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သော် ထိုဆိုင်ရာသူများ ပြုန်းတီးအံ့။

လူက ဘီလူးမွေးခြင်း၊ ဝက်က ခွေးမွေးခြင်း၊ ဆင်မွေးခြင်း စသော ဖြစ်မြဲမဟုတ်သော မွေးဖွားခြင်းများဖြစ်သော် ရန်အန္တရာယ် ကပ်သုံးပါးဆိုက်တတ်၏။

ဆင်မသည် မုန်ယိုသော်၊ ဆင်ထီးကဲ့သို့ အစွယ်ကြီးကြီး ရှည်ရှည်ပေါက်သော် ထိုမြို့ ပြုပြည်ရွာ ရန်အန္တရာယ်များ၏။

ကြက်ဖသည် ဥအုခဲ့သော် မသူတော်များ အကြီးအကဲဖြစ်တတ်၏။

ခွေးနို့ကို ကြောင်စို့ခြင်း၊ ဝက်နို့ကို ခွေးစို့ခြင်းပြုမူသော် ရောဂန္တရကပ် ဆိုက်ရောက်တတ်၏။

အကြွင် မိန်းမသည် တစ်ကြိမ်တွင် နှစ်ယောက်ထက်ပိုသော ကလေးများကို ဖွားမြင်သော် ထိုမိန်းမနေရာ မြို့ရွာတွင် ရန်အန္တရာယ်ရှိတတ်၏။

အုန်း၊ ငှက်ပျော၊ နာနတ် စသော အသီးများ သီးရိုးသီးစဉ်ထက်လွန်၍ ဆန်းကြယ်စွာ သီးသော် ထိုရွာနယ်ချောက်ချားတတ်၏။

ကြခတ်ဝါးသီးသော် ဆိုင်ရာ ရွာမြို့နယ် ကပ်သုံးပါးဆိုက်ရောက်တတ်၏။

လူရိုးကို နွားစားသော်၊ [illegible] [illegible] အန္တရာယ်များ၍ ဝေ်မွတ်ရှားပါးတတ်၏။

တိရစ္ဆာန်များ ဇာတ်တူ[illegible] [illegible] ကုန်ပစ္စည်းရှားပါးတတ်၏။

မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း ကြောင် ပေါများသော် ထိုအတူ အစားအစာရှားပါးတတ်၏။

ပိုးဟပ်၊ ကြမ်းပိုးပေါများသော်၊ သန်းကြီးခေါ် ကိုယ်သန်းများ ပေါများသော် ပြည်ရွာနယ်ပယ်အလုံး ပျက်စီးတတ်၏။

ဤပြခဲ့သည်ထက် ပို၍တွေ့ကြုံရသော အတိတ်နိမိတ်များကို အထူးအဆန်းသဖွယ်ဖြစ်တိုင်း ကောင်းသည်ဟု မယူဆရာ။ ပညာနှင့် ဆင်ခြင်၍ ခေတ်ကာလအားလျော်စွာ အကျိုးအပြစ်ကို သိအပ်ပေ၏။

## မိုးခေါင်ကြောင်း နိမိတ်များ

ဖားသတ္တဝါ ကုန်းတွင် ကျက်စားလျှင်၊ ဖားအော်သံနည်းပါးလျှင် မိုးခေါင်တတ်၏။

လယ်ပုစွန်လုံးများ မြစ်ချောင်းကမ်းပါးတွင် တွင်းဖောက်နေလျှင် မိုးခေါင်တတ်၏။

မိုးတွင်းအခါဖြစ်လျက် ပုရွက်ဆိတ်များ ရေအိုးအောက်တွင် နေလျှင် မိုးခေါင်တတ်၏။

ငှက်သိုက်နိမ့်နိမ့်လုပ်လျှင် မိုးခေါင်၍ လေပြင်းတတ်၏။

ကုန်းသတ္တဝါ ရေတွင် ကျက်စားလျှင် လည်းကောင်း၊ ရေသတ္တဝါ ကုန်းတွင် ကျက်စားလျှင် လည်းကောင်း၊ မိုးခေါင်တတ်၏။

## သတ္တဝါအဝင် နိမိတ်နှင့် အကျိုးအပြစ်

အိမ်တွင်းသို့ ခင်ပုတ်ငှက်၊ တောကြွက်တို့ ဝင်သော် နာဖျားရောဂါဖြစ်တတ်၏။

လင်းတ,ဝင်သော် သေပျောက်တတ်၊ စီးပွားပျက်တတ်၏။

ဖွတ်ဝင်သော် ဘေးမျိုးသင့်တတ်၊ ရေခန်းသကဲ့သို့ စီးပွားဥစ္စာကုန်ခန်းတတ်၏။

ယုန်ဝင်သော် အန္တရာယ်များ၏။

သမင်၊ ဒရယ်၊ ဂျီ ဆိုင်၊ ဆတ် စသော တောကောင်များ ဝင်သော် မီးလောင်ပျက်စီးတတ်၏။

နွား၊ ကျွဲ၊ တက်လာဝင်ရောက်မှု စီးပွားတိုးတတ်၏။

လိပ်ဝင်တတ်မှု၊ စပါးကြီး, စပါးအုံးမြွေဝင်တတ်မှု



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတတ်၏။

ခွေးသည် မိမိနေရာထက်ပို၍ ဖွတ်ဖွတ်ဝင်လာမူ၊ အိမ်ခေါင်သို့ တက်မူ ပျက်စီးခြင်းငါးပါးတိုင်၏။

မိကျောင်းတက်မူ သေပျောက်ပျက်စီးအံ့။

## ကျီးသာနိမိတ်အဟော

အရှေ့တည့်တည့်မှ သာမူ ချစ်ခင်သူ ရောက်လာတတ်၏။

အရှေ့တောင်က သာမူ အကြီးအကဲရောက်လာတတ်၏။

တောင်အရပ်က သာမူ သားငါးဟင်းရံမျိုး လာ၍ ပို့လိမ့်မည်။

အနောက်တောင်က သာမူ တပည့်သားမြေးရောက်လာတတ်သည်။

အနောက်က သာမူ စုတ်နှင့်အတူ မိတ်ဆွေရောက်လာတတ်သည်။

အနောက်မြောက်က သာမူ လက်အောက်ငယ်သားများ လာရောက်တတ်သည်။

မြောက်က သာမူ စုတ်ကောင်းရောက်လာတတ်သည်။

အရှေ့မြောက်က သာမူ ပူဇော်မည့်သူ၊ မ,စမည့်သူ ရောက်လာတတ်သည်။

## ကိုယ်အင်္ဂါပေါ်တွင် အိမ်မြှောင်ကျခြင်း နိမိတ်အဟော

အိမ်မြှောင်သည် ဦးထိပ်ထက်၌ ကျမူ စီးပွားချမ်းသာ အကြံအစည်နှောင့်နှေးတတ်၏။

ညာလက်ရုံးတွင် ကျမူ အစားကောင်း စားရတတ်၏။ လက်ဝဲ လက်ရုံးထက် ကျမူ လာဘ်ပိတ်ဆို့တတ်၏။

ကျော၌ ကျမူ ခိုက်ရန်ဖြစ်တတ်၊ နာဖျားတတ်၏။ ရင်၌ ကျမူ အဝေးအနီးမှ လာဘ်လာဘရောက်လာတတ်၏။

ခါး၌ ကျမူ အဝတ်ဟောင်းထွက်၍ အဝတ်သစ်ရတတ်၏။ ဝမ်း၌ ကျမူ ရမည့်စီးပွား နှောင့်နှေးတတ်၏။

အင်္ဂါဇာတ်၌ ကျမူ အိမ်ထောင်ဖက်ရှိသူတွင် အိမ်ထောင်ဖက်နှင့် ကင်းကွာရတတ်၍၊ မရှိသူတွင် အိမ်ထောင်ဖက် တွေ့ရတတ်၏။

ညာဘက်ပေါင်၌ ကျမူ စီးပွားရတတ်၏။ ဝဲဘက်ပေါင်၌ ကျမူ ဆွေမျိုးမိတ်သင်္ဂဟတို့နှင့် မျက်လိုရတတ်၏။

ညာခြေသလုံး၊ ညာဒူး၌ ကျမူ သားမယား၊ သားမယားကဲ့သို့သောသူကို ရရှိတတ်၏။ ဝဲ ခြေသလုံး၊ ဝဲ ဒူးတို့၌ ကျမူ သားချင်း ပျက်စီးတတ်၏။

လက်ယာ ခြေချင်းဝတ်၊ ခြေဖုံ၊ ခြေဖဝါးတို့၌ ကျမူ စီးပွားရတတ်၏။ မိမိအား မှီခိုမည့်သူ ရောက်လာတတ်၏။ လက်ဝဲ ခြေကျင်းဝတ်၊ ခြေဖဝါးတို့၌ ကျမူ စိုးရိမ်သောကများတတ်၏။ ဒုက္ခတွေ့သူရောက်လာတတ်၏။

◈◈◈

ဤသည်တို့ကား ရေရေရာရာ သေသေချာချာ သိထားဖို့ လိုအပ်သည့် နိမိတ်များနှင့် စပ်လျဉ်းသည်တို့သာ ဖြစ်ပါကြောင်းကို စာစကားကမ်းဆင့်ဆက်သီလိုက်ရင်းဖြင့်…။

❐

ကြော်ငြာထည့်သွင်းလိုပါက


မဂ္ဂဇင်း

အမှတ်-၁၇၉၊ တတိယထပ် (ဝဲ)၊(၃၁)လမ်း၊(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ဝ၉-၅၁၅၇၄၆၂



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့က ဌာနဝန်ထမ်းဖြစ်တာကြောင့် နယ်ပြောင်းအမိန့်ကျရင် အထုပ်ပိုက်၊ သေတ္တာဆွဲပြီး ပြောင်းရွှေ့ရတာပါပဲ။ လုပ်သက်တစ်လျှောက်မှာ အဲဒီလို ပြောင်းရွှေ့ခဲ့ရတဲ့ အကြိမ်ပေါင်းက လေးငါးကြိမ်ပါပဲ။ ဒီတစ်ခါ ပြောင်းမိန့်ကျတာက ရန်ကုန်။ တော်သေးတာပေါ့။ နယ်ဝေးဝေးကို ပြောင်းမိန့်မကျလို့။ ရန်ကုန်ဆိုတော့ ဝမ်းတောင် သာမိသေးတယ်။ အရင်အရင်တွေထက် ပိုစည်ကားပြီး မြို့သစ်တွေလည်း တိုးချဲ့ထားတော့ ကျွန်မတို့ နေရေးထိုင်ရေးအတွက် အိမ်ငှားရတာ ပိုပြီးအဆင်ပြေ ချောမွေ့မှာပဲလို့ ထင်တာကိုး။

ဒါပေမယ့် ရန်ကုန်ရောက်ပြီး အိမ်ငှားရတဲ့ ဒုက္ခကို ခံစားရတော့တာပါပဲ။ ပွဲစားနဲ့ အိမ်ရှင်နဲ့ ညှိမရတာနဲ့ ပွဲစားက အိမ်လခ တစ်လခ ပေးမှ အိမ်ရှာပေးတာမျိုးနဲ့၊ အိမ်ရှင်နဲ့ကျပြန်တော့ စပေါ်တင်ဖို့ ကိစ္စ။ အဲဒါနဲ့ ရန်ကုန်ထဲမှာ အဆင်မပြေဘူးပေါ့။ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ ယုနေဥယျာဉ်မြို့တော် စသဖြင့်ပေါ့၊ နေရာအနှံ့အပြား ရောက်ခဲ့ပါတယ်။ အိမ်ရှာဖွေရေးပေါ့။ တချို့နေရာမှာက ရေမရှိ၊ တွင်းရေခပ်သုံးကြတယ်။ တချို့နေရာကျပြန်တော့ မီးမရှိဘူး။ ညဘက်ဆို ဖယောင်းတိုင်ထွန်းပြီး နေရတယ်။ ဒါ့ကြောင့် မီးဘေးအန္တရာယ်လည်း ကြောက်ရသေးတယ်လေ။ ပြီးတော့ ကျွန်မက သရဲအရမ်းကြောက်တာ။

အဲဒီကြားထဲ ပွဲစားတစ်ယောက်ပြောတဲ့ အိမ်ကို ယူမလို့ သွားကြည့်မိလိုက်ပါတယ်။

“အစ်မတို့လား၊ ဒီအိမ်ငှားမယ်ဆိုတာ”

“ရှင်...”

“ကျွန်တော်က စေတနာနဲ့ သတိပေးမလို့ပါ”

“ဪ...ဟုတ်ကဲ့ရှင့်၊ ပြောပါ”

“အဲဒီအိမ်က သရဲအခြောက်ကြမ်းလို့ အိမ်ငှား မမြဲဘူး”

“ဟင်...ရှင်...၊ ဟို...ကျေး...ကျေးဇူးတင်ပါတယ်”

အဲဒီအိမ်ကို မငှားဖြစ်ခင်လေး ကပ်ပြီး သိလိုက်ရလို့ပေါ့။ ကျွန်မ အရမ်းကြောက်တတ်တာနဲ့ဆိုရင် သေတောင် သေနိုင်တယ်။ အဲဒါနဲ့ နောက်တစ်အိမ်။ အိမ်က ကောင်းပြီး စပေါ်ငွေ မတတ်နိုင်တာနဲ့ ဟိုဒီလျှောက်ရှာရင်း။ နောက်ဆုံး အိမ်ကလေးတစ်လုံးကို ပွဲစားမပါဘဲ ပိုင်ရှင်ရဲ့ တူဆိုတာနှင့် ငှားဖြစ်လိုက်တယ်။

အိမ်လေးက သန့်ပါတယ်။ ရှိတဲ့ငွေနဲ့ စပေါ်လည်း ကိုက်လို့၊ ပြီးတော့ ဘေးဝန်းကျင်လည်း ရှင်းလို့၊ အေးဆေးမှုလည်း ရှိတယ်လေ။

◈◈◈

အမှောင်ထုက တဖြည်းဖြည်း လွှမ်းလာပြီ။ ပစ္စည်းတွေကလည်း နေသားတကျ ရွှေ့ပြုချလို့ မရသေးဘူး။ အိမ်က (၁၀-ပေ × ပေ-၂၀)ဆိုတော့ ကျဉ်းတာပေါ့။ ပစ္စည်းရွှေ့တာ၊ နေရာချတာကို ခဏထားပြီး ...

“ယောက်ျားရေ...မီးကြိုးရှာပါဦး။ မီး အရင်ဖွင့်ဖို့ လုပ်ပါ။ မှောင်လာရင် ဘာမှမြင်ရမှာ မဟုတ်ဘူး”

ဝပ် ၂၅ ရှိတဲ့ မီးလုံးကို တပ်ထားတဲ့ မီးကြိုးကို ရှာပြီး အရင် မီးလင်းအောင် လုပ်လိုက်တယ်။ ပြီးမှ အထုပ်အပိုးတွေကို နေရာချ လုပ်ရတာပေါ့။

အဲဒီမှာ ကျွန်မဘေးနားကနေ အရိပ်တစ်ခု ဖျတ်ခနဲဖြစ်သွားတာ တွေ့လိုက်ရတယ်။ လှည့်ကြည့်ရုံ ကြည့်လိုက်ပြီး လက်ထဲက ပစ္စည်းတွေကိုပဲ နေရာချနေလိုက်တယ်။ ယောက်ျားကလည်း သူ့ဘာသာသူ ပစ္စည်းတွေ လိုက်ချနေတယ်လေ။ ပစ္စည်းတစ်ခုကို လှမ်းကိုင်ရင်းနဲ့ ဘေးက ဖြတ်သွားတဲ့ အရိပ်ကို သတိရ တွေးလိုက်မိပြီး ရင်ထဲ ထိတ်ခနဲဖြစ်သွားမိတယ်။ ဒါပေမယ့် အလုပ်ကိုပဲ ဆက်လုပ်နေလိုက်တယ်။

“အဲ...”

ရိပ်ခနဲ ဘေးက ဖြတ်သွားတာကို လူတစ်ယောက်ရဲ့ အရိပ်မှန်း သိတာကြောင့် ပါးစပ်က အံ့ဩသံ ထွက်သွားမိတယ်။ အဲဒါဟာ တခြား တစ်ဦးတစ်ယောက်ရဲ့ အရိပ်ဆိုတာကိုလည်း သိလိုက်တယ်။ ကျွန်မယောက်ျားက နောက်ဖေး မီးဖိုချောင်လေးထဲမှာ ပစ္စည်းတွေ နေရာချနေတယ်။ ကျွန်မစိတ်ထဲမှာ အတွေးပေါင်းစုံနဲ့ အကြောက်တရားဝင်လာတယ်။ နှစ်ကြိမ် နှစ်ခါဆိုတော့ ချွေးပြန်လာပြီး ခြေတွေ လက်တွေပါ တုန်လာတယ်။ အရေးထဲ အရာပေါ် အိမ်သာသွားချင်စိတ်က ဖြစ်လာတယ်။ အိမ်သာက နောက်ဖေး မီးဖိုဆောင်ကနေ တံတားထိုးထားတာ။ ဝါးတစ်ပြန်ခွဲလောက် ဝေးတယ်။ အမှောင်ရိပ်လည်း ပိုကျတယ်။ အားတင်းပြီး ထိန်းနေရင်းက ခါးတွန့်လိမ်ပြီး မတ်တတ်ရပ်လိုက်မိတယ်။

“မြန်မြန်လုပ်ပါဟာ၊ ဗိုက်မဆာခင်။ ပြီးမှ အပြင်ဆိုင်မှာ ဝယ်စားရမှာ။ ဆိုင်တွေ ပိတ်ရင် ဘာမှ မရဘဲဖြစ်နေဦးမယ်”

အဲ...ဟုတ်သားပဲ၊ စားစရာသွားဝယ်ရင် ကျွန်မ တစ်ယောက်တည်း ကျန်နေခဲ့မှာ။ အိမ်အပြင်ကို လှမ်းကြည့်လိုက်တော့ အိမ်ရှေ့တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com

မှာ တည်းပင်ကြီးတစ်ပင်က အကြီးကြီးနဲ့ အုံ့မှိုင်းနေတာ။ လမ်းက အလင်းရောင်ကို အိမ်ထဲ မဝင်နိုင်အောင် အရွက်အလက်၊ အခက်တွေက ကာရံထားသလိုမျိုးမို့ ပိုပြီး မှောင်ရိပ်ကျတယ်။

မိသားစု နည်းလို့ လင်ကိုယ် မယား နှစ်ယောက်ထဲမှာ သူသွား ကိုယ်ကျန်၊ ကိုယ်သွား သူကျန် နေလာခဲ့တာလည်း ကြာပါပြီ။ အခု ဒီအိမ်ကလေးကို ရောက်မှ ကျွန်မ ပိုပြီး ကြောက်နေမိတယ်။ ဒါကလည်း အခုန အရိပ်ကို နှစ်ခါပြန်တွေ့လိုက်မိလို့မှန်း ကျွန်မကိုယ် ကျွန်မ သိနေပါတယ်။

ငယ်ငယ်တုန်းက အဖေနဲ့ အမေတို့ ပြောဖူးတယ်။ အပင်ကြီးရင် အစောင့်ရှိတယ်။ မှီခိုကပ်ရပ်နေတတ်တယ်လို့ ပြောခဲ့တာကိုလည်း သတိရသွားပြီး အိမ်ရှေ့က တည်းပင်ကြီးကို လှမ်းကြည့်လိုက်မိပြီး ကြောက်တဲ့စိတ် ပိုဝင်လာပြန်ရော။ တခြား အကြောင်းလွှဲပြောင်းတွေးရင်းနဲ့ သတိလေးတစ်ချက်ဝင်လာလို့ ဘုရားကို အာရုံပြုပြီး-

"ဤနေရာပတ်ဝန်းကျင်မှာ ရှိကြသော ပုဂ္ဂိုလ်အပေါင်းတို့ကို ကျွန်မကိုယ်တိုင်နဲ့ မိသားစု ပြုခဲ့သမျှ ကုသိုလ်အဖို့တာကို အမျှရကြပါစေ၊ အမျှပေးဝေပါတယ်"

"အွန်း..."

"ကျွီ...ရွတ်...ရွတ်...ရွတ်"

"ဟင်...ဘုရား...ဘုရား၊ ဘာ...ဘာလဲ"

"ကဲ...ကဲ၊ မင်း ဘာငိုင်နေတာလဲ။ မပြီးသေးရင်လည်း ထားလိုက်။ မနက် အားတာပဲ။ လာ...တစ်ခုခုသွားစားမယ်"

"အင်း...အဲ၊ ကောင်းတယ်။ မနက်မှ ဆက်လုပ်မယ်နော်"

တော်သေးတာပေါ့။ ယောက်ျားက အပြင်ထွက်ဖို့ ပြောလိုက်လို့။ ပေနေတဲ့ လက်ကို အဝတ်ကြမ်းနဲ့ သုတ်ပြီး ယောက်ျားရဲ့ ဘေးက ကပ်ပြီး လိုက်ထွက်လိုက်မိတယ်။

အဲဒီညက ခရီးပန်းတာရော၊ အလုပ်ပင်ပန်းတဲ့အတွက်နဲ့ရော စားသောက်ပြီး ပြန်လာတာနဲ့ ခဏပဲ နားပြီး အိပ်ရာကို ဖြစ်သလို ပြင်လိုက်တယ်။ ယောက်ျားကိုလည်း ဘာစကားမှ မပြောဖြစ်တော့ဘဲ အိပ်လိုက်တယ်။

◈◈◈

မနက်ကျတော့ အိပ်ရာက နိုးနေကျအတိုင်း နိုးပေမယ့် ရေနွေးအိုးတည်၊ ကော်ဖီဖျော်တဲ့ အလုပ်တွေ လုပ်စရာမလိုလို့ အနီးအပါးက ပစ္စည်းတွေ သိမ်းရင်း ဘုရားစင်ကို ကြည့်လိုက်မိပါတယ်။

"အို...ဒီလူတွေရယ်၊ နေနိုင်လိုက်ကြတာ။ ဘုရားလှူတဲ့ ပန်း၊ ညောင်ရေအိုးလေးတွေကိုမှ သန့်သန့်ရှင်းရှင်း မလုပ်ကြဘူး"

ဘုရားပန်းဝယ်ဖို့ ဈေးကိုတော့ မသွားနိုင်ဘူး။ ရေသန့်ဘူးထဲက ရေနဲ့ပဲ ညောင်ရေအိုးကို ရေဆေး၊ ရေထည့်ပြီး စင်ပေါ်ကို ပြန်တင်၊ သန့်ရှင်းရေး လုပ်လိုက်ပါတယ်။ ဘုရားစင်ပေါ်မှ မြေကြီးခဲလေးတွေက ကြာလို့ ခြောက်နေတဲ့ အနေအထားမျိုး။

ကျွန်မယောက်ျား အိပ်ရာနိုးတော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပဲ စားသောက်ပြီး ဝယ်စရာရှိတာလေးတွေ ဝယ်ပြီး ပြန်လာခဲ့တယ်။

အိမ်မှုကိစ္စတွေ လုပ်နေရင်းနဲ့ အချိန်က ကုန်မှန်းမသိ ကုန်သွားတယ်။ ယောက်ျားကလည်း အပြင်ထွက်ပြီး လိုတာလေးတွေ သွားဝယ်တယ်။ အချိန်လေး ရှိတုန်း ရေထည့်ဖို့၊ ရေရဖို့ လုပ်ရင်း နောက်ဖေး ရေကပြင်ကိုပါ ရှင်းလိုက်တယ်။ အနံ့ဆိုးဆိုးက စူးစူးဝါးဝါး နှာခေါင်းထဲ တိုးဝင်လာတယ်။

"ဝေါ့...အဟွပ်...အဟွပ်"

"ဟာ...မိန်းမရဲ့ အရွယ်လွန်မှ ဝေါ့...အဲ့...နဲ့ ဖြစ်နေရလား"

ရှုံ့ကလည်း ရှုံ့၊ ကြောက်ကလည်း ကြောက်နေတဲ့အချိန်၊ နောက်ကနေ ရုတ်တရက် ပြောလိုက်တော့ ခြေတွေ လက်တွေပါ တုန်သွားတယ်။ ကိုယ့်ယောက်ျားမှန်းသိလို့ ခွေခေါက်ပြီး လဲမကျတာ။

"ဟင်...ရှင်ကလဲ၊ ဘာဖြစ်လဲလို့ မမေးဘဲ တွေ့ကရာ ပေါက်ကရ ပြောနေတာပဲ။ ဒီမှာ ပုပ်စော်နံလို့ဟာ"

"ကွာ...မင်းကလဲ၊ ကြွက်သေ ပုပ်တို့၊ ရှဉ့်ပုပ်တို့ ဖြစ်မှာပေါ့ကွ"

ယောက်ျားပြောလို့ နည်းနည်း အကြောက်ပြေပြီး အလုပ်ကို ဆက်လုပ်နေလိုက်တယ်။ နောက်ဖေး ရေကပြင်က တစ်ဦးတစ်ယောက် တက်လာသလို ဘေးကနေ လေဟပ်သွားတာကို သိလိုက်တယ်။ အေးစက်စက် အငွေ့နဲ့ အပုပ်နံ့ဆိုးဆိုးက ကျန်ခဲ့တယ်။ ကျွန်မလည်း အလုပ်တွေ ရပ်ပြီး နောက်ဖေး တံခါးကို ပိတ်လိုက်တယ်။ ပြီး ယောက်ျားနဲ့ အနီးဆုံး နေရာမှာ ဟိုဟာလိုလို ဒီဟာလိုလိုနဲ့ လုပ်နေလိုက်တယ်။

"အေး...မိန်းမ၊ ဟို မင်းကို စကားပြောပြီး ဒီဘက်ကို လှည့်လိုက်တာ ရိပ်ခနဲဆို တွေ့လိုက်တယ်။ အဲဒီ ခေါင်းရင်းဘက်မှာ"

ကျွန်မရဲ့ တစ်ကိုယ်လုံး တွန့်သွားတယ်။ အင်း... ယောက်ျားက ပြောမှတော့ ကျွန်မ ကြုံနေ ဆုံနေရတာကို ပြောခွင့်ရပြီပေါ့။ ဒါမှလည်း ကျွန်မ အကြောက်ပြေမှာ။



www.burmeseclassic.com

www.burmeseclassic.com

"အင်း…အခု ယောက်ျားပြောမှပဲ မိန်းမလည်း ပြောပြမယ်"

ရောက်တဲ့ ညက အဖြစ်များကို ပြောပြလိုက်တယ်။ ယောက်ျားက ကျွန်မပြောတဲ့ စကားကြောင့် မျက်ခုံးတွန့်ပြီး အိမ်လေးကို သေချာကြည့်လိုက်တယ်။

"အေးကွ၊ မင်း ကြောက်မှာစိုးလို့ ကိုယ်က မပြောတာ။ မင်း အရိပ်အခြေကို ကြည့်နေတာ"

"ဟင်… ရှင်ကလည်း၊ နှစ်ယောက်တည်း ရှိတာကို"

"အေး၊ အခုလည်း လမ်းထိပ်က ဆိုက်ကားနင်းတဲ့ လူတစ်ယောက်နဲ့ စကားဆုံပြီး ပြောမိတယ်။ ဒီအိမ်ကို ငှားတဲ့ ပိုင်ရှင်ရဲ့ တူဆိုတာက အရင်ဒီမှာ နေတာတဲ့ကွ။ နောက်တော့ အဒေါ်ရော၊ ဦးလေးပါ သေပြီး နေမရအောင် ခြောက်လို့ အိမ်ကို ပိတ်ပြီး တခြားမှာ သွားနေတာ။ အခုမှ ကိုယ်တို့က ငှားတာလို့ ပြောတယ်"

"ဟင်…ဒါများ ရှင်က စောစောက ပြောပါတော့လား။ ပြောင်းသင့်ရင် ပြောင်းရအောင်"

"နေပါဦး၊ မိန်းမရယ်၊ လုပ်လို့ကိုင်လို့ ရရင်လည်း ဆက်နေတာပေါ့ကွာ။ အဖြစ်က ဒီလိုကွ"

ကျွန်မယောက်ျားက အပြင်မှ ကြားလာသမျှ ဒီအိမ်နဲ့ ပတ်သက်တာကို ပြောပြပါတယ်။ ကျွန်မက ရင်ဘတ်ဖိပြီး နားထောင်မိလိုက်တယ်။

"ဒီအိမ်လေးဆောက်ပြီး ၂နှစ်လောက်ပဲ အိမ်ရှင် ကိုလှတင်က ကောင်းကောင်းမွန်မွန် အလုပ်လုပ်ပြီး နောက်ပိုင်းမှာ အသောက်အစား၊ လောင်းကစားဖက်လာတော့ ဇနီးဖြစ်တဲ့ မမေကြည်က စိတ်ဆင်းရဲရောဂါရပြီး သေသွားတယ်။ အဲဒီမှာ ကိုလှတင်က အချိန်ပြည့် သောက်စား မူးရူးပြီး သူလည်း သိပ်မကြာဘူး။ အဲဒီဒဏ်တွေနဲ့ပဲ သေတာ။ သေတာ လေးငါးရက်ကြာပြီးမှ သူတို့က လာကြည့်ပြီး တွေ့တာ။ ပုပ်တာမှ အနံ့မခံနိုင်အောင်ပဲတဲ့။ ရပ်ရွာနဲ့ သူ့တူက သင်္ဂြိုဟ်လိုက်ရတယ်။ အဲဒီမှာ သင်္ချိုင်းက မြေကြီးခဲကို တစ်ယောက်က ယူလာပြီး ဘုရားစင်ပေါ်မှာ တင်ထားလိုက်တယ်တဲ့"

"ဟင်…မလုပ်ကောင်းတာကို၊ သင်္ချိုင်းမြေက ယူစရာလား"

"ဒါတွေက မသိတဲ့ လူတွေ အယူသီး၊ တတ်ယောင်ကား လုပ်တာ။ အဲ…ကိစ္စပြီးတော့ သင်္ချိုင်းက ယူလာတဲ့ မြေကြီးခဲကို ဘယ်သူမှ ပြန်မပို့ဘူး။ သွားမပစ်ဘူးပေါ့ကွာ။ သိတဲ့ လူတွေက ပြောလည်း သူတို့က ရပါတယ်၊ လူမှ မနေဘဲဆိုပြီး ဒီအတိုင်း ထားလိုက်တာ။ အခု ကိုယ်တို့နဲ့ လာကြုံနေရတာပေါ့"

ယောက်ျားက စကားရှည်ရှည် ပြောရလို့ ရပ်ပြီး ဆေးလိပ် မီးညှိလိုက်သည်။ တစ်ဖွာ နှစ်ဖွာ ဖွာပြီး စကားဆက်ပြောမလို့အလုပ်မှာ…

"ဆေးလိပ်ပေး၊ ထမင်းကျွေး"

"အောင်မလေး…ယောက်ျား"

ကျွန်မရဲ့ အော်သံနဲ့ နှစ်ယောက်သား ထွေးလုံးပြီး လဲကျသွားတယ်။ ဆေးလိပ်ပေး၊ ထမင်းကျွေးဆိုတဲ့ အသံအက်အက်တုန်တုန်ကြီးကြောင့် ကျွန်မက ယောက်ျားကို ဖက်လိုက်မိခြင်းကြောင့်ပါ။

"ကဲ…ကဲ…မကြောက်ပါနဲ့ကွ။ ကိုယ်တို့က ဒီမှာ မနေရင် ဘယ်မှာ သွားနေရမလဲ"

ယောက်ျားက ကျွန်မ ပခုံးကို ကိုင်၍ နှစ်သိမ့်ပြော,ပြောလိုက်ပြီး သူ့နှုတ်မှ ခပ်တိုးတိုးနှင့်…

"ဆေးလိပ်နဲ့ မီးခြစ် ယူသောက်။ ထမင်းကတော့ နောက်နေ့မှ ကျွေးမယ်။ ဒီမှာ အေးအေးချမ်းချမ်းနေ။ နောက်မှ နေရာမှန်ကို ပြန်ပို့ပေးမယ်"

လို့ ပြောလိုက်တယ်။

ခုံလေးပေါ်က ဆေးလိပ်နဲ့ မီးခြစ်က အောက်ကို ကျသွားတယ်။ ခဏနေတော့ ကျွန်မယောက်ျားက ဆေးလိပ်နဲ့ မီးခြစ်ကို ယူပြီး အိမ်ရှေ့က တညင်းပင်ကြီးအောက်မှာ သွားချထားလိုက်တယ်။

◈◈◈

ညက အသံတွေ တစ်ချက်တစ်ချက်ကြားပြီး အပုပ်နံ့ကြီးကလည်း တစ်ခါ တစ်ခါ ရပြီး မိုးလင်းသွားတယ်။ အိပ်ရေးတော့ ပျက်တာပေါ့။ ကျွန်မတို့ လင်မယား အိမ်ငှားတဲ့ လူရှယ်ကို မေးစမ်းရာပြီး အိမ်ရဲ့ အတွင်းအပြင်ဘေး၊ အိမ်အောက်ထဲတွေကို ရှင်းခိုင်းလိုက်တယ်။ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတော့ ပေးရတာပေါ့။

နောက်တစ်နေ့မှာ အိမ်အကြောင်းပြောပြတဲ့ ဆိုက်ကားသမားနဲ့ ခပ်လှမ်းလှမ်းအိမ်က သုံးလေးယောက်ကို ဖိတ်ခေါ်ပြီး သံဃာသုံးပါးကို ဆွမ်းကပ်၊ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေလိုက်တယ်။

အခု ကျွန်မတို့ အဲဒီအိမ်မှာ နေတာ သုံးနှစ်ရှိပါပြီ။ အိမ်ရှင် ကိုလှတင်ရဲ့ ဝိညာဉ်ပဲလား၊ သင်္ချိုင်းက မြေကြီးခဲနဲ့ ပါလာတဲ့ ဝိညာဉ်ပဲလားတော့ မသိပါဘူး။ ကျွန်မ ယောက်ျားက ကတိပေး ပြောထားတဲ့အတိုင်း လုပ်ပေးလိုက်ပါတယ်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ဆီးတည်ကျောက်နဲ့ ဟင်းနုနွယ်ဆူးပေါက်

ကျေးလက်သား



ဟင်းနုနွယ်နှင့် ဟင်းနုနွယ် ဆူးပေါက် ကွဲပြားပုံကို တော့ ငယ်စဉ်ကတည်းက သိနေခဲ့ပါတယ်။ အများချက် စား၊ ကြော်စားနေကြတဲ့ ဟင်းနုနွယ်ပင်နဲ့ ဆင်ဆင်တူသော် လည်း ကွဲပြားပါတယ်။ ဟင်းနုနွယ် ဆူးပေါက်ပင်ဟာ ဟင်းနု နွယ်မျိုးရင်းထဲမှာ ပါဝင်ပြီး ဆူးများ ပါရှိပါတယ်။ နိုင်ငံအနှံ့ အပြားမှာ ပေါက်ရောက်တတ်ပြီး အလေ့ကျ ပေါက်ပါတယ်။

ငယ်စဉ်ကတည်းက အဘွားဖြစ်သူက ဟင်းနုနွယ် ဆူးပေါက်ကို သုံးရက် တစ်ခါလောက် ကြော်ကျွေးတတ်ပါ တယ်။ ခြံထဲမှာ ဟင်းနုနွယ်ဆူးပေါက်ပင်တွေ ရှိပြီး အဘွား ရဲ့ ပြုစုမှုကြောင့်၊ မကြာခဏ ခူးယူကြော်ချက်ခြင်းကြောင့် အရိုင်းကနေ ယဉ်သလိုလိုတောင်ဖြစ်နေပါတယ်။ အရွက် က ကြမ်းသလိုလိုရှိချင်ပေမယ့် ကြော်လိုက်တဲ့အခါ အများ စားသုံးနေတဲ့ ဟင်းနုနွယ်ရွက်ထက် ပိုနူးညံ့ပြီး ပိုပြီးအရသာ ရှိ လေးပင်ပါတယ်။ ဟင်းနုနွယ် ဆူးပေါက်ကတော့ အရွက် တွေကိုပဲ ခူးပြီး ကြော်ချက်စားရတာပါ။ တစ်ခါတစ်ရံ အဘွား ဖြစ်သူက ပုစွန်ခြောက်နဲ့ ရောပြီး ဟင်းချိုတစ်ခွက် ချက်ကျွေး လေ့ ရှိပါတယ်။

"ဒါကို စားရတယ်။ အာဟာရဖြစ်တယ်။ ဆီးနဲ့ ပတ် သက်ပြီး အရမ်းကောင်းတယ်ကွဲ့"ဟု ဟင်းနုနွယ် ဆူးပေါက် ကြော်တိုင်း၊ ချက်တိုင်း အဘွားက အမြဲပြောလေ့ရှိပါတယ်။

အသက်အရွယ်ရလာတဲ့အခါ ဆီးနဲ့တင် မကဘဲ၊ အခြား ဆက်စပ်ရောဂါများကိုပါ ပျောက်ကင်းစေကြောင်း သိလာရပါတယ်။

ဆေးကျမ်းများအလိုအရ အေး၏။ ဆီးဝမ်းရှင်စေ၏။ သားအိမ်ကိုက်ခဲခြင်းကို ပျောက်စေ၏။ နို့ရည်ကို ပွားစေ၍ သားအိမ်ကို အထူးအားပေး၏။

အဆိပ်ကို ပယ်စေ၏။ သွေးယိုစီးခြင်းကို တားမြစ်၏။ မီးယပ်လွန်ခြင်းကို ပျောက်ကင်းစေ၏ဟု ဆိုထားပါတယ်။

ကင်းကိုက်ပါက ဟင်းနုနွယ် ဆူးပေါက်အမြစ်ကို သွေး လိမ်းပါ။ ကင်းဆိပ်ပြေသလို၊ သွေးစုနာများကိုလည်း ပျောက် ကင်းစေပါတယ်။ အမြစ်ကို သွေး၍ လိမ်းခြင်းဖြစ်စေ၊ အမြစ် ကို ကြိတ်၍ အကြောတက်သော နေရာကို အုံပေးခြင်းဖြစ် စေ သက်သာပျောက်ကင်းစေပါတယ်။

အဘွားပြောခဲ့မှုသလို ဟင်းနုနွယ် ဆူးပေါက်အပင်ဟာ ဆီးနဲ့ ပတ်သက်ပြီး အစွမ်းထက်သလိုပဲ၊ ကျောက်ကပ်မှာ၊ ဆီးလမ်းကြောင်းမှာ ကျောက်တည်နေသူများအတွက်လည်း ဆေးစွမ်းတစ်လက်ဖြစ်တယ်ဆိုတာကို သိလာရပါတယ်။

ပြောပြရရင်တော့ ဆီးပူ၊ ဆီးအောင့်၊ ဆီးကျောက် တည်နေသူများအတွက် ပဥ္စင်းပါးပါအောင် အပင်ကို နုတ်ယူ ပြီး ရေစင်အောင် ဆေးကြောသန့်စင်ပါ။ သန့်စင်ပြီးသား တစ်ပင်လုံးကို ဓားနဲ့ နုတ်နုတ်စဉ်းပြီး ရေဖလားတစ်ခွက်ခန့် ထည့်ကာ မြေအိုးနဲ့ ကျိုပါ။

ထို့နောက် ဆေးပြုတ်ရည်ကို အအေးခံပြီး သောက် ကောင်းအောင် သကြားအနည်းငယ်ခတ်ပြီး ရောဂါဖြစ်နေသူ အား နည်းနည်းချင်း စ,တိုက်ပါ။ ဝင်နိုင်သမျှ သောက်နိုင်သမျှ တိုက်ပါ။

နောက်ရက်တွေကျပြန်တော့လည်း အထက်ပါအတိုင်း ဆေးရည်ကျိုပြီး လူနာအား တိုက်ပါ။ ကျောက်တည်ခြင်း ကြောင့် အောင့်ခြင်း၊ ကိုက်ခြင်းများ သက်သာလာပြီး တည် နေသော ကျောက်များ ထွက်ကျလာပါလိမ့်မည်။ တည်နေ တဲ့ ကျောက်က သေးရင်တော့ အမှုန့်ဖြစ်ပြီး အရည်ပျော်ကျ သွားစေပါတယ်။

ပရိသတ်အပေါင်း ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

□




www.burmeseclassic.com

www.burmeseclassic.com

# ချစ်တဲ့သူတိုင်း ညားကြပါစေ





သစ္စာဝါဒီ ဆရာမြတ်စောလင်း

နံနက် ၁၁နာရီခန့်ပင် ရှိသေး၏။ ကျွန်ုပ်သည် ကျိုက္ကစံဘုရားရှိ ကျွန်ုပ်၏ ဗေဒင်ခန်းရှေ့တွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေလျက် ဘာဝနှင့် ပတ်သက်သော ကျမ်းစာအုပ်များကို လှေလာဖတ်ရှုနေရင်းက တော်သလင်းလ၏ မိုးနှင့်နေကို ကြည့်ပြီး ဝေဖန်နေမိ၏။

ထိုစဉ်မှာပင် ကျွန်ုပ်၏ ဆိုင်ခန်းရှေ့သို့ ဆိုက်ကားတစ်စီးရောက်ရှိလာ၏။ ဆိုက်ကားနင်းသူ လူငယ်သည် ကျွန်ုပ်၏ ကျိုက္ကစံဘုရားတွင် စတင် ဗေဒင်ဟောကြားခဲ့သည့်နှစ်မှ စ၍ သိမြင်နေခဲ့သူဖြစ်၏။

"ဆရာ…ဒီမှာ ညွှန့်သည်ပါလာတယ်။ ဆရာ့ဆီမှာ ဗေဒင်မေးချင်လို့ဆိုတာနဲ့ ကျွန်တော်လိုက်ပို့တာ"

"အေးအေး… လာခဲ့။ အချိန်ရရင် စောင့်ဦးပေါ့"

ကျွန်ုပ်သည် ဆိုက်ကားဆရာလေးအား စောင့်ခိုင်းပြီး ဗေဒင်မေးလိုသူ သမီးငယ်အား ဆိုင်တွင်း ဝင်ရန် ဖိတ်ခေါ်လိုက်၏။ ကလေးမလေး၏ မျက်နှာသည် မရွှင်မပျဖြစ်နေ၏။ အရေးကြီးနေဟန်လည်း ရှိသည်။ ကျွန်ုပ်သည် ဗေဒင်ဟော စားပွဲသို့ ဝင်ထိုင်လိုက်ပြီး စားပွဲပေါ်မှ သရေဗေဒယ ဗေဒင်ကျမ်းစာအုပ် ဖတ်လက်စကို မှတ်သားပြီး စာအုပ်စင်ပေါ်သို့ လှမ်းတင်လိုက်၏။ ပြီးမှ တွက်ပြင်စာရွက်တွင် ရာသီစက်၌ ဂြိုဟ်များကို ရေးသွင်းလိုက်၏။ ရောက်လာသော အချိန်အရ လက်တပ်လိုက်၏။ ကံလက်ဖြစ်၍ ဂုတန့်ကို လက်သခင် စနေက မြင်၏။ ဂုတန့်သခင် တနင်္ဂနွေကို ရာဟုမြင်ပြီး ဂုတန့်တွင် အင်္ဂါရပ်နေချိန်ဖြစ်ပြီး အင်္ဂါဝိဇ္ဇာတိုင်မှာ ဗုဒ္ဓတိုင်ဖြစ်နေသဖြင့် အင်္ဂါခိုက်နေ၏။ ထိုအချက်တို့ကို ခဏတွင်း စဉ်းစား၍ ဟောပြရမည့် အဓိကအချက်ကို ဦးနှောက်ထဲသို့ ထည့်လိုက်ပြီး အင်္ဂါခိုက်နေ၏။ ထိုအချက်တို့ကို ခဏတွင်း စဉ်းစား၍ ဟောပြောရမည့် အဓိကအချက်ကို ဦးနှောက်ထဲသို့ ထည့်လိုက်ပြီး သမ္မန္တ စကားကို စတင်လိုက်ပါ၏။

"သမီးနာမည်က ဘယ်လိုခေါ်သလဲ"

"သင်းသင်းအေးပါ ဆရာ"

"သမီး အခုလာခဲ့တာ အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ဆရာ့ဆီ လာခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်မ ပြောပါရစေ။ ပြောခွင့်ပြုပါ"

"ပြောပါ။ ဘာဖြစ်ခဲ့တယ်ဆိုတာ။ ဒါပေမယ့် သမီးပြောမှာ ဆရာသိနေပါတယ်။ သမီးနဲ့ တတိယအကြိမ်မြောက် လက်ထပ်မယ့် ချစ်သူက ပစ်သွားလို့ပဲ မဟုတ်လား"

"ရှင်…"

ကလေးမသည် ကျွန်ုပ်၏ စကားကြောင့် သူ့နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com

မှ အာမေဋိတ်သံ ထွက်ပေါ်လာပြီး သူမသည် အံ့အားသင့်နေပုံရ၏။ ပြီးမှ စကားထစ်ငေါ့စွာဖြင့် သူမ၏ နှုတ်ခမ်းလေးများကို လှုပ်ခတ်ကာ စကားဆိုလာ၏။

"ဟုတ်…ဟုတ်ပါတယ် ဆရာ။ ကျွန်မ အိမ်ထောင်နှစ်ဆက်ကွဲခဲ့ပြီးပါပြီ။ ဒါကြောင့်လည်း အိမ်ထောင်ပြုဖို့ ကျွန်မ စိတ်မကူးဘဲနဲ့ မိဘနှစ်ပါးကို လုပ်ကျွေးနေခဲ့တာပါ။ ဒီ ကိုအေးဝင်းမောင်ကျမှ ကျွန်မ စိတ်ဝင်စားပြီး ဘယ်လိုဖြစ်သွားလဲ မသိဘူး ဆရာရယ်။ ဒါနဲ့ ကျွန်မ သူ့အချစ်ကို လက်ခံခဲ့မိတယ်။ မကြာခင် ရက်ပိုင်းအတွင်းမှာ သူနဲ့ ကျွန်မ ရုံးမှာ လက်မှတ်ထိုးကြမယ်။ ဒီနေ့ပဲ သူနဲ့ ကျွန်မ အတူနေကြဖို့ အိမ်ငှားရှာထွက်လာရင်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး တိုင်ပင်နေကြရင်းနဲ့ ကျွန်မ ဆွဲကြိုးလေး ချိတ်ပြုတ်သွားလို့ သယ်န်းကျွန်းဈေးထဲက ပန်းထိမ်မှာ သူပါ လိုက်ပြီး ပြန်ဆက်ပေးမယ်လို့ ပြောသေးတယ် ဆရာ။ သူကိုယ်တိုင်ပဲ ကျွန်မရှေ့မှာတင် ဆွဲကြိုးလေးကို သေသေချာချာထုပ်ပြီး ပိုက်ဆံအိတ်ထဲကို ထည့်ပေးတယ်။ ပြီးတော့ ကျွန်မကို သက်သက်သာသာ စီးရအောင်ဆိုပြီး ၃၉ အမြန် ကားလေးရဲ့ ခေါင်းခန်းထဲမှာ ထိုင်ခိုင်းသေးတယ် ဆရာ။ သူက နောက်ကနေ ဖြစ်သလို စီးမယ်ဆိုပြီး လာခဲ့ကြတာ။ ခု ဘုရားလမ်း မှတ်တိုင်ရောက်လို့ ကျွန်မ ဆင်းတော့ သူ မရှိတော့ဘူး။ အဲဒီကျမှ ကျွန်မလည်း ပိုက်ဆံအိတ်ကို ဖွင့်ပြီး ဆွဲကြိုးကို ကြည့်တော့ ဆွဲကြိုးလည်း မရှိတော့ဘူး ဆရာ။ ကယ်ပါဦး ဆရာရယ်။ သမီးဘဝက မြွေပါလည်း ဆုံး၊ သားလည်း ဆုံး ဖြစ်နေပါပြီ"

ကလေးမလေးက သူပြောလိုသည်များကို အားပါးတရ တစ်ဆက်တည်းပြောပြီး ကျွန်ုပ်ရှေ့တွင် ငိုနေတော့၏။ အလွန်ပင် သနားစရာကောင်းနေတော့သည်။

"အေးအေး၊ ဟုတ်ပြီလေ။ သမီးဖြစ်ချင်တာ လုပ်ပေးရမှာပေါ့၊ သမီးကလည်း ဖကြွင်း ဘင်္ဂ။ မတည်ငြိမ်၊ လှုပ်ရှားပြောင်းလွဲရမည့်သူ။ အေးဝင်းမောင်ကလည်း ဂကြွင်းဆိုတော့ အညှုတွေ အချွဲတွေက ပိုပါဘိသနဲ့။ သင်းသင်းအေးလည်း ဆုံးဖြတ်ချက်တွေ ပြောင်းသွားရတာပေါ့။ အေး၊ ဆရာတို့ သရောဒယ ပညာမှာ သင်းသင်းအေးက အခိုးဂိုဏ်းကျတယ်ဆိုတော့ ကောင်းတယ်။ နာမည်မြင့်တယ်။ သမီးချစ်သူ အေးဝင်းမောင်က ခွေးဂိုဏ်းကျွဲ့။ မကောင်းဘူး။ ဒီတော့ ခွေးကျင့်ခွေးကြံလုပ်တာပေါ့။ ဆရာလုပ်ပေးလိုက်တဲ့ ယတြာကြောင့် သမီးတို့ အဆင်ပြေသွားကြတဲ့အခါ အေးဝင်းမောင် အမည်ကို "မောင်"တစ်လုံးဖြုတ်လိုက်။ အေးဝင်းဆိုတာနဲ့ ခြင်္သေ့ဂိုဏ်းကျသွားလိမ့်မယ်။ ခြင်္သေ့ဖြစ်တာနဲ့ ငြိမ်သွားလိမ့်မယ်။ ဒီတော့ တို့ "ဝဏ္ဏသရစက်"ကို ကြည့်ရအောင်။

သမီးက သင်းသင်းအေးဆိုတော့ သင်းကို ကြည့်ရမယ်။ ဝဏ္ဏသရစက်ရဲ့ မူလ ဇယားကွက်မှာ ဗာလ ပထမကွက်ဟာ သင်းသင်းအေးရဲ့ ယုဝကျတယ်။ ကျိုက္ကစံဘုရားပေါ့ကွာ။ ကျ ကြီးနဲ့ မှည့်ခေါ်တဲ့ ဘုရားပေါ့။ အေး အဲဒီလို ယုဝဘုရားကို ယုဝယန်းဖြစ်တဲ့ ဝါညွှန့်ကို လှူပြီး ကျွန်မချစ်သူ အေးဝင်းနှင့် ယခုချက်ချင်းပင် ပြန်တွေ့ပါရစေလို့ ဆုတောင်းလိုက်တာနဲ့ သမီးဆန္ဒပြည့်ဝသွားမယ်၊ ဟုတ်လား။ အတော်ပဲ၊ ဒီနေ့ တော်သလင်းလပြည့်ကျော် ၁ရက်ဖြစ်တာရယ်၊ ၃နာရီက ၁၁နာရီခွဲဆိုတဲ့ နန္ဒထိတိ ပေါ်ချိန်ဆိုတော့ ယုဝယန်း ဝါညွှန့်၊ ယုဝဘုရား ကျိုက္ကစံ၊ အောင်ခတ်ပေါ်ချိန်ဖြစ်တယ်။ ကဲ…သွား၊ သမီးသွားလှူလိုက်။ လှူပြီးရင် သွားတော့။ သမီးတို့ကိစ္စ အဆင်ပြေသွားလိမ့်မယ်၊ ကြားလား"

ကျွန်ုပ်၏ ပေါကြားချက်ကို သေချာစွာ နားထောင်ပြီး သင်းသင်းအေးသည် လှမွေး ဆိုက်ကားနှင့်ပင် ပြန်သွားလေသည်။ တစ်နေ့တွင် လှမွေးနှင့် ကျွန်ုပ်တို့သည် ကျိုးပင်အောက် ကွမ်းယာဆိုင်တွင် ဆုံမိကြ၏။

◈◈◈

"ဟေ့…ညီလေး လှမွေး၊ ဟိုနေ့က ကလေးမလေးကိစ္စ အဆင်ပြေသွားရဲ့လား။ ဆရာကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ပေးလိုက်တာပဲ"

"အဆင်ပြေတယ် ဆရာရေ။ စံပြဈေးမှာ ချိန်းထားတဲ့ နေရာမှာ မတွေ့လို့ ရောဝတီ သင်္ဘောဆိပ်ကို လိုက်သွားတာ အဲဒီမှာ သွားတွေ့တယ်လို့ ပြောတယ်။ အခု သူတို့ တောင်ဒဂုံ၊ အောင်ဇေယျတိုက်ခန်းမှာ ငှားနေတယ်လို့ ပြောတယ်။ သူတို့ ဆရာ့ဆီ ဘယ်နေ့လာမလဲ မသိဘူး။ လာကြလိမ့်ဦးမယ်"

လှမွေးထံမှ ဤစကားကို ကြားလိုက်ရသဖြင့် ကျွန်ုပ်၏ နှလုံးသား၌ ပီတိစိမ့်စိမ့် သိမ့်သိမ့်တုန်အောင် ခံစားရပါသည်။ သင်းသင်းအေးသည် ကျွန်ုပ်၏ သမီး မဟုတ်စေကာမူ သမီးရင်းကဲ့သို့ ကိုယ်ချင်းစာမိပါ၏။

ယနေ့ခေတ်တွင် လူငယ်ဘဝ ချစ်ကြ ကြိုက်ကြပြီး ယုံမှတ်လို့ ပုံအပ်ပြီးတော့မှ နမချင်း မစာနာတတ်သော သကောင့်သားတို့သည် ဤသို့လျှင် ပြုမူတတ်ကြသည်။ ယခုမူ ကျွန်ုပ်၏ ဆရာဖြစ်သော သရောဒယ ဆရာ ဆန်းလှိုင် (မြရည်နန္ဒာရပ်ကွက်၊ မန္တလေးမြို့) ၏ သင်ကြားပြသသော ဝဏ္ဏသရစက်ဖြင့် ယတြာပေးနည်းသင်တန်းမှမှ ထုတ်နုတ်

www.burmeseclassic.com

ဆောင်ရွက်ပေးမှုကြောင့် သင်းသင်းအေးတစ်ယောက် သူ့ချစ်သူနှင့် လက်ထပ်ပေါင်းသင်းလျက် အတူတကွပင်လျှင် နေထိုင်နေချေပြီမဟုတ်ပါလား။

**ဝဏ္ဏသရစက်ဖြင့် ယုဝဘုရားနှင့် ယုဝပန်းကောက်ယူပုံ**

| နာမည်အရင်းလုံး အက္ခရာ | ယုဝပန်း | ယုဝဘုရားဘွဲ့များ |
|---|---|---|
| က-ဆ-ခ-ဘ-ဝ-အ | ဂ-င-ပ-ယ-ဥ | ငါးမာန်အောင် ပေါ်တော်မူ တာဝတိံသာ ဥက္ကလာစေတီ |
| ခ-ဇ-ည-နှ-မ-ဣ | ဃ-ထ-ဗ-ရ-သ-ဧ | ထူပါရုံ ရွှေတိဂုံ ရန်မျိုးအောင်၊ ရွှေကျိုက်မြင့် သကျသီဟ၊ ရွှေဘုန်းပွင့် |
| ဂ-င-ဈ-တ-ပ-ယ-ဥ | ဓ-ဌ-ဒ-ဝ-လ-ဟ | စန္ဒာမုနိ ဗိုလ်တထောင်၊ ဩလောက မာရဇိန် |
| ဃ-ထ-ဗ-ရ-သ-ဧ | က-ဆ-ခ-ဘ-ဝ-ဟ | ကျိုက္ကစံ၊ ဆူးလေ၊ ကမ္ဘာအေး ကုသိနာရုံ၊ ကျိုက်ပိုင်း၊ အာနန္ဒာ၊ အောင်တော်မူ |
| ဓ-ဌ-ဒ-ဝ-လ-ဟ-ဩ | ခ-ဇ-ည-ပ-နှ-မ | ဇိနမာန်အောင်၊ မဟာမြတ်မုနိ၊ ကျမယ်လမု၊ ချမ်းသာရ |

ကောက်ယူ မှတ်သားရန်မှာ ဝဏ္ဏသရစက်၏ ဇယားတွင် မိမိနာမည်ပါ အက္ခရာမှ တတိယကွက်တွင် ရှိသော အက္ခရာဖြင့် မှည့်ခေါ်သော ဘုရားနှင့် ပန်းများသည် ယုဝဘုရားနှင့် ယုဝပန်းများပင် ဖြစ်ပေသည်။

ဤဇယားတွင် ပါသော ဘုရားများမှာ မန္တလေးနှင့် ရန်ကုန်မြို့ရှိ ဘုရားဘွဲ့များကို အလွယ်မှတ်နိုင်ရန် ဖော်ပြထားခြင်းသာဖြစ်၏။ မိမိတို့ မြို့ရွာများရှိ ဘုရားဘွဲ့တော်များ၏ အရင်းလုံးကို ကြည့်၍ ယုဝပန်းနေရာတွင် ဖော်ပြထားသော အက္ခရာနှင့် ဘုရားဘွဲ့များအရင်းလုံး ကိုက်ညီပါက ယုဝဘုရားပင် ဖြစ်လေသည်။

ဤဆောင်းပါးတွင် ပါဝင်သော ပညာရပ်များကို ဖတ်ပြီးလျှင် သင်းသင်းအေးကဲ့သို့သော စာဖတ် ပရိသတ်များ ချစ်သူ၏ မချစ်မနှစ်သက်ခြင်းမှ ကင်းဝေးလျက် ချစ်တဲ့သူတိုင်း ညားနိုင်ကြပါစေဟု၍ . . .

❐

ကြော်ငြာထည့်သွင်းလိုပါက

မဂ္ဂဇင်း

အမှတ်-၁၇၉၊ တတိယထပ် (ဝဲ)၊ (၃၁)လမ်း၊ (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၅၇၈၄၆၂



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တိုးဖွဖွ အနမ်းတစ်ခု ကျွန်မ ပါးပြင်ကို လာထိတွေတော့ ကျွန်မ နှစ်ခြိုက်စွာ အိပ်ပျော်နေရာက နိုးလာခဲ့တယ်။ မျက်လုံးအစုံကို ကြောက်လန့်တကြား ကမန်းကတန်းဖွင့်ကြည့်လိုက်တော့ မီးရောင်မှိန်ပျပျအောက်မှာ ခင်ပွန်းသည် မောင်ရဲ့ အပြုံးချိုချို မျက်နှာလေးကို ကျွန်မ မြင်လိုက်ရပါတယ်။

"ဟင်…မောင်…မောင်ပါလား။ မောင် ဘယ်လိုလုပ် ပြန်လာတာလဲ ခရီးမထွက်ဖြစ်ဘူးလား။ အိမ်သော့ကို ဘယ်ကရတာလဲမောင်ရဲ့"

ကျွန်မက အိပ်ချင်မူးတူးဖြင့် အလောတကြီး မေးသော်လည်း မောင်ကတော့ အေးဆေးတည်ငြိမ်လို့ပါပဲ။ ကျွန်မနှုတ်ခမ်းကို မောင်က လက်ညှိုးနှင့် ကာပြီး "ရှူး…တိုးတိုး"လို့ ပြောတယ်။ ကျွန်မလည်း ရှည်ရှည်ဝေးဝေး မောင့်ကို မေးခွန်းဆက်မထုတ်တော့ပါဘူး။ မောင့်ရင်ခွင်ထဲကိုသာ တိုးဝင်လိုက်မိခဲ့တယ်။

တကယ်တော့ မောင်က ညနေ ၄နာရီကျော်လောက်က မော်လမြိုင်ကို သွားမယ်ဆိုပြီး ကားနှင့် အိမ်က ထွက်သွားခဲ့တာပါ။ အိမ်သော့ကိုလည်း ကျွန်မဘာသာ ကားသော့ကနေ ဖြုတ်ယူထားလိုက်တယ်။ မောင့်ကားသော့တွဲလေးမှာ ဆိုင်သော့တွေ၊ အိမ်သော့တွေနှင့် ရှုပ်နေလို့ ကျွန်မ ဖြုတ်ထားခဲ့တာပါ။ အိမ်သော့ လေးချောင်းလုံးက ကျွန်မဆီမှာ။ မောင့်မှာ သော့ပွားလေး ရှိလို့သာ မောင် အိမ်တံခါးသော့ဖွင့်ပြီး ကျွန်မအခန်းထဲကို ဝင်လာနိုင်ခဲ့တာပေါ့။

မောင်က ကျွန်မထက်စာလျှင် အရာရာ လည်ဝယ်ပြီး တော်တဲ့သူပါ။ မောင့်ရဲ့ တော်မှု၊ လိမ္မာပါးနပ်မှုတွေကြောင့် ကျွန်မလည်း မောင်နှင့် ရပြီး ခုလိုအိမ်မှာ ပြည့်ပြည့်စုံစုံ အေးအေးဆေးဆေးနေနိုင်တာပေါ့။

မောင်က မိဘတွေ မျိုးရိုးလိုက် အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို ကျွန်မရဲ့ ယောက္ခမ မောင့်အမေထံက လက်ထပ်သင်ခဲ့တာကြောင့် ယခုချိန်ထိ ဒီလုပ်ငန်းမှာ လည်လည်ဝယ်ဝယ် လုပ်ကိုင်နိုင်နေတာပါ။ ကျွန်မတို့ အိမ်ထောင်သက် ၂နှစ်ကျော်ကာလအတွင်း မောင့်ရဲ့ စီးပွားအရှာတော်မှုကြောင့် ကျွန်မလည်း လူတွေအလယ်မှာ ပြည့်ပြည့်စုံစုံ နေနိုင်ခဲ့တာပေါ့။

ကျွန်မနှင့် မောင်က တက္ကသိုလ်တက်ကတည်းက တစ်ဦးအပေါ် တစ်ဦး နားလည်မှုတွေနှင့် ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။ မောင့်ဘဝမှာ ကျွန်မသည်သာ အချစ်ဦး၊ အချစ်ဆုံးဖြစ်ခဲ့သလို၊ မောင်ကလည်း ကျွန်မဘဝရဲ့ ချစ်ခဲ့ရသည့် တစ်ဦးတည်းသော ယောကျ်ားလေးပါပဲ။ မောင့်ကို ကျွန်မ အရမ်းချစ်တယ်။

မောင့်အတွက် ကျွန်မ တာဝန်မကျေတာတွေ များခဲ့တယ်။ မောင်က ကျွန်မ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးခဲ့ပေမယ် ကျွန်မ မောင့်ကို ပျက်ကွက်ခဲ့တာတွေ များလွန်းခဲ့ပါတယ်။ မောင် အရမ်းလိုချင်နေတဲ့ ကလေးကို အိမ်ထောင်သက်တမ်း ၂နှစ်ကျော်ကာလထိ ကျွန်မ မစွမ်းဆောင်ပေးနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်မ မောင့်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါပဲ။

"မောင်… အချိန်မတော်ကြီး ပြန်လာတာ ထမင်းရော စားပြီးပြီလား။

မီးရောင်မှိန်ပျပျလင်းနေတဲ့ စားပွဲပေါ်က နာရီလေးကို ကြည့်ပြီး ကျွန်မ မေးလိုက်ခြင်းပါ။ အချိန်က ၁၂နာရီကို အနည်းငယ်တောင် ကျော်နေပါပြီ။ မောင် ခရီးထွက်မှာမို့ မောင့်အတွက် ဘာမှမချက်ထားရပေမယ့် မောင် ဗိုက်ဆာပါက အခုချိန်လည်း မောင့်အတွက် ကျွန်မ ချက်ပြုတ်ပြင်ဆင်ပေးဖို့ အသင့်ပါ။ ဒါပေမယ့် မောင့်ဆီက စကားသံ ထွက်မပေါ်လာပါဘူး။

ကျွန်မကို တိုးလို့ဖက်ထားသော မောင့်အသက်ရှူသံတွေတောင် ငြိမ်သက်လို့နေပါတယ်။ မောင် ပင်ပန်းလာဟန်တူပါတယ်။ မောင်က အိမ်စီးပွားရေးအတွက် အမြဲတမ်း အပင်ပန်းခံရသူပဲလေ။ ကျွန်မ မောင့်ကို ဘာမှဆက်မေးမနေတော့ဘဲ မောင် ဖက်ထားတဲ့ မောင့်ရင်ခွင်ထဲတိုးလို့ မှိန်းနေလိုက်မိတယ်။

မောင့်ရင်ခွင်ထဲမှာ ကျွန်မ တစ်သက်လုံး နေချင်သူပါ။ အိမ်ဦးနတ် မောင်ဟာ ကျွန်မအတွက်တော့ အလင်းရောင်လေးပါပဲ။ ကျွန်မဘဝက မောင့်ကြောင့် သာယာခဲ့ရတာပါ။

အရွယ်ရောက်စဉ် မေမေ့ကို ကန်တော့တိုင်း "မိဘကို သိတတ်တဲ့ သမီးလိမ္မာလေး၊ လင်ကောင်း သားကောင်းရပြီး ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းရပါစေ"ဆိုတဲ့ မေမေပေးတဲ့ ဆုနှင့် ကျွန်မ ပြည့်ခဲ့ရပါပြီ။ ငယ်ငယ်ကတည်းက ဖေဖေ မရှိတော့သည့် ကျွန်မဘဝ။ မေမေရဲ့ ငါးစိမ်းသည် အလုပ်လေးနှင့် ထားပေးတဲ့ ကျောင်း၊ သင်ပေးတဲ့ ပညာကို တစ်ကိုယ်ကောင်း ဆန်စွာ နေခဲ့မိတယ်။ မေမေ့ကို ကျွန်မ ပြန်ပေးနိုင်ခဲ့တာက မေမေ့ကို ရိုကျိုးမှုနှင့် မေမေ့အတွက် လိမ္မာတဲ့ သမီးဖြစ်အောင် နေပေးနိုင်ခဲ့တာပဲ ရှိတာပါ။

ကျွန်မ သက္ကသိုလ်နောက်ဆုံး နှစ်မှာ မေမေ ပင်ပန်းတဲ့ ဒဏ်ကြောင့် အပြင်းဖျား ဖျားပြီး ဆုံးသွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ခွေမျိုးရင်းချာ မောင်နှမသားချင်း မရှိသည့် ကျွန်မ အငှားအိမ်လေးမှာ နေရင်း ဒုက္ခလှလှတွေ့နေတုန်း ချစ်သော မောင်ရဲ့ ကူညီမှုကြောင့် ကျွန်မ ဘွဲ့ရအောင် ယူခဲ့နိုင်တာပါ။

ကျွန်မလည်း ကျောင်းပြီးရော မောင်က ကျွန်မကို လက်ထပ်ခွင့်တောင်းခဲ့တယ်။ ကျွန်မအနေနှင့် မောင့်ကို ဘာများ ငြင်းစရာရှိလို့လဲ။ မောင်က ကျွန်မနှလုံးသားနှင့်ရော ဦးနှောက်ဖြင့်ပါ ရွေးချယ်သင့်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ မောင့်ကို ကျွန်မချစ်သလို လေးစားတယ် အားကိုးတယ်။ မောင်က ကျွန်မဘဝရဲ့ အလင်းရောင်ရှင်လေးပါပဲ။

ငါးစိမ်းသည်မရဲ့ သမီးဖြစ်တဲ့ ကျွန်မကို ပြည့်စုံချမ်းသာလွန်းတဲ့ မောင့်မိဘတွေက သဘောမတူခဲ့ပါဘူး။ခါးခါးသီးသီးငြင်းလို့ ကျွန်မကို လက်မထပ်ဖို့ မောင့်ကို အပြင်အထန်တားကြပေမယ့် မောင်က ကျွန်မကို သတ္တိရှိရှိ လက်ထပ်ခဲ့တယ်။ ပြီးတော့ မိဘအကူအညီမယူဘဲ မောင့်မေမေဆီက သင်ထားတဲ့ အရောင်းအဝယ်ပညာနှင့် အိမ်ထောင်တစ်ခုကို ပိုင်နိုင်စွာ တည်ထောင်နိုင်ခဲ့တဲ့ မောင်ဟာ သူ့ရဲ့ကောင်းကြီးပါပဲ။

မောင့်ရဲ့ အရည်ချင်းအားလုံးကို ကျွန်မ အသိမှတ်မပြုဘဲ မနေနိုင်ပါဘူး။ ကျွန်မဘဝရဲ့ တန်ဖိုးအထားရဆုံး မောင့်အတွက် ကျွန်မအသက်ကို ပေးပြီးတော့တောင် မောင့်ကို ချစ်ရဲပါတယ်။

"ချစ်တယ် မောင်ရယ်"

ကျွန်မ မောင့်ရင်ခွင်ထဲကို တိုးဝင်ပြီး မျက်လုံးအစုံကို မှိတ်ကာ အိပ်စက်လိုက်တော့တယ်။ အဲဒီအချိန် အပြင်မှာ အရမ်းရွာနေတဲ့ မိုးတွေနှင့်



အတူ ကျွန်မရဲ့ မောင့်ကို ချစ်တဲ့ အချစ်တွေကလည်း မိုးစက်တွေနှင့်အပြိုင် သွန်းဖြိုးလို့ပါပဲ။

အဲဒီည ကျွန်မရဲ့ အိပ်မက်လေးတွေ အရမ်းချိုမြိန်လို့နေပါတယ်။

◈◈◈

××× သိပ်ချစ်ခဲ့တဲ့ ××× မောင့်တစ်ယောက်တည်းသာ ××× ကျွန်မရဲ့ ဘဝပါပဲ××××× အသိုင်းဝိုင်းများက ကန့်ကွက်နေကြလည်း ××× အတားအဆီးအားလုံး ဖြတ်လျှောက်ကြမယ် ×× မောင့်ရဲ့ လက်ကိုတွဲ××× ချစ်တစ်ခုတည်းနှင့် အားလုံးပြည့်စုံတယ်×××

ဖုန်းမြည်သံ။ ကျွန်မ အရမ်းကြိုက်တဲ့ သီချင်းသံလေးကြားမှ ကျွန်မ အိပ်ရာက နိုးလာခဲ့တယ်။ ဘေးမှာ မောင် မရှိတော့ပါဘူး။ အမြဲတမ်းနောက်ကျမှ ထတတ်တဲ့ မောင်၊ ဒီမနက် ကျွန်မတောင် မသိလိုက်ခင် အစောကြီးထသွားဟန်တူပါတယ်။ အိပ်ရာက မထသေးဘဲ ခေါင်းရင်းစားပွဲပေါ်က ဖုန်းလေးကို ကျွန်မ ကောက်ကိုင်လိုက်မိတယ်။

ဖုန်းက အစိမ်းလေးပါ။ ကျွန်မ ဖုန်းရဲ့ contact list မှာ မရှိတဲ့ ဖုန်းလေးပါ။

"ဟဲလို..."

"ဟို... မနှင်းသက်ဝေလားခင်ဗျ"

"ဟုတ်ပါတယ်ရှင်"

"ဟုတ်ကဲ့ အစ်မ၊ စိတ်နိုင်နိုင်ထားပါနော်။ အစ်မအမျိုးသား ကိုနောင်ခန့် ကားအက်ဆီးဒင့်ဖြစ်ပြီး မနေ့ညက ဆုံးသွားပါတယ်"

"ရှင်... မဖြစ်နိုင်တာရှင်။စောစောစီး ကျွန်မကို လာမနောက်ပါနဲ့။ ကျွန်မအမျိုးသား မနေ့ညက ကျွန်မနဲ့ အတူရှိပါတယ်။ ကျွန်မအမျိုးသား ခရီးမထွက်ဖြစ်ဘဲ ပြန်လာတာပါရှင်"

"မနှင်းသက်ဝေ... စိတ်ကို နိုင်နိုင်ထားပါဗျာ။ ကျွန်တော် နောက်နေတာ မဟုတ်ပါဘူး။ အစ်မ အဆင်ပြေရဲ့လား။ အစ်မ စိတ်နိုင်နိုင်ထားပါနော်"

"မဟုတ်တာရှင်။ ကျွန်မ အမှန်ကို ပြောနေတာပါ။ ကျွန်မယောကျ်ား ရှိပါတယ်"

"အခုက အဲဒီမှာ ရှိလို့လား"

ကျွန်မ တစ်ဖက်က အမေးစကားလာမှ သတိထားမိခဲ့တယ်။ မောင် ဘယ် ပျောက်နေလဲ မသိ။ ကျွန်မ နိုးကတည်းက မောင့်ကို မတွေ့ရပါဘူး။

"မနှင်းသက်ဝေ...အစ်မ၊ စိတ်ကို ငြိမ်ငြိမ်ထားပါ။ အစ်မအမျိုးသား အခု မော်လမြိုင်ဆေးရုံမှာ ရှိသေးတယ်။ အစ်မ အမြန်လာတွေ့ပါ။ မနေ့ည ၁၂နာရီလောက်က ကားအက်ဆီးဒင့်ဖြစ်ပြီး ပွဲချင်းပြီး ဆုံးသွားတာပါ။ ညကတည်းက အစ်မကို ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် အစ်မဖုန်းက ဘယ်လိုမှ ဆက်မရလို့ပါ"

"ရှင်…"

တစ်ဖက်က ဖုန်းချသွားပါပြီ။ ကျွန်မ ခုတင်ပေါ်က ကမန်းကတမ်း ထလိုက်ပြီး…

"မောင်…"

"မောင်…မောင် ဘယ်မှာလဲ၊ မောင်…"

ရေချိုးခန်းထဲသို့ ကျွန်မ ပြေးရှာတယ်။ မီးဖိုဆောင်။ အိမ်သာ။ ညှော်ခန်း။ တစ်နေရာမှာမှ မောင် မရှိပါဘူး။ အိမ်တံခါးကလည်း မနေ့ညက ကျွန်မ သော့ခတ်ထားသည့်အတိုင်း သော့က လက်ရာမပျက်။ ကျွန်မ စိုးရိမ်တကြီးနှင့် မောင့်ရဲ့ ဖုန်းလေးကို ခေါ်မိပြန်တယ်။

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

ဘယ်နှကြိမ်ခေါ်ခေါ် မောင့်ဖုန်းက စက်ပိတ်ထားပါတယ်။ မောင်က ဖုန်းကို စက်ပိတ်တတ်တဲ့ အကျင့်မရှိပါဘူး။ ကျွန်မ မောင့်အတွက် စိုးရိမ်လာခဲ့တယ်။ ကျွန်မပါးပြင်ပေါ်မှာ မျက်ရည်တွေကလည်း တလဟော စီးကျလို့နေပါပြီ။ မောင့်အတွက် စိုးရိမ်ခြင်း စိတ်ပူခြင်းတွေက ကျွန်မကို တစ်ကိုယ်လုံး ထုံပူလို့ နေစေခဲ့ပါပြီ။

မနေ့ညက မောင်ရောက်လာသည်ကလည်း အသေအချာ ပြန်စဉ်းစားတော့မှ အိမ်မက်လိုလို၊ တကယ်လိုလို မပီပြင် ဝိုးတဝါး။ ကျွန်မ ဘာကိုမှ မသိတော့ပါဘူး။ မောင်…မောင့်အတွက် ကျွန်မ စိုးရိမ်လာခဲ့ပါတယ်။ မောင် ဘာမှမဖြစ်ပါစေနှင့်။ ကြားရတဲ့ [illegible] ဖြစ်ပါစေ။ [illegible]ဖြစ်တာ မောင် [illegible]ပါစေနဲ့။ မောင် မဖြစ်ပါစေနဲ့။ မောင်…မောင် ဘာမှမဖြစ်ပါစေနှင့်။

"မောင်…မောင်…"

ကယောင်ကတမ်း အော်တဲ့ ကျွန်မအသံ တိုက်ခန်းတစ်ခုလုံး ဟိန်းထွက်လို့သွားပါတော့တယ်။

◈◈◈

လွမ်းဆွတ်ခြင်းတွေနှင့်အတူ မောင် ကျွန်မကို လမ်းခွဲသွားခဲ့ပါပြီ။

အက်ဆီးဒင့်ဇာတ်ရာတွေနှင့် မောင့်မျက်နှာတစ်ခုလုံး ရစရာမရှိတော့ပါဘူး။ မောင့်ပါးပြင်လေးကို တို့ဖွဖွနမ်းရင်း ကျွန်မမျက်ရည်တွေ ဖြည့်မဆည်နိုင်အောင် ငိုမိခဲ့တယ်။ ကျွန်မရင်ထဲမှာ ပူလောင်မှုတွေနှင့် ရူးမတတ် ခံစားခဲ့ရတယ်။ ကျွန်မရဲ့ ကမ္ဘာလေး ပျက်စီးသွားခဲ့ရပါပြီ။ ကျွန်မရဲ့ အလင်းရောင်ရှင် ခင်ပွန်းသည် မောင် ဒီလောကကြီးထဲမှာ မရှိတော့ဘူး ဆိုတာကို တွေးမိလေ ကျွန်မ ငိုမိလေပါပဲ။

"မောင်ရယ်… "

ကျွန်မကို ဘာလို့ ထားသွားခဲ့တာလဲ။ ဘာလို့ မောင့်ကို အဖြစ်ဆိုးတွေက ရက်စက်လိုက်တာလဲ မောင်ရယ်။ ကျွန်မရဲ့ မျက်ရည်တွေ မောင့်ပါးပြင်ပေါ် တစ်စက်ချင်း ကျကုန်လေရဲ့။

မောင် ကားအက်ဆီးဒင့်ဖြစ်တာ မနေ့ည ၁၂နာရီကျော်လောက်ကပါ။ မောင် ကျွန်မဆီကို မနေ့ညက ၁၂ နာရီကျော်ကျော်မှာ ရောက်ရှိလာတာ။ ဒါဆို ကျွန်မဆီ မောင်ရောက်လာတာ ဝိညာဉ်နှင့်ဆိုတာ ကျွန်မ အခု သိလိုက်ရပါပြီ။ ဒါကြောင့်လည်း အိမ်သော့မရှိဘဲ မောင် ဝင်လာနိုင်ခဲ့တာပေါ့။ အစက ဝိညာဉ်တွေကို ကျွန်မ မယုံခဲ့ပေမယ့် [illegible] မောင်က ကျွန်မကို သက်သေပြသွားခဲ့ပါပြီ။

ဝိညာဉ်တွေက အစွဲလမ်းကြီးတဲ့ နေရာ၊ သူတို့ စိတ်မချနိုင်သူတွေဆီ အရင်သွားတတ်တယ်ဆိုတော့ မောင် ကျွန်မဆီ အရင်ရောက်လာခဲ့တာ မောင် ကျွန်မကို အရမ်းချစ်လွန်းလို့ပေါ့။

"မောင်ရယ်…"

ကျွန်မ ငိုရလွန်းလို့ မောဟိုက်လာခဲ့ပါတယ်။ ရင်ထဲ ဆို့နစ် နာကျင်မှုတွေက ဘယ်သူများ ကိုယ်ချင်းစာ ဝင်ခံစားပေးနိုင်ပါ့မလဲ။ ကျွန်မဘဝကြီး တစ်ခုလုံး ပြိုလဲပျက်စီးသွားသလို ကျွန်မ ခံစားခဲ့ရတယ်။ မနက်ဖြန် နေ့ရက်တွေကို ခရီးဆက်ဖို့ ကျွန်မ ခြေထောက်တွေ မခိုင်တော့ပါဘူး။ မောင်နှင့် အတူနေခဲ့တဲ့ နေ့ရက်တွေကို ကျွန်မ ပြန်လိုချင်မိတယ်။

မောင့်ဝိညာဉ်နှင့် နောက်ဆုံး အိပ်စက်ခဲ့တဲ့ ညလေးကို ကျွန်မ ပြန်ရချင်မိတယ်။ မဖြစ်နိုင်တော့ဘူးဆိုတာ သိပေမယ့် ကျွန်မ လက်မခံနိုင်သေးပါဘူး။

အဲဒီည မောင်ပေးခဲ့တဲ့ အနမ်းဖွဖွလေးက မောင့်ဝိညာဉ်ရဲ့ ချစ်သေသက်တွေပါလား မောင်ရယ်။

◈◈◈

မောင့်ကို ရင်ခွဲရုံက ထုတ်ပြီး မီးသင်္ဂြိုဟ်ဖို့ သယ်သွားတော့ ကျွန်မ အသက်မရှိတော့တဲ့ မောင့်ခန္ဓာကိုယ်လေးကို ဖက်ပြီး အရူးမီးဝိုင်း ငိုကြွေးမိတယ်။

"မောင်…မောင့်ကို ခေါ်မသွားပါနဲ့။ မောင့်ကို ခေါ်မသွားကြပါနဲ့။ မောင်…မောင်…မောင်…မောင့်ကို မသင်္ဂြိုဟ်ဆေးပါနဲ့ဦး။ တောင်းပန်ပါတယ်ရှင်"

"ကလေး[illegible] စိတ်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပါကွယ်···နော်။ ဒါတွေက လူတွေအားလုံး သွားရမယ့်လမ်းပါ သမီးရယ်။ တရားနှင့် ဖြေပါကွယ်။ ကဲ···ကဲ၊ အလောင်းကို သယ်ကြတော့"

"မောင်···မောင်··· မောင်"

ကျွန်မ ခေါင်းတွေ မူးနောက်လာတယ်။ အာရုံထဲမှာ မောင့်ပုံရိပ်တွေက မပီပြင် ဝိုးတဝါး မသဲကွဲတော့ပါဘူး။ နားတွေ ဆွေးမြည့်လာပြီး ကျွန်မ ခြေထောက်တွေ မခိုင်တော့ဘူး။ နေရာမှာတင် ဗုန်းခနဲ လဲကျသွားပြီး ကျွန်မ ကြားလိုက်ရတဲ့ နောက်ဆုံးအသံက -

"ဟာ··· ကောင်မလေး မူးလဲသွားပြီ။ လုပ်ကြပါဦး။ ထူကြဦး"

◈◈◈

မောင်ဆုံးတာ တစ်လပြည့်သွားခဲ့ပါပြီ။ ဒီနေ့ မောင့်အတွက် တစ်လပြည့် ဆွမ်းကပ်ကောင်းမှုကုသိုလ်လုပ်ပေးပြီး ကျွန်မ ပန်းစည်းလေးတစ်စည်းနှင့် မောင့်အုတ်ဂူလေးဆီ လာခဲ့တယ်။ ကျွန်မ ခြေလှမ်းတွေ အရင်လို မနေးကွေးတော့ပါဘူး။ လောကကြီးထဲမှာ မောင်က ကျွန်မကို တစ်ယောက်တည်း ထားခဲ့တာ မဟုတ်ပါဘူး။

မောင့်ကိုယ်စား မောင့်ရဲ့ ရင်သွေးလေးကို ကျွန်မ လွယ်ထားခဲ့ပြီ။ ဒီသတင်းကိုသာ မောင်ကြားရင် မောင်တမလွန်မှာ ဘယ်လောက်များ ပျော်နေမလဲလို့ တွေးရင်း ကျွန်မ မောင့်ကို အရမ်းသတိရမိတယ်။ မောင့်ရဲ့ ရင်သွေးလေးကို လွယ်ထားတဲ့ ကျွန်မရဲ့ ဗိုက်ကလေးကို ပွတ်သပ်လို့ မောင့်ကို တိုင်တည်ပြီး ကျွန်မ ညတိုင်း စကားပြောမိတယ်။

အဲဒီအချိန်တိုင်း ကျွန်မရဲ့ အိပ်ခန်း ခန်းစည်းလေးတွေက လေမတိုက်ဘဲ လှုပ်ခတ်သွားစမြဲပါပဲ။ မောင့်ဝိညာဉ်လေး ကျွန်မဘေးနားမှာ ရှိနေသေးတယ်လို့ ကျွန်မ ခံစားမိတယ်။ မောင့်ဝိညာဉ်လေး ရှိနေတာကို ကျွန်မ နွေးထွေးသလို ခံစားမိပေမယ့် မောင့်ကို မကျွတ်မလွတ်သေးတဲ့ ဘဝနှင့်တော့ ကျွန်မ ဆက်ရှိမနေစေချင်ပါဘူး။ မောင့်ကို ဘဝသစ်တစ်ခုရဲ့ ကောင်းမွန်ရာကို ကျွန်မ ရောက်ခိုင်းချင်နေပါပြီ။

ဒါကြောင့်လည်း မောင့်ရဲ့ တစ်လပြည့် ရက်လည်မှာ ကောင်းမှုကုသိုလ်တွေလုပ်ပြီး မောင့်အတွက် ကျွန်မ ဆုတောင်းပေးခဲ့ပါတယ်။ နောင်ဘဝများစွာတိုင် ချစ်သော မောင်နှင့် ရေစက်ဆုံရပါစေလို့လည်း ကျွန်မ အမြဲတမ်း ဆုတောင်းနေကျပါပဲ။

မောင့် အုတ်ဂူဖြူဖြူလေးက အေးချမ်းစွာ တည်လို့ပါ။ ကျွန်မ အုတ်ဂူလေးပေါ် မောင့်အတွက် ပန်းစည်းလေးချလို့ မောင့်ကို စကားပြောမိခဲ့တယ်။

"မောင်··· ကျွန်မအတွက် မောင် စိတ်ချပါနော်။ မောင် ရှာဖွေထားတဲ့ စည်းစိမ်တွေနဲ့ ကျွန်မတို့ သားအမိ လောကကြီးမှာ ရပ်တည်လို့ ရပါတယ်။ မောင် စိတ်ချချသွားပါနော် မောင်။ အခု ကျွန်မမှာ မောင့်ရဲ့ ကိုယ်ပွားလေးနှင့် အတူနေ,နေရပါပြီ။ ကျွန်မကို မောင် လောကကြီးမှာ တစ်ယောက်တည်း အထီးကျန်စွာ မထားခဲ့တဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ် မောင်ရယ်။

ကျွန်မ မောင့်ကို အရမ်းချစ်တယ်။ ကျွန်မ အသက်သေသည်အထိ ကျွန်မဟာ မောင့်ရဲ့ ဇနီးကောင်းအဖြစ် ရှိနေမယ်ဆိုတာ မောင့်ကို ကတိပေးပါတယ် မောင်။ နောင်ဘဝဆိုတာ ရှိခဲ့ရင် မောင်နဲ့အတူ ရေစက်ဆုံပါရစေလို့ ကျွန်မ ဆုတောင်းပါတယ် မောင်ရယ်"

ပြောရင်း ကျွန်မအသံတွေ တုန်ယင်လာတယ်။ ထိန်းထားတဲ့ မျက်ရည်တွေက ပါးပြင်ပေါ် တလိမ့်လိမ့် ကျဆင်းလာပြီး ကျွန်မ ငိုမိပြန်တယ်။ မောင့်ရဲ့ အုတ်ဂူဖြူဖြူလေးကို လက်ကလေးနှင့် ပွတ်သပ်ရင်း ကျွန်မ မောင့်ကို နှုတ်ဆက်လိုက်တယ်။

"မောင်··· ကျွန်မ ပြန်တော့မယ်နော်။ နှုတ်ဆက်ခဲ့ပါတယ် မောင်ရယ်

ကျွန်မ ပြောပြောဆိုဆို မောင့်ရဲ့ အုတ်ဂူလေးကို ကျောခိုင်းလိုက်တယ်။ အဲဒီအချိန် လေပြည်နှင့်အတူ မောင့်ရဲ့ ရေမွှေးနံ့သင်းသင်းလေးက ကျွန်မ နှာခေါင်းထဲဝင်ရောက်လာခဲ့တယ်။ အဲဒီနောက် ကျွန်မရဲ့ လက်ကလေးကို တစ်စုံတစ်ခုက လာပွတ်တိုက်မိသလို ခံစားလိုက်ရပြီး ကျွန်မတစ်ကိုယ်လုံး အလိုလို ကြက်သီးဖြန်းဖြန်းထသွားခဲ့ရပါတယ်။

ကျွန်မ ရုတ်တရက် နောက်ကို ချာခနဲ လှည့်ကြည့်ချိန်မှာတော့ အရိပ်ဖြူတစ်ခုက အုတ်ဂူဘေးမှာ လျှပ်ခနဲ ပျောက်ကွယ်သွားခဲ့တယ်။ အဲဒီအချိန် ကျွန်မရင်ခွင်တစ်ခုလုံး ဆို့နစ်ကြေကွဲစွာ ခံစားလိုက်ရပြီး ပါးပြင်ပေါ် မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာခဲ့ပါတော့တယ်။ အဲဒီနောက် ကျွန်မ နှုတ်ခမ်းအစုံ တုန်ယင်စွာ ထွက်သွားခဲ့မိတယ်။

"အို···မောင်ရယ်"

"ချစ်သော အနမ်းက သက်သေပါ မောင်"

□






www.burmeseclassic.com

www.burmeseclassic.com

# ငါလာမှကြီး၊ ငါလာမှသီး

## ပုစ္ဆာတစ်ပုဒ်

ငွေးအောင်စိန်



သူမတို့၏ သက်ငယ်တင်လာသော ထော်လာဂျီနှင့် ပွတ်တိုက်မိသဖြင့် မိန်းကလေးက စိုးရိမ်တကြီးဖြစ်နေသည်။ သူမကပင် ပျာပျာသလဲဖြင့် ပြေးလာပြီး ...

"ဘာဖြစ်သွားကြသေးလဲဟင်"

ကျွန်တော်သည် ဘာမျှမဖြစ်။ သူငယ်ချင်း အောင်စိန်ကိုသာ စိုးရိမ်မိသဖြင့်...

"ဟေ့ကောင် အောင်စိန်၊ ဘာဖြစ်သွားသေးလဲ"

အောင်စိန်ထံမှ ဘာမျှ တုံ့ပြန်ပြောဆိုသံ ထွက်မလာ။ ထော်လာဂျီပေါ်မှ အပြေးဆင်းလာ၍ မေးမြန်းနေသည့် မိန်းမချောကလေးကိုသာ မမိုတ်မသုန် စိုက်ကြည့်လို့နေ၏။ ကျွန်တော်ကပင် အောင်စိန်၏ လက်မောင်းကို လှမ်းပုတ်၍ သတိပေးကာ...

"ဟေ့ကောင်...မေးနေတယ်လေ"

"ဘာမှမဖြစ်ပါဘူး ခင်မွန်"

ထိုအချိန်တွင် စက်သတ်၍ ရပ်မထားသည့် ထော်လာဂျီပေါ်ရှိ အဘိုးကြီးက လှမ်း၍ အော်ပြောလိုက်၏။

"သမီးရေ..ဘာမှမဖြစ်ဘူးဆိုလည်း သွားကြရအောင်။ နေအတော်စောင်းနေပြီ။ မိုးချုပ်မှ ရွာကို ရောက်တော့မှာ"

"ဟုတ်ကဲ့ အဘ၊ လာပြီ။ ကဲ...မောင်ကြီးတို့ ဘာမှ မဖြစ်ဘူးဆိုရင် ခင်မွန်တို့ကို သွားခွင့်ပြုပါဦး"

ဟူ၍ အောင်စိန်ကို ဦးစားပေး၍ မခို့တရို့ပြောပြီး ထော်လာဂျီရှိရာသို့ အပြေးသွားလေတော့သည်။

"ဒုတ်...ဒုတ်...ဒုတ်"

ထော်လာဂျီက မောင်းထွက်လေပြီ။ ခင်မွန်ဆိုသူ မိန်းကလေးက လက်ကို ဝှေ့ယမ်း၍ နှုတ်ဆက်သောအခါ ကျွန်တော်က ပြန်၍ လက်ဝှေ့ယမ်းပြလိုက်၏။ အောင်စိန် တစ်ယောက်ကတော့ ငူငူကြီးရပ်လျက် လက်ဝှေ့ယမ်းခြင်း လည်း မပြု။ မပြုံးမရယ်နှင့် ထော်လာဂျီပေါ်မှ မိန်းကလေးကို မမိုတ်မသုန်သော မျက်လုံးအစုံဖြင့် နှုတ်ဆက်နေသည်ဟု ထင်ရသည်။

◈◈◈

အနောက်ရိုးမ၊ တောင်ဆင်နှာမောင်းပေါ်တွင် ပေါက် နေသော အင်တိုင်းတောကြီးတွင်းသို့ နေလုံးနီနီရဲရဲကြီးက ငုပ်လျှိုးသက်ဆင်းနေသည်။ တိမ်တောင် တိမ်ဝါတို့ ကွန့်မြူး တောက်ပသဖြင့် အကျည်းတန်တို့ လှချိန်ဟုဆိုသောကြောင့် အရာရာ ရှုခင်း၊ မြင်ကွင်းတို့သည် ဆည်းဆာနှင့်အမြင်

www.burmeseclassic.com

လုချင်တိုင်း လုနေတော့သည်။

"ဟော့ကောင် အောင်စိန်၊ ဟို ခင်မွန်ဆိုတဲ့ ကောင်မလေးနဲ့ မင်းနဲ့က ကျောင်းနေဘက်လား"

ဟု ကျွန်တော်က စပ်စု၍ မေး၏။

"မဟုတ်ဘူး"

အောင်စိန်က တုံးတိတိ ပြန်ဖြေရင်း လမ်းဆက်လျှောက်မြဲ၊ ဟိုကြည့် ဒီငေးလည်း လုပ်နေ၏။ ကျွန်တော်က အောင်စိန်အား အံ့ဩစိတ်၊ သံသယစိတ်များဖြင့်...

"ဒါနဲ့ မင်းက သူ့နာမည်ကို ဘယ်လိုလုပ်သိနေလဲ"

"သူ့နာမည် ခင်မွန်ဆိုတာ ငါ့စိတ်ထဲက သိနေတယ်"

"အလို...အဆန်းပါလား။ ဒါနဲ့ သူက ဘယ်ရွာကလဲ"

"အဲဒါတော့ ငါ မသိဘူး။ သူနဲ့ ပါလာတဲ့ အဘိုးကြီးက ဦးဒိဗ္ဗတဲ့"

"ဟေ... မင်း စိတ်တော့ မှန်ပါတယ်နော်"

ကျွန်တော် ရှုးချင်လာ၏။

အောင်စိန်သည် ဘာမှပြန်မပြောတော့ဘဲ သူ လှမ်းနေသော ခြေလှမ်းများကိုသာ စိုက်ကြည့်ရင်း လျှောက်လှမ်းနေတော့၏။ ကျွန်တော်က သူ့ကို ကြည့်၍ သောက်ခဲ့သည့် ထန်းရည်မူးခြင်းပင် ပြေသွားလေသည်။

သူငယ်ချင်း နှစ်ဦးသား အတွေးကိုယ်စီဖြင့် ဆက်လျှောက်လာကြသည်။ မိုးချုပ်စပင် ပြုလေပြီ။ အင်းမရွာသို့ ရောက်ခါနီးတွင် အောင်စိန်ထံမှ လေးတွဲ့စွာဖြင့်...

"ဟော့ကောင် ဩဘာ၊ တင့်နိုင်တို့ ရှာမယ့် ပန်ထွာဘုရင်မ သရဖူဆိုတာ မင်းပုန်းရွာနဲ့ လှည်းဝိုင်းကုန်းရွာ အလယ်တစ်နေရာမှာ ရှိကို ရှိရမယ်။ တင့်နိုင်ရဲ့ လက်ထဲမှာ ရှိနေတဲ့ ဘုရင်မ သရဖူမြေပုံဟာ တကယ်ဖြစ်နိုင်တယ်။ အေဒီ ၅ရာစုက ပျူအက္ခရာနဲ့ အီဂျစ် ဟီရိုဂလိုက်ပညာရှင်တွေ ရေးဆွဲတဲ့ မြေပုံ ပုံစံနဲ့တဲ့ကွ။ ဒါပေမယ့် ငါ မမြင်ရသေးဘူး။ အေး၊ အဲဒီ ဘုရင်မ သရဖူကို ရရင်တော့ တင့်နိုင်တို့ ပွပြီကွ"

ကျွန်တော်က စိတ်ဝင်စားစွာဖြင့် ပြန်ပြောမိသည်။

"ဒါပေမယ့် ငါကြားဖူးတာက သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးက ပန်ထွာဘုရင်မကို လွန်စွာ နှစ်သက်စုံမက်တော်မူပေမယ့် ပန်ထွာဘုရင်မကြီးကတော့ ဘုရင်ကေရာဇ် ဒွတ္တဘောင်ကို သူမရဲ့ ဗိသနိုးမြို့နဲ့ သူမကိုပါ မတရားသိမ်းပိုက် တိုက်ခိုက်ယူခဲ့တာကြောင့် ပြန်ပြီးလုပ်ကြံသတ်ဖြတ်ဖို့ အချိန်နဲ့အမျှ ကြံစည်လာတာ သားတော်တစ်ပါး



ဖွားမြင်ခဲ့တဲ့အထိတဲ့။ အဲဒီအကြောင်းကို ဘုရင်ကြီး သိတော်မူသွားတဲ့အခါ ပန်ထွာမိဖုရား ဘုရင်မကြီးက သူ့ရဲ့ ရဲမှူးတော်များအပါအဝင် ကျိန်စာဆိုပြီး သူတို့ကိုယ် သူတို့ အဆုံးစီရင်သွားကြတယ်တဲ့ကွ။ ကျိန်စာက ဒီလိုတဲ့ကွ။

အကျွန်ုပ်တို့ ပန်ထွာဘုရင်မကြီးနှင့် ရဲမှူးတော်မောင်းမတို့သည် မည်သည့်တိုင်းနိုင်ငံကိုမျှ ညှင်းပန်းခဲ့ခြင်းအလျဉ်းမရှိ။ အကျွန်ုပ်တို့ လွန်လေခဲ့သော အကျွန်ုပ်တို့၏ ခန္ဓာရုပ်ကလာပ်တို့သည် မပုပ်မဆွေးဘဲ နဂိုအတိုင်းပင် ရှိကြရပါစေသား။

အကျွန်ုပ်တို့၏ ဗိသနိုး ကိုင်းပြည်ကြီး စည်ကားဖွံ့ဖြိုးစဉ်က ဉယျာဉ်တွင်း စိုက်ပျိုးခဲ့သော ပေပင်တို့သည် အကျွန်ုပ်တို့က ဒွတ္တဘောင်၏ သရေခေတ္တရာကို ပြန်လည်တိုက်ခိုက်ချေမှုန်းမှ ကြီးစေ၊ သီးစေသတည်း။ အို...ပေပင်တို့၊ ငါလာမှ ကြီး၊ ငါလာမှ သီးလော့။ ရေတွင်း၊ ရေကန်များသည်လည်း အလုံးစုံ အေးမြခြင်း မရှိစေရ၊ ရေပူ၊ ရေအေး နှစ်မျိုးတွင်စေအံ့။ ငါလာမှ အေး၊ ငါလာမှ ချမ်းလော့။

ငါတို့ ပြန်လည် နိုးထခြင်းမပြုမီ ငါတို့အား ပျက်စီးစေခြင်း၊ ငါတို့၏ ကျိန်စာသစ္စာကို ပျက်အောင် ပြုစေသူတို့သည် ကျားရဲတိရစ္ဆာန်ဆိုး၊ မြွေပြိတ္တာဆိုး၊ သေ့ရှုစ် ဖုတ်ကောင်၊ နာနာဘာဝတို့မှ ငါတို့ကို ကာကွယ်စောင့်ရှောက်၍ အသူတို့အား ပျက်စီးစေလော့။ ငါတို့၏ ဤသစ္စာသည် ကျေတည်သရွေ့ တည်စေသော်"



www.burmeseclassic.com

www.burmeseclassic.com

လို့ ဆိုထားခဲ့တယ်တဲ့ကွ။ ဒါကြောင့် ဗိသုနိုးမြို့ဟောင်းမှာ ရှိနေတဲ့ ပေပင်တွေနဲ့ တို့ရဲ့ မင်းပုန်းရွာနဲ့ လှည်းဝိုင်းကုန်းမှာ ရှိတဲ့ ပေပင်တွေဟာ အပင်ငယ်တွေကနေ ခုတိုင် မကြီးထွားသေးဘူးတဲ့ကွ။ ဗိသုနိုးမြို့ဟောင်းမှာ ရှိနေတဲ့ ရေပူ ရေအေး စမ်းတွင်းတွေကလည်း အခုတိုင် တည်ရှိပြီး နိုင်ငံခြားသား ဧည့်သည်တွေ လေ့လာစရာဖြစ်နေသတဲ့"

"အဲဒီလိုဆိုတော့ မင်းပြောသလို တင့်နိုင်တို့ လက်ထဲက မြေပုံဟာ မြေပုံမှန်ဖြစ်နိုင်တယ်။ မင်းတို့ရဲ့ ဘုရင်မသချိုင်းဆိုတာဟာ မင်းတို့ အရူးထတာ မဟုတ်ဘူး။ စိတ်ကူးယဉ်ပြီး ဥစ္စာရူးတာ မဟုတ်တော့ဘူး။ ဟုတ်တယ်နော်။ ဟုတ်တယ် မဟုတ်လား"

ဂျွန်တော်က စကားအဆုံးသတ်၍ အောင်စိန်ကို ထောက်ခံစေရန် စကားအစ်၍ မေးလိုက်သည်။ သို့သော် အောင်စိန်ထံမှ ဘာမျှ မတုံ့မပြန်။ တုံနိဘာဝေ၊ ဆိတ်ဆိတ်သာ နေတော့၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင်ဖြစ်ပေမည်။ ယနေ့ အောင်စိန်၊ ခင်မွန်၊ ဦးဗိုဗွတို့ တွေ့ဆုံမှုသည် ဆန်းကြယ်လှသော သဲလွန်စများပင် ဖြစ်နေလေတော့သည်။

◈◈◈

ဆောင်းဦးညချမ်းက အေးမြလွန်းနေသည်။ နှင်းမှုန်ဖွေးဖွေး၊ လ,ကွေးကွေးကို ကြယ်မှုန် ကြယ်မွှားတို့က ဝန်းရံခ,ယထားကြ၏။ တစ်ရွာလုံးသည် ချမ်းအေးလှသော ဆောင်းရိပ်အောက်ဝယ် မလှုံမခြုံကွေး၍ မှေးစက်နေကြလေသည်။ အိပ်မောကျနေကြပြီထင့်။

တိတ်ဆိတ်ငြိမ်သက်မှုအတိဖြင့် ပြီးသော၊ ညဉ့်သန်းခေါင်ယံတွင် အောင်စိန်၏ တယောသံက လွမ်းဆွတ်ပျံ့လွင့်စွာ ထွက်ပေါ်လာ၏။

ထိုစဉ်…

"မီးဖို့…မီး…မီး"

"ခေါင်…ခေါင်…ခေါင်"

"ရွာသာယာမှာဟေ့…ရွာသာယာမှာ"

"တင့်နိုင်တို့အိမ်တဲ့ဟေ့"

"ဝုန်း…ဒိုင်း…ခွမ်း"

တိတ်ဆိတ် ဆွတ်ပျံ့နေသော ဆောင်းည၏ အလှကို မီးတောက် မီးလျှံတို့ဖြင့် ပွက်လောရိုက် ဖျက်ဆီးနေလေပြီ။ အောင်စိန်၏ သာယာငြိမ့်ညောင်းလှသော တေးသီသံများကို လူသံ၊ တိရစ္ဆာန်သံ၊ မီးလောင် ပေါက်ကွဲသံတို့ဖြင့် အကျည်းတန်နေစေ၏။

ပြေးလွှား ရုန်းရင်းဆန်ခတ်ကြားမှ အေးမင်းသည် လဝင်း၊ ဇော်ကြီးနှင့် ထွန်းထွန်းတို့ကို လှမ်းမေး၏။

"ဟေ့ကောင်တွေ…တင့်နိုင်ကို တွေ့လား"

"မတွေ့ဘူးကွ။ မီးက ရွာသာယာတစ်ရွာလုံးကို ကူးနေပြီ။ တင့်နိုင်တို့အိမ်က စ,လောင်တာတဲ့"

လဝင်းက သူသိသလောက် ပြောပြနေ၏။

မီးအားက ကောင်းနေဆဲ။ အေးမင်းတို့ သူငယ်ချင်းတစ်သိုက်လည်း မီးလောင်သော ရွာသာယာသို့ ရောက်နေပြီး သူငယ်ချင်း တင့်နိုင်ကို စိုးရိမ်တကြီးရှာဖွေနေကြသည်။ တင့်နိုင်တို့အိမ်မှာဖြင့် မီးတောက် မီးလျှံတို့၏ ဝါးမျိုခြင်းကို အဆုံးတိုင် လောင်မြိုက်ခံနေရလေ၏။ အိမ်တစ်အိမ်မှ အိမ်တစ်အိမ်ကို ကူးစက်လောင်ကျွမ်းနေလျက်ရှိသော မီးတောက်၊ မီးလျှံ မီးညွန့်တို့ကြားမှ ဖိုးယိုးဖားယား အရိပ်မည်းကြီးတစ်ခုက ကြောက်မက်ဖွယ်ရာ ရူးရူးဝါးဝါး ကျယ်လောင်သော အသံဝါကြီးကို ပြု၍ ခုန်ဆွ ခုန်ဆွဖြင့် တဖြည်းဖြည်း ထွက်ပေါ်လာနေလေသည်။

◈◈◈

"ဟဲ့…စစ်သေနာပတိချုပ်ကြီး ငါ၏ အကောင်တစ်ရာတွင် တစ်ကောင်တည်းသာ ပေါ်ထွန်းသော ယတြာရ ဆင်တော်ကို ထုတ်။ ငါထွက်တော်မူရာ ရှေ့ခန်းခင်း ဖြရပ်၊ နောက်ဝန်းခင်း ဖြရပ်၊ ဆင်မင်းဝန်ထောက်၊ အမြောက်တင် မကျန်၊ လိပ်ရုပ်၊ ငါးရုပ်၊ လူရုပ်၊ သိင်္ဂီဝစ္စအမှတ်အသားပါတဲ့ အိုးများနဲ့ ရန်ပယ်ချောင်းက ရေတို့ကို ဆောင်ယူစေပြီး ရွာသာယာကို ပက်ဖျန်းငြိမ်းအေးကြကုန်လော့။ မဟာအတုလ စည်တော်ကြီးကို ယွမ်းလေတော့။ ဗေပေ့ဂျိ…ဗေပေဂျိ ဟီး…ဟီး…ဟီး၊ ငါလာမှ သီး၊ ငါလာမှ ကြီး။ ငါလာမှ ကြီး။ ငါလာမှ သီး။ ဗေပုံ…ဗေပုံ…ဂျိ"

"ဟာ…အရူးမကြီး မစာဥပါလား"

မြင်ရသူအားလုံးက ယုံရခက်၊ မယုံရခက် ဖြစ်ရပေသည်။ မီးတောက် မီးလျှံများကြားတွင် ထဘီရင်လျား ဆံပင်စုတ်ဖွားဖြင့် လက်တင် စက္ကူရွက်တစ်ရွက်ကို ကိုင်၍ ပါးစပ်မှ တတွတ်တွတ် ရွတ်ဆို၍ မီးလျှံကြား သွားလာနေသော ဒေါ်စာဥကြီးကို ဘာမီးမှ မစွဲလောင်ပါချေ။ ပို၍ ထူးဆန်းနေသည်မှာ သူမ၏ လက်ထဲမှ စာရွက်ကိုပင် မီးမကူးခြင်းဖြစ်နေလေတော့သည်။ လွန်စွာမှ အံ့ဩစရာပင်တည်း။

"ငါလာမှ ကြီး။ ငါလာမှ သီး။ ဟီးဟီး…ဟီး"

❒



www.burmeseclassic.com

www.burmeseclassic.com

# ရာဟုအဝင် ယပ်အစီအရင်

ဒေဝ္ဓာရ ဆရာကျော်

ရာသီဥတုက အိုက်စပ်စပ်ဖြစ်နေ၏။

ဟောခန်းအတွင်း လူလေးငါးယောက်အား ဟောပြီးသည်နှင့် နောက်လူ မရှိတော့သောကြောင့် ဧည့်ခန်းသို့ ထွက်ခဲ့၏။ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး အပေါ်အင်္ကျီတစ်ထည်ကို ချွတ်လိုက်ပါ၏။ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်နှင့် ချိုင်းတို့မှ ရွှဲစိုနေသော ချွေးများကို အနီးရှိ တဘက်လေးသေးသေးတစ်ထည်ကို ယူ၍ သုတ်လိုက်ရ၏။ ခန္ဓာကိုယ် အပူဓာတ်က မသက်သာလှသေး။ ထို့ကြောင့် ယပ်တောင်တစ်ချောင်းရှာကာ လေခတ်ရပြန်၏။

ကျွန်ုပ်၏ လုပ်ရှားမှုအား မြင်နေရသော ကျွန်တော့်ယောက်ဖ(ကျွန်တော့်ဇနီး၏ မောင်)က ပန်ကာခလုတ်ကို ဖွင့်လိုက်လေ၏။ အနားရှိ ဇနီးဖြစ်သူက "ပြန်ပိတ်…ပြန်ပိတ်"ဟု တား၏။

ဟုတ်ပါသည်။

ကျွန်ုပ်သည် မြို့ရွာအနှံ့သွား၍ တိုင်းရင်းဆေးဆရာတော်တော်များများနှင့် အင်တာဗျူးကြည့်ဖူး၏။ ပန်ကာလေကို မခံဖို့ တားမြစ်ကြ၏။ ပန်ကာလေသည် လူကို အတော်ဒုက္ခပေးနိုင်၏။ ထိုအသိရပြီးကတည်းက ကျွန်ုပ်မှာ ပူတိုင်း၊ အိုက်တိုင်း ယပ်တောင်လေးများကိုသာ အထူးအားကိုးမိပါတော့၏။

ကျွန်ုပ်သည် ယပ်တောင်တစ်ချောင်းဖြင့် လေခတ်နေရင်း အတွေးတစ်မျိုးဝင်လာမိ၏။

"ဩော်… ယပ်တောင်လေးဟာ တကယ်တော့ ဘာမှမဟုတ်တဲ့ သက်မဲ့ပစ္စည်းလေးဆိုပေမယ့် ခန္ဓာ စာ အေးချမ်းသွားအောင်၊ အပူကင်းအောင် ဖုံ့ဖိပေးနိုင်ပါလား"

ဟူ၍ဖြစ်၏။ ပြီးနောက် ထိုယပ်တောင်လေးကို သေချာကြည့်မိပြန်၏။ စက္ကူယပ်တောင်လေးတစ်ချောင်းဖြစ်သည်။

ကျွန်ုပ်၏ နေအိမ်တွင် ယပ်တောင်လေးများ အမျိုးမျိုးရှိသည်။ ပလတ်စတစ် ယပ်တောင်၊ နီးယပ်တောင်၊ ဝါးယပ်တောင်၊ စက္ကူယပ်တောင်တို့ပင်။ ပုံစံကလည်း အမျိုးမျိုးဖြစ်၏။ လေးထောင့်ပုံ၊ အဝိုင်းပုံ၊ ဘဲဥပုံ၊ အတွန့်ပုံဟူ၍ ဖြစ်ပါ၏။

တချို့ ယပ်တောင်များကို ရှင်ပြုအလှူတော်မှ ရ၏။ တချို့ကို မင်္ဂလာဆောင်မှ ရ၏။ တချို့ နာရေးမှ ရ၏။

ကျွန်ုပ်၏ ဆရာလည်း ဖြစ်၊ အဘိုးလည်း ဖြစ်သော ဆရာတင်(ရွှေတောင်) ရှိစဉ်က…

"နာရေးမှာ ယပ်တောင်ကမ်းတာ အဓိပ္ပာယ်ကောင်း သုံးမျိုးရှိတယ်ကွဲ့။

(၁) နာရေးကို လိုက်ပို့ကြသူတွေ ပူအိုက်မှာစိုးလို့ အေးအောင် လေခတ်နိုင်အောင်က တစ်မျိုး။

(၂) စတ်သဘောအရ အပူအပင်သောကတွေ အေးအောင်လို့ ယူဆချက်၊ ယုံကြည်ချက်နဲ့ တစ်မျိုး။

(၃) ယပ်ဆိုတဲ့ ပညတ်သဘောကို ယူငင်ပြီး မကောင်းသော အနိဋ္ဌသဘောတွေ၊ မတင့်တယ်သော အသုဘ သဘောတွေ ရပ်၊ ရပ်တော့ဆိုတာက တစ်မျိုး။

မဲ့ဗီလို လောကီယုံကြည်သက်ဝင်မှုတွေနဲ့ ထုံးဖြစ်တာ"

မည်သို့ပင်ဖြစ်စေ မှတ်သားထိုက်ပါ၏။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

တစ်လောက ကျွန်ုပ်သည် အလုပ်ကိစ္စဖြင့် စစ်ကိုင်းသို့ ရောက်၏။ စစ်ကိုင်းတောင်မှ ဘုရားစေတီများကို အားရပါးရ ဖူးမြော်ဖြစ်ခဲ့၏။ ထို့အပြင် အသိအကျွမ်း မိတ်ဆွေတို့ အိမ်ကိုလည်း ရောက်ခဲ့ရသည်။

အထူးသဖြင့် ကျွန်ုပ်ကဲ့သို့ ဗေဒင်ပညာဝါသနာတူများ အိမ်သို့ ရောက်၏။ မှတ်မှတ်ရရဖြစ်ခဲ့သည်မှာ စစ်ကိုင်းမြို့နှင့် အနီးဝန်းကျင်ကို စစ်ကိုင်းရောက်မှ ခင်မင်ရင်းနှီးရသော မိတ်ဆွေ ကိုသန်းထွန်းနှင့် ရောက်ဖြစ်ခဲ့၏။

ကိုသန်းထွန်းမှာ ဗေဒင်ပညာရှင်ဟု မဆိုသာနိုင်သေးသော်လည်း ဝါသနာရှင်အဆင့်ထက်တော့ ကျော်လွန်နေပြီဟု ဆိုနိုင်ပါ၏။ တတ်သမျှ မှတ်သမျှဖြင့် ခုနစ်ရက်သားသမီးများအား အဟောထုတ်၊ အကြံပေးနိုင်သူဖြစ်လေ၏။

တစ်နေ့ ကျွန်ုပ်နှင့် သူ ဘုရားတစ်ဆူသို့အသွား လူတစ်ယောက်နှင့် ဆုံ၏။ ကြုံတုန်း ဗေဒင်ကြည့်ပေးဖို့ ပြော၏။ သူက မငြင်းဘဲ ပါလာသော ဗလာစာအုပ်တွင် ဘောပင်တစ်ချောင်းဖြင့် ကောက်ခြစ်ကာ တွက်ပေး၊ ဟောပေး လုပ်လေတော့၏။ ကျွန်ုပ်လည်း သူ့အနီးမှ ထိုင်၍ သူ ဟောပြီးသည်အထိ စောင့်နေရ၏။ ပြီးမှ နှစ်ဦးသား လိုရာခရီးသို့ ဆက်ခဲ့ကြပါလေ၏။ လမ်းတွင်…

"ကိုသန်းထွန်းရဲ့ ယတြာကို ကျွန်တော့်ကို ပြောပြပါလား"

ဟူ၍ ကျွန်ုပ်က မေးလိုက်မိ၏။ ကျွန်ုပ်စကားဆုံးသည်နှင့် ကိုသန်းထွန်းက ဟက်ဟက်ပက်ပက် ရယ်ရင်း–

"ဆရာကတော့ ပြောတော့မယ်။ ကျွန်တော့်အဟောနဲ့ ယတြာကို ဆရာ့ကို ပြောဖို့ လိုသေးလို့လား။ ဆရာသိပြီးသားပဲဟာ။ ကျွန်တော်က ဆရာ့လောက်…"

ဟု ပြောလေ၏။ ကျွန်ုပ်က…

"တော်စမ်းပါ ကိုသန်းထွန်းရယ်။ ပညာဆိုတာ သူ့အတိုင်းအတာနဲ့ သူ ရှိပါတယ်။ ခင်ဗျားဟောခဲ့တာ ကျွန်တော်ရိပ်မိပေမယ့် ခင်ဗျားရဲ့ အပြောကိုလည်း ကြားချင်လို့ပါ"

ဟူ၍ ပြောလိုက်ရ၏။

"မဟာဘုတ်ဗေဒင်နဲ့ ဆက်နွယ်နေတဲ့ ဂြိုဟ်အိမ်၊ သက်ရောက်ပညာမှာ လူတစ်ဦးဟာ ရာဟုမှာ ဂြိုဟ်အိမ်ခြင်း၊ ရာဟုမှာ သက်ရောက်ခြင်းဆိုတာ ရှိတယ်။ ခုနလူက အသက် ၃၈ နှစ်၊ တနင်္လာသား။ ဒီတော့ ရာဟုမှာ သက်ရောက်တယ်။ ဒါကြောင့် ရာဟုအဟော ပရိယာယ်ကို ကျွန်တော် ဟောပေးလိုက်တာ။ ပြီးတော့ ယတြာပေးတယ်။ ယတြာကတော့ ယပ်တောင် ရှစ်ချောင်းကို ဗုဒ္ဓဟူးနေ့ ညနေပိုင်းမှာ လှူခိုင်းတယ်။ လှူရာမှာ ယပ်တောင် ရှစ်ချောင်းစလုံးမှာ ရာဟုသက်ဝင်နေတဲ့ ယတြာပြုသူရဲ့ နေ့နံနဲ့ အမည်နာမကို ထင်ရှားအောင် ရေးရတယ်။ ပြီးရင် မလှူခင် ယပ်တောင်တစ်ချောင်းစီကို ယူပြီး မြတ်စွာဘုရားရှင်ကို အာရုံထား၊ ယပ်ခတ်ပေးပြီး ဆုတောင်းရမယ်။ ပြီးမှ ယပ်တောင်တွေကို လှူရမယ်။ လှူအပြီးမှာ ရာဟုဂြိုဟ်မင်းကြီး ချမ်းသာပါစေလို့ သုံးကြိမ် မေတ္တာပို့ရတယ်။ ပြီးမှ -

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊**
**ဟိတာယ သဗ္ဗပါဏိနံ။**
**ဓမ္မော လောကေ၊ သမုပ္ပန္နော၊**
**သုခါယ သဗ္ဗပါဏိနံ။**
**သံဃောလောကေ သမုပ္ပန္နော၊**
**ပုညက္ခေတ္တံ အနုတ္တရံ…**

ဆိုပြီး သက်စေ့ရွတ်ပွားပေးရမယ်။ ရာဟုသက်ရောက် ၁၂လအတွင်းမှာ တစ်လကို တစ်ကြိမ်လှူပေးသင့်တယ်။

ကိုသန်းထွန်း၏ ယတြာမှာ ရာဟုဂြိုဟ်အိမ်၊ ရာဟုဂြိုဟ်သက်ဖြစ်နေကြသူများအတွက် အလွန်ကောင်းသော ယတြာတစ်မျိုးဖြစ်ပါလေ၏။

ကျွန်ုပ်သည်ပင် ရာဟုဂြိုဟ်ဝင်၊ ဂြိုဟ်သက်ရှိသူများအား ယပ်တောင်လှူရန်၊ ရေလှူရန်၊ ရွက်လှပန်းများ လှူရန် စသည်ဖြင့် အကြံဉာဏ်ပေးဖူးပါ၏။

လောကီပညာတွင် ဆရာဆူဆူရှိလေရာ ဝါဒမျိုးစုံ ရှိနေမည်မှာ မဆန်းလှပါ။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းပင်ဖြစ်ပါ၏။ တူညီသော အချက်မှာ ကာယကံရှင်၏ အကျိုးကို လိုလားမှုပင် ဖြစ်ပါ၏။

ဤနေရာ၌ ရာဟုဂြိုဟ်အိမ်နှင့် ရာဟုဂြိုဟ်သက် အကြောင်းကို ဖြည့်စွက်၍ ရေးပြောလိုပါ၏။

* **တနင်္ဂနွေသားသမီးမှန်သမျှသည် ၇၅ နှစ်မှ ၈၇နှစ် ထိအတွင်း ရာဟုဂြိုဟ်အိမ်။**
* **တနင်္လာသားသမီးမှန်သမျှသည် ၆၉ နှစ်မှ ၈၁နှစ် ထိအတွင်း ရာဟုဂြိုဟ်အိမ်။**
* **အင်္ဂါသားသမီးမှန်သမျှသည် ၅၄ နှစ်မှ ၆၆နှစ် ထိအတွင်း ရာဟုဂြိုဟ်အိမ်။**
* **ဗုဒ္ဓဟူးသားသမီးမှန်သမျှသည် ၄၆ နှစ်မှ ၅၈နှစ် ထိအတွင်း ရာဟုဂြိုဟ်အိမ်။**
* **ကြာသပတေးသားသမီးမှန်သမျှသည် ၁၉ နှစ်မှ ၃၁နှစ် ထိအတွင်း ရာဟုဂြိုဟ်အိမ်။**

www.burmeseclassic.com

* **သောကြာသားသမီးမှန်သမျှသည် ၉၆နှစ် နောက်ပိုင်း ရာဟုဂြိုဟ်အိမ်။**


* **စနေသားသမီးမှန်သမျှသည် ၂၉ နှစ်မှ ၄၁နှစ်ထိအတွင်း ရာဟုဂြိုဟ်အိမ်ဖြစ်ပါသည်။**

ဂြိုဟ်သက်ကို ပြောပြပါမည်။ လွယ်ပါ၏။

ရောက်ဆဲအသက်ကို တည်၊ (၈)ဖြင့် စားရ၏။ အကြွင်းအတိုင်း မွေးနံက စ၍ လက်ယာရစ်လှည့်။ ရာဟုခွင်မှာ ကျရောက်ပါက ရာဟုသက်ရောက်နှစ်ဖြစ်ပါ၏။

ဥပမာ - အသက် ၃၈နှစ်၊ တနင်္လာသား

```
    ၄
၈ | ၃၈
  | ၃၂
   ၆ ကြွင်း
```




ထို့ကြောင့် ၃၈နှစ်၊ တနင်္လာသားသည် ရာဟုသက်ရောက်ပါ၏။

ကျန်နေ့နံသားသမီးများလည်း အကြွင်းအတိုင်း မိမိမွေးနံက စပြီး လှည့်သွားရင် ရာဟုသက်ရောက်ကို ရှုကြည့်နိုင်ပါ၏။

ရာဟုဂြိုဟ်သက်၊ ရာဟုဂြိုဟ်အိမ် ကြုံတိုင်း ဖော်ပြပါယတြာကို ရွက်ဆောင်နိုင်ပါက ကောင်းကျိုးပြည့်ဝနိုင်ပါ၏။

ဤသည်မှာ ကျွန်ုပ်က ဖြည့်စွက်၍ တင်ပြရခြင်းဖြစ်ပါ၏။

ယပ်တောင်လေးများမှာ ရာဟုဂြိုဟ် ယတြာပြုခြင်းအတွက်လည်း ကောင်းကျိုးဆောင်နိုင်ကြောင်း အမှတ်တရဖြစ်ရပါ၏။

◈◈◈

တစ်ခါက မြို့တစ်မြို့တွင် မိန်းမကြီးတစ်ယောက်နှင့် ခင်မင်ဖူး၏။ သူက နတ်ကတော်ကြီးဖြစ်သည်။ ကျွန်ုပ်အား ဗေဒင်မေး၍ ခင်မင်လာရခြင်းဖြစ်၏။ ဤသို့ဖြင့် သူ့ပညာ၊ ကိုယ့်ပညာ နီးနေခဲ့ဖြစ်၏။

တစ်နေ့တွင် ယုံကြည်သူ မိန်းမငယ်လေးတစ်ယောက် သူ့ထံရောက်လာ၏။ သူ့ရှေ့ရောက်သည်နှင့် ငိုလေတော့၏။ ကျွန်ုပ်လည်း ထိုသူငယ်မလေးအား ဘာများ ဖြစ်လို့ပါလိမ့်ဟု၍ စူးစမ်းမိ၏။

"ကျွန်မယောကျ်ား အိမ်ပေါ်က ဆင်းသွားတာ ငါးရက်ကျော်ပါပြီ ဆရာမကြီးရယ်။ ပြန်လာအောင် ကူညီပါနော်"

ဟု၍ ထိုသူငယ်မလေးက ဆို၏။

နတ်ကတော် မိန်းမကြီးက သူ့စကားအဆုံး၌ . . .

"နင်တို့အိမ်မှာ အိမ်တွင်းအုန်း ဆွဲသလား"

ဟု၍ မေး၏။ သူငယ်မလေးက ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် အိမ်တွင်းအုန်းကို ယပ်တောင်နဲ့ ယပ်ခတ်ပြီး လိုရာ ပြော။ တစ်နေ့ နှစ်ကြိမ်လုပ်။ ယောကျ်ားကို မေတ္တာပို့။ ပြန်လာလိမ့်မယ်"

သူငယ်မလေးသည် "ဟုတ်ကဲ့"ဟု ဆိုကာ ပြန်သွားလေတော့သည်။

ကျွန်ုပ်လည်း နှုတ်ဆက်ကာ ပြန်ထွက်ခဲ့တော့၏။

နောက်တစ်ပတ်ခန့်အကြာတွင် ထိုမိန်းမကြီးအိမ်သို့ ရောက်ရပြန်လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူငယ်မလေးနှင့် ဆုံဖြစ်ပြန်၏။

သူငယ်မလေးမှာ ဝမ်းပန်းတသာဖြင့် မိန်းမကြီးအား ကန်တော့နေလေ၏။ ကျွန်ုပ်လည်း အလိုက်သိစွာဖြင့် ငြိမ်နေလိုက်၏။ ပြီးနောက် "ပြန်မယ်နော်"ဟု၍ နှုတ်ဆက်ကာ သူငယ်မလေး ပြန်သွားလေသည်။

ကျွန်ုပ်က မိန်းမကြီးအား . . .

"ဘယ့်နှယ်လဲ၊ သူ့ခင်ပွန်း"

ဟု မေးလိုက်၏။ ထိုအခါ မိန်းမကြီးက . . .

"အိုကေသွားပြီလေ"

ဟု၍ ပြန်ဖြေ၏။

ကျွန်ုပ်မှာ ယပ်တောင်လေးရဲ့ အသုံးပြုပုံတစ်မျိုးကို သိလိုက်ရပြန်လေသည်။

◈◈◈

ကျွန်ုပ်၏ ယပ်တောင်လေးများအကြောင်း စဉ်းစားခန်းကို မိတ်ဆွေများအား တင်ပြရခြင်းဖြစ်ပါသည်။ အကျိုးတစ်စုံတစ်ရာ ရနိုင်ကောင်းပါ၏။

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ချောင်းရိုးလေးက ဧရာဝတီမြစ်ကြီးရဲ့ မြစ်လက်တက်က ဖြာထွက်လာတဲ့ ချောင်းရိုးလေး။ နေနုအေးလေးရှိနေတဲ့ နံနက်ခင်း။ ရေချိုးဆင်းလာတဲ့ လူတွေ ရေထဲ မရောက်သေးဘူး။ ရေချိုးပြီးလို့ ကုန်းပေါ် တက်သွားတဲ့ လူတွေ ချောင်းရိုးကမ်းစပ်က ကျော်ရုံရှိသေးတယ်။ ချောင်းရိုးကမ်းစပ်မှာ ဆောက်ထားတဲ့ တံတားလေးတစ်ခုပေါ်မှာ ကလေးအမေတစ်ယောက်က အသက် (၂)နှစ် မပြည့်သေးတဲ့ သူ့ကလေးကို ရေချိုးပေးနေတယ်။ ရေနဲ့ တံတားက တစ်ထွာတောင် မကွာဘူး။ နောက်တော့ ကလေးရဲ့ လက်မောင်းရင်းနှစ်ဖက်ကို ကိုင်ပြီး ရေထဲကို ကိုယ်တစ်ပိုင်းချပြီး ချိုးပေးနေတာ။

အဲဒီအချိန်မှာ "ဝုန်း…ဝုန်း…ဝုန်း…"ဆိုတဲ့ အသံတွေ ထွက်ပေါ်လာသလို မည်းမည်းညိုညို အကောင်ကြီးတွေ၊ ကိုယ်လုံးပြောင်ချောချောကြီးတွေ၊ နှုတ်ခမ်းမွေးကားကားနှင့် အကောင်ကြီးတွေ ရေထဲကနေ ရေပေါ် ထခုန်ပြီး ရေထဲ ပြန်ငုပ်သွားတာကို ချောင်းထဲ ရေချိုးနေကြတဲ့သူတွေ အားလုံးက မြင်လိုက်ကြတယ်။

ဒါပေမယ့် ရေထဲ ကိုယ်တစ်ပိုင်း

**လူတွေဟာ အစုံစား သတ္တဝါ တွေ။ ရေသတ္တဝါကို လည်း စားတယ်။ ကုန်းသတ္တဝါကိုလည်း စားတယ်။ အပင်တွေ၊ အညွန့်တွေ၊ အသီးအပွင့်နှင့် အရွက်တွေကိုလည်း စားတယ်။**

ရောက်နေတဲ့ ကလေးကို ကိုက်စားပြီး ထွက်ပြေးတာကိုတော့ သူတို့ မမြင်လိုက်ကြဘူး။

ကလေးက အားပါးတရငိုတယ်။ ရေထဲမှာ သွေးတွေက နီနီရဲရဲ။ မြင်မကောင်းဘူး။ ပိုပြီးမြင်လို့ မကောင်းတာက "ဟာ…"ဆိုတဲ့ အသံနှင့် ကလေးကို ရေထဲက ဆွဲမြှောက်လိုက်တဲ့အခါ ကလေးအမေရဲ့ လက်ထဲက ကလေးလေးဟာ တင်ပါးတွေ၊ ခြေသလုံးတွေ၊ ပေါင်တွေက ကိုက်ဖြတ်ခံထားရလို့ သွေးရဲရဲနှင့် မကြည့်ရက်စရာ ဖြစ်နေတယ်။

ဒါကို မြင်တော့ ကလေးအမေက လန့်ပြီး "အမလေး…"လို့ အော်ရင်း လက်ကို လွှတ်ချလိုက်မိတော့ "စွပ်"ဆိုတဲ့ အသံနှင့် ၂နှစ်သားကလေးဟာ ရေထဲကို ပြန်အကျမှာ စောစောက မည်းမည်းညိုညို ပြောင်ချောချော နှုတ်ခမ်းမွေးနဲ့ အကောင်တွေက ရေအောက်မှာ ပွဲတော်တည်သွားကြပါလေရော။

ရေထဲ ကျနေတဲ့ သူ့ကလေးကို ပြန်ဆယ်ယူဖို့ ကလေးအမေက ရေထဲကို ခုန်အဆင်း၊ ရေထဲ ရောက်တာနှင့် ကလေးအမေရဲ့ နှုတ်ဖျားက "ဘာကောင်တွေလဲ၊ ကယ်ကြပါဦး" လို့ ထွက်လာတော့မှ ရုတ်တရက် အံ့အားသင့်နေကြတဲ့ ချောင်းရိုးဝန်းကျင်က လူတွေဟာ တုတ်တွေ၊ ခဲတွေ ကိုင်ပြီး ရေထဲကို ပြေးဆင်းခဲ့ကြတယ်။

သူတို့ ရေထဲဆင်းတဲ့ အသံက တဝုန်းဝုန်း။ အဲဒီအသံနှင့် လှိုင်းထသွားတဲ့ ရေတွေကြောင့် စောစောက ရေထဲ ခုန်ဆင်းတဲ့ ကလေးအမေကို ကိုက်ကြတဲ့ အကောင်တွေဟာ ထွက်ပြေးသွားကြတယ် ထင်ပါရဲ့ တစ်ကောင်မှ မတွေ့ရတော့ဘူး။

ဆင်းကယ်တဲ့ လူတွေ တွေ့တာက ခြေထောက်တစ်ချောင်းနှင့် တင်ပါးနှစ်ဖက်ကို ကိုက်ဖြတ်ခံထားရတဲ့ ကလေးအမေနှင့် တစ်ကိုယ်လုံး ကိုက်ဖြတ်ခံလိုက်ရတဲ့ ကလေး။

"မခင်လေးတို့ သားအမိကို ကိုက်ကြတာ ငမန်းတွေထင်တယ်"

"ဟုတ်မယ်မထင်ဘူး။ လင်းပိုင်တွေများလား"

"မဖြစ်နိုင်ဘူး။ ချောင်းရိုးက ကျဉ်းကျဉ်းလေးပဲ"

"ချောင်းရိုးကျဉ်းပေမယ့် ဟိုနှစ်က မိကျောင်းတစ်ကောင်ရဖူးတယ်လေ"

"မိကျောင်းပေါက်စလေးပါကွာ။ မိုးတွင်းမှာ ရေကြီးလို့ မြစ်ထဲက မျောက်စီးလည်ပြီး ရောက်လာတာပါ"

"ဒါဆို ငါးရွှေးဖြစ်ရမယ်"

ထင်ကြေးအမျိုးမျိုးပေးခဲ့ကြပေမယ့် အဲဒီမည်းနက်ပြောင်ချောနေတဲ့၊ နှုတ်ခမ်းမွေးနှင့် ရေထဲမှာ နေတဲ့ အကောင်ကြီးတွေဟာ ငမန်းလည်း မဟုတ်ဘူး။ လင်းပိုင်လည်း မဟုတ်ဘူး။ မိကျောင်းလည်း မဟုတ်ဘူး။ ငါးရွှေးလည်း မဟုတ်ဘူး။

◈◈◈

လူတွေဟာ အစုံစား သတ္တဝါ




www.burmeseclassic.com

www.burmeseclassic.com

တွေ။ ရေသတ္တဝါကိုလည်း စားတယ်။ ကုန်းသတ္တဝါကိုလည်း စားတယ်။ အပင်တွေ၊ အညွှန့်တွေ၊ အသီးအပွင့်နှင့် အရွက်တွေကိုလည်း စားတယ်။

အဲဒီအစုံစား သတ္တဝါဖြစ်တဲ့ လူတွေကို ပြန်စားတဲ့ ရေထဲက သတ္တဝါတွေ အများကြီး ရှိတယ်။ မိကျောင်းကလည်း စားတယ်။ ငမန်းကလည်း စားတယ်။ တခြား အသားစား ရေသတ္တဝါတွေထဲမှာ အခုနောက်ပိုင်းမှ ပေါ်လာတဲ့ ကြောက်စရာကောင်းတဲ့ ရေသတ္တဝါကတော့ ငါးခူ။ အဲဒီငါးခူက အသားစား ငါးခူ။



ဟုတ်ပါတယ်။ အသားစား ငါးခူပါပဲ။

အဲဒီ အသားစား ငါးခူကို ငမန်းသွေးနှင့် မွေးတာလို့ ပြောကြတယ်။ ရေချို ငါးခူကို ကန်ထဲထည့်မွေးတယ်။ ကန်ထဲကို ငါးမန်းသွေးတွေ လောင်းထည့်တာတဲ့။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီ အသားစား ငါးခူတွေက ရိုးရိုးငါးခူတွေထက် အကြီးမြန်တယ်။ ပြောရရင် စီးပွားဖြစ်မြန်တယ်။ ဒါကြောင့် လူတွေက မွေးကြတယ်။ တစ်သိန်းကျော်ကျော်လောက် အကုန်ခံလိုက်တာနှင့် တစ်လခွဲလောက်အတွင်းမှာ အနည်းဆုံး သုံးလေးသိန်းမြတ်တယ်။

မွေးရတာလည်း မခက်ဘူး။ အစာကလည်း မခက်ဘူး။ အစာကျွေးရတာလည်း မခက်ဘူး။ ဖမ်းယူရတာလည်း မခက်ဘူး။ နောက်ဆုံး ရောင်းရတာကလည်း မခက်ဘူး။

အဲဒီလို မခက်ကြလို့ တချို့လူတွေက မွေးကြတာ။ ကိုယ့်စီးပွားရေးအတွက် ကိုယ်မွေးတာဟာ တခြားလူတွေ၊ သတ္တဝါတွေအတွက် အန္တရာယ်မဖြစ်အောင်တော့ မွေးကြပေါ့။ ကုန်းပေါ်မှာ မွေးကြပေါ့။ ရေလုပ်ငန်းရဲ့ တရားဝင် ခွင့်ပြုချက်ရရင် မွေးပေါ့။ မရရင်တော့ လုံးဝ မမွေးပါနဲ့။

ရေလုပ်ငန်းရဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တွေရဲ့ တရားဝင် မွေးမြူဖို့ ခွင့်ရရင်တောင် စည်းကမ်းရှိရှိမွေးဖို့ သိပ်အရေးကြီးတယ်။ ဘာလို့ဆိုတော့ အဲဒီ အသားစား ငါးခူတွေက ဘယ်သတ္တဝါရဲ့ အသားဖြစ်ဖြစ် စားလို့ပါ။

မြစ်ထဲ၊ ချောင်းထဲမှာ မွေးတော့ ဇာပိုက်နဲ့ လောင်ပြီး မွေးတယ်ဆိုပေမယ့် အသားစား ငါးခူတွေ မြစ်ထဲချောင်းထဲရောက်ပြီဆိုတာနှင့် မြစ်ငါး၊ ချောင်းငါးတွေဟာ နည်းအမျိုးမျိုးနှင့် အစားခံရပြီ။ ပုစွန်တွေလည်း အစားခံရပြီ။

ဒီတော့ ကလေးအမေဖြစ်တဲ့ မခင်လေးလို အသားစား ငါးခူတွေ ကိုက်ခံရလို့ အနာတွေ မဖြစ်ရအောင်၊ မခင်လေးရဲ့ ၂နှစ်သား ကလေးလို အသက်မဆုံးရအောင် မြစ်ရိုး၊ ချောင်းရိုးမှာ ဇာပိုက်ခံပြီး အသားစား ငါးခူတွေ မွေးတဲ့ လူတွေဟာ ကိုယ်ချင်းစာစိတ်နှင့် အသိတရားထားပြီး သတိထားသင့်ကြတာပေါ့ဗျာ။

တာဝန်ရှိတဲ့ ရေလုပ်ငန်းက ပုဂ္ဂိုလ်တွေနှင့် ကျေးရွာအုပ်စုက တာဝန်ရှိသူတွေကလည်း တာဝန်သိသိနှင့် အဲဒီလို မွေးမြူကြတဲ့ မွေးမြူရေးသမားတွေကို ချောင်းရိုး၊ မြစ်ရိုးမှာ မမွေးကြဖို့ကို အထူးသတိပေးကြဖို့၊ သတိပေးတာကို လိုက်နာမှု မရှိရင် ဥပဒေအရ အရေးယူသင့်ကြတာပေါ့ဗျာ။ မဟုတ်ဘူးလား။

❒



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆-ဇူလိုင်လ ခုနှစ်နေ့သားသမီးများအတွက်

# တားရော့ ဂမ္ဘီရ ကံကြမ္မာဟောကိန်း

## သဘာဝမမွှ ဆရာသက်

### ၁-ဂဏန်းသမားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၁ရက်၊ ၁၀ရက်၊ ၁၉ရက်၊ ၂၈ရက်တို့တွင် မွေးဖွားသူများသည် ၁-ဂဏန်းသမားများဖြစ်သည်။

တစ်ဂဏန်းပိုင်ရှင်တို့သည် ဒီလမှာ ကိုယ်လုပ်စရာရှိတာ တွန်းတိုက်ပြီး လုပ်လိုက်ပါ။ အချိန်ဖြုန်းမနေသင့်တဲ့ လမျိုးပါပဲ။ သူများစကားတွေကို လည်း ဘာတစ်ခုမှ နားမယောင်သင့်တဲ့ အချိန်ပေါ့။ ရပ်ဝေးက အဆက်အသွယ်ကောင်းတွေ ရတာတ်ပါတယ်။ ငွေအတွက် ခေါင်းခဲစရာလေး နည်းနည်းကြုံမယ်။ ဒါပေမယ့်လည်း ပြန်ပြီးအဆင်ပြေသွားမှာပါ။ ရွှေထည်ပစ္စည်းတစ်ခုတော့ဝင်တတ်ပါသေးတယ်။ ဒီလထဲမှာ လက်တစ်ဖက်ကိုက်တတ်တယ်။ အချစ်ရေး အိမ်တွင်းရေးသာယာမယ်။ ဘုရားတစ်ဆူကို သွားပြီး ကျကျနန ဘုရားဖူးဖြစ်မယ်။ ပြီးရင် အလုပ်ကိစ္စတွေမှာ ထူးထူးခြားခြား အဆင်ပြေလာပါလိမ့်မယ်။

ယတြာ။ ။ ပိုက်ဆံ (၄၀၀)ကျပ်တိတိကို ရတဲ့သူ ပျော်ပါစေလို့ ဆုတောင်းပြီး လမ်းမှာ ပုံ့သကူပစ်လိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၆)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

### ၂-ဂဏန်းသမားများ




မည်သည့်နှစ်၊ ၁ည်သည့်လတွင်မဆို ၂ရက်၊ ၁၁ရက်၊ ၂၀ရက်၊ ၂၉ရက်တို့တွင် မွေးဖွားသူများသည် ၂-ဂဏန်းသမားများဖြစ်သည်။

နှစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် လုပ်စရာရှိတာကိုသာ စူးစူးစိုက်စိုက် လုပ်နေလိုက်ပါ။ ငွေအထူးဝင်မယ်။ စက်ဝင်မယ်။ စိတ်မကောင်းစရာ သတင်းတချို့ကိုလည်း ကြားရတာတ်တယ်။ ဆေးရုံ (သို့မဟုတ်) နေအိမ်တစ်ခုခုသို့ လူနာမေး သွားစရာကြုံမယ်။ သွားလိုက်ပါ။ တစ်ပါးသူတွေကို စိတ်ပါလက်ပါ အားပေး နှစ်သိမ့်ပေးလိုက်ပါ။ အိမ်မှာရော၊ အလုပ်မှာရော ကြီးတဲ့လူနဲ့ စကားများစရာ ကြုံတာတ်တယ်။ သည်းခံပြီး ရှောင်နေလိုက်ပါ။ ဒီတစ်ပတ်က နေတတ်အောင်နေရင် အစစအဆင်ပြေမယ်။ ငွေကုန်တော့ များမယ်။ ထီကံစမ်းထားပါ။

ယတြာ။ ။ နှင်းဆီနီနီလေးတစ်ပွင့်ဝယ်ပြီး လမ်းဘေးတစ်နေရာရာမှာ လွှင့်ပစ်လိုက်ပါ။ သရဏဂုံသုံးပါးကို လေးပတ်တိတိမှာ လေးရက်တိတိ ပုတီးစိပ် အဓိဋ္ဌာန်ဝင်လိုက်ပါ။

ထီကံစမ်းရန်။ ။ (၅ ၊ ၀)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၃-ဂဏန်းသမားများ





မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၃ရက်၊ ၁၂ရက်၊ ၂၁ရက်၊ ၃၀ရက်တို့တွင် မွေးဖွားသူများသည် ၃-ဂဏန်းသမားများဖြစ်သည်။

သုံးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် မေတ္တာရေးပြန်ရိုက်ခတ်မှုကို သိသိသာသာ ခံစားရမယ့်အချိန်ပါ။ ငွေအထူးဝင်မယ်။ ပေးကမ်းလှူဒါန်းနိုင်မယ်။ အလုပ်လည်း အဆင်ပြေမယ်။ အိမ်တွင်းရေးလည်း သာယာနေမယ်။ စိတ်တိုစရာကြုံလာရင်လည်း ကိုယ်ကပဲ လျှော့လိုက်ပါ။ ယောကျ်ားလျာ၊ မိန်းမလျာတွေကို သတိထား ဆက်ဆံပြောဆိုပါ။ အစစ ကောင်းနေပါတယ်။ အချစ်ရေး အဆင်ပြေမယ်။ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်မယ်။ အားလုံး အဆင်ပြေ တိုးတက်မယ့် လပါ။ ပျော်ပျော်နေလိုက်ပါ။

ယတြာ။ ။ နေအိမ်ဘုရားကျောင်းဆောင်မှာ စပယ်ပန်း၊ ရွှေပန်း စသည်ဖြင့် အလျဉ်းသင့်တဲ့ ပန်းတွေကို ပန်းမွေ့ယာ ခင်းပြီး ပူဇော်ပါ။

ထီကံစမ်းရန်။ ။ (၂ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

## ၄-ဂဏန်းသမားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၄ရက်၊ ၁၃ရက်၊ ၂၂ရက်၊ ၃၁ရက်တို့တွင် မွေးဖွားသူများသည် ၄-ဂဏန်းသမားများဖြစ်သည်။

လေးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် သင်က အဖြူဆိုရင် ကျန်တဲ့ လူတွေက အမည်းလို့ ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ ဒါတွေက သိပ်တော့ အရေးမပါလှပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီအချိန်မှာ ဘာမှအတိုက်အခံမလုပ်ဘဲ စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စအလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ဒီလထဲမှာ ငွေဝင်ပြီး အဖတ်မတင်ဖြစ်နေတတ်တယ်။ ဘာပဲဖြစ်ဖြစ် ငွေအဆင်ပြေမယ်။ ကံညံ့နေတာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျော ညီထွေနေလိုက်တာနဲ့ အစစ အဆင်ပြေလာပါလိမ့်မယ်။

ယတြာ။ ။ ထီးနီ (၁၀)လက်ကို စနေထောင့်မှာ လှူပြီး စိတ်ပါ လက်ပါ ဘုရားဝတ်ပြုလိုက်ပါ။ အထူးအခက်အခဲ တစ်ခုခုရှိရင် ငှက် (၁၂)ကောင် လွှတ်ပါ။

ထီကံစမ်းရန်။ ။ (၇ ၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။


www.burmeseclassic.com

www.burmeseclassic.com




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၅ရက်၊ ၁၄ရက်၊ ၂၃ရက်တို့တွင် မွေးဖွားသူများသည် ၅-ဂဏန်းသမားများဖြစ်သည်။

ငါးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် အများစုရဲ့ မျက်နှာသာပေးတာ၊ အရေးပေးတာတွေကို အထူးခံယူခွင့်ရမယ်။ လာဘ်အလွန်ရွှင်နေမယ်။ ငွေတော့ လက်မလွန်ပါစေနဲ့။ တန်ခိုးကြီး ဆရာတော်ကြီးတစ်ပါးကို ဖူးခွင့်ကြုံမယ်။ တစ်ယောက်ယောက်က သင့်ကို သိက္ခာကျစေမယ့် မလိုတမာ စကားပြောတာမျိုးကိုလည်း ခံရတတ်တယ်။ ဘာပဲဖြစ်ဖြစ် ကံကောင်းနေချိန်ပါ။ အချစ်ရေး၊ အိမ်တွင်းရေး သာယာနေမယ်။ အဖိုးတန် ပစ္စည်းတစ်ခုတောင် လက်ဆောင်ရတတ်ပါသေးတယ်။

ယတြာ။ ။ အိမ်က ဘုရားဆောင်မှာ ဆွမ်းတော်ကပ်လှူပြီး မင်္ဂလသုတ် ပရိတ်တရားတော်ကို စိတ်ပါလက်ပါ ရွတ်ပွားပူဇော်ပေးပါ။

ထီကံစမ်းရန်။ ။ (၁ ၊ ၃) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၆ရက်၊ ၁၅ရက်၊ ၂၄ရက်တို့တွင် မွေးဖွားသူများသည် ၆-ဂဏန်းသမားများဖြစ်သည်။

ခြောက်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ကောင်းတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကြုံရပါလိမ့်မယ်။ မသွားချင်တဲ့ နေရာတချို့ကိုလည်း သွားရတတ်ပါတယ်။ အပြောင်းအလဲတချို့ကြားကပဲ တိုးတက်မှုတွေ ကြုံတတ်ချိန်ပါ။ အလုပ်ကိစ္စမှာ အခွင့်ထူးတစ်ခုကြုံမယ်။ မျက်စိအောင့်တတ်လို့ ဂရုစိုက်ပေးပါ။ ခါးကိုက်တတ်တယ်။ ဘာပဲဖြစ်ဖြစ် အစစအရာရာ အဆင်ပြေမယ့် အချိန်ဖြစ်တယ်။ ကြံဖန်ပြီး ငွေဝင်မယ်။ အချစ်ရေး ကောင်းမယ်။ အိမ်ထောင်ရေး သာယာမယ်။ အလုပ်မှာလည်း အဆင်ပြေမယ့် ကာလပါ။ ကုသိုလ်ကောင်းမှုများများလုပ်ပါ။

ယတြာ။ ။ ဘိန်းမုန့်ကောင်းကောင်း နှစ်ချပ်ဝယ်ပြီး လမ်းမှာ တွေ့တဲ့ ရဟန်းသံဃာတော်ကို ရိုရိုသေသေ လောင်းလှူလိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၆) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၇ရက်၊ ၁၆ရက်၊ ၂၅ရက်တို့တွင် မွေးဖွားသူများသည် ၇-ဂဏန်းသမားများဖြစ်သည်။

ခုနစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ကောင်းတဲ့ အနေအထားအပြောင်းအလဲ ဖြစ်တတ်တဲ့အချိန်ပါ။ သူများတကာတွေနဲ့ တရင်းတနှီးပြောဆိုရင်း အကြံဉာဏ်ကောင်းတွေ ရမယ်။ အချစ်ရေး အဆင်ပြေမယ်။ အိမ်တွင်းရေး သာယာမယ်။ ဘာမဆို တိုးတက်ခွင့်ကြုံတတ်တဲ့ ရက်တွေပါ။ ပိုက်ဆံအကုန်အကျများစရာလေးတွေတော့ ရှိတဲ့အတွက် ချွေတာသင့်တာတွေကို ချွေတာလိုက်ပါ။ ဒါပေမယ့် ငွေဝင်မယ်။ ဘာပဲဖြစ်ဖြစ် ဒီလမှာ အစစ အဆင်ပြေမယ်။

ယတြာ။ ။ နေ့စဉ် နံနက်မိုးလင်းလို့ မျက်နှာသစ်ပြီးတိုင်း သောက်တော်ရေ သုံးခွက်လှူပြီး မောရသုတ် ပရိတ်တော်ကို ကျကျနန ရွတ်ပွားပူဇော်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၆) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၈ရက်၊ ၁၇ရက်၊ ၂၆ရက်တို့တွင် မွေးဖွားသူများသည် ၈-ဂဏန်းသမား များဖြစ်သည်။

၈-ဂဏန်းသမားများ




ရှစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ဘာကိစ္စမှ သူတစ်ပါးစကား နားမယောင်မိဖို့ အရေးကြီးတယ်။ မကြာခဏဆိုသလို စိတ်တွေက ကယောက်ကယက်ဖြစ်နေတတ်တယ်။ အားမကျသင့်တာတွေကို အားကျမိတတ်တယ်။ လက်မခံသင့်တာတွေကို လက်ခံမိတတ်တယ်။ အတုတွေကို အစစ်လို့ ထင်တတ်၊ အပေါ်ယံတွေကို အထင်ကြီးမိတတ်တယ်။ စိတ်ကို ကြည်လင်ရှင်းပျအောင် ထားပါ။ အစစအရာရာ စိတ်ရှည်ပါ။ လွတ်လပ်ပေါ့ပါးစွာ နေပါ။ စိတ်ထွေပြားတာကို ပြင်လိုက်တာနဲ့ ဒီလ အစစ အဆင်ပြေပါလိမ့်မယ်။

ယတြာ။ ။ နှင်းဆီနီလေးတစ်ပွင့်ကို ဝယ်ပြီး လမ်းမှာ ပစ်ချခဲ့လိုက်ပါ။ သရဏဂုံသုံးပါးကို လေးပတ်တိတိ၊ လေးရက်တိတိ အမှီတွာန် ပုတီးစိပ်လိုက်ပါ။

ထီကံစမ်းရန်။ ။ (၂ ၊ ၄) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၉ရက်၊ ၁၈ရက်၊ ၂၇ရက်တို့တွင် မွေးဖွားသူများသည် ၉-ဂဏန်းသမား များဖြစ်သည်။

၉-ဂဏန်းသမားများ




ကိုးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ဘာပဲလုပ်လုပ် နှစ်ကြိမ်နှစ်ခါ ပြောဆိုလုပ်ကိုင်မှ အဆင်ပြေတတ်ချိန်ပါ။ သွားနာတတ်တယ်။ သွေးအားနည်းတတ်တယ်။ ငွေဝင်လာဘ်ရှင်မယ်။ ဒီလထဲမှာ သင့်ကို တမင်မြှောက်ပင့်ပြောဆိုမယ့် လူတချို့နဲ့ တွေ့ရတတ်တယ်။ လူမှုရေးအရှုပ်အထွေးတချို့လည်း ကြုံတတ်တယ်။ အလုပ်ကိစ္စ အဆင်ပြေမယ်။ အချစ်ရေးသာယာမယ်။ မိသားစုကိစ္စတွေ အိုကေ ဖိုပြည်နေမယ်။ ဘာအခက်အခဲရှိရှိ အားလုံးပြေလည်သွားမယ်ဆိုတာ မဖိတ်မသုန် ယုံကြည်ထားလိုက်ပေတော့။

ယတြာ။ ။ ညအိပ်ရာဝင်ခါနီးမှာ မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပြီးမှ အိပ်ပါ။

ထီကံစမ်းရန်။ ။ (၁ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

သဘာဝ ဓမ္မ ဆရာသတ်

(ဖုန်း ၀၉ ၇၉၇၉၃၄၇၈၈)



www.burmeseclassic.com